# နိဗ္ဗာနမဂ္ဂဘေဒနီ

၆၉၁၇

နိ ဗ္ဗာန
ဓာ တု

မဟာဂန္ဓာရုံ
ဆရာတော်ဘုရားကြီး
ရေးသား
စီရင်တော်မူအပ်သော

# နိဗ္ဗာနမဂ္ဂဗောဓိ
# The WAY TO NIBBANA

မြေသဘ်ခင်ခေခင်


ရတနာပုံပညာတိုးတက်ရေးဌာန။
ရွှေတိဂုံဘုရားကြီးဈေး၊ ရန်ကုန်။
ဒုတိယနှိပ်ခြင်း၊ စာအုပ်ရေ၊ (၁၀၀၀)

---

မြန်မာ့ရန်အောင်စာပုံနှိပ်တိုက်၊
နံပါတ်၆၀-၁၄-လမ်း
ရန်ကုန်မြို့၊

# နိဒါန်း။

ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေနသမ္ပာဒေထ။ ။ပစ္ဆိမဗုဒ္ဓဝစနံ။ ။ဘိက္ခဝေ၊ ငါဘုရားပရိနိဗ္ဗာန်စံခါနီး စည်းဝေး ရောက်လာကြသော ချစ်သို့ချစ်သားရဟန်းများတို့၊မယှံ၊ ငါဘုရား၏ ဝယော၊ လက္ခဏာကြီးငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ် ကောင်းမြတ်သောအချယ်တော်သည်၊ ပရိပက္ကော၊ ရှစ်ဆယ် ယိုယွင်းရင့်ဆုတ်ခြင်းဖြင့်အိုမင်းခဲ့သေပြီ၊ မမ၊ငါဘုရား၏၊ဗလံ၊ ဆဒ္ဒန်ဆင်ပြောင်ဆယ်စီးကို ဆောင်နိုင်သော ပကတိ အားတော်ကြီးသည်၊အတိပရိတ္တံ၊ ပါဝါပြည်မှ ကုသိန္နာရုံပြည်သို့ အသွားဝဲတော်လားသဖြင့်၊ညီဘွားအာနန္ဒာနှင့် မကြာ မကြာအခါခါနား၊ အခါခါတွဲလျက် ဆင်းရဲပြင်းပြင်း အလွန်ပင်ပန်း စွာကြွလာခဲ့ရ၍ငါဘုရားအားတော်အလွန်နည်းလှပြီ။ မမ၊ ငါဘုရား၏၊အာယု၊ ရုပ်နာမ်နှစ်ရပ် သဟဇာတ်တရားစောင့်ငြား ဖိုးရဇီဝိတခေါ်အသက်တော်သည်၊ အတိပရိတ္တံ၊ နက်ဖြန်နံနက်၊ အရုဏ်တက်လာ၊ ချိန်အခါမျှသာ နေရ တော့မည်ဖြစ်၍၊ ငါဘုရားပရိနိဗ္ဗာန်စံခါနီး ဇီဝိန်ပျက်စီးခြင်းအလွန်နီးလှပြီ၊ ဟန္ဒဒါနိ၊ကုသိန္နာရုံ၊ပင်မျိုးစုံဆာမလ္လာမင်းတို့၏ ဥယျာဉ်အင်ကြင်းပင်ပျို နှစ်ပင်တို့၏အကြား ခင်းသားအပ်သော မြစလွန်ရွှေညောင်စောင်းထက် ဦးခေါင်းတော် မြောက်ချက်နှာသို့ ကောင်းမွန်စွာထားလျက် ငါဘုရား အဆုံးစွန် လျောင်းတော်မူသောအခါ၌၊ ဝေါတုမှ၊ တောင်နန်းဒေဝီ မဟောသီခေါ် မယ်ယသော်ဘွား၊သားရဟုလာ၊ တူစွာမခြား သင်ချစ်သားချစ်သို့တို့ကို၊ အာမန္တယာမိ၊ ငါခင်ဘခင်ကျေဇူ ရှင်တို့သည်၊ ဝိညာဏ်ကမ္မဇရုပ်၊ ချုပ်လုခါနီး၊သားသို့များကို၊အမြဲသဘာစကားဖြင့်။ အ

# နိဒါန်း။

သုံးစွန် မှာကြားသကဲ့သို့၊ ငါဘုရား ဟောကြားတော် မူအပ်သောမွေ့နှော ရှစ်သောင်းလေးထောင်တို့တွင် လိုရင်းကြီး အကျဉ်းချုပ်နိဂုံ ဒုင်၍၊ နာမ်ရုပ်ဘန်ဘန်၊ ပျက်စီးဟန်ကို၊ ပရိနိဗ္ဗာန်စံခါနီး၊ ချင်သို့ ချစ်သားတို့အား မဟာကရုဏာတရားအလွန်အားကြီး၍၊ ငါဘုရားအဆုံးစွန် ဟောကြားတော်မူခဲ့အံ့၊ ဝါ၊ ငရုက်ဝ်သုံးပုံ၏အဆီကို ညှစ်၍အနှစ်သာကြီး ပရိနိဗ္ဗာန်စံခါနီး ချင်သို့ချစ်သားတို့အား ငါဘုရားဟောကြားတော်မူခဲ့ဖုံ့၊ သင်္ခါရာ၊ တောသမ္မက လောကီယ သင်္ခါရ ဝေမှုဟူသမျှရုပ်နာမ်တို့သည်၊ ဝယေဓမ္မာ၊ ပစ္စုပ္ပန်သင်္ခတ်မရေကာ၊ ခဏိကမရဏအားဖြင့် ခဏမစဲ အဘန်ဘလဲလဲ သေပွဲကြီးဝ်လျက်ပျက်စီးရ၍မြဲသောကြောင့် အနိစ္စ သဘောတရားချည်း မည်ကုန်၏၊ ၊တနည်း၊ ၊ဝယဓမ္မာ၊ဥပါဒ်၊ဌီ၊ဘင်၊အစဉ်မပြတ် နှိပ်စက်အင်၍ အထပ်ထပ်အခါခါ ဇာတိဇရာမရဏာမီးအပူကြီးသည်၊မိမိကိုယ်လုံး တဟုန်းဟုန်းနှင့် တဖြုန်းဖြုန်းလောင်ခြင်းလွန်ပူပြင်းလျက် ဆင်းရဲရသောကြောင့်၊ ဒုက္ခ သဘောတရားချည်းမည်ကုန်၏၊ ၊တနည်း၊ ၊ဝယဓမ္မာ၊သင်္ခတ်ပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်၊ ရုပ်နာမ်ဘန်ဘန်၊ ဘောက်ပြန်ပျက်ခြင်း၊ မြက်ထင်းဆွေးပမာ အနှစ်သာရမရှိ၊ အတ္တိတုစ္ဆ၊ ဖူးသုံ မကျူးသောကြောင့်၊အလကားအချည်းနှီး၊ အနတ္တ သဘော တရားချည်းမည်ကုန်၏၊ ၊တနည်း၊ ၊သင်္ခါရ၊ လူနတ်၊ ဗြဟ္မာ၊ သတ္တဝါ၊ခေါ်ဆိုများပုဂ္ဂိုလ်တို့သည်၊ဝယဓမ္မာ၊ သံသရာ မှ၊ နေ့ဆင်းရဲဒြဲယကြီးထဲ၌၊အဘန်တလဲလဲ၊ဇာတိပွဲ၊ နာပွဲ သေပွဲ၊ အမင်္ဂလာပွဲ၊အပါယ်ဆင်းရဲ၊အနဲနဲအဖုံဖုံ၊ဒုက္ခမျိုးစုံအောင် အကုန်ရှေးရှေးဘဝကလည်း တွေ့ကြုံခဲ့ရကုန်လေပြီ၊ ယခုလည်း တွေ့ကြုံဆဲ နောက်နောင်ဘဝလည်းတွေ့ကြုံရကုန်လတ္တံ့၊ ဝါ၊ ရှေးရှေးဘန်ဘန်၊ပျက်စီးဟန်ကို၊ဉာဏ်ဖြင့်မြင်ခါ၊ လွန်စွာ ကြောက်စရာကောင်းပါတကား၊ တမှေ၊ သံသရာ ဘေးကြီးကို၊ ဘယဉာဏ်ဖြင့် အလွန်ကြောက်သော သင်ချစ်သားချစ်သို့တို့သည်၊

အပ္ပမာဒေန၊ ရှင်နာမ်ဘန်ဘန်၊ ပျက်စီးဟန်ကို၊ မမေ့မလျော့ သောသတိသမ္ပဇဉ်နှင့်၊ သမ္မာဒေထ၊ ယရဘာဝမှစ၍၊ သဥပါဒိ သေသ နိဗ္ဗာနသို့ ရောက်ကြသည်တိုင်အောင် ပြည့်စုံကြစေ ကုန်လော၊ဝါ၊သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်သည် တိုင်အောင်ပြည့်စုံကြစေကုန်လော၊ ။အနက်၊ ။လက္ခဏာ သုံးပါးတို့တွင် အနတ္တလက္ခဏာ တင်နည်းကိုသာပြပေအံ့၊ ။ သန္တတိပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်၊ ရုပ်နာမ်ဘန်ဘန်၊ ပျက်စီးဟန် ကို၊မြက်ထင်းဆွေးလိုဘဲ၊ အနှစ်သာရလဲမရှိ၊ အတိတုစ္ဆ၊အ သုံးမကျ၊ အလကားအချည်းနှီး၊ အနတ္တသဘောတရားချည်းပါ တကား။ ။သန္တတိပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်။ ရုပ်နာမ်ဘန်ဘန်၊ ပျက်စီးဟန်ကို၊ရေမြှုပ်လိုဘဲ၊ အနှစ်သာရလဲမရှိ။ အတိတုစ္ဆ၊ အသုံးမကျအလကား အချည်းနှီး အနတ္တသဘောတရားချည်း ပါတကား၊ ။သန္တတိပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်၊ ရုပ်နာမ်ဘန် ဘန်၊ပျက်စီးဟန်းကို၊ ရေပွက်လိုဘဲ၊အနှစ်သာရလဲမရှိ၊ အတိ တုစ္ဆ၊အသုံးမကျ၊အလကားအချည်းနှီး။ အနတ္တသဘောတရား ချည်းပါတကား၊ ။သန္တတိပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်၊ ရုပ်နာမ် ဘန်ဘန်၊ ပျက်စီးဟန်ကို၊တံလျှပ်လိုဘဲ၊ အနှစ်သာရလဲမရှိ၊အ တိတုစ္ဆ၊အသုံးမကျ၊ အလကားအချည်းနှီး၊ အနတ္တသဘော တရားချည်းပါတကား၊ ။သန္တတိပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်၊ ရုပ် နာမ်ဘန်ဘန်၊ပျက်စီးဟန်ကို၊ ငှက်ပျောတုံးလိုဘဲ။ အနှစ်သာရ လဲမရှိ၊အတိတုစ္ဆ၊အသုံးမကျ၊ အလကားအချည်းနှီး။ အနတ္တ သဘော တရားချည်းပါတကား၊ ။သန္တတိပစ္စုပ္ပန်၊ ခဏ ပစ္စုပ္ပန်၊ ရုပ်နာမ်ဘန်ဘန်၊ပျက်စီးဟန်ကို၊ မျက်လှည့်ရုပ်လိုဘဲ၊ အနှစ်သာရလဲမရှိ။ အတိတုစ္ဆ၊အသုံးမကျ၊ အကလားအချည်း နှီး၊အနတ္တသဘောတရားချည်းပါတကား၊ ။သန္တတိပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်။ရုပ်နာမ်ဘန်ဘန်၊ ပျက်စီးဟန်မှု၊ ပိုင်သူသခင်၊အ ရှင်မရှိ၊အသာမိက၊အနတ္တသဘောတရားချည်းပါတကား၊ ။ သန္တတိပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်၊ ရုပ်နာမ်ဘန်ဘန်၊ ပျက်စီးဟန်

# နိဒါန်း။

မျိုး။ အစိုးမရ၊ အနိဿရဏ၊ အနတ္တသဘောတရားချည်းပါ
တကား။ ။သင်္ခတပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်၊ ရုပ်နာမ်ဘန်ဘန်၊
ပျက်စီးဟန်မှာ။လိုရာမရ၊ ပြင်ကသုစိမ်းလိုပ၊ ပရပရ၊ အနတ္တ
သဘောတရားချည်းပါးသကား။ ။သင်္ခတ ပစ္စုပ္ပန်၊ ခဏ
ပစ္စုပ္ပန်·ရုပ်နာမ်ဘန်ဘန်၊ပျက်စီးဟန်မှာ။မြဲခိုင်ချမ်းသာ၊ ကိုယ်
မှတ်စရာ၊ အနှစ်သာရ၊ ရှာမရသည့်၊ အသာရက၊ အနတ္တသ
ဘောတရားချည်းပါဟုကား။ ။အနတ္တဆယ်ပုဒ်၊ နိဂုမ်းချုပ်၊
နာမ်ရုပ်ချုပ်ပြီးဘို့၊ ။အနတ္တလက္ခဏာ၊ ထင်မြင်ခါ၊ လျင်
စွာမဂ်ရဘို့၊ ။မဂ်ဖိုလ်ရဖို့၊နိဗ္ဗာန၊နိစ္စရေးပြီးဘို့၊ ။တသို့
ဟိသတိသစ္စာသံပဋိဝေဓောဇာယတိ၊ နအသတိ၊ ။ဝိသုဒ္ဓိမဂ်
ဋီကာ၊ ။ဟိသစ္စံ၊ ထိုစကားသည်ကေန်မှန်၏၊ တသို့၊ထိုအ
နတ္တလက္ခဏာ အခြင်းအရာကို သိမ်းဆည်းဆင်ခြင် ထင်မြင်
ခြင်းသည်၊ သတိ၊ရှိသော်၊ သစ္စာသံပဋိဝေဓော၊ သစ္စာလေးပါး
ကိုမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသည်၊ ဇာယတိ၊လျင်
မြန်စွာပြည့်စုံ၏။ တသို့၊ထိုအနတ္တလက္ခဏာကို ထင်မြင်ခြင်း
သည်၊ အသတိ၊မရှိသော်၊ သစ္စာသံပဋိဝေဓော၊ သစ္စာလေးပါး
ကိုမဂ်ဉာဏ်ဖြင့်ထိုးထွင်း၍သိမြင်ခြင်းသည်၊ နဇာယတိ၊ မပြည့်
စုံ၊ ။ဣဓိပ္ပါယ်ကား၊ ။အနတ္တ လက္ခဏာ အခြင်းအရာကို
သိမ်းဆည်း ဆင်ခြင်ထင်မြင်လျှင် မဂ်ဖိုလ်ကိုလျင်မြန်စွာရနိုင်
၏၊အနတ္တလက္ခဏာအခြင်းအရာကိုမထင်မြင်လျှင်၊ မဂ်ဖိုလ်ကို
မရနိုင်ဟုဆိုလိုသည်၊ ။ဤသို့လျှင်၊ တေဘုမ္မကာ၊ လောကီယ
သင်္ခါရဓမ္မဟူသမျှရုပ်နာမ်တို့သည်၊ ဘန်ဘန်မပြတ်၊ ထပ်တ
လဲလဲ၊ မစဲအလျှင်၊ အသင်္ချေအနန္တ၊ ရပ်နားခွင့် မရအောင်၊
ခဏတိုင်းခဏတိုင်းပျက်စီး၍ နေသေသောကြောင့် အနှစ်သာ
ရမရှိ၊အတိတ္တသူ၊အသုံးမကျ အလကားအချည်းနှီး၊ အနတ္တသ
ဘောတရားတို့ချည်းပါတကားဟု။ ပွားများဆင်ခြင်၊ ရှုကြည့်
မြင်သော အနတ္တာနုပဿနာသည်၊ သစ္စာလေးတန်၊ လေးမဂ်
ဉာဏ်ဖြင့်၊ ဖေါနိဗ္ဗာန်ကို၊ လျင်မြန်စွာရောက်ကြောင်းကေန်အမှန်

ဖြစ်၏၊ထိုသို့ပင်ဖြစ်သော်လည်း၊စင်စစ်အားဖြင့်၊ အနုဋ္ဌလက္ခဏာတရားသည်၊ထူးခြားခက်ခဲ၊ နက်နဲ သိမ်မွေ့လှသည်ဖြစ်၍၊သိမြင်ခြင်းငှါလွန်စွာခဲယဉ်းကြသော၊ ရဟန်းရှင်လူ၊ ပြည်သူအပေါင်းတို့အား၊ သနားဂရုဏာ၊ များစွာ ဖြစ်ပေါ်လာသဖြင့်၊အနုဋ္ဌလက္ခဏာ၊ဝိပဿနာအချက်ကို၊ ကွက်ကွက်ကွင်းကွင်းထင်လင်းသေချာ၊ ထွယ်ကူစွာ သိမြင်ကြစေခြင်းအကျိုးငှါ၊ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏၊ညာလက်ရုံးဟု၊ နှလုံးတော်သွင်းထားအပ်သည့်အတွင်းနေတပည့်ကြီးအရင်းဖြစ်၍၊ သီလ သမထ ဝိပဿနာကျေးဇူးဂုဏ်အထူးတို့နှင့် ပြည့်စုံတော်မူသဖြင့်၊ စစ်ကိုင်းမြို့၊စစ်ကိုင်းတောင်၊ရွှေကျင်ဂိုဏ်းချောင်များစွာတို့၌၊ များသံဃာအပေါင်းတို့၏၊ ဂဏာစရိယ၊ ဂဏပါမောက္ခ၊ နာယက ဦးစီးအကြီးအချုပ်၊ ဂိုဏ်းဒုပ်အသျှင်ဖြစ်တော်မူသော၊ တောင်ဖိုင်းကြီးတောရ၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးသည်၊ ကမ္မဋ္ဌာန်းအားထုတ်နည်း၊ အားထုတ်ပုံနှင့်တကွ၊ နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းကောင်း ဖြောင့်တန်း၊ ဝိပဿနာနည်းလမ်းတို့ကို၊ ခွဲခြမ်းဝေဘန်၊ ပြုစီမံအပ်သော၊ နိဗ္ဗာနမဂ္ဂဘောဒနီ၊ အမည်ထွန်းပြောင်၊ ကျမ်းစာစောင်သည်၊ ငါးထောင်သာသနာ၊ ရှည်မြင့်ကြာအောင်တည်ပါစေသတည်း။ ထိုကျမ်းစာကို၊ များစွာဗိုလ်လူ၊ ခံသိမ်းသူတို့၊ ကြည်ဖြူနှစ်သက်၊ ဆောင်ရွက်ကျက်မှတ်၊ အားထုတ်လတ်၍၊ လေးရပ်သစ္စာ၊ လေးဖြာမဂ်ဉာဏ်၊ ဧးနိဗ္ဗာန်ကို၊ လျင်မြန်စွာသိမြင်ကြစေကုန်သတည်း ။

အနမတဂ္ဂ သံသရာကား၊လာခဲ့ကြရာ ကမ်းစမထင်၊ လမ်းမမြင်ခဲ့၊ပင်လယ်ပြင်ကြော၊ ပေါ်သော ပေါ်သော၊ မျောချည်တခါ၊ မြုပ်ထာဘန်ဘန်၊ ဖြစ်ပျက်ဟန်ကို၊ သံသရာဝဲ၊ ဝဋ်ဆင်းရဲ၌၊ အမြဲနစ်ခြင်းသေးစင်းဩဃာ၊ ဆွဲခါချမြုပ်၊ ဝဲစလုတ်ရှိသမုဒြာ၊ လွန်ကျယ်စွာသော၊ ခန္ဓာပင်လယ်၊ ကြောက်လန့်ဘွယ်၊ ကြီးကျယ်ရှည်လျား၊ ဘေးရန်တွေ များလှသည့်၊ သံသရာကြီးပါ

# နိဒါန်း။

တကား၊ ၊အနုပ္ပကန်း၊ဘောဘျှမ်းများစွာ၊ သံသရာမှ၊ ထွက်ရာလမ်းမ၊ သမထနှင့်၊ ဝိပဿနာ၊ ကိလေသာဘင်၊၊ သန့်စင်လျှော်ဆေး၊ ရေဇးလေးမဂ်၊ ရှိပါလျက်နှင့်၊ မထွက်ပြေးလို၊မဆေးလို၊ မင်းပျိုကိုယ်တွက်ပေ၊ ၊လိုရင်းမူလ၊ ဝိဘ်တည်မှ။ မချသိမြင်လေ၊ ၊ယထာဘူတော၊ သိမြင်လေ၊ အခြေရုပ်နာမ်တွေ၊ ၊ရုပ်နာမ်ဖြစ်ပျက်၊ ထင်မြင်ချက်၊ လက်နက်ကောင်းကြစေ၊ ၊ရုပ်နာမ်နှစ်ဖြာ၊ လက္ခဏာ၊ ထင်လာပြီးငွေ့နေ၊ ၊ဉာဏ်နိဗ္ဗိန္ဒ၊ ဖြစ်ချေက၊ မဂ်ဝနီးလှချေ၊ ၊မဂ်ဖိုလ်ရမှ၊ နိဗ္ဗာန၊နိဗ္ဗေးမြဲပေ၊ ၊သေမင်းနှိပ်စက်၊ကြောက်ဘွယ်ချက်၊ လက်နက်ကောင်းကြစေ၊ ၊တကဲ့စခန်း၊တကဲ့လမ်း၊ ကြိုးပမ်းအားထုတ်လေ၊ ၊ဤကျမ်းစာစောင်၊ နှစ်ငါးထောင်၊ ကုန်အောင်တည်ရစ်စေ၊

နိဒါန်းနှင့်ဥယျာဇဉ်ပြီး၏။

| အကြောင်းအရာ။ | မျက်နှာ နံပါတ်။ | အကြောင်း ရေ။ |
|---|---|---|
| ဗုဒ္ဓပဌာနမကိုပြခြင်း ...... ...... ...... ...... | ၁ | ၁ |
| ဗုဒ္ဓအပဒါန်ပါဠိတော်၌လာသောနည်းကို မှီး၍သက်တော်ထင်ရှားမြတ်စွာဘုရား ကိုအာရုံပြုနည်း၊ .... . ...... ...... ...... | ၁ | ၈ |
| မြတ်စွာဘုရားအားစွန့်လှူအပ်နှင်းပုံ ...... | ၂ | ၁ |
| ကမ္မဋ္ဌာန်းဆရာအားစွန့်လှူအပ်နှင်းပုံ ...... | ၂ | ၂၃ |
| ကမ္မဋ္ဌာန်းဆရာထံကမ္မဋ္ဌာန်းတောင်းပုံ ...... | ၃ | ၁ |
| နိဗ္ဗာန်ချမ်းသာကြီးကိုအာသီသပြုပုံ ...... | ၃ | ၂၆ |
| ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပုံအကျဉ်း ကိုပြနည်း ...... ...... ...... ...... ...... | ၄ | ၃ |
| ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းပုံ အကျယ် ကိုပြနည်း၊ | ၆ | ၁ |
| ဖွတ်ဥပမာကိုပြနည်း ...... ...... ...... ...... | ၁၂ | ၁၂ |
| ဝိသုဒ္ဓိမဂ်အဋ္ဌကထာဋီကာတို့၌လာသော အရဟံဂုဏ်တော်ကြီးအာရုံပြုနည်း ...... | ၁၂ | ၆ |
| ဗုဒ္ဓါနုဿတိကိုစီးဖြန်းသူတို့အကျိုးကိုပြ နည်း ...... ...... ...... ...... ...... ...... | ၁၆ | ၁၈ |
| နာမ်ရုပ်နှစ်ပါးကိုပြနည်း ...... ...... .... | ၁၈ | ၂၃ |
| ရုပ်ါရုပသင်္ဂြိုဟ်သံခိပ်ချနှစ်ပုဒ်ကိုပြနည်း ...... | ၂၀ | ၈ |
| အဗျာသုတ ပုဂ္ဂိုလ်တို့ကို သင်္ဂြိုဟ် သံခိပ် အဓိပ္ပါယ်ပြောဆိုနည်း ...... ...... ...... | ၂၀ | ၁၇ |
| ဗဟုသုတပုဂ္ဂိုလ်တို့ကို အဓိပ္ပါယ်ပြော ဆိုနည်း ...... ...... ...... ...... ...... | ၂၁ | ၁၁ |
| ဧးနိဗ္ဗာန်သို့ ရေ ာက်ကြောင်းတရား ဉာဏ် တဆဲ့ခြောက်ပါးကိုပြနည်း ...... ...... | ၂၁ | ၂၅ |

| အကြောင်းအရာ။ | မျက်နှာပါတ်။ | အကြောင်းရေ။ |
|---|---|---|
| ဆောင်ပုဒ်ရ၍ အဆောင်ကျက်ရမည့်ကိုပြနည်း | ၂၂ | ၁၆ |
| ရုပ်ဘာဝနာဘာရစီ ဖြန်းနည်း | ၂၂ | ၂၅ |
| ရုပ်ဥပဋ္ဌာနာကာရထင်နည်း | ၂၆ | ၁၉ |
| ဆင်ရုပ်ဥပမာကိုပြနည်း | ၂၇ | ၂၁ |
| ဓာတ်ပိုင်းသာဥပမာကိုပြနည်း | ၂၈ | ၂၃ |
| နာမပရိစ္ဆေဒဉာဏ်အပ္ပဿုတပုဂ္ဂိုလ်တို့ စီးဖြန်းနည်း | ၂၉ | ၂၅ |
| နာမရူပပရိစ္ဆေဒဉာဏ်ဗဟုဿုတပုဂ္ဂိုလ် တို့စီးဖြန်းနည်း | ၃၃ | ၃ |
| နာမ်ကလာပ်စည်းပုံကိုပြနည်း | ၃၅ | ၁ |
| ရုပ်နာမ်နှစ်ပါးကိုပေါင်း၍စီးဖြန်းနည်း | ၄၀ | ၇ |
| နာမရူပပရိစ္ဆေဒဉာဏ်၌အသက်ထက်ဆုံး အမြဲနှလုံးသွင်းရန် | ၄၁ | ၁၀ |
| ပစ္စယပရိဂ္ဂဟဉာဏ်စီးဖြန်းနည်း | ၄၂ | ၁ |
| ပစ္စယပရိဂ္ဂဟဉာဏ်၌၊ အသက်ထက်ဆုံး အမြဲနှလုံးသွင်းရန် | ၄၂ | ၂၅ |
| သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်စီးဖြန်း | ၄၃ | ၁၄ |
| နည်း၊ သမ္မသနဉာဏ်၌ အသက်ထက်ဆုံးနှ လုံးသွင်းချန် | ၄၈ | ၄ |
| ဥဒယဗ္ဗယဉာဏ်၌အသက်ထက်ဆုံးနှလုံး သွင်းရန် | ၄၈ | ၁၉ |
| ဘင်္ဂဉာဏ်ဖြန်းနည်း | ၄၉ | ၃ |
| ဘင်္ဂဉာဏ်၌ အသက်ထက်ဆုံး နှလုံးသွင်း ရန် | ၅၀ | ၂၀ |
| ဘယဉာဏ်စီးဖြန်းနည်း | ၅၁ | ၃ |
| ဘယဉာဏ်၌အသက်ထက်ဆုံးနှလုံးသွင်း ရန် | ၅၁ | ၁၁ |

| အကြောင်းအရာ။ | မျက်နှာ နံပါတ် | ကြောင်း ရေ။ |
|---|---|---|
| အာဒိနဝဥာဏ်စီးဖြန်းနည်း …… …… …… | ၅၁ | ၂၁ |
| အာဒိနဝဥာဏ်၌ အသက် ထက်ဆုံး နှလုံး သွင်းရန် …… | ၅၂ | ၅ |
| နိဗ္ဗိန္ဒဥာဏ်စီးဖြန်းနည်း | ၅၂ | ၁၆ |
| နိဗ္ဗိန္ဒဥာဏ်၌ အသက်ထက်ဆုံး နှလုံးသွင်း ရန် | ၅၃ | ၃ |
| မုဉ္စိတုကမျတာဥာဏ်စီးဖြန်းနည်း | ၅၃ | ၂၀ |
| မုဉ္စိတုကမျတာဥာဏ်၌ အသက် ထက်ဆုံး နှလုံးသွင်းရန် | ၅၄ | ၃ |
| ပဋိသင်္ခါဥာဏ်စီးဖြန်းနည်း | ၅၄ | ၂၀ |
| ပဋိသင်္ခါ ဥာဏ်၌ အသက်ထက်ဆုံး နှလုံး သွင်းရန် | ၅၆ | ၁၇ |
| သင်္ခါရုပေက္ခာဥာဏ်စီးဖြန်းနည်း | ၅၇ | ၁ |
| သင်္ခါ ရုပေက္ခာဥာဏ်၌ အသက် ထက်ဆုံး နှလုံးသွင်းရန် | ၅၈ | ၁၈ |
| အနု လောမဥာဏ် ဂေါတြဘုဥာဏ် မဂ် ဥာဏ် ဖိုလ်ဥာဏ်ပစ္စဝေက္ခဏာဥာဏ် တို့ကိုပြနည်း။ | ၅၉ | ၄ |
| တဒင်္ဂပဟာန်ကို ပြနည်း | ၅၉ | ၁၉ |
| မဂ်ဖိုလ်နိဗ္ဗာန် လျှင်မြန် စွာ ရဘို့ အနုပဿ နာခုနှစ်ပါးကိုပြနည်း | ၆၀ | ၄ |
| ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ခုဟာက်ဆဲ နှစ် မျဉ်ဘို့ ဘွင် အဝိဇ္ဇာ စက်ကြီးကို ဝိဇ္ဇာ ထက်နက် ဆဲခြောက်ချက်ဘို့ဖြင့် ဖျက်ဆီး ၍လျှင်မြန်စွာထွက်ပုံပြနည်း | ၆၂ | ၁၉ |
| သတ္တိသုံး ဆေး နိဗ္ဗာန်ကို လျှင်မြန်စွာ ရဘို့ ဝိပဿနာသံခိဝ်ကိုပြနည်း | ၆၅ | ၂၆ |

| အကြောင်းအရာ။ | ချက်နှာနံပါတ်။ | အကြောင်းရေ။ |
|---|---|---|
| သွင်း၍မဂ်ရပုံကိုပြနည်း | ၁၂၆ | ၇ |
| သောတာပန် ပစ္စေကဗုဒ္ဓါ ဆင်ခြင်ပုံကို ပြနည်း | ၁၂၉ | ၃ |
| ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်အောင် ပွားများလျှင် မျက်မှောက်ဘဝ၌ အရဟတ္တ ဖိုလ်ကိုရခြင်း၊ မျက်မှောက်ဘဝ၌မရလျှင်၊ ခုနှစ်ဘဝအတွင်း၌ရခြင်းကိုပြနည်း | ၁၃၁ | ၈ |
| ဝိပဿနာပညာနှင့် ပြည့်စုံသော သူသည်သံဝေဂရသည်ကိုပြနည်း | ၁၃၂ | ၃ |
| ဝိပဿနာပညာနှင့် ပြည့်စုံသော သူသည် မဂ်ဖိုလ်ရခြင်းကိုပြနည်း | ၁၃၃ | ၂၇ |
| နိဗ္ဗိန္ဒဉာဏ်နှင့်ပြည့်စုံသောသူသည် မဂ်ဖိုလ်ရခြင်းကိုပြနည်း | ၁၃၇ | ၁၃ |
| အနိစ္စ ဒုက္ခအနတ္တသက္ခဏာကိုပြနည်း | ၁၃၈ | ၅ |
| အနိစ္စဒုက္ခအနတ္တပွားခြင်းအကျိုးကိုပြနည်း | ၁၄၄ | ၃ |
| မြတ်စွာဘုရားသည် သားတော် ရာဟုလာကိုဆုံးမခြင်းကိုပြနည်း | ၁၅၁ | ၂၅ |
| မြတ်စွာ ဘုရားသည် ဝေနေယျတို့ကို တထောင် ခုနှစ်ရာ ကိုးဆဲ့နှစ်ကြိမ် ဆုံးမခြင်းကိုပြနည်း | ၁၅၁ | ၂၇ |
| တရားကို မေ့လျော့လျှင် သေခါနီး ကာလ၌ ဝိပ္ပဋိသာရီဖြစ်ခြင်းစသည်ကိုပြနည်း | | ၂၁ |
| ဉာဏ်တဆဲ့ခြောက်ပါးသံပေါက်ကိုပြနည်း | ၁၅၃ | ၁၈ |
| ဓမ္မခန္ဓ ရှုဘွယ်ကိုပြနည်း | ၁၅၄ | ၁၄ |
| ဓမ္မသာရ ရှုဘွယ်ကိုပြနည်း | ၁၆၁ | ၄ |
| တရားကိုဆွမ်းဥပမာဆောင်၍ပြနည်း | ၁၆၆ | ၁၀ |
| မာရ်စစ်သည်ဆယ်ဘဝ်ကိုပြနည်း | ၁၆၈ | ၄ |

| အကြောင်းအရာ။ | ဈက်နှာနံပါတ် | ကြောင်းရေ။ |
|---|---|---|
| ဇာန္တိယသံဝရရှုဘွယ်ကိုပြနည်း | ၁၇၁ | ၂၆ |
| အဇ္ဈောဝါဒရှုဘွယ်ကိုပြနည်း | ၁၈၁ | ၂၃ |
| သစ္စာလေးပါးရှုဘွယ်ကိုပြနည်း | ၁၈၉ | ၇ |
| ဗုဒ္ဓါနုဿတိစီးဖြန်းရန်ပြနည်း | ၂၂၆ | ၂၄ |
| ဓမ္မာနုဿတိစီးဖြန်းရန်ပြနည်း | ၂၀၉ | ၁၉ |
| သံဃာနုဿတိစီးဖြန်းရန်ပြနည်း | ၂၁၀ | ၂၂ |
| ဥပသမာနုဿတိစီးဖြန်းရန်ပြနည်း | ၂၁၂ | ၂၆ |
| မရဏာနုဿတိစီးဖြန်းရန်ပြနည်း | ၂၁၄ | ၁၇ |
| အာနာပါနဿတိစီးဖြန်းရန်ပြနည်း | ၂၁၈ | ၁ |
| ဝဏ္ဏုဒ္ဒါနကို စာဂါနုဿတိ စီးဖြန်းရန်ပြနည်း | ၂၁၅ | ၁ |
| စေတနာဒါန၌ဝိပဿနာတင်ရန်ပြနည်း | ၂၂၆ | ၁၅ |
| ဝဋ်သုံးပါးမှ လျင်လျားစွာ လွတ်ထွက်လိုသောဝိပဿနာပုဂ္ဂိုလ်တို့ ဥဒ္ဒါန်းကျူးရန်ပြနည်း | ၂၃၁ | ၂၁ |
| ဂိလာနပုဂ္ဂိုလ်တို့ဒုက္ခဝေဒနာကင်းငြိမ်းရန်ဗောဇ္ဈင်္ဂရှုဘွယ်ကိုပြနည်း | ၇၃ | ၉ |
| နိဂုမ်းကိုပြနည်း | ၂၇၅ | ၂၅ |

# အဘိယာစကာ။

မန္တလေးမြို့၊ထားတန်းရပ်၊ဝတ်လုံတော်ရ မောင်စံဝ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊မ ဝိုးရိပ်တိုက် ဒါယကာ ပညာ ဝန်ထောက် မောင်မောင်၊မဟာဂန္ဓာရုံချောင်ရေကန်ဒါယ ကာဇလွန်မြို့နေ မောင်အိ တို့က ရှိသေစွာ လျှောက်ထား တောင်းပန်အပ်သည် ဖြစ်၍။ စစ်ကိုင်းတောင်၊ တောင်ဝိုင်းကြီးတောရ၊ မ ဟာဂန္ဓာရုံချောင်၊ မဟာသုခကျောင်း၌ သီ တင်းသုံးနေထိုင်သော၊ မဟာဂန္ဓာရုံ ။ဆရာ တော်သည်၊ ကမ္မဋ္ဌာန်း အားထုတ်နည်းအား ထုတ်ပုံနှင့်တကွ၊ နိဗ္ဗာန်ရောက်ကြောင်း၊ ဝိပ ဿနာဉာဏ်ပွင့်လင်းကြ ၍၊ရှုနှစ်ရက်စသည် အတွင်း၌ပင်၊ ထင်မြင်နိုင်ဘို့ရာနည်းများစွာ တို့ဖြင့်၊စိတ်ဖြာခွဲခြမ်းဝေဘန်အပ်သော(နိဗ္ဗာ နမဂ္ဂဘောဒနီကျမ်း)ကို စီရင်ရေးသား ပေအံ့ သတည်း။

အဘိယာစကနှင့်ပရိညာဉ်ပြီး၏။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ

နမောဗုဒ္ဓဿ ။ဗုဒ္ဓဿ၊ အရဟတာဒိဂုဏ် ၊ကျေးဇူး တော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော၊ ဂင်္ဂါ ဝါလု သဲစုမက ပွင့်တော်မူကြရသော၊ အနန္တမြတ်စွာဘုရား အား၊နမော၊မဂ်ဖိုလ်နိဗ္ဗာန်၊ လျင်မြန်ရလို၍၊ ကြည်ညိုမြတ်နိုး၊ လက်အုပ်မိုးလျက်၊ရှိခိုးပါ၏အနန္တမြတ်စွာဘုရား၊

ဗုဒ္ဓပဏာမ၊

ဗုဒ္ဓါနုဿတိ ရှုပွားယံကို ပြပေအံ့၊ ၊ဗုဒ္ဓါနုဿတိ ဟူ သည်ကား၊ ၊ဗုဒ္ဓံ အာရဗ္ဘ ဥပ္ပန္နာ အနုဿတိ ဗုဒ္ဓါနုဿတိ။ ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ လာသည်နှင့်အညီ။ မြတ်စွာဘုရားဂုဏ် တော်ကို အာရုံပြု၍ဖြစ်သော အဖန်ဖန် အောက်မေ့ခြင်းသ တိ စေတသိက်သည် ဗုဒ္ဓါနုဿတိမည်၏၊ ၊ဣတိပိ သော အစရှိသော ပါဠိတော်နှင့်အညီ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်း ခြင်း နည်းကိုးပါးတို့တွင်၊ အရဟံဂုဏ်တော်ကြီး စီးဖြန်းနည်း ကို ပြပေအံ့၊ ၊အရဟံဂုဏ်တော်ကြီးစီးဖြန်းနည်းသည်၊ ဗုဒ္ဓအ ပဒါန် ပါဠိတော်၌ လာသောနည်းကိုမှီး၍ သက်တော်ထင်ရှား မြတ်စွာဘုရားကို အာရုံပြုနည်း။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဋီကာတို့ ၌လာသော အရဟံဂုဏ်ကို အာရုံပြုနည်းတို့တွင်။ ဗုဒ္ဓအပဒါန် ပါဠိတော်၌ လာသောနည်းကို ရှေးဦးစွာပြပေအံ့၊ ၊အရဟံ၊ ဆိုသည်နှင့်၊ ကိလေသာတို့မှ ကင်းဝေးတော်မူသော မြတ်စွာ

သူရားဆိုသည်ကားအတူတူပင်မှတ်၊ မာဂဓဘာသာနှင့် မြန်မာဘာသာသာမျှသာထူး၏၊

မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်စွာရလို၍ အရဟံဂုဏ်တော်ကြီးကိုစီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်။ လူဖြစ်လျှင်ရှစ်ပါးသီလ-ဆယ်ပါးသီလတို့ကို တလဖြစ်စေ။ တဆဲ့ငါးရက်ဖြစ်စေ၊ ခုနစ်ရက်ဖြစ်စေ ဆောက်တည်ရမည်၊ မိမိကိုယ်ကိုကမ္မဋ္ဌာန်းဆရာအား အပ်နှင်း၍ကမ္မဋ္ဌာန်းယူရမည်၊ ပြီးလျှင်စိတ်ကြည်လင်အောင် သဒ္ဓါတရား ဘိုးပွားအောင် မြတ်စွာဘုရားအားဆီမီးပူဇော်ဘုရားရှိခိုး၍ မိမိအလိုအလျောက် မိမိကိုယ်ကို မြတ်စွာဘုရားအားအပ်နှင်း၍ မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတကြိမ်ယူရမည်။ ဤသို့ကမ္မဋ္ဌာန်းကိုဂရုဓမ္မဖြစ်၍ ကမ္မဋ္ဌာန်းသာလို့ထင်လွယ်သည်၊ မျက်စိနားဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ ရှေးဦးစွာကမ္မဋ္ဌာန်း ထိုင်စ အယုတ်ဆုံး သုံးနာရီလောက် ကြာအောင်ထိုင်ရမည်။ တထိုင်တည်းနှင့် ကမ္မဋ္ဌာန်းထင်တတ်သည်၊ ရှေးဦးစွာကမ္မဋ္ဌာန်းထိုင်စကို ညဉ့်ကစ၍ထိုင်လျှင် မျက်စိနားဆိတ်၍ ကမ္မဋ္ဌာန်းသာ၍ ထင်လွယ်သည်၊ မိမိကိုယ်ကိုအပ်နှင်းနည်းစသည်ကား၊

ဣမာဟံဘန္တေ အတ္တဘာဝံ ဘဂဝတော ဧကမာသံ ပရိစ္စဇာမိ။ ။ဘန္တေ၊ မြတ်စွာဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဣမံ အတ္တဘာဝံ၊ ဤအတ္တဘောကို၊ ဘဂဝတော၊ မြတ်စွာ ဘုရားအား၊ ဧကမာသံ၊ တလပတ်လုံး။ ပရိစ္စဇာမိ၊ စွန့်လွှတ်ပါ၏၊ ။သုံးခေါက်ဆို၊ ။ဤ ကားမြတ်စွာဘုရားအားစွန့်လှူ အပ်နှင်းပုံ၊

ဣမာဟံ အာစရိယအတ္တဘာဝံ၊ အာစရိယဿဧကမာသံ ပရိစ္စဇာမိ၊ ။အာစရိယ၊ အရှင်ကမ္မဋ္ဌာန်းဆရာ။ အဟံ၊ အကျွန်ုပ်သည်။ ဣမံ အတ္တဘာဝံ၊ ဤအတ္တဘောကို၊ အာစရိယဿ၊ အရှင်ကမ္မဋ္ဌာန်းဆရာအား။ ဧကမာသံ၊ တလပတ်လုံး၊ ပရိစ္စဇာမိ၊ စွန့်လှူပါ၏၊ ။သုံးခေါက်ဆို။ ။ဤကား ကမ္မဋ္ဌာန်းဆရာအား စွန့်လှူအပ်နှင်းပုံ၊

နိဗ္ဗာနဿမေဘန္တေ သစ္ဆိကရဏတ္ထာယ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာနံဒေဟိ၊ ၊ဘန္တေ၊အရှင်ကမ္မဋ္ဌာန်းဆရာ။ မေ၊အကျွန်ုပ်အား။နိဗ္ဗာနဿ၊ နိဗ္ဗာန်ချမ်းသာကြီးကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှါ။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာနံ၊ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို။တွံ၊အရှင်ကမ္မဋ္ဌာန်းဆရာသည်၊ ဒေဟိ၊ ကရုဏာ ရှေ့ထား၍ ပေးသနားတော်မူပါလော၊ ၊သုံးခေါက်ဆို။ ၊ဤကား ကမ္မဋ္ဌာန်းဆရာထံကမ္မဋ္ဌာန်းတောင်းပုံ။

အဒ္ဓါဣမာယပဋိပဒါယ နိဗ္ဗာနသုခံလဘိဿာမိ။ ၊ဣမာယပဋိပဒါယ၊ဤကမ္မဋ္ဌာန်းအကျင့်ဖြင့်။ အဒ္ဓါ၊ ဧကန်စင်စစ်။ နိဗ္ဗာနသုခံ၊နိဗ္ဗာန်ချမ်းသာကြီးကို။ အဟံ၊ အကျွန်ုပ်သည်၊ လဘိဿာမိ၊လျှင်မြန်စွာရပေတော့အံ့။ ၊သုံးခေါက်ဆို။ ၊ဤကား နိဗ္ဗာန်ချမ်းသာကြီးကိုအာသီသပြုပုံ။

ဣဓဘိက္ခဝေဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ နိသီဒတိပလ္လင်္ကံ အာဘုဇိတွာဥဇုံ ကာယံပဏိဓာယပရိမုခံသတိံ ဥပဋ္ဌာပေတွာ။ ။ဈာနဝိဘင်းပါဠိတော်-သတိပဋ္ဌာန် ပါဠိတော်။ ၊ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ဘိက္ခု၊ သံသရာဘေးကြီး၊ အပါယ်ဘေးကြီး။ ဇာတိဘေးကြီး စသည်ကို ကြောက်၍ ရှုသော သူတော်ကောင်း အပေါင်းသည်။ အရည ဂတောဝါ၊ တောအရပ်သို့ ကပ်၍ရင်း။ ရုက္ခမူလဂတောဝါ၊ သစ်ပင်ရင်းအရပ်သို့ ကပ်၍ရင်း၊ သုညာ ဂါရ ဂတောဝါ၊ ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းအရပ်သို့ ကပ်၍ရင်း၊ ဝါ၊ စက္ခု၊ သောတ၊ ဃာန၊ဇိဝှါ၊ကာယ၊ငါးဝဆိတ်ရာအရပ်သို့ကပ်၍ရင်း၊ ပလ္လင်္ကံ၊ ထက်ဝယ်ဘင်ပြန်ကို။အာဘုဇိတွာ၊ ဖွဲ့ခွေ၍။ ဥဇုံ၊ဖြောင့်မတ်စွာ။ကာယံ၊ခါးအထက်ကိုယ်ကို၊ ပဏိဓာယ၊ ထား၍၊ ပရိမုခံ၊ ကမ္မဋ္ဌာန်း ရှေးရှု၊ သတိံ၊ ကမ္မဋ္ဌာန်း၌ အမြဲအောက်မေ့ခြင်းသတိကို၊ ဥပဋ္ဌာပေတွာ၊ဖြစ်စေ၍၊ ဝါ၊ပွါးစေ၍၊ ဝါ၊စီးဖြန်း၍။

နိသိဒတိ၊ ထိုင်၍အားထုတ်ချေ၏၊ ။၎င်းပါဠိတော်များနှင့် အညီ၊ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းနည်းအကျဉ်းကား၊

သိတ်၊တင်၊ဖြောင့်၊ငါး။ရှေ့၊မြဲ၊ပွား၊ကြိုးစားဘာဝနာ။ ။ဆောင်ပုဒ်။ ၎င်းဆောင်ပုဒ်ကို၊ ရှေးဦးစွာ ရအောင် ကျက်ရမည်၊ ။သိတ်၊ဆိုသည်ကား၊သိတ်ငြိမ်ရာအရပ်သို့ကပ်ခြင်း၊ ။တင်၊ ဆိုသည်ကား၊ ထက်ဝယ် တင်ပြန်ခွေခြင်း၊ ။ဖြောင့်၊ ဆိုသည်ကား၊ ခါးအထက် ကိုယ်ကို ဖြောင့် မတ်စွာ ထားခြင်း၊ ။ငါး၊ ဆိုသည်ကား။ စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယဟုဆိုအပ်သော ဒွါရငါးပေါက်ကို ပိတ်ခြင်း။ ။ရှေ့၊ ဆိုသည်ကား၊ မိမိရှေ့က ငါးတောင်ကွာနေရာ၌ဗောဓိပင်နှင့် ရွှေပလ္လင်ကိုထား၍၊ရွှေပလ္လင်ပေါ်၌ သက်တော်ထင်ရှား မြတ်စွာဘုရားကိုစိတ်ဖြင့်ပင့်ထားခြင်း။ ။မြဲ၊ဆိုသည်ကား၊ စိတ်ဖြင့်မြတ်စွာ ဘုရားကို အမြဲ အောက်မေ့ခြင်း။ ။ပွား၊ ဆိုသည်ကား၊ဘုရားကိုစေ့စေ့ကြည့်၍ ၊အရဟံ၊ အရဟံ ဟုစိတ်ဖြင့်ပွားခြင်း၊ ။ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်၊ သိတ်ငြိမ်ရာအရပ်၌ ထိုင်၍ ထက်ဝယ်တင်ပြန်ခွေ၍၊ ခါးအထက်ကိုယ်ကို ဖြောင့်မတ်စွာထား၍၊ ရူပါရုံ၊သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော။ ငါးပါးသောအာရုံတို့ကို၊ မမြင်ရ၊ မကြားရ၊ မနံရ၊ မလျက်ရ၊ မထိရအောင်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဟုဆိုအပ်သော ဒွါရငါးပေါက်တို့ကို ပိတ်ပြီး၍၊ မိမိရှေ့က ငါးတောင်ကွာခန့် နေရာ၌ဗောဓိပင်နှင့် ရွှေပလ္လင်ကိုထား၍၊ ရွှေပလ္လင်ပေါ်၌ သက်တော်ထင်ရှားမြတ်စွာဘုရားကို စိတ်ဖြင့်ပင့်ထားပြီး၍၊ စိတ်ဖြင့်မြတ်စွာဘုရားကို အမြဲအောက်မေ့လျက်၊ မြတ်စွာဘုရားကို စေ့စေ့ကြည့်၍။အရဟံ၊ အရဟံဟုစိတ်ဖြင့်ပွားရမည်၊ စိတ်ဖြင့်စီးဖြန်းရမည်၊အရဟံကိုပွား၍၊ စိတ်သည်ဘယ်ကိုမျှ မပျံ့မလွင့်ဘဲ၊ ဘုရားအာရုံထဲ၌အမြဲတည်၍နေလျှင်။ ဗောဓိပင်ရွှေပလ္လင်နှင့်သက်တော်ထင်ရှားမြတ်စွာဘုရားကိုစေ့စေ့ကြည့်၍၊ စိတ်

ဖြင့်အရပ်၊ အရပ်ဟု တသက်လုံး မြတ်စွာဘုရားအာရုံ၌ စွဲမြဲအောင်ပွားရမည်။ တသက်လုံး မြတ်စွာဘုရားအာရုံ၌ ကောင်းစွာစွဲမြဲမည်ထင်မှ၊ နာမရူပ ပရိစ္ဆေဒဉာဏ် စသည်ကို အားထုတ်ရမည်။ ။ဘုရားအလောင်း တိလောကဝိဇယ စကြာမင်းကြီးသည်၊ သက်တော်ထင်ရှား မြတ်စွာဘုရားကို၊ စက္ခုဒွါရဖြင့် ထင်မြင်သကဲ့သို့၊ မနောဒွါရဖြင့် ထင်မြင်အောင် အာရုံပြု၏၊ ထိုနည်းတူစွာ သက်တော်ထင်ရှား မြတ်စွာဘုရားကို၊ မနောဒွါရဖြင့် ထင်မြင်အောင်အာရုံပြုကြရမည်။ ၎င်းစကြာမင်းကြီးသည်၊ မနောဒွါရဖြင့် ထင်မြင်အောင် အာရုံပြုကြောင်းကို၊ ဗုဒ္ဓအပဒါန်ပါဠိတော်၌လာ၏၊ ၎င်းပါဠိ အနက် အဓိပ္ပါယ်ကို အကျယ်သိလိုမူ၊ နိဗ္ဗာနမဂ္ဂဒီပနီကျမ်း၌ရှာကြည့်လေ၊

နာဘေးကြီး သေဘေးကြီး မဥုးခင်၊ တရားကအလျှင်ဥုးအောင်ကြိုးစား၍အားထုတ်၊ ကြိုးစား၍အားထုတ်၊ ။အပါယ်ဆင်းရဲကြီးကို ကြောက်လျှင်၊ ဆင်းရဲကလေးတွေကို ကြိုးစား၍သည်းခံ၊ ကြိုးစား၍သည်းခံ၊ ။နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင်၊ ချမ်းသာကလေးတွေကို ကြိုးစား၍ပယ်၊ ကြိုးစား၍ပယ်ဟု၊ မိမိကိုယ်ကို နာမ်မည်ကို ဖေါ်၍ သုံးကြိမ်စီ ဆုံးမရမည်၊ ။ခေတ်သုံးပါး၌ သတ္တဝါ အပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း၊ ။ခေတ်သုံးပါး၌ နတ် အပေါင်း တို့သည် ချမ်းသာကြပါစေကုန်သတည်း၊ ။ဤအရပ် တွင်း၌ သတ္တဝါအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း ဟု သုံးကြိမ်စီ မေတ္တာပို့ရမည်၊ ။သမာပတ်တော ယထာ ဘူတံ ဇာနာတိ ပဿတိ၊ ။သဗ္ဗညုတဉာဏ် ဿံယုတ်ပါဠိတော်၊ ။ သမာပတ်တော၊ သမထကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်၍၊ စိတ်တည်ကြည် ငြိမ်သက်သောသူသည်၊ ယထာဘူတံ၊ ရုပ်နာမ်ဓမ္မသဘာဝကို၊ ဟုတ်တိုင်းမှန်စွာ၊ ဇာနာတိ၊ သိတတ်၏၊ ပဿတိ၊ မြင်တတ်၏၊ ဇာနာတိ၊ သိလွယ်၏၊ ပဿတိ၊ မြင်လွယ်၏။ ။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းနည်းအကျဉ်းပြီး၏၊

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနည်း အကျယ် ဝိတ္ထာရကား။ ။ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီ ပုဂ္ဂိုလ်သည်၊ သံသရာဘေးကြီး၊ အပါယ်ဘေးကြီး၊ ဇာတိဘေး ကြီး စသည်တို့မှ မရှုံနိုင် မရှိုက်နိုင်အောင်၊ အဟုတ်ထိတ်ဖြာ လွန်မင်းစွာ ကြောက်လန့်၍၊ သတ္တာယနယ် ပညတ်တွေအကုန် ကွယ်ပျောက်ရန်၊ ပါရိယတ် ပဋိပတ် နှစ်လမ်းစွမ်းနိုင်သည်လောံ ကောင်းကောင်းကြီး စခန်းပေါက်ခြင်းကို လွန်မင်းစွာ အလိုရှိ သော၊ ရဟန်း၊ လူရှင်၊ သူတော်စဉ်တို့သည်။ ယေဘုယျ အား ဖြင့်၊ ခုနှစ်ရက်အတွင်း၊ ယခုချက်ခြင်း၊ ယခုလက်ငင်း၊ ကိုယ်စီ ကိုယ်င၊ လွန်မင်းစွာဇေးမြဲ၍၊ တသက်စာလုံး၊ တသံသရာလုံး၊ အငြိမ်းစား သုခကြီးကို၊ လျင်မြန်စွာ ရစေ နိုင်သော၊ ဤ ဗုဒ္ဓါ နုဿတိကမ္မဋ္ဌာန်းကို၊ ။ဆိတ်၊တင်၊ဖြောင့်၊ငါး၊ ရှေ့၊မြဲ၊ပွား။ ကြိုးစား ဘာဝနာ။ ။ဟူသော အင်္ဂါခုနှစ်ပါးနှင့် ပြည့် ရုံစွာ အားထုတ် ရလိမ့်မည်၊ သည်အတိုင်း အဟုတ်၊ ယုံကြည်စွာ အားထုတ်က၊ မကြာခင် ခုနှစ်ရက်အတွင်းထင်ကြ၏၊ နှစ်ရက် သုံးရက်အတွင်းမှာပင် ထင်ကြ၏၊ နေ့ခြင်း၊ညဉ့်ခြင်း၊ တထိုင် တည်းနှင့်ပင်ဆင်ကြ၏။ ။ထိုတွင်၊ဆိတ်ဆိုသည်သား၊ အလုံး စုံဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ရခြင်းကို ဆိုသည်၊ ဤဆိတ် ဟူသောအင်္ဂါဖြင့်၊ ကာလဒေသနှစ်ပါးကို ပြသည်၊ ကာလဆို သည်ကား၊ ဆိတ်ငြိမ်သောအခါကို ဆိုသည်၊ ဒေသဆိုသည် ကား၊ ဆိတ်ငြိမ်သော တောအရပ်၊ သစ်ပင်ရင်းအရပ်ကို ဆို သည်၊ တောအရပ် သစ်ပင်ရင်းအရပ်သည်၊ များသောအား ဖြင့်ဆိတ်ငြိမ်ရာကိုရတတ်၏၊ တောရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ၊သစ်ပင်ရင်းရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ဆိတ်ငြိမ် ရာအရပ်သည်သာ လိုရင်းကြီးဖြစ်၏။ ဆိတ်ငြိမ်ရာရမှ ကာယ ဝိဝေကကိုရနိုင်မည်၊ကာယဝိဝေကရမှ၊စိတ္တဝိဝေက ရနိုင်မည်၊ ထို့ကြောင့်၊ ဆိတ်ငြိမ်ရာအရပ်ကို ပဓာနလိုရင်းကြီးမှတ်၊ ။ ငါးကာမဂုဏ်၊ အာမရုံပေါ်၊ လူရှင် မနှောသော၊ တောအရပ်

မှာ၊ကာလဒေသနှစ်ပါးလုံးရ၏၊ လူရှင်ရောနှော။ ငါးကာမဂုဏ်၊ အာရုံပေါသော၊ မြို့ကြီးရွာကြီး၊ တိုက်တာကြီးအတွင်း ဖြစ်ခဲ့လျှင်၊လူခြေတိတ်စကစ၍၊ လူများထကြသည့်တိုင်အောင်။ ဤအတွင်းမှာမှ ကာလ တပါးသာ အနိုင်နိုင်ရ၏၊ တည့်လုံးဒွ ညဥ့်သုံးယာမ် ရှိသည့်တွင်။ မဇ္ဈိမယာမ် သန်းခေါင်အခါကြီး၌ အားထုတ်ရလိမ့်မည်၊ ဆိတ်ပြီး၏။ ။တင်၊ ဆိုသည့်ကား၊ ထိုင်နည်းကိုဆိုသည်။ ထိုထိုင်နည်းသည်၊ မဟာခွေထိုင်နည်း၊ အဍ္ဎပလ္လင်ထိုင်နည်းအားဖြင့်နှစ်ပါးအပြားရှိ၏၊ ထိုတွင်၊ မဟာခွေထိုင်နည်းသည်။ဘယ်ဘက်လက်ဖဝါးကို၊ပက်လက်အောက်ကထား၍၊ ညာဘက် လက်ဖဝါးကို။ ပက်လက်ဘယ်ဘက်လက်ဖဝါးပေါ်မှာ တင်၍၊ လက်မထိပ်ခြင်းထိ၍ထား၊ ဘယ်ဘက်ခြေကိုအောက်ကထားပြီးလျှင်။ ညာဘက်ခြေကို အပေါ်ကတင်၍ ထားလေ၊ အဍ္ဎပလ္လင်ထိုင်နည်းမှာ၊ ယခုမိန်းမများထိုင်သကဲ့သို့ ထိုင်ပြီးလျှင်၊ လက်ထားနည်းမှာ မဟာခွေနည်းတူထားလေ၊တင်ပြီး၏။ ။ဖြောင့်၊ဆိုသည့်ကား။ ခါးအထက်ကိုယ်ကို ဖြောင့်မတ်စွာ ထားရမည်။ ကိုယ်ကို ကိုင်း၍မနေရ၊ ကုန်း၍မနေရ၊ တပါးဝဋ္ဋကို မှီ၍မနေရ၊ ဦးခေါင်းကို မော့၍မနေရ၊ စောင်း၍မနေရ၊ ဖြောင့်ဖြောင့် မတ်မတ်၊ ကိုယ်ဦးခေါင်းတို့ကို ထားရမည်ဆိုလိုသည်၊ ဖြောင့်ပြီး၏၊ ။ဤဒုတိယ၊ တတိယ၊ အင်္ဂါနှစ်ပါးဖြင့်ထိုင်ပုံကိုပြသည်။ ဤထိုင်ခြင်းဣရိယာပုထ်တပါးကိုသာကမ္မဋ္ဌာန်းနှင့်သာလို့ လျော်ပတ်၍ အင်္ဂါအထူးဆိုလိုက်သည်။ ဤမှတပါး၊ အပွကအားဖြင့်၊ တပါးပါးသော ဣရိယာပုထ်နှင့်လည်း အားထုတ်ရသေး၏။ ။ငါး၊ ဆိုသည့်ကား၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ကိုယ်၊ ဤဒွါရငါးပေါက်ကို၊ လုံလုံပိတ်ဆို့ရခြင်းကိုဆိုသည်၊ ထိုတွင်၊ မျက်စိကိုပိတ်ဆိုသည့်ကား၊ ခြေလက်စသည် တစုံတခုကိုမျှ မမြင်ရအောင် မှောင်အတိပြီးသောအရပ်၌ အားထုတ်ရမည်၊ မှောင်အတိပြီးသော အရပ်မရခဲ့လျှင်၊ ဦးခေါင်းကို အဝတ်ဖြင့်ဖုံး၍

ဖြစ်စေ။ မျက်စိကိုမှိတ်၍ဖြစ်စေ၊ အားထုတ်ရမည်၊ အဆင်းအလုံးစုံကိုမမြင်ရမှ မြန်မြန်ကြီးထင်လွယ်သည်။ ။နားကို ပိတ်ဆိုသည်ကား၊ အသံဟူသမျှမကြားရသောအရပ်၌ အားထုတ်ရမည်၊ အနည်းငယ်မျှသောအသံကို ကြားသော်လည်း အာရုံမပြုနှင့်။ဆိုလိုသည်။ ။နှာခေါင်းကိုပိတ် ဆိုသည်ကား၊ တစုံတခုသောအနံ့ကိုမျှမနံရ အနံ့အလုံးစုံကိုအာရုံမပြုနှင့်၊ ဆိုလိုသည်။ ။လျှာကိုပိတ်ဆိုသည်ကား၊ ကမ္မဋ္ဌာန်း အားထုတ်ဆဲ၌တစုံတခုသော အစေ့သာကိုမှ မစားမဝါးရ။ အရသာအလုံးစုံကိုအာရုံမပြုနှင့်။ ဆိုလိုသည်။ ။ကိုယ်ကိုပိတ် ဆိုသည်ကား။ ကိုယ်မလှုပ်ရ။လက်မလှုပ်ရ၊ခြေမလှုပ်ရ။ ခေါင်းမလှုပ်ရ။ နှုတ်ကအသံမထွက်ရ၊ ကမ္မဋ္ဌာန်းကိုလည်းရွတ်၍မပွားရ၊ ယုံတ်စွအဆုံး၊ အာရုံအချက်ကျတုန်း ကျခါနီးဖြစ်လျှင်၊ မှက်၊ ခြင်၊ သန်း၊ ကြမ်းပိုးပင်ကိုက်ငြားသော်တည်း၊ အယားမဖျောက်ရ၊ ။နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေးတွေကိုစွန့်ရမည်၊ အပါယ်ဆင်းရဲကြီးကိုကြောက်လျှင်၊ ဆင်းရဲကလေးတွေကို သည်းခံရမည်ဟု ဆိုသော၊ ဆရာကြီး သမားကြီးပညာရှိကြီးများဆုံးမစကားနှင့်ညီစွာ ကောင်းကောင်းကြီး သည်းခံရလိမ့်မည်။ တကြိမ်တခါ အစလောက်သည်းခံလျှင်နောက်ကို ကိစ္စမရှိ သည်းခံနိုင်တော့သည်၊ ထို့မှ မြန်မြန်ကြီး အာရုံထင်လွယ်မည်၊ သည်းမခံပါလျှင်တခါချောက်လျှင်၊ ချောက်ချင်လျှင်း၊တခါဖျောက်လျှင်။ ဖျောက်ချင်လျှင်းနှင့်၊ အလျှင်းပင်အားထုတ်ခွင့်မရ၊ ထင်လွယ်ခန့်အရေးကွာဝေးစွ၊ အလွန်ညောင်းညာလှ၍ မခံသာလျှင် ပြင်ရဆင်ရပါသေး၏၊ အာရုံဆင်လွယ်အောင် အချက်ကျကျ ကောင်းကောင်းကြီး အားထုတ်က၊ ကျောက်ရုပ်နှင့်တူစွာ မတုံမလှုပ် အားထုတ်ရမည်ဆိုလိုသည်၊ ။ငါးပြီး၏၊ ။ရှေ့၊ ဆိုသည်ကား၊ မိမိရှေ့ကငါးတောင်ကွာခန့်နေရာ၌၊ ဗေ-ဓိပင်နှင့်ရွှေပလ္လင်ကိုထား၍၊ ရွှေပလ္လင်ပေါ်၌၊ သက်တော်ထင်ရှားမြတ်စွာဘုရားကို၊ စိတ်ဖြင့်

ပင့်၍ထားရခြင်းကို ဆိုသည်၊ ။ဍေ့ ပြီး၏၊ ။မြဲ၊ ဆိုသည် ကား။ သက်တော်ထင်ရှား မြတ်စွာဘုရား၌ အမြဲအောက်မေ့ ခြင်းကိုဆိုသည်၊ ။မြဲ၊ပြီး၏၊ ။ပွါး၊ ဆိုသည်ကား။ သက် တော်ထင်ရှား မြတ်စွာဘုရားကိုစေ့စေ့ကျည့်၍။ အရဟံ၊ အရ ဟံ၊ ဟုစိတ်ဖြင့်ပွါးရခြင်း၊ စိတ်ဖြင့် စီးဖြန်းရခြင်း ကိုဆိုသည် ပွါးပြီး၏၊ ။အင်္ဂါခုနှစ်ပါးပြီး၏၊ ။

ကြီးစားဘာဝနာအရမှာ။ ။ပိယိယပိယံ ဘာဝေန္တော ကောသဇ္ဇံ ပဇဟာတိ၊ ။ပဋိသမ္ဘိဒါ မဂ်ပါဠိတော်၊ ။ပိရိ ယိန္ဒြိယံ၊ သမတာပိပဿနာ ထင်မြင်လွယ်အောင် အားထုတ် ခြင်းပိရိယိန္ဒြေကို။ ဝါ၊ပိရိယပါရမီရင့်၍ မဂ်ဖိုလ်နိဗ္ဗာန်ကိုလျင် မြန်စွာ ရလွယ်အောင် အားထုတ်ခြင်းလုလ္လကို။ ဘာဝေန္တော၊ ဆု ရိယာပုဒ်လေးပါး၌ ဆိုးပွတ်သော ယောကျ်ားကဲ့သို့ မနေ မနား ပွါးများသောသူသည်၊ ကောသဇ္ဇံ၊ အချမ်းပြည့်၄နှ်၊ အလွန်ပူ နွီး၊မိုးချုပ်လှမော၊ စောလွန်းလှရောင်၊ ဆာလောင်ပြင်းပြ၊ ဝမ်း ဝတထွေ၊ နေကဘာဝနာ၊ မထင်ရာဟု၊ ခြောက်ဖြာသော ပြင်း ရိခြင်းကို၊ ပဇဟာတိ၊ လျင်မြန်စွာစွန့်ခွါပယ်ပစ်နိုင်၏၊ ဟူသည် နှင့်အညီ၊ ဤကမ္မဋ္ဌာန်းသည် ကြောန့်မရချအဟုတ်ဘဲ အမှန်ဘဲ ဟုအယုံ့က်အလွဲ အလွန် ယုံကြည်သော သဒ္ဓါတရားဖြစ်ပွါး သည်အတိုင်း လုပ်လိုက် အားထုတ်လိုက်က။ မကြာခင်သူတ ကာတွေ နှစ်ရက်သုံးရက်နှင့် ထင်သလိုငါလည်းကြောန်ထင်ထိမ် မည် ထင်တော့မည်ကြောန်ဟု၊ မလုပ်ခင် မထုတ်ခင်က၊ မနေနိုင် မထိုင်နိုင်အောင်ပင်၊ နိဗ္ဗာန်ကို အလွန်လိုချင်လှသော အာသာ ဆန္ဒနှင့်တကွ၊ မလျော့သောလုလ္လ၊ မှန်ကန်သော ပိရိယဖြင့်၊ကြိုး စား ပွါးများ အားထုတ်ခြင်းကိုဆိုလိုသည်၊ ။သည်အတိုင်း အဟုတ် ကောင်းကောင်းကြီး ပွါးများအားထုတ်၍၊ ထိုစိတ် သည် ဗဟိဒ္ဓသို့မပျံ့ မလွင့်ဘဲ၊ မြတ်စွာဘုရား အာရုံထဲ၌အမြဲ တည်၍နေလျှင်၊ ။စိန္တေတိတိစိတ္တံ၊အာရမ္မဏံ ဝိဇာနာတီတိ ဝိတ္တံ၊ ။အဘိဓမ္မတ္ထဝိဘာဝနိဋီကာ၊ ဤအရာ၌ ဋီကာအာ

လိုအံ့တိုင်း အနက်မပေးမူ၍။ ၊အတ္တပ္ပကရဏာလိင်္ဂါ၊ ဩဒိ
တျာကာလ ဒေသတော၊ သဒ္ဒတ္ထာဝိဘာဇိယန္တိ၊ နသဒ္ဒါယောဝ
ကေဝလံ။ ၊ဟူသောသဒ္ဒသာရတ္ထဇာလိနီ ဆရာမိန့်မှာတော်
မူတိုင်း။ အနက်အရာ၊ ကာလ၊ဒေသအသင့်ကို ထောက်ချင့်၍
အရာအားလျော်စွာ ပေးရမည်။ ၊ယံခမ္ဘဇာတံ၊ အကြင်တည်
ကြည်ခြင်းနှင့် ယှဉ်သော သဘောတရားသည်၊ အာရုမ္မဏံ၊ အာ
ရုံ အပေါင်းတို့တွင် ဘုရားတည်းဟူသော အတိ ဣဋ္ဌာရုံကို၊
ပိန္တေတိ၊ ကြံတတ်သိတတ်၏၊ ဣတိ၊ ထို့ကြောင့်၊ တံခမ္ဘဇာတံ၊
ထိုတည်ကြည်ခြင်းနှင့် ယှဉ်သောသဘောတရားသည်၊ စိတ္တံ၊သ
မာဓိစိတ်မည်၏၊ အာရမ္မဏံ၊ မြတ်စွာဘုရားအာရုံကို၊ ဝိဇာနာ
တိ၊ သိတတ်၏၊ ဣတိအဖွဲ့၊ဤကားအနက်၊ ၊ရင်းဝစနတ္တ
နှင့်အညီ၊ မိမိရှေ့ကငါးတောင်ကွာ ခန့်အရပ်၌၊ ဗောဓိပင်ရွှေ
ပလ္လင်နှင့်၊ သက်တော်ထင်ရှားမြတ်စွာဘုရားသည်၊ သီတင်းသုံး
နေတော်မူဟန်ကို၊ ကြည်ညိုသောသဒ္ဒါတရား၊ ထင်ချင်သော
စိတ်ထားနှင့်၊ မြတ်စွာဘုရား၏ ရောင်လျှံတော်၊ နဖူးသင်းကျစ်
တော်၊ မျက်လုံးတော်၊ နှာခေါင်းတော်၊ နှုတ်ခမ်းတော်၊ လည်
ပင်းတော်၊ ကိုယ်တော်၊ လက်တော်၊ ခြေတော်၊ သင်္ကန်းတော်
များကို အဘန့်ဘန့်စိတ်ဖြင့်ကြံ၍ ပေးရမည်၊ စိတ်ဖြင့် ချနှစ်ရက်
တိုင်အောင်ကူးရမည်၊ စိတ်ဖြင့်ကူးလျှင် မကြာခင်လျင်မြန်စွာ
သက်တော်ထင်ရှား မြတ်စွာဘုရား အာရုံ ထင်လာလိမ့်မည်၊
ဘုရားအာရုံထင်လျှင်ဘုရားကိုစေ့စေ့ကြည့်၍စိတ်ဖြင့် အယုတ်
ဆုံး သုံးနာရီ လေးနာရီ လောက်ကြာအောင် စီးဖြန်း၊နောက်ကို
ဤကဲ့သို့ တသက်လုံး ဘုရားအာရုံ စွဲမြဲအောင်စီးဖြန်း၊ တသက်
လုံးဘုရားအာရုံစွဲမည်ထင်မှဝိပဿနာတက်ရမည်၊

အပါယ်ဆင်းရဲကြီးကို ကြောက်လျှင် ဆင်းရဲကလေးကို
ကြိုးစား၍သည်းခံ၊ကြိုးစား၍သည်းခံဟု၊ နှလုံးသွင်း၊ရင်းအရ
မှာ။ အပါယ်ဆင်းရဲကြီး စသည်ကိုကြောက်လျှင်၊ စားချင်တိုင်း
မစားရသောဆင်းရဲကလေး၊ အိပ်ချင်တိုင်း မအိပ်ရသောဆင်း

ရဲကလေး၊ မညောင်းမညာ နေချင်တိုင်း မနေရသော ဆင်းရဲကလေး၊ သွားချင်တိုင်းမသွားရသော ဆင်းရဲကလေး၊ စကားပြောချင်တိုင်း မပြောရသောဆင်းရဲကလေး၊ ပူမှု ဒိုက်မှု ချွေးထွက်မှုဆင်းရဲကလေး။ သန်း၊ကြမ်းပိုး၊မှက်၊ ခြင်၊ယင်ရဲ၊ ကိုက်ခဲမှု ဆင်းရဲကလေး၊ ဤဆင်းရဲကလေးများကို သည်းခံရမည်၊ ဤဆင်းရဲ ကလေးများကိုသည်းခံမှ။ သံသရာဝဋ်ဆင်းရဲကြီး အပါယ်ဆင်းရဲကြီးမှ လွတ်မည်၊ သံသရာဝဋ်ဆင်းရဲကြီး အပါယ်ဆင်းရဲကြီးမှ လွတ်လိုလျှင်။ ဤဆင်းရဲကလေးများကို ကြိုးစား၍သည်းခံ ကြိုးစား၍သည်းခံ ဟုမိမိကိုယ်ကို နာမည်ပေါ်၍ ဆုံးမရမည်၊

နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင်၊ ချမ်းသာကလေးကို ကြိုးစား၍ပါယ်ကြိုးစား၍ ပါယ်ဟု နှလုံးသွင်း၊ ၎င်းအရမှာ၊ နိဗ္ဗာန်ချမ်းသာကြီး ကိုအလိုရှိလျှင်။ စားချင်တိုင်း စားရသော ချမ်းသာကလေး၊ အိပ်ချင်တိုင်းအိပ်ရသော ချမ်းသာကလေး။ မညောင်း မညာ နေချင်တိုင်း နေရသော ချမ်းသာကလေး။သွားချင်တိုင်း သွားရသော ချမ်းသာကလေး၊ စကားပြောချင်တိုင်း ပြောရသောချမ်းသာကလေး၊ မပူ မဒိုက် ချွေးမလိုက်ဘဲအေးအေး မြမြ နေရသော ချမ်းသာကလေး။ သန်း၊ ကြမ်းပိုး၊ မှက်၊ ခြင်၊ ယင်ရဲ၊ ကိုက်ခဲရာ၌ အယားဖျောက်ရသော ချမ်းသာကလေး၊ ဤချမ်းသာကလေးများကို ကြိုးစား၍ ပယ်ရမည်၊ ဤချမ်းသာကလေးများကိုပယ်မှ နိဗ္ဗာန်ချမ်းသာကြီးကို ရမည်။နိဗ္ဗာန်ချမ်းသာကြီးကိုအလိုရှိလျှင်၊ ဤချမ်းသာကလေးများကို ကြိုးစား၍ ပယ် ကြိုးစား၍ပယ်ဟု မိမိကိုယ်ကို နာမည်ဖော်၍ ဆုံးမရမည်၊ ။ရေခဲကြီးနှင့်တူစွာ လွန်စွာအေးမြသောသမထ သုခကြီးကိုမရခင်သာ ကျဉ်းကြပ်ပါသည်၊ ကောင်းကောင်းကြီး အာရုံရလျှင် ထိုထိုဝေဒယိတသုခများ ထက်သန်မှန်းသိ၍၊ ထိုထိုဝေဒယိတ သုခကလေးတွေကို တစတစ စွန့်နိုင်တော့သည်၊ အချင်း ပယ်နိုင်တော့သည်၊ ဘယ်ကိုထောက်၍ သိရသနည်း။

သင်္ကိုသုခံ၊ နိဗ္ဗာန်စံမြန်းသည့် အရိယာများကိုထောက်၍ သိသာ၏။ ။ထို့ကြောင့် တနပ်စားဝေဒယိတသုခကို အလျှင်းပယ်၍ သင်္ကိုသုခံ နိဗ္ဗာန်စံမြန်းသည့် အရိယာ များကဲ့သို့၊ တသက်စာလုံး၊ တသံသရာလုံး အငြိမ်းစားသုခကြီးကို ခုနှစ်ရက်အတွင်း။ တဆဲ့ငါးရက်အတွင်း တလအတွင်းမှာပင်လျှင်လျှင်မြန်မြန်ကြီးရအောင်၊ ဤဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းရန်နည်းဟန်ကျကျ၊ သံသယကင်းရှင်း၊ ယုံကြည်ခြင်းနှင့် တကွ၊ ကြိုးစား၍ အားထုတ်နိုင်ကြပါစေကုန်သတည်း။ ကြိုးစား၍ အားထုတ်ကြကုန်သော၊ ။ကြိုးစားဘာဝနာအရဥယျောဇဉ်ပြီး၏။ ။ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနည်း အကျယ်ပြီး၏။

---

ဖွတ်ဥပမာကိုပြပေအံ့။ ။ဖွတ်ကို အလိုရှိသောသူသည်၊ တခုသောတောင်ပို့၌ အပေါက် ခြောက်ပေါက်ရှိရာ၏၊ထိုတွင်၊ ငါးပေါက်ကိုပိတ်၍၊ တခုသောအပေါက်က၊ ဖွတ်ကို မိအောင် ဖမ်းသကဲ့သို့၊ ထိုနည်းတူစွာဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည်၊ မိမိခန္ဓာကိုယ်၌၊ မျက်စိ၊နား၊ နှာ၊ လျှာ။ ကိုယ်မနော၊ ဟုဆိုအပ်သော အပေါက်ခြောက်ပေါက်ရှိ၏၊ ထိုတွင်၊ မျက်စိ။ နား၊ နှာ။ လျှာ၊ ကိုယ်၊ ဤငါးပေါက်ကိုပိတ်၍၊ မနောပေါက်က စိတ်တည်းဟူသောဖွတ်ကို မိအောင်ဖမ်းရာ၏ စိတ်တည်းဟူသော ဖွတ်သည် အာဘာယ်ကို၄ မပြေးမသွား မပျံ့မလွင့်ဘဲ မနောပေါက်၌ အမြဲတည်၍နေလျှင်၊ သက်တော်ထင်ရှား ဘုရားအစရှိသော အာရုံသည် သညာဖြစ်သည် အားလျော်စွာထင်လာ၏၊ ။ဖွတ်ဥပမာပြီး၏။ ။ဗုဒ္ဓအပဒါန်ပါဠိတော်၌ လာသောနည်းကိုမှီ၍ သက်တော်ထင်ရှား မြတ်စွာဘုရားကို အာရုံပြုနည်းပြီး၏။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာဋီကာတို့၌ လာသော အရဟံဂုဏ်

တော်ကြီး အာဝရုံပြုနည်းကိုပြပေအံ့။ ။အရဟံဂုဏ်တော်ကြီး
ကို စီးဖြန်းလိုသောယောဂီပုဂ္ဂိုလ်သည်။ ။ဆိတ်ငြိမ်ရာအရပ်
သို့ကပ်လျက်။

အာရကတ္တာအရဟံ။ ။အရီနံ့ဟတတ္တာအရဟံ။ ။အ
ရာနံ့ဟတတ္တာအရဟံ။ ။ပစ္စယာဒီနံ့အရဟတ္တာအရဟံ။ ။ပါ
ပကရဏေရဟာဘာဝါအရဟံ။ ။အနက်ကား။ ။သောဘဂ
ဝါ။ ထိုမြတ်စွာဘုရားသည်။ အာရကတ္တာ။ တထောင့်ငါးရာကိ
လေသာတို့မှ စက္ကဝါ အနန္တထက်ဝေးကွာတော်မူသည်၏ အ
ဖြစ်ကြောင့်။ အရဟံ၊အရဟာမည်တော်မူ၏။ ဝါ၊ အရဟံဂုဏ်
တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော် ထင်ရှားမြတ်စွာ
ဘုရား။ ။သောဘဂဝါ။ ထိုမြတ်စွာဘုရားသည်။ အရီနံ။ ထ
ထောင့်ငါးရာ ကိလေသာရန်သူတို့ကို။ ဟတတ္တာ၊ လေးတန်
ဉာဏ် မဂ်စိန်သန်လျက်ဖြင့် ပယ်ဖျက်ခုတ်သတ် တော်မူသည်
၏အဖြစ်ကြောင့်။ အရဟံ၊ အရဟာမည်တော်မူ၏။ ဝါ၊အရဟံ
ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား
မြတ်စွာဘုရား။ ။သောဘဂဝါ။ ထိုမြတ်စွာဘုရားသည်။ အရာ
နံ၊ ပဋိစ္စသမုပ္ပါဒ် ချားရဟတ်သို့မပြတ်လည်ရာ သံသရာစက်
ကြီးတို့ကို။ ဟတတ္တာ၊ ကမ္ဘာ့ဘွယ်နိဉာဏ် ပုဆိန်ကိုရွယ်ချိန်မိုး
လိုက်၊ ချိုးပဲ့ဖျက်ဆီးတော်မူသည်၏ အဖြစ်ကြောင့်။ အရဟံ၊ အ
ရဟာ မည်တော်မူ၏၊ ဝါ၊ အရဟံ ဂုဏ်တော်ကြီးနှင့် ပြည့်စုံ
တော်မူသော သက်တော် ထင်ရှားမြတ်စွာဘုရား။ ။သော
ဘဂဝါ။ ထိုမြတ်စွာဘုရားသည်။ ။ပစ္စယာဒီနံ၊ ဗြဟ္မာနတ်လူ
သုံးဘုံသူတို့ ပေးလှူပူဇော် အပ်သောပစ္စည်း လေးပါးစသည်
တို့ကို။ အရဟတ္တာ၊ ခံယူထိုက်တော်မူသည်၏ အဖြစ်ကြောင့်။
အရဟံ အရဟာမည်တော်မူ၏။ ဝါ၊ အရဟံဂုဏ်တော်ကြီးနှင့်
ပြည့်စုံတော်မူသော သက်တော် ထင်ရှားမြတ်စွာဘုရား။ ။
သောဘဂဝါ။ ထိုမြတ်စွာဘုရားသည်။ ပါပကရဏေ၊ ယုတ်မာ
ညစ်ကျူ မကောင်းမှုကို ပြုကျင့်ခြင်း၌။ ရဟာဘာဝါ၊ ဗုဒ္ဓဟော

ပင်မင်း–ဗောဓိရင်းက–ပယ်ရှင်းဟောတု –ဘယ်တခုကိုမျှ– ပြု
ကျင့်ဘို့ရာ-ဆိတ်ကွယ်ရာ အနုပ် မရှိသည်၏ အဖြစ်ကြောင့်၊
အရဟံ၊ အရဟာမည်တော်မူ၏။ဝါ၊ အရဟံဂုဏ်တော်ကြီးနှင့်
ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား၊ ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာသော ငါးပါးသော အရဟံ ဂုဏ်
တော်ကြီးကိုစိတ်ဖြင့်အဘန်ဘန်အောက်မေ့စီးဖြန်းရာ၏။

မန္တဗုဒ္ဓိနံ အာရကာ အရဟံ။ ဝိဇာနတံ အာရကာ အရ
ဟံ၊ ။ရဟာနံ သုပ္ပဟီနတ္တာ အရဟံ၊ ။ဝိဒူနံ အရဟော ယျ
တော အရဟံ။ ။ဘဝေသု ရဟာဘာဝါ အရဟံ။ ။ပသံသ
အရဟတ္တာ အရဟံ။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊
မန္ဒဗုဒ္ဓိနံ၊ ကိလေသာ ပြောင်ပြောလူ ဉာဏ်နုသူတို့မှ။ အာရကာ၊ မြတ်
စွာဘုရား နောက်တော်၌။ သက်နှံးစွန်းကိုကိုင်၍ လိုက်သော်
လည်း သောင်းတိုက်စကြဝါ ပမာမပြားပေးကွာခြားသည်၏ အ
ဖြစ်ကြောင့်။ အရဟံ၊ အရဟာမည်တော်မူ၏။ ဝါ၊ အရဟံဂုဏ်
တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်
စွာဘုရား။ ။သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဝိဇာနတံ
ဝိဇာနန္တာနံ၊ ဟုတ်မှန်သဖြင့် အကြံသင့်၍ အကျင့် ပြောထူ ဉာဏ်
ရှိသူတို့နှင့်၊ အာရကာ အာသန္နတ္တာ၊ အနွန့် တရာ ယူဇနာ ဝေယ်
ကွယ်ကာဝေးချပ် နီးမစင်သော်လည်း၊ ချဉ်းကပ်နီးနား နေညား
တော်မူသည်၏ အဖြစ်ကြောင့်။ အရဟံ၊ အရဟာမည်တော်မူ
၏။ ဝါ၊ အရဟံဂုဏ်တော်ကြီးနှင့်ပြည့်စုံတော်မူသော သက်
တော်ထင်ရှား မြတ်စွာဘုရား။ ။သော ဘဂဝါ၊ ထိုမြတ်စွာ
ဘုရားသည်။ ရဟာနံ၊ စီးပွါးနှစ်ဆူ ဖြည့်ကျင့်သူတို့၊ မယူဝေး
ခင်စွန့်ပစ်အပ်ကုန်သော မကောင်းမှုတို့ကို၊ သုပ္ပဟီနတ္တာ၊ ဗော
ဓိညောင်ရွှေ၊ ဗုဒ္ဓဟောပင်မင်း အောင်မြေခင်း၌၊ အကြွင်းမချန်
မဂ်သေးတန်ဖြင့်။ ပယ်လှန် တွန်းသတ်ဖြတ် တော်မူပြီးသည်၏
အဖြစ်ကြောင့်၊ အရဟံ၊ အရဟာမည်တော်မူ၏။ ဝါ၊ အရဟံ
ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော် ထင်ရှား

မြတ်စွာဘုရား၊ ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ ဝိနုန်း။ သေက္ခာ သေက္ခ ကလျာဏပုထုဇန်သူမွန်ဇာတိ ပညာရှိတို့သည်၊ အရဟောယျတော၊ ကိုယ်စိတ်ညွတ်သျော၊ သဒ္ဓါစော၍ နေ့ရောညဉ့်ပါ အခါမလပ်မစွန့်အပ်သည်၏ အဖြစ်ကြောင့်။ အရဟံ၊ အရဟမည်တော်မူ၏။ဝါ၊ အရဟံ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှားမြတ်စွာဘုရား၊ ။သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဘဝေသု၊ ဘဝကြီးငယ် အသွယ်သွယ်တို့၌၊ ရဟာဘာဝါ၊ မြရိပ်ဝေဝေ၊ အောင်မြေသာချက်ပလ္လင် ထက်က၊ ကမ္ဘက္ခယန်၊ မဂ်လေးတန်ဖြင့် သသန္တာရတ်၊ ကမ္ဘဝတ်ကို၊ ပယ်ဖြတ်ဖျက်ဆီး၊ အောင်မြင်ပြီးရကား၊ သွားလာဖြစ်ပြန်ခြင်း မရှိသည်၏ အဖြစ်ကြောင့်၊ အရဟံ၊ အရဟမည်တော်မူ၏။ ဝါ၊ အရဟံဂုဏ်တော်ကြီးနှင့်ပြည့်စုံတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရား၊ ။သောဘဂဝါ ထိုမြတ်စွာဘုရားသည်။ ပသံသအရဟတ္တာ၊ သူတပါးထက်၊ ထူးခြားကဲလွန်၊ ဟုတ်မှန်ထင်ပေါ်၊ ကျေးဇူးတော်ဖြင့်၊ ကောင်းရော်ကြွေးရိုက်၊ ခြီးမွမ်းထိုက်သည်၏ အဖြစ်ကြောင့်။ ဝါ၊ရူပဝါစာ၊ဗုဒ္ဓိဉာဏ၊ စသည်ဥဿုံ၊အလုံးစုံကို၊ အကုန်ခြီးမွမ်းထိုက်သည်၏ အဖြစ်ကြောင့်။ အရဟံ၊ အရဟမည်တော်မူ၏။ ဝါ၊ အရဟံ ဂုဏ်တော်ကြီးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှားမြတ်စွာဘုရား။ ။ဝိသုဒ္ဓိမဂ်ဋီကာ၌လာသောခြောက်ပါးသော အရဟံ ဂုဏ်တော်ကြီးကို စိတ်ဖြင့် အဘန်ဘန် အောက်မေ့စီးဖြန်းရာ၏။

ဗုဒ္ဓအပဒါန် ပါဠိတော်၌ လာသောနည်းကို အားထုတ်၍ မြတ်စွာဘုရား အာရုံသင်မြင်စွဲမြဲမှ၊ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဋီကာတို့၌ လာသောနည်းကို စီးဖြန်းလျှင် ကြည်ညိုဘွယ် အလွန်သာလို့ကောင်း၏။

သမာပတ်တောယထာဘူတံဇာနာတိပဿတိ။ ။သဥ္ဆာယာတန ဘံယုတ်ပါဠိတော်နှင့်အညီ၊ စိတ်တည်ကြည် ငြိမ်သက်

လျှင်၊ ရုပ်နာမ်ဓမ္မ သဘာဝကို ဟုတ်တိုင်းမှန်စွာ ကောန် မချ သိမြင်၍၊ ဝိပဿနာသည် အလွန်ထင်လွယ် အလွန် မြင်လွယ်၍၊ တနေ့ တနေ့၌ နှစ်ကြိမ် သုံးကြိမ် စိတ်တည်ကြည် ငြိမ်သက်အောင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကိုစီးဖြန်း။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ကျတ်ကျတ်ကြီး သတိထားကြလေ၊ လိုရင်းကြီးမှတ်။ ။ကမ္မဋ္ဌာန်းတိမ်း၊ မာဓိယိမ်း၊မငြိမ်းကိလေသာ၊ ။ကိလေသာမှု၊ ရှိပြန်သူ၊ ပူ၍မစဲပါ၊ ။မိမိကိုယ်ကို နှိပ်စက်မည့် ရန်သူကို လက်နက်ငါးပါးတို့တွင် တပါးပါးနှင့် သတ်၍ သေခြင်းသည်သာလျှင် လိုရင်းကြီး ဖြစ်သကဲ့သို့၊ မိမိကိုယ်ကို နှိပ်စက်မည့် လောဘ ဒေါသ စသော ကိလေသာ ရန်သူကြီးကို သတ်နည်းနှစ်ပါးတို့တွင်၊ တပါးပါးနှင့် ခွါနိုင်ပယ်နိုင် သတ်နိုင်ခြင်း၊ ကုသိုလ်စိတ်ဖြစ်ခြင်း။ စိတ်တည်ကြည်ငြိမ် သက်ခြင်း၊ ဟုတ်တိုင်းမှန်စွာသိခြင်း။ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းသာခြင်းတို့ကိုသာ လိုရင်းကြီးမှတ်။ နည်းလမ်း ဟုတ်လေသလော—မဟုတ်လေသလော တွေးတော ယုံမှားလျှင် ထင်မြင်ခဲ့၏။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာဋီကာတို့၌ လာသော အရဟံ ဂုဏ်တော်ကြီးအာရုံပြုနည်းပြီး၏၊

---

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းသူတို့အကျိုးကိုပြပေအံ့၊

အရှင်ဗုဒ္ဓဃောသ မထေရ်သည်သည်း၊ မာရ်နတ်မင်း ဖန်ဆင်း၍ပြအပ်သော မြတ်စွာဘုရားအသွင် သဏ္ဍာန်ကို မြင်ရ၍ ရာဂ ဒေါသ မကင်းဘဲလျက် တင့်တယ်သေး၏၊ ရာဂ ဒေါသ မောဟ ကင်းပြီးသော မြတ်စွာဘုရားမှာမူကား၊ အဘယ် ဆိုဘွယ်ရာ ရှိအံ့နည်း၊ အလွန်တင့်တယ်တော်မူပေစွ တကား ဟု ဘုရားလျှင်အာရုံရှိသော ဗုဒ္ဓါရမဏပီတိရ၍၊ ဝိပဿနာကိုပွါးများအားထုတ်၍ အရဟတ္တဖိုလ်သို့ရောက်၏၊ ။ပရိဝါအဋ္ဌကထာ။

အရှင်သုဘူတိမထေရ်သည်၊ ပဒုမုတ္တရ ဘုရားလက်ထက်တော်၌၊ ဗုဒ္ဓါ နုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော ကောင်းမှုကြောင့်၊ ကမ္ဘာသုံးသောင်းပတ်လုံးနတ်ပြည်၌ မွေ့လျော်ရခြင်း သိကြားမင်းအဖြစ်အကြိမ်ရှစ်ဆယ်၊ စကြာမင်းအဖြစ် ဒ. ကြိမ်တထောင်၊ ပဒေသရာဇ်မင်းအဖြစ် ဂဏန်းသင်္ချာ အရေ အတွက်မဲ့ဖြစ်၍၊ ကမ္ဘာတသိန်းအပါယ်မလားဘဲ။ ငါတို့ဘုရားသခင်လက်ထက်တော်၌၊ သုဘူတိရဟန္တာဖြစ်လာ၏။

သိဂါလ မာတာမည်သော ဘိက္ခုနီမသည်။ ပဒုမုတ္တရ ဘုရားလက်ထက်တော်၌၊ ဘုရားရှင်ကို အဘန်တလဲလဲကြည်ညိုသောကောင်းမှုကြောင့်၊ ကမ္ဘာတသိန်း အပါယ်မလားဘဲ၊ ငါတို့ ဘုရားလက်ထက်တော်၌၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကိုပွါးစေ၍ရဟန္တာမအဖြစ်သို့ရောက်လေ၏။ ။အရှင်သုဘူတိ မထေရ်၏ ကြည်ညိုဘွယ် အကျယ်ကိုသိလိုမူ၊ နိဗ္ဗာနမဂ္ဂဒီပနီကျမ်းမှာကြည့်လေ။

ဘာဝေဟိဗုဒ္ဓါနုဿတိံ ။ ဘာဝနာနံအနုတ္တရံ ။ ။အပဒါန်ပါဠိတော်၊ ထေရာအဋ္ဌကထာ၊ ။နန္ဒ၊ နန္ဒရသေ့၊ ဘာဝနာနံ၊ ဘာဝနာတကာတို့ထက်၊ ဝါ၊ကမ္မဋ္ဌာန်း တကာတို့ထက်။ အနုတ္တရံ၊ အလွန်အကဲအမြတ်ဆုံးဖြစ်သော၊ ဗုဒ္ဓါနုဿတိံ၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို၊ ဘာဝေဟိ၊ ပွါးစေလော။ ဝါ၊ စီးဖြန်းလော၊ ။ပဒုမုတ္တရမြတ်စွာဘုရားသည်၊ နန္ဒရသေ့ကို မိန့်တော်မူ၏။

အရဟံ စ၊အနန္တဂုဏ်၊များလှဥသဘ၊ဂုဏ်ပေါင်းစုံကို။ တလုံလဲလဲ၊အောက်ရမေ့ စွဲကာ၊ အမြဲမကွာ။ ထိုကျင့်ပါသော၊ရာဂ ဒေါသ၊မိုက်မောဟနှင့်၊ များလှထိုထို၊ အကုသိုလ်ဟု၊ ပျက်ပြုန်းစင်းဆိတ်၊ကုသိုလ်စိတ်မူ။ ဘိတ်ဘိတ် ဝင်းဝါ၊ ဖြောင့်မတ်စွာနှင့်၊ မာယာကင်းငြား၊ ယောဂီအားလျှင်၊ များပြားသနေ့်။ ဂုဏ်တော်တွေ့ကို၊ ညွှတ်လေဝိဘက်၊ ထိုမှဆက်၍၊ မပျက်ပီတိ၊ ငြိအလာဖြင့်၊များစွာပီတိ၊ ပဿဒ္ဓိကြောင့်၊ ဖြစ်ဘိသုခ၊ ကိုယ်စိတ်မှ

လျှင်၊ ချမ်းမြေ့ယောဂီ၊ ဂုဏ်တော်မှီ၍၊ တည်ကြည်သမာ၊ ဈာန်
အင်္ဂါတို့၊ မကြာခဏ၊ ဖြစ်ဘန်ကြ၍၊ နတ္တိကဂ္ဂါ၊ ဂုဏ်သွားလည်
ကို၊ အညီဘဏ္ဍ၊ အောက်မေ့ကြ၍၊ မရ-ပ္ပနာ၊ ဥပစာဟု၊ ဈာန်သာ
ဖြစ်ရန်၊ ထိုသည့်ဈာန်ကို၊ ဗုဒ္ဓ ရေတွက်၊ ဤ၌ တွေ့ဘသည်။ မဂ်
ဝိသုဒ္ဓိ ဆွဲ ကျမ်းဘည်း။ ။သုဒ္ဓိ ရွေစာ၊ ကျမ်း၌လာသည်။ များ
စွာဖသ၊ နိသံသကား။ ဗုဒ္ဓရိသေ ကျွန်ုံသော်၊ တွေ့တွေ့ သဒ္ဓါ၊
ပြန့်ပြာစွာသည်၊ ပညာသတိ၊ ပညာဒိဟု ၊များဘိဘုသိသ်၊
လွန်နှစ်လို၍၊ ။ထိုသိုပိဘ်၊ ဝမ်းမြောက်တိ၍၊ တွေ့ရှိသောခါ၊
ဘေးဘယာနှင့်၊ ကြောင်နာနှင်စက်၊ ဆင်းရဲချက်ကို၊ ပယ်ချက်ပိုင်
ပိုင်၊ သည်းခံနိုင်၍၊ ဘုန်းလှိုင်သတ္တာ၊ စေ့မြတ်စွာနှင့်၊ မကွာ
တူကွ၊ နေဆိုင်ခဲ့သို့၊ စိတ်ကာမသွေ၊ ထင်မှတ်သေ၍၊ ကြီးတွေ
ဂုဏ်တော်၊ ကိန်းအောင်း ပျော်သည်၊ ထိုယောဂီ၍၊ သရီရ
ခတ်စေတီမြတ်သို့၊ လူနတ်ပြဟ္မာ၊ ပူဇော်ရာ၍၊ ဗုဒ္ဓါဘူမိ၊
စိတ်ညွတ်ဘိ၍၊ တွေ့ရှိခဲ့ခါ၊ လွန်ကြူးရာ၌၊ မြတ်စွာသုံးလု၊
သမ္ဗုဒ္ဓ ဘို။ ဘေးရှုချက်မှော်၊ ပုံမြင်ရောက်သို့၊ ရှက်ကြောက်လန့်
ခြင်း၊ ဖြစ်လာလျှင်း၍၊ ထိုးထွင်းသစွာ၊ မဂ်ပညာဖြင့်၊ ကောင်း
စွာသိမြင်၊ ဤတွင်ဘာဝ၊ မဂ်မရလည်း။ မဂ်ရခြင်းငှါ၊ နတ်ရွာလူ့
ပြည်၊ ကျင်လည်၍သာ၊ နေ့ခပါ၍၊ များစွာအကျိုး၊ လွန်ပြည့်
ဖြိုးသည်၊ ဘေးမျိုးကင်းကွာ၊ နိဗ္ဗုတာကို၊ ကောင်းစွာလိုလား၊
အမျိုးသားတို့၊ မခြားနေ့ညဉ့်၊ မြတ်ဗုဒ္ဓကို၊ စိတ်ဂ သဲမဲ၊ လွန်အား
ခဲ၍၊ အမြဲအားထုတ်ကြဘုန်လော၊ ။ဗုဒ္ဓါနုဿတိ စိတ်ဖြန့်
သောအကျိုး။ ။ဗုဒ္ဓါနုဿတိရှုဘွယ်ပြီး၏။

---

နမောဗုဒ္ဓဿ၊ ။ဝိပဿနာရှုဘွယ်ကိုပြပေအံ့၊ ။ဣ
မသ္မိံ သရီရေ ယံကိဉ္စိ ရူပန လက္ခဏံ ရူပံ။ ယံ ကိဉ္စိ နမန လက္ခဏံ
နာမံ၊ ဣဒဉ္စ နာမံ၊ ဣဒဉ္စ ရူပံ၊ ဣဒံ ဝုစ္စတိ နာမရူပံ။ ။ဣမသ္မိံ သရီ
ရေ၊ ကေသာ၊ လောမာ၊ စသော ရူပကာယ၊ ပထဝီအာပေါစ
သောရူပကာယ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာစသော နာမကာယ

ဟုဆိုအပ်သော၏ကိုယ်၌၊ ယံကိဉ္စိ၊ အလုံးစုံသော၊ ရုပ္ပနလက္ခ
ဏာ၊ဖောက်ပြန်ခြင်းလက္ခဏာရှိသော၊ ရူပံ၊ ရုပ်သည်ရှင်း၊ ယံ
ကိဉ္စိ၊အလုံးစုံသော။ နမနလက္ခဏံ၊ အာရုံသို့ ညွတ်ခြင်း လက္ခ
ဏာရှိသော နာမံ၊နာမ်သည်ရှင်း၊ အတ္ထိ ရှိ၏။ ဣဒံနာမံ၊ ဤ
နမနလက္ခဏာရှိသောနာမ်ကိုရှင်း၊ ဣဒံရူပံ၊ ဤရုပ္ပနလက္ခဏာ
ရှိသောရုပ်ကိုရှင်း။ဣဒံ၊ ဤနာမ်ရုပ်နှစ်ခုကို၊နာမရူပံ၊ နာမ်ရုပ်ဟူ
၍။ဝုတ္တံ၊ဆိုအပ်၏။ ၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌လာ၏။

အယံ ကာယောအ စေတနော အဗျာ ကတော သုညော
နိဿတ္တော နိဇ္ဇီဝေါခါတုသမူဟောယေဝ။ ။ပဉ္စမဏ္ဍလရူပ
ဘေဒနိ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို၌လာ၏၊ ။အယံကာယော
စေတနော သုညောနိဿတ္တောနိဇ္ဇီဝေါ ဓာတုသမူဟောယေ
ဝ။ ။ဟူ၍သည်းဖြစ်သင့်၏။ ။အယံကာယော၊ဤပထဝီအာ
ပေါစသောရုပ်တရားအပေါင်းသည်၊ အစေတနော၊ အာရုံကို
မကြံတတ် မသိတတ် စိတ်မရှိသောသဘောတရားစုတည်း အ
ဗျာကတော၊ သမ္ပယောဂ လက္ခဏာမရှိသည်၏ အဖြစ်ကြောင့်
ဖောက်ပြန် ပျက်မြဲဖရိုဖရဲကြဲသောရုပ်စုတည်း။ သုညော၊ ငါ၊
သူတပါး၊ ယောကျ်ား၊မိန်းမ၊လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ၊ ပုဂ္ဂိုလ်
ငါ့ကိုယ်၊ သူ့ကိုယ်၊ မှကာင်းဆိတ်သုဉ်း လုံးလုံးကြီးမရှိသောသ
ဘောတရားစုတည်း။ နိဿတ္တော၊ သတ္တဝါမဟုတ် ရုပ်သဘော
တရားအစုတည်း၊ နိဇ္ဇီဝေါ၊ အသက်ဝိညာဉ် အရှင်မဟုတ်အာ
သေရုပ် သဘောတရားအစုတည်း၊ ဓာတုသမူဟော ယေဝ။
ဓာတ်သဘောတရား ရုပ်အများ ပေါင်းညားပြု ရှင်စုချည်းသာ
လျှင်တည်း။ ဝါ၊ သမူဟာဃနကိုဖွဲ့ဃနအာ.ဖြင့်ပေါင်းဖြားပြုရုပ်
စုချည်းသာလျှင်တည်း။ ။အယံကာယော၊ ဤဝိညာဉ်ဖသဿ
ဝေဒနာ စသောနာမ်တရားအပေါင်းသည်၊ စေတနော၊ အာရုံ
ကိုကြံတတ် သိတတ် ညွတ်တတ် သောစိတ်ရှိသောသဘောတ
ရားစုတည်း၊သုညော၊ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊လူ၊ နတ်
ဗြဟ္မာ၊သတ္တဝါ။ ပုဂ္ဂိုလ်၊ ငါ့ကိုယ်၊ သူ့ကိုယ်၊မှကာင်းဆိတ်သုဉ်း

လုံးလုံးကြီးမရှိသောသဘောတရားရတည်း။ နိဿတ္တာ၊ သတ္တဝါမဟုတ် နာမ်သဘောတရား အရတည်း၊ နိဇ္ဇီဝေါ၊ အသက်ဝိညာဉ်အရှင် မဟုတ်အသေနာမ် သဘောတရား အရတည်း။ ဓာတု သမူဟောသယော၊ ဓာတ်သဘော တရား နာမ်အများပေါင်းပြား ပြုနာမ်ရချည်း သာလျှင်တည်း။ ဝါ၊ သမူဟာယန၊ ကိစ္စယန၊ အာရမဏာယနအားဖြင့် ပေါင်းပြားပြုနာမ်ရချည်း သာလျှင်တည်း။ ။ဤကား အနက်။

---

ဘောက်ပြန်လျှင် ရုပ် ညွှတ်လျှင်နာမ်။ ရုပ်နာမ် နှစ်ပါးမှတ်။ ။မသိလျှင်ရုပ်။သိလျှင်နာမ်။ ရုပ်နာမ်နှစ်ပါးမှတ်။ ။မြင်ကြားနံ့လျက်ထိ၊ရုပ်မှတ်ဘိ၊သိလျှင်နာမ်ချည်းမှတ်၊ ။မရှိသာသိ၊ ရှိသာသိ၊ ဒွိဌ္ဌပျောက်ရုပ်နာမ်ထင်ပြီမှတ်၊ ။အမည်နာမ၊ ခေါ်သမျှ ။နှုတ်ကဖြစ်ထာပညပ်မှတ်။ ။မြင်ရုပ်၊ ကြားရုပ်၊နံ့ရုပ်၊ လျက်ရုပ်၊ထိရုပ်၊ ပဉ္စာရုံရုပ်ငါးပါးမှတ်၊ ။မြင်သိနာမ်၊ ကြားသိနာမ်၊ နံ့သိနာမ်၊ လျက်သိနာမ်၊ ထိသိနာမ်။ ကြံသိနာမ်၊ဝိညာဉ်နာမ်ခြောက်ပါးမှတ်၊ ။ရူပါရူပသဘိုဟ်သံခိပ်၊ ။ရုင်းသဘိုဟ်သံခိပ်ချနှစ်ပုဒ်ကိုရှေးဦးစွာရအောင်ကျက်။

မသိတတ်သောသဘောတရားရကိုရုပ်ချည်းမှတ်။ ။သိတတ်သောသဘောတရားရကိုနာမ်ချည်းမှတ်။ ။မျက်ဒိဖြင့် မြင်မြင်သမျှကို ရုပ်ချည်းမှတ်။ ။နားဖြင့်ကြားကြားသမျှကိုရုပ်ချည်းမှတ်၊ ။နှာခေါင်းဖြင့်နံ့သမျှကိုရုပ်ချည်းမှတ်။ ။လျှာဖြင့်လျက်သမျှကိုရုပ်ချည်းမှတ်။ ။ကိုယ်ဖြင့်ထိသမျှကိုရုပ်ချည်းမှတ်။

မြင်၍သိသမျှကိုနာမ်ချည်းမှတ်။ ။ကြား၍သိသမျှကိုနာမ်ချည်းမှတ်၊ ။နံ့၍သိသမျှကိုနာမ်ချည်းမှတ်၊ ။လျက်၍သိသမျှကိုနာမ်ချည်းမှတ်။ ။ထိ၍သိသမျှကိုနာမ်ချည်းမှတ်၊ ။ကြံ၍သိသမျှကိုနာမ်ချည်းမှတ်၊ ။မရှိသာကို မရှိမှန်းဘာဝနာဉာဏ်ဖြင့်သိမြင်လျှင် သက္ကာယဒိဋ္ဌိပျောက်ပြီဟုမှတ်၊ ။ရှိသာ

ကိုရှိမှန်းဘာဝနာဉာဏ်ဖြင့် သိမြင်လျှင် ရုပ်နာမ်ထင်မြင်ပြီဟု မှတ်။ ။နှုတ်ဖြင့် ခေါ်ဝေါ်ခြင်း အမည်နာမဟူသမျှကို ပညတ်တွေချည်းမှတ်။ ။ပညတ်သည့်ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနပညတ် နှစ်ပါးတွင်။ ရုပ်ဟုခေါ်ဝေါ်ခြင်း နာမ်ဟုခေါ်ဝေါ်ခြင်းသည်၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသောဝိဇ္ဇမာနပညတ်မှတ်။ ။ငါဟု ခေါ်ဝေါ်ခြင်း၊ ငါ့ကိုယ်ဟုခေါ်ဝေါ်ခြင်းသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအဝိဇ္ဇမာနပညတ်မှတ်။ ။ဆံပင်၊ ဦးခေါင်း၊ လက်၊ ကိုယ်၊ ခြေ ဟုခေါ်ဝေါ်ခြင်းသည်၊ ပရမတ္ထအားဖြင့်ထင်ရှားမရှိသော အဝိဇ္ဇမာန ပညတ်မှတ်။ ။ဤကား အပ္ပသုတ ပုဂ္ဂိုလ်တို့ကို သင်္ခိုဟ်သံခိပ်အဓိပ္ပါယ်ပြောဆိုရန်တည်း။

ဘောက်ပြန် တတ်သော သဘောတရားရကို ရုပ်မှတ်၊ အာရုံသို့ ညွတ်တတ်သော သဘောတရားရကို နာမ်မှတ်။ ပထဝီ၊ အာပေါ စသည်၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ စသည်ကို ခေါ်ဝေါ်ခြင်းသည် ပရမတ္ထ အားဖြင့် ထင်ရှား ရှိသော ဝိဇ္ဇမာ နပညတ်မှတ်။ ကေသာ၊ လောမာ စသည်ကို ခေါ်ဝေါ်ခြင်းသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အဝိဇ္ဇမာနပညတ်မှတ်၊ ငါ သူတပါး၊ ယောကျ်ား၊ မိန်းမစသည်ကိုခေါ်ဝေါ်ခြင်းသည်။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အဝိဇ္ဇမာနပညတ်မှတ်။ ။ဤကား ဗဟုသုတ ပုဂ္ဂိုလ်တို့ကာ ပြောဘို့တည်း။ သုတအပ္ပပုဂ္ဂိုလ်ကား၊ အဘိဓမ္မာကိုမသင်ဘူးသောသူတည်း။ ဗဟုသုတပုဂ္ဂိုလ်ကား။ အဘိဓမ္မာကိုသင်ဘူးသောသူတည်း။ ဗဟုသုတပုဂ္ဂိုလ်သည်မန္ဒပညပုဂ္ဂိုလ်၊ တိက္ခပညပုဂ္ဂိုလ် နှစ်ပါးတွင်၊ မန္ဒပညပုဂ္ဂိုလ်ဘို့တည်း။ ။တိက္ခပညပုဂ္ဂိုလ်မှာ ထိုထိုကျမ်းဂန်တို့ကိုကြည့်ရှုနိုင်၏။

---

ဖေးနိဗ္ဗာန်သို့ ရောက်ကြောင်းတရားဉာဏ်တဆဲ့ခြောက်ပါးကိုပြဆိုပေအံ့။ ။နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်၊ ဘယ

ဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ် ဟူ၍ဉာဏ်တဆဲ့ခြောက်ပါးအပြားရှိ၏။ ။ထိုင်းနိဗ္ဗာန်ရောက်ကြောင်း ဉာဏ်တဆဲ့ခြောက်ပါးကို ရှေးဦးစွာရအောင်ကျင့်ရမည့်ယောဂီပုဂ္ဂိုလ်တို့၊ ။ထိုဉာဏ်တို့တွင် ။နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရှေးဦးစွာပြပေအံ့။ ။နာမရူပ ပရိစ္ဆေဒဉာဏ် စီးဖြန်းနည်းသည်။ အဗ္ဘုဿုတပုဂ္ဂိုလ်စီးဖြန်းနည်း၊ ဗဟုဿုတပုဂ္ဂိုလ် စီးဖြန်းနည်းနှစ်မျိုးရှိ၏၊ ထိုတွင်အဗ္ဘုဿုတပုဂ္ဂိုလ်စီးဖြန်းနည်းကို ရှေးဦးစွာပြပေအံ့၊ ။နာမရူပ ပရိစ္ဆေဒဉာဏ်ကိုစီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် မိမိရုပ်ခန္ဓာကြီး၌၊ ဆံပင်၊ဦးခေါင်း။ လက်။ ကိုယ်။ ခြေအားဖြင့်။ ငါးပိုင်းပိုင်း၊ ထိုငါးပိုင်းတို့တွင် ဆံပင်အပိုင်းကို ရှေးဦးစွာ ဆံပင်၌ စွဲသမ်းသော သဏ္ဌာနယ ဒိဋ္ဌိပျောက်အောင်၊ ရုပ်ထင်အောင် စီးဖြန်းနည်းကိုပြပေအံ့။

ဆံပင်း။ဦးခေါင်း၊လက်၊ကိုယ်၊ခြေ၊ ။ဆံပင်မရှိ၊ရုပ်သာရှိ၏၊ ။ဆံပင်သည်နှုတ်ဖြင့်ခေါ်ဝေါ်ခြင်းအမည်မျှသာရှိ၏၊ ။လောက၌ယုန်ချိုကောန်မရှိသကဲ့သို့၊ ပရမတ္ထအားဖြင့် ဆံပင်ကောန်မရှိ။ ။လောက၌ယုန်ကောန်ရှိသကဲ့သို့ ပရမတ္ထအားဖြင့် ရုပ်သာကောန်ရှိ၏။ ။ဆောင်ပုဒ်။ ။ထိုင်းဆောင်ပုဒ်ကိုရှေးဦးစွာနှုတ်ဖြင့် ကျေးကျေပွံ့ပြန်ရအောင်ကျက်။ နှုတ်ဖြင့် ကျေပွံ့န်စွာရလျှင်ဆံပင်၌ စွဲသမ်းသောသဏ္ဌာနယဒိဋ္ဌိပျောက်အောင် ရုပ်ထင်အောင် စီးဖြန်းလိုသောယောဂီပုဂ္ဂိုလ်သည် ရုပ်ကိုဘာဝနာကာရအားဖြင့်စီးဖြန်းရမည်၊

ရုပ်ဘာဝနာကာရစီးဖြန်းနည်းကား၊ ။ဆံပင်မရှိ၊ရုပ်သာရှိ၏၊ ။ဆံပင်မရှိရုပ်သာရှိ၏၊ ဟုစိတ်ဖြင့် အကြိမ်များစွာစီးဖြန်း၊ စိတ်ဖြင့်အဘန်ဘန်ပွါးများပြီးလျှင်၊ ။ဆံပင်သည်နှုတ်ဖြင့်ခေါ်ဝေါ်ခြင်း၊ အမည်မျှသာရှိ၏၊ ။လောက၌

ယုန်ချိုကောန်မရှိသကဲ့သို့။ပရမတ္တအားဖြင့် ဆံပင်ကောန်မရှိ၊ ။လောကာ၌ ယုန်ကောန်ရှိသကဲ့သို့၊ ပရမတ္တအားဖြင့် ရုပ်သာကောန်ရှိ၏။ ။ဟုဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်။ ။စိတ်ဖြင့်စီးဖြန်းနည်း။ ဉာဏ်ဖြင့်ဆင်ခြင်နည်းတို့ကို။ ဣရိယာပုတ်လေးပါး၌မိမိပွတ်သော ယောက်ျားကဲ့သို့ မနေမနား ကြိုးစား အားထုတ်၍စီးဖြန်းဆင်ခြင်လေ။ ။မြတ်စွာဘုရားသည်။ ကောသမ္ဗော၊ ဟောတော်မူသည်နှင့်အညီ၊ ဆံပင်တပိုင်းကိုသာ စွဲမြဲ၍၊ ဆံပင်၌ စွဲသမ်းသော သက္ကာယဒိဋ္ဌိမပျောက်မခြင်း။ ရုပ်မထင်ခြင်း။ ဘယ်နှစ်ရက်ကြာကြာ။ ဘယ်နှစ်လကြာကြာ။ စွဲမြဲ၍စီးဖြန်းရမည်၊ ဆံပင်တပိုင်းကိုသာစွဲမြဲ၍စီးဖြန်းလျှင် မကြာခင်ဆံပင်၌ စွဲလမ်းသောသက္ကာယဒိဋ္ဌိပျောက်၍ ရုပ်ထင်လိမ့်မည်ကောန်မချမှတ်။ ။ရှေးဦးစွာ နှစ်ပိုင်း သုံးပိုင်းစသည် စီးဖြန်းလျှင်၊ နည်းများစွာစီးဖြန်းလျှင်။ သက္ကာယဒိဋ္ဌိအလွန်ပျောက်ခဲ၏။ ရုပ်အလွန်ထင်ခဲ၏ကောန်မချမှတ်၊ ငါးသိုင်းများဟောင်းဟု၊ တရားများပေါ်ထုံ ဆိုဘိ သကဲ့သို့မှတ်၊ ဆရာများ လေလေ။ သားသေလေလေ၊ နည်းများလေလေ။ထင်ခဲလေလေ ဆိုင်တိုသကဲ့သို့မှတ်၊ ကျမ်းဂန်ရေးရာ၌ ဘယသေးဆိုင်ကြီး ကဲ့သို့၊ နည်းများစွာရေး၍သားသည်၊ ထားသော်သည်း တနည်းကိုသာစွဲမြဲ၍ အားထုတ်ရသည်၊ တနည်းထင်မှ နောက်နည်းများကိုအားထုတ်ရမည်၊ လိုရင်းကြီးအသဲစွဲအောင်မှတ်၊ မြတ်စွာဘုရားသည် ကမ္မဋ္ဌာန်းစီးဖြန်းသည်အရာမှာ၊ ဒွေခမ္ဗာဗဟုခမ္ဗာဟူ ဟောတော်မမူ၊ ကောသမ္ဗောသာဟောတော်မူ၏။ ဆံပင်၌စွဲလမ်းသော သက္ကာယ ဒိဋ္ဌိ ပျောက်၍ ရုပ်ထင်လျှင် နောက်လေးပိုင်းတို့သည် အလွန်ထင်လွယ်ကုန်၏။ ဆံပင်၌ စွဲသမ်းသောသက္ကာယဒိဋ္ဌိပျောက်၍၊ ရုပ်ထင်ထင်မြင်မြင်ကြီးရှိလျှင်၊ နောက်လေးပိုင်းစီးဖြန်းနည်းကား၊

ဦးခေါင်းမရှိရုပ်သာရှိ၏၊ ဦးခေါင်းမရှိရုပ်သာရှိ၏၊ စိတ်ဖြင့် အကြိမ်များစွာစီးဖြန်း။ ပြီးလျှင်၊ ။ဦးခေါင်းသည်၊

နှုတ်ဖြင့်ခေါ်ဝေါ်ခြင်းအမည်မျှသာရှိ၏၊ ။လောကဌ် ယုန်ချိုကောန်မရှိသကဲ့သို့ ။ပရမတ္ထအားဖြင့်ဦးခေါင်းကောန်မရှိ၊ လောကဌ် ယုန်ကောန်ရှိသကဲ့သို့၊ ပရမတ္ထအားဖြင့် ရုပ်သာကောန်ရှိ၏၊ ဟုဉာဏ်ဖြင့်အဘန်အနန်ဆင်ခြင်။ထင်လျှင်၊

လက်မရှိ။ရုပ်သာရှိ၏။လက်မရှိ။ရုပ်သာရှိ၏၊ စိတ်ဖြင့်အကြိမ်များစွာစီးဖြန်းပြီးလျှင်။ ။လက်သည်နှုတ်ဖြင့် ခေါ်ဝေါ်ခြင်းအမည်မျှသာရှိ၏။ လောကဌ်ယုန်ချိုကောန်မရှိသကဲ့သို့၊ ပရမတ္ထအားဖြင့် လက်ကောန်မရှိ။ လောကဌ် ယုန်ကောန်ရှိ သကဲ့သို့၊ ပရမတ္ထအားဖြင့်ရုပ်သာကောန်ရှိ၏၊ ဟုဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်၊ထင်လျှင်၊

ကိုယ်မရှိရုပ်သာရှိ၏၊ကိုယ်မရှိရုပ်သာရှိ၏၊ ။စိတ်ဖြင့်အကြိမ်များစွာ စီးဖြန်းပြီးလျှင်၊ ။ကိုယ်သည်နှုတ်ဖြင့်ခေါ်ဝေါ်ခြင်းအမည်မျှသာရှိ၏ ။လောကဌ်ယုန်ချိုကောန်မရှိသကဲ့သို့၊ ပရမတ္ထအားဖြင့်ကိုယ်ကောန်မရှိ။ လောကဌ်ယုန်ကောန်ရှိသကဲ့သို့ ပရမတ္ထအားဖြင့် ရုပ်သာကောန်ရှိ၏။ ဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်၊ထင်လျှင်။

ခြေမရှိရုပ်သာရှိ၏၊ခြေမရှိ။ ရုပ်သာရှိ၏။ ။စိတ်ဖြင့်အကြိမ်များစွာ စီးဖြန်းပြီးလျှင်၊ ။ခြေသည်နှုတ်ဖြင့်ခေါ်ဝေါ်ခြင်းအမည်မျှသာရှိ၏၊ ။လောကဌ် ယုန်ချိုကောန်မရှိသကဲ့သို့။ ပရမတ္ထအားဖြင့်ခြေကောန်မရှိ၊ လောကဌ်ယုန်ကောန်ရှိသကဲ့သို့၊ပရမတ္ထအားဖြင့် ရုပ်သာကောန်ရှိ၏၊ဟုဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်။ လေးပိုင်း၌ သတ္တားယာဗ္ဗ၌မပျောက်မခြင်း ရုပ်မထင်မခြင်း၊ဘယ်နှစ်ရက်ကြာကြာ၊ ဘယ်နှစ်လကြာကြာ၊ ငဲ့မြဲ၍စီးဖြန်းဆင်ခြင်လေ၊ ။လေးပိုင်း၌သတ္တားယာဗ္ဗ၌ပျောက်၍ ရုပ်ထင်လျှင်၊ငါးပိုင်းကိုပေါင်း၍စီးဖြန်းနည်းကား

ဆံပင်၊ ဦးခေါင်း၊လက်၊ ကိုယ်၊ခြေတို့သည်၊ ငါမဟုတ် ငါမဟုတ်၊ ရုပ်တွေသာဟုတ်ကုန်၏၊ ။စိတ်ဖြင့်အကြိမ်များစွာစီးဖြန်းပြီးလျှင်၊ ။ငါသည်နှုတ်ဖြင့် ခေါ်ဝေါ်ခြင်းအမည်

မှုသာရှိ၏။ ။လောကဥ္စ ယုန်ချိုကေန်မရှိသကဲ့သို့၊ ပရမတ္ထ အားဖြင့်ငါကေန်မရှိ၊လောကဥ္စယုန်ကေန်ရှိသသကဲ့သို့၊ ပရမတ္ထ အားဖြင့် ရုပ်သာကေန်ရှိ၏၊ ဉာဏ်နှင့် အဘန်ဘန် ဆင်ခြင်၊ ထင်လျှင်၊

ဆံပင်၊ဦးခေါင်း၊ လက်၊ ကိုယ်၊ ခြေ၊တို့သည် ငါ့ကိုယ် မဟုတ် ငါ့ကိုယ်မဟုတ်၊ ရုပ်တွေသာ ဟုတ်ကုန်၏။ စိတ်ဖြင့် အကြိမ်များစွာစီးဖြန်းပြီးလျှင်၊ ။ငါ့ကိုယ်သည်နှုတ်ဖြင့်ခေါ် ဝေါ်ခြင်းအမည်မှုသာရှိ၏။ ။လောကဥ္စယုန်ချိုကေန်မရှိသကဲ့ သို့၊ ပရမတ္ထအားဖြင့် ငါ့ကိုယ်ကေန်မရှိ၊ လောကဥ္စယုန်ကေန်ရှိ သကဲ့သို့၊ ပရမတ္ထအားဖြင့်ရုပ်သာကေန်ရှိ၏။ ဉာဏ်ဖြင့် အဘန် ဘန်ဆင်ခြင်၊ ။ဆံပင်၊ဦးခေါင်း၊လက်၊ကိုယ်၊ခြေတို့ကို။ ငါ၊ ငါ့ကိုယ်ကေန်ဟုတ်သည်ဟု စိတ်ဖြင့် မှတ်ထင်သော သက္ကာယ ဒိဋ္ဌိမပျောက်မခြင်း၊ ရုပ်မထင်မခြင်း၊ ဘယ်နှစ်ရက် ကြာကြာ၊ ဘယ်နှစ်လကြာကြာ၊ စီးဖြန်းဆင်ခြင်လေ။ ။အဇ္ဈတ္တရုပ်ခန္ဓာ ၌ သက္ကာယ ဒိဋ္ဌိပျောက်၍ ရုပ်ထင်လျှင်၊ ဗဟိဒ္ဓရုပ် ခန္ဓာတို့၌ သက္ကာယဒိဋ္ဌိပျောက်အောင်ရုပ်ထင်အောင်စီးဖြန်းနည်းကား၊ ။ မြင်ကြားနံလျက်ထိ။ ရုပ်မှတ်ဘိဟူသော သင်္ဂြိုဟ်သံခိပ်နှင့်အ ညီ၊ဂေါစရရုပ်ခုနှစ်ပါးစီးဖြန်းနည်းကိုပြပေအံ့၊

မျက်စိဖြင့်မြင်သမျှ အဆင်းသဘောရသည်၊ မြင်ရုပ်မြင် ရုပ်။ မျက်စိဖြင့်မြင်သမျှ ရုပ်ချည်းပါတကား၊ ရုပ်မှတပါး ဘာ တခုကိုမျှမမြင်ပါတကား၊

နားဖြင့်ကြားသမျှအသံသဘောရသည်။ ကြားရုပ်၊ ကြား ရုပ်၊ နားဖြင့်ကြားသမျှ ရုပ်ချည်းပါတကား ရုပ်မှတပါး ဘာ တခုကိုမျှမကြားပါတကား၊

နှာခေါင်းဖြင့်နံသမျှအနံ့သဘောရသည်၊နံရုပ်၊ နံရုပ်၊ နှာ ခေါင်းဖြင့် နံသမျှရုပ်ချည်းပါတကား။ ရုပ်မှတပါး ဘာတခုကို မျှမနံပါတကား၊

လျှာဖြင့်လျက်သမျှ အရသာသဘောရသည်၊ လျက်ရုပ်၊

လျက်ရုပ် လျှာဖြင့်လျက်မိသမျှရုပ်ချည်းပါတကား၊ ရုပ်မှတပါး ဘာတခုကိုမျှမလျက်ပါတကား။

ကိုယ်ဖြင့်တွေ့သမျှ သဘောရသည်၊ထိ ရုပ်၊ ထိရုပ်။ ကိုယ်ဖြင့် ထိသမျှရုပ်ချည်းပါတကား၊ ရုပ်မှတပါး ဘာတခုကို မျှမထိပါတကား။ ၊ဟုဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်၊

ဧကောဓမ္မော ဟောသည်နှင့် အညီ၊ ဝဏ္ဏရုပ်တခုကို သာ ရှေးဦးစွာစွဲမြဲစီးဖြန်း၊ ဝဏ္ဏရုပ်၌ စွဲလမ်းသော သက္ကာယ ဒိဋ္ဌိမပျောက်မချင်း ဝဏ္ဏရုပ်မထင် မချင်း ဘယ်နှစ်ရက်ကြာ ကြာ၊ ဘယ်နှစ်လကြာကြာ၊ စွဲမြဲစီးဖြန်း၊စွဲမြဲစီးဖြန်းလျှင် မကြာ ခင် သက္ကာယဒိဋ္ဌိပျောက်၍ ဝဏ္ဏရုပ်ထင်လိမ့်မည်၊ ဝဏ္ဏရုပ် ထင်ထင်မြင်မြင်ကြီးရှိလျှင် ဝဏ္ဏရုပ်မှ ကြွင်းသော ဂေါစရရုပ် တို့သည် အလွန့်ထင်လွယ် အလွန်မြင်လွယ်ကုန်၏၊ ဂေါစရ ရုပ်ထင်ထင် မြင်မြင်ကြီးရှိလျှင်၊ ဂေါစရရုပ်မှကြွင်းသော ရုပ် နာမ်တို့သည် အလွန်ထင်လွယ် အလွန်မြင်လွယ်ကုန်၏၊ ဧကန် မချမှတ်၊ ဝဏ္ဏရုပ်ထင်ထင် မြင်မြင်ကြီးရှိမှ ကြွင်းဂေါစရရုပ် တို့ကို ဣရိယာပုထ်လေးပါးလုံး၌ သက္ကာယဒိဋ္ဌိ မပျောက်မ ချင်းရုပ်မထင်မချင်းစီးဖြန်းဆင်ခြင်လေ၊ ။ဤကားရုပ်ဘာဝ နာကာရစီးဖြန်းနည်းတည်း။

ရုပ်ဥပဋ္ဌာနာကာရထင်နည်းကား၊ ၊ဤသို့ဆိုအပ်ခဲ့ပြီး သည်အတိုင်း၊ ဣရိယာပုထ်လေးပါး၌ မီးပွတ်သောယောက်ျား ကဲ့သို့ မင နမနား အားထုတ်၍၊ ဆံပင်၊ ဦးခေါင်း၊ လက်၊ ကိုယ်၊ခြေတို့သည်။ငါမဟုတ်၊ငါမဟုတ်၊ရုပ်တွေ့သာဟုတ်ကုန် ၏ ဟုဉာဏ်ဖြင့်အဘန်ဘန်ဆင် ခြင်လျှင် မကြာခင်သက္ကာယ ဒိဋ္ဌိပျောက်၍ ရုပ်ထင်လိမ့်မည်၊ ဆံပင်၊ဦးခေါင်း၊လက်၊ကိုယ်၊ ခြေတို့ကို ငါဧကန်မဟုတ်ဟု သိမြင်သောဉာဏ် ဖြစ်ပေါ်လာ လျှင် သက္ကာယ ဒိဋ္ဌိပျောက်၏၊ ဆံပင်၊ ဦးခေါင်း၊ လက်၊ ကိုယ်ခြေတို့သည်၊ ရုပ်တွေ့သာ ဧကန်ဟုတ်ကုန်၏ဟု သိမြင် သောဉာဏ်ဖြစ်ပေါ်လာလျှင် ရုပ်ပေါက်၏၊ ရုပ်ထင်မြင်၏၊ ဆံ

ပင်၊ ဦးခေါင်း၊လက်၊ကိုယ်၊ခြေတို့သည်။ ငါကေန်မဟုတ်။ ရုပ်
တွေသာ ကောန်ဟုတ်ကုန်၏ဟူဉာဏ်ဖြင့် ထင်ထင်မြင်မြင်ကြီး
ရှိလျှင်၊ သက္ကာယဒိဋ္ဌိပျောက်၍ ရုပ်ထင်မြင်ပြီကေန်ဟူ၍မှတ်၊
မိမိရုပ်ခန္ဓာကြီး၌၊ သက္ကာယဒိဋ္ဌိပျောက်၍ရုပ်ထင်လျှင်၊ သက်
ရှိ သက်မဲ့၏အဆင်းကို မျက်စိဖြင့် မြင်တိုင်း မြင်တိုင်း ရုပ်
ချည်းထင်လိမ့်မည်၊ သက်ရှိသက်မဲ့၏အသံကို၊ နားဖြင့်ကြား
တိုင်း ကြားတိုင်းရုပ်တွေချည်းထင်လိမ့်မည်၊ သက်ရှိသက်မဲ့၏
အနံ့ကိုနှာခေါင်းဖြင့် နံတိုင်း နံတိုင်း ရုပ်ချည်း ထင်လိမ့်မည်။
သက်ရှိသက်မဲ့၏အရသာကို လျှာဖြင့်လျက်တိုင်း လျက်တိုင်း
ရုပ်တွေချည်းထင်လိမ့်မည်၊ သက်ရှိသက်မဲ့၏အတွေ့ကိုကိုယ်
ဖြင့်ထိတိုင်းထိတိုင်း ရုပ်တွေချည်းထင်လာလိမ့်မည်။ မြင်သမျှ၊
ကြားသမျှ၊ နံသမျှ၊ လျက်သမျှ၊ ထိသမျှ၊ဘာဝနာဉာဏ်ဖြင့် ဆင်
ခြင်တိုင်း ဆင်ခြင်တိုင်း ရုပ်တွေချည်းဟု ဉာဏ်ထဲမှာထင်မြင်၍
နေလျှင်၊ ရူပပရိစ္ဆေဒဉာဏ် ကေန်ထင်မြင်ပြီဟူ၍မှတ်၊ ။ဤ
ကားရုပ်ဥပဋ္ဌာနာကာရထင်နည်းတည်း၊ ။တနည်းလည်း။ ။
တပါးသောသူတို့က၊ ငါကေန်ဟုတ်သည်ဟု အနည်းနည်းအ
ထွေထွေအကြွံကြွံ အတန့်တန့်အဘန်ဘန် အထပ်ထပ် ပြော
ဆိုငြားသော်လည်း၊ မိမိဉာဏ်ထဲမှာ ငါကေန်မဟုတ် ရုပ်တွေ
သာ ကေန်ဟုတ်သည်ဟု သဘောကျလျှင်၊ ရူပပရိစ္ဆေဒဉာဏ်
ကေန်ပိုင်ပြီမှတ်၊

---

မိမိရုပ်ခန္ဓာ၌ ငါမှတ်ထင်စွဲလမ်းသော သက္ကာယဒိဋ္ဌိပျောက်
သည် မပျောက်သည်ကို၊ ဥပမာ
ဆောင်၍ဆင်အောင်ပြပေအံ့၊ ။ဆင်ရုပ်ဥပမာကို ရှေးဦး
စွာပြပေအံ့၊ ။ဆင်အရှင်ကေန်မဟုတ်၊ သစ်သားသာကေန်
ဟုတ်၏။ နှုတ်ဖြင့်ဆင်ခေါ်၏၊ စိတ်ဖြင့် ဆင်အရှင်မဟုတ်မှန်း
ကေန်သိ၏၊ ။ဥပမာ၊ ။ငါကေန်မဟုတ်၊ ရုပ်သာကေန်ဟုတ်၊
၏၊နှုတ်ဖြင့်ငါဆို၏၊ဉာဏ်ဖြင့်ငါမဟုတ်မှန်းကေန်သိ၏။ ။ဥ

ပမေယျ။ ။ရင်းဥပမာ ဥပမေယျကို ရှေးဦးစွာ ရအောင် ကျက်ရမည်။ ။ဆင်အရှင်ကြောန်မဟုတ်သည်နှင့်။ ငါကြောန် မဟုတ်သည်တို့၏။ သစ်သားသာကြောန်ဟုတ်သည်နှင့်၊ ရုပ်သာ ကြောန်ဟုတ်သည်တို့၏။ နှုတ်ဖြင့်ဆင်ခေါ်သည်နှင့်။ နှုတ်ဖြင့်ငါ ဆိုသည်တို့၏။ စိတ်ဖြင့်ဆင်အရှင်မဟုတ်မှန်း ကြောန်သိသည် နှင့် ဉာဏ်ဖြင့်ငါမဟုတ်မှန်းကြောန်သိသည်တို့၏။ ။နှုတ်ဖြင့် ငါဆိုသော်လည်း။ ဉာဏ်ဖြင့်ငါမဟုတ်မှန်း ကြောန်သိမြင်ခြင်း သည်သာလျှင်လိုရင်းလိုကြီးမှတ်။ ငါကြောန်မဟုတ်ရုပ်သာကြောန် ဟုတ်၏ဟု မိမိဉာဏ်ထဲမှာပိုင်ပိုင် နိုင်နိုင်ကြီး သဘောကျလျှင်၊ ရုပ်ခန္ဓာ၌ ငါမှတ်ထင်စွဲလမ်းသော သက္ကာယဒိဋ္ဌိပျောက်၍ ရုပ် ကြောန်ထင်မြင်ပြီဟူ၍မှတ်။

တယောက်သောနတ်သားသည်၊မြတ်စွာဘုရားကိုလျှောက် ထား၏။ ဘုန်းတော်နေဝန်း ထွန်းတောက်ပတော်မူသော မြတ် စွာဘုရား၊ ဤမည်တောရဟန်းများသည်၊ မမစိဝရ မမပတ္တော စသည်ဖြင့်ခေါ်ဝေါ်ကြ၏။ ထိုခေါ်ဝေါ်သောရဟန်းများသည် အာသဝေါတရား မကင်း သေးဘူး ထင်ပါသည်ဟု၊ မြတ်စွာ ဘုရားအားလျှောက်ထား၏။ ဒါယကာနတ်သား။ အာသဝေါ တရားကင်းပြီးသော ရဟန်းများသည်၊ ငါ၏သင်္ကန်း၊ ငါ၏ သ ပိတ်စသည် ခေါ်ဝေါ်ကြပြားသော်လည်း၊ အာသဝေါတရား မကင်းသေးဟုမဆိုရ။ သမုတ်ပညတ်အားဖြင့် မှတ်လွယ်စေ ခြင်းအကျိုးငှါသာ။ ငါ၏သင်္ကန်း၊ ငါ၏သပိတ်စသည်ဖြင့် ခေါ် ဝေါ်ကြ၏ဟုမိန့်တော်မူ၏။ ။ဆင်ရုပ်ဥပမာပြီး၏။

---

ဈာတ်ပိဝသောဥပမာကိုပြပေအံ့။ ။ဈာတ်ပိဝသောကိုကြေ ကြေဖွဲ့ပြွံ့ အသတ်ထက်ဆုံး မမေ့နိုင်အောင်ရသောသူသည် စာပေကျမ်းဂန်သင်၍ နေသောအခါ၊ ဈာတ်ပိဝသောကို မရ ဘူးလို့ မဆိုရ၊ တရားဟော၍နေသောအခါ၊ ဈာတ်ပိဝသောကိုမ ရဘူးလို့ မဆိုရ၊အိပ်နေ၍သောအခါ။ ဈာတ်ပိဝသောကိုမရဘူးလို့

မဆိုရ၊ လောဘ။ ဒေါသစသည်။ အကုသိုလ်တရားဖြစ်ပွါး၍နေသောအခါ၊ ဣတိပိသောကိုမရဘူးလို့ မဆိုရ၊ ဣတိပိသောကို မပြန်သောအခါ၊ ဣတိပိသောကိုမရဘူးလို့ မဆိုရသကဲ့သို့၊ ထိုနည်းတူစွာ ရုပ်ထင်မြင်ပြီးသောသူသည်။ စာပေကျမ်းဂန်သင်အံ့၍နေသော အခါ၊ ရုပ်မထင်မမြင်ဘူးဟု မဆိုရ၊ စာပေကျမ်းဂန် ရွတ်တတ်သရဇ္ဈာယ်၍ ကျမ်းရေး၍ နေသောအခါ။ ရုပ်မထင်မမြင်ဘူးဟု မဆိုရ၊ တရားဟော၍ နေသောအခါ၊ ရုပ်မထင်မမြင်ဘူးဟုမဆိုရ၊ အိပ်၍ နေသောအခါ၊ ရုပ်မထင်မမြင်ဘူးဟုမဆိုရ၊ လောဘ၊ ဒေါသစသည် အကုသိုလ်တရားဖြစ်ပွါး၍နေသောအခါ၊ ရုပ်မထင်မမြင်ဘူးဟုမဆိုရ၊ ရုပ်ကိုအာရုံမပြုသောအခါ၊ ရုပ်ကိုမထင်မမြင်ဘူးဟု မဆိုရဟူ၍မှတ်။ ၊ ဣတိပိသောကို ပြန်၍မရလျှင်၊ ဣတိပိသောကို မရဘူးဆိုရသကဲ့သို့၊ ရုပ်ကိုအာရုံပြု၍မထင်မမြင်လျှင်။ ရုပ်ကိုမထင်မမြင်ဘူးဆိုရ၏။ ဣတိပိသောကိုပြန်တိုင်းပြန်တိုင်းရလျှင်၊ ဣတိပိသောကိုရ၏ဟု ဆိုရသကဲ့သို့။ ရုပ်ကိုအာရုံပြုတိုင်းပြုတိုင်း ထင်မြင်လျှင်။ ရုပ်ကိုထင်မြင်ပြီဟူ၍မှတ်၊ ၊တနည်း။ ဗိမ္ဗိသာရမင်း၊ အနာထပိဏ်၊ ဝိသာခါ အစရှိသော—သောတာပန် ပုဂ္ဂိုလ်တို့သည်၊ လောဘ၊ ဒေါသစသည်အကုသိုလ်တရား ဖြစ်ပွါးသော်လည်း။ သက္ကာယဒိဋ္ဌိကိုသမုစ္ဆေဒပဟာန်အားဖြင့် အမြဲခွါ၍နေဘိသကဲ့သို့။ ထိုနည်းတူစွာ၊ ရုပ်ထင်မြင်ပြီးသော သူသည်၊ သက္ကာယဒိဋ္ဌိကို တဒင်္ဂပဟာန်အားဖြင့် ခွါ၍နေ၏၊ ရုပ်လည်းအမြဲထင်၍ နေ၏။ နာမ်မှာ ရုပ်နည်းတူစွာ ဥပမာ ဥပမေယျမှတ်၊ ၊ဣတိပိသော ဥပမာပြီး၏။ ၊ရူပပရိက္ခေဒဉာဏ်ပြီး၏၊

---

နာမပရိက္ခေဒဉာဏ် အပ္ပသုတ ပုဂ္ဂိုလ်တို့ စီးဖြန်းနည်းကို ပြပေအံ့၊ ၊မိမိနာမ်ခန္ဓာကြီး၌ ငါမှတ်ထင်စွဲသမ်းသောသက္ကာယဒိဋ္ဌိပျောက်အောင်၊ နာမ်ထင်အောင်စီးဖြန်းလိုသော ယောဂီ

ဝုတ္တုလ်သည်။ ။မနော ပုဗ္ဗင်္ဂမာဓမ္မာ။ မနောသေဋ္ဌာ မနောမယာ။ ။ဓမ္မပဒပါဠိတော်။ ။ဓမ္မာ၊ စေတသိက် နာမက္ခန္ဓာ တရားသုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏ် နာမ်ခန္ဓာသာလျှင် ပြဋ္ဌာန်းခြင်း ရှေ့သွားရှိကုန်၏၊ မနောသေဋ္ဌာ၊ ဝိညာဏ် နာမ်ခန္ဓာသာလျှင် အကြီးအကဲ အဒုပ်အချုပ်ရှိကုန်၏။ မနောမယာ၊ ဝိညာဏ်နာမ်ခန္ဓာသာ စီရင်ရာ ဖြစ်ပွါးကြကုန်၏၊ ။ဤကားအနက်၊ ။အဓိပ္ပါယ်ကား၊ ဖဿဝေဒနာစသော စေတသိက် နာမ်ခန္ဓာတို့သည် ဝိညာဏ် နာမ်ကိုမှီ၍ ဝိညာဏ်နာမ်ခန္ဓာမှ ဖြစ်ပွါးကြကုန်၏၊ ။သိလျှင် နာမ်ချည်းမှတ်ဟူသော သင်္ဂြိုဟ်သံခိပ်နှင့် အညီ၊ နာမက္ခန္ဓာတရား လေးပါးတို့တွင် ဝိညာဏ်နာမ် ခြောက်ပါး စီးဖြန်းနည်းကို ပြပေအံ့၊ ။မြင်သိနာမ် ကြားနာမ်၊ နံ့သိနာမ်၊ လျက်သိနာမ်၊ ထိသိနာမ်၊ ကြံသိနာမ်၊ ဝိညာဏ်နာမ် ခြောက်ပါး အပြား ရှိ၏။ ထို ဝိညာဏ် ခြောက်ပါးတွင်၊

မြင်၍သိသောစိတ်သည် ငါမဟုတ်၊ ငါမဟုတ်၊ နာမ်သာဟုတ်ပါတကား။ စိတ်ဖြင့်သိသမျှနာမ်ချည်းပါတကား။

ကြား၍ သိသောစိတ်သည် ငါမဟုတ်၊ ငါမဟုတ်၊ နာမ်သာဟုတ်ပါတကား။ စိတ်ဖြင့်သိသမျှနာမ်ချည်းပါတကား။

နံ့၍သိသော စိတ်သည် ငါမဟုတ်၊ ငါမဟုတ်။ နာမ်သာဟုတ်ပါတကား။ စိတ်ဖြင့်သိသမျှနာမ်ချည်းပါတကား။

လျက်၍သိသော စိတ်သည် ငါမဟုတ်၊ ငါမဟုတ်။ နာမ်သာဟုတ်ပါတကား။ စိတ်ဖြင့်သိသမျှနာမ်ချည်းပါတကား။

ထိ၍သိသော စိတ်သည် ငါမဟုတ်၊ ငါမဟုတ်၊ နာမ်သာဟုတ်ပါတကား၊ စိတ်ဖြင့်သိသမျှနာမ်ချည်းပါတကား၊

ကြံ၍သိသောစိတ်သည် ငါမဟုတ်၊ ငါမဟုတ်။ နာမ်သာဟုတ်ပါတကား၊ စိတ်ဖြင့်သိသမျှ နာမ်ချည်းပါတကား၊ ဟုဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင်။ ။ကောဓမ္မော ဟောသည်နှင့်အညီ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသော ကုသိုလ်စိတ်ဟု

ဆိုအပ်သော ကြံသိ နာမ်တခုကိုသာ ရှေးဦးစွာစွဲမြဲ စီးဖြန်း၊ ကြံသိနာမ် ငါကြောင့် ဟုတ်သည်ဟု မှတ်ထင် စွဲလမ်း သော သက္ကာယဒိဋ္ဌိမပျောက်မချင်း ကြံသိနာမ်မှထင်မချင်းဘယ်နှစ် ရက်ကြာကြာ၊ ဘယ်နှစ်လကြာကြာ စွဲမြဲစီးဖြန်း၊ စွဲမြဲစီးဖြန်း လျှင် မကြာခင်သက္ကာယ ဒိဋ္ဌိပျောက်၍ ကြံသိနာမ် ကြောင်ထင် လိမ့်မည်၊ ကြံသိနာမ် ထင်ထင်မြင်မြင်ကြီးရှိလျှင် ကြွင်းသော စိတ်နာမ်စေတသိက်နာမ်တို့သည် အလွန့်ထင်လွယ် မြင်လွယ် လှန်၏ကြောင့်မှချမှတ်၊ ကြံဘိနာမ်ထင်ထင်မြင်မြင်ကြီးရှိမှ ကြွင်း သော နာမ်တို့ကို စီးဖြန်းလေ။ ။ဤကား နာမ်ဘာဝနာကာရ စီးဖြန်းနည်းတည်း၊

---

နာမ်ဥပဋ္ဌာနာ ကာရထင်နည်းကား၊ ။ဤ သို့ ဆို အပ် ခဲ့ပြီးသည့် အတိုင်း၊ ဇာရိယာ ပုထ်လေးပါး၌၊ မိးပွတ် သော ယောက်ျားကဲ့သို့ မနေမနားအားထုတ်၍ နာမ်နာမ်ဟု မပြတ်မ လပ် စီးဖြန်းလျှင်မကြာခင် သက္ကာယဒိဋ္ဌိ ပျောက်၍ နာမ်ကြောင့် ထင်လိမ့်မည်၊ အဇ္ဈတ္တဗဟိဒ္ဓ၌ရှိသော စိတ်ဝိညာဏ်ဟူသမျှကို နာမ်ချည်းဟု ဉာဏ်ဆဲ၌ သဘောပိုင်ပိုင်နိုင်နိုင်ကြီး ဂျလျှင် နာမ်ကြောင့်ထင်မြင်ပြီဟုမှတ်၊ ဤကား နာမ်ဥပဋ္ဌာနာကာရထင် နည်းတည်း။

---

ရုပ်နာမ် နှစ်ပါးကို ပေါင်း၍ ဘာဝနာကာရ စီးဖြန်းနည်း ကား။ ။မသိလျှင်ရုပ်၊ သိလျှင်နာမ်၊ ရုပ်နာမ်နှစ်ပါးမှတ်၊ ဟူ သော သင်္ဂြိုဟ်သံခိပ်နှင့် အညီ၊ ။မသိတတ်သော သဘော တရားရသည်ရုပ်။ သိတတ်သော သဘောတရားရသည့်နာမ်၊ ထိုရုပ်နာမ်တို့သည်၊ ငါတ်မဟုတ် ငါမဟုတ် ရုပ်နာမ်တွေသာ ဟုတ်ကုန် ပါတကား၊ ။မသိတတ်သော သဘောတရားရ သည်ရုပ်၊ သိတတ်သော သဘောတရားရသည်နာမ်၊ ထိုရုပ် ငါ့ကိုယ် မဟုတ်ငါ့ကိုယ်မဟုတ်၊ ရုပ်နာမ်သာတွ

သာ ဟုတ်ကုန်ပါတကား၊ ။မသိတတ်သော သဘောတရားရသည်ရုပ်၊ သိတတ်သော သဘောတရားရသည်နာမ်။ ထိုရုပ်နာမ်တို့သည်။ ငါမရှိ ငါမရှိ၊ ရုပ်နာမ်တွေသာ ရှိကုန် ပါတကား။ မသိတတ်သောသဘောတရားရသည်ရုပ်။ သိတတ်သော သတောတရားရသည် နာမ်။ ထိုရုပ်နာမ် တို့သည်။ ငါကိုယ်မရှိ ငါကိုယ်မရှိ ရုပ်နာမ်တွေသာရှိကုန်ပါတကား။ ။မသိတတ်သော သဘော ယရားရသည်ရုပ်၊ သိတတ်သောသဘော တရားရသည်နာမ်၊ ထိုရုပ်နာမ်တို့သည်၊ လောကအားဖြင့်ယုန်ချိုလိပ်မွေး။ ပစ္စွန်သွေး၊ ခွေးလေးတောင်ပန်ဖြူကော နှမရှိသကဲ့သို့၊ ပရမတ္ထအားဖြင့်ငါ၊သူတပါး၊ ယောကျ်ား၊မိန်းမ—လူ၊နတ်ဗြဟ္မာ၊ သတ္တဝါ၊ ပုဂ္ဂိုလ်၊ငါကိုယ်၊ သူ့ကိုယ်၊ ကောန်မရှိ ရုပ်နာမ် နှစ်ပါးသာကောန် ရှိကုန်ပါတကား။ ။ဟု ဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်။ ။ဤကားရုပ်နာမ်နှစ်ပါးပေါင်း၍ ဘာဝနာကာရစီးဖြန်းနည်းတည်း။

---

ရုပ်နာမ်နှစ်ပါးပေါင်း၍ ဥပဋ္ဌာနာကာရထင်နည်းကား။ ။မရှိသာသိ၊ရှိသာသိ၊ ဒိဋ္ဌိပျောက်—ရုပ်နာမ် ထင်ပြီးမှတ်။ ဟူသောသပြိုဟ်သံခိပ်နှင့်အတွ။ ငါမရှိသာကို ငါမရှိမှန်း ဘာဝနာဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင်ကြီးသိမြင်လျှင် တဒင်္ဂပဟာန်အားဖြင့် သက္ကာယဒိဋ္ဌိပျောက်ပြီဟုကောန်မှတ်မှတ်၊ ရုပ်နာမ်ရှိသာကိုရုပ်နာမ်ရှိမှန်း ဘာဝနာဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင်ကြီး သိမြင်လျှင်၊ ရုပ်နာမ် ထင်မြင်ပြီဟူ ကောန်မှတ်မှတ်၊ ။စူဠသောတာပန်ထင်မြင်ပုံ၊ ။ငါမရှိသာကို ငါမရှိမှန်းမဂ်ဉာဏ်ဖြင့် သိမြင်လျှင်သမုစ္ဆေဒပဟာန်အားဖြင့် သက္ကာယဒိဋ္ဌိ ပျောက်ပြီဟု ကောန်မှတ်မှတ်၊ ရုပ်နာမ်ရှိသာကိုရုပ်နာမ်ရှိမှန်း မဂ်ဉာဏ်ဖြင့် သိမြင်လျှင် ရုပ်နာမ် ထင်မြင်ပြီဟု ကောန်မှတ်မှတ်၊ ။မဟာသောတာပန်ထင်မြင်ပုံ၊ ။ဤကားရုပ်နာမ်နှစ်ပါး ပေါင်း၍ ဥပဋ္ဌာနာကာရ

ထင် နည်းတည်း။ ။နာမရူပ ပရိစ္ဆေဒဉာဏ် အပ္ပသုတ ပုဂ္ဂိုလ်စီးဖြန်းနည်းပြီး၏။

---

နာမရူပ ပရိစ္ဆေဒဉာဏ် ဗဟုသုတပုဂ္ဂိုလ် စီးဖြန်းနည်းကိုပြပေအံ့။ ။ရုပ်နာမ်တို့တွင် ရှေးဦးစွာရုပ်ကို ပြပေအံ့။မိမိအတ္တဘော ရုပ်ခန္ဓာကြီးကို ရှင်ထင်မြင်အောင် စီးဖြန်း လိုသောယောဂီပုဂ္ဂိုလ်သည်၊ ကေသာလောမာစသော ပထဝီဓာတ်နှစ်ဆယ်၊ပိတ္တံ သေမှံစသော အာပေါဓာတ် တဆဲ့နှစ်ပါး၊ ဇီရဏာတေဇောစသော တေဇောဓာတ်လေးပါး အဿာသပဿာသစသော ဝါယောဓာတ်ခြောက်ပါး အားဖြင့်၊ လေးဆဲ့နှစ်ကောဋ္ဌာသရှိ၏၊ ကမ္မဇကလာပ် ကိုးစည်း၊ စိတ္တဇကလာပ်ခြောက်စည်း၊ ဥတုဇကလာပ်လေးစည်း၊ အာဟာရဇကလာပ်နှစ်စည်းအားဖြင့် ကလာပ်နှစ်ဆဲ့တစည်းရှိ၏။ ထိုကောဋ္ဌာသ၊ ထိုကလာပ်တို့တွင်၊ ကေသာကောဋ္ဌာသ၌ကမ္မဇကာယဒသက၊ ဘာဝဒသကကလာပ်နှစ်စည်း၊ စိတ္တဇအဋ္ဌကကလာပ်တစည်း၊ ဥတုဇအဋ္ဌကလပ် တစည်း၊ အာဟာရဇ အဋ္ဌကလာပ် တစည်းအားဖြင့်၊ ကလာပ်ငါးစီးရှိ၏၊ ထိုတွင်စိတ္တဇ အဋ္ဌကလာပ်တစည်း၊စီးဖြန်းနည်းကိုသာပြပေအံ့၊ စိတ္တဇအဋ္ဌကလာပ်ကား၊ ။ပထဝီ၊အာပေါ၊တေဇော၊ ဝါယော၊ ဝဏ္ဏော၊ ဂန္ဓ၊ ရသ၊ ဩဇာဟူ၍အဋ္ဌကလာပ်ရှင်ရှစ်ခုရှိ၏၊တနည်းလည်း၊ ခက်မာ၊ ဖွဲ့စည်း၊ ပူနွေး၊လှုပ်ရှား၊အဆင်း၊အနံ့၊ အရသာ၊ အဆီအနှစ်ဟူ၍ အဋ္ဌကလာပ်ရှင်ရှစ်ခုရှိ၏။ထိုတွင်။

ခက်မာခြင်းသဘောသည်၊ ငါမဟုတ် ငါမဟုတ်၊ ပထဝီသာဟုတ်ပါတကား၊ ။ဖွဲ့စည်းခြင်းသဘောသည်၊ ငါမဟုတ် ငါမဟုတ်၊အာပေါသာဟုတ်ပါတကား၊ ။ပူနွေး၊ ခြင်းသဘောသည်၊ငါမဟုတ် ငါမဟုတ်၊တေဇောသာဟုတ်ပါတကား။ ။လှုပ်ရှားခြင်းသဘောသည်၊ ငါမဟုတ် ငါမဟုတ်၊ ဝါယောသာဟုတ်ပါတကား၊ ။အဆင်း သဘောသည်၊ ငါမဟုတ် ငါမ

ဟုတ်၊ ဝဏ္ဏသာ ဟုတ်ပါတကား။ ။အနံ့သဘောသည်၊ ငါမဟုတ် ငါ့မဟုတ် ဂန္ဓသာ ဟုတ်ပါတကား၊ ။အရသာ သဘောသည်။ ငါမဟုတ် ငါမဟုတ်၊ ရသသာ ဟုတ်ပါတကား၊ ။အဆီအနှစ်သဘောသည်၊ ငါမဟုတ်ငါမဟုတ်၊ ဩဇာသာ ဟုတ်ပါတကား၊ ။ဟုဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင်၊ ။ပထဝီတရားကို သာထင်အောင်စီးဖြန်း၊ ပထဝီထင်လျှင် ကြွင်းသော ရုပ်တို့မှာ အလွှန်ထင်လွယ်၏၊ ။ကြွင်းသော ကောဋ္ဌာသ၊ ကြွင်းသော ကလာပ် တို့မှာ၊ ကေသာ ကောဋ္ဌာသ၌ အဋ္ဌကလာပ် စီးဖြန်းနည်း တချက်ပြလျှင် ဗဟုဿုတ ပုဂ္ဂိုလ်ဖြစ်၍ အစအလယ်အဆုံး သုံးပါးလုံးကို အကုန်သိလောက်ပြီ၊ အကျယ်ကို သိလိုမူ ပရမတ္ထ သရုပဘေဒနီ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ တို့၌ရှု၊ မိမိ အဇ္ဈတ္တသေးဆဲ့နှစ်ကောဋ္ဌာသ၌ ကလာပ်ပေါင်း တရာ့ခုနှစ်ဆဲ့သုံးကလာပ် ရှိ၏၊ ရုပ်ပေါင်း တထောင့်ငါးရာတရုပ်ရှိ၏၊ မှတ်ဘို့လင်္ကာသံပေါက်စာကား၊

တရာ့ ခုနှစ်ဆယ်၊ သုံးခုကယ်၊ ကိုယ်ဝယ် ကလာပ်ပေါင်း၊ ။တထောင့်ငါးရာ။ တခုသာ။ ရုပ်မှာ ခုစကောင်း၊ ။သစ္စသံခိပ်၊ ဝေဘန်စိတ်၊ ကြံဘ်လိုတ်သချာတောင်း။ ။ငါတို့ကျေးဇူးတော်အရှင်၊ ဖွေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီး ရေးတော် မူသော သံ့ပေါက် စာတည်း။ ။ဤကား ရုပ်ဘာဝနာကာရ စီးဖြန်းနည်းတည်း။

ရုပ်ဥပဋ္ဌာနာကာရ ထင်နည်းကား၊ ။ဤသို့ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဣရိယာပုထ်လေးပါး၌ မပြတ်မလပ်အားထုတ်စီးဖြန်းလျှင်၊ မကြာခင်ရူပပရိစ္ဆေဒဉာဏ် ကေန်ထင်လိမ့်မည်၊ သက်ရှိသက်မဲ့ဟူသမျှကို ရုပ်ချည်းဟုဉာဏ်ထဲ၌ သဘောပိုင်ပိုင် နိုင်နိုင် ကြီးကျလျှင် ရူပပရိစ္ဆေဒဉာဏ် ကေန်ထင်ပြီဟူ၍မှတ်၊ ဤကားရုပ် ဥပဋ္ဌာနာကာရ ထင်နည်းတည်း၊ ။ရူပပရိစ္ဆေဒဉာဏ်ပြီး၏။

နာမပရိစ္ဆေဒဉာဏ်ကို ပြပေအံ့။ ။နာမ်ကလာပ် စည်းပုံကား၊ ။စက္ခုဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ။စက္ခုဝိညာဏ အဋ္ဌက ကလာပ်တစည်း။ ။သောတဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ။ ။သောတဝိညာဏ အဋ္ဌကကလာပ်တစည်း။ ။ဃာနဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ။ဃာနဝိညာဏ အဋ္ဌကကလာပ် တစည်း၊ ။ဇိဝှါဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ။ဇိဝှါဝိညာဏ အဋ္ဌကကလာပ်တစည်း၊ ။ကာယဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ။ကာယဝိညာဏအဋ္ဌကကလာပ်တစည်း။ ။ကုသိုလ် စိတ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ၊ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇ္ဇုကတာ၊ စိတ္တုဇ္ဇုကတာ၊ အမောဟ၊ ။မဟာကုသိုလ် ဝိညာဏ စတုတ္တိံသကလာပ်တစည်း၊ ။အပ္ပမညာ၊ ဝိရတိတို့ကို ချန်ထားသည်၊ ။ဤကားနာမ်ကလာပ် စည်းပုံတည်း။

---

နာမ် ဘာဝနာကာရ စီးဖြန်း နည်းကား၊ ။ထိုဝိညာဏ် နာမ်ခြောက်ပါး တို့တွင်၊ ရူပါရုံကို မြင်သိခြင်းသဘောသည်၊ ငါမဟုတ်၊ ငါ့မဟုတ်၊ စက္ခုဝိညာဏ်သာဟုတ်ပါတကား။ ။ရူပါရုံကိုတွေ့ခြင်းသဘောသည်၊ ငါမဟုတ်၊ ငါ့မဟုတ်၊ ဖဿသာ ဟုတ်ပါတကား။ ။ရူပါရုံကို ခံစားခြင်း သဘောသည်၊

ငါမဟုတ်၊ငါမဟုတ်။ ဝေဒနာသာ ဟုတ်ပါတကား။ ၊ရူပါရုံကိုမှတ်ခြင်းသဘောသည်၊ ငါမဟုတ်၊ ငါမဟုတ်။ သညာသာဟုတ်ပါတကား။ ၊ရူပါရုံ၌ တိုက်တွန်းနှိုးဆော်ခြင်းသဘောသည်၊ငါမဟုတ်၊ငါမဟုတ်၊ စေတနာသာဟုတ်ပါတကား။ ။ရူပါရုံ၌ တည်ကြည်ငြိမ်သက်ခြင်း သဘောသည်၊ ငါမဟုတ်၊ငါမဟုတ်။ ဧကဂ္ဂတာသာဟုတ်ပါတကား။ ၊အတွေ့တကွဖြစ်၊သော နာမ်တရား တို့ကို စောင့်ရှောက်ခြင်း အစိုးရခြင်း သဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ ဇီဝိတိန္ဒြေသာ ဟုတ်ပါတကား။ ၊ရူပါရုံ၌နှလုံးသွင်းခြင်းသဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ မနသိကာရသာဟုတ်ပါတကား။ ၊ဟူ၍ထင်မြင်ဆင်ခြင်၊စက္ခုဝိညာဏ အဋ္ဌကလာပ် တစည်းပြီး၏။ ၊သောတဝိညာဏအဋ္ဌကလာပ်တစည်းကား၊

သဒ္ဒါရုံကို ကြားသိခြင်း သဘောသည်၊ ငါမဟုတ်၊ ငါမဟုတ်၊ သောတဝိညာဏ်သာ ဟုတ်သကား၊ လ။ သဒ္ဒါရုံကိုနှလုံးသွင်းခြင်းသဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ မနသိကာရသာဟုတ်ပါတကား။ ၊သောတဝိညာဏ အဋ္ဌကလာပ် တစည်းပြီး၏။ ၊ဃာနဝိညာဏအဋ္ဌကလာပ်တစည်းကား။ ၊

ဂန္ဓာရုံကိုနံသိခြင်း သဘောသည်၊ ငါမဟုတ်၊ ငါမဟုတ် ဃာန ဝိညာဏ်သာ ဟုတ်ပါ တကား။ ဖဿစသည်မှာ စက္ခုဝိညာဏကလာပ်နည်းတူမှတ်၊ ၊ဃာနဝိညာဏအဋ္ဌကလာပ်တစည်းပြီး၏၊ ၊ဇိဝှါဝိညာဏအဋ္ဌကလာပ်တစည်းကား ၊ရသာရုံကိုလျက်သိခြင်း သဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ ဇိဝှါဝိညာဏ်သာ ဟုတ်ပါတကား။ ၊ဖဿစသည်မှာစက္ခုဝိညာဏ်နည်းတူ၊ ၊ဇိဝှါဝိညာဏ အဋ္ဌကလာပ် တစည်းပြီး၏၊ ၊ကာယဝိညာဏအဋ္ဌကလာပ်တစည်းကား၊ ၊ဖောဋ္ဌဗ္ဗါရုံကိုတွေ့သိခြင်း သဘောသည်။ ငါမဟုတ်၊ ငါဟုတ်၊ ကာယဝိညာဏ်သာ ဟုတ်ပါတကား။ ၊ဖဿစသည်မှာ စက္ခုဝိညာဏကလာပ် နည်းတူမှတ်။ ၊ကာယဝိညာဏ အဋ္ဌကလပ်တ

စည်းပြီး၍၊ ။မဟာကုသိုလ်ဝိညာဏ စေတုတ္တံသ ကလာပ် တစည်းကား၊

ထုရေးအာရုံကိုသိမြင်ခြင်းသဘောသည်၊ ငါမဟုတ်၊ ငါမဟုတ်၊ မဟာ ကုသိုလ်စိတ်သာဟုတ်ပါတကား၊ ။ထုရေးအာရုံကိုတွေ့ခြင်းသဘောသည်၊ ငါမဟုတ်၊ ငါမဟုတ်၊ဖဿသာဟုတ်ပါတကား။ ။ဘုရားအာရုံကို ခံစားခြင်း သဘောသည်၊ငါမဟုတ်၊ ငါမဟုတ်၊ ဝေဒနာသာဟုတ်ပါတကား၊ ။ထုရေးအာရုံကို မှတ်ခြင်း သဘောသည်၊ငါမဟုတ်၊ငါမဟုတ်။ သညာ သာ ဟုတ်ပါတကား၊ ။ထုရေးအာရုံ၌ တိုက်တွန်းနှိုးဆော်ခြင်း သဘောသည်၊ငါမဟုတ်၊ ငါမဟုတ်၊ စေတနာသာ ဟုတ်ပါတကား၊ ။ထုရေးအာရုံ၌ငြိမ်သက် တည်ကြည်ခြင်း သဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ ဧကဂ္ဂတာသာ ဟုတ်ပါတကား၊ ။အတူတကွ ဖြစ်သော နာမ်တရား တို့ကို စောင့်ရှောက်ခြင်း အစိုးရခြင်း သဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ ဇီဝိတိန္ဒြေသာ ဟုတ်ပါတကား။ ။ဘုရား အာရုံ၌ နှလုံးသွင်းခြင်း သဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ မနသိကာရသာ ဟုတ်ပါတကား၊ ။ဘုရား အာရုံကို ရှေးရှုကြံခြင်း သဘောသည်၊ ငါမဟုတ်၊ ငါမဟုတ်၊ဝိတက်သာတ်တ်ပါတကား၊ ။ထုရေး အာရုံကို အဘန် တလဲလဲ သုံးသပ်ခြင်း သဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ ဝိစာရသာဟုတ်ပါတကား။ ။ထုရေးအာရုံကို ဆုံးဖြတ်နိုင်ခြင်း သဘောသည်။ ငါမဟုတ်၊ငါမဟုတ် အဓိမောက္ခသာ ဟုတ်ပါတကား။ ။ဘုရားအာရုံကို အားထုတ်ခြင်း သဘောသည်၊ ငါမဟုတ်၊ ငါမဟုတ်၊ ဝီရိယသာဟုတ်ပါတကား။ ။ဘုရားအာရုံကို နှစ်သက်ခြင်းသဘောသည်၊ ငါမဟုတ်၊ ငါမဟုတ်၊ ပီတိသာဟုတ်ပါတကား၊ ။ထုရေးအာရုံကို ပြုလိုကာမတ္တ သဘောသည်။ ငါမဟုတ်၊ ငါမဟုတ်၊ ဆန္ဒသာဟုတ်ပါတကား၊ ။ဘုရားအာရုံကို ယုံကြည်ခြင်းသဘောသည်၊ ငါမဟုတ်၊ ငါမဟုတ်၊ သဒ္ဓါသာဟုတ်ပါ

တကား။ ။ဘုရားအာရုံကို အောက်မေ့ခြင်း သဘောသည်၊ ငါမဟုတ်၊ ငါမဟုတ်၊ သတိသာဟုတ်ပါတကား။ ။ဘုရားကို အာရုံပြုသော အခါ ကာယဒုစရိုက် စသည် ဖြစ်မည်မှ ရှက်ခြင်း သဘော၊ ငါမဟုတ်၊ ငါမဟုတ်၊ ဟိရိသာဟုတ်ပါတကား။ ။ဘုရားကို အာရုံပြုသော အခါကာယဒုစရိုက်စသည်တို့မှ ထိတ်လန့်ခြင်းသဘောသည်၊ ငါမဟုတ်၊ ငါမဟုတ်၊ ဩတ္တပ္ပသာ ဟုတ်ပါတကား၊ ။ဘုရားအာရုံ၌ ငြိသောအားဖြင့်မတပ်ခြင်း သဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ အလောဘသာ ဟုတ်ပါတကား။ ။ဘုရားအာရုံ၌ ကျွမ်းတမ်းသောအားဖြင့်မဖြစ်မှားခြင်းသဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ အဒေါသသာဟုတ်ပါတကား။ ။ထိုထိုယှဉ်ဘက်ဖြစ်သော ထရားတို့၌အလယ်အလတ် ရှုသောသဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ တတြမဇ္ဈတ္တတာသာ ဟုတ်ပါတကား။ ။ဘုရားကို အာရုံပြုသောအခါ၊ ဥဒ္ဓစ္စစသော ကိလေသာဟူသော အပူတို့၏ ငြိမ်းအေးခြင်း သဘောသည်၊ ငါမဟုတ်၊ ငါမဟုတ်၊ ကာယပဿဒ္ဓိသာဟုတ်ပါတကား။ ။ဘုရားကို အာရုံပြုသောအခါ။ဥဒ္ဓစ္စစသော ကိလေသာဟူသောအပူတို့၏ ငြိမ်းအေးခြင်းသဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ စိတ္တပဿဒ္ဓိသာ ဟုတ်ပါတကား။ ။ဘုရားကို အာရုံပြုသောအခါ၊ ထိနမိဒ္ဓစသော ကိလေသာဟူသော လေးလံခြင်းငြိမ်းအေး၍ စေတသိက်တို့၏ ပေါ့ပါးခြင်း၊သဘောသည်၊ငါမဟုတ်၊ငါမဟုတ်၊ ကာယလဟုတာသာဟုတ်ပါတကား။ ။ဘုရားကို အာရုံပြုသောအခါ၊ ထိနမိဒ္ဓစသောကိလေသာဟူသော လေးလံခြင်းငြိမ်းအေး၍၊ စိတ်တို့၏ ပေါ့ပါးခြင်းသဘောသည်၊ ငါမဟုတ် ငါမဟုတ်၊ စိတ္တလဟုတာသာ ဟုတ်ပါတကား။ ။ဘုရားကို အာရုံပြုသော အခါ၊ ခက်ထန် ခိုင်မခြင်း ဒိဋ္ဌိမာနစသော ကိလေသာငြိမ်းအေး၍၊ စေတသိက်တို့၏နူးညံ့ခြင်းသဘောသည်၊ ငါမဟုတ် ငါမဟုတ်၊ ကာယမုဒုတာသာ ဟုတ်ပါ တကား။ ။ဘုရားကို အာရုံပြု

သောအခါ၊ ခက်ထန်ခိုင်မာခြင်း ဒိဋ္ဌိမာနစသော ကိလေသာ ငြိမ်းအေး၍၊ စိတ်တို့၏နူးညံ့ခြင်းသဘောသည်။ ငါမဟုတ် ငါမ ဟုတ်၊ စိတ္တမုဒုတာသာဟုတ်ပါတကား၊ ၊ဘုရားကို အာရုံ ပြုသောအခါ၊ ဒါန၊ သီလ စသောအမှု၌မခန့်ခြင်းတို့ကို ငြိမ်းအေး ၍၊ စေတသိက်တို့၏အမှု၌ ခန့်ခြင်းသဘောသည်၊ ငါမဟုတ် ငါမဟုတ်၊ ကာယကမ္မညတာသာဟုတ်ပါတကား၊ ၊ဘုရား ကို အာရုံပြုသော အခါ၊ ဒါနသီလ သောအမှု၌မခန့်ခြင်းတို့ကို ငြိမ်းအေး၍၊စိတ်တို့၏ ခန့်ခြင်း သဘောသည်။ ငါမဟုတ် ငါမ ဟုတ်၊ စိတ္တကမ္မညတာသာဟုတ်ပါတကား၊ ၊ဘုရားကိုအာ ရုံပြုသောအခါ၊ အကုသိုလ်ဟူသော ကျင်နာခြင်းငြိမ်းအေး၍၊ စေ တသိက်တို့၏လေ့လာခြင်းသဘောသည်၊ ငါမဟုတ် ငါမဟုတ် ကာယပါဂုညတာသာ ဟုတ်ပါတကား၊ ၊ဘုရားကို အာရုံ ပြုသောအခါ၊ အကုသိုလ်ဟူသော ကျင်နာခြင်းငြိမ်းအေး၍၊ စိတ် ၏လေ့လာခြင်းသဘောသည်၊ ငါမဟုက်ငါမဟုတ်၊စိတ္တလဟု တာသာ ဟုတ်ပါတကား၊ ၊ဘုရားကို အာရုံပြုသော အခါ၊ မာယာသာသထေယျစသော အကောက် တရားတို့သည် ငြိမ်းအေး ၍၊စေတသိက်တို့၏ ဖြောင့်မတ်စွာဖြစ်ခြင်း သဘောသည်၊ ငါ မဟုတ်ငါမဟုတ်၊ ကာယုဇုကတာသာ ဟုတ်ပါတကား၊ ၊ ဘုရားကို အာရုံပြုသောအခါ၊ မာယာသာသထေယျ စသော အ ကောက်တရားတို့သည် ငြိမ်းအေး၍၊ စိတ်၏ဖြောင့်မတ်စွာ ဖြစ် ခြင်းသဘောသည်၊ ငါမဟုတ်၊ငါမဟုတ်၊ စိတ္တုဇုကတာသာ ဟုတ်ပါတကား၊ ၊ဘုရားကို အာရုံပြုသော အခါ၊ သာမညာ သဘောသဘာဝသဘောကို၊ ဟုတ်တိုင်းမှန်စွာမတွေမဝေ သိ ခြင်းသဘောသည်။ ငါမဟုတ်ငါမဟုတ်၊ အမောဟသာဟုတ် ပါတကား၊ ၊ဟူဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်၊ ၊ဤကား နာမ်ဘာဝနာကာရစီးဖြန်းနည်းတည်း၊

နာမ်ဥပဋ္ဌာနာကာရထင်နည်းကား၊ ၊ဤဆိုအပ်ခဲ့ပြီးသည့် အတိုင်း၊ ဇွရိယာပုထ် လေးပါးတို့၌ ခိုးပွတ်သော ယောကျ်ာ

ကဲ့သို့၊ မနေမနားအားထုတ်၍ စီးဖြန်းလျှင်၊ မကြာခင် နာမပ ရိဂ္ဂဟဉာဏ် ထင်မြင်လိမ့်မည်။ ။နာမ်ဟူသမျှတို့သည်၊ ငါ ကိုယ်ကောင်မဟုတ်၊နာမ်တွေသာ ကောင်ဟုတ်ကုန်၏ဟု ဉာဏ် ထဲ၌သဘောကျလျှင်၊ နာမပရိဂ္ဂဟဉာဏ်ကောင် ထင်မြင်ပြီဟူ၍ မှတ်။ဤကားနာမ် ဥပဋ္ဌာနာကာရ ထင်နည်းတည်း။ ။နာမ ပရိဂ္ဂဟဉာဏ်ပြီး၏။

---

ရုပ်နာမ်နှစ်ပါးကို ပေါင်း၍ စီးဖြန်းနည်းကို ပြပေအံ့။ ။ ဘောက်ပြန်လျှင်ရုပ်၊ ညွတ်လျှင်နာမ်၊ ရုပ်နာမ်နှစ်ပါးမှတ်၊ ဟူ သော သင်္ခိပ်ဟာသံခိပ်နှင့်အညီ။ ။ဘောက်ပြန်လျှင်ရုပ်၊ ။ညွတ် လျှင်နာမ်၊ထိုရုပ်နာမ်တို့သည်။ ငါမဟုတ်၊ငါမဟုတ်၊ ရုပ်နာမ် နှစ်ပါးသာဟုတ်ကုန်ပါတကား။ ။ဘောက်ပြန်လျှင်ရုပ်၊ ညွတ် လျှင်နာမ်၊ ထိုရုပ်နာမ် တို့သည်။ ငါ့ကိုယ်ဟုတ်မ ငါ့ကိုယ်မ ဟုတ်၊ ရုပ်နာမ်နှစ်ပါးသာ ဟုတ်ကုန်ပါတကား။ ။ဘောက် ပြန်လျှင်ရုပ်၊ညွတ်လျှင်နာမ်၊ ထိုရုပ်နာမ်တို့သည်၊ ငါမရှိငါမရှိ၊ ရုပ်နာနှစ်ပါသာ ရှိကုန်ပါ တကား။ ။ဘောက်ပြန်လျှင် ရုပ်၊ ညွတ်လျှင်နာမ်၊ ထိုရုပ်နာမ်တို့သည်၊ ငါ့ကိုယ်မရှိငါ့ကိုယ်မရှိ။ ရုပ်နာမ်နှစ်ပါးသာ ရှိကုန်ပါတကား။ ။ဘောက်ပြန်လျှင်ရုပ်၊ ညွတ်လျှင်နာမ်၊ထိုရုပ်နာမ်တို့သည်၊ လောကအားဖြင့်။ ယုန်ချို၊ လိပ်မွေး၊ ပုစွန်သွေး၊ ခွေးလေးတောင်ပန်ဖြူကောင် မရှိသကဲ့သို့၊ ပရမတ္ထအားဖြင့်၊ငါ၊ သူတပါး၊ ယောကျ်ား။ မိန်းမ၊ လူ၊နတ်၊ ဗြဟ္မာ၊သတ္တဝါ။ပုဂ္ဂိုလ်၊ ငါ့ကိုယ်၊သူ့ကိုယ်၊ ကောင်မရှိ၊ရုပ်နာမ် နှစ်ပါးသာရှိကုန်ပါတကား။ ။ဟုဉာဏ်ဖြင့်အဘန်ဘန်ဆင် ခြင်။ ။ဤကားဘာဝနာကာရစီးဖြန်းနည်းတည်း။

ဥပဋ္ဌာနာကာရ ထင်နည်းကား၊ ။မရှိသာသိ၊ ရှိသာသိ၊ ဒိဋ္ဌိပျောက်ရုပ်နာမ်ထင်ပြီမှတ်၊ ဟူသော သင်္ခိပ်ဟာသံခိပ်နှင့် အ ညီ၊ငါမရှိသာကိုငါမရှိမှန်းဘာဝနာဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင်ကြီး ကြီးသိမြင်လျှင်၊ တဒင်္ဂပဟာန်အားဖြင့်၊ သက္ကာယ ဒိဋ္ဌိပျောက်

ပြီဟုဧကန်မုချမှတ်၊ ရုပ်နာမ်ရှိသောကို။ ရုပ်နာမ်ရှိမှန်း ဘာဝနာဉာဏ်ဖြင့်ပိုင်ပိုင်နိုင်နိုင်ကြီး သိမြင်လျှင်။ ရုပ်နာမ်ထင်မြင်ပြီဟုဧကန်မုချမှတ်၊ ။စူဠသောတာပန် ထင်မြင်ပုံ၊ ။ငါမရှိသောကိုငါမရှိမှန်း မဂ်ဉာဏ်ဖြင့် သိမြင်လျှင်၊သမုစ္ဆေဒပဟာန်အားဖြင့်၊သက္ကာယဒိဋ္ဌိပျောက်ပြီ ဟုဧကန်မုချမှတ်၊ ရုပ်နာမ်ရှိသောကို ရုပ်နာမ်ရှိမှန်း မဂ်ဉာဏ်ဖြင့်သိမြင်လျှင်၊ ရုပ်နာမ်ထင်မြင်ပြီဟုဧကန်မုချမှတ်၊ ။မဟာသောတာပန် ထင်မြင်ပုံ၊ ။ဤတား ဥပဋ္ဌာနာကာရ ထင်နည်းတည်း၊ ။ရုပ်နာမ် နှစ်ပါးကိုပေါင်း၍စီးဖြန်းနည်းပြီး၏။

---

နာမရူပ ပရိစ္ဆေဒဉာဏ်၌၊ လိုရင်းကြီးအကျဉ်းချုပ်၊ နိဂုံးချုပ်လျက်၊အသက်ထက်ဆုံး၊အမြဲနှလုံးသွင်းရန်တရားကား ။ တနည်းလည်း၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ် အပေါင်းအစု၌၊ ငါဟုတ်ထင်စွဲလန်းသော။ ။သက္ကာယဒိဋ္ဌိ၊ ။ ကိလေသာ ရောဂါကြီး၊ တခွက်ထည်းနှင့်။ အပြီးပျောက်ပြေးအောင်၊မြတ်စွာဘုရားဆေးတော်ကြီးသောက်နည်းကား၊

မသိတတ်သော သဘောတရားရသည်ရုပ်၊ သိတတ်သော သဘောတရားရသည်နာမ်၊ထိုရုပ်နာမ်တို့သည်၊ ငါမဟုတ်ငါမဟုတ်၊ရုပ်ရတွေနာမ်ရတွေသာဟုတ်လှန်ပါတကား၊

ဖောက်ပြန်သော သဘော တရားရသည် ရုပ်၊ အာရုံသို့ ညွတ်တတ်သော သဘောတရားရသည် နာမ်၊ ထိုရုပ်နာမ်တို့သည်၊ ကိုယ်မဟုတ်ကိုယ်မဟုတ်၊ ရုပ်တွေနာမ်တွေ။ ပေါင်းစု၍နေသော၊ရုပ်ခန္ဓာနာမ်ခန္ဓာသာ၊ဟုတ်ကျန်ပါတကား၊ ။ ဟုဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်၊ ဤကားအသက်ထက်ဆုံး အမြဲနှလုံးသွင်းရန်တရားတည်း။ ၄င်းနည်းနှစ်ပါးတွင်၊ တပါးပါးကို ပွားများလျှင်၊ သက္ကာယ ဒိဋ္ဌိ ပျောက်၏။ ပျောက်သော်လည်း၊ ဉာဏ်ထင်ထင်မြင်မြင်ကြီးရှိအောင်နှစ်ပါးလုံး ပွားများရာ၏။ ။နာမရူပပရိစ္ဆေဒဉာဏ်ပြီး၏။

ပစ္စယပရိဂ္ဂဟဉာဏ်ကို ပြပေအံ့။ ရုပ်နာမ်တို့သည်၊ ကံစသော အကြောင်းတို့ကြောင့် ဖြစ်ကုန်ပါတကား။ ။ရုပ်နာမ်တို့သည်၊ လူ၊ နတ်၊ ဗြဟ္မာ၊ မိဘစသော အကြောင်းတို့ကြောင့် မဖြစ်ကုန်ပါတကား။ ။အပ္ပသုတပုဂ္ဂိုလ်တို့ စီးဖြန်းဘို့။ ။ရုပ်နာမ်တို့သည်၊ ပစ္စုပ္ပန်ကာလ၌၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ၊ စက္ခု၊ ရူပစသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။ ။ရုပ်နာမ်တို့သည်၊ ရှေးရှေးအတိတ်ကာလ၌ လည်း၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ၊ စက္ခု၊ ရူပစသောအကြောင်းတို့ကြောင့် ဖြစ်ဘူးလေကုန်ပြီ။ ။ရုပ်နာမ်တို့သည်၊ မကျွတ်သေးသမျှအနာဂတ်ကာလ၌လည်း၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ၊ စက္ခု၊ ရူပ စသော အကြောင်း တို့ကြောင့်ဖြစ်ကုန်လတ္တံ့။ ။ရုပ်နာမ်ဖြစ်ကြောင်းကို ဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်။ ။ဗဟုသုတ ပုဂ္ဂိုလ်တို့စီးဖြန်းဘို့။ ။ဤကားဘာဝနာကာရစီးဖြန်းနည်းတည်း။

ဥပဋ္ဌာနာကာရ ထင်နည်းကား။ ။ဤဆိုအပ်ခဲ့ပြီး သည့်အတိုင်း။ ဣရိယာပုထ်လေးပါး၌ အားထုတ်၍စီးဖြန်းလျှင်၊ မကြာခင်အဒ္ဓန့်သုံးဖြာ၌ ဝိစိကိစ္ဆာပယ်ခွါ လွင့်ပျောက်လိမ့်မည်၊ ရုပ်နာမ်တို့သည်။ ပစ္စုပ္ပန်ဘဝ၌၊ အဝိဇ္ဇာ တဏှာ စသောအကြောင်းတို့ကြောင့် ဖြစ်ကုန်၏။ အတိတ်ဘဝ၌လည်း၊ အဝိဇ္ဇာ တဏှာစသော အကြောင်း တို့ကြောင့် ဖြစ်ဘူးလေကုန်ပြီ၊ အနာဂတ် ဘဝ၌လည်း၊ အဝိဇ္ဇာ တဏှာစသော အကြောင်း တို့ကြောင့်ဖြစ်ကုန်လတ္တံ့ဟု၊ မိမိမနောထဲမှာ သဘောကျသျှင် ဘဝသုံးဖြာ၌ ဝိစိကိစ္ဆာလမ်းနှစ်ခွကို ပယ်ခွါလွင့်ပျောက်ပြီ ဧကန်မှတ်။ ။ဤကားဥပဋ္ဌာနာကာရထင်နည်းတည်း။

ပစ္စယပရိဂ္ဂဟဉာဏ်၌။ လိုရင်းကြီး အကျဉ်းချုပ်၊ နိဂုမ်းအချုပ်လျက်၊ အသက် ထက်ဆုံး။ အမြဲ နှလုံး သွင်းရန် တရားကား။ ။ဘနည်းလည်း။ ဗုဒ္ဓေကာလ်တော် အစရှိသော ရှစ်ပါးတ ဆဲ့ခြောက်ပါး၌၊ ယုံမှားသက်။ ။ဝိစိကိစ္ဆာ။ ။ကင်ဝေ

သာရောဂါကြီး၊ တခွက်တည်းနှင့် အပြီးပျောက်ပြားအောင်၊ မြတ်စွာဘုရားဆေးတော်ကြီးသောက်နည်းကား၊

ရုပ်နာမ်တို့သည်၊ အဝိဇ္ဇာ၊တဏှာ၊ ဥပဒါန်ကံ၊ အာဟာရ၊ စက္ခု၊ရူပစသောအကြောင်းတို့ကြောင့်ဖြစ်ကုန်ပါတကား။

ရုပ်နာမ်တို့သည်၊လူ၊ နတ်၊ဗြဟ္မာ၊ မိဘ၊ စသောအကြောင်းတို့ကြောင့်မဖြစ်ကုန်ပါတကား၊ ၊ဟုဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင်၊ ဤကား၊ အသက်ထက်ဆုံး အမြဲနှလုံးသွင်းရန် တရားတည်း၊ ၎င်းနည်း နှစ်ပါးတွင် အန္ဝယနည်းနှင့်ပင် ဝိစိကိစ္ဆာ ပျောက်၏၊ ပျောက်သော်လည်း၊ ဉာဏ်ထင်ထင် မြင်မြင်ကြီးရှိအောင်ဗျတိရေကနည်းကိုလည် :ပွါးများရာ၏၊ အန္ဝယနည်းသည်၊ အဟေတုကဒိဋ္ဌိ ဝိစိကိစ္ဆာတို့ကိုပယ်၏၊ ဗျတိရေကနည်းသည်၊ ဝိသမဟေတုဒိဋ္ဌိကိုပယ်၏း ထိုနည်းနှစ်ပါးတို့၏ အထူးတည်း၊ ၊ပစ္စယပရိဂ္ဂဟဉာဏ်ပြီး၏၊

---

သမ္မသန ဉာဏ်-ဉဒယဗ္ဗယ ဉာဏ်တို့ကိုပြပေအံ့၊ ၊ ပဉ္စာရုံရုပ်ငါးပါးတို့၏ဖြစ်ခြင်းပျက်ခြင်းစီးဖြန်းနည်းကား၊

မြင်ရုပ်တို့သည်၊မြင် မြင်ခြင်း၊ဖြစ်ကုန်၍၊ မြင်၊မြင်ခြင်း၊ ပျက်စီးချုပ်ကုန်ပြီ၊ နောက်မြင်သော အဆင်းရုပ်တို့သည်၊ ရုပ်သစ်ကိုသာမြင်ကုန်ပါတကား။

ကြားရုပ်တို့သည်၊ကြား၊ကြားခြင်း၊ဖြစ်ကုန်၍၊ကြား၊ ကြားခြင်းပျက်စီးချုပ်ကုန်ပြီ၊ နောက်ကြားသော အသံရုပ်တို့သည်၊ ရုပ်သစ်ကိုသာကြားကုန်ပါတကား၊

နံရုပ်တို့သည်။ နံ၊ နံခြင်း၊ ဖြစ်ကုန်၍၊နံ၊ နံခြင်းပျက်စီးချုပ်ကုန်ပြီ၊ နောက်နံသောအနံ့တို့သည်။ ရုပ်သစ်ကိုသာနံကုန်ပါတကား၊

လျက်ရုပ်တို့သည်၊လျက်၊ လျက်ခြင်း၊ဖြစ်ကုန်၍၊ လျက်၊ လျက်ခြင်း၊ ပျက်စီးချုပ်ကုန်ပြီ၊ နောက်လျက် သောအရသာတို့သည်၊ရုပ်သစ်ကိုသာလျက်ကုန်ပါတကား၊

ထိရုပ်တို့သည်၊ ထိ၊ထိခြင်း၊ ဖြစ်ကုန်၍၊ ထိ၊ထိခြင်း၊ပျက်စီးချုပ်ကုန်ပြီး နောက်ထိသော အတွေ့တို့သည် ရုပ်သစ်ကိုသာ ထိကုန်ပါတကား၊ ။ဟုဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်၊ ။ ပဉ္စာရုံရုပ်ငါးပါးတို့၏ဖြစ်ခြင်းပျက်ခြင်းစီးဖြန်းနည်းပြီး၏။

ဝိညာဏ်နာမ် ခြောက်ပါးတို့၏ ဖြစ်ခြင်းပျက်ခြင်း စီးဖြန်းနည်းကား။

မြင်၍သိသော စိတ်တို့သည်၊ သိ၊သိခြင်း၊ ဖြစ်ကုန်၍၊ သိ၊သိခြင်း၊ပျက်စီးချုပ်ကုန်ပြီ၊ နောက်သိသောစိတ်တို့သည်၊ စိတ်သစ်တို့သာသိကုန်ပါတကား၊

ကြား၍သိသော စိတ်တို့သည်။သိ၊ သိခြင်းဖြစ်ကုန်၍၊ သိ၊ သိခြင်း၊ပျက်စီးချုပ်ကုန်ပြီ၊ နောက်သိသောစိတ်တို့သည်၊ စိတ်သစ်တို့သာသိကုန်ပါတကား၊

နံ၍သိသောစိတ်တို့သည်၊ သိ၊ သိခြင်းဖြစ်ကုန်၍၊ သိ၊ သိခြင်းပျက်စီးချုပ်ကုန်ပြီ၊ နောက်သိသော စိတ်တို့သည်၊ စိတ်သစ်တို့သာသိကုန်ပါတကား၊

လျက်၍သိသောစိတ်တို့သည်၊ သိ၊သိခြင်း၊ ဖြစ်ကုန်၍၊ သိ၊သိခြင်း၊ပျက်စီးချုပ်ကုန်ပြီ၊ နောက်သိသောစိတ်တို့သည်၊ စိတ်သစ်တို့သာသိကုန်ပါတကား၊

ထိ၍၊သိသောစိတ်တို့သည်။ သိ၊သိခြင်း၊ ဖြစ်ကုန်၍၊ သိ၊သိခြင်းပျက်စီးချုပ်ကုန်ပြီ၊ နောက်သိသော စိတ်တို့သည်၊ စိတ်သစ်တို့သာသိကုန်ပါတကား။

ကြံ၍သိသောစိတ်တို့သည်။ သိ၊သိခြင်း၊ ဖြစ်ကုန်၍သိ၊သိခြင်း ပျက်စီးချုပ်ကုန်ပြီ၊ နောက်သိသော စိတ်တို့သည်၊ စိတ်သစ်တို့သာ သိကုန်ပါတကား။ ၊ဟုဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်၊ ။ဧကေကဓမ္မော၊ ဟောသည်နှင့် အညီ၊ ပဉ္စာရုံရုပ်ငါးပါးတို့တွင် ကြားရုပ်၏ ဖြစ်ပျက်ခြင်းကိုသာ ရှေးဦးစွာစွဲမြဲစီးဖြန်း၊ ကြားရုပ်၏ ဖြစ်ပျက်ခြင်းကို မထင်မခြင်း၊ ဘယ်နှစ်ရက်ကြာကြာ၊ ဘယ်နှစ်လကြာကြာ စွဲမြဲစီးဖြန်း၊ စွဲမြဲစီးဖြန်း

လျှင်မကြာခင်ကြားရုပ်၏ ဖြစ်ပျက်ခြင်းကို ကောင်းထင်မြင်လိမ့်မည်၊ ကြားရုပ်၏ဖြစ်ပျက်ခြင်း ထင်ထင်မြင်မြင်ကြီးရှိလျှင်ကြွင်းသော ရုပ်တို့၏ ဖြစ်ပျက်ခြင်းတို့သည် အလွန် ထင်မြင်လွယ်ကုန်၏ဟု-ကောင်း မှတ်ချမှတ်။ ကြားရုပ်တို့၏ ဖြစ်ပျက်ခြင်း ထင်ထင်မြင်မြင်ကြီးရှိမှ၊ ကြွင်းသော ပဉ္စာရုံရုပ်တို့ကိုစီးဖြန်း။ ကြားရုပ် စီးဖြန်းသောအခါ၊ ဗဟိဒ္ဓအသံကို မကြားလျှင်၊ ကြားပြီးသောအသံကိုရင်း၊ ဓိမိန္ဒတ်က-အနိစ္စဟု ရှုတ်သော အသံကိုရင်းအာရုံပြု၍စီးဖြန်းလေ။ ပိဉာဏ် နာသမ်ခြောက်ပါးတို့တွင်ကြံသိနာသမ်ဖြစ်ပျက်ခြင်းကိုသာ ရှေးဦးစွာစွဲမြဲစီးဖြန်း၊ စွဲမြဲစီးဖြန်းလျှင် မကြာခင်ကြံသိနာသမ်၏ ဖြစ်ပျက်ခြင်းကောင်းထင်လိမ့်မည်၊ ကြံသိနာသမ် ဖြစ်ပျက်ခြင်း ထင်ထင်မြင်မြင်ကြီးမ်မှ ကြွင်းသော နာသမ်တို့ကိုစီးဖြန်းလေ၊ ။ပိဉာဏ် နာသမ်ခြောက်ပါးတို့၏ ဖြစ်ပျက်ခြင်းစီးဖြန်းနည်းပြီး၏။

---

ရုပ်နာသမ်နှစ်ပါးကို ပေါင်း၍ ဖြစ်ပျက်ခြင်း စီးဖြန်းနည်းကို ပြဆိုပေအံ့။

ရုပ်နာသမ် တို့သည်၊ ယခုဖြစ်၊ ယခု ပျက်၍ နေကုန်ပါတကား။ ။ရုပ်နာသမ်တို့သည်၊ ယခုများစွာဖြစ်။ ယခုများစွာပျက်၍နေကုန်ပါတကား။ ။ရုပ်နာသမ်တို့သည်၊ ယခုမရေတွက်နိုင်အောင်ဖြစ်၊ ယခု မရေတွက် နိုင်အောင်ပျက်၍ နေကုန်ပါ တကား။ ။ရုပ်နာသမ်တို့သည်၊အဘန်တလဲလဲ၊နာခရိမ်မဲ၊ အမြဲဖြစ်ပျက်၍ နေကုန်ပါတကား။ ။ဟုဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်၊ ၎င်းနည်းကို မထင်မမြင် မချင်းဘယ်နှစ်ရက်ကြာကြာ၊ ဘယ်နှစ်လကြာကြာ စွဲမြဲစီးဖြန်း၊ ၎င်းနည်း ထင်ထင်မြင်မြင်ကြီးရှိမှ နောက်နည်းတို့ကို စီးဖြန်းလေ။ ။ရုပ်နာသမ်တို့သည်၊ ထခုဖြစ် ယခုပျက်၍ မမြဲလေသောကြောင့်၊ အနိစ္စ သဘောတရားတို့ချည်းပါတကား။ ။ရုပ်နာသမ်တို့သည်၊ ဥပါဒ်ဋ္ဌီဘင်၊ အစဉ် မပြတ်၊ အမြဲနှိပ်စက်အင်သောကြောင့်၊ ဒုက္ခသဘော

တရားတို့ချည်းပါတကား။ ။ရုပ်နာမ်တို့သည်။ ပုဂ္ဂိုလ်အလို သို့မလိုက်လို၍၊ နဂိုသဘော အတိုင်း ဖြစ်ပျက် သောကြောင့်၊ အနတ္တ သဘောတရားတို့ ချည်းပါတကား၊ ရုပ်နာမ်တို့သည်၊ ယခုများစွာဖြစ်၍၊ ယခုများစွာ ပျက်လေသောကြောင့်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားတို့ချည်း ပါတကား။ ။ရုပ်နာမ် တို့သည်၊ ယခုမရေတွက်နိုင်အောင်ဖြစ်၍၊ ယခုမရေတွက်နိုင် အောင် ပျက်လေသောကြောင့်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော တရားတို့ချည်း ပါတကား။ ။ဟုဉာဏ်ဖြင့် အဘန်ဘန်ဆင် ခြင်၊ ဤကားသန္တတိပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်ကာလ၌ အနိစ္စဒုက္ခ အနတ္တစီးဖြန်းနည်းတည်း။

ယခုဘဝ၊ ပဋိသန္ဓေစိတ်မှစ၍၊ စုတိစိတ် တိုင်အောင်ဖြစ် သော ရုပ်နာမ်တို့သည်၊ ပျက်စိတမှိတ် ခန့်ကာလ၊ စိတ္တက္ခဏ ကာလမျှမရပ်မဆိုင်း၊ ဖိုင်းဖိုင်းဖြေးလျက်၊ မနှေးလျှင်လျှင်မြန် မြန်ကြီး အဘန်ဘန်ဖြစ်ပျက်၍နေသောကြောင့်၊ အနိစ္စ ဒုက္ခအ နတ္တ သဘောတရားတို့ချည်းပါ တကား။ ။ဟုဉာဏ်ဖြင့် အ ဘန်ဘန်ဆင်ခြင်၊ ဤကား၊ အဒ္ဓါနပစ္စုပ္ပန်ကာလ၌၊ အနိစ္စဒုက္ခ အနတ္တစီဖြန်းနည်းတည်း။

အနမတဂ္ဂ၊ အစမထင်သော ဘဝမှစ၍၊ ဘုရား ပစ္စေက ဗုဒ္ဓါရဟန္တာဖြစ်၍၊ ပရိနိဗ္ဗာန် ပြုသည့် စုတိစိတ် တိုင်အောင် ဖြစ်သော ရုပ်နာမ်တို့သည်၊ ပျက်စိတမှိတ်ခန့်ကာလ၊ စိတ္တက္ခ ဏကာလမျှမရပ်မဆိုင်း ဖိုင်းဖိုင်းဖြေးလျက်၊ မနှေး လျှင်လျှင် မြန်မြန်ကြီး။ အဘန်ဘန် ဖြစ်ပျက်၍ နေသောကြောင့်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတရားတို့ချည်း ပါတကား၊ ။ဟုဉာဏ် ဖြင့်အဘန်ဘန်ဆင်ခြင်၊ဤကားကာလသုံးပါး၌၊အနိစ္စ၊ဒုက္ခ၊ အ နတ္တစီးဖြန်းနည်းတည်း။

နှစ်ပါး ရုပ်နာမ် ဖြစ်ပျက်ဟန့်ကို ဥပမာ ဆောင်၍ ထင် အောင်ပြပေအံ့။ ။နှစ်ပါးရုပ်နာမ် ဖြစ်ပျက်ဟန်တွေ၊ မြစ်ရေ အရဉ်၊ အစဉ်မပြတ်၊ မရပ်မနား၊ စီးသွားဖြင်းထန်၊ လွန်လျှင်

မြန်သို့၊ ရုပ်နာမ်နှစ်ရပ် ဥပါဒ်ဌီဘင်။ အစဉ်မပြတ် မရပ်မနား။ လျှင်လျား မြန်လျက်၊ အဆက်ဆက်။ ဖြစ်ပျက်၍ နေပါ တကား။ ။ရုပ်နာမ်ဘန်ဘန်၊ ဖြစ်ပျက်ဟန်မှာ၊ ဆီမီးလျှံဟု၊ ရုပ်နာမ်နှစ်ရပ် ၅၊ နောက်စပ်တွဲ ၊မစဲဘွဲလျက်။ အဆက်ဆက်၊ ဖြစ်ပျက်၍နေပါတကား။ ။ပစ္စုပ္ပန် ရုပ်နာမ်တို့သည်၊ ပဋိသန္ဓေ ချုပ်။ ။မိုးစီးရွာတုံးတွင်။ကောင်းကင်ထက်၌၊ ပြိုးပျက်ထိန်လင်း၊ တဝင်းဝင်းဖြစ်ဘိ၊ လျှပ်စစ်၏ လျှင်မြန်စွာ ဖြစ်ပျက်ခြင်းကဲ့သို့၊ လျှင်မြန်စွာ၊ ဖြစ်လည်းဖြစ်၊ ပျက်လည်းပျက်သောကြောင့်၊ ယခုဖြစ်ယခုပျက်၍ နေကုန်ပါတကား။ ။ဟုဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်။ ဤကားနှစ်ပါးရုပ်နာမ် ဖြစ်ပျက်ဟန်ကို ဥပမာဆောင်၍ ထင်အောင် ပြနည်းတည်း။ ။ရုပ်နာမ် နှစ်ပါးကို ပေါင်း၍ဖြစ်ခြင်းပျက်ခြင်း စီးဖြန်းနည်းပြီး၏။ ဤကားဘာဝနာကာလရစိုးဖြန်းနည်းတည်း။

ဥပဋ္ဌာနကာလ ထင်နည်းကား။ ။ဤသို့ဆိုအပ်ခဲ့ပြီးသည်အတိုင်း၊ ဇ္ဈာရိယာပုထ်လေးပါး၌ မိုးပွတ်သော ယောက်ျားကဲ့သို့၊ မနေမနား အားထုတ်၍ စီးဖြန်းလျှင်၊ မကြာခင် သမ္မသနဉာဏ်ဥဒယဗ္ဗယဉာဏ် ထင်လိမ့်မည်၊ ရုပ်နာမ်နှစ်ရပ်တို့သည် လျှပ်စစ်၏ဖြစ်ပျက်ခြင်းကဲ့သို့၊ ဖြစ်လည်းဖြစ်၊ ပျက်လည်းပျက်သောကြောင့်၊ ယခုဖြစ်ယခုပျက်၍ နေကုန်ပါတကားဟု၊ ဘာဝနာဉာဏ်ဖြင့်ပိုင်ပိုင်နိုင်နိုင်ကြီးသိမြင်လျှင်။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် ‌ကောန်ထင်မြင်ပြီဟု၍မှတ်။ ။ဤကားဥပဋ္ဌာနကာလ ထင်နည်းတည်း။ ။ရုပ်နာမ်ဖြစ်ပျက်ခြင်းကို အကျဉ်းထင်လျှင်သမ္မသနဉာဏ်၊ အနှထင်လျှင်ဥဒယဗ္ဗယဉာဏ်၊ သမ္မသနဉာဏ်သည်ကား ရုပ်နာမ်တို့၏ မျက်တောင်တခပ်၊ လျှပ်စစ်တပျက်မျှအသက်ရှည်၍၊ တည်နိုင်သော တရားမျိုးမဟုတ်ကြောင်းကို အဘန်ဘန် သုံးသပ် ဆုံးဖြတ်နိုင်သော ဉာဏ်တည်း။ဥဒယဗ္ဗယဉာဏ်သည်ကား ရုပ်နာမ်တို့၏ သန္တတိဇာတိ၊ သန္တတိမရဏ၊ ခဏိကဇာတိ၊ ခဏိကမရဏ၊ ခဏမစဲ

အဘာန်တလဲလဲ အမြဲဖြစ်ပေါ်မှု၊ ချုပ်ပျောက်မှုတို့ကို ဝိုင်ဝိုင်နိုင် နိုင်ကြီးထင်မြင်နိုင်သော ဉာဏ်တည်း။ ။ထိုဉာဏ်နှစ်ပါးတို့၏ အထူးတည်း။

သမ္မသန ဉာဏ်၌ လိုရင်းကြီး အကျဉ်းချုပ်၊ နိဂုံး အခုပ် လျက်အသက်ထက်ဆုံး အမြဲနှလုံးသွင်းရန်တရားကား၊ ။တ နည်းလည်း ရုပ်နာမ်အများပေါင်းရပြား၍ နေသည်ကို၊ မပြား မကွဲ တခုထဲ။ အမြဲတည်နေသည်ဟု၊ မှတ်ထင် စွဲလမ်းကြ သော၊ ။သမူဟဂါဟာ၊ ။ကိလေသာရောဂါကြီး၊ တခွက် ထည်းနှင့်အပြီး ပျောက်ပြားအောင် မြတ်စွာဘုရား ဆေးတော် ကြီးသောက်နည်းကား၊ ။ရုပ်နာမ်တို့သည် ယခုဖြစ် ယခု ပျက်၍ နေကုန်ပါတကား၊ ရုပ်နာမ်တို့သည် ယခု များစွာ ဖြစ်၊ ယခုများစွာ ပျက်၍ နေကုန်ပါတကား။ ။ရုပ်နာမ်တို့ သည် ယခု မရေတွက် နိုင်အောင်ဖြစ်၊ ယခုမရေ တွက်နိုင် အောင်ပျက်၍နေကုန်ပါတကား။ ။ဟုဉာဏ်ဖြင့် အဘာန်ဘာန် ဆင်ခြင်၊ ဤကားအသက်ထက်ဆုံး အမြဲနှလုံးသွင်းရန်တရား တည်း။ ၎င်းသုံးပါးတို့တွင်တပါးပါးကို ပွားလျှင်သမူဟဂ္ဂါဟာ ပျောက်၏၊ ပျောက်သော်လည်း ဉာဏ်ထင်ထင် မြင်မြင်ကြီးရှိ အောင်သုံးပါးလုံးကိုပွါးများရာ၏သမ္မသနဉာဏ်ကြီးပြီး၏၊

ဥဒယဗ္ဗယ ဉာဏ်၌ လိုရင်းကြီး အကျဉ်းချုပ် နိဂုံးခုပ် လျက်၊ အသက်ထက်ဆုံး အမြဲ နှလုံးရန်တရားကား၊ ။တ နည်းလည်း။ ခပ်သိမ်းရုပ်နာမ်တို့သည်၊ ဘုံသုံးတန်၌ အဘာန် တလဲလဲ၊ နာရီမစဲ အမြဲဖြစ်ပျက်၍ နေသည်ကို၊ ရုပ်နာမ်ချုပ် လျှင်ရုပ်နာမ်ပြတ်ပြီဟု၊ မှတ်ထင်စွဲလမ်းကြသော၊ ဥစ္ဆေဒဒိဋ္ဌိ ကိလေသာ ရောဂါကြီး၊ တခွက် တည်းနှင့်၊ အပြီး ပျောက် ပြားအောင်၊ မြတ်စွာဘုရား ဆေးတော်ကြီး သောက် နည်း ကား၊

ခပ်သိမ်းရုပ်နာမ်တို့သည်။ အဘာန်တလဲလဲ၊ နာရီမစဲ၊ အမြဲ ဖြစ် ပျက်၍နေကုန်ပါတကား၊ ဟုဉာဏ်ဖြင့် အဘာန်ဘာန်ဆင်

ခြင်၊ ဤကား။ အသက်ထက်ဆုံး အမြဲနှလုံးသွင်းရန် တရားတည်း။ ။ဥဒယဗ္ဗယဉာဏ်ပြီး၏။

---

ဘာဂ်ဉာဏ်ကိုပြပေအံ့။ ။ရုပ်နာမ်တို့သည်၊ လျင်မြန်စွာ လျင်မြန်စွာ ပျက်စီး၍နေကုန်ပါတကား။ ။ရုပ်နာမ်တို့သည်။ လျင်မြန်စွာလျင်မြန်စွာ၊များစွာ ပျက်စီး၍နေကုန်ပါတကား၊ ။ ရုပ်နာမ်တို့သည်၊ လျင်မြန်စွာလျင်မြန်စွာ၊ ယခုမရေ တွက်နိုင်အောင်။ပျက်စီး၍ နေကုန်ပါးတကား။ ။ဟုဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်၊ ။ငင်းစီးဖြန်းနည်းကိုသာရှေးဦးစွာ စွဲမြဲ၍စီးဖြန်း၊ စွဲမြဲစီးဖြန်းလျှင်၊ မကြာခင် ဘာဂ်ဉာဏ်ထင်သိမ့်မည်၊ ရုပ်နာမ် ပျက်စီးခြင်း မထင်မမြင်မခြင်း ဘယ်နှစ်ရက်ကြာကြာ၊ ဘယ်နှစ်လကြာကြာ။စွဲမြဲစီးဖြန်း။ ရုပ်နာမ်ပျက်စီးခြင်း ထင်ထင်မြင်မြင်ကြီးရှိမှ၊ နောက်နည်း များကို စီးဖြန်းလေ။ လို ရင်း ကြီးမှတ်။ ။ရုပ်နာမ်တို့သည်၊ လျင်မြန်စွာ လျင်မြန်စွာ ပျက်စီး၍၊ မမြဲလေ သောကြောင့်၊ အနိစ္စသဘော တရားတို့ချည်း ပါတကား။ ။ရုပ်နာမ်တို့သည်၊ ဥပါဒ်ဌီဘင်။ အစဉ်မပြတ်၊ အမြဲနှိပ်စက်အပ်သောကြောင့်၊ ဒုက္ခသဘော တရားတို့ချည်း ပါတကား။ ။ရုပ်နာမ်တို့သည်ပုဂ္ဂိုလ်အလိုသို့မလိုက်လို၍၊ နဂိုရှိသဘော အတိုင်း ဖြစ်သောကြောင့် အနတ္တသဘော တရားတို့ချည်းပါတကား။ ။ရုပ်နာမ်တို့သည် လျင်စွာလျင်စွာ၊ များစွာ ပျက်စီး၍ နေသောကြောင့်၊ အနိစ္စဒုက္ခ အနတ္တသဘော တရားတို့ချည်း ပါတကား။ ။ရုပ်နာမ်တို့သည် လျင်စွာ၊ လျင်စွာ မရေတွက်နိုင်အောင် ပျက်စီး၍ နေသောကြောင့်၊ အနိစ္စ ဒုက္ခ အနတ္တ သဘော တရားတို့ ချည်းပါတကား။ ။ဟုဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်၊ ဤကားသင်္ခတ်ပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်ကာလ၌အနိစ္စဒုက္ခအနတ္တစီးဖြန်းနည်းတည်း၊

ယခုဘဝ ပဋိသန္ဓေစိတ်မှစ၍၊ စုတိစိတ် တိုင်အောင်ဖြစ်သော ရုပ်နာမ်တို့သည်၊ မျက်စိတမှိတ် ခန့်ကာလ၊ စိတ္တက္ခဏ

ကာလမျှ၊မရပ်မဆိုင်း၊ ဒိုင်းဒိုင်းပြေးလျက်၊ မနှေးလျင်လျင်မြန်မြန်ကြီး။ အဘန်ဘန်ပျက်စီး၍ နေသောကြောင့်၊ အနိစ္စဒုက္ခအနတ္တသဘော တရားတို့ချည်း ပါတကား၊ ဟုဥာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်၊ ဤကားအဒ္ဓါနပစ္စုပ္ပန်ကာလ၌ အနိစ္စဒုက္ခအနတ္တစီးဖြန်နည်းတည်း၊

အနမတဂ္ဂ အစမထင်သော ဘဝမှစ၍၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာဖြစ်၍၊ ပရိနိဗ္ဗာန်ပြုသည့် စုတိစိတ် တိုင်အောင်ဖြစ်သော ရုပ်နာမ်တို့သည်။ ပျက်စီဟမှိက်ခန့်ကာလ၊ စိတ္တက္ခဏကာလမျှ၊ မရပ်မဆိုင်း ဒိုင်းဒိုင်းပြေးလျက်၊ မနှေးလျင်လျင်မြန်မြန်ကြီး၊ ပျက်စီး၍ ပျက်စီး၍နေသောကြောင့်၊ အနိစ္စဒုက္ခအနတ္တ သဘောတရားတို့ချည်း ပါတကား၊ ဟုဥာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်၊ ဤကားကာလသုံးပါး၌၊ အနိစ္စဒုက္ခအနတ္တစီးဖြန်းနည်း၊ ၊ဤကားဘာဝနာကာရစီးဖြန်းနည်းတည်း၊

ဥပဋ္ဌာနာကာရ ထင်နည်းကား။ ၊ဤဆိုအပ်ခဲ့ပြီး သည်အတိုင်း၊ ဓာရိယာပုထ်လေးပါး၌ အားထုတ်၍ စီးဖြန်းလျှင်၊ မကြာခင်ဘင် ဥာဏ်ထင်လိမ့်မည်၊ မိမိဥာဏ်ထဲမှာ ရုပ်နာမ်တွေလျင်မြန်စွာ လျင်မြန်စွာ ပျက်စီး၍ အမြဲနေသည်ဟု မှတ်ထင်လျှင်၊ ဘင်ဥာဏ် ကြေန်ထင်ပြီဟူ၍မှတ်၊ ၊ဤကားဥပဋ္ဌာနာကာရထင်နည်းတည်း၊

ဘင်ဥာဏ်၌ လိုရင်းကြီး အကျဉ်းချုပ်နိဂုမ်း အရင်လျက်အသက်ထက်ဆုံး အမြဲနှလုံးသွင်းရန် တရားကား။ ၊တနည်းလည်းခပ်သိမ်းရုပ်နာမ်တို့သည့်။ဘုံသုံးတန်၌၊ အဘန်တလဲလဲ၊ နာရီမစဲ၊ အမြဲပျက်စီး၍နေသည်ကို။ အပျက်မရှိပဲ၊ အမြဲတည်နေသည်ဟု၊ မှတ်ထင်စွဲလမ်းကြသော၊ ၊သသသတဒိဋ္ဌိ၊ ၊ ကိလေသာ ရောဂါကြီး၊ တခွက်တည်းနှင့် အပြီးပျောက်ပြေးအောင်၊မြတ်စွာဘုရားဆေးတော်ကြီးသောက်နည်းကား။

ခပ်သိမ်း ရုပ်နာမ် တို့သည်၊ ဆီမီးလျှံကဲ့သို့၊ လျင်မြန်စွာလျင်မြန်စွာ၊ ပျက်စီး၍နေကုန်ပါတကား။ ဟုဥာဏ်ဖြင့် အဘန်

ဘန်ဆင်ခြင်၊ ဤကားအသက်ထက်ဆုံး အမြဲနှလုံးသွင်းရန်က
ရားတည်း၊ ၊ဘင်္ဂဉာဏ်ပြီး၏။

---

ဘယဉာဏ်ကို ပြပေအံ့၊ ၊ဤဘင်္ဂဉာဏ်ကို အဘန်ဘန် ပွားများသော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌၊ ခြင်္သေ့၊ သစ်၊ကျား၊ သားရဲ၊ဝံအောင်း၊ မွေးဆောင်းစွယ်ပြူး၊ ဘီလူးရက္ခိုသ်စသည် တို့ကိုတွေ့၍၊ မှိုင်းမေ့ဝေနောက်၊သေမတတ် ကြောက်ကြဘုန် သကဲ့သို့၊ခပ်သိမ်းဥဿုံ၊ ပျက်ပြားကုန်သော တေဘုမ္မကသင်္ခါ ရရုပ်နာမ်တရားတို့သည် ကြောက်လန့် ဘွယ်သော ဘေးကြီး၊ ဒုက္ခတုံးဒုက္ခခဲကြီး၊ အပူတုံးအပူခဲကြီးဟုထင်လာကုန်၏၊ ထို အခါဘယဉာဏ်ဖြစ်၏။

ဘယဉာဏ်၌ လိုရင်းကြီး အကျဉ်းချုပ်၊ နိဂုမ်းအုပ်လျက်၊ အသက်ထက်ဆုံး၊ အမြဲနှလုံးသွင်းရန်တရားကား၊ ၊တနည်း လည်း။သုံးပါးဘဝ၊ ဝဋ်ဒုက္ခကိုသုခမှတ်ထင်ကြ၍ ထိုဒုက္ခကိုမ ကြောက်သော။ ၊အဘယ်သညာ။ ၊ကိလေသာ ရောဂါ ကြီး၊ တခွက် ထည်းနှင့်အပြီး ပျောက်ပြားအောင်၊ မြတ်စွာ ဘုရားဆေးတော်ကြီးသောက်နည်းကား။

ခပ်သိမ်း ရုပ်နာမ်တို့သည်၊ ဘေးရန်တွေ အသင်္ချေအနန္တ၊ များပြားလှ၍ အလွန် ကြောက်ထိတ်လန့်စရာတို့ ချည်းပါတ ကား၊ဟုဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်။ ဤကားအသက်ထက် ဆုံးအမြဲနှလုံးသွင်းရန်တရားတည်း။ ၊ဘယဉာဏ်ပြီး၏။

အာဒီနဝဉာဏ်ကိုပြပေအံ့၊ ၊ဤဘယဉာဏ်ကို အဘန် တလဲလဲမှီဝဲပွားများသော ယောဂီထွန့်များ၊ ပုဂ္ဂိုလ်များသည်၊ သားရဲနေသော လျို၊ ကျားရှိသော တောင်ခေါင်း၊ မိကျောင်း ရက္ခိုက်စောင့်သော ရေစသည်တို့သို့ ရောက်သော သူသည် ရွံ့ ကြောက်သန့်ထိဘ်၊ စိတ်မပျော်ရွှင်၊ ထက်ဝန်းကျင်အပြစ် ကိုမြင်သကဲ့သို့၊ ခပ်သိမ်းသောဘဝတို့၌၊ တာဏ၊ လေဏ၊ကိုး ကွယ်လည်းလျောင်း၊ ပုန်းအောင်း မှီခိုရာမမြင်၍၊ တစုံတရာ

သင်္ခါရတရက်ိုမှု။ ပဏ္ဏနာ အာသိသ မပြု၊ ဘင်္ဂါနုပဿနာ
ဉာဏ်၏ အစွမ်းအားဖြင့်၊ ဘေးကြီးဟု ထင်ကုန်ပြီးသောသင်္ခါ
ရရုပ်နာမ် တရားတို့ကို၊ အလွန်မကောင်းသော အဖြစ်တွေဟု
ထင်လာ၏၊ ထိုအခါ အာဒီနဝဉာဏ်ဖြစ်၏၊

အာဒီနဝ ဉာဏ်၌ လိုရင်းကြီး အကျဉ်းချုပ်၊ နိဂုမ်းအုပ်
လျက်၊ အသက်ထက်ဆုံး၊ အမြဲနှလုံးသွင်းရန် တရားကား၊ ။
တနည်းလည်း။ သုးပါးဘဝ၊ ဝဋ်ဒုက္ခကို၊ သူခ မှတ်ထင်ကြ၍၊ ထို
ဒုက္ခကိုပင်၊ ချစ်ခင်တပ်မက်၊ နှစ်သက်သာယာသော။ ။ အ
သာဒသညာ၊ ။ ကိလေသာ ရောဂါကြီး၊ တခွက်တည်းနှင့်
အပြီးပျောက်ပြားအောင်၊ မြတ်စွာဘုရားဆေးတော်ကြီးသောက်
နည်းကား။

ခပ်သိမ်း ရုပ်နာမ်တို့သည်၊ မကောင်းသော အဖြစ် အနာ
အဆာ တွေ အလွန် များကုန် ပါတကား၊ ဟု ဉာဏ် ဖြင့်
အဘန်ဘန်ဆင်ခြင်၊ ။ဤကားအသက်ထက်ဆုံး အမြဲနှလုံး
သွင်းရန်တရားတည်း။ ။အာဒီနဝဉာဏ်ပြီး၏၊

---

နိဗ္ဗိန္ဒဉာဏ်ကို ပြပေအံ့။ ။အာဒီနဝ ဉာဏ်ဖြင့် ရုပ်နာမ်
နှစ်ပါး၊ သင်္ခါရ တရားတို့ကို။ အဖြစ် အားဖြင့် မြင်ပြီးသော
ယောဂီပုဂ္ဂိုလ်မြတ်သည်၊ အနေသတ္တဗိုင် စသော ဗိုင်ကြီးခု
နှစ်ဗိုင်၌၊ ပျော်ပိုက်နေကြ၊ ရွှေဟင်္သာငှက်မင်းသည်။ ဒွန်းစဏ္ဍား
ရွာအထွက်၊ ထစ်ပွက်ဗိုင်၌၊ မပျော်ပိုက်နိုင်သကဲ့သို့ငှင်း၊ ယူဇ
နာကျယ်ဆောင်၊ တောသုံးထောင်၌၊ ပျော်ပိုက်နေကြ၊ ကေသ
ရာဇာ ခြင်္သေ့မင်းခေါင်သည်။ ရွှေအိမ် ရွှေချိုင့်ကြီးကဲ့၌ မ
ပျော်ပိုက်နိုင်သကဲ့သို့ငှင်း၊ ဆဒ္ဒန်ဗိုင်၌၊ ပျော်ပိုက်နေကြ၊ ဝေ
ဟာသပျံ၊ ဆဒ္ဒန်ဆင်မင်းသည်၊ မြို့နန်းတွင်း၌၊ မပျော်ပိုက်နိုင်
သကဲ့သို့ငှင်း၊ အလုံးရပျက်ပြားကုန်သော ဘဝသုံးပါး၊ ဝိညာ
ဏဋ္ဌိတိ ခုနှစ်ပါး၊ သင်္ခါရ တရားတို့၌၊ မပျော်ပိုက်နိုင်၊ အနု
ပဿနာသုံးပါး၊ အနုပဿနာခုနှစ်ပါး၊ နိဗ္ဗာန် တရားတို့၌သာ။

ပျော်ပါးညွှတ်ကိုင်း စိတ်ရှိုင်းလာတော့သည်။ ထိုအခါ နိမ္မိန္ဒ ဥာတ်ဖြစ်၏။

နိမ္မိန္ဒဥာတ်၌ လိုရင်းကြီး အကျဉ်းချုပ်၊ နိဂုမ်းခုပ်လျက်၊ အသက်ထက် ဆုံး၊ အမြဲနှလုံးသွင်းရန်တရားကား၊ ၊တနည်းလည်း၊ သုံးပါးဘဝ ဝဋ်ဒုက္ခကို သုခဟုတ်ထင်၍၊ ဘုံသုံးခွင်၌၊ ပျော်ရွှင်မွေ့လျော်၍နေချင်သော၊ ၊အဘိရတိသညာ၊ ၊ကိလေသာ ရောဂါကြီး၊ တခွက် တည်းနှင့် အပြီး ပျောက်ပြီး အောင်၊မြတ်စွာဘုရားဆေးတော်ကြီးသောက်နည်းကား၊

ယောဂီလူတတ်၊ ပုဂ္ဂိုလ်မြတ်သည်၊ ခပ်သိမ်း ရုပ်နာမ်၌၊ ရှုံ့ရှာစက်ဆုပ်၊ မနှစ်သက်၍၊ မပျော်မွေ့ ငြီးငွေ့၊ ပျင်းမုန်းကြီး၊မုန်းပါတကား။

ယောဂီသူမွန်၊ ပုဂ္ဂိုလ် လွန်သည်၊ ခန္ဓာငါးတန်၊ ရုပ်နှင့်နာမ်ကို၊ဘန်ဘန်ရှုက်ဆောင်ရခြင်း၊ဝဋ်ဆင်းရဲ၌၊ မနှစ်မြို့က်၍၊ မပျော်မွေ့၊ငြီးငွေ့၊ ပျင်းမုန်းကြီး၊ မုန်းပါတကား၊ ၊ဟုဥာတ်ဖြင့် အဘန်ဘန်ဆင်ခြင်၊ ဤကားအသက်ထက်ဆုံး အမြဲနှလုံးသွင်းရန် တရားတည်း။ ၊ငင်းနည်းနှစ်ပါးတွင် တပါးပါးကို ပွားလျှင်၊အဘိရတိသညာပျောက်၏။ ပျောက်သော်လည်းဥာဏ် ထင်ထင်မြင်မြင်ကြီးရှိအောင် နှစ်ပါးလုံးပွားများရာ၏၊ ၊နိမ္မိန္ဒ ဥာတ်ပြီး၏၊

---

မဃဒေဝဇာတ်တော် ဥာတ်ကိုပြပေအံ့၊ ၊ဤနိမ္မိန္ဒ ဥာတ်ဖြင့်၊ ဘုံသုံးထန် နှောင်အိမ်တွင်၊ ဆန့်ကျင်ငြီးငွေ့၊ မပျော်မွေ့နိုင် သော၊ ယောဂီထွင်ရှုများ။ အမျိုးကောင်းသားအား။ ထွန်မိုက်၌ ငါး။ မြွေမိသောဖါးကောင်၊ ချုံငှက်လှောင်သော ထောင်ကြက်၊ ဂဠုန်လက်တွင်နဂါး၊ အလွန်လွတ်ချင်သော သတ္တဝါများ ကဲ့သို့၊ အလုံးစုံပျက်ပြားကုန်သော သင်္ခါရတရားတို့တွင်၊ တပါးပါးသော သင်္ခါရ တရား၌၊ ပျော်ပါး ငြကပ်၊ ဖွဲ့စပ် တပ်စွန်း

ခြင်းမရှိ၊ လွန်စွာထန်ပြင်း၊ လွတ်ကင်း ထွက်မြောက် လိုသော စိတ်ဖြစ်၏။ တို့အခါ မုဉ္စိတုကမျတာ ဉာဏ်ဖြစ်၏။

မုဉ္စိတုကမျတာဉာဏ်၌ လိုရင်းကြီး အကျဉ်းချုပ်၊ နိဂုမ်း ဒုပ်လျက်အသက်ထက်ဆုံး၊ အမြဲနှလုံးသွင်းရန်တရားကား၊ ။ တနည်းလည်း၊ ။သုံးပါးဘဝ၊ ဝဋ်ဒုက္ခကို သုခ မှတ်ထင်ကြ၍၊ ဝဋ်ဒုက္ခလက်မှ လွတ်ထွက်ခြင်းဌာ အလိုမရှိသော၊ ။အမုဉ္စိတုကာမဘာဝါ၊ ။ကိလေသာ ရောဂါကြီးတခွက်တည်း နှင့် အပြီး ပျောက်ငြားအောင်၊ မြတ်စွာဘုရား ဆေးတော်ကြီး သောက်နည်းကား၊

ယောဂီ လူတဘ်၊ ပုဂ္ဂိုလ်မြတ်သည်၊ ခပ်သိမ်း ရုပ်နာမ် လက်မှ၊ ယခုချက်ခြင်းလွတ်ထွက်ပြေးခြင်းဌာ၊ မနှေးလျင်မြန် စွာ၊ အလွန်ဆန္ဒကြီးရှိပါတကား၊

ယောဂီ လူတတ်၊ ပုဂ္ဂိုလ်မြတ်သည်၊ ဝဋ်ဒုက္ခ လက်မှ၊ လွတ်ထွက်ရာမှန်၊ ေးနိဗ္ဗာန်ကို၊ အလွန်ဆန္ဒကြီးရှိပါတကား၊ ။ ဟုဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင်၊ ဤကား အသက် ထက် ဆုံးအမြဲနှလုံးသွင်းချန် တရားတည့်၊ ။ငင်းနည်း နှစ်ပါးတွင် တပါးပါးကိုပွားလျှင်၊ အမုဉ္စိတုကာမဘာဝပျောက်၏။ ပျောက် သော်လည်း၊ ဉာဏ်ထင်ထင်မြင်မြင်ကြီးရှိအောင် နှစ်ပါးလုံးကို ပွားများရာ၏၊ ။မုဉ္စိတုကမျတာဉာဏ်ပြီး၏၊

ပဋိသင်္ခါ ဉာဏ်ကိုပြပေအံ့၊ ။ခန္ဓာငါးပါး၊ ရုပ်နာမ် တ ရားတို့သည်၊ ဖြစ်တတ် ပျက်တတ် သောကြောင့်၊ အနိစ္စ သ ဘောတရားတို့ချည်း ပါတကား၊ ။ခန္ဓာငါးပါး၊ ရုပ်နာမ်တ ရားတို့သည်၊ ဘန်တလဲလဲ၊ နာရီမစဲ။ အမြဲဘောက်ပြန် ပျက်စီး တတ်သောကြောင့်၊ အနိစ္စ သဘော တရား တို့ချည်း ပါတ ကား၊ ။ခန္ဓာငါးပါး။ ရုပ်နာမ်တရားတို့သည်၊ ဥပါဒ်၊ ဌီ၊ ဘင် ခန့်မျှသာ၊ အခိုက်အတန့် အသက်ရှည်သောကြောင့်၊ အနိစ္စသ ဘောတရား တို့ချည်းပါတကား၊ ။ခန္ဓာငါးပါး၊ ရုပ်နာမ်တ ရားတို့သည်၊ ဘန်တလဲလဲ၊ နာရီမစဲ၊ အမြဲပျက်စီး၍ နေသည်

ကို၊ မပျက်မစီးဘဲအမြဲတည်နေသည်ဟု၊ မှတ်ထင်စွဲလမ်းကြ သောနိစ္စကို ပယ်တတ်သောကြောင့်။ အနိစ္စ သဘောတရားတို့ ချည်းပါတကား၊ ၊အနိစ္စလက္ခဏာရှုဟန်၊

ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်၊ ဥပါဒ်၊ဌီ၊ဘင်၊ အစဉ်မပြတ်၊ အမြဲနှိပ်စက် အပ်သောကြောင့်။ ဒုက္ခသဘောတရား တို့ချည်းပါတကား ၊ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်၊ ဒုက္ခဝေဒနာ၊ ပြင်းစွာ နှိပ်စက်ခြင်းကို၊ သည်းခံနိုင်ခဲ သောကြောင့်။ ဒုက္ခ သဘောတရားတို့ချည်း ပါတကား၊ ၊ ခန္ဓာငါးပါး။ ရုပ်နာမ်တရားတို့သည်။ ဆင်းရဲ အပေါင်းတို့၏၊ တည်ရာဝတ္ထုအပုရ ဖြစ်သောကြောင့်၊ ဒုက္ခသဘောတရားတို့ ချည်းပါတကား၊ ၊ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်၊ ဥပါဒ်၊ဌီ၊ဘင်၊အစဉ်မပြတ်၊ အမြဲနှိပ်စက်၍နေပါသည်ကို။ ချမ်းသာသည်ဟု မှတ်ထင်စွဲလမ်းကြသောသုခ ဝေဒယိတကိုပယ်တတ်သောကြောင့်၊ ဒုက္ခ သဘော တရား တို့ချည်း ပါတကား၊ ၊ဒုက္ခလက္ခဏာရှုဟန်၊

ခန္ဓာ ငါးပါး၊ ရုပ်နာမ်တရားတို့သည်၊နိစ္စသာရ၊သုခသာရ၊ အတ္တသာရမှကင်းဆိတ်သောကြောင့်၊ အနတ္တသဘော တရားတို့ချည်းပါတကား၊ ၊ခန္ဓာငါးပါး၊ရုပ်နာမ်တရားတို့သည် ပိုင်သူသခင် အရှင်မရှိသောကြောင့်၊ အနတ္တသဘော တရားတို့ ချည်းပါတကား၊ ၊ခန္ဓာ ငါးပါး ရုပ်နာမ် တရား တို့သည်၊ ပုဂ္ဂိုလ် အလိုသို့မလိုက်လို၍၊ နဂိုရ်သဘောအတိုင်း ဖြစ်သော ကြောင့်။ အနတ္တသဘော တရားတို့ချည်းပါတကား၊ ၊ခန္ဓာ ငါးပါး၊ ရုပ်နာမ် တရားတို့သည်။ သညာစိတ္တ၊ ဒိဋ္ဌိအားဖြင့်၊ ကိုယ် ဟုတ်သည်ဟု မှတ်ထင်စွဲလမ်းကြသော အတ္တဒိဋ္ဌိကို ပယ်တတ်သောကြောင့်၊ အနတ္တ သဘော တရားတို့ ချည်းပါ တကား၊ ၊အနတ္တလက္ခဏာရှုဟန်၊

သုံးဆဲ့နှစ်တွဲ၊ အရိအရွဲ၊ မလွဲရွံ့ရှာဘွယ် ရုပ်ကြီးပါတကား၊ ၊ကောဋ္ဌာသရုပ်၊ အကောင်ပုတ်၊ စက်ဆုပ်ဘွယ်ကြီး

ပါတကား။ ။အဝတ်တန်ဆာ၊မဆင်ပါလျှင်၊ ရွံစရာရုပ်ကြီး ပါတကား ။ကိုးဒွါရမှ၊ ထွက်သမျှ၊ ရုပ် မစင်ကြီးပါ တကား၊ ။အကုသလ၊ဟူသမျှ၊ နာမ်မစင်ကြီးပါ တကား၊ မိမိ ကိုယ်မှာ၊ ဒုက္ခနှာ၊ရွံရှာဘွယ် မစင်အိုးချည်းပါတကား ။မိမိ ကာယ၊ အသုဘ၊ မနှစ်သက်ဘွယ် ချည်းပါတကား ။သူ များကာယ၊ အသုဘ။ မနှစ်သက်ဘွယ်ကြီးပါ့တကား ။အ သုဘရှုဟန်။ ။ဤကားဘာဝနာကာရစီးဖြန်းနည်းတည်း။

ဥပဋ္ဌာနာကာရ ထင်နည်းကား၊ ဆိုအပ်ခဲ့ ပြီးသော စီး ဖြန်းနည်းတို့ကို၊ ဣရိယာပုထ် လေးပါး၌၊ အားထုတ်ပွားများ လျှင်။မကြာခင် ပဋိသင်္ခါဉာဏ်ထင်လိမ့်မည်၊ ဘုံသုံးပါး၌ခန္ဓာ ငါးပါးရုပ်နာမ်တရား တို့သည်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ သဘောတရားတို့ချည်းပါတကား။ ဟုဉာဏ်အား သိမြင်လျှင်၊ ပဋိသင်္ခါဉာဏ်ထင်မြင်ပြီဟူ၍မှတ်၊ ။ဤကား ဥပဋ္ဌာနာကာ ရထင်နည်းတည်း။ ။၎င်းစီးဖြန်းနည်းသည်၊ အနတ္တလက္ခဏာ သုတ်၊သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့ ၌လာ၏။

ပဋိသင်္ခါ ဉာဏ်၌ လိုရင်းကြီး အကျဉ်းချုပ်။ နိဂုမ်းအနုပ် လျက်။ အသက်ထက်ဆုံး အမြဲနှလုံးသွင်းရန်တရားကား။ ။ ဟုနည်းလည်း၊ သုံးပါးဘဝ၌။ အနိစ္စ၊ဒုက္ခ၊အနတ္တ၊ အသုဘတို့ ကိုမထင်မမြင်အောင်မိုက်မှောင်ကြီး ဖုံးလွှမ်းတတ်သော၊ ။ အဝိဇ္ဇာ၊ ကိလေသာ ရောဂါကြီး၊ တခွက်တည်းနှင့် အပြီး ပျောက်ပြားအောင်၊ မြတ်စွာ ဘုရား ဆေးတော်ကြီး သောက် နည်းကား၊ ။ခပ်သိမ်း ရုပ်နာမ်တို့သည်၊ ဘန်ဘန် ဖြစ်ပျက်၊ အမြဲနှိပ်စက်ခြင်းသည်၊ အနိစ္စမျိုး။ ဒုက္ခအိုးကို၊ အစိုးမရ၍၊ရွံ စရာ စက်ဆုပ်ဘွယ်ကြီးတို့ ပါတကား၊ ။ဟုဉာဏ်ဖြင့် အ ဘန်ဘန်ဆင်ခြင်၊ ဤကားအသက်ထက်ဆုံး အမြဲနှလုံးသွင်းရန် တရားတည်း။ ။ပဋိသင်္ခါဉာဏ်ပြီး၏။

သင်္ခါရုပေက္ခာ ဉာဏ်ကို ပြပေအံ့။ ။တေဘုမ္မကာ၊ လောကီယာ၊ သင်္ခါရ ဓမ္မ၊ ဟူသမျှ ရုပ်နာမ်တို့သည် ကိုယ်မှငင်း၊ ကိုယ်၏ဥစ္စာ သတ္တဝါ သင်္ခါရမှငင်း၊ ကင်းဆိတ်ကြ၍၊ အနှစ်သာရမရှိ၊ အတိတုစ္ဆ၊ အသုံးမကျ၊ အလကားအချည်းနှီး၊ အနတ္တ သဘောတရားတို့ချည်း ပါတကား၊ ။ဒွိကောဋိသုညတာကာရစီးဖြန်းနည်း၊

တေဘုမ္မကာ၊ လောကီယာ၊ သင်္ခါရဓမ္မ၊ ဟူသမျှရုပ်နာမ်တို့သည်။ ငါလည်းမရှိ။ ငါ၏မိဘဆွေမျိုးစသည်လည်းမရှိ။ သူတပါးလည်းမရှိ၊ သူတပါး၏ မိဘဆွေမျိုးစသည်လည်းမရှိ၍၊ တရုံတခုသောဌာန၊ ကာလ၊ သဘာဝဓမ္မ၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၌၊ ငါ့အား၊ သူတပါးအား၊ တရုံတရာ၊ ကြောင့်ကြဘွယ်ရာ၊ တောင့်တစရာ၊ ချစ်မုန်းစရာ။ သင်္ခါရတခုကိုမျှ၊ ဉာဏ်စက္ခုဖြင့်၊ ကြည့်ရှု၍မမြင်ပါ။ ငါမှ၊ ငါ၏ဥစ္စာ သတ္တဝါသင်္ခါရမှ။ သူတပါးမှ၊ သူတပါး၏ဥစ္စာသတ္တဝါသင်္ခါရမှ၊ ကင်းဆိတ်သုံး၊ လုံးလုံးကြီးမရှိ၍၊ ကိုယ်လည်းမဟုတ်။ အစိုးလည်းမရ၊ အလိုသို့လည်းမလိုက်၊ ပိုင်သူသခင်အရှင်လည်းမရှိ။ အနှစ်သာရလည်း၊ ဘာတခုမျှမရှိ၍၊ အတိတုစ္ဆ။ အသုံးမကျ၊ အလကားအချည်းနှီး။ အ အနတ္တ သဘောတရား တို့ချည်းပါတကား၊ ။စတုကောဋိသုညတာကာရစီးဖြန်းနည်း။

တေဘုမ္မကာ။ လောကီယာ၊ သင်္ခါရဓမ္မ၊ ဟူသမျှရုပ်နာမ်တို့သည်၊ နိစ္စသာရ၊ သုခသာရ။ အတ္တသာရမှ ကင်းဆိတ်ကြ၍၊ အနှစ်သာရမရှိ၊ အတိတုစ္ဆ၊ အသုံးမကျ၊ အလကားအချည်းနှီး၊ အနတ္တတရားတို့ချည်းပါတကား၊ ။ဆကောဋိ၊ အဋ္ဌကောဋိ၊ ဒသကောဋိသုညတာကာရစီးဖြန်းနည်း၊

တေဘုမ္မကာ၊ လောကီယာ၊ သင်္ခါရဓမ္မ၊ ဟူသမျှရုပ်နာမ်တို့သည်၊ ငါ–သူတပါး ယောကျာ်း၊ မိန်းမ၊ ဇီဝ၊ နရာ၊ သတ္တဝါ၊ ပုဂ္ဂိုလ်၊ ငါ၏ကိုယ်၊ သူတပါး၏ကိုယ်၊ ငါ၏ဥစ္စာ၊ သူတပါး၏ ဥစ္စာတို့မှ၊ ကင်းဆိတ်ကြ၍။ အနှစ်သာရမရှိ၊ အတိတုစ္ဆ၊ အသုံး

မကျ၊ အလကားအချည်းနှီး၊ အနတ္တသဘောတရား တို့ချည်းပါတကား။ ။ဟုဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်။ ။ဒွါဒသကောဋ္ဌာသုညတာ ကာရစီးဖြန်းနည်း။ ။ဆကောဋ္ဌာ၊ အဋ္ဌကောဋ္ဌာ၊ ဒသကောဋ္ဌာသုညတာကာရ နှစ်ဆဲ့လေးပုဒ်တို့တွင်၊ နိစ္စသာရ၊ သုခသာရ၊ အတ္တသာရသုံးပုဒ်တို့သာ လိုရင်းကြီးမှတ်၊ ကြွင်းသောပုဒ်တို့သည်၊ ဒေသနာသက်ရောက် အားဖြင့်၎င်း၊ ဝေဝုစ်ပရိယာယ်အားဖြင့်၎င်း၊ အဋ္ဌကထာဆရာပြကုန်၏။ ဤကားဘာဝနာကာရစီးဖြန်းနည်းတည်း။

ဥပဋ္ဌာနာကာရ ထင်နည်းကား။ ဆိုအပ်ခဲ့ပြီးသော စီးဖြန်းနည်းတို့ကို၊ ဆုရိယာပုထ် လေးပါး၌ အားထုတ်၍ ပွားလျှင်၊ မကြာခင် သင်္ခါရုပေက္ခာဉာဏ် ထင်လိမ့်မည်၊ ထင်သောအခါ ယောဂီပုဂ္ဂိုလ်၏ စိတ်သည်၊ ခပ်သိမ်းသော သင်္ခါရတို့၌၊ ငါတည်း၊ ငါ၏ဥစ္စာတည်းဟု ယူဘွယ်ကိုမမြင်မူ၍၊ မရှုန်းမချက်လျစ်လျူသာဖြစ်၏၊ ဘဝသုံးပါးတို့၌၊ မနှစ်မြို့က်မူ၍ လျစ်လျူဖြစ်ခြင်းသော်၎င်း၊ စက်ဆုပ်ရွံရှာခြင်းသော်၎င်း တည်၏၊ ထိုအခါ သင်္ခါရုပေက္ခာဉာဏ် ထင်ပြီဟူ၍မှတ်။ ။ဤကားဥပဋ္ဌာနာကာရထင်နည်းတည်း။

သင်္ခါရုပေက္ခာဉာဏ်၌ လိုရင်းကြီး အကျဉ်းချုပ်။ နိဂုမ်းချုပ်လျက်အသက်ထက်ဆုံးအမြဲနှလုံးသွင်းရန်တရားကား၊ ။တနည်းသည်း၊ ဘဝသုံးတန်၌ ရုပ်နာမ်ဓမ္မ သဘာဝကို မရှုသော၊ ။အနူပေက္ခာနာ။ ။ကိသေသာ ရောဂါကြီး၊ တခွက်တည်းနှင့်အပြီးပျောက်ပြားအောင်၊ မြတ်စွာဘုရား ဆေးဘော်ကြီးသောက်နည်းကား၊

ခပ်သိမ်း ရုပ်နာမ်တို့သည်၊ နိစ္စသာရ၊ သုခသာရ၊ အတ္တသာရမှ၊ ကင်းဆိတ်ကြ၍၊ တုစ္ဆအချည်းနှီး၊ အနတ္တသဘောတရား တို့ချည့်ပါတကား။ ။ဟုဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်၊ ဤကား အသက်ထက်ဆုံး အမြဲနှလုံးသွင်းရန် တရားတည်း၊ ။အပ္ပသုတ ယောဂီပုဂ္ဂိုလ်တို့၊ ဝိပဿနာအလုပ်။

ဉာဏ်ရှုပ်မှာစိုး၍၊ ဆိုအပ်ခဲ့ပြီးသော စီးဖြန်းနည်းတို့၏ ပါဠိအနက်အဓိပ္ပါယ်၊ အကျယ် ဝိတ္ထာရဝိနိစ္ဆယ၊ အာနိသံသ တို့ကို နောက်မှပြပေအံ့။ ။သင်္ခါရုပေက္ခာဉာဏ်ပြီး၏။

ထိုသင်္ခါရုပေက္ခာ ဉာဏ်သည် ထက်မြက်ရင့်သန်၍၊ အနုလောမဉာဏ် အခြေမှန်မှု၊ ဂေါတြဘုဉာဏ်သို့ အစဉ်အတိုင်း တက်လျက်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုသိမြင်၍၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့်ဆင့်ဆင်ခြင်၏၊ ထိုနောက်ထိုနေ့ရာ၌သော်ရင်း၊ ရှည်လျားမြင့်ကြာ အခါတပါး၌ သော်ရင်း ဈာန်နှင့်ဖိုလ် ဗောဇ္ဈင်တို့ကို၊ ပေါင်းရ ထက်မြက်စေလျက်၊ ဝိပဿနာဆယ်ချက်ဖြင့် တက်၍၊ သကဒါဂါမိမဂ်ဖိုလ်၊ ပစ္စဝေက္ခဏာဉာဏ်တို့သည်ဖြစ်လာကုန်၏၊ ထိုအတူ-အနာဂါမိမဂ်ဖိုလ် ပစ္စဝေက္ခဏာဉာဏ်၊ အရဟတ္တမဂ်ဖိုလ် ပစ္စဝေက္ခဏာ ဉာဏ်တို့သည် ဖြစ်လာကုန်၏၊ ။အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ ပြီး၏။ ။နိဗ္ဗာန်သို့ရောက်ကြောင်းဉာဏ်တဆဲ့ခြောက်ပါးစီးဖြန်းနည်းပြီး၏။

ဘာဒဂ်ပဟာန်ကို ပြပေအံ့။ ။ထိုထို ဝိပဿနာ၏ အစိတ်ဖြစ်သောဉာဏ်ဖြင့်၊ ထိုထိုပယ်အပ်သော ဒိဋ္ဌိဝိစိကိစ္ဆာစသော ကိလေသာတို့ကိုပယ်ခြင်းသည်၊ တဒင်္ဂပဟာန်မည်၏၊ နာမရူပပရိစ္ဆေဒဉာဏ်ဖြင့်၊ သက္ကာယဒိဋ္ဌိ ကိုပယ်၏၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်၊ အဟေတုကဒိဋ္ဌိ၊ ဝိသမဟေတုကဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ကိုပယ်၏၊ သမ္မသနဉာဏ်ဖြင့် သမူဟဂါဟ ကိုပယ်၏၊ ဥဒယဗ္ဗယဉာဏ်ဖြင့်၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိတို့ကိုပယ်၏၊ ဘင်ဉာဏ်ဖြင့်သည်း သဿတဒိဋ္ဌိကိုပယ်၏၊ ဘယဉာဏ်ဖြင့် အဘယသညာကို ပယ်၏၊ အာဒီနဝဉာဏ်ဖြင့်၊ အဿာဒသညာကို ပယ်၏၊ နိဗ္ဗိဒါဉာဏ်ဖြင့်၊ အဘိရတိသညာကိုပယ်၏၊ မုဉ္စိတုကမျတာဉာဏ်ဖြင့် အမုဉ္စိတုကမျတာကို ပယ်၏၊ ပဋိသင်္ခါဉာဏ်ဖြင့် မောဟကို ပယ်၏၊ သင်္ခါရုပေက္ခာဉာဏ်ဖြင့်၊ အနု

ပေက္ခတာကိုပယ်၍၊ အနုလောမဉာဏ်ဖြင့် သစ္စပဋိလောမဂါ
ဟာကိုပယ်၍၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဉာဏဒဿန ဝိသုဒ္ဓိနိဒ္ဒေသ
၍။ ၊တဒင်္ဂပဟာန်ပြီး၍၊

မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်စွာရဘို့၊ အနုပဿနာ ခုနှစ်ပါးကို
ပြပေအံ့။ ၊ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အဘန်ဘလဲ
လဲနာရှိမစဲ၊ အမြဲဖြစ်ပျက်၍နေသောကြောင့်၊ အနိစ္စသဘောတ
ရားတို့ချည်း ပါတကား။ ၊အနိစ္စာနုပဿနာ၊ ။ခန္ဓာငါးပါး
ရုပ်နာမ်တရားတို့သည်၊ ဥပါဒ်၊ဋ္ဌီ၊ဘင်၊အစဉ်မပြတ်၊ အမြဲနှိပ်
စက် အပ်သောကြောင့် ဒုက္ခသဘော တရားတို့ချည်း ပါတ
ကား။ ၊ဒုက္ခာနုပဿနာ။ ၊ခန္ဓာငါးပါး ရုပ်နာမ်တရားတို့
သည်၊ ပုဂ္ဂိုလ်အလိုသို့ မလိုက်လို၍၊ နဂိုရှိသဘောအတိုင်းဖြစ်
သောကြောင့်။ အနတ္တသဘောဘရားတို့ချည်း ပါတကား။ ။
အနတ္တာနုပဿနာ၊ ။ယောဂီသူတွန်၊ ပုဂ္ဂိုလ်လွန်သည်၊ ခန္ဓာ
ငါးတန်၊ရုပ်နှင့်နာမ်ကို၊ ဘန်ဘန်ရှက်ဆောင်ရခြင်း၊ ဝငိုဆင်း
ရဲ၍၊ မပျော်ပိုက်၍၊ ငြီးငွေ့ ပျင်းရိ ပါတကား။ ၊နိဗ္ဗိဒါနု
ပဿနာ၊ ။ယောဂီထွန်းများ၊ ပုဂ္ဂိုလ်များသည်၊ ငါးပါးအာ
ရုံ၊ကာမဂုဏ်ဝဋ္ဋ၊ အပူရုံပယ်မှု လွန်ဖြေးပါတကား။ ၊ယော
ဂီထွန်းများ၊ ပုဂ္ဂိုလ်များသည်၊ ခြောက်ပါး အာရုံ၊ တေဘုမ္မ
က-ဒုက္ခဝဋ္ဋ၊ အပူပုကို၊ ကင်းမှုသုခံ၊ ဖေးနိဗ္ဗာန်၊လျင်မြန်ဘို့
ပါတကား။ ၊ဝိရာဂါ နုပဿနာ၊ ။ယောဂီ ထွန်းများ။
ပုဂ္ဂိုလ်များသည်၊ ငါးပါးအာရုံ၊ ကာမဂုဏ်ဝဋ္ဋ၊ အပူပုကို၊
မပြုကင်းဘိ၊ မရှိသုခ၊ ရှိဒုက္ခ။ မုချအမှန်ပါ တကား။ ။
ယောဂီ ထွန်းများ ပုဂ္ဂိုလ်များသည်၊ ခြောက်ပါးအာရုံ၊ တေ
ဘုမ္မက၊ဒုက္ခဝဋ္ဋ။ အပူပုကိုချုပ်မှုသုခံ၊ဖေးနိဗ္ဗာန်၊ လျင်မြန်ရဘို့
ပါဘကား၊ ၊နိရောဓာ နုပဿနာ၊ ။ယောဂီ ထွန်းများ
ပုဂ္ဂိုလ်များသည်၊ ငါးပါးအာရုံ၊ ကာမဂုဏ်ဝဋ္ဋ၊ အပူပုကို
စွန့်မှုသုခံ၊ ပဋိနိဿဂ္ဂ၊ နိဗ္ဗာန်အမှန်ပါ တကား။ ၊ယောဂီထွန်း
များ။ ပုဂ္ဂိုလ်များသည်၊ ခြောက်ပါး အာရုံ ၊ တေဘုမ္မက၊ ဒုက္ခ

ဝဋ္ဋ၊ အပုရကို၊ စွန့်မှုသုံးမေးနိဗ္ဗာန်႔ လျင်မြန်ရဘို့ပါတကား။ ။ ပဋိနိဿဂ္ဂါနုပဿနာ။ ။အနုပဿနာခုနစ်ပါးတို့ကို ဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်း၊ ။ကင်းမှုဆိုသည်ကား၊ ဒုက္ခဝဋ္ဋ၊ အပုရတို့ကို၊ တပ်နှစ်သက်ခြင်း ကင်းရမည် ပယ်ရမည်ဟု ဆိုလိုသည်၊ ။ချုပ်မှုဆိုသည်ကား၊ နောက်ဘဝ၌ ဒုက္ခဝဋ္ဋ၊ အပုရ ဖြစ်သော သင်္ခါရတို့ကို ဘာတခုမျှ လိုချင်တောင့်တခြင်း မရှိရဘူးဟုဆိုလိုသည်၊ ။စွန့်မှုဆိုသည်ကား၊ ယခုဘဝနောက်ဘဝတို့၌ ဒုက္ခဝဋ္ဋ၊ အပုရဖြစ်သော သင်္ခါရတို့ကို အဟုတ်အဟုတ် တကယ် လွှတ် လွှတ်ကြီး စွန့်လွှတ် ရမည်ဟု ဆိုလိုသည်၊ ။အနိစ္စာ နုပဿနာသည်၊ နိစ္စကိုပယ်၏၊ ဒုက္ခာနုပဿနာသည်သုခကိုပယ်၏၊ အနတ္တာနုပဿနာသည် အတ္တကိုပယ်၏၊ နိဗ္ဗိဒါနုပဿနာသည်သပိတ်ကတတဏှာကို ပယ်၏၊ ဝိရာဂါနုပဿနာသည် ရာဂကိုပယ်၏၊ နိရောဓါနုပဿနာသည် သမုဒယကိုပယ်၏၊ ပဋိနိဿဂ္ဂါနုပဿနာသည်အာဒါနကို ပယ်၏၊ နိရောဓ နုပဿနာသည် အနိစ္စာနုပဿနာ၌ ဝင်၏ နိဗ္ဗိဒါနုပဿနာသည်၊ ဒုက္ခာနုပဿနာ၌ဝင်၏၊ ။ဝိရာဂါနုပဿနာ၊ ပဋိနိဿဂ္ဂါ နုပဿနာတို့သည်၊ အနတ္တာနုပဿနာ၌ ဝင်ကုန်၏၊ ။ငင်းအနုပဿနာသုံးပါး၌ ဝင်ကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ မဟာဋီကာ၌လာ၏။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်တို့သည်၊ အနိစ္စာနုပဿနာနှင့်တူသော အနက် သဘောရှိကုန်၏၊ အနိစ္စကိုအာရုံပြုချင်း တူကြကုန်၏၊ သမ္မသန သဒ္ဒါ၊ ဥဒယဗ္ဗယ သဒ္ဒါ၊ ဘင် သဒ္ဒါ မျှသည် သာလျှင်အထူးကွဲပြားကုန်၏၊ ။ဏုမေဓာဝီ ကေဏ္ဍာဗျဉ္ဇနမေဝ နာနံ၊ ။ဏုမေဓာဝီ၊ ဤသုံးဉာဏ်တို့သည်၊ ကေဏ္ဍာ၊ တူသော အနက်သဘော ရှိကုန်၏၊ ဗျဉ္ဇနမေဝ၊ သဒ္ဒါမျှသည် သာလျှင်၊ နာနံ၊ ထူး၏၊ ။ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်တို့သည်၊ ဒုက္ခာနုပဿနာနှင့်တူသော အနက်သဘော ရှိကုန်၏၊ ဒုက္ခကို အာရုံပြုချင်းတူကြကုန်၏၊ ဘယသဒ္ဒါ၊ အာဒီနဝသဒ္ဒါ

နိဗ္ဗိန္ဒ သဒ္ဒါမှုသည်သာလျှင် ထူးပြားကွဲကုန်၏။ ။ဇာမေခမွှာ ကေဏ္ဍာဗျဉ္ဇနမေဝနာနံ။ ။ဇာမေခမွှာ၊ ဤသုံးဉာဏ်တို့သည်၊ ကေဏ္ဍာ၊တူသော အနက်သဘောရှိကုန်၏၊ ဗျဥ္ဇနမေဝ။ သဒ္ဒါမှုသည်သာလျှင်၊နာနံ၊ထူး၏။ ။မုဥ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာ ဉာဏ်တို့သည်၊ အနတ္တနုပဿနာနှင့်တူသော အနက်သဘော ရှိကုန်၏၊ အနတ္တကို အာရုံပြုချင်း တူကြကုန်၊ မုဥ္စိတုကမျတာသဒ္ဒါ၊ ပဋိသင်္ခါသဒ္ဒါ၊သင်္ခါရုပေက္ခာသဒ္ဒါ မှုသည်သာလျှင် ထူးပြားကွဲကုန်၏၊ ၎င်းဉာဏ်တို့အနက် သဘောတူကြောင်းကို၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ်တို့၌ မိန့်ကုန်၏၊ ။ဇာမေခမွှာကေဏ္ဍာဗျဉ္ဇနမေဝ နာနံ၊ ။ဇာမေခမွှာ၊ ဤသုံးဉာဏ်တို့သည်၊ ကေဏ္ဍာ၊တူသော အနက် သဘောရှိကုန်၏၊ ဗျဥ္ဇနမေဝ၊ သဒ္ဒါမှုသည်သာလျှင်၊ နာနံ၊ထူး၏။ ။ပဋိသင်္ခါဉာဏ်ဖြင့် လက္ခဏာ သုံးတန်ကိုပြသော်သည်း၊အနတ္တလက္ခဏာသာ၊ ပဓာနပြကြောင်းကို၊ ဝိသုဒ္ဓိမဂ်ဋီကာ၌မိန့်၏၊ ။မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရဘို့အနုပဿနာရနှစ်ပါးပြီး၏။ ။နောက်ကိုအဋ္ဌကထာဋီကာသာမညဆိုလျှင်၊ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် ဋီကာဟု၍ မှတ်ကြပါကုန်၊

ပဋိစ္စသမုပ္ပါဒ်၊သံသရာစက်ရဟတ်၊ တဆဲ့နှစ်ရပ်တို့တွင်၊ အဝိဇ္ဇာစက်ကြီးကိုဝိဇ္ဇာလက်နက်၊ တဆဲ့ခြောက်ချက်တို့ဖြင့် ဖျက်ဆီး၍၊ လျင်မြန်စွာ ထွက်နည်းကိုပြပေအံ့၊ ။တနည်းကား။ ။သန္တိသုခံ၊ ဧးနိဗ္ဗာန်ကို။ လျင်မြန်စွာရဘို့ ဝိပဿနာသံခိပ်ကိုပြပေအံ့၊

ဝေ[illegible]က လောကီယ၊သင်္ခါရခမ္မ၊ ဟူသမျှ ရုပ်နာမ်တို့သည်၊မြော[illegible]၌ ယုန်ချို၊လိပ်မွေး၊ ပုစွန်သွေး၊ ခွေးလေးတောင် ပ[illegible]ဖြူ [illegible] မရှိသကဲ့သို့။ ပရမတ္ထအားဖြင့်၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ဗြဟ္မာ၊သတ္တဝါပုဂ္ဂိုလ်၊ငါ့ကိုယ်

သူ့ကိုယ် ကောန်မရှိ။ ရုပ်နာမ်နှစ်ပါးသာ ကောန်အမှန် ရှိကုန်ပါတကား။ ။နာမရူပပရိစ္ဆေဒဉာဏ်။

တေဘုမ္မက လောကိယ၊ သင်္ခါရဓမ္မ၊ ဟူသမျှရုပ်နာမ်တို့သည်၊အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ၊ စက္ခုရူပစသော အကြောင်းတရား တို့ကြောင့်သာ၊ ကောန်အမှန်ဖြစ်ကုန်ပါတကား။ ပစ္စယပရိဂ္ဂဟဉာဏ်။

တေဘုမ္မကလောကိယ၊ သင်္ခါရဓမ္မ၊ ဟူသမျှ ရုပ်နာမ်တို့သည်၊မဖြင်ရရာ၊အနာဂတ၊ အဘာဝအဖြစ်မှ၊ အသစ်အသစ်ဖြစ်ပေါ်လာကုန်၍၊ ဓာတ်ပစ္စုပ္ပန် နာမ်ရုပ်၊ ချုပ်ပျောက်ပျက်စီး၊အပြီးကုန်စင်သော်၊ မဖြင်ရရာ၊ အဘာဝစစ်၊ အတိတ်အဖြစ်သို့၊ရောက်ရစ်ကုန်ဘိ၊ချုပ်စစ်၍ ဖြစ်ခြင်း ပျက်ခြင်းကဲ့သို့ဖြစ်လည်းဖြစ်၍၊ ပျက်လည်းပျက်၍၊ ဖြစ်ခြင်းပျက်ခြင်းသည့်။ အနိစ္စ၊ဒုက္ခ၊အနတ္တ သဘောတရားချည်း ကောန်အမှန် ဖြစ်ကုန်ပါတကား။ ။သမ္မသနဉာဏ်။

တေဘုမ္မက လောကိယ၊ သင်္ခါရဓမ္မ၊ ဟူသမျှ ရုပ်နာမ်တို့သည်၊ပစ္စုပ္ပန်၊ သန္တတိဓာတ်၊သန္တတိမရဏ၊ ခဏိကဓာတ်၊ ခဏိကမရဏ၊ မျက်စိတမှိတ်ခန့် ကာလ၊ဝိတ္တက္ခဏ ကာလခန့်မျှ။မရပ်မဆိုင်း၊ ဒိုင်းဒိုင်းပြေးလျက်၊ မနှေးလျင်လျင် မြန်မြန်ကြီးအဘန့်ဘန်ဖြစ်ခြင်း ပျက်စီးခြင်းသည်၊အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တ သဘောတရားတို့ချည်း ပါတကား။ ။ဥဒယဗ္ဗယဉာဏ်။

တေဘုမ္မကလောကိယ၊ သင်္ခါရဓမ္မ၊ ဟူသမျှ ရုပ်နာမ်တို့သည်၊ပစ္စုပ္ပန်၊ သန္တတိမရဏ၊ ခဏိကမရဏ။ ခဏမစဲ၊ဘန်တလဲလဲ၊ အမြဲပျက်စီးလတ်၍၊ သမ္မတ္တိကင်းစင်၊ ဝိပတ္တိချည်းထင်မြင်၍၊ ဘုံသုံးခွင်မှာ၊ ဘင်ဘင်ချည်း တို့ပါတကား။ ။ဘင်္ဂဉာဏ်။

တေဘုမ္မက လောကိယ၊ သင်္ခါရဓမ္မ၊ ဟူသမျှ၊ရုပ်နာမ်တို့သည်၊ သမ္မတ္တိကင်းစင်၊ ဝိပတ္တိချည်းထင်မြင်၍၊ ဘုံသုံးခွင်မှာ၊

ပူပင်စရာအသွယ်သွယ်၊ ကြောက်လန့်ဘွယ် အတန်တန်၊ဘေး ရန်တွေ အသချေ အနန္တ များပြား လှသောကြောင့်၊ အလွန် ကြောက်ထိတ်လန့်စရာ တို့ချည်းပါတကား။ ၊ဘယာတုပဋ္ဌာ နဉာဏ်၊

တေဘုမ္မက လောကီယာ၊ သင်္ခါရဓမ္မ၊ ဟူသမျှရုပ်နာမ်တို့ သည်၊သမ္မတ္တိကင်းစင်၊ဝိပဿိချည်းထင်မြင်၍၊ ဘုံသုံးခွင်ဝယ်၊ ကိုးကွယ်လည်းလျောင်း၊ ပုန်းအောင်းမှိခိုရာ၊ တစုံတရာသင်္ခါရ တခုကိုမျှဉာဏ်စက္ခုဖြင့် ကြည့်ရှု၍မမြင်။ အလွန်ပင်မကောင်း သော၊အပြစ်အနာ၊အဆာ၊ ဘယာချည်းတို့ပါတကား၊ ၊အာ ဒီနဝဉာဏ်။

တေဘုမ္မက လောကီယာ၊ သင်္ခါရဓမ္မ၊ ဟူသမျှ ရုပ်နာမ်တို့ သည်၊သမ္မတ္တိကင်းစင်၊ ၊ဝိပဿိချည်းထင်မြင်၍၊ ဘုံသုံးခွင်၌မ နေချင်စရာ။ အပြစ်အနာ၊အဆာ၊ ဘယာတွေများ၍၊ မပျော်မွေ့ ဘွယ်၊ငြီးငွေ့ပျင်းရိဘွယ်ချည်းတို့ပါတကား။ ၊နိဗ္ဗိန္ဒဉာဏ်၊

တေဘုမ္မက လောကီယာ၊ သင်္ခါရဓမ္မ၊ ဟူသမျှရုပ်နာမ်တို့ သည်၊သမ္မတ္တိကင်းစင်၊ ဝိပဿိချည်းထင်မြင်၍၊ ဘုံသုံးခွင်မှာ၊ ဘေးတကာပိုင်အုံ၊ ချန်တကာသိုင်းခြံ၍၊ အလုံးစုံသောသင်္ခါ ရဝဋ်ဒုက္ခလက်မှ။ ယခုချက်ခြင်း၊ လွတ်ထွက်ပြေးခြင်းငှာ၊ မ နေ့းလျင်မြန်စွာ၊ အလွန်ဆန္ဒကြီးရှိကုန်ပါ တကား၊ ၊မုဉ္စိတု ကမျတာဉာဏ်၊

တေဘုမ္မက လောကီယာ၊ သင်္ခါရဓမ္မ၊ ဟူသမျှရုပ်နာမ်တို့ သည်၊သမ္မတ္တိကင်းစင်၊ ဝိပဿိချည်းထင်မြင်၍ ဘုံသုံးခွင်မှာ၊ သာတရမျှ နိစ္စ သုခ၊ အတ္တ အခြင်းအရာ၊ မထင်လာဘဲ။ သုံးဖြာ လက္ခဏာ၊ သဘာဝချည်း ထင်မြင် လာသောကြောင့်၊ ရှိသ မျှအနိစ္စ၊ဒုက္ခ၊ အနတ္တ သဘောတရားတို့ချည်း ပါတကား။ ၊ ပဋိသင်္ခါဉာဏ်

တေဘုမ္မက လောကီယာ၊သင်္ခါရဓမ္မ၊ဟူသမျှရုပ်နာမ်တို့ သည်။သမ္မတ္တိကင်းစင်၊ ဝိပဿိချည်းထင်မြင်၍၊ ဘုံသုံးခွင်မှာ၊

ငါလည်းမရှိ၊ ငါ၏မိဘဆွေမျိုး စသည်လည်းမရှိ၊ သူတပါးလည်းမရှိ၊ သူတပါး၏-မိဘဆွေမျိုးစသည်လည်းမရှိ၍၊ တစုံတခုသောဥစ္စာနှ၊ ကာလ၊ သဘာဝမျှ၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၌။ငါ့အား၊ သူတပါးအား။ တစုံတရာကြောင့်ကြဘွယ်ရာ။ တောင့်တစရာ ချစ်မုန်းစရာ ဘာတခုကိုမျှ၊ ဉာဏ်စက္ခုဖြင့်။ ကြည့်ရှု၍ မမြင်ပါ။ ငါမှ-ငါ၏ဥစ္စာ၊ သတ္တဝါ၊ သင်္ခါရမှ။ သူတပါးမှ၊သူတပါး၏ဥစ္စာ၊ သတ္တဝါ၊ သင်္ခါရမှကင်းဆိတ်သုည၊ လုံးလုံးကြီးမရှိ၍။ ကိုယ်လည်းမဟုတ်၊ အစိုးလည်းမရ။ အလိုသို့လည်းမလိုက်။ ပိုင်သူ သခင်အရှင်လည်းမရှိ၊ အနှစ်သာရလည်း ဘာတခုမျှမရှိ၊အတိတုစ္ဆ၊အသုံးမကျ၊ အလကားအချည်းနှီးအနတ္တသဘောတရားတို့ချည်းပါတကား။ ။သင်္ခါရုပေက္ခာ ဉာဏ်တို့ကိုအဘန်ဘန်ဆင်ခြင်ဘို့။

တေဘုမ္မကလောကီယ သင်္ခါရဓမ္မ။ ဟူသမျှရုပ်နာမ်တို့သည်၊ အနတ္တလက္ခဏာချည်းသာ အလွန် ထင်လာ၍၊ သင်္ခါရုပေက္ခာဉာဏ်။ ထက်မြက်ရင့်သန်လျက်၊ အနုလောမဉာဏ်အခြေမှန်မူ။ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တဲ့ဖြင့်။ နိဗ္ဗာန်ကို သိမြင်၍၊ အလွန်ပင်ဖေးမြသော စိတ်၏ သက်သာရာကြီး၊ စိတ်၏ထောက်တည်ရာကြီးရ၍၊ ဝိပတ္တိကင်းစင်၊ သမ္ပတ္တိချည်းထင်မြင်၍၊ နိဗ္ဗာန်ခွင်သာ၊ နေချင်စရာ။ ပျော်မွေ့ဘွယ်ရာ။ အဖြစ်အနာအဆာ၊ ဘယာကင်းပ။ နိစ္စသုခသာရမျိုး၊ ကိုးကွယ်လည်းလျောင်း၊ ပုံးအောင်းမှီခိုရာ။ ချမ်းသာရာအမှန်၊ နိဗ္ဗာန်ဖေးမြို့ကြီးကို မြင်ရပေပြီ တကား။ ။ဒုက္ခခပ်သိမ်း၊ ကုန်ငြိမ်းရာမှန်၊ နိဗ္ဗာန်ဖေးချမ်းသာကြီးကို အာရုံပြုသောအားဖြင့်၊ စိတ်ညွတ်ကိုင်းရှိုင်းခြင်းသို့ ရောက်ပေပြီ ပါတကား။ ။အနုလောမဉာဏ်၊ဂေါတြဘုဉာဏ်၊မဂ်ဉာဏ်၊ဖိုလ်ဉာဏ်။

ဒုက္ခငြိမ်းရာ။နိဗ္ဗုတာ၊ လွန်စွာဖေးမြပါတကား။ ။နိဗ္ဗာန်ဆင်ခြင်ပုံ။

ဒုက္ခခပ်သိမ်း၊ချုပ်ငြိမ်းရာမှန်၊နိဗ္ဗာန်ကို၊ မဂ်ဉာဏ်ဖြင့် သိမြင်ပေပြီတကား။ ။မဂ်ဆင်ခြင်ပုံ။

ဒုက္ခခပ်သိမ်း၊ချုပ်ငြိမ်းရာမှန်၊နိဗ္ဗာန်ကို၊ဖိုလ်ဉာဏ်ဖြင့် မြင်ပြီး၊အကျိုးရှိပေပြီတကား။ ။ဖိုလ်ဆင်ခြင်ပုံ။

ကိလေသာမီး၊အပူကြီး၊ သတ်ပြီးပြီပါတကား။ ။ပယ် ကိလေသာဆင်ခြင်ပုံ။

ကိလေသာရန်၊ ထက်မဂ်ဉာဏ်ဖြင့်၊ သတ်ရန်ကျန်သေး ပါတကား။ ။ကျန်ကိလေသာ ဆင်ခြင်ပုံ၊ ။သောတာပန်၊ သကဒါဂါမ်၊အနာဂါမ်တို့ဆင်ခြင်ဘို့။

ကိလေသာမီး၊အပူကြီး၊ အပြီးပြီးပါတကား။ ။ပယ် ကိလေသာ ရဟန္တာဆင်ခြင်ဘို့၊ ။ကျန်ကိလေသာမရှိ၊ ရ ဟန္တာမှာ နိဗ္ဗာန်မဂ်ဖိုလ်ကို ရှေးနည်းအတူ ဆင်ခြင်၊ ။ပစ္စ ဝေက္ခဏာဉာဏ်၊ ။နာမရူပ ပရိစ္ဆေဒဉာဏ်မှစ၍၊ သင်္ခါရု ပေက္ခာဉာဏ်တိုင်အောင် စီးဖြန်းနည်းတို့ကို ဉာဏ်ဖြင့် အဘန် ဘန်ဆင်ခြင်ပွားများရာ၏၊ ။တိက္ခပညာ ပုဂ္ဂိုလ်တို့ ဝိပဿ နာစီးဖြန်းဘို့။ ။သင်္ခါရ၊နိဗ္ဗာန်၊ လျင်မြန်စွာရဘို့ ဝိပဿ နာသံခိပ်ပြီး၏။

---

လေးပါးသောမဂ်ဉာဏ်ဖြင့်၊နိဗ္ဗာန်ကိုလျင်မြန်စွာသိမြင် ဘို့အတိုသံခိတ္တဝိပဿနာကိုပြပေအံ့။

မသိလျှင်ရုပ်။ သိလျှင်နာမ်၊ ထိုရုပ်နာမ်တို့သည်၊ ငါမ ဟုတ်ငါမဟုတ်၊ ရုပ်ရတွေ့။ နာမ်ရတွေ့သာ။ ဟုတ်ကုန်ပါတ ကား။ ။ဘောက်ပြန်လျှင်ရုပ်၊ညွတ်လျှင်နာမ်၊ထိုရုပ်နာမ်တို့သည် ငါမဟုတ်ငါမဟုတ်၊ ရုပ်တွေ့၊ နာမ်တွေ့၊ပေါင်းရုံ၍နေသော၊ ရုပ် ခန္ဓာနာမ်ခန္ဓာသာ၊ ဟုတ်ကုန်ပါတကား၊ ။နာမရူပ ပရိစ္ဆေဒ ဉာဏ်၊

ရုပ်နာမ်တို့သည်၊ အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်၊ အဟာ ရ၊စက္ခု၊ ရူပစသော အကြောင်းတရားတို့ ကြောင့်သာ၊ ဖြစ်

ကုန်ပါတကား။ ၊ရုပ်နာမ်တို့သည်၊ လူ နတ်ဗြဟ္မာ မိဘစသော အကြောင်း တို့ကြောင့် မဖြစ်ကုန်ပါ တကား။ ၊ပစ္စယပရိဂ္ဂဟဉာဏ်၊

ရုပ်နာမ်တို့သည်၊ ယခုဖြစ်။ ယခုပျက်၍ နေကုန်ပါတကား၊ ၊ရုပ်နာမ်တို့သည်။ ယခုများစွာဖြစ်၊ ယခုများစွာပျက်၍နေကုန်ပါတကား၊ ၊ရုပ်နာမ်တို့သည်၊ ယခု မရေတွက်နိုင်အောင်ဖြစ်၊ ယခုမရေတွက် နိုင်အောင်ပျက်၍ နေကုန်ပါတကား၊ ၊သမ္မသနဉာဏ်၊

ခပ်သိမ်းရုပ်နာမ်တို့သည်အဘန်တလဲလဲနာရီမစဲ။ အမြဲဖြစ်ပျက်၍နေကုန်ပါတကား၊ ၊ဉဒယဗ္ဗယဉာဏ်၊

ခပ်သိမ်းရုပ်နာမ် တို့သည်၊ ဆီမီးလျှံကဲ့သို့ လျင်မြန်စွာလျင်မြန်စွာပျက်စီး၍နေကုန်ပါတကား၊ ၊ဘင်္ဂဉာဏ်၊

ခပ်သိမ်းရုပ်နာမ် တို့သည်၊ ဘေးရန်ကြီးတွေ။ အသချေ်အနန္တများပြားလှ၍။ အလွန်ကြောက် ထိတ်လန့်စရာကြီးဘို့ပါတကား၊ ၊ဘယဉာဏ်၊

ခပ်သိမ်းရုပ်နာမ်တို့သည်၊အလွန်မကောင်းသော။ အပြစ်အနာ၊အဆာ၊ဘယာတို့ချည်းပါတကား၊ ၊အာဒီနဝဉာဏ်၊

ယောဂီပုဂ္ဂိုလ်မြတ်သည်၊ခပ်သိမ်းရုပ်နာမ်၌၊ ရွံရှာစက်ဆုပ်၊မနှစ်သက်၍၊မပျော်မွေ့၊ ငြီးငွေ့ပျင်းရိပါတကား။ ၊ ယောဂီသူမွန်၊ ပုဂ္ဂိုလ်လွန်သည်၊ခန္ဓာငါးတန်၊ ရုပ်နှင့်နာမ်ကို၊ ဘန်ဘန်ရွက်ဆောင်ရခြင်း၊ ဝဋ်ဆင်းရဲ၌၊မနှစ်မြို့က်၍၊ မပျော်မွေ့၊ငြီးငွေ့ပျင်းရိပါတကား၊ ၊နိဗ္ဗိန္ဒဉာဏ်၊

ယောဂီပုဂ္ဂိုလ်မြတ်သည်၊ ခပ်သိမ်းသော ရုပ်နာမ်လက်မှ၊ယခုချက်ခြင်း၊လွတ်ထွက်ပြေးခြင်းငှါ၊ မနေ့းလျင်မြန်စွာ၊ အလွန်ဆန္ဒ ကြီးရှိပါတကား၊ ၊ယောဂီပုဂ္ဂိုလ်မြတ်သည်၊ ဝဋ်ဒုက္ခသက်မှ၊ လွတ်ထွက်ရာမှန်၊နိဗ္ဗာန်ကို၊ အလွန်ဆန္ဒကြီးရှိပါတကား၊ ၊မုဉ္စိတုကမျတာဉာဏ်၊

ခပ်သိမ်းရုပ်နာမ်တို့သည်၊ အနိစ္စမျိုး၊ ဒုက္ခဇိုးကို၊ အစိုး

ရ၍။ ရွံ့စရာ့စက်ဆုတ်ဖွယ် ချည်းတို့ပါ တကား၊ ပဋိကူလသညာ ဉာဏ်၊

ခပ်သိမ်းရုပ်နာမ်တို့သည်၊ နိစ္စသာရ။ သုခသာရ၊ ဒုက္ခသာရမှ၊ ကင်းဆိတ်ကြ၍၊ တုစ္ဆအချည်းနှီး၊ အနတ္တသဘောတရားတို့ချည်း ပါတကား။ ။သညာ ရုပေက္ခာဉာဏ်။ ။ ဆိုအပ်ခဲ့ပြီးသော။ စီးဖြန်းနည်းတို့ကို ဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်၍ ပွားများရာ၏။ ။သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝကဆုပန်ကြသော၊ ပုဂ္ဂိုလ်တို့သည်၊ မုဉ္စိတုကမျတာမှာ၊ ယခုချက်ခြင်းကို၊ မထည့်ပဲဆင်ခြင်၊ အတိတ်ပုဂ္ဂိုလ်တို့ ဝိပဿနာစီးဖြန်းဘို့၊ ။လေးပါးသော မဂ်ဉာဏ်ဖြင့်၊ ေနိဗ္ဗာန်ကိုလျှင်မြန်စွာသိမြင်ဘို့၊ အတိုသံခိတ္တဝိပဿနာပြီး၏၊

---

အရိယမဂ်သို့ လျှင်မြန်စွာရောက်စေတတ်သော ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိကိုပြပေအံ့၊

တေဘုမ္မကရုပ်နာမ်တို့သည်၊အဘန်ဘန်ဖြစ်ပျက်၊ အငြိမ့်စက်၍နေကုန်ပါတကား၊ ။ဥဒယဗ္ဗဉာဏ်။

တေဘုမ္မက ရုပ်နာမ်တို့သည်၊ ဘင်ဘင်ချည်းတို့ပါတကား။ ။ဘင်္ဂဉာဏ်၊

တေဘုမ္မက ရုပ်နာမ်တို့သည်၊ ဘေးရန်တွေအလွန်များကုန်ပါတကား၊ ။ဘယဉာဏ်၊

တေဘုမ္မကရုပ်နာမ်တို့သည်၊ အပြစ်တွေ အလွန်များကုန်ပါတကား၊ ။အာဒီနဝဉာဏ်၊

ယောဂီပုဂ္ဂိုလ်သည်၊ တေဘုမ္မကဝဋ်ဒုက္ခ၌၊ မပျော်မိုက်၍၊ငြီးငွေ့ပျင်းရိပါတကား၊ ။နိဗ္ဗိန္ဒဉာဏ်၊

ယောဂီပုဂ္ဂိုလ်သည်၊ တေဘုမ္မကဝဋ်ဒုက္ခမှ လွတ်ထွက်ခြင်း၌၊ အလွန်ဆန္ဒကြီး ရှိပါတကား၊ ။မုဉ္စိတု ကမျတာဉာဏ်၊

တေဘုမ္မကရုပ်နာမ်တို့သည်၊ အနိစ္စဒုက္ခ အနတ္တသဘော တရားတို့ချည်းပါတကား၊ ၊ပဋိသင်္ခါဉာဏ်။

တေဘုမ္မကရုပ်နာမ်တို့သည်၊ အနှစ်သာရဘာတရမျှမရှိ ကုန်ပါတကား၊ ၊သင်္ခါရုပေက္ခာဉာဏ်၊ ၊ဆိုအပ်ခဲ့ပြီးသော စီးဖြန်းနည်းတို့ကို၊ ဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်၍ ပွားများရာ၏၊ ၊ဥဒယဗ္ဗယဉာဏ်မှစ၍၊ အနုလောမဉာဏ် တိုင် အောင် ကိုးပါးသောဉာဏ်တို့သည်၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည်၊ ဝုဋ္ဌာနဂါမိနီဝိပဿနာ မည်၏ဟု၊ဒသုတ္တရသုတ်၌လာ၏၊ နိဗ္ဗိန္ဒဉာဏ်သည်၊ ဝုဋ္ဌာနဂါမိ နီဝိပဿနာမည်၏ဟု၊ အလဂဒ္ဒသုတ်၌လာ၏၊ မုဉ္စိတုကမျတာ ဉာဏ်၊ ပဋိသင်္ခါဉာဏ်၊သင်္ခါရုပေက္ခာဉာဏ်သုံးပါးသည်၊ဝုဋ္ဌာ နဂါမိနီဝိပဿနာမည်၏ဟု၊ ပဋိသမ္ဘိဒါမဂ်၌လာ၏၊ ၊ဝုဋ္ဌာ နံဂစ္ဆတီတိဝုဋ္ဌာနဂါမိနီ၊ ၊အဋ္ဌကထာ။ ၊ယာပညာ၊ အ ကြင်ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည်၊ ဝုဋ္ဌာနံ၊ အရိယာမဂ်သို့၊ ဂစ္ဆတိ၊ လျင်မြန်စွာရောက်တတ်၏။ဣတိ၊ ထို့ကြောင့်၊ သာ ပညာ၊ ထိုပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည်၊ ဝုဋ္ဌာနဂါမိနီ၊ဝုဋ္ဌာ နဂါမိနီမည်၏။ ၊ယာပညာ၊အကြင်နိဗ္ဗိန္ဒဉာဏ်သည်၊ဝုဋ္ဌာနံ၊ အရိယမဂ်သို့၊ ဂစ္ဆတိ၊ လျင်မြန်စွာရောက်တတ်၏၊ ဣတိ၊ထို့ ကြောင့်၊ သာပညာ၊ ထိုနိဗ္ဗိန္ဒဉာဏ်သည်၊ ဝုဋ္ဌာနဂါမိနီ၊ဝုဋ္ဌာန ဂါမိနီမည်၏။ ၊ယာပညာ၊ အကြင်မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်သည်၊ ဝုဋ္ဌာနံ၊ အရိယာ မဂ်သို့၊ဂစ္ဆတိ၊လျင်မြန်စွာရောက်တတ်၏၊ ဣတိ၊ ထို့ကြောင့်၊ သာပညာ၊ ထိုသုံးပါးသောဉာဏ်သည်၊ဝုဋ္ဌာနဂါမိနီ၊ ဝုဋ္ဌာနဂါ မိနီမည်၏၊ ၊အတိအတိတ်ကွပညာပုဂ္ဂိုလ်တို့ ဝိပဿနာစီး ဖြန်းဘို့၊ ၊အရိယမဂ်သို့လျင်မြန်စွာ ရောက်စေ တတ်သော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိပြီး၏၊

နိဗ္ဗာန်ဧချမ်းသာကြီးသို့၊ လျင်မြန်စွာ ရောက်စေတတ်သောအနတ္တကမ္မဋ္ဌာန်းစီးဖြန်းနည်းကိုပြပေဦးအံ့၊

ရုပ်နာမ်ဘန်ဘန်။ ဖြစ်ပျက်ဟန်ကို၊ ရေမြှုပ်လိုပဲ၊ အနှစ်သာရလဲမရှိ၊ အတိတုစ္ဆ၊ အသုံးမကျ၊ အလကား အချည်းနှီး၊ အနတ္တသဘောတရားတို့ချည်းပါတကား၊

ရုပ်နာမ်ဘန်ဘန်၊ ဖြစ်ပျက်ဟန်ကို၊ ရေပွက်လိုပဲ၊ အနှစ်သာရလဲမရှိ၊ အတိတုစ္ဆ၊အသုံးမကျ၊ အလကား အချည်းနှီး၊ အနတ္တသဘောတရားတို့ချည်းပါတကား၊

ရုပ်နာမ်ဘန်ဘန်၊ ဖြစ်ပျက်ဟန်ကို၊ တံလျှပ်လိုပဲ၊အနှစ်သာရလဲမရှိ၊ အတိတုစ္ဆ၊ အသုံးမကျ၊ အလကားအချည်းနှီး၊ အနတ္တသဘောတရားတို့ချည်းပါတကား၊

ရုပ်နာမ်ဘန်ဘန်၊ဖြစ်ပျက်ဟန်ကို၊ ငှက်ပျောတုံးလိုပဲ၊အနှစ်သာရလဲမရှိ၊ အတိတုစ္ဆ၊အသုံးမကျ၊ အလကားအချည်းနှီး၊ အနတ္တသဘောတရားတို့ချည်းပါတကား။

ရုပ်နာမ်ဘန်ဘန်၊ဖြစ်ပျက်ဟန်ကို၊ မျက်လှည့်ရုပ်လိုပဲ၊အနှစ်သာရလဲမရှိ၊အတိတုစ္ဆ၊အသုံးမကျ၊ အလကားအချည်းနှီး၊ အနတ္တသဘောတရားတို့ချည်းပါတကား၊

ရုပ်နာမ်ဘန်ဘန်ဖြစ်ပျက်ဟန်မျိုး၊ အစိုးမရ၊ အနိုင်သာရထား၊အနတ္တသဘောတရားတို့ချည်းပါတကား၊

ရုပ်နာမ်ဘန်ဘန်၊ ဖြစ်ပျက်ဟန်ကို၊ ပုဂ္ဂိုလ်အလိုသို့ မလိုက်လို၍၊ နဂိုရှိသဘောအတိုင်း ဖြစ်ကြ၍၊ အ-ဝသ-ဝတ္တန၊ အနတ္တသဘောတရားတို့ချည်းပါတကား၊

ရုပ်နာမ်ဘန်ဘန်၊ဖြစ်ပျက်ဟန်ကို၊သူစိမ်းလိုပ၊ လိုရာမရ၊ ပရပ၊ အနတ္တသဘောတရားတို့ချည်းပါတကား၊

ရုပ်နာမ်ဘန်ဘန်၊ ဖြစ်ပျက်ဟန်မှု၊ ပိုင်သူသခင်၊အရှင်မရှိ၊အသာမိက၊အနတ္တသဘောတရားတို့ချည်းပါတကား၊

ရုပ်နာမ်ဘန်ဘန်၊ ဖြစ်ပျက်ဟန်မှာ၊ အနှစ်သာရဘာတခုမျှရှာမရ၍၊ အသာရက၊ အနတ္တသဘောတရားတို့ချည်း ပါတ

ကား။ ။ဟုဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင်၊ ။အနတ္တဆယ်ပုဒ်၊နိဂုမ်းချုပ်၊နာမ်ရုပ်ဇေးငြိမ်းဘို့။

အနတ္တလက္ခဏာ၊စီးဖြန်းရာ၊ လျှင်စွာမဂ်ရဘို့၊ ။မဂ်ဗိုလ်ရမှ၊ နိဗ္ဗာန၊ နိစ္စချမ်းသာဘို့၊ ။တိက္ခပညာပုဂ္ဂိုလ်တို့အနတ္တလက္ခဏာစီးဖြန်းဘို့။

---

တောက်ပြန်ခြင်း ရုပ္ပနလက္ခဏာရှိသော သဘောကိုရုပ်၊ အာရုံသို့ ရှေးရှုညွတ်ခြင်း နမနလက္ခဏာရှိသော သဘောကိုနာမ်၊ ထိုရုပ်နာမ်တို့သည်၊ ပစ္စုပ္ပန်သန္တတိမရဏ၊ ခဏိကမရဏ၊ခဏမစဲ၊အဘန်တလဲလဲ၊ အမြဲပျက်စီးရခြင်းသည်၊ နိစ္စသာရ၊သုခသာရ၊ အတ္တသာရမှ၊ ကင်းဆိတ်ကြ၍၊ သညာစိတ္တဒိဋ္ဌိအားဖြင့်၊ ငါမှတ်ထင်စွဲလမ်းသော ကိုယ်လည်းမဟုတ်၊ မိမိလည်းအစိုးမရ၊ အစိုးရသူလည်းမရှိ၊ ပုဂ္ဂိုလ်အလိုသို့လည်းမလိုက်လို၍၊ နဂိုရှိသဘောအတိုင်းသာဖြစ်သောကြောင့်၊ ပိုင်သူသခင်၊အရှင်မှုလည်းအလျာမြူမျှမရှိ၊ အနှစ်သာရလည်းဘာတခုမျှမရှိ မိမိတကိုယ်သုံး၊ အသုံးမကျနာမ်ရုပ်၊ အကာအခွံ၊ အသေးအနှုပ်၊အတိတုစ္ဆ၊ အသုံးမကျ၊ အလကားအချည်းနှီး၊ အနတ္တသဘောတရားတို့ ချည်းပါတကား၊ ။ဟုဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင်၊ အတိတိက္ခပညာ ပုဂ္ဂိုလ်တို့ အနတ္တလက္ခဏာစီးဖြန်းဘို့၊

---

လောကီဉာဏ်တို့ကို ပေါင်းစည်းလျက်၊ လိုရင်းကြီးထက်၊ လိုရင်းကြီးအကျဉ်းချုပ်၊ နိဂုမ်းချုပ်လျက်၊ အသက်ထက်ဆုံး၊ အမြဲနှလုံးသွင်းရန် တရားကို ပြပေအံ့၊ ။ဘနည်းကား၊ ။ပဋိစ္စသမုပ္ပါဒ်၊ သံသရာစက်ရဟတ်၊ တဆဲ့နှစ်ရပ်တို့တွင်၊ နာမရူပံစက်ကြီးကို၊ ဝိဇ္ဇာဉာဏ်ဖြင့်ဖျက်ဆီး၍၊လျှင်မြန်စွာထွက်နည်းကို ပြပေအံ့၊ ။သံသရာစက်ဘို့တွင်၊ စက်တခုပျက်လျှင်ကြွင်းသောစက်တို့သည် အကုန်ပျက်ကုန်၏၊ ။

တနည်းကား၊ ၊တထောင့် ငါးရာ၊ ကိလေသာ ရောဂါကြီး၊ တခွက်တည်းနှင့်၊ အပြီးပျောက်ငြားအောင်၊ မြတ်စွာ ဘုရား ဆေးတော်ကြီး သောက်နည်းကို ပြပေအံ့၊ ၊တနည်းကား၊ အရိယာပုဂ္ဂိုလ်လေးပါးတို့တွင်၊ တပါးပါး၌မဂ်ဖိုလ်ရအောင်၊ ရုပ်နာမ်နှစ်ပြားဉ်၊ အနတ္တလက္ခဏာတင်နည်းကိုပြပေအံ့၊

အဇ္ဈတ္တရုပ်နာမ်တို့သည်၊ အဘန်ဘန်ဖြစ်ပျက်၊ အမြဲနှိပ်စက်ခြင်းသည်၊ အနိစ္စမျိုးဒုက္ခဒိုးကို၊ အပိုးမရ၍၊ ရှုံစရာ့စက်ဆုပ်ဘွယ်ကြီး၊ တုစ္ဆအချည်းနှီး၊ အနတ္တသဘောတရားတို့ချည်းပါတကား၊ ၊ဟုဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်၊ ဤကားရုပ်နာမ်နှစ်ပြား၌အနတ္တလက္ခဏာတင်နည်းတည်း၊

---

ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်၊ တဆဲ့နှစ်ရပ်တို့တွင်၊ ဝေဒနာစက်ကြီးကို၊ ဉာဏ်လက်နက်ဖြင့်ဖျက်ဆီး၍၊ လျင်မြန်စွာထွက်နည်းကို ပြပေအံ့၊ ၊တနည်းကား၊ ဆွမ်းစားခြင်း၊ ထမင်းစားခြင်း၊ ရေသောက်ခြင်း၊ သင်္ကန်းဝတ်ခြင်း၊ အဝတ်ဝတ်ခြင်းစသည်တို့၌ မဂ်ဖိုလ်ရအောင်၊ သုခဝေဒနာ၌ အနတ္တလက္ခဏာတင်နည်းကိုပြပေအံ့၊

ထိုထိုအာရုံကို ခံစားခြင်းသဘောတရားမှတို့သည်၊ငါမဟုတ်၊ငါမဟုတ်၊သုခဝေဒနာတွေသာဟုတ်ကုန်ပါတကား၊ ၊သုခဝေဒနာတို့သည်၊လျင်စွာလျင်စွာ၊ ပျက်စီးရခြင်းသည်။ အနိစ္စမျိုး၊ ဒုက္ခဒိုးကို အပိုးမရ၍၊ ရှုံစရာ့ စက်ဆုပ် ဘွယ်ကြီး။ တုစ္ဆအချည်းနှီး၊အနတ္တသဘောတရားတို့ချည်းပါတကား၊ ၊ဟုဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင်၊ ၊ဤကား သုခဝေဒနာ၌ အနတ္တလက္ခဏာတင်နည်းတည်း၊

ကိုယ်ဆဲ့ရှင်ပြား၊ ဂ. ယ်ရောဂါကပ်ရောက်သောအခါတို့၌၊ ကျင်ကြီး၊ကျင်ငယ်စွန့်သောအခါတို့၌၊ မဂ်ဖိုလ်ရအောင်၊ ဒုက္ခဝေဒနာ၌အနတ္တလက္ခဏာတင်နည်းကိုပြပေအံ့၊

ထိုထိုအနိဋ္ဌာရုံကို၊ ခံစားခြင်းသဘောတရားမှတို့သည်၊

ငါမဟုတ် ငါမဟုတ်။ ဒုက္ခဝေဒနာတွေသာ ဟုတ်ကုန်ပါတကား။ ။ဒုက္ခဝေဒနာတို့သည်၊ လျင်မြန်စွာဖြစ်ပျက်၊ ပြင်းစွာနှိပ်စက်ခြင်းသည်၊ အနိစ္စမျိုး၊ ဒုက္ခဇိုးကုံ၊ အပိုးမရ၍၊ ရွံစရာစက်ဆုပ်ဘွယ်ကြီး၊ တရွှာအချည်းနှီး၊ အနတ္တသဘောတရားတို့ချည်းပါတကား။ ။ဟုဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင်၍ကား ဒုက္ခဝေဒနာ၌ အနတ္တလက္ခဏာ တင်နည်းတည်း။ ။အတိတ်ကွပည္ပုဂ္ဂိုလ်တို့အနတ္တလက္ခဏာစီးဖြန်းဘို့၊

---

အနတ္တာအသာရကဋ္ဌေန။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။ရုပါရုပါ၊ တေသုမ္ဘကာ၊ လောကိယာသင်္ခါရဓမ္မ။ ဟူသမျှရုပ်နာမ်တို့သည်၊ အသာရကဋ္ဌေန၊ နိစ္စသာရ၊ သုခသာရ၊ အတ္တသာရ၊ ဘာတရမျှမရှိသော အနက်သဘောကြောင့်၊ အနတ္တာ၊ သညာစိတ္တဒိဋ္ဌိအားဖြင့်၊ ငါမှတ်ထင် စွဲလမ်းအပ်သော ကိုယ်မဟုတ်ကုန်၊ ။ဤကားအနှတ်၊ ။အဓိပ္ပါယ်ကား၊ ။အဇ္ဈတ္တရုပ်နာမ်တို့သည်၊ အနှစ်သာရဘာတရမျှမရှိ၍၊ မိမိတကိုယ်လုံး၊ အသုံးမကျနာမ်ရုပ်၊ အကာအခွေး၊ အသေးအနှပ်၊ အတိတ္တရွှာ၊ အသုံးမကျ၊ အလကားအချည်းနှီး၊ အနတ္တ သဘောတရားတို့ချည်းပါထကား။ ။အဇ္ဈတ္တကုသိုလ်တို့သည်၊ မင်္ဂမိုလ်သို့ရောက် ကြောင်း၊ ကောင်းစွာကောင်းစွာ၊ အောက်မေ့အင်သော၊ ကုသိုလ်အနတ္တတရား၊ အနည်းငယ်မျှသာဖြစ်ကုန်ပါတကား။ ။အဇ္ဈတ္တရုပ်နာမ်တို့ကို အနတ္တလက္ခဏာပြဆိုချက်၊ ၎င်းနည်းကိုမှီး၍ဗဟိဒ္ဓရုပ်နာမ်တို့မှာနည်းတူမှတ်။

အနုပဿနာဉပဋ္ဌာနံ၊ ဥပဋ္ဌာနံစနိရုဇ္ဈရေ၊ နိဗ္ဗာနဝါဝသင္ခေပိ၊ သင်္ခါရတာဝကာလိကာ။ ။သင္ခေပိဟောန္တိသင်္ခါရာ၊ မာယာဝိတာမရီစိဝ၊ ပုဗ္ဗုဠေဠာဝိယာဖေဏံဝ၊ အသာရကဒလီယထာ။ ။ဝိသုဒ္ဓိမဂ် သင်္ဂဟဂါထာ။ ။သင္ခေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော၊ သင်္ခါရာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အနုပဿနာဝေ၊ ရှေး၌မဖြစ်ဘူးကုန်ဘဲလျက်သာလျှင်၊ ဥပဋ္ဌာနံ၊

ယာရလျှင်စွာ အသစ်ဖြစ်ပေါ်လာကုန်၏။ ဥပ္ပန္နာစ၊ ဖြစ်ကုန်ပြီး၍လည်း၊ နိရုဇ္ဈရေ၊ ယာရချက်ခြင်းချုပ်ကင်းပျောက်ပျက်ကုန်၏။ နိစ္စ နဝါဝေ၊ အမြဲအသစ် အသစ်တို့သည်သာလျှင်၊ ဟောန္တိ၊ လျှင်စွာလျှင်စွာဖြစ်ပေါ်လာကုန်၏။ တာဝကာလိကာ၊ ရုပ်နာမ်တို့သည်၊ နည်းငယ်တိုလျှ၊ ဌီခဏမျှတည်ကုန်ကြ၏။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော၊ သင်္ခါရာ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်။မာယာဝိယ၊ မျက်လှည့်ရုပ်ကဲ့သို့ရင်း၊ မရီစိဝ၊တံလျှပ်ကဲ့သို့ရင်း။ပုဗ္ဗုဠေ့ဝိယ၊ ရေပွက်ကဲ့သို့ရင်း၊ ဖေဏံဝ၊ ရေမြှုပ်ကဲ့သို့ရင်း၊ ကဒလီယထား၊ငှက်ပျောတုံးကဲ့သို့ရင်း၊ အသာရာ၊အနှစ်သာရဘာတခုမျှမရှိကုန်။

ပရတောရိတ္တတော တုစ္ဆတော သုညတော အသာမိကတော အနိဿရဏတော အဝသဝတ္တိတောတိအာဒိဟိ ကာရဏေဟိ အနတ္တတော ပဿတိ၊ ။အဋ္ဌကထာ၊ ။သော၊ ထိုအနတ္တကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်၊ ရူပါရူပေ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို၊ ပရတော၊ လိုရာမပါစိရင်ရာမရ၍၊ ပြင်ပသူစိမ်းနှင့်တူသောကြောင့်ရင်း၊ ရိတ္တတော၊ ခိုင်မြဲချမ်းသာ၊ ကိုယ်မှုယ်စရာ၊ အနှစ်ကင်းသောကြောင့်ရင်း၊ တုစ္ဆတော၊ အနှစ်ကင်းပ၊ သိမ်ဖြင်းလှ၍၊ အလကားအချည်းနှီးဖြစ်သောကြောင့်ရင်း၊ သုညတော၊ သာမိ၊ နိဝါသိ၊ ကာရက၊ ဝေဒက၊ အဓိဋ္ဌာယက ဟူ၊တိတ္ထိတို့ကြံဆအပ်သော အတ္တမှကင်းဆိတ်သောကြောင့်ရင်း၊ အသာမိကတော၊ ပိုင်သူသခင်အရှင်မရှိသောကြောင့်ရင်း၊ အနိဿရဏတော၊ အစိုးလည်းမရ၊ အစိုးရသူလည်း မရှိသောကြောင့်ရင်း၊ အဝသဝတ္တိတော၊ ပုဂ္ဂိုလ်အလိုသို့မလိုက်လို၍ နဂိုရှိသဘော အတိုင်း ဖြစ်သောကြောင့်ရင်း။ဣတိအာဒိဟိ၊ ဤသို့အစရှိကုန်သော၊ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်၊ အနတ္တတော၊ သညာစိတ္တဒိဋ္ဌိအားဖြင့်ငါမှတ်ထင်စွဲလမ်းအပ်သော ကိုယ်မဟုတ်သောအားဖြင့်၊ ပဿတိ၊ဝိပဿနာဉာဏပညာစက္ခုဖြင့်ဘန်ဘန်ရှု၏။

ဓမ္မာဒါသံ ဂဟေတွာန၊ ဉာဏဒဿနပတ္တိယာ၊ ပစ္စဝေက္ခိ ဋ္ဌမံကာယံ၊ တုဏ္ဍ သတ္တရ ဗာဟိယံ၊ ။ထေရဂါထာ ပါဠိ တော်၊ ။အာပုသော၊ ငါ့ရှင်တို့၊ အဟံ၊ ငါကုလ္လ အမည်ရှိ သောမထေရ်သည်၊ ဉာဏဒဿနပတ္တိယာ၊ ထေးပါးသော မဂ် ဉာဏ်ဖြင့်၊ နိဗ္ဗာန်ကို လျင်မြန်စွာ သိမြင်ခြင်းသို့ ရောက်ခြင်း ငှါ၊ ဓမ္မာဒါသံ၊ သမထကမ္မဋ္ဌာန်း စီးဖြန်းထင်မြင်၍ စိတ်တည် ကြည်ငြိမ်သက်ခြင်း သမာဓိတည်းဟူသော မှန်ကိုင်း မျက်မှန် ကြီးကို၊ ဂဟေတွာန၊ မဏိဇောဘဏ္ဍာ၊ ပတ္တမြားမြတ်နှင့် တူ သော၊ အနုပဿနာပညာမျက်စိကြီးသုံးလုံးမှာကိုင်တပ်၍၊ သတ္တ ရဗာဟိယံ၊ အဏ္ဍတ္တဗဟိဒ္ဓ ပရမတ္ထအားဖြင့် ထင်ရှားရှိသော၊ ဋ္ဌမံကာယံ၊ ရုပ်တွေ နာမ်တွေ ပေါင်းရ၍ နေပါသော ဤခန္ဓာ ကိုယ်ကြီးကို၊ တုဏ္ဍံ တုဏ္ဍံ ဝတ၊ အသုံးမကျနာမ်ရုပ်၊ အကာအ ဆွေး၊ အသေး အနှုပ်၊ အတိတုဏ္ဍ အသုံးမကျ၊ အလကား အ ချည်းနှီး အနတ္တသဘောတရားချည်းပါဘကားဟု၊ ပစ္စဝေက္ခိံ၊ ဝိပဿနာဘာဝနာပညာစက္ခုဖြင့်ဘန်ဘန်ရှု၏။

တသ္မိံ ဟိ သတိ သစ္စသံပဋိဝေဓော ဇူဒ္ဓော တိ၊ န အသတိ။ ။ ဝိသုဒ္ဓိမဂ်ဋီကာ၊ ။ဟိ သစ္စံ၊ ထိုစကားသည်ကေန်မှန်၏။ တ သ္မိံ၊ ထိုရုပ်နာမ်နှစ်ဖြာ၌အနတ္တလက္ခဏာအခြင်းအရာကို သိမ်း ဆည်း ဆင်ခြင်ထင်မြင်ခြင်းသည်။ သတိ၊ ရှိသော်၊ သစ္စသံပဋိ ဝေဓော၊ သစ္စာလေးတန်ကို၊ မဂ်ဉာဏ်ဖြင့် ဘောက်ထွင်း၍ သိ မြင်ခြင်းသည်၊ ဇူဒ္ဓော တိ၊ ပြည့်စုံ၏။ တသ္မိံ၊ ထိုရုပ်နာမ်နှစ်ဖြာ၌အ နတ္တလက္ခဏာ အခြင်းအရာကို၊ သိမ်းဆည်းဆင်ခြင် ထင်မြင် ခြင်းသည်။ အသတိ၊ မရှိသော်။ သစ္စသံပဋိဝေဓော၊ သစ္စာလေး တန်ကိုမဂ်ဉာဏ်ဖြင့်ဘောက်ထွင်း၍သိမြင်ခြင်းသည်။ နဇူဒ္ဓာတိ၊ မပြည့်စုံ။ ။ဤကားအနက်၊ ။အဓိပ္ပါယ်လိုရင်းကြီးအကျဉ်း ချုပ်ကား၊ ရုပ်နာမ်နှစ်ဖြာ၌ အနတ္တလက္ခဏာ ထင်မြင်လျှင်မဂ် ဖိုလ်ကို လျင်မြန်စွာရနိုင်၏ဟုဆိုလိုသည်၊ ဤကားအနွယနည်း တည်း၊ ။ဗျတိရိက်နည်းကား၊ ။ရုပ်နာမ်နှစ်ဖြာ၌အနတ္တလက္ခ

ထားမထင်မြင်လျှင် မဂ်ဖိုလ်ကို လျင်မြန်စွာ ရနိုင်ခဲ့သည်ဟုဆို လိုသည်။

ဘိက္ခဝေ သဗ္ဗေပိခန္ဓာ အဝသဝတ္တနဋ္ဌေနအနတ္တာဒေဝ။ ။ ဤဒေသနာကိုရှေးဦးစွာဟောတော်မူပြီးမှ။

သဗ္ဗေဓမ္မာအနတ္တာတိ၊ ယဒါပညာယပဿတိ၊ အထ နိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါဝိသုဒ္ဓိယာ။ ။ဤဒေသနာကို နောင်မှ ဟောတော်မူ၏။ဓမ္မပဒပါဠိတော်။ ။ဘိက္ခဝေ၊ သံသရာဘေး။ လာမည်ရေးကို၊ မြော်တွေးရှုဘြား၊ ငါ၏ချစ်သား ငါးရာသော ရဟန်းများတို့။ ကာမဘဝါဒိသု၊ ကာမကရူပအရူပဟုဘဝသုံး ပါးတို့၌၊ ဥပ္ပန္နာ၊ ညည့်နေ့မပြတ်နာရီမလပ်ရဟတ်မသွေဖြစ်နေ ကြကုန်သော၊ သဗ္ဗေပိခန္ဓာ၊ အလုံးစုံသည်းဖြစ်ကုန်သော တေ ဘူမကာ လောကီယာသင်္ခါရဓမ္မဟူသမျှ ခန္ဓာငါးပါး ရုပ်နာမ်တ ရားတို့သည်၊ အဝသဝတ္တနဋ္ဌေန၊ ခန္ဓာငါးဝ၊ သမူဟကို၊ပုဂ္ဂလ ဓါဆို၊ ပုဂ္ဂိုလ်အလိုသို့ မလိုက်လို၍ နဂိုရ်တရားသဘော အ တိုင်းသာဖြစ်ခြင်းအနက်သဘောကြောင့်။ အနတ္တာဒေဝ၊ သညာ စိတ္တဒိဋ္ဌိအားဖြင့် ငါမှတ်ထင်စွဲလင်းအင်သော ကိုယ်မဟုတ် ကုန်သာလျှင်တည်း။ ။ကာမဘဝါဒိ သုဥပ္ပန္နာပုဒ်သည်။အနိစ္စ မှလိုက်၍ လာသောပုဒ်တည်း။ ။သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဓမ္မါ၊ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်၊ အနတ္တာ၊ ပုဂ္ဂိုလ်အလို သို့မလိုက်လို၍ နဂိုရ်သဘောအတိုင်း ဖြစ်သောကြောင့် ကိုယ်မ ဟုတ်ကုန်၊ဣတိ၊ဤသို့၊ယဒါ၊ အကြင်အခါ၌၊ ယော၊ အကြင်အ နတ္တကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်။ ပညာယ၊ ဝိ ပဿနာဘာဝနာ ပညာမျက်စိဖြင့်၊ ပဿတိ၊ ခန္ဓာနာမ်ရုပ်တို့ သည်၊ ပုဂ္ဂိုလ်အလိုသို့မလိုက်၍ကိုယ်မဟုတ်သည်ကို ထင်မြင် ၏၊ အထ၊ ထိုသို့ထင်မြင်သောအခါ၌၊ သော၊ ထိုအနတ္တကမ္မ ဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်၊ ဒုက္ခေ၊ ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို ဘန်ဘန်ရွက်ဆောင်ရခြင်း ဝဋ်ဆင်းရဲအပေါင်း ၌၊ နိဗ္ဗိန္ဒတိ၊ ရွံရှာစက်ဆုပ်မရုံမက် မနှစ်သက်မပျော်မွေ့၍ငြီး

ငွေ့ ပျင်းမှန်းကြီး မှန်း၏။ ဖေသဖေသော၊ ဤသို့ ဝဋ္ဋဆင်းရဲ အာ
ပေါင်း၌ မပျော်မွေ့ပြီးငွေ့ ပျင်းမှန်းကြီး မှန်းသောသူသည်၊ ဝိ
သုဒ္ဓိယာ၊ တထောင်ငါးရာကိုလေသာ လျင်စွာ စင်ကြယ်ခြင်း
၏၊မဂ္ဂေါ၊အကြောင်းကောန်အမှန်ပေတည်း၊ ဝါ၊ဤသို့ ဝဋ္ဋဆင်း
ရဲအပေါင်း၌ ပျင်းမှန်းကြီး မှန်းသောသူသည်၊ ထေးမဂ် ဉာဏ်
ဖြင့်ဧးနိဗ္ဗာန်ကို လျင်မြန်စွာ သိမြင်ခြင်း၏အကြောင်း၊ ကောန်အာ
မှန်ပေတည်း၊ ။ဤကားအနက်၊ ။အဓိပ္ပါယ်လိုရင်းကြီးအာ
ချုပ် ဝတ္ထု သက်သေကား၊ ။ငါးရာသော ရဟန်း တို့သည်၊
ကဿပ မြတ်စွာဘုရား လက်ထက်တော်၌၊ အနုဋ္ဌကမ္မဋ္ဌာန်း
ကိုစီးဖြန်း ပွားများ အားထုတ် ခဲ့ဘူးသော ကောင်းမှုကြောင့်၊
ဂေါတမ မြတ်စွာ ဘုရားသည်၊ အနုဋ္ဌ လက္ခဏာကို ဟော
တော်မူသည်၏အဆုံး၌ရဟန္တာဖြစ်တော်မူကြကုန်၏။

အနုဋ္ဌသညာဘိက္ခဝေ ဘာဝိတာဗဟုလီကတာ မဟပ္ဖ
လာဟောတိ မဟာနိသံ သာအမတောဂတာ အမတ ပရိယော
သာနာ၊ ။ဘိက္ခဝေ၊ရဟန်းတို့၊ ဘာဝိတာ၊ အနုပဿနာပညာ
မျက်စိဖြင့်မှိုဲပွားအပ်ပြီးသော၊ ဗဟုလီကတာ၊ ဝိပဿနာဘာ
ဝနာဉာဏ်ဖြင့် ဘန်ဘန်ထပ်ထပ် စီးဖြန်းအပ်ပြီးသော၊ အနုဋ္ဌ
သညာ၊ ခန္ဓာနာမ်ရုပ်တို့သည် ပုဂ္ဂိုလ်အလိုသို့ မလိုက်ခြင်း
ကြောင့်၊ ကိုယ်မဟုတ်ပါတကားဟု ကောင်းစွာသိမြင်ဆင်ခြင်
မှတ်သားခြင်းသည်၊ မဟပ္ဖလာ၊ လောကီလောကုတ္တရာအကျိုး
နှစ်ဖြာအား များများကြီးရှိသည်၊ ဟောတိ၊ဖြစ်၏။ မဟာနိသံ
သာ၊ ပစ္စုပ္ပါန်တမလွန်အား များများကြီးအကျိုးရှိသည် ဟော
တိ၊ဖြစ်၏၊ အမတောဂတာ၊ သေခြင်းကင်းရာ ဧးချမ်းသာကြီး
သို့ လျင်စွာ ရောက်စေတတ်၏၊အမတပရိယောသာနာ၊ သေ
ခြင်းကင်းရာ ဧးချမ်းသာကြီးသို့ရောက်လျှင် အကျိုးပေးဘို့ အာ
လုံးရုံအကုန်အဆုံးရှိ၏၊

အနိစ္စဥဒုက္ခဥပါကရ ၊ အနတ္တာဝေအပါကရာ၊ ပရိဘော
ဂဘာဇနာဒိသုပ ဘိန္နေသုအ ဟောအ နိစ္စန္တိဝဒန္တိ၊ အဟော

အနတ္တာတိဝတ္တာနာမနတ္ထိ၊ သရီရေ ဂဏ္ဍပိဠကာ ဒီသုဝါ ဥဒ္ဓုမ္မ
တေသု ကဏ္ဍကာဒီသုဝါ ဝိဒ္ဓါသု အဲဟော ဒုက္ခန္တိ ပဝေဒန္တိ။ အ
ဟောအနတ္တာတိ ပနဝတ္တာနာမနတ္ထိ၊ ရူပံဟိ အနတ္တလက္ခဏံနာ
မ။ အဝိဘူတံဒုဒ္ဒသံဒုပ္ပညာပနံ၊ ။မူလပဏ္ဏာသ၊ အလဂဒ္ဒူပ
မသုတ်ဋ္ဌကထာ၏။ ။အနိစ္စန္တ၊ အနိစ္စသည်ဟုင်း။ ဒုက္ခန္တ၊ ဒုက္ခသည်
ဟုင်း။ ပါကဋ၊ ထင်ရှား၏။ အနတ္တာဧဝ၊ အနတ္တသည်သာလျှင်အ
ပါကဋာ၊ မထင်ရှား။ ဟိ၊ ချဲ့ဦးအံ့၊ ပရိဘောဂဘာဇနာဒီသု၊ သုံး
ဆောင်သော ခွက်အိုးအစရှိသည်တို့သည်၊ ဘိန္နေသု၊ ကွဲကုန်
သည်ရှိသော်၊ အဟော အနိစ္စန္တိ၊ ဩော်အမြဲ မရှိကုန်ဟူ၍၊
ဝဒန္တိ၊ ဆိုကြကုန်၏၊ အဟောအနတ္တာတိပန၊ ဘောက်ပြန်ကွဲ
ပျက် တတ်သော ဥဘုဇအစ္စ ကလာပ် ရုပ်တို့သည်၊ ဩော်၊
အိုးမဟုတ် ကုန်ဟူ၍၊ ဝတ္တာနာမ၊ ဆိုသော သူတို့ မည်သည်၊
နတ္ထိ၊ မရှိကုန်။ သရီရေ၊ ကိုယ်၌၊ ဂဏ္ဍပိဠကာဒီသု၊ အိုင်းအမာ
အစရှိသည်တို့သည်၊ ဥဒ္ဓုမ္မတေသုဝါ၊ ပေါက်ကုန် သော်ဟုင်း၊
ကဏ္ဍကာဒီသု၊ ဆူးငြောင့်အစရှိသည်တို့သည်၊ ဝိဒ္ဓါသုဝါ၊ ထိုး
မိတိုက်မိ၍ စူးကုန်သော်ဟုင်း၊ အဟောဒုက္ခန္တိ၊ ဩော်ဆင်းရဲ
ကုန်၏ဟူ၍၊ ဝဒန္တိ၊ ဆိုကြကုန်၏။ အဟောအနတ္တာတိပန၊ ဒုက္ခ
ဝေဒနာ လျှင်မြန်စွာဖြစ်ပျက်ပြင်းစွာ နှိပ်စက်ခြင်း သဘောတ
ရားတို့သည်၊ ဩော်၊ ငါ့ကိုယ်မဟုတ်ကုန်ဟူ၍၊ ဝတ္တာနာမ၊ ဆို
သောသူတို့မည်သည်၊ နတ္ထိ၊ မရှိကုန်၊ ကသ္မာ၊ အဘယ်ကြောင့်
အဟောအနတ္တာဟု မဆိုကြလေကုန်သနည်း၊ ဟိယသ္မာ၊ အ
ကြင်ကြောင့်၊ ရူပံအနတ္တ လက္ခဏံ နာမ၊ ရူပအနတ္တ လက္ခဏာ
မည်သည်၊ အဝိဘူတံ၊ မထင်ရှား၊ ဝါ၊အနိစ္စဒုက္ခတို့ထက်လွန်
ကဲ၍နက်နဲ၏၊ဒုဒ္ဒသံ၊မြင်နိုင်ခဲ၏၊ဒုပ္ပညာပနံ၊ သိနိုင်ခဲ၏၊ တသ္မာ၊
ထိုကြောင့်၊ အဟောအနတ္တာတိပန၊ ဩော် ငါ့ကိုယ်မဟုတ်ပါ
တကားဟု၊ ဝတ္တာနာမ၊ ဆိုသောသူတို့မည်သည်၊ နတ္ထိ၊ တစုံ
တယောက်မျှမရှိကုန်သတည်း။

သုတမယဉာဏ်ဖြင့်၊အနိစ္စ၊ဒုက္ခ၊ အနတ္တတို့ကိုသိသူများ

ကြ၏၊ ဘာဝနာဉာဏ်ဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကိုထင်မြင်သူအလွန်နည်းပါး၏၊ အနိစ္စ၊ အမြဲမရှိ၊ ဒုက္ခ၊ ဆင်းရဲစွဟုဆိုသူများကြ၏၊ အနတ္တ၊ငါ့ကိုယ်မဟုတ်ဟု ဆိုနိုင်သူ အလွန်နည်းပါး၏၊ သာမညအားဖြင့်၊ အနတ္တ၊ အစိုးမရဟုဆိုကြသူများ၏၊ ဘာဝနာပညာဖြင့်၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်ဟု ထင်မြင်သူ အလွန်နည်းပါး၏၊ အဘယ်ကြောင့် အနတ္တလက္ခဏာကိုမထင်နိုင်သနည်း၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ငါမဟုတ်၊ ငါကိုယ်မဟုတ်ပါတကားဟု၊ ဘာဝိဘာဝဟုလိကာတာ၊မပြုသောကြောင့်ဧင်း၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ ပုဂ္ဂိုလ်အလိုသို့ မလိုက်သို၍ နဂိုရှိသဘောအတိုင်း ဖြစ်ပါတကားဟု၊ ဘာဝိဘာဝဟုလိကာတာ မပြုသောကြောင့်ဧင်း၊ အနတ္တအနတ္တလက္ခဏာမထင်နိုင်သတည်း၊ အဘယ်ကြောင့် အနတ္တအနတ္တလက္ခဏာ ထင်နိုင်သနည်း၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ ငါမဟုတ်၊ ငါ့ကိုယ်မဟုတ်ပါတကားဟု ဘာဝိတာ ဗဟုလိကာတာ ပြုသောကြောင့်ဧင်း၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ ပုဂ္ဂိုလ်အလိုသို့ မလိုက်သို၍ နဂိုရှိ သဘောအတိုင်းဖြစ်ပါတကားဟု ဘာဝိတာ ဗဟုလိကာတာ ပြုသောကြောင့်ဧင်း။ အနတ္တအနတ္တလက္ခဏာထင်နိုင်သတည်း၊ အနတ္တလက္ခဏာကို ပွားများသည်ရှိသော်၊ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတရားကို၊ ထိုးထွင်းဘောက်ခွဲ နက်နဲစွာသိနိုင်၏၊ အနတ္တလက္ခဏာကိုမပွါးမများသည်ရှိသော်၊ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို၊ထိုးထွင်းဘောက်ခွဲ၍နက်နဲစွာမသိနိုင်၊

တသ္မိံပါဠိသတိသစ္စသံပဋိဝေဓောဇာန္တာဘိ၊ နအာသတိ၊ ၊ ဋီကာ၊ ၊နိဗ္ဗာန်ဧေးချမ်းသာကြီးသို့သျင်မြန်စွာ ရောက်စေတတ်သောအနတ္တ ကမ္မဌာန်းစီးဖြန်းနည်းပြီး၏၊

---

နိဗ္ဗာန်ဧေးမြို့ကြီးသို့သွားရာ၊ မြီးအစဉ် ခုနစ်ပါးကို ပြပေ

အံ့၊ ။သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿန ဝိသုဒ္ဓိစေတိ၊ သတ္တဝိဓေနဝိသုဒ္ဓိသင်္ဂဟော။ ။ သီလဝိသုဒ္ဓိစ၊ စတုပါရိသုဒ္ဓိသီလ၏ စင်ကြယ်ခြင်းရင်း။ ။တနည်းကား။ ။သီလဝိသုဒ္ဓိစ၊ နိဗ္ဗာန်ကိုတောင့်တ၍ စောင့်ထိန်းသောငါးပါးသီလ၊ ၈ ပါးသီလ၊ ဆယ်ပါးသီလ၊ စတုပါရိသုဒ္ဓိသီလတို့၏စင်ကြယ်ခြင်းရင်း။ စိတ္တဝိသုဒ္ဓိစ၊ သမထကမ္မဋ္ဌာန်းစီးဖြန်းထင်မြင်၍စိတ်၏ စင်ကြယ်ခြင်းရင်း၊ ဒိဋ္ဌိဝိသုဒ္ဓိစ၊ နာမရူပပရိစ္ဆေဒဉာဏ်ဖြင့်၊ ရုပ်နာမ်ကို ပိုင်းခြားသိမြင်၍ ဉာဏ်အမြင်၏စင်ကြယ်ခြင်းရင်း၊ ကင်္ခါဝိတရဏဝိသုဒ္ဓိစ၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ရုပ်နာမ်ဖြစ်ကြောင်းကိုသိမ်းဆည်းဆင်ခြင်၍ ယုံမှားခြင်းတို့မှ လွန်နိုင်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်းရင်း၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိစ၊ သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်ဖြင့် ရုပ်နာမ်ဖြစ်ခြင်းပျက်ခြင်းကို သုံးသတ်ဆင်ခြင် ထင်မြင်၍ ဝိပဿနုပက္ကိလေသ ဆယ်ပါးဖြစ်ပေါ်လာခြင်းသည်၊ ဝိပဿနာ၏ ပြစ်ညှုးကြောင်းဘေးရန်တည်းဟု သိမ်းဆည်း ဆင်ခြင်သောအားဖြင့်၊ မဂ်ဟုတ်သည်မဟုတ်သည်ကို သိသောဉာဏ်အမြင်၏စင်ကြယ်ခြင်းရင်း၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိစ၊ ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ကိုးပါးသောဉာဏ်ဖြင့် မဂ်သို့ရောက်ကြောင်းအကျင့်ကို အဘန်ဘန်ဆင်ခြင်၍သိသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်းရင်း၊ ဉာဏဒဿနဝိသုဒ္ဓိစ၊နိဗ္ဗာန်ကို သိမြင်သော မဂ်ဉာဏ်၏ စင်ကြယ်ခြင်းရင်း၊ ဣတိ၊ ဤသို့၊ သတ္တဝိဓေန၊ နိဗ္ဗာန်ဧမြို့ကြီးသို့သွားရာခြီးအစဉ် ခုနှစ်ပါးအပြားအားဖြင့်၊ ဝိသုဒ္ဓိသင်္ဂဟော၊ စင်ကြယ်ခြင်းကိုရေတွက်ခြင်းတည်း။ ။ဤကားအနက်၊ ။အဓိပ္ပါယ်ကား။ ဝိသုဒ္ဓိတို့နှင့်ပြည့်စုံသောသူတို့သည်၊ နေ့စဉ်မပြတ် နာရီမလပ် သုခခတ်အမှန် နိဗ္ဗာန်ဧမြို့ကြီးသို့ရောက်အောင် ခြီးသွားသည် မည်ကုန်၏၊ ငါးပါးသီလနှင့်ပြည့်စုံသောသူထက်၊ ၈ ပါးသီ

လ၊ ဆယ်ပါးသီလနှင့်ပြည့်စုံသောသူသည်။ နိဗ္ဗာန်ဈေးမြို့ကြီးနှင့်သာလို့နိုး၏။ ရှစ်ပါးသီလ၊ဆယ်ပါးသီလတို့နှင့်ပြည့်စုံသောသူထက်၊ စတုပါရိသုဒ္ဓိသီလနှင့်ပြည့်စုံသောသူသည်၊ နိဗ္ဗာန်ဈေးမြို့ကြီးနှင့်သာလို့နိုး၏၊ စတုပါရိသုဒ္ဓိ သီလနှင့် ပြည့်စုံသော သူထက်၊ စိတ္တဝိသုဒ္ဓိနှင့်ပြည့်စုံသောသူသည်၊ နိဗ္ဗာန်ဈေးမြို့ကြီးနှင့်သာလို့နိုး၏။စိတ္တဝိသုဒ္ဓိနှင့်ပြည့်စုံသောသူထက်၊ ဒိဋ္ဌိဝိသုဒ္ဓိနှင့်ပြည့်စုံသောသူသည်၊ နိဗ္ဗာန်ဈေးမြို့ကြီးနှင့်သာလို့နိုး၏၊ ဒိဋ္ဌိဝိသုဒ္ဓိနှင့်ပြည့်စုံသောသူထက်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံသောသူသည်၊ နိဗ္ဗာန်ဈေးမြို့ကြီးနှင့်သာလို့နိုး၏၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ နှင့်ပြည့်စုံသောသူထက်၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့်ပြည့်စုံသောသူသည်။ နိဗ္ဗာန်ဈေးမြို့ကြီးနှင့်သာလို့နိုး၏၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနှင့်ပြည့်စုံသောသူထက်၊ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိနှင့်ပြည့်စုံသောသူသည်။ နိဗ္ဗာန်ဈေးမြို့ကြီးနှင့် သာလို့နိုး၏၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံသောသူသည်၊ နိဗ္ဗာန်ဈေးမြို့ကြီးကို အနုမာနဉာဏ် ဘာဝနာဉာဏ်ဖြင့် သိမြင်ရ၏၊ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့်ပြည့်စုံသောသောသူထက်၊ ဉာဏဒဿနဝိသုဒ္ဓိနှင့်ပြည့်စုံသောသူသည်။ နိဗ္ဗာန်ဈေးမြို့ကြီးနှင့်သာလို့နိုး၏။ ဉာဏဒဿန ဝိသုဒ္ဓိနှင့်ပြည့်စုံသောသူသည်၊ နိဗ္ဗာန်ဈေးမြို့ကြီးကို ပဋိဝေဓဉာဏ် မဂ်ဉာဏ်ဖြင့် သိမြင်၍ ရောက်ရ၏။ ။နိဗ္ဗာန်နဂရန္တိ ပုစ္ဆတိ၊ ။ဗုဒ္ဓဝင်အဋ္ဌကထာ၊ ။အာနယအားဖြင့်၊ နိဗ္ဗာန်ကို ဈေးမြို့ကြီးဟူ၍ဆိုလျှင်၊ ဗျတ်ရိက်အားဖြင့်သုံးဆဲ့တဘုံကိုအပမြို့ကြီးဟူ၍ဆိုအပ်၏၊ ။သီလဝိသုဒ္ဓိရှေ့အနက်သည်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌လာ၏။ နောက်အနက်သည်၊ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌လာ၏၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၌ ရုပ်နာမ်ဖြစ်ခြင်းပျက်ခြင်းကို သိမြင်သော ဉာဏ်သည်၊ ဥဒယဗ္ဗယဉာဏ်လည်း မည်၏၊ ဝိပဿနူပက္ကိလေသဆယ်ပါး၌၊ မဂ်ဟုတ်သည်မဂ်မဟုတ်သည်ကို သိမြင်သောကြောင့်၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိလည်းမည်၏၊ ဥဒယဗ္ဗယဉာဏ်သည်၊

ဝိပဿနုပက္ကိလေသဆယ်ပါး၌ မဂ်မဟုတ်သည်ကို မဂ်ဟုတ်သည်ဟုမှတ်ထင်လျှင် ဖိုလ်မဟုတ်သည်ကို၊ ဖိုလ်ဟုတ်သည်ဟုမှတ်ထင်လျှင်၊ နိဗ္ဗာန်မဟုတ်သည်ကို နိဗ္ဗာန်ဟုတ်သည်ဟုမှတ်ထင်လျှင်။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမဖြစ်။ ဥဒယဗ္ဗယဉာဏ်မျှသာဖြစ်၍။ ဥဒယဗ္ဗယဉာဏ်သည်၊ ဝိပဿနုပက္ကိလေသဆယ်ပါး၌ မဂ်ဟုတ်သည်မဂ်မဟုတ်သည်ကိုသိမြင်၍၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။ ဒိဋ္ဌိဝိသုဒ္ဓိကိုရသဖြင့် ဒုက္ခသစ္စာကိုသိမြင်၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိကိုရသဖြင့် သမုဒယသစ္စာကိုသိမြင်၏။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကိုရသဖြင့် မဂ္ဂသစ္စာကိုသိမြင်၏၊ ဤသို့ လောကီယဉာဏ်ဖြင့်ပင်၊ သစ္စာသုံးပါးကို ပိုင်းခြား၍သိမြင်နိုင်၏။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌ ဥဒယဗ္ဗယဉာဏ်မှစ၍၊ သစ္စာနုလောမဉာဏ် တိုင်အောင်၊ ကိုးပါးသောဉာဏ်တို့သည်၊ အရိယမဂ်သို့ ရောက်ကြောင်း အကျင့်ကိုသိမြင်၍ မဂ္ဂသစ္စာကို သိမြင်သော ဉာဏ်ချည်း မည်ကုန်၏။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိပြီး၏။ ။နိဗ္ဗာန်ဈေးမြို့ကြီးသို့သွားရာ၊ ခရီးအစဉ်ခုနစ်ပါးကိုရအောင်ကျက်ရမည်။ နိဗ္ဗာန်ခရီးအစဉ်ကိုရမှ၊ နိဗ္ဗာန်နှင့် ဘယ်လောက်နည်းပြီး၊ နိဗ္ဗာန်နှင့် ဘယ်လောက် ဝေးသည်ကို၊ သိရလျှင် တရားကို ကျင့်အားရှိသည်၊ ။သီလသမထ ဝိပဿနာတို့ကိုအားထုတ် သောယောဂီပုဂ္ဂိုလ်တို့သည်၊ နိဗ္ဗာန်ဈေးမြို့ကြီးသို့သွားရာ ခရီးအစဉ်ခုနစ်ပါး၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဉာဏ်တဆဲ့ခြောက်ပါးတို့ကို ရအောင် ကျက်ရမည်၊ လိုရင်းကြီး ကောက်ချက်မှတ်ကြကုန်။ ။နိဗ္ဗာန်ဈေးမြို့ကြီးသို့ သွားရာခရီးအစဉ်ခုနစ်ပါးပြီး၏။

---

ပဋိစ္စသမုပ္ပါဒ်သံသရာစက်ချပ်တဆဲ့နှစ်ရပ်တို့တွင် နာမရူပံစက်ကြီးကို သစ္စဉာဏ်ဖြင့် ဖျက်ဆီး၍ ထွက်နည်းကိုပြပေအံ့။ ။နာမရူပံ သံသရာစက်ကြီးတခုပျက်လျှင် ကြွင်းသော

စက်တို့သည်အကုန်ပျက်ကုန်၏၊ ။တနည်းကား၊ တထောင့် ငါးရာကိုသောသာ နူနာရောဂါကြီးကို တခွက်တည်းနှင့် အပြီး ပျောက်အောင် ရှက်ဆောင်နိုင်သော ဘုရား ဆေးတော်ကြီး သောက်နည်းကိုပြဆိုပေအံ့၊ ။တနည်းကား၊ ဒုက္ခသစ္စာ နိ ရောဓသစ္စာနှစ်ပါးကိုပြပေအံ့၊

ပူရုပ်နာမ်၊ ပူရုပ်နာမ်၊ ။ဒုက္ခသစ္စာနှလုံးသွင်းပုံ၊ ။ ေးနိဗ္ဗာန်၊ ေးနိဗ္ဗာန်၊ ။နိရောဓသစ္စာနှလုံးသွင်းပုံ၊ ပထမ ဆေးတော်ကြီးသောက်နည်း၊

ထုံသုံးတန်၌ ရုပ်နာမ် ဖြစ်ခြင်း ပျက်ခြင်းသည်၊အလွန်ပူ ပါတကား၊ ။ဒုက္ခသစ္စာနှလုံးသွင်းပုံ၊ ။ရုပ်နာမ်ဖြစ်ခြင်း ပျက်ခြင်း မရှိရာ နိဗ္ဗာန်သည်အလွန်ေးပါတကား၊ ။နိရောဓ သစ္စာနှလုံးသွင်းပုံ၊ ။ဒုတိယဆေးတော်ကြီး၊

ပဋိသန္ဓေအိုနာသေခြင်းသည်၊ အလွန်ပူပါတကား၊ ။ ဒုက္ခသစ္စာ နှလုံးသွင်းပုံ၊ ။ပဋိသန္ဓေအိုနာသေခြင်း မရှိရာ နိဗ္ဗာန်သည်၊ အလွန်ေးပါတကား၊ ။နိရောဓသစ္စာနှလုံးသွင်း ပုံ၊ ။တတိယဆေးတော်ကြီးသောက်နည်း၊

အနမတဂ္ဂ၊အစမထင်သောဘဝမှစ၍၊ ပရိနိဗ္ဗာန်ပြုသည့် စုတိစိတ်တိုင်အောင်ဖြစ်သော၊ ရုပ်နာမ်ခန္ဓာ အာယတနဓာတ် တို့၏ မပြတ်ဆက်ခါဆက်ခါဖြစ်ပျက်၍ နေရခြင်းသည်၊ အ လွန်ဆင်းရဲသောဒုက္ခ ၂ဌာ၊ အပူဂေကန်အမှန် ပါတကား၊ ။ ဒုက္ခသစ္စာနှလုံးသွင်းပုံ၊ ။အနမတဂ္ဂ၊ အစမထင်သော ဘဝမှ စ၍၊ ပရိနိဗ္ဗာန်ပြုသည့်စုတိစိတ်တိုင်အောင် ဖြစ်သော ရုပ်နာမ် ခန္ဓာ၊ အာယတန ဓာတ်တို့၏.မပြတ်ဖြစ်ရာ၊ သံသရာဓာတ် ကြီး၊အပြီးသတ်ရုပ်သိမ်း၍ ဒုက္ခခပ်သိမ်း အကုန်ချုပ် ငြိမ်းေး သောသန္တိ သဘောတရားသည်၊ အလွန်ေးမြသော သန္တိသုခ ေးနိဗ္ဗာန်၊ ဧကန်အမှန်ပါတကား၊ ။နိရောဓသစ္စာ နှလုံးသွင်း ပုံ၊ ။စတုတ္ထဆေးတော်ကြီးသောက်နည်း၊

ပဋိသန္ဓေနေခြင်း၊အိုခြင်း၊နာခြင်း၊သေခြင်း စသောဘေး

အနန္တ၊ ဆင်းရဲဒုက္ခ၊ အပ္ပမေယျတို့၏ တည်နေ ခိုအောင်းရာ၊ ခန္ဓာ၀န်တွဲလဲနှင့်၊ သံသရာငရဲဆင်းရဲ၊ ဝဲဩဃကြီးသဲမှာ၊ တအဲအဲ၊ တလူးလဲလဲ၊ ပဋိသန္ဓေနေပွဲ၊ အိုပွဲ၊ နာပွဲ၊ သေပွဲ စသောအမင်္ဂလာပွဲ၊ အနှံ့အဖုံဖုံ အလုံးစုံကို တွေ့ကြုံ၍နေရခြင်းသည်၊ အလွန်ပူသော သဘောတရားကြောင့် အမှန်ပါတကား၊ ။ဒုက္ခသစ္စာနှလုံးသွင်းပုံ။ ။ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း စသောဘေးအနန္တ၊ ဆင်းရဲဒုက္ခအပ္ပမေယျတို့၏ တည်နေ ခိုအောင်းရာ၊ ခန္ဓာ၀န်လက်စသိမ်း၍၊ ဘ၀ဇာတ်ငြိမ်းရာ၊ ခေမာသုခ၊ နိဗ္ဗာနသည်၊ အလွန်အေးမြသော သန္တိသဘောတရားကြောင့်အမှန်ပါတကား၊ ။နိရောဓသစ္စာနှလုံးသွင်းပုံ။ ။ပဌမဆေးတော်ကြီးသောက်နည်း၊ ။ဘုရားဆေးတော်ကြီးသောက်နည်းငါးပါးတို့တွင်၊ စတုတ္ထဆေးတော်ကြီး သောက်နည်းကို ထင်အောင်ပြပေအံ့၊

အနမတဂ္ဂအစမထင်သောဘ၀မှစ၍၊ ပရိနိဗ္ဗာန်ပြုသည့် ရတိစိတ်တိုင်အောင်ဖြစ်သော၊ ရုပ်နာမ် ခန္ဓာ အာယတနဓာတ်တို့၏။ မပြတ်ဆက်ခါဆက်ခါဖြစ်ပျက်၍နေရခြင်းသည်၊အလွန်ဆင်းရဲသောဒုက္ခ၀ဋ္ဋ၊ အပူရကြောင့်အမှန်ပါတကား ဟု-ဒုက္ခသစ္စာကို ဘာ၀နာဉာဏ်ဖြင့် အဘန်ဘန် ထင်မြင်အောင် ရှုရမည်၊ ဘာ၀နာဉာဏ်ဖြင့်ရှု၍ ထွက်ထွက်ထွင်းထွင်း၊ ထင်ထင်မြင်မြင်ကြီး သိမြင်လျှင် ဒုသစ္စာကို ကောင်း ထင်မြင်ပြီ ဟူ၍မှတ်၊ ။အနမတဂ္ဂ အစ မထင်သောဘ၀မှစ၍ ပရိနိဗ္ဗာန်ပြုသည့် ရတိစိတ်တိုင်အောင်ဖြစ်သော ရုပ်နာမ်ခန္ဓာ အာယတနဓာတ်တို့၏ မပြတ်ဖြစ်ရာ၊သံသရာဇာတ်ကြီး အပြီးသတ် ရုပ်သိမ်း၍ ဒုက္ခခပ်သိမ်း အကုန် ချုပ်ငြိမ်းအေးသော၊သန္တိသဘောတရားသည်၊ အလွန်ချမ်းသာမြေးသော သန္တိသုခ၊ နိဗ္ဗာန်ကြောင့် အမှန်ပါတကား၊ ဟု နိရောဓသစ္စာကို အနုမာနဉာဏ်ဖြင့် အဘန်ဘန်ထင်မြင်အောင်ရှုရမည်၊ အနုမာနဉာဏ်ဖြင့် အဘန်ဘန်ရှု၍ ပဋိဝေဓဉာဏ်ဖြင့် ထွက်ထွက်ထွင်းထွင်း၊ ထင်ထင်

မြင်မြင်ကြီး သိမြင်လျှင်၊ သိမြင်သောဉာဏ်ကို မဂ်ဉာဏ်ဟူ၍မှတ်၊ သံသရာ ဇာတ်ကြီး အပြီးသတ် ရုပ်သိမ်း၍ ဒုက္ခခပ်သိမ်း အကုန်ချုပ်ငြိမ်းသော သန္တိသဘောတရားကို နိဗ္ဗာန်ဟူ၍မှတ်၊ ၊ကြွင်းသော ဘုရားဆေးတော်ကြီး သောက်နည်း လေးပါးတို့မှာ ထိုနည်းတူစွာ နှလုံး သွင်းလေ၊ ၊တထောင့်ငါးရာ ကိလေသာ နူနာရောဂါကြီးကို၊ တခွက်တည်းနှင့်အပြီးပျောက်အောင်၊ ရွက်ဆောင် နိုင်သော မြတ်စွာဘုရားဆေးတော်ကြီးသောက်နည်းပြီး၏။

---

ဒုက္ခသစ္စာ၊နိရောဓသစ္စာတို့ကို၊ ကာဂူပမာဆောင်၍ထင်ရှားအောင်ပြပေအံ့၊ ၊သမုဒ္ဒရာ၌ ကုန်သွားသော သင်္ဘောသားတို့ ယူဆောင်အပ်သော ဒိသာ ကာကသည်၊ တဘက်ကမ်းကိုမမြင်သေးသမျှ ကာလပတ်လုံး၊ ပြန်ကာ ပြန်ကာလင်းယင်တိုင်၌သာနားလာ၍၊ တဘက်ကမ်းကိုမြင်သည့်အခါ၊ မပြန်လာဘဲကမ်းရှိရာအရပ်သို့ ရှေးရှုပျံသွားသကဲ့သို့၊ ထိုနည်း တူစွာဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည်၊ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းကို ရှေ့ခမ်းမှန်းဆ၍ အနုမာနဉာဏ်ဖြင့် ထင်မြင်အောင် အဘန်ဘန် ရှုရမည်၊ အနုမာနဉာဏ်ဖြင့် အဘန်ဘန်ရှု၍ပဋိဝေဓဉာဏ်ဖြင့် ထင်မြင်လျှင် ရုပ်နာမ်ခန္ဓာ အာယတနဓာတ်တို့၏ မပြတ်ဖြစ်ရာသံသရာတည်းဟူသော ဤမှာဘက်ကမ်းကို အာရုံမပြုဘဲ လက်လွှတ် စွန့်လွှဲလျက်၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်သို့ ဆင့်အတိုင်းတက်၍၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်၊ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းကိုပြေးဝင်သည်မြင်၏၊ ဝိပဿနာယောဂီသည်ကျီးနှင့်တူ၏၊ ရုပ်နာမ်သည်လင်းယင်တိုင်နှင့်တူ၏၊ ဝိပဿနာယောဂီ၏ ဉာဏစက္ခုသည်၊ကျီး၏မျက်စိနှင့်တူ၏၊ ဝိပဿနာယောဂီသည် ရုပ်နာမ်ကို အဘန်ဘန် ရှုခြင်း သည်၊ ကျီးသည်လင်းယင်တိုင် ကို အဘန်ဘန် နားသည်နှင့်တူ၏၊ ဝိပဿနာယောဂီသည်၊ တေ

ဘုမ္မကလောကီသင်္ခါရရုပ်နာမ်ကို အာရုံမပြုခြင်းသည်၊ ကျီးသည်လင်းယင်တိုင်ကို စွန့်သည်နှင့်တူ၏၊ ဝိပဿနာ ယောဂီသည်နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းကို ချော်ရှမ်းမှန်းဆ၍အဘန်ဘန်ရှုသော အနုလောမ ဉာဏ်သည်၊ ကျီးသည် တဘက်ကမ်းကို အဘန်ဘန်ပြန်၍ကြည့်သည်နှင့်တူ၏၊ ဝိပဿနာယောဂီသည်။ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းကို သိမြင်သော ပဋိဝေဓဉာဏ်သည်၊ ကျီးသည် တဘက်ကမ်းကို မြင်သည်နှင့်တူ၏၊ ရုပ်နာမ်သည် ဤမှာဘက် ကမ်းနှင့်တူ၏၊ နိဗ္ဗာန်သည် ထိုမှာ ဘက်ကမ်းနှင့်တူ၏၊ ။ကာကူပမာပြီး၏။

---

ဒုက္ခသစ္စာ နိရောဓသစ္စါနှစ်ပါးတို့၏ ပါဠိအနက်အဓိပ္ပါယ်ကိုပြပေအံ့။ ။ဒုက္ခာသင်္ခါရာ သုခေါ နိရောဓောတိ ဉာတံ ဟောတိ၊ ဒိဋ္ဌ ဝိဒိတံ သစ္ဆိကတံ ဖုသိတံ ပညာယာတိ ဒိဋ္ဌပဋိသမ္ဘိဒါ၊ ။အဋ္ဌကထာ။ ။သင်္ခါရာ၊ အနမတဂ္ဂ သံသရာ၌ ဘယ်ခါမှပင် ပြုပြင်ဘွယ်ကိစ္စ အပြီးစားမရနိုင်၊ ခံစားစံစား၍အားမရနိုင်သော တေဘုမ္မက လောကီယသင်္ခါရ ရုပ်နာမ်မှ ဟူသမျှတို့သည်၊ ဒုက္ခာ၊ ငါ၏ဉစ္စာ၊ ငါငါငါငါဟု၊ဘွယ်ဘာသိမ်းယူစွဲလမ်းသူတို့ကို၊ ပူပန်ဘွယ် အမျိုးမျိုး ဗိုးရိမ်ဘွယ်အတန်တန်တို့ဖြင့်အဘန်ဘလဲလဲ အမြဲမပြတ် နှိပ်စက်တတ်သောကြောင့်၊ သူမြတ်အပေါင်း ကြောက်လန့်ဘွယ် ကောင်းလှသော ဒုက္ခဝဋ်ဆင်းရဲမှု၊ အပူမီးကြန်အမှန်တို့ပေတည်း၊ နိရောဓော၊ တေဘုမ္မကလောကီယ သင်္ခါရရုပ်နာမ်ခန္ဓာတို့၏ မပြတ်ဖြစ်ရာ သံသရာဇာတ်ကြီးအပြီးသတ် ရုပ်သိမ်း၍ ဒုက္ခခပ်သိမ်းအကုန်ချုပ်ငြိမ်းအေးသော သန္တိသဘောတရားသည်၊ သုခေါ၊ မနုဿသုခ၊ ဒေဝသုခ၊ ဗြဟ္မာသုခ၊ ဈာနသုခ၊ ဖလသမာပတ္တိသုခ၊ နိရောဓ သမာပတ္တိသုခဟုဆိုအပ်သော ဆိုထိုသုခတို့ထက် ထူးမြတ်လွန်ကဲနက်နဲသိမ်မွေ့လှသော သန္တိသုခ နိဗ္ဗာနအေးခတ်ကြီးသည် အလွန်ချမ်းသာအလွန်အေးမြသော သန္တိသဘောဘ

ရားကေန်အမှန်ပေတည်း။ ဣတိ၊ ဤသို့၊ ယဿ၊ အကြင်အရိယာ
ပုဂ္ဂိုလ်အား၊ ဉာဏံ၊ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိအပ်ပြီးသည်၊
ဟောတိ၊ ဖြစ်၏၊ ဒိဋ္ဌံ၊ မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်ကိုမြင်အပ်ပြီးသည်၊
ဝိဒိတံ၊ မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်ကိုထင်လင်းပြီးသည်၊ သစ္ဆိကတံ၊
မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသည်၊ ဟောတိ၊ ဖြစ်
၏၊ ပညာယ၊ မဂ်ပညာ၊ ဖိုလ်ပညာ၊ ပစ္စဝေက္ခဏာပညာဖြင့်၊ ဖု
သိတံ၊ ရောက်အပ်တွေ့အပ်၏၊ ဣတိ တသ္မာ၊ ထို့ကြောင့်၊ သော၊
ထိုအရိယာပုဂ္ဂိုလ်သည်၊ ဒိဋ္ဌိပ္ပတ္တော၊ လွန်ကဲသော သောတာ
ပတ္တိမဂ်ဉာဏ်ဖြင့် သစ္စာလေးတန်ကို မြင်ပြီးသည်၏ အခြားမဲ့၌၊
နိဗ္ဗာန်သို့ဉာဏ်ရောက်၊ ရောက်သောဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်မည်၏။ ၊
ဒုက္ခာသစ္စာ၊ သုခါနိရောဓေါ၊ ၊သစ္စာ၊ ရုပ်နာမ်တို့သည်၊
ဒုက္ခာ၊ ဘေးရန်ဖြစ်မှု ဒုက္ခဝဋ္ဋအပူပတို့ပေတည်း၊ နိရောဓေါ၊
နိဗ္ဗာန်သည်၊ သုခေါ၊ ဘေးရန်ကင်းကွာ၍ချမ်းသာမှုပေတည်း။ ၊
တိခဏမတ္တမေဝဟောတိ၊ ၊တိခဏမတ္တမေဝ၊ ဤရုပ်နာမ်ကား
အပူကြီး၊ ဤနိဗ္ဗာန်ကားအေးကြီးဟူ၍၊ ပူအေးကို- ဘာဝနာဉာဏ်
မဂ်ဉာဏ်ဖြင့် ရုံစမ်းဆင်ခြင်သိမြင်ကာမျှသည်သာလျှင်၊ ဟော
တိ၊ ဖြစ်၏၊ ၊အင်္ဂကထာ၊ ၊သုခသည် ဝေဒယိတ သုခ—
သန္တိသုခဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုတွင် ရူပါရုံသဒ္ဒါရုံစသော
ဣဋ္ဌာရုံတို့နှင့်ပြည့်စုံယဖြင့်၊ ထိုထိုအာရုံကိုပျော်ပျော်ပါးပါးခံစား
ခံစားမှုသည်၊ ဝေဒယိတသုခမည်၏၊ ၊ပူပန်သော ကဘေးဘ
ယ ဒုက္ခပတို့မှကင်းငြိမ်းမှုသည်၊ သန္တိသုခမည်၏၊ ၊ထိုတွင်
ဝေဒယိတသုခသည်၊ ဒုက္ခအမျိုးမျိုးကိုပွါးစီးစေတတ်၏၊ သန္တိ
သုခသည်၊ ဒုက္ခအမျိုးမျိုးတို့ကိုကင်းရှင်းစေတတ်၏၊ ဝေဒယိ
တသုခသည်တဏှာ၏အကြိုက်တည်း၊ သန္တိသုခသည်၊ ဉာဏ်၏
အကြိုက်ဘည်း၊ တဏှာအစုပ်စိုးလျက်ရှိနေသောသူသည်၊ ဝေဒ
ယိတသုခကိုသာသုခထင်နိုင်၏၊ ဉာဏ်ပညာ အစုပ်စိုးလျက်ရှိနေ
သောသူသည်၊ သန္တိသုခကိုသာ သုခထင်နိုင်၏၊ သုခါနိရော
ဓောဟူသော ဤသုခသည် သန္တိသုခပေတည်း။ ဤသုခနှစ်ပါး

ကိုခြားနားစွာမြင်တတ်မှ၊ နိဗ္ဗာန်စကားကို ရှင်းလင်းစွာ ပြောဟောနိုင်သည်၊ ၊ဒုက္ခသစ္စာ၊နိရောဓသစ္စာနှစ်ပါးပြီး၏၊

---

သစ္စာလေးပါးသံပေါက်ကို ပြပေအံ့၊ ၊အပူကောန်၊ သိမြင်ပြန်၊အမှန်ဒုက္ခသစ္စာဘဲ။ ၊အငေးရှုလျှင်၊ အငေးထင်၊မြင်လျှင်မလွဲ၊မဂ်ဉာဏ်ဘဲ၊ ၊အငေး ရှုလျှင်၊ အငေးထင်၊ ငေးလျှင် မလွဲ၊နိဗ္ဗာန်ဘဲ၊ ။ပူငေးရှုလျှင်၊ပူငေးထင်၊လေးအင်သစ္စာသိမြင်မြဲ၊ ၊သစ္စာသိမှ၊ မဂ်ဖိုလ်ရ၊မုချကောန်ဘဲ၊ ။မဂ်ဖိုလ်ရပြန်၊ငေးနိဗ္ဗာန်၊စိတ်ကြိတ်ဦင်းဖိုလ်စိတ်ချည်းဘဲ၊ ၊ငေးနိဗ္ဗာန၊ ရောက်ကြမှ၊ နိစ္စငေးချမ်းသာရမြဲ၊ ၊သူတော်စင်ဘို၊ ငေးရဘို၊ ငေးမြဲမြင်အောင်ရှုစမြဲ၊ ၊လိုရင်းမူလ၊စိတ်တည်မှ၊မုချနိဗ္ဗာန်မြင်စမြဲ၊ ။မရှုမမြင်၊ ရှုလျှင်မြင်၊ မြင်လျှင်သစ္စာအမှန်ဘဲ၊ ။မရှုမမြင်ဆိုသည်ကား၊ ဘာဝနာအားမထုတ်သည်ကိုဆိုသည်၊ ရှုလျှင်မြင်ဆိုသည်ကား၊ ဘာဝနာမယဉာဏ်၊ အနုမာနဉာဏ်ဖြင့်၊ အဘန်ဘန်ရှု၍မြင်သည်ကိုဆိုသည်။

သစ္စာလေးပါးသံပေါက်ပြီး၏၊

---

နိဗ္ဗာန်သို့ရောက်ကြောင်းဉာဏ်တဆဲ့ခြောက်ပါးကို၊ ဘုရားရှိခိုးနှင့်တကွ ဗဟုသုတဘယောဂီပုဂ္ဂိုလ်တို့ ကြည့်ရှုကြရန် ဆိုအင်ခဲ့ပြီးသော စီးဖြန်းနည်းတို့၏ ပါဠိအနက် အဋ္ဌကထာအကျယ်ဝိတ္ထာရဝိနိစ္ဆယအာနိသံသတို့ကိုပြပေအံ့၊

နာမရူပပရိစ္ဆေဒဉာဏံ ပစ္စယပရိဂ္ဂဟဉာဏံ သမ္မသနဉာဏံ ဥဒယဉာဏံ ဘင်္ဂဉာဏံ ဘယဉာဏံ အာဒီနဝဉာဏံ နိဗ္ဗိဒါဉာဏံ မုဉ္စိတုကမျတာဉာဏံ ပဋိသင်္ခါဉာဏံ သင်္ခါရုပေက္ခာဉာဏံ အနုလောမဉာဏံ ဂေါတြဘုဉာဏံ မဂ္ဂဉာဏံ ဖလဉာဏံ ပစ္စဝေက္ခဏာ ဉာဏံ ဣတိသောဠသ ဝိဓာနိ ဉာဏာနိနာမ။

နာမရူပပရိစ္ဆေဒဉာဏံ၊ နာမ်ရုပ်နှစ်ပါးကိုပိုင်းခြား၍ သိ

မြင်သောဉာဏ်ရင်း။ ပစ္စယပရိဂ္ဂဟာဉာဏံ၊ ရုပ်နာမ်ဖြစ်ကြောင်းကို သိမ်းဆည်းသောဉာဏ်ရင်း၊ သမ္မသနဉာဏံ၊ ရုပ်နာမ် အဘန်ဘန်ဖြစ်ပျက်ခြင်းကို သုံးသပ်ဆင်ခြင် သိမြင်သော ဉာဏ်ရင်း၊ ဥဒယဗ္ဗယဉာဏံ၊ ရုပ်နာမ် အဘန်ဘန် ဖြစ်ပျက်ခြင်းကို ထင်မြင်သောဉာဏ်ရင်း။ ဘင်္ဂဉာဏံ၊ ရုပ်နာမ် အဘန်ဘန်ပျက်စီးခြင်းကို ထင်မြင်သောဉာဏ်ရင်း။ ဘယဉာဏံ၊ ရုပ်နာမ် အဘန်ဘန် ပျက်စီးခြင်းကို ဘေးကြီးဟု ထင်ရှတ်သော ဉာဏ်ရင်း၊ အာဒီနဝဉာဏံ၊ ရုပ်နာမ်အဘန်ဘန်ပျက်စီးခြင်းကိုအပြစ်ကြီးဟုထင်သောဉာဏ်ရင်း၊ နိဗ္ဗိဒါဉာဏံ၊ ရုပ်နာမ်အဘန်ဘန်ပျက်စီးခြင်း၌ ငြီးငွေ့သောဉာဏ်ရင်း၊ မုဉ္စိတုကမျတာဉာဏံ၊ ရုပ်နာမ် ပျက်စီးခြင်းမှ လွတ်ခြင်း၌ အလိုရှိသော ဉာဏ်ရင်း။ ပဋိသင်္ခါဉာဏံ၊ ရုပ်နာမ်ဓမ္မ သဘာဝကို၊ကျွန ကုန်စင်အောင် သိမြင်သောဉာဏ်ရင်း၊ သင်္ခါရုပေက္ခာဉာဏံ၊ ရုပ်နာမ်ဓမ္မသင်္ခါရ၊ ဘာဝနာချက်မှု၊ ချစ်မုန်းရောမမြင်ပါမူ၍၊ လျစ်လျူသာရှုသောဉာဏ်ရင်း၊ အနုလောမဉာဏံ၊ ရှေ့ဉာဏ် နောက်ဉာဏ် တို့နှင့်လျော်သော ဉာဏ်ရင်း၊ ဂေါတြဘုဉာဏံ၊ ပုထုဇန် အနွယ်ကိုဖြတ်၍ အရိယာ အနွယ်ကို ပွါးသောဉာဏ်ရင်း၊ မဂ္ဂဉာဏံ၊ နိဗ္ဗာန်ကိုသိမြင်သောဉာဏ်ရင်း၊ ဖလဉာဏံ၊ နိဗ္ဗာန်ကို သိမြင်ပြီးသော အကျိုးရှိသော ဉာဏ်ရင်း၊ ပစ္စ ဝေက္ခဏာဉာဏ၊မဂ်ဖိုလ်၊ နိဗ္ဗာန်၊ကိုပယ်၊ ကျန်၊ငါးတန်ကို ဆင်ခြင်သော ဉာဏ်ရင်း၊ ဗုဒ္ဓ၊ ဤသည်တို့ကား၊ သောဠသပိဓာနိ၊ တဆဲ့ခြောက်ပါးအပြားရှိကုန်သော၊ ဉာဏာနိနာမ၊ နိဗ္ဗာန်သို့လျင်မြန်စွာ ရောက်ကြောင်းကောင်းစွာ သိမြင်သော ဉာဏ်တို့မည်ကုန်၏၊

ဧဝံသောဠသဉာဏေဟိ၊ ဥဇုမဂ္ဂေနနိဗ္ဗုတိံ၊ ဂဘောဝန္ဒေ ဆိသမ္ဗုဒ္ဓေ၊ဥဇုမဂ္ဂဒေသကေ၊

ဧဝံ၊ ဤသို့၊သောဠသဉာဏေဟိ၊ ရှေးရှေး ဘုရားရှင်တို့တရား-ဉာဏ် တဆဲ့ခြောက်ပါးကို နာကြားရ၍၊ ရှေးရှေးဘုရား

နည်းတူ- ဉာဏ်တဆဲ့ခြောက်ဆူ တို့ဖြင့်၊ ဥဇုမဂ္ဂေန၊ ဖြောင့်တန်းသောလမ်းဖြင့်။ နိဗ္ဗုတိံ၊ တဆဲ့တသီး၊ မီးငြိမ်းရာမှန်။ ဧး နိဗ္ဗာန်သို့၊ ဂတော၊ ဝိပဿနာဉာဏ်ပေါက်၊ ကြွရောက်တော်မူကုန်ပြီးသော၊ ဥဇုမဂ္ဂဋ္ဌ၊တဆဲ့တသီး၊ရာဂမီးစသည်တို့၏၊ ဧးမြငြိမ်းချမ်း။ ဘေးဘျမ်း မစပ်၊ နိဗ္ဗာန်ချပ်၏၊ ဖြောင့်မတ်သောလမ်းကိုလည်း၊ ဒေသကော၊ ဟောတော်ညွှန်ပြ၊ လမ်းချတော်မူပေတတ်ကုန်သော၊ သမ္ဗုဒ္ဓေ၊ ဂိါဝါဒို၊ သဲရမကပွင့်တော်မူကြကုန်သော၊ သက်တော်ထင်ရှားမြတ်စွာဘုရားတို့ကို၊ အဟံ၊ နှစ်ပါးနာခံရုပ်အကောင်ပုပ်ကို၊ စက်ဆုပ်သော အကျွန်ုပ်သည်၊ ဝန္ဒာမိ၊ မဂ်မိုလ်နိဗ္ဗာန်၊ လျင်မြန်စွာရလို၍၊ ကြည်ညိုမြတ်နိုး၊ လက်စုမိုးလျက်၊ ရှိခိုးပါ၏၊ အနန္တမြတ်စွာဘုရား၊ အနန္တမြတ်စွာဘုရား၊ ။ဤကား ဉာဏ် တဆဲ့ခြောက်ပါး ဘုရားရှိခိုးနည်းတည်း၊

---

ထိုဉာဏ်တို့တွင်၊ နာမရူပပရိစ္ဆေဒဉာဏ်ကို ရှေးဦးစွာပြပေအံ့၊ ။နာမရူပ ပရိစ္ဆေဒဉာဏ်သည်။ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်အားဖြင့်လေးပါးအပြားရှိ၏၊ ထိုတွင်၊နာမရူပပရိစ္ဆေဒဉာဏ်သည်၊ နာမ်ရုပ်နှစ်ပါးကို ပိုင်းခြား၍သိခြင်းလက္ခဏာရှိ၏၊ နာမ်ရုပ် နှစ်ပါးကို မသိအောင် ဖုံးလွှမ်းတတ်သောမောဟကို ပျက်ဆီးခြင်းကိစ္စရသ ရှိ၏၊ နာမ်ရုပ် နှစ်ပါးကိုပိုင်းခြား၍၊ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်သောအခြင်းအရာဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်ရှိ၏၊ သမထ ကမ္မဋ္ဌာန်းစီးဖြန်းထင်မြင်၍၊ ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားသိမြင်နိုင် ကြောင်းကောင်းစွာ စိတ်တည်ကြည်ငြိမ်သက်ခြင်းသမာဓိလျှင် နီးစွာသောအကြောင်းပဒဋ္ဌာန်ရှိ၏၊

ထိုနာမရူပ ပရိစ္ဆေဒဉာဏ်ကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်တို့သည်၊ ရှေးဦးစွာ ဇန္ဒါနုသတို့ ကမ္မဋ္ဌာန်းကို စီးဖြန်း၍၊ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားသိမြင်နိုင်ကြောင်း ကောင်းစွာစိတ်

တည်ကြည်ငြိမ်သက်ခြင်းသမာဓိတရ၊ ရုပ်နာမ် နှစ်ပါးကိုပိုင်းခြား၍သိခြင်း၊ သုတမယဉာဏ်တရ၊ ရုပ်နာမ်နှစ်ပါးကို ဇာရိယာပုတ်လေးပါး၌၊ မိးပွတ်သောယောကျ်ားကဲ့သို့၊ အားထုတ်ပွါးများစီးဖြန်းခြင်းဝိရိယတရ၊ ရုပ်နာမ်နှစ်ပါးကိုပိုင်းခြား၍၊ နာမရူပပရိစ္ဆေဒ ဉာဏ်ကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အားရှေးရှု ထင်ထင်မြင်မြင်ကြီးရှိသော ဘာဝနာမယဉာဏ်တရ၊ ၎င်းတရား လေးပါးနှင့် ပြည့်စုံလျှင်၊ နာမရူပ ပရိစ္ဆေဒ ဉာဏ်ကေန်ထင်ကုန်၏၊ တပါးပါးချို့လျှင်၊ နာမရူပ ပရိစ္ဆေဒ ဉာဏ်ကေန်မထင်ကုန်၊ မှချမှတ်။ သုတမယဉာဏ်ဖြင့် နာမ်ရုပ်နှစ်ပါးကို ပိုင်းခြား၍သိခြင်းသည်၊ နာမရူပပရိစ္ဆေဒဉာဏ် ထင်ပြီဟုမှတ်တတ်၏၊ သတိထားကြလေ၊

ယောဂီပုဂ္ဂိုလ်မွန်တို့၊ နာမရူပပရိစ္ဆေဒဉာဏ်၊ လျင်မြန်စွာထင်မြင်ဘို့အထူးသတိကြီးကြီးထားရန်အချက်တည်း၊ ၊ဤကား နာမရူပပရိစ္ဆေဒဉာဏ်၌၊ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် တည်း၊

---

ရုပ္ပတိတိဘိက္ခဝေ တသ္မာရူပန္တိ ဝုစ္စတိ၊ ၊ဘိက္ခဝေ၊ ရဟန်းတို့၊ ယသ္မာ၊အကြင့်ကြောင့်၊ ရုပ္ပတိ၊ဖောက်ပြန်တတ်၊ ဖောက်ပြန်စေအပ်၏၊ ဇာတိတသ္မာ၊ထိုကြောင့်၊ ရူပန္တိ၊ရုပ်ဟူ၍၊ဝုစ္စတိ၊ဆိုအပ်၏။ ၊ပါဠိတော်၊

ရုပ္ပတိတိရူပံ၊ရုပ္ပလက္ခဏံရူပံ၊ ၊အဋ္ဌကထာ၊ ၊ရုပ္ပတိ၊ဖောက်ပြန်တတ်၏၊ ရုပ္ပတိ၊ ဖောက်ပြန်စေအပ်၏၊ ဇာတိဇာမသ္မာကာရဏာ၊ ဤသဏ္ဌိ နှစ်ပါးသော အကြောင်းကြောင့်ရူပံ၊ ရုပ်မည်၏၊ ရုပ္ပနလက္ခဏာ၊ ဖောက်ပြန်ခြင်း လက္ခဏာသည်၊ရူပံ၊ရုပ်မည်၏၊

ရုပ္ပတိတိ ကုပ္ပတိ ဃဋ္ဋိ ယတိ ပီဠိ ယတိ ဘိန္နတိတိ အတ္ထော၊ ၊ဝိဘင်အဋ္ဌကထာ၊ ၊ရုပ္ပတိတိ၊ ရုပ္ပတိဟူသည် ကား၊ကုပ္ပတိ၊ချောက်ချားတတ်၏၊ ဝါ၊ ချောက်ချားစေအပ်၏၊

ဃဋ္ဋိယတိ၊ထိပါးအပ်၏၊ ပိဋ္ဋိယတိ၊နှိပ်စက်အပ်၏၊ ဘိဇ္ဇတိ၊ ဖျက်ဆီးအပ်၏၊ ပါ၊ပျက်စီးတတ်၏၊ ဣတိအယံ၊ ဤကုပ္ပတိ စ သောသဒ္ဒါသည်၊ အဇ္ဈော၊ ရုပ္ပတိသဒ္ဒါ၏အနက်တည်း၊ ။ ရုပ္ပတီတိရူပံ၊ သီတုဏှာဒိ ဝိရောဓိပစ္စယေဟိ ဝိကာရံ အပဇ္ဇ တိအာပါဒိယတီတိဝါအဇ္ဈော၊ ။ဋီကာ။ ။ရုပ္ပတိ၊ဖောက်ပြန် တတ်-ဖောက်ပြန်စေအပ်၏၊ ဣတိဣမသ္မာကာရဏာ၊ ဤသတ္တိ နှစ်ပါးသော အကြောင်းကြောင့်၊ ရူပံ၊၏၊ သီတုဏှာ ဒိဝိရောဓိ ပစ္စယေဟိ၊ အေးအပူစသော ဆန့်ကျင်ဘက်အကြောင်းတို့ဖြင့်၊ ဝါ၊တို့သည်၊ဝိကာရံ၊ဖောက်ပြန်ခြင်းသို့၊ အာပဇ္ဇတိ၊ ရောက် တတ်၏၊ ဝါ၊ကား၊ အာပါဒိယတိ၊ ရောက်စေအပ်၏၊ ဣတိအ ယံ၊ ဤသဒ္ဒါနှစ်ပါးသည်၊ ရုပ္ပတီတိဝစနတ္ထသာ၊ ရူပံ ဟူသော နိဗ္ဗန္တဝစနတ် ပထမအနက် ဖြစ်သော ရုပ္ပတိသဒ္ဒါ၏၊ အဇ္ဈော၊ ဒုတိယဖြစ်သောအနက်တည်း၊ ။ဤသို့ပါဠိ၊ အဋ္ဌကထာ၊ ဋီ ကာပြသော ဝစနတ္ထနှင့်အညီ၊ သီတ၊ ဥဏှ၊ ဇိဃစ္ဆ၊ ပိပါသ၊ ဒဏ္ဍုပ္ပဟာရ၊ သတ္ထုပ္ပဟာရ၊စသော ဆန့်ကျင်ဘက်အကြောင်း တို့ဖြင့်၊အပေါင်းပညတ်၊ ခြိမ်ရုပ်လုံးရုပ်ခဲ၏၊ပြိုကွဲပဲ့ ရွဲ့၊ ပိန့်တဲ့ ချည်၊ဝတဲ့ချည်၊ဖြူချည်တခါ၊ ဝါချည်တလဲ၊ မဲချည်တတန်၊နီ ပြန့်ချည်တပါး၊စသောအားဖြင့် ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏၊ ၎င်းရုပ်သည်၊ဖောက်ပြန်ခြင်းလက္ခဏာရှိ၏၊ ယင်း ဖောက်ပြန်ခြင်း သည်ပင်လျှင်၊ ရုပ်ဘဲဟု သိကြောင်း မှတ် ကြောင်းတည်း။ နောက်ရုပ်သစ်သည်၊ ရှေးရုပ်ဟောင်းနှင့်မတူ သည်ကိုမြင်လျှင်၊ ရှေးရုပ်ဟောင်းသည်၊ ဖောက်ပြန်ပျက်စီးပြီ ဟုမှတ်၊ ။အရိပ်ထဲ၌အသားဖြူဖြူစင်စင်ရှိသောသူသည်၊ နေ ပူသို့ရောက်သောအခါ၊ အသားနီနီရဲရဲရှိ၏၊ နေပူ၌ အသားနီနီ ရဲရဲရှိသောသူသည်၊အရိပ်ထဲသို့ရောက်သောအခါ၊ အသားဖြူ စင်စင်ရှိ၏၊ အရိပ်ထဲ၌အသား ဖြူဖြူစင်စင် ရှိသော သန္တတိ ပစ္စုပ္ပန်ဝဏ္ဏရုပ်များသည်၊ နေပူသို့ရောက်သောအခါ ဖောက် ပြန်ပျက်စီးတတ်သောကြောင့် ရုပ်မည်၏၊ ဥဏှရုပ် တည်းဟူ

သောနေပူသည်၊ အရိပ်ထဲ၌ အသားဖြူဖြူစင်စင်ရှိသောသန္တတိပစ္စုပ္ပန်ဝဏ္ဏရုပ်တို့ကို ဘောက်ပြန်ပျက်စီးခြင်းသို့ ရောက်စေအပ်၊ နှိပ်စက်အပ်၊ ဖျက်ဆီးအပ်သောကြောင့် ရုပ်မည်၏၊ နေပူ၌အသားနီနီရဲရဲရှိသော သန္တတိပစ္စုပ္ပန်ဝဏ္ဏရုပ်များသည်၊ အရိပ်ထဲသို့ရောက်သောအခါ၊ ဘောက်ပြန် ပျက်စီး တတ်သောကြောင့်ရုပ်မည်၏၊ သီတရုပ်တည်းဟူသောအနေးသည်၊ နေပူ၌ အသားနီနီရဲရဲရှိသော သန္တတိပစ္စုပ္ပန်ဝဏ္ဏရုပ်တို့ကို ဘောက်ပြန်ပျက်စီးခြင်းသို့ ရောက်စေအပ်၊ နှိပ်စက်အပ်၊ ဖျက်ဆီးအပ်သောကြောင့် ရုပ်မည်၏။ ဝဏ္ဏရုပ် ဘောက်ပြန်ပျက်စီးလျှင်၊ ဝဏ္ဏရုပ်နှင့် သဟဇာတပစ္စည်း၊ အညမညပစ္စည်း၊ နိဿယပစ္စည်းစသော ပစ္စည်းပစ္စယုပ္ပန်အားဖြင့် အတူတကွဖြစ်သော ရုပ်ကလာပ်တို့သည်၊ ဘောက်ပြန် ပျက်စီးကုန်ပြီ ဟူ၍မှတ်။ အဋ္ဌကထာဗဟိဒ္ဓ၌၊ ဝဏ္ဏရုပ်ဗလွတ်သော ရုပ်ကလာပ် မည်သည် မရှိ၊

---

အာရမဏာဘိမုခနမနတော နမနဋ္ဌေန နာမံ၊ နမနလက္ခဏံ နာမံ၊ ၊အဋ္ဌကထာ၊ ၊အာရမဏာဘိမုခနမနတော၊ အာရုံသို့ ရှေးရှုညွတ်တတ်သည်၏ အဖြစ်ကြောင့်။ နမနဋ္ဌေန၊ အာရုံသို့ ရှေးရှုညွတ်တတ်သည်၏ အဖြစ် တည်းဟူသော အနက်ကြောင့်၊ နာမံ၊ နာမ်မည်၏၊ နမနလက္ခဏံ၊ အာရုံသို့ရှေးရှုညွတ်ခြင်းလက္ခဏာသည်၊ နာမံ၊ နာမ်မည်၏။

နာမကရဏဋ္ဌေန ဝါ၊ ဝေဒနာဒယော ဟိ အရူပဓမ္မာ သဗ္ဗဒါပိ ဗဿာဒိ နာမကပ္ပါ ပထဝီအာဒယော ဝိယ ဂေါသက္ကာဒိ၊ နာမန္တရာ နာပဇ္ဇန္တော ဧတ္တ နာဝကာတနာ မတာယ နာမကရဏဋ္ဌေန နာမန္တိ ဝုစ္စန္တိ၊ ၊ဋီကာ၊ ၊ဝါ၊ တနည်းကား၊ နာမကရဏဋ္ဌေန၊ အမည်ကို ပြုတတ်သည်၏ အဖြစ် တည်း ဟူသော အနက်ကြောင့်။ ဟိ သစ္စံ၊ မှန်၏၊ ဝေဒနာဒယော၊ ဝေဒနာအစရှိကုန်သော၊ အရူပဓမ္မာ၊ နာမ်တရားတို့ကို၊ သဗ္ဗဒါပိ၊

ခပ်သိမ်းသော အဲခါဋု လည်း၊ ဖဿဒိ နာမကတ္တာ၊ အမည်မ
ပြောင်း၊ ဖဿစသောအမည်ရှိသည်၏ အဖြစ်ကြောင့်၊ ပထဝီ
အာဒယော။ ပထဝီ အစရှိသည် တို့သည်၊ ကေသကုမ္ဘာဒိနာ
မန္တရံ။ ဆံပင်၊ အိုးအစရှိသောအမည်တပါးသို့၊ အာပဇ္ဇန္တိ
ယ၊ ရောက်ကုန်၏သို့၊ ကေသကုမ္ဘာဒိနမန္တရာနာပဇ္ဇနတော၊
ဆံပင်၊ အိုး၊အစရှိသောအမည်တပါးသို့ မရောက်ခြင်းကြောင့်၊
အတ္တနာဝ၊ မိမိအမည်သည်သာလျှင်၊ ကတနာမတာယ၊ ပြုအပ်
ပြီးသော နာမ်အဖြစ်ဖြင့်။ နာမကရဏေန၊ ဖဿစသောအ
မည်ကိုပြုဘတ်သောအနက်ကြောင့်၊နာမန္တိ၊ နာမ်ဟူ၍၊ ဝုစ္စန္တိ၊
ဆိုအပ်ကုန်၏၊

ဤသို့သဘာမယဉာဏ်ဖြင့်၊လက္ခဏာ၊ ရသ၊ပစ္စုပဋ္ဌာန်၊ပဒ
ဋ္ဌာန်တို့ကို၊သင်္ခံလေ့ကျက်၊ ဆောင်ချက်မှတ်သား၊ သိကြား
နားလည်ပြီးသော၊ ယောဂီပုဂ္ဂိုလ်သည်၊ ကိုယ်၏အသွင်၊ သစ်
ပင်အလား၊ ဝိသုဒ္ဓိငါးပါးတို့ကို၊ ပွါးများအားထုတ်ရာ၏၊ ထို
တွင်၊သူငါတပါး၊ ယောကျ်ားမိန်းမ၊ လူနတ်ပြဟ္မာ၊ သတ္တဝါ
ပုဂ္ဂိုလ်၊ သူ့ကိုယ်ငါ့ကိုယ်၊ ကောန်ဟုတ်သည်ဟူ၊ မှတ်ဆင်စွဲ
လမ်းသော မိစ္ဆာအမြင်ကိုပယ်ရှားလျက်၊ လောကီ နာမ်ရုပ်နှစ်
ပါးတို့ကို၊ ဟုတ်တိုင်းမှန်စွာ သိမြင်သော ပညာသည်၊ ဒိဋ္ဌိဝိ
သုဒ္ဓိမည်၏၊ ထိုဒိဋ္ဌိဝိသုဒ္ဓိကိုပြည့်စုံစေလိုမူ၊ ဈာန်ကိုရသောသ
မထယာနိက ယောဂီသည်၊ နေဝသညာ နာသညာယတနဈာန်
ကိုချန်လှပ်၍၊ ကြွင်းရှစ်ရပ်သော လောကီဈာန်တို့တွင်၊ တပါး
ပါးကိုဝင်စားပြီး၊ ဈာန်မှထ၍၊ ဝိတက်စသော ဈာန်အင်္ဂါတို့ကို
၎င်း၊ကြွင်းသော သမ္ပယုတ်တရားတို့ကို၎င်း၊ ဆိုခဲ့ပြီးသော သ
ဘောလက္ခဏာ စသည်တို့ဖြင့်သိမ်းဆည်းလျက်၊ ဤတရားရ
သည်၊ အာရုံသို့ရှေးရှုသွားတတ်သောကြောင့် နာမ်မည်၏ဟူ၊
အချင်းချင်း၎င်း၊ ရုပ်နှင့်၎င်း၊ မရောရှက်စေမူ၍ သတ်မှတ်ပိုင်း
ခြားနှလုံး ထားအပ်၏၊ ထိုနောင်အိမ်တွင်းသို့ မြွေဝင်သွားသည်
ကိုမြင်သော ယောကျ်ားသည်၊ အစဉ်လိုက်လျက်၊ နှောက်နှက်

ပွေ့ရှာသည်ရှိသော်၊ နေရာတွင်း၌ ခေါင်းကိုတွေ့သကဲ့သို့၊ မြင်ပြီးသောနာမ်၏ မှီရာကို ရှာသည် ရှိသော်၊ မှီရာ ဟဒယဝတ္ထု ရုပ်၊ ၎င်း၏မှီရာမဟာဘုတ်၊ ၎င်း၌မှီသောဥပါဒါ ရုပ်တို့ကို၊ အနှုတ်မဈားဖြင့်မြင်၍၊ ဆိုအပ်ခဲ့ပြီးသော သဘော လက္ခဏာ စသည်တို့ဖြင့်သိမ်းဆည်းလျက်၊ ဤဘုရားအပေါင်းသည် အကြောင်းချမ်းပူစသည်တို့ကြောင့်၊ မြည်းဖြူကြုံဝ၊ ဆိုး၍ပြောမခြင်း စသည်ဖြင့် ဘောက်ပြန်တတ်သောကြောင့် ရုပ်မည်၏ဟူ၍၊ အချင်းချင်းရင်းနာမ်နှင့်မရောရှက်စေမူ၍၊ သတ်မှတ် ပိုင်းခြား နှလုံးထားအပ်၏၊ ထိုနောင်၊ ဤကား နမနလက္ခဏာရှိသော နာမ်၊ ဤကား၊ ရုပ္ပနလက္ခဏာရှိသောရုပ်၊ ဤကားရုပ်၊ ဤကား နာမ်ဟူ၍၊ နာမ်ရုပ်အစုကိုနှစ်ရခွဲသား၊ အဘန်ဘန်ပိုင်းခြားအပ်၏၊

ပထဝီဓာတုလက္ခဏလက္ခဏာ၊ ကေသေသုပထဝီဓာတုကက္ခဏလက္ခဏာ၊ ဤသို့ အစရှိသည်ဖြင့်၊ ရုပ်ဓာတ်တို့ကို သုံးသပ်ဆင် ခြင်ဆဲတွင်၊ ဓာတ်နှင့်စိတ်တို့၏ အာရုံအာရမဏဘာ အဖြစ်ဖြင့်၊ ထိခိုက်ခြင်းဟူသောဖုသန သဘောသည် ဉာဏ်၌ ထင်ရှားလာ၏၊ ၎င်းဖုသန သဘောထင်လျှင်၊ ကြွင်းသော ခန္ဓာငါးပါးတို့သည် ထင်ရှားလာကုန် တော့သည်၊ ၊အချို့သောယောဂီအား၊ ထိုအာရုံကိုခံစားခြင်းတည်းဟူသော၊ ဝေဒယန၊သဘောထင်လာ၏၊ အချို့သော ယောဂီအား ထိုအာရုံကို သိခြင်းဟူသော၊ ဝိဇာနန၊ သဘောထင်လာ၏၊ ၎င်းသဘော ထင်လာသျှင်လည်း၊ ကြွင်းသော ခန္ဓာလေးပါးတို့သည်၊ ထင်ရှားလာကုန် တော့သည်၊ ထိုကြောင့် ရုပ်အလုံးစုံကို မမြင်သေးဘဲ၊နာမ်ကိုမသိမ်းဆည်းအပ်၊ ရုပ်တစိတ်ကိုသာ မြင်သည်ဖြစ်လျက်နှင့်၊ ရုပ်ကိုလွှတ်၍ နာမ်ကိုသိမ်းဆည်းလျှင်၊ ဖွဘ်လည်းမရ၊ ထားမလည်းဆုံးသည် ဟူသကဲ့သို့ဖြစ်တတ်သည်၊ ဤသို့လျှင်၊ သုံးပါးသောအခြင်းအရာတို့တွင်၊ တပါးပါး၏ အစွမ်းဖြင့်၊ နာမ်ခန္ဓာလေးပါးတို့ကို၊ ဤကားနာမ်တည်းဟူ၊ ရှေးထင်ပြီးသော အာရုံဖြစ်သော ရုပ်ကို၊ ဤကား ရုပ်တည်းဟု မှတ်

လျက်။ စေ့စပ်ဌ္ဌစွာသောသေဋ္ဌာကို သန်လျက်ဦးဖြင့် ဖွင့်ခွါ
သကဲ့သို့ရင်း၊ ထန်းမြစ်ဖုအစုံကို နှစ်ခြမ်းခွဲသကဲ့သို့ရင်း။ လော
ကအားဖြင့်၊ယုန်ချိုလိပ်မွေး၊ ဝဋ္ဋနံ့သွေး၊ ခွေးလှေးတောင်းပံမြူ၊
ကေန် မရှိ သကဲ့သို့ရင်း။ ပရ မတ္ထ အားဖြင့်၊ ငါ၊ သူတပါး
ယောကျ်ား၊ မိန်းမ၊ လူ၊နတ်၊ဗြဟ္မာ၊ သတ္တဝါ၊ ပုဂ္ဂိုလ်၊ ငါ့ကိုယ်
သူ့ကိုယ်၊ ကေန်မဟုတ်၊ ရုပ်တွေနာမ်တွေ ပေါင်းရ၍ နေသော
ရုပ်ခန္ဓာနာမ်ခန္ဓာသာကေန်ဟုတ်ကုန် ပါတကားဟု၊ သန္နိဋ္ဌာန်
ချ၏၊ထိုအခါနာမရူပပရိစ္ဆေဒဥာဏ်ဖြစ်၏၊

ယထာပိအင်္ဂသမ္ဘာရာ၊ဟောတိ သဒ္ဒေါရထော ဣတိ၊ ဧ
ဝံခန္ဓေသုသန္တေသု၊ ဟောတိ သတ္တောတိသမ္မုတိ၊ ၊ရထူပမာယော
ဂါဒ်ါရုယာက္ခံ ၊သဗျာပါရုံ ဝခါယတိ၊ ဧဝံသုညံနာမရူပံ၊အညမည
သမာယုတံ၊ ၊ယထာပိနာဝံနိဿာယ၊ မနုဿာယန္တိအဏ္ဏ
ဝေ၊ ဧဝမေဝရူပံနိဿာယ၊ နာမကာယော ပဝတ္တတိ၊ ၊ယ
ထာစမနုဿေနိဿာယ၊ နာဝါဂစ္ဆတိ အဏ္ဏဝေ၊ ဧဝမေဝနာမံ
နိဿာယ၊ ရူပကာ ယော ပဝတ္တတိ။ ၊ဥဘော နိဿာယ
ဂစ္ဆန္တိ၊ မနုဿာနာဝါစအဏ္ဏဝေ၊ ဧဝံနာမဉ္စ ရူပဉ္စ၊ ဥဘော
အညောညနိဿိတာ၊ ၊ဝိသုဒ္ဓိမဂ်သင်္ဂဟဂါထာ၊ ၊အင်
သမ္ဘာရာ၊ ဝင်ရိုးစက်ဘီးစသော အစိတ် အဆောက် အဦး
ကြောင့်၊ ရထောတိ၊ ရထားဟူ၍၊ သဒ္ဒေါ၊ ခေါ်ဆိုခြင်းဝေါဟာ
ရပညတ်သည်။ ဟောတိယထာ၊ဖြစ်သကဲ့သို့၊ ဧဝံတထာ၊ထိုအ
တူ၊ ခန္ဓေသု၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ သန္တေသု၊
ရှိကုန်လတ်သော်၊ သတ္တောတိ သမ္မုတိ၊ သတ္တဝါဟု သမုတ်
ပညတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏၊ ၊ရထူပမာယောဂါ၊ ကြိုးအ
ရန့်နှင့် ပေါင်းဆုံမိခြင်းကြောင့်။ ဒါရုယန္တံ ၊ သစ်ယန္တရား ရုပ်
သည်၊ သ-ဗျာပါရုံ ဣဝ၊ သွားရင်ကခုန်—ပြောဆိုရယ်ပုံယောင်
ယောင်၊ခါယတိယထာ၊အရွယ်နှုန်းယ်၊ လူသူငယ်တို့၊ တကယ်
ထင်ရသကဲ့သို့၊ ဧဝံတထာ၊ထိုအတူ၊ သုညံ၊ လူ၊ နတ်၊ဗြဟ္မာ၊
သတ္တဝါဇီဝမှကင်းဆိတ်သော၊ နာမရူပံ၊ နာမ်ရုပ်နှစ်ပါး သခ်ါ

ရတရားသည်၊ အညမည သမာယုတ်၊ အချင်းချင်းအားကျေး ဇူးများလျက်ရောရှက် စပ်ယှဉ်ကြသည်ဖြစ်၍၊ သ–ဗျာပါရုံအာ ပ၊ လျောင်းထိုင်သွားရပ်၊ လှုပ်ရှားတတ်သကဲ့သို့၊ ခါယတိ၊ ပညာနူနယ်လူမမယ်တို့၊ တကယ်ထင်ရ၏။ ။နာဝံ၊ဖော့ကို၊ နိဿာယ၊မှီ၍၊မနုဿာ၊လူတို့သည်၊အဏ္ဏဝေ၊သမုဒြာ၌၊ ယန္တိ ယထဝပိ၊ သွားကုန်သကဲ့သို့လည်း၊ ဧဝမေဝ၊ ထိုအတူသာ လျှင်၊ ရူပံ၊ရုပ်ကို၊ နိဿာယ၊မှီ၍၊နာမကာယော၊နာမ်အပေါင်း သည်၊ပဝတ္တတိ၊ဖြစ်ရ၏။ ။မနုဿေ၊လူတို့ကို၊ နိဿာယ၊မှီ ၍၊ နာဝါစ၊လှေသည်လည်း၊ အဏ္ဏဝေ၊သမုဒြာ၌၊ ဂစ္ဆတိယ ထာ၊သွားသကဲ့သို့၊ ဧဝမေဝ၊ ထိုအတူသာလျှင်၊ နာမံ၊နာမ်ကို၊ နိဿာယ၊မှီ၍၊ ရူပကာယော၊ ရုပ်အပေါင်းသည်၊ ပဝတ္တတိ၊ ဖြစ်ရ၏။ ။မနုဿာစ၊ လူတို့သည်ရင်း၊ နာဝါစ၊ လှေသည် ရင်း၊ ဥဘော၊နှစ်ပါးစုံတို့သည်၊ နိဿာယ၊အချင်းချင်းမှီကြကုန် ၍၊အဏ္ဏဝေ၊သမုဒြာ၌၊ ဂစ္ဆန္တိယထာ၊ သွားကြကုန်သကဲ့သို့၊ဧ ဝံ၊ထိုအတူ၊နာမဉ္စ၊နာမ်သည်ရင်း၊ ရူပဉ္စ၊ရုပ်သည်ရင်း၊ ဥဘော၊ နှစ်ပါးစုံတို့သည်၊ အညောညနိဿိတာ၊ အချင်းချင်းမှီ၍ ဖြစ် ကုန်၏။

သဗ္ဗေပိဟိဓမ္မာ တံတံကြိယာမတ္တမေဝ ဟောန္တိ၊ နတော သုဒ္ဓံ ဝါ သတ္တာနံ ဝါ ဝိဂ္ဂဟော ဝါ ဥပလဗ္ဘတိ။ ။မဏိဒီပ ဋီ ကာ။ ။ဟိသဒ္ဒံ၊ ထိုစကားသည်မှန်၏၊ သဗ္ဗေပိ၊ အလုံးစုံ သည်းဖြစ်ကုန်သော၊ ဓမ္မာ၊ ပရမတ္ထတရား လေးပါးတို့သည်၊ တံတံကြိယာမတ္တမေဝ၊ ထိုထိုအာရုံကိုသိခြင်း၊ တွေ့ခြင်း။ ခံ စားခြင်း။ ခက်မာခြင်း၊ ဖွဲ့စည်းခြင်း အစရှိသောမိမိ မိမိတို့၏ သဘော၊ ဒိဋ္ဌတွေ့မြင် အလွန်ပင်ဖေးမြသော သန္တိသဘော ကြိ ယာမျှသည်သာလျှင်၊ ဟောန္တိ၊ဖြစ်ကုန်၏၊ တော သုံ၊ထိုအာရုံကို သိခြင်း၊ တွေ့ခြင်း၊ခံစားခြင်း၊ ခက်မာခြင်း–ဖွဲ့စည်းခြင်း အစ ရှိသောမိမိ မိမိတို့၏ သဘော၊ ဒိဋ္ဌ တွေ့မြင်၊ အလွန်ပင် ဖေးမြ သောသန္တိသဘော ကြိယာတို့၌၊ ဒဗ္ဗံ ဝါ၊ အကြီးအငယ်-အ

ရှယ်အလတ်အစားရှိသော ဖြိဗ်ကိုရင်း။ သဏ္ဌာနံဝါ၊ တိုရှည်ပု ဝိုင်း၊ ဖြောင့်ညွှတ်ကိုင်းခြင်းအစရှိသော သဏ္ဌာန်ကိုရင်း။ ဝိဂ္ဂဟောဝါ၊အတုံးအခဲ၊တလုံးထဲ အမြဲတည်ယောင်၊ အကောင်အထည်အစရှိသော အထူးထူးအထွေထွေ ယူခြင်းကိုရင်း၊ နဥပလဗ္ဘတိ၊မရအပ်၊ ဝါ၊ ပခုမတ္တ တရားလေးပါးကို၊ ဥပမာဆို ဘယ်လိုဘဲဟု။တစုံတရာဖြစ်ရာပရမာနူမြူခန့်မျှမရှိ၊

သတ္တိယာဝိယဩမဋ္ဌော၊ဍယှမာနေဝမတ္ထကေ၊ သက္ကာယဒိဋ္ဌိပဟာနာယ၊ သတောဘိက္ခုပရိဗ္ဗဇေ၊ ။သဂါထာဝဂ္ဂ ဒေဝပုတ္တသံယုတ်ပါဠိတော်၊ ။သတ္တိယာ၊ လှံမကြီး ဖြင့်။ ဩမဋ္ဌောဝိယ၊ ရင်၌စူးဝင်၍ လျင်မြန်စွာနုတ်သော သူကဲ့သို့ရင်း၊ မတ္ထကေ၊ ဦးခေါင်းထက်၌၊ ဍယှမာနေဝ၊ မီးလောင်၍၊ လျင်မြန်စွာသတ်သောသူကဲ့သို့ရင်း၊ သက္ကာယဒိဋ္ဌိ၊ မျက်လှည့်သမားပြသည်ကို သူငယ်တို့အဟုတ်ထင်သကဲ့သို့ ရုပ်နာမ်သည်၊ငါ့ကိုယ်ကောန်ဟုတ်သည်ဟု၊ မှတ်ထင် စွဲလမ်းကြသော သက္ကာယ ဒိဋ္ဌိ ပြောင့်တံကျင် ရူးဝင် ခြင်းကို၊ ပဟာနာယ၊ ဘောက်ပြန်ခြင်း အာရုံသို့ညွှတ်ခြင်း သဘောတို့သည်၊ ငါ၊ဇကန်မဟုတ်၊ ရုပ်နာမ်တွေသာကောန်ဟုတ်ကုန်သည်ဟု၊ ဘာဝနာပညာမဂ်ပညာဖြင့် မကြာချက်ခြင်း၊ ခုလက်ငင်း ပယ်နုတ်ခြင်းငှါ၊ သတော၊ သွားရပ်လျောင်းထိုင်၊မမေ့နိုင်အောင်သတိရှိသော၊ ဘိက္ခု၊ သံသရာဘေးကြီးကို ကြောက်သောသူသည်၊ ပရိဗ္ဗဇေ၊ ရုပ်နာမ်ခန္ဓာသဘာဝကို၊ မထင်မခြင်း၊ လွန်မင်းစွာ၊ ကျင့်ကြံကျိုးကုတ်အားထုတ်ရာ၏၊

ယံပဿတိ နတံဒိဋ္ဌံ၊ယံဒိဋ္ဌံနတံပဿတိ၊ အပဿံဗဇ္ဈတေမုဠော၊ ဗဇ္ဈမာနေနမုစ္စတိ၊ ။သတိပဋ္ဌာန ဝိဘင်းအဋ္ဌကထာ၊ သုတ်မဟာဝါအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌လာသော၊ ပေါရာဏကဂါထာ၊ ။ယံ၊ အကြင်ငါ့ကိုယ်ဟူ၍ ဂရုမည့်အားဖြင့် ထင်ရှားမရှိသည်ကို၊ ဗာလော၊ ဝိပဿနာပညာ မဂ်ပညာ မျက်စိ မရှိသော အန္ဓပုထုဇန် ကန်းသည်၊

ပသာဒံ၊ ငါ့ကိုယ်ထင်ရှားရှိ၍ဟူ၍ ဘောက်ပြန်သောမိစ္ဆာအာ အမြင်ဖြင့်မြင်၍၊တံ၊ ထိုဘောက် ပြန်သော မိစ္ဆာအမြင်ဖြင့်မြင် ခြင်းကို၊ ပဏ္ဍိတေဟိ၊ဝိပဿနာပညာ၊ မဂ်ပညာမျက်စိရှိသော ကလျာဏပုထုဇန် အရိယာသာသခင်အရှင်မြတ်တို့သည်၊ နဒိဋ္ဌံ၊ ပရမတ္ထအားဖြင့်၊ ငါကိုယ်ထင်ရှားရှိ၍၊ ဟူ၍မမြင်အပ်။ ယံ၊ အကြင်သမ္မုဟာယနာ၊ ကိစ္စယနာ၊ အာရမဏာယန အားဖြင့် ရုပ်နာမ်နှစ်ပါးအပေါင်းအစုကို၊ ပဏ္ဍိတေဟိ၊ ဝိပဿနာပညာမဂ်ပညာမျက်စိရှိသော ကလျာဏ ပုထုဇန်အရိယာ သာခင်အရှင်မြတ်တို့သည်၊ ဒိဋ္ဌံ၊ ပရမတ္ထအားဖြင့်ထင်ရှားရှိ၍ ဟူမြင်အပ်၏၊တံ၊ ထိုပရမတ္ထ အားဖြင့် ထင်ရှား ရှိသော၊ သမ္မုဟာယနာ၊ ကိစ္စယနာ၊ အာရမဏာယနအားဖြင့် ရုပ်နာမ်နှစ်ပါး အပေါင်းအစုကို၊ဗာလာ၊ ဝိပဿနာပညာ၊ မဂ်ပညာမျက်စိ မရှိသောအန္ဓပုထုဇန်ကန်းသည်၊ နပဿတိ၊ ပရမတ္ထအားဖြင့်၊ ထင်ရှားရှိ၍ဟူ၍မမြင်၊ အပဿံ၊အပဿမာနော၊သမ္မုဟာယနာ၊ ကိစ္စယနာ၊ အာရမဏာယနအားဖြင့် ရုပ်နာမ်နှစ်ပါး အပေါင်းအစုကို မမြင်သော၊ မုဠှော၊ တွေဝေမိုက်ဘိ၊ ပညာမျက်စိမရှိသောအန္ဓပုထုဇန်ကန်းကို၊မာရေန၊ တဆောင့်ငါးရာ ကိလေသာ မိုလ်ချုပ်၊ အဝိဇ္ဇာ မာရ်ယုဘ်သည်၊ ဗဇ္ဈတေ၊ ပစ္စည်းဥစ္စာ၊ သတ္တဝါကို တွယ်တာ နှစ်သက်ခြင်း တဏှာ ကြော့ကွင်းဖြင့် ဘွဲ့အပ်၏၊ ဗဇ္ဈမာနော၊ ပစ္စည်း ဥစ္စာ၊ သတ္တဝါကို တွယ်တာ နှစ်သက်ခြင်းတဏှာကြော့ကွင်းဖြင့် ဖွဲ့မိသော အန္ဓပုထုဇန်ကန်းသည်၊ နမုစ္စတိ၊ ပဋိသန္ဓေ ဇရာနာသေဖြန့် ဘန်ဘန်မစဲ၊ သံသရာဝဋ် ဆင်းရဲ ဩဃကြီးထဲမှ၊ ဘယ်နံ့ရော အခါမှ မလွတ်နိုင်ဘော ဘည်သာတည်း။

ရုပ်နာမ်နှစ်ပါးသံပေါက်ကိုပြပေအံ့။ ။ဘောက်ပြန်လျှင်ရုပ်၊ညွတ်လျှင်နာမ်၊ရုပ်နာမ်နှစ်ပါးဘဲ၊ ။မသိလျှင်ရုပ်၊ သိလျှင်နာမ်၊ရုပ်နာမ်နှစ်ပါးခွဲ၊ ။မြင်၊ကြား၊နံ၊လျက်၊ထိ၊ရုပ်မှတ်ဘိ၊သိလျှင်နာမ်ချည်းဘဲ၊ ။မရှိသာသိ၊ရှိသာသိ၊ ဒိဋ္ဌိပျောက်ရုပ်နာမ်

ထင်မြဲ၊ ။ရှိပရမတ်၊မရှိပညတ်၊နှစ်ရပ်ကွဲစမြဲ၊ ။ပရမတ်
ဆတ်ဆတ်၊ ခြင်းဟုမှတ်၊မချွတ်ကျန်ဘဲ။ ။အမည်နာမ။ ခေါ်
သမှု၊နှုတ်ကဖြစ်စမြဲ၊ ။နှုတ်ကဖြစ်မှန်း၊သိစွမ်းနိုင်က၊ သဏ္ဍာ
ယ၊မှတ်ကြပျောက်စမြဲ။ ။မရှိကိုမြင်၊ ရှိကိုကြည့်၊ ဒိဋ္ဌိအမြင်
အမှားဘဲ၊ ။မရှိကိုကြည့်၊ ရှိကိုမြင်၊ ဉာဏ်မြင်အမှန်ဘဲ၊ ။
ရုပ်ရရုပ်ပုံ။ မြင်ပါတုံလျက်၊ ရုပ်ပုံမထင်။ မောဟဝင်၊အမြင်အ
လွဲလွဲ၊ ။နာမ်ရနာမ်ပုံ၊မြင်ပါတုံလျက်၊ နာမ်ပုံမထင်၊ မောဟ
ဝင်၊အမြင်အလွဲလွဲ၊ ။ရုပ်နာမ်မမြင်၊ အနိစ္စမထင်၊ ရုပ်နာမ်
မြင်မှ၊ အနိစ္စထင်မြဲ၊ ။ရုပ်နာမ်မမြင်၊ ဒုက္ခမထင်၊ ရုပ်နာမ်မြင်
မှ၊ဒုက္ခထင်မြဲ၊ ။ရုပ်နာမ်မမြင်၊ အနတ္တမထင်၊ ရုပ်နာမ်မြင်မှ၊
အနတ္တထင်မြဲ၊ ။အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်မှမဂ်ဖိုလ်ရစမြဲ၊ ။
မဂ်ဖိုလ်ရမှ၊ နိဗ္ဗာန၊ နိစ္စချမ်းသာမြဲ၊ ။ရုပ်နာမ်နှစ်ရ၊ ပွါးမရှု၊
သိမှုသုတမယဉာဏ်ဘဲ၊ ။ရုပ်နာမ်နှစ်ရ၊ စီးဖြန်းပွါး၊ မြင်မှုဘာ
ဝနာဘဲ။ ။ရုပ်နာမ်နှစ်ကို၊ ငါကိုယ်မှတ်က၊ သက္ကာယ၊မချ
ဖြစ်စမြဲ၊ ။ရုပ်နာမ်မသိ၊ လူ့ဒိဋ္ဌိ၊ အတိဒုက္ခဆင်းရဲမြဲ၊ ။ရုပ်
နာမ်ကိုသိ၊လူ့ကဝိ၊ အတိသုခချမ်းသာမြဲ၊ ။အရင်းမူလ၊ ရုပ်
နာမ်ပ၊ မှတ်ကြလိုရင်းဘဲ၊ ။ရုပ်နာမ်နှစ်ဖြာ၊ သံပေါက်ပ။
နတ်မှာဆောင်အမြဲ၊ ။သံပေါက်ပြီး၏။

ပရမတ္ထတော ဧကေကသ္မိံ မေဓ္ဓဥပပရိက္ခိယ မာနေအသ္မိ
တိဝါအဟန္တိဝါ ဂါဟာသာငတ္ထု ဘူတော သတ္တော နာမနတ္ထိ၊
ပရမတ္ထတော ပန နာမရူပမတ္တမေဝအတ္ထိတိ၊ ဧဝံပဿတော ယော
ဒဿနံ ယထာဘူတဒဿနံနာမဟောတိ၊ ။ဧကေကသ္မိံ၊ တ
ရတရသော။ မေဓာ၊ တေဘုမ္မကလောကိယ၊ သင်္ခါရတရား ရုပ်
နာမ်နှစ်ပါးကို၊ ဥပပရိက္ခိယမာနေ၊ ရုစ်ဆင်းအပ်သည် ရှိသော်၊
အသ္မိတိဝါ၊ ငါဟူ၍ရင်း၊ အဟန္တိဝါ၊ ငါကိုယ် ဟူ၍ရင်း၊ ပ
ဝတ္တသာ၊ ဖြစ်သော၊ ဇာတိဂါဟာသာ၊ ဤသို့သောမိစ္ဆာအယူ၏၊
ဝတ္ထုဘူတော၊ တည်ရာဖြစ်၍ဖြစ်သော၊ သတ္တောနာမ၊ သတ္တ
ဝါမည်သည်၊ နတ္ထိ၊မရှိ၊ ပန၊ အလျှော်ကိုဆိုအံ့၊ ပရမတ္ထတော၊

ပရမတ္ထအားဖြင့်၊ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသည်သာလျှင်၊ အတ္ထိ၊ ရှိ၏၊ ဣတိ၊ ဤသို့၊ ယထာဝတော၊ ဟုတ်မှန်သောသဘောအားဖြင့်၊ ဇာနနံ၊သိခြင်းသည်၊ ဟောတိ၊ဖြစ်၏၊ ဟိ၊ဆက်၍ဆိုအံ့၊ ဧဝံ၊ ဤပရတ္ထအားဖြင့်၊ သတ္တဝါမည်သည်မရှိ၊ ရုပ်နာမ်မျှသာရှိ၏ဟု ယူသောအခြင်းအရာအားဖြင့်၊ ပဿတော၊ ရှုသောယောဂီ၏၊ ဒဿနံ၊ မြင်ခြင်းသိခြင်း၊ ဝိပဿနာဉာဏ်သည်၊ယထာဘူတဒဿနံနာမ၊ ဟုတ်တိုင်းမှန်စွာ သိမြင်သောဉာဏ်မည်သည်၊ဟောတိ၊ဖြစ်၏။ ၊အဋ္ဌကထာ။

နာမရူပပရိစ္ဆေဒဉာဏ်ပြီး၏၊

---

ပစ္စယပရိဂ္ဂဟဉာဏ်ပြပေအံ့၊

သောဧဝံပစ္စယတောနာမရူပဿပဝတ္တိံဒိသွာယထာဇာနံဧတရဟိ၊ ဧဝံ အတီတေပိအဒ္ဓါနေပစ္စယ တောပဝတ္တိတ္ထ။ အနာဂတေပိပစ္စယတော ပဝတ္တိဿတီတိ သမနုပဿတိတသောဧဝံ သမနုပဿတော ဗုဒ္ဓနယေနေဝတီသုအဒ္ဓါသု ဝိစိကိစ္ဆာပဟီယတိ၊ ၊ဇာမိနာပနဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓပဿာသော လဒ္ဓပတိဋ္ဌော နိယတ ဂတိကော စူဠသော တာပန္နောနာမဟောတိ၊ ၊အဋ္ဌကထာ။ ၊သော၊ ထိုယောဂီသည်၊ ဧဝံ ဗုဒ္ဓနယေန၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်၊ ပစ္စယတော၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ၊ စသော၊ ရုပစသောအကြောင်းကြောင့်၊ နာမရူပဿ၊ နာမ်ရုပ်၏၊ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ ဒိသွာ၊ မြင်၍၊ ဇာနံ၊ဤနာမ်ရုပ်နှစ်ပါးသည်၊ ဧတရဟိ၊ ယခု ပစ္စုပ္ပန်ဘဝ၌၊ ပစ္စယတော၊ အဝိဇ္ဇာတဏှာစသောအကြောင်းကြောင့်၊ ပဝတ္တတိယထာ၊ ယခု ဘင ဖြစ်၍နေသကဲ့သို့ ဧဝံတထာ၊ ထိုအတူ၊ အတီတေပိအဒ္ဓါနေ၊ အနမတဂ္ဂ သံသာရ၊ ရှေးရှေးဘဝ၌လည်း၊ ပစ္စယတော၊ အဝိဇ္ဇာတဏှာ စသောအကြောင်းကြောင့်၊ ဇာနံ၊ ဤရုပ်နာမ် နှစ်ပါးသည်၊ ပဝတ္တိတ္ထ၊ဖြစ်ဘူးလှလေပြီ။ အနာဂတေပိအဒ္ဓါနေ၊ မကျွတ်သေး

သမ္မ နောက်နောက်ဘဝ၌လည်း။ ပစ္စယတော၊ အဝိဇ္ဇာတဏှာ စသော အကြောင်းကြောင့်၊ ပဝတ္တိဿတိ၊ ဖြစ်လေဦးလတ္တံ့။ ဣတိ၊ ဤသို့၊ သမနုပဿတိ၊ ကောင်းစွာအဘန်ဘန်ရှု၏၊ ဧဝံ၊ ဤသို့၊ သမနုပဿတော၊ ကောင်းစွာအဘန်ဘန်ရှုသော၊ တဿ၊ ထိုယောဂီအား၊ ဝုတ္တနယေန၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ တီသုအဒ္ဓါသု၊ သုံးပါးသောအခွန့်တို့၌၊ ဝိစိကိစ္ဆာ၊ ရုပ်နာမ် ဟုတ်လေသလော၊ မဟုတ်လေသလော၊ လူ၊ နတ်၊ ဗြဟ္မာ၊ မိဘ စသည်ကြောင့် ဖြစ်လေသလော၊ မဖြစ်လေသလောဟု၊ အလုံးရုံယုံမှားခြင်း ဝိစိကိစ္ဆာသလမ်းနှစ်မှာကို၊ ပဟီယတိ၊ လျင်မြန်စွာ ပယ်ခွါခြင်းဖျောက်အပ်၏။ ။ပန၊ အကျိုးကိုဆိုအံ့၊ ဣမိနာ ဉာဏေန၊ ဤနာမရူပဉာဏ်ပစ္စယပရိဂ္ဂဟဉာဏ်နှင့်၊ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌၊ လဒ္ဓဿာသော၊ အရိယာ မဂ်တည်း ဟူသော သက်သာရာ၊ အဿာသရသည်ဖြစ်၍ရင်း၊ လဒ္ဓပတိဋ္ဌော၊ အရိယာ ဖိုလ်တည်းဟူသော ထောက်တည်ရာ၊ ပတိဋ္ဌာရသည် ဖြစ်၍ရင်း၊ ဝါ၊ မဂ်ဖိုလ်မရသေးသော်သည်း၊ ထိုမဂ်ကိုရခြင်းငှါအကျင့်၌ တည်သည်၏အဖြစ်ကြောင့်၊ လဒ္ဓဿာသ၊ လဒ္ဓပတိဋ္ဌာရသည်ဖြစ်၍ရင်း၊ နိယတဂတိကော၊ ယခုဘဝမဂ်ဖိုလ် မရသေးသော်သည်း၊ ရတိ ကျသည်ရှိသော်၊ သုဂတိ ဘဝသို့ မချလားရသည် ဖြစ်၍ရင်း၊ စူဠသောတာပန္နောနာမ၊ စူဠသောတာပန်မည်၏၊ ဝါ၊ သောတာပန်ထွေး သောတာပန်ငယ်မည်၏။ ။ပစ္စယပရိဂ္ဂဟဉာဏ်ပြီး၏။

---

သမ္မသနဉာဏ်ဥဒယဗ္ဗယဉာဏ်တို့ကိုပြပေအံ့။

သဗ္ဗေပိရူပါရူပိနောခန္ဓာအဟုတွာသမ္ဘောန္တိ၊ ဟုတွာပဋိဝေန္တိ။ ။အဒ္ဓသာနုတော အာယန္တိ၊ ဘဂ္ဂါဂန္တာန္တိဒဿနံ၊ ဝိစ္ဆေပ္ပါဒေါဝအာကာသေ၊ ဥပ္ပဇ္ဇန္တိဝယန္တိစ၊ ။အဋ္ဌကထာ။

အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ နိရုဇ္ဈရေ။ နိစ္စံ နဝါဝ သင်္ခါရာ၊ ဒီပ ဇာလသမူပမာ။ ။ဒကေ ရာဇိ ပုဗ္ဗုဠောဝ၊ ဥဿာဝေါဝ ဝိယ သူရိယေ၊ အာရဂ္ဂေ သာသပေါ ဝိဇ္ဇုပ္ပါဒေါဝ တာဝကာလိကာ၊ ။မာယာမရီစိ ဂန္ဓဗ္ဗ၊ နဂရံ သုပိနန္တကံ၊ ဖေဏကာလာ တစက္ကံဝ၊ အသာရာ ကဒလီ ယထာ၊ ။ဝိသုဒ္ဓိမဂ်သင်္ဂဟာဂါထာ၊ ။သမ္ဘေဝပိ၊ အလုံးစုံလည်းဖြစ်ကုန်သော၊ ရုပါရူပိနော ဓမ္မာ၊ ရုပ်နာမ်တရားတို့သည်။ အဟုတွာ၊ ရှေး၌ မရှိကုန်ဘဲ၊ သမ္ဘောန္တိ၊ ယခုအသစ်ဖြစ်ပေါ်လာကုန်၏၊ ဟုတွာ၊ ဖြစ်ကုန်ပြီး၍၊ ပဋိဝေန္တိ၊ ခဏချက်ခြင်း-ယိုယွင်းချုပ်ပျောက်-ပျက်စီးခြင်းသို့ရောက်ကုန်၏၊ ။ယော၊ အကြင်ရုပ်နာမ်တရားတို့သည်၊ အဒဿနတော၊ မမြင်ရရာ-အနာဂတ- သဘာဝ အဖြစ်မှ၊ အာယန္တိ၊ လော၍အသစ်အသစ်ဖြစ်ပေါ်လာကုန်၏၊ ဘဂ္ဂါ၊ ပစ္စုပ္ပန်နာမ်ရုပ်—ချုပ်ပျောက် ပျက်စီးကုန်သည်ရှိသော်၊ အဒဿနံ၊ မမြင်ရရာ-သဘာဝအစစ်-အတိတ်အဖြစ်သို့၊ ဂစ္ဆန္တိ၊ ရောက်လေကုန်၏၊ အာကာသေ၊ ပဇ္ဇုန်ရိုက်ချုန်း-မိုဃ်းရွာတုန်းတွင်-ထက်ကောင်းကင်၌၊ ဝိဇ္ဇုပ္ပါဒေါ ဣဝ၊ မိုးပြက်လျှံဝင်း၊ လျှပ်စစ်၏ဖြစ်ခြင်းကဲ့သို့၊ ဥပ္ပဇ္ဇန္တိ စ၊ ဖြစ်လည်းဖြစ်ကုန်၏၊ ဝယန္တိ စ၊ ပျက်လည်းပျက်ကုန်၏၊ ။သင်္ခါရာ၊ တေဘူမက-လောကိယာ၊ သင်္ခါရရုပ်နာမ်တရားတို့သည်၊ အနုပ္ပန္နာဝ၊ ရှေး၌မဖြစ်ဘူးကုန်ဘဲသာလျှင်၊ ဥပ္ပဇ္ဇန္တိ၊ ယခုအသစ်ဖြစ်လာကုန်၏၊ ဥပ္ပန္နာ စ၊ ဖြစ်ကုန်ပြီး၍လည်း၊ နိရုဇ္ဈရေ၊ ခဏချက်ခြင်း—ချုပ်ကင်းပျောက်ပျက်ကုန်၏၊ နိစ္စံ နဝါဝ၊ အမြဲအသစ်အသစ်တို့သည်သာလျှင်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဒီပဇာလသမူပမာ၊ ဆီမီးလျှံတမှု–တူသောဥပမာရှိကုန်၏၊ ။ဒကေ၊ ရေပြင်၌၊ ရာဇိဝိယ၊ အရေးအသားကဲ့သို့ရင်း၊ ပုဗ္ဗုဠော ဝိယ စ၊ ရေပွက်ကဲ့သို့ရင်း၊ သူရိယေ၊ နေထွက်သောအခါ၌၊ ဥဿာဝေါ ဝိယ၊ မြက်ဖျား၌ရောက်ဆီးနှင်းပေါက်ကဲ့သို့ရင်း၊ အာရဂ္ဂေ၊ အပ်ဖျားပွတ်ဆောက်ဖျား၌၊ သာသပေါ ဝိယ၊ မုံညင်းစေ့ကဲ့သို့ရင်း၊ ဝိဇ္ဇုပ္ပါဒေါ ဝိယ၊ လျှပ်

စစ်၏ ဖြစ်ခြင်းကဲ့သို့ရှိရင်း၊ တာဝကာလိကာ၊ နည်းငယ်တို့လျှ–
တခဏမျှ ဖြစ်ကုန်၏၊ မာယာဗွာ၀၊ မျက်လှည့် ရုပ်ကဲ့သို့ရှိရင်း။
မရီစိဗ္ဗာ၀၊တံလျှပ်ကဲ့သို့ရှိရင်း။ဂန္ဓဗ္ဗနဂရံဗွာ၀၊မြူးတူးကစားချင်၍
ကောင်းကင်၌ ဘန်ဆင်းအပ်သော ဂန္ဓဗ္ဗနတ်မြို့ကဲ့သို့ရှိရင်း၊ သုပိ
နန္တကံဗွာ၀၊ အိပ်မက်တွင်မြင်မက်သောစည်းစိမ်ကဲ့သို့ရှိရင်း၊ ပေ
ဏကံဗွာ၀၊ ရေမြှုပ်စိုင်ကဲ့သို့ရှိရင်း၊ အလာတစက္ကံဗွာ၀၊ မီးစက်
ဝိုင်းကဲ့သို့ရှိရင်း။ ကဒလီယထာ၊ ငှက်ပျောတုံးကဲ့သို့ရှိရင်း၊ အသာ
ရာ၊အနှစ်သာရမရှိကုန်၊ ။ဤသို့ထင်လာကုန်၏၊ ထိုအခါဥဒ
ယဗ္ဗယာနုပဿနာ ဟူသော တရုဏဝိပဿနာ ဉာဏ်ကိုရ၍၊
အာရဒ္ဓဝိပဿကပုဂ္ဂိုလ်ဟူသော အရေအတွက်သို့ ရောက်ပြီ
ဟူ၍မှတ်၊ ထိုသို့ ဥဒယဗ္ဗယာနုပဿနာဟူသော- တရုဏဝိ
ပဿနာဉာဏ်ကို ရစအခါ၊ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တို့အား
ဖြစ်မြဲဓမ္မတာဖြစ်သော- ဩဘာသ- စသည်တို့၏ အကြောင်း
ဖြစ်သော- ဝိပဿနူပက္ကိလေသ·ဝိပဿနာ ညစ်ညူးကြောင်း
အညစ်အကြေး ဆယ်ပါးဖြစ်လာ၏၊ ။ဝိပဿနူပက္ကိလေသ
ဆယ်ပါးကား။

ဩဘာသောဉာဏံ ပီတိပဿဒ္ဓိသုခံအဓိမောက္ခော ပဂ္ဂ
ဟောဥပဋ္ဌာနံဥပေက္ခာနိကန္တီတိ၊ ။အဋ္ဌကထာ၊ ။ဩ
ဘာသော၊ တင်ပြန့်ခွေတွင်း- ခန်းတွင်း ခန်းပြင်မှစ၍– အကာ
နိဌ ပြတ္တပြည့်တိုင်အောင် ဉာဏ်အား လျော်စွာ– တပြိုင်နက်
ထွန်းလင်း နိုင်သော ဝိဝိသာ မြင်ရသော–ဝိပဿနာ ဉာဏ်
ကြောင့်ဖြစ်သော ဝိဟ်ပဘာတု သမုဋ္ဌာန်ဖြစ်သော ကိုယ်ရောင်
ခြည်အလင်းရင်း၊ ဉာဏံ၊ သိကြားရွှယ်ချွန်–ဝဇိရ်နှင့်လက်နက်၊
ရိုးသြားကြိုးစက်ကဲ့သို့- ထက်မြက်သန့်ရှင်း– ဘောက်ထွ း နိုင်
သောပညာရင်း၊ ပီတိ၊ ကိုယ်လုံးပြည့်လျှမ်း ဝါဂွမ်းဆီဝပမာ၊
ဝိပဿနာဉာဏ်နှင့် ယှဉ်၍-အစဉ်အတိုင်း ဖြစ်သော–ခုဒ္ဒကာ၊
ခဏိက–ဩက္ကန္တိက–ဥဗ္ဗေဂ–ဖရဏာ အားဖြင့် ငါးပါးရှိ၏၊
ထိုပီတိငါးပါးတို့တွင်–ဥဒယဗ္ဗယဉာဏ် ထက်သန့်၍- အထွင်း

အဝိပ်သို့ရောက်သောအခါ- ဖရဏာပီတိဖြစ်ခြင်း၎င်း၊ ပဿဒ္ဓိ၊ လဟုတာစသည်ခြံရံအပ်သော- ဝိပဿနာဉာဏ်နှင့်တကွ ဖြစ်သော-ကိုယ်စိတ်၏အလွန်ငြိမ်းချမ်းခြင်း၎င်း၊ သုခ၊ ဤသပရိဝါရဖြစ်သောပဿဒ္ဓိသည် ချီးမြှောက်အပ်သောစိတ်ရှိခကား၊ ထိုခဏ၌- လူနတ်တို့၏ချမ်းသာ- ကာမရတိထက် လွန်မြတ်သော-မွေ့ရတိကို ခံစားရခြင်း သုခ၎င်း၊ အဓိမောက္ခော၊ ဝိပဿနာဉာဏ်နှင့်ယှဉ်သော- အလွန်အားရှိသော ပသာဒ သဒ္ဓါတရား၎င်း၊ ပဂ္ဂဟော၊ မလျော့မတင်း စောင်းကြိုးညှင်းသို့- နည်းခင်းကောင်းစွာ ချီးမြှောက်အပ်သောဝီရိယ၎င်း၊ ဥပဋ္ဌာနံ၊ မြဲစွာကြည့်နိုင်- ကျောက်စာတိုင်လား- မြင့်မိုရ်အားသို့- လှုပ်ရှားခြင်းမရှိသောသတိ၎င်း၊ ဥပေက္ခာ၊ သိကြား ပစ်လွှတ်အပ်သောဝဇိရဓိန်အလား- ရဲရဲတောက်သောသံမြှားကဲ့သို့- ဥဒယဗ္ဗယတရားတို့၌- လျစ်လျူဖြစ်သော- ဝိပဿနုပေက္ခာအာဝဇ္ဇနုပေက္ခာနှစ်ပါး၎င်း၊နိကန္တိ၊ ကိလေသာဟူ၍ပင် မသိနိုင်ရာ-လွန်စွာသိမ်မွေ့သောဝိပဿနာ၌- တွယ်တာငဲ့ကွက် နှစ်သက် တပ်စွန်းသောတဏှာ၎င်း၊ ဣတိ၊ ဤသည်လျှင်ဝိပဿနုပက္ကိလေသဆယ်ပါးတည်း။ ။ထိုတွင်- ဘုရားအလောင်း၏ ကိုယ်တွင်းအရောင်သည်ကား၊ ကြွေဝဠာတသောင်းလင်း၏။ ထိုအရောင်အလင်းနှံ့ရာအတွင်း၌- အဆင်းတို့သည် ဒိဗ္ဗစက္ခု အဘိညာဉ်ကဲ့သို့- မနောဒွါရိက ဝိညာဏ်အား ထင်လာကုန်၏၊ ထိုအရောင်အလင်းကို- အရောင်အလင်းဟု မသိသောကြောင့်- ငါအား ဤကဲ့သို့ သောဝိပဿနာဘိရတိသည်-ရှေး၌ မဖြစ်ဘူးပါတကားဟု အရောင် အလင်းသို့သာ စိတ်သွားသျက် အရောင်အလင်းကို မဂ်ဖိုလ်နိဗ္ဗာန်ဟု မှတ်ထင်တတ်၏၊ ယေဘုယျအားဖြင့် အဘိညာဉ်ရသော ဈာနလာဘီပုဂ္ဂိုလ်သည် အရောင်အလင်းကိုနိဗ္ဗာန်မှတ်ထင်၍၊ ထိုအရောင်အလင်းလျှင် အာရုံရှိသော သိမ်မွေ့လှစွာသော ဥဒ္ဓစ္စသဟဂုတ် မောဟမူ လောဘမူ စိတ္တုပ္ပါဒ်ကို-မဂ်ဖိုလ်ဟု မှတ်မှား၍ မွေ့ဒိန္န မထင်ရ၏

ဆရာမဟာနာဂမထေရ်၏ အလားကဲ့သို့ တုန်လှုပ်တတ်၏၊ မာလိန်တိုင်များ၌ နားလာသော- ဝင်းဝင်းလုံးလုံး ပင်လယ်ရုန်းမကို- ရုန်းမှန်းမသိသောကြောင့် ဝမ်းမြောက် သာယာ မိသော သဘော်သားအလုံး၊ ပြုန်းတီးပျက်ပြားသကဲ့သို့ ဝိပဿနာလမ်းလွဲတတ်သည်၊ ဤဥာဏပီတိ စသော ကိုးပါးဖြစ်ရာ ၌လည်း၊ ဩဘာသဖြစ်ရာ၌ကဲ့သို့ ဥာဏပီတိစသည်ကို၊ မဂ်ဖိုလ်ဟုမှတ်ထင်၍ ဝိပဿနာ လမ်းမှားတတ်သည်။ ဩဘာသကို နှင့်— ဥာဏ ပီတိ စသည်တို့ကို မဂ်ဖိုလ်ဟု မှတ်ထင်၍ ဝိပဿနာ လမ်းမှားသော ယောဂီပုဂ္ဂိုလ်တို့သည် ကျမ်းဂန်၌ များစွာရှိကုန်၏၊ သတိကြပ်ကြပ်ကြီးထားကြလေ၊ လိုရင်းကြီးမှတ်၊

ဤဩဘာသစသော ဆယ်ပါးတို့သည်၊ ဒိဋ္ဌိမာန—တဏှာ- ဟူသောဥပက္ကိလေသသုံးပါးတို့၏တည်ရာအာရုံအကြောင်း ဝတ္ထုဖြစ်သောကြောင့်၊ ဥပက္ကိလေသမည်ကုန်၏၊ တွယ်ဆိုင်နိကန္တိကား မိမိလည်း ဥပက္ကိလေသဖြစ်၍ဥပက္ကိလေသလည်း မည်၏၊ ဥပက္ကိလေသဝတ္ထုသည်းမည်၏၊ မမဩဘာသော ဥပ္ပန္နော၊ ငါ၏အရောင်အလင်းစသည်ဖြင့် စွဲလမ်းခြင်းသည် ဒိဋ္ဌိဂါဟမည်၏၊ မနာပေါဝတဩဘာသောဥပ္ပန္နော၊ နှစ်သက်စဘွယ်—တင့်တယ် ကောင်းမြတ်သော ဩဘာသကို ဖြစ်စေနိုင်သည့်တကား စသည်ဖြင့် ထောင်လွှားစွဲလမ်းခြင်းသည်— မာနဂါဟမည်၏၊ ဩဘာသစသည်ကိုသာယာ တပ်မက်ခြင်းသည်၊ တဏှာ ဂါဟမည်၏၊ ဤဂါဟ သုံးပါးဖြင့် မြှောက်ပွါး မှုကား— ဥပက္ကိလေသသုံးဆယ်ဖြစ်၏၊ ဤသို့ ဩဘာသစသော ဝိပဿနူပက္ကိလေသဆယ်ပါးဖြစ်လာလျှင်- မလိမ္မာသောယောဂီသည်၊

ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေအတ္တာ၊ ။ဧတံ၊ ဤဩဘာသ စသော တရားသည်၊ မမ၊ ငါ၏၊ သန္တကံ ဥစ္စာတည်း ဧသော၊ ဤဩဘာသစသောတရားသည်၊ အဟံ အသ္မိ၊ ငါဖြစ်၏၊ ဧသော၊ ဤဩဘာသစသောတရားသည်ကား၊ မေ၊ ငါ၏၊ အတ္တာ၊ ကိုယ်တည်း၊ ဟု-တဏှာမာနဒိဋ္ဌိဖြင့်ရှု၍ တုန်

လှုင်ပျံ့သွင့်တတ်၏။ ။လိမ္မာမြင်သိ ပညာရှိသော ယောဂီ သည်ကား။

အယံခေါသောမေ ဩဘာသောဥပ္ပန္နော၊ သောခေါ ပနာယံ အနိစ္စောသင်္ခတော ပဋိစ္စသမုပ္ပန္နော ခယဓမ္မောဝယ ဓမ္မောဝိရာဂဓမ္မောနိရောဓဓမ္မော။ ။မေ၊ ငါ့အား၊ ခေါ၊ စင် စစ်၊ သော၊ ထိုငါ့ဆရာ အမိန့်ရှိဘူး သဘော ရှိသော၊ အယံဩဘာသော၊ ဤပိုးပိုးဝင်းဝင်း ထွန်းလင်းသောအရောင် သည်၊ ဥပ္ပန္နော၊ဖြစ်လတ်ပြီ၊ သောခေါပနာယံဩဘာသော။ ထို ဆရာအမိန့်ရှိဘူးသော သဘောရှိသော ထိုအရောင် အလင်း သည်၊ အနိစ္စော၊ မမြဲသောသဘောတရားတည်း။ သင်္ခတော၊ အကြောင်းတရားတို့သည် ပြုပြင်အပ်၏၊ ပဋိစ္စသမုပ္ပန္နော၊ အ ကြောင်းတရားကိုစွဲ၍ ဖြစ်တတ်၏၊ ခယဓမ္မော၊ ကုန်ခြင်း သ သောရှိ၏၊ ဝယဓမ္မော၊ ပျက်ခြင်းသဘောရှိ၏၊ ဝိရာဂဓမ္မော၊ ကင်းခြင်း သဘောရှိ၏၊ နိရောဓဓမ္မော၊ ချုပ်ခြင်း သဘောရှိ ၏။ ။ကျမ်းဂန်တို့၌ ဘယဆေးဆိုင်ကြီးကဲ့သို့ အစုံရေး၍သွား သော်လည်း၊ လိုရင်းကြီးကိုနှုတ်သွင်းရမည်။ ။နှုတ်သွင်း ရန်ကား၊

ဩဘာသောအနိစ္စော၊ဉာဏံအနိစ္စံ၊ပီတိအနိစ္စာ၊ပဿဒ္ဓိ အနိစ္စာ၊ သုခံ အနိစ္စံ၊ အဓိမောက္ခော အနိစ္စော၊ ပဂ္ဂဟော အနိစ္စော၊ ဥပဋ္ဌာနံ အနိစ္စံ၊ ဥပေက္ခာအနိစ္စာ၊ နိကန္တိ အနိစ္စာ။ ။ ဩဘာသော၊ ပိုးပိုးဝင်းဝင်း အရောင် အထင်း အဆင်း ဝဏ္ဏရုပ်သည်၊ အနိစ္စော၊အဘန်တလဲလဲ ဖြစ်ပျက်၍ မမြဲသော သဘောရှိ၏၊ ဉာဏံ၊ ရုပ်နာမ်ဖြစ်ပျက် ထက်မျက် သန့်ရှင်း ဘောက်ထွင်း သိမြင်နိုင်သောဉာဏ်သည်၊ အနိစ္စံ၊ အဘန်တ လဲလဲဖြစ်ပျက်၍ မမြဲသောသဘောရှိ၏၊ ပီတိ၊ ဖရဏာပီတိ ဝမ်းဆိတ်သို့၊ကိုယ်၏နှစ်သက်ခြင်းသည်၊ အနိစ္စာ၊၏၊ ပဿဒ္ဓိ၊ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းသာခြင်းသည်၊ အနိစ္စာ၊၏၊ သုခံ၊ စိတ်နှလုံး အလွန်မြေ့ခြင်း သုခဝေဒနာသည်၊ အနိစ္စံ၊၏၊ အဓိ

မောဃဉ္စ၊ တရားတော် ဂုဏ်၌ အလွန် ယုံကြည်ခြင်း သဒ္ဓါ တရားသည်၊ အနိဋ္ဌာ၏၊ ပဋ္ဂပေါ၊ မလျော့မတင်း အား ထုတ်ခြင်းဝီရိယသည်၊ အနိဋ္ဌာ၏၊ ဥပဒ္ဒါနံ၊ ကျောက်စာတိုင် လား လှုပ်ရှားခြင်းမရှိသောသတိသည်၊ အနိဋ္ဌ၊၏၊ ဥပေက္ခာ၊ ဝရဖိန်အလား ဖြစ်ပျက်ခြင်းတရားတို့၌ ထင်မြင်စွာလျစ်လျူ ရှုနိုင်သောဝိပဿနုပေက္ခာ၊ အာဝဇ္ဇနုပေက္ခာ နှစ်ဖြာသည်၊ အ နိဋ္ဌာ၏၊ နိကန္တိ၊ ဩဘာသသည်ကို သာယာနှစ်သက် တပ် မက်ခြင်းတဏှာသည်၊ အနိဋ္ဌာ၊ အဘန်တလဲလဲဖြစ်ပျက်၍ မ မြဲသောသဘောရှိ၏၊ ဟု ဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်၊ ရှုထင် မြင်လျက် ဥပက္ကိလေသဆယ်ချက်တို့၌၊

နေတံမမ၊နေသောဟမသ္မိ၊ နေသောမေအတ္တာ၊ ၊ဧတံ ဩဘာသသောတရားသည်၊ မမ၊ ငါ၏၊ နသန္တကံ၊ ဥစ္စာမ ဟုတ်။ ဧသော၊ဩဘာသသောတရားသည်၊ အဟံနအသ္မိ၊ ငါမဖြစ်၊ ဧသော၊ဩဘာသသောတရားသည်၊ မေ၊ငါ၏။ နအတ္တာ၊ကိုယ်မဟုတ်၊ ၊ဟူသော- ဂါဟာသုံးမည် အရှုပ်အ ထွေးကိုဖြည်လျက်၊ဩဘာသသည် သည် လမ်းမှန် မဟုတ် ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန် သာ တည်း။ ဥပက္ကိ လေသမှ လွတ်၍ လမ်းမှန် သော ဝိထိပ္ပဋိပန္နဝိပဿနာ ဉာဏ် သည်သာလျှင်၊ အရိယမဂ်၏ ရှေ့အဘို့၌ဖြစ်သော ပုဗ္ဗဘာဂ မဂ်တည်း၊ လမ်းမှန်တည်း၊ အကြောင်းတည်း ဟု မဂ္ဂအမဂ္ဂ ကိုပိုင်းခြားဆင်ခြင်၊ ရှုထင်မြင်၏၊ ဤကဲ့သို့ သောဗျဿယောဂီ သည် သာလျှင် ဩဘာသ သဝသည့် တို့ကြောင့် တုန့်လှုပ် မျှံ လွင့်ခြင်းမရှိသတည်း။ ၊ထိုကြောင့်၊

ဓမ္မာနိဒသဋ္ဌာနာနိ၊ ပညာယဿပဋိဝိတာ၊ ဓမ္မုဒ္ဓစ္စ သလောပဟောတိ၊ နစ ဝိက္ခေပဂစ္ဆတိ။ ။ဟူ ရှေးဆရာမြဲဘာသို မိန့်အပ်၏။ ။ယဿယောဂိနော၊ အကြင် ဝိပဿနာ ယော ဂီ၏၊ပညာ၊ ဝိပဿနာ ပညာသည်၊ ဓမ္မာနိဒသဋ္ဌာနာနိ၊ ဤဥ ပက္ကိလေသ၏။ အကြောင်းဆယ်ပါး တို့ကို၊ ပရိစိတာ၊ အနိဋ္ဌ

တာစသည်ကိုယူ၍ လေ့လာသိမ်းဆည်း ဆင်ခြင်၏၊ သော၊ ထိုဝိပဿနာ ယောဂီသည်၊ ခန္ဓာငါးပါးကုသလော၊ ဩဘာသစ သည်၌ပျံ့လွင့်ခြင်း၏ မဂ်မဟုတ်သည်ကို သိသဖြင့် ခန္ဓာငါးပါး၌ လိမ္မာသည်၊ ဟောတိ၊ ၏၊ ဝိက္ခေပဥ္စ၊ ပျံ့လွင့်ခြင်း သို့လည်း၊ နဂစ္ဆတိ၊ ရောက်၊ ။ဒိဋ္ဌိဥဿုရန၊ မာနဥဿုရန၊ နိကန္တိပ ရိယာဒါန၊ သုံးပါး တို့၌ကား၊ သုံးသပ်နည်း အခြား မရှိပြီ၊ ရုပ်နာမ်ကို သိမ်းဆည်း၍ မြင်ပြီးရကား၊ ရုပ်နာမ်မှ တပါး၊ ငါသူတပါး၊ ယောကျ်ားမိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ပုဂ္ဂိုလ်ကို မမြင်လျှင်၊ သညာဝိပလ္လာသ ပျောက်၏၊ သညာ ဝိပလ္လာသပျောက်လျှင်၊ စိတ္တဒိဋ္ဌိ ဝိပလ္လာသတို့သည် ပျောက် ကုန်၏၊ ဒိဋ္ဌိပျောက်ကွာလျှင်၊ ဒိဋ္ဌုပနိဿယ အပါယဂမနီယ မာန ပျောက်ကွာ၏၊ မာန ပျောက်ကွာလျှင်၊ သိမ်မွေ့စွာသော တဏှာနိကန္တိ ကုန်ခန်းပျောက်လွင့် လေတော့သည်။ ။ဤ ကား ဝိသုဒ္ဓိ ကထာဝါဒတည်း၊ ။အရိယာဝံသကထာ ဝါဒ ကား၊ ။အဟံဝိပဿာမိ၊ မမဝိပဿနာ၊ ။အဟံ၊ ငါသည်၊ ဝိပဿာမိ၊ ဝိပဿနာရှုအံ့၊ မမ၊ ငါ၏၊ ဝိပဿနာ၊ ဝိပနာသာ တည်း၊ ဟုယူလျှင်၊ အတ္တဒိဋ္ဌိဖြစ်၏၊ ။သုဒ္ဓုဝိပဿာမိ၊ မနာပံဝိပဿာမိ၊ ။သုဒ္ဓု၊ ကောင်းစွာ၊ ဝိပဿာမိ၊ ရှုအံ့၊ မနာ ပံ၊ နှလုံးကိုပွါးစေသည်ဖြစ်၍၊ ဝိပဿာမိ၊ ရှုအံ့ဟုယူလျှင် မာန ဖြစ်၏၊ ။ပိပဿိဘုံသက္ကောမိ၊ ။အဟံ၊ ငါသည်၊ စိတ္တ၊ စိတ် ကို၊ ဝိပဿိတုံ၊ ဝိပဿနာရှုစေခြင်းငှါ၊ သက္ကောမိ၊ စွမ်းနိုင်၏၊ ဝါ၊ နိုင်နင်း၏၊ ။တနေ့ပတ်လုံးရှုချင်၏၊ ရှုနိုင်၏ဟု ဝိပဿနာ ကို သာယာ နှစ်သက်လျှင်၊ တဏှာနိကန္တိဖြစ်၏၊ ။သင်္ခါ ရာဝသင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ၊ ။သင်္ခါရာဝ၊ အကြောင်းတရားတို့သည်ပြုပြင် စီရင် အပ်သော သင်္ခါရ နာမ်တရားတို့ သည်သာလျှင်၊ သင်္ခါရေ၊ သင်္ခါရရုပ်နာမ်တရားတို့ကို၊ ဝိပဿန္တိ၊ ရှုကုန်၏၊ သမ္မသန္တိ၊ သုံးသပ်ကုန်၏၊ ဝဝတ္ထပေန္တိ၊ နှလုံးသွင်းကုန်၏၊ ပရိဂ္ဂဏှန္တိ၊

သိမ်းဆည်း ဆင်ခြင်ကုန်၏၊ ပရိဂ္ဂဏှန္တိ၊ ပိုင်းခြားကုန်၏၊ သင်္ခါရ တရားကို သည်သာလျှင် သင်္ခါရတရားတို့ကို ရှုမြင် သုံးသပ် နှလုံးမှတ်ထား ပိုင်းခြားသိမ်းဆည်း ဆင်ခြင်ကုန်၏ဟု ယူမှသာလျှင်၊ ဒိဋ္ဌိမာနနိကန္တိ ပျောက်ပကင်းကွာသည်။ အ ထူးအားဖြင့် အနတ္တကိုမြင်သဖြင့် ဒိဋ္ဌိပျောက်၏၊ အနိစ္စကိုမြင် သဖြင့်မာနကင်းကွာ၏၊ ဒုက္ခကိုမြင်သဖြင့် နိကန္တိ ကုန်ခန်း၏၊ ဤသို့ ဝိပဿနာသုံးချပ်သည်၊ သကာသကဥ္စာနဒ္ဓ တည်ကြ၍၊ သကာသကာကိစ္စကိုပြု တတ်ရကား၊ သုံးသပ်နည်း အသီးအခြား ပင်တည်း။

တဏှာမာနဒိဋ္ဌိနှင့်တကွ၊ ဝိပဿနူပက္ကိလေသာ ဆယ် ချက်တို့ကို တခွက်တည်းနှင့် အပြီး ပျောက်အောင် မြတ်စွာ ဘုရားဆေးတော်ကြီး သောက်နည်းကား။ ။သင်္ခါရာဝ သင်္ခါ ရေဝိပဿန္တိ။ ။သင်္ခါရာဝ၊သမ္မသနဉာဏ်၊ဥဒယဗ္ဗယဉာဏ်၊ နာဒ်သင်္ခါရတရားတို့သည်သာလျှင်၊ သင်္ခါရေ၊ ဝိပဿနူပက္ကိ လေသာ၊ ဤဆယ်ပြားသော သင်္ခါရတရားတို့ကို၊ ဝိပဿန္တိ၊ မဂ်ဟုတ်သည် မဟုတ်သည်၌ အလိုလိုရှုဆင်ခြင် သိမြင်ကုန် ၏၊ ။ဤကား မြတ်စွာဘုရား ဆေးတော်ကြီး သောက်နည်း တည်း။ ။ဤကားအရိယဝံသကထာဝါဒတည်း။

တရတရသောပရမတ္ထသဘာဝဓမ္မတို့သည်၊ မျက်စိဖြင့် မြင်လောက်အောင် လှုပ်ရှားသော တရားဟူ၍တရမျှမရှိ၊ ဖြစ်မှု ပျက်မှု ရောရှက်၍နေသည်ကို မျက်မြင်အားဖြင့် လှုပ်လှုပ်နေ သည်၊ ရှုရှုနေသည်၊ တွတ်တွတ်နေသည်၊ သွား၍လာ၍နေသည်ဟု စိတ်ထင်ရသည်၊ ပရမတ္ထ သဘာဝတရားတပါးတပါး၌၊ ဥဒ ယဗ္ဗယဉာဏ် ရင့်အောင်ရှုမှ၊ ထိုအထင်ကို ပယ်ပျောက်နိုင် သည်၊ထိုအထင်သည်၊ ဥဒယဗ္ဗယဉာဏ် နုသေးသော အခါ၌၊ ထိုဉာဏ်ကိုပင် ထိုအထင်လိုက်၍ဖျက်ဘတ်သေးသည်၊ ထိုအ ထင်လိုက်၍ ဖျက်သည်ရှိသော်၊ ပရမတ္ထ သဘာဝသက်သက် သို့ဆိုက်အောင် ဉာဏ်မရှုးသေး၊ ထိုသို့ထင်ခြင်းသည်၊ သမူဟ

သဏ္ဌာနပညတ်၊ သန္တတိပညတ်တို့ရခဲ့၍နေတတ်သည်၊ သမူဟ သဏ္ဌာနပညတ် ဟူသည်ကား၊ လုံးလုံးလျောင်းလျောင်း ပေါင်း၍တည်ဟန်၊ သဏ္ဌာန်အထည်ဒြဗ်တည်း၊ ဉာဏ်သည် အထည် ဒြဗ်နှင့်တိုက်၍နေလျှင်၊ ပရမတ္ထသဘာဝသို့မဆိုက်နိုင်ပြီ၊ သန္တတိပညတ်ဟူသည်ကား၊ နိဗ္ဗာန်မှတပါးဘာရတရသော ပရမတ္ထ သဘာဝဓမ္မတို့မည်သည်၊ မျက်တောင်တခပ်၊ လျှပ်တပြက်မျှ အသက်ရှည်သောတရားဟူ၍ တခုမျှမရှိ၊ ဖြစ်ပျက် ဖြစ်ပျက်၍ နေသောသဘောတရားတို့ချည်းသာတည်း၊ ဉာဏ်၌ဤသန္တတိ ပညတ်ဝင်၍ ဖျက်သောအခါ၊ တရတရသော ပရမတ္ထသဘာဝ တရားကိုပင်၊ သည်လိုဖြစ်ပြန်သည်၊ ဟိုလိုဖြစ်ပြန်သည်၊ နှင်း ပွါးတွေလိုလို၊ မြေဖုံးတွေရှုရှုနေသလို၊ လှုပ်လှုပ်ရွရွ၊ ကြွကြွ စသည်တို့ဖြင့် စိတ်ကထင်ရလေသည်၊ သမာဓိအဟုန်ကောင်း ၍ စိတ်ကထင်ရသည်၊ သမထဝိပဿနာယုဂဖြစ်၍ စိတ်က ထင်ရသည်၊ သမာဓိအဟုန်အလွန်ကောင်းလျှင်၊ စိတ်ကူးတိုင်း စိတ်ကြိုက်တိုင်း၊ စိတ်အလိုရှိတိုင်းထင်နိုင်၏၊ ရုပ်နာမ်ဓမ္မ သဘာ ဝကိုလည်း၊ ဟုတ်တိုင်းမှန်စွာ ထင်နိုင်မြင်နိုင်၏၊ ထိုကြောင့် မြတ်စွာဘုရား သည်၊ ၊သမာဟိတော ယထာဘူတံ ပဇာနာတိ ပဿတိ၊ ဟုဟောတော်မူသည်၊ ၊သမူဟသဏ္ဌာနပညတ် သန္တတိပညတ်ရနှင့် ပရမတ္ထ သဘာဝဓမ္မကို ကွဲအောင် ခွဲ၍ ဉာဏ်ဖြင့်ရှုသင်ခြင်ကြလေ၊ ၊သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်၏ အကျိုး အာနိသင်ကား၊ ၊သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ၊ ၊ဓမ္မပဒပါဠိ တော်၊ ၊ဘယောင်ငါးရာသော ဂဟန်းတို့သည်၊ အနိစ္စဒုက္ခ အနတ္တကိုစီးဖြန်း၍၊ရဟန္တာဖြစ်တော်မူကြကုန်၏၊

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊ ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ၊ ၊ဓမ္မပဒ ပါဠိ တော်၊ ၊ငင်းဒေသနာအဆုံး၌၊ ပဉ္စာစာရီသည်၊ ပဋိသမ္ဘိ ဒါပတ္တရဟန္တာမဖြစ်၏၊ ၊ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါးရုပ်နာမ်

တရားတို့၏ဖြစ်ခြင်းပျက်ခြင်းကို၊ အပသာ အပသာဋ္ဌသာ၊တ ကြိမ်တခါမျှ မထင်မမြင်ဘူးသေးသော၊ ယောဝ၊ အကြင်သူ သည်ကား၊ ဝဿသတံ၊အနှစ်တရာကာလပတ်လုံး၊ ဇီဝေ၊အ သက်ရှည်ရာ၏၊ တဿ၊ထိုခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို၊ တကြိမ်တခါမျှ မထင်မမြင် ဘူးသော သူ၏ ဇီဝိတာ၊အသက်တရာ ရှည်ကြာသောထက်၊ ဝါ၊နေဝ သညာ နာသညာယတန အထက်ဆုံးဘုံ၌၊ ကမ္ဘာပေါင်း ရှစ် သောင်း လေးထောင် အသက်ရှည်သော ရုပ်နာမ်တို့၏ ဖြစ် ပျက်ခြင်းကိုမထင်ဘူးသော ပုထုဇနဗြဟ္မာကြီးထက်၊ ဥဒယဗ္ဗ ယံ၊ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို၊ ပဿတော၊ထင်မြင်သောသူ၏၊ ဧကာဟံ၊တရက်မျှ၊ ဝါ၊တနာ ရီမျှ၊ဇီဝိတံ၊ အသက်ရှည်ခြင်းလည်း၊ သေယျော၊မြတ်၏။ ၊ သမ္မသနဉာဏ်ဥဒယဗ္ဗဉာဏ်ပြီး၏။

---

ဘင်္ဂဉာဏ်ကိုပြပေအံ့၊ ၊သင်္ခါရုပ်ရာပင် တို့ပဿတိ၊ ဝိသုဒ္ဓိမဂ်ငြိနှံ့ရက်နှင့်အညီ၊ ရုပ်နာမ်တရားတို့ကို စဉ်းစားနိုင်းချိန်သော လောကီပုဂ္ဂိုလ်အား၊ ဥဒယဗ္ဗယဉာဏ် စွမ်းသန်ထက်မြက်လှ၍ ဖြစ်ခြင်းပျက်ခြင်းဖြင့်၊ သင်္ခါရရုပ် နာမ်တရားတို့သည်၊ လျင်စွာလျင်စွာ ထင်လာတန် များသည်ရှိ သော်၊ လျှပ်စစ်ပြက်သည်ကဲ့ မော်၍ကြည့်သောသူအား၊ လျှပ် စစ်၏လျင်မြန်းခြင်းကြောင့်၊ ဖြစ်ခြင်းကဲ့ မမြင်လိုက်ပေ၊ ပျက် ဆဲကိုသာမြင်ရ၍ အပျက်သာထင်သကဲ့သို့၊ ဥပါဒ်ဌီရင်း၊ ဌီ ကဲ့ရင်း၊ပဝတ္တကဲ့ရင်း၊ နိမိတ္တကဲ့ရင်းလွတ်လျက်၊ ခယ ယဗော ဒဟူသော ခဏိကနိရောဓအပျက်မျှသာထင်တော့သည်၊ ဘင် ၌သာ သတိဉာဏ် တည်တော့သည်၊ ၊ဉာဏ ဥာဏ ဥဘောပိဝိပဿနာ၊ ဟူသည်နှင့်အညီ၊ အာရုံဖြစ်သောရုပ်နာမ် တို့၏ဘင်ကိုရင်း၊ ထိုရုပ်နာမ်လျှင် အာရုံရှိသော အာဝဇ္ဇန ဝိပဿနာစိတ်၏ ဘင်ကိုရင်း အာရုံပြု၍၊ ထိုဘင်္ဂဉာဏ်ဖြင့် အ

ဘန်ဘန်အနိစ္စံ ဒုက္ခံ အနတ္တာ၊ အနိစ္စံ ဒုက္ခံ အနတ္တာဟုရှုလျက်၊ ထိုသင်္ခါရတို့၌ ငြီးငွေ့၍ တပ်ခြင်းကင်းလျက်၊ ရာဂကိုဝိရာဂဉာဏ်အားဖြင့် ချုပ်စေလျက်၊ ငါယခု မြင်သော ပစ္စုပ္ပန် သင်္ခါရ၏ ရင်း၊ အနုမာနဉာဏ်ဖြင့် ဆင်၍သိရသော အတိတ် အနာဂတ်သင်္ခါရ၏ရင်း၊ ချုပ်ပျောက် ယိုယွင်းမရှိခြင်းကိုသာ နှလုံးသွင်းလျက်၊ ဤအနိစ္စာဒိအနုပဿနာ၏ပရိစ္စာဂ ပဋိနိဿဂ္ဂ–ပက္ခန္ဒနပဋိနိဿဂ္ဂဖြစ်၍ အကျိုးဖြစ်သောခန္ဓာဘိသင်္ခါရတို့နှင့် တကွသောကိလေသာမာရ်ကို တွန်းလှန်စွန့်ပစ်လျက်၊ သင်္ခါတဒေါသကိုမြင်သဖြင့်၊ သင်္ခါရမှပြန်သောနိဗ္ဗာန်ပြည်ကြီးသို့၊ ယိုစီးကိုင်းညွတ်၊ လွတ်လွတ်ကြီး ပြေးဝင်သော စိတ်ရှိသော ယောဂီပုဂ္ဂိုလ်သည်၊ ဤသို့ ဘင်္ဂါနုပဿနာဉာဏ်၊ ထက်သန်အားရှိသောအခါ၊ ကွဲဆဲဖြစ်သော ဒုဗ္ဗလအိုးခွက်၊ လှော်ချက်ဆဲဖြစ်သောနှမ်း၊ ပချမ်းပတားကြဲသော မြူနှံတို့ကဲ့သို့၊ ဥပါဒ်စသည်ကို လွတ်လျက်၊ အပျက်ကိုသာ ရှု၏၊ မိုးသည်းပေါက် ကြီးစွာမိုးရွာတုန်းအခါ ကမ်းထိပ်၌ ရပ်၍ ကြည့်သော စက္ခုမာယောကျ်ားသည်၊ ရေပြင်၌ဖြစ်၍ဖြစ်၍ လျင်စွာလျင်စွာ ပျက်သော၊ ဥပေါင်းရေပွက်တို့ကို မြင်သကဲ့သို့၊ ခပ်သိမ်းကုန်သော ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည်၊ လျင်စွာလျင်စွာပျက်ကုန်၏ဟုထင်မြင်၏၊ ထိုအခါဘင်္ဂဉာဏ်ဖြစ်၏။

ဝတ္တုသက် မနာစေဝ၊ ပညာယစ ဝိဇ္ဇနာ၊ အာဝဇ္ဇနာဝလဥ္စာဂ၊ ပဋိသင်္ခါဝိပဿနာ။ ။အာလမ္ဗန်အန္ဓယေန၊ ဥဘောဧကဝဝတ္ထုနာ၊ နိရောဓေအဓိမုတ္တတာ၊ ဝယလက္ခဏာ ဝိပဿနာ။ ။အာလမ္ဗနဉ္စ ပဋိသင်္ခါ ဘင်္ဂဉ္စ အနုပဿတိ၊ သုညတောစဥပဋ္ဌာနံ၊ အဓိပညာဝိပဿနာ။ ။အဋ္ဌကထာ၊

ဝတ္ထုသင်္ကမနာစေဝ၊ သင်္ခါရ၏ဘင်မှုဂိပဿနာ၏ ဘင်ဟူသော အာရုံ ၈ ပါး ပြောင်းရွှေ့ခြင်းရင်း။ ပညာယ၊ ရုပ်နာမ်ဖြစ်ခြင်း ပျက်ခြင်းကို သိမြင်သော ပညာ၏၊ ဝိဝဋ္ဋနာစ၊ ရုပ်နာမ်ဖြစ်ခြင်း ဥဒယမှဆုတ်နစ်၍၊ ရုပ်နာမ်ပျက်ခြင်း ဝယ၌သာ

တည်ခြင်းရှင်း။ အာဝဇ္ဇနာဇလဇ္ဇော၊ သင်္ခါရ၏ဘင်ကိုမြင်သော စိတ်၏ဘင်ကို အခြားမဲ့၌ ဆင်ခြင်ခြင်း၌ စွမ်းနိုင်ခြင်းရှင်း။ဧ သော၊ ဤသည်လျှင်၊ ပဋိသင်္ခါဝိပဿနာ၊ အာရုံကိုသိမြင်ဘင် ကိုရှုဘတ်သော ဝိပဿနာမည်၏၊ ။အာလမ္ဗန အန္ဝယေန၊ ဒိဋ္ဌ ဖြစ်သောပစ္စုပ္ပန်အာရုံကို အစဉ်လျှောက်သဖြင့်၊ ဥဘော၊ ဒိ ဋ္ဌပစ္စုပ္ပန်၊ အဒိဋ္ဌအတိတ် အနာဂတ်နှစ်ရပ်တို့ကို၊ ဧကေဝဝတ္ထု နာ၊ ပျက်စီးခြင်းဟူသော သဘောတူအားဖြင့် ပိုင်းခြားမှတ် သားခြင်းရှင်း။ နိရောဓေ၊ထိုဒိဋ္ဌ၊ အဒိဋ္ဌသင်္ခါရ နှစ်ရပ်တို့၏ ချုပ်ခြင်းဟူသောဘင်၌၊ အဓိမုတ္တတာ၊ ညွတ်ကိုင်း ရှိုင်းမှုင်း သောအဖြစ်ရှင်း။ ဧသော၊ ဤသည်ကား၊ ဝယလက္ခဏာဝိပဿ နာ၊ အပျက်ဟူသော ဘင်္ဂလက္ခဏာကို ရှုသော ဝိပဿနာမည် ၏။ ။အာလမ္ဗနဥ္စ၊ ရုပ်ဝေဒနာစသော ဈေးအာရုံကိုလည်း။ ပဋိသင်္ခါသိပြီး၍၊ ဘင်္ဂဥ္စ၊ ဘင်္ဂါရမဏစိတ်၏ ဘင်ကိုလည်း။ အနုပဿတိ၊ အဘန်တလဲလဲရှု၏၊ သုညတောစ၊ အာရုံ၏ဘင်၊ ဘင်္ဂါရမဏစိတ်၏ ဘင်ကို မြင်ရကား- ကိုယ်ဟူသည်အထူး ဆိတ်သောအားဖြင့်၊ ဥပဋ္ဌာနံ၊ထင်ခြင်းသည်၊ ဓုရဏ္ဏာဘိ၊ပြည့်စုံ ၏။အယံ၊ဤသုံးပါးသည်၊အဓိပညာဝိပဿနာ၊မည်၏။

သဗ္ဗေသင်္ခါရာ ဘိဇ္ဇန္တိ ဘိဇ္ဇန္တိ တိပဿသိ၊ ။အဇ္ဈက ထာ။ ။သော၊ ထိုဝိပဿနာယောဂီပုဂ္ဂိုလ်သည်၊ သဗ္ဗေ၊ ခပ် သိမ်းကုန်သော၊ သင်္ခါရာ၊ ပစ္စုပ္ပန်—ရုပ်နာမ် တရားတို့သည်၊ ဘိဇ္ဇန္တိ ဘိဇ္ဇန္တိ၊ လျင်စွာလျင်စွာ ပျက်စီးကုန်ပြီဟူ၍၊ပဿ တိ၊ဝိပဿနာဘာဝနာပညာစက္ခုဖြင့်အဘန်ဘန်ရှု၏၊ ။ ဘိဇ္ဇန္တိ ဘိဇ္ဇန္တိ တိအာမေဍိတဝစနံ၊ ။ဋီကာ၊

ယထာ ပုရိသော ပဿေ၊ ယထာ ပဿေ မရီစိကံ ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ၊ ။ဓမ္မပဒ ပါဠိ တော်၊ ပုဗ္ဗုဠကံ၊ အဘန်ဘန်ပျက်စီးလျက်နေသော ရေပွက် ကို၊ ပဿေယထာ၊ မြင်သကဲ့သို့ရှင်း၊ မရီစိကံ၊နေပူတံသျှပ်ကို၊ ပဿေယထာ၊ ဘန်ဘန်ထပ်ထပ်ပျက်စီး၍ နေသည်ကို— မ်သ

စက္ခုဖြင့်ရှု၏သို့ရင်း၊ ဧဝံတထာ၊ ဤအတူ လောကံ၊ရုပ်နာမ်ခန္ဓာ- သဘာ၀တွေ- ခဏချက်ခြင်း- ပျက်စီးခြင်းဟူသော ခန္ဓလောကကြီးကို၊ အ၀က္ခန္တံ၊ဉာဏ်ဖြင့်သက်၍အပျက်ကိုသာရှုသောယောဂီပုဂ္ဂိုလ်ကို၊ မစ္စုရာဇာ၊ သေမင်းသည်၊ နပဿတိ၊မမြင်နိုင်၊ ၊ရေပွက်ဘန်ဘန် ပျက်စီးဟန်ကဲ့သို့၊ ရုပ်နာမ်ဘန်ဘန်ပျက်စီးဟန်ကို ရှုသော- ငါးရာသော ရဟန်းတို့သည်ရဟန္တာဖြစ်ကုန်၏၊

အရဟတ္တာဓိဂမေနပုနပ္ပ၀ါဘာ၀တော၊ ၊ကာသွာ၊ အဘယ်ကြောင့် သေမင်းရာဇာမမြင်ပါသနည်း၊ အရဟတ္တာဓိဂမေန၊ ယရဘာ၀ရဟန္တာအဖြစ်သို့ရောက်သဖြင့်၊ ပုနပ္ပ၀ါဘာ၀တော၊ နောင်တဘန် ပဋိသန္ဓေမနေ၍ သေခြင်းတရား မရှိသောကြောင့်-သေမင်းရာဇာမမြင်သတည်း၊ ၊ဋီကာ၊ ၊ဤသို့လျှင်သင်္ခါရတို့သည်၊ လျင်မြန်စွာ လျင်မြန်စွာ ပျက်အုန်၏ဟု- မပြတ်မလပ်မြင်သော ယောဂီအား၊ အာနိသင်ရှစ်ပါးခြံရံအပ်သောဘင်္ဂဉာဏ်အလွန်အားရှိခြင်းသို့ရောက်၏၊

အာနိသင်ရှစ်ပါး ဟူသည်ကား၊ ၊တသေဝံသဗ္ဗသင်္ခါရာဘိဇ္ဇန္တိဘိဇ္ဇန္တီတိ အဘိဏှံပဿတော အဋ္ဌာနိသံသပရိ၀ါရံဘင်္ဂါနုပဿနာဉာဏံဗလပ္ပတ္တံ ဟောတိ၊ တတြိမေအဋ္ဌာနိသံသာ၊ဘ၀ဒိဋ္ဌိပ္ပဟာနံ၊ ဇီဝိတနိကန္တိပရိစ္စာဂေါ၊ သဒါယုတ္တပယုတ္တတာ၊ဝိသုဒ္ဓါဇီဝိတာ၊ ဥဿုက္ကပ္ပဟာနံ၊ ဝိဂတဘယတာ၊ ခန္တိသောရစ္စပဋိလာဘော၊ အရတိရတိ သဟနတာတိ၊ ၊အဋ္ဌကထာ၊ ၊ဧဝံ၊ဤသို့၊သဗ္ဗေသင်္ခါရာ၊အလုံးစုံသောရုပ်နာမ်ခန္ဓာ သင်္ခါရတို့သည်၊ ဘိဇ္ဇန္တိဘိဇ္ဇန္တီတိ၊ လျင်မြန်စွာလျင်မြန်စွာပျက်စီးကုန်၏ဟူ၍၊ အဘိဏှံ၊မပြတ်၊ ပဿတော၊ရှုသော၊ တဿ၊ ထိုဝိပဿနာယောဂီပုဂ္ဂိုလ်အား၊ အဋ္ဌာနိသံသပရိ၀ါရံ၊ ရှစ်ပါးသော အာနိသင်ဖြင့်ခြံရံအပ်သော၊ ဘင်္ဂါနုပဿနာဉာဏံ၊ ဘင်္ဂါနုပဿနာဉာဏ်သည်၊ ဗလပ္ပတ္တံ၊ ထက်မြက်သန်မြန်သောအားသို့ရောက်သည်၊ ဟောတိ၊ ၏၊ တတြ၊

ထိုဘင်္ဂါနုပဿနာဉာဏ်၌။ ဗှုမေ၊ ဤဆိုလတံ့သည်တို့ကား၊ အာနိသံသာ၊ ရှစ်ပါးသော အာနိသင်တို့တည်း။ ဘဝဒိဋ္ဌိပဟာနံ၊ သဿတဒိဋ္ဌိကို ပယ်နိုင်ခြင်းရင်း။ ဇီဝိတနိကန္တိပရိစ္စာဂေါ ဇီဝိတ၌ တပ်ခြင်းကို စွန့်နိုင်ခြင်းရင်း။ သဒါ၊ နေ့ညည့်မပြတ်၊ ယုတ္တပယုတ္တတာ၊ ဘာဝနာ၌ လွန်စွာ လွန်စွာ အားထုတ်သည်၏အဖြစ်ရင်း။ ဝိသုဒ္ဓါဇီဝိတာ၊ ယုတ်မာသော အလိုရမ္မက်ဝေးသည်ဖြစ်၍ စင်ကြယ်သောအသက်မွေးခြင်းရှိသည်၏၊ အဖြစ်ရင်း။ ဥဿုက္ကပဟာနံ၊ ပင်ိုသန္တေ ဗိုနာသေသဘေးကြီးတို့ကို အလွန်အမင်း ကြောက်ထိတ်လန့်ခြင်း သံဝေဂကြောင့် ကိစ္စကြီးငယ်တို့၌ ကြောင့်ကြဗျာပါရကို ပယ်နိုင်ခြင်းရင်း၊ ဝိဂတဘယတာ၊ အတ္တသိ နေဟ ကင်းသည်ဖြစ်၍ တရုံ တရသော အကြောင်း ကြောင့်လည်း ဘေးကင်း သည်၏ အဖြစ်ရင်း၊ ခန္တိသော ရစ္စပငိုလာဘော၊ အနိစ္စတာကို ကောင်းစွာမြင်အပ်သည်၏အဖြစ်ကြောင့် သည်းခံခြင်း ကောင်းသော အမှု၌ မွေ့လျော်ခြင်းကို ရခြင်းရင်း၊ အရတိရတိသဟနတာ၊ ဆိတ်ငြိမ်သော တောကျောင်း သမထ ဝိပဿနာဘာဝနာဟူသော လွန်ကဲသော ဂုဏ်သိုလ်တို့၌ မမွေ့လျော်ခြင်း ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက်ခြင်းကိုနှိမ်နင်းနိုင်သည်၏၊ အဖြစ်ရင်း။ ဗုတ္တိဗုဒ္ဓမေအဋ္ဌ၊ ဤရှစ်ပါးတို့တည်း၊

ဘင်္ဂဉာဏ်ပြီး၏၊

---

ဘယဉာဏ်ကိုပြပေအံ့၊ ။အတီတာ သင်္ခါရာနိရုဒ္ဓါ၊ ပစ္စုပ္ပန္နာနိရုဇ္ဈန္တိ၊ အနာဂတာနိရုဇ္ဈိဿန္တိ၊ တိခုဏာဗုဒ္ဓမေဝပေါတိ။ ။ဝိသုဒ္ဓိမဂ် ငံနုချက်နှင့်အညီ။ ဤဘင်္ဂါနုပဿနာဉာဏ်ကို၊ အဘန်ဘန်မှီဝဲပွါးများသော ယောဂီ ပုဂ္ဂိုလ်အား၊ အသက်ရှည်ကြာ ချမ်းသာလိုသော၊ ဘေးကိုလည်း ကြောက်တတ်သော ဘီရုကယောက်ျားအား၊ ခြင်္သေ့သစ်ကျား၊ သားရဲဝံအောင်း၊ မွေးဆောင်းစွယ်ပြဲ၊ ဘီလူးချက္ခုံကြက်၊ နွားမိုက်ခွေး

ကြမ်း၊ မှုန်ပြွမ်းသောဆင်၊ အဆိပ်လျှင်သော မြွေဆိုး၊ မိစ်း
ကြိုးစက်ကွင်း။ သင်းချိုင်းစစ်ပွဲ၊ အလျှံစဲသော ရှားမီးခဲရဲကို
တွေ့၍၊ မှိုင်မှေ့ဝေနောက်၊ သေမတတ် ကြောက်ခြင်း ဖြစ်သ
ကဲ့သို့၊ ခပ်သိမ်းဥဿုံ၊ ဖျက်ပြားကုန်သောတေဘုမ္မကသင်္ခါရ
တရားတို့သည်၊ ကြောက်လန့်ဘွယ်သော ဘေးကြီးဟု ထင်
လာကုန်၏၊ ယင်းသို့ ထင်လာသောအခါ၊ သတ်ပြီး သတ်ဆဲ၊
သား.ကြီးသားလတ်တို့ကို မြင်၍၊ သတ်လတ္တံ့သော သားငယ်၌
ထွယ်ကာ ငံ့ကွက်ခြင်းအာလယကို စွန့်သော အမိကဲ့သို့ရင်း၊
မြို့တံခါးဝ၌ တက္ကမဏ္ဍုမုဒ္ဒဖြစ်သောမီးကျီးတွင်းသုံ့ချ၊ ရှားသား
ထံကျင်၊ သံထံကျင်၊ ဈွတံကျင် သုံးချောင်း တို့ကို၊ မြင်သော
ယောက်ျားကဲ့သို့ရင်း၊ ကာမရူပ အရူပ ဟူသော ဘဝသုံးပါး၌
ဖြစ်ကုန်သော အတိတ် အနာဂတ် ပစ္စုပ္ပန်သင်္ခါရ ရုပ်နာမ်ဓမ္မ
တို့ကို၊ ကြောက်လန့်ဘွယ်သော ဘေးကြီးပါတကားဟု ထင်
၏၊ထိုအခါဘယဉာဏ်ဖြစ်၏။ ၊ဘယတူပဋ္ဌာနဉာဏ်ပြီး၏။

---

အာဒီနဝဉာဏ်ကိုပြပေအံ့။ ၊သူခေန ဇီဝိတု ကာမဿ
ဘီရုကပုရိသဿ အစဉ်ရှိသော၊ ဝိဿုဒ္ဓိမဂ်ပ်ိန္နံချက်နှင့်အညီ၊ ဤ
ဘယတူ ပဋ္ဌာန ဉာဏ်ကို အဘန်တလဲလဲ မှီဝဲ ပွါးများသော
ယောဂီပုဂ္ဂိုလ်သည်၊ အသက်ရှည်လို ချမ်းသာလိုသောဘီရုက
ယောက်ျားသည်၊ သားရဲ နေသော ရှိုး၊ ကျားခိုသော တောင်
ခေါင်း၊ ဓိကျောင်းရက္ခိုက်စောင့်သောရေ၊ ခိုးသူ ထားပြနေ
သောလမ်း။ သန့်လျက်ထမ်း၍ လာသောသူသတ်၊ အဆိပ်ခပ်
သောထမင်း၊ မီးဝင်းဝင်း ပြောင်ပြောင် တောက်လောင်သော
အိမ်၊ ရွယ်ချိန်လွှက်ပစ်၊ ထိုးရတ်ထစ်သော စစ်မြေသို့ ရောက်
၍၊ ရွံ့ကြောက်လန့်ထိပ် ဓိတ်မပျော်ရွှင်၊ ထက်ဝန်းကျင်အား
ဖြင့်၊ အပြစ်ဒေါသ၊ အာဒီနဝကိုသာ မြင်သကဲ့သို့၊ ခပ်သိမ်း
သော ဘဝယောနိဂတိဗြိတ်နိဝါသတို့၌၊ တာဏလေဏ၊ ဂတိ
ပဋိသရဏကိုမမြင်၊ ဘဝါဒိဂတ၊ ဘယ်တရုံတခုသော သင်္ခါ

ရက်ို၍၊ ပဉ္စနာပရာမသာ၊ မပြု၊ ဘုံသုံးတန်ကို၊ အံလျှံကောင်းစဲ သော၊ မီးခဲတွင်း မီးခဲပု၊ ခေတ်လေးရက်ိုအဆိပ်လျှင်ထန်သော မြွေ၊ ငါးထွေသော ခန္ဓာကိုယ်၊ ဥက္ခိတ္တာသိက၊ ချိမရိုးရှယ် သောသန့်လျက်ရှိသော သူသတ် ယောကျ်ား၊ အစ္ဆတ္တိကာယ တနခြောက်ပါးကို၊ ရွာပျက်ပမာ၊ ဗာဟိရာယတန ခြောက်ပါး ကို၊ ဂါမဃာတကခိုးသား၊ ဝိဉာဏ်မွှာဘိရှန္နစ်ပါး၊ သတ္တနိပါသ ကိုးပါးတို့ကို၊ တဆဲ့တပါးသော လောင်မီးတို့ဖြင့်၊ ရောင်ညီး ပေါက်ရှ၊ တောက်ပပြောင်ပြောင်၊ ဝင်းဝင်းလောင်၍ နေသည် ပမာ၊ ဘင်္ဂါနုပဿနာ၏အစွမ်းဖြင့်—ဘေးကြီးဟုထင်လာ ကုန် ပြီသော သင်္ခါရရုပ်နာမ် တရားတို့ကို— ဂဏ္ဍရောဂါ— သလ္လာ ဗာဓ—အဃပမာ— သက်သာရာ မရှိ—သမ္ပတ္တိကင်းစင်— ထက် ဝင်းကျင်မှုကြီးစွာသော အပြစ်အရ သာထင်၏၊ ထိုအခါ—အာ ဒီနဝဉာဏ်ထင်ပြီဟူ၍မှတ်၊

အာဒီနဝဉာဏ်ပြီး၏။

---

နိဗ္ဗိဒါဉာဏ်ကိုပြပေအံ့၊ ၊သေယထာပိ နာမစိတ္တကူဋ ပဗ္ဗတပါဒါ ဘိရတော သုဝဏ္ဏ ရာဇဟံသော။ အစရှိသော-ဝိ သုဒ္ဓိမဂ်နိဿယကျက်နှင့် အညီ၊ အနောတတ်အိုင်၏ အနောက်မျက် နှာ-ပုဏ္ဍနာခရှစ်ပါ့ဖြင့် ပြီးသော စိတ္တကုဋ် တောင်ခြေ၌-ပျော် နေကျ ရွှေဟင်္သာ မင်းသည်၊ စဏ္ဍာလရွာဒ်တွက်- အိုင်ငယ် တစ်ပကျက်၌— မနှစ်သက်မပျော်ပိုက်နိုင်- အိုင်ကြီး ခုနှစ်ပါး၌သာ ပျော်ပါး နှစ်ခြိုက်သကဲ့သို့ရင်း၊ ရွှေချိုင့်လှောင်သွင်း— သားမင်း ကေသရာသည်၊ ယူဇနာသုံးထောင်- ကျယ်ပြော ဆောင်သော၊ ဟေမဝန်တောင်အစွယ်၌သာ— ပျော်မွေ့သကဲ့သို့ရင်း၊ ဟဒ္ဒ၊ ပါဒ၊ ပါသ၊ သောဏ္ဍာ၊ ပတ္တိ၊ ကောသဟူသော ဘူမိဗုဒ္ဓနအင်္ဂါ ခုနှစ်ပါးတို့ဖြင့်၊ ပြည့်စုံ တည်သောကြောင့်၊ သဒ္ဒ ပဘိန္နမည် သောသဒ္ဒသေတ၊ ဧဖယ်[illegible]ဆင်မင်းသည်၊ မြို့ထဲပ်း ၌မမွေ့လျော်နိုင်၊ ဆဒ္ဒန်အိုင်၌သာ ပျော်ပါး သကဲ့သို့ရင်း၊ ခပ်

သိမ်းကျန်သော သင်္ခါရ ရုပ်နာမ်တရားတို့ကို၊ အပြစ်ဒေါသ အာဒီနဝအားဖြင့်မြင်ပြီးသော၊ ယောဂီဟာသ်ာ၊ ကေသာရာဆင်မင်းသည်၊ အကြွင်းမရှိသောဘဝယောနိဂတိဌိတိ နိဝါသဂတသတ္တာဝါသသင်္ခါရတို့၌၊ မနှစ်မြို့က်နိုင်၊ ညိုးမှိုင်နွမ်းချိ။ ပျင်းရိငြီးငွေ့၊ မပျော်မွေ့ဘဲ၊ အနုပဿနာခုနစ်ပါး၊ အနုဂဿနာသုံးပါး၊ အဓိမုတ္တိပုဗ္ဗကအနုယဒဿနအနုမာန ဉာဏ်ဖြင့် မြင်အပ်သော၊ အနုပ္ပါဒစသောနိဗ္ဗာန်တရား၌သာ ပျော်ပါး ညွတ်ကိုင်း၊ ရှိုင်းသောစိတ်ရှိတော့သည်၊ ထိုအခါနိဗ္ဗိန္ဒဉာဏ်ဖြစ်၏။

နိဗ္ဗိန္ဒဉာဏ်ပြီး၏။

---

မုဉ္စိတုကမျတာ ဉာဏ်ကို ပြဦအံ့၊ ။ယထာနာမဇာလက္ခန္တရဂတောမစ္ဆော၊ သပ္ပမုခဂတောမဏ္ဍူကော၊ ဇာစရှိသောဝိသုဒ္ဓိမဂ်မိန့်ချက်နှင့်အညီ၊ ဤနိဗ္ဗိန္ဒဉာဏ်ဖြင့် ဘုံသုံးတန်နှောင်အိမ်တွင်၊ ဆန့်ကျင်ငြီးငွေ့။ မပျော်မွေ့နိုင်သော၊ ယောဂီထွဋ်ဖျား၊ အမျိုးကောင်းသားအား၊ ကွန်ပိုက်၌ငါး၊ မြွေမိသောဘားကောင်၊ ချိုင့်ထောင်သော တောကြက်၊ အလမ္ပာယ်လက်၌မြွေ၊ ကျောက္ကွင်း မိသောသမင်၊ ဂဠုန်လက်တွင် နဂါး၊ ကြောင်ပါးလက်၌ ကြွက်သူငယ်။ စွန်လက်သည်းဝယ်စာသူငယ်၊ နက်ကျယ်စွာသောညွန်အိုင်၌ကျသောဆင်၊ ရာဟုခံတွင်းတွင်လမိမာန်၊ ရန်သူဝန်းဝိုင်းအပ်သောယောကျ်ား၊ စသည်တို့ကဲ့သို့၊ ဘယ်တရုံတရေသော သင်္ခါရတရား၌ပင်၊ ပျော်ပါးငြိကပ်၊ ပွဲစပ်တပ်စွန်းခြင်းမရှိ၊ လွန်စွာထန်ပြင်း လွတ်ကင်းထွက်လိုသောစိတ်ဖြစ်၏၊ ထိုအခါမုဉ္စိတုကမျတာဉာဏ်ဖြစ်၏။

မုဉ္စိတုကမျတာဉာဏ်ပြီး၏။

---

ပဋိသင်္ခါဉာဏ်ကိုပြပေအံ့။ ။ဇောကောက်ဝိရ ပုရိသော မစ္ဆဂဟောဘာသာဓိတိ၊ အစရှိသည့်ဝိသုဒ္ဓိမဂ်မိန့်ချက်နှင့်အညီ။ ငါးဆောင်းသောယောကျ်ား၊ တံငါသားသည်၊ ရေမြွေဟောက်

ကိုဆောင်းမိ၍၊ဆောင်းပေါက်မှလက်ဖြင့်နှိက်လျက်၊ နှစ်ခြိုက် ဝမ်းသာ၊ ငါးကြီးစွာ၏ဟု ပေါ်ကာကြည့်ရှုသဖြင့်၊ လည်ရေး သုံးဆင့်ကိုမြင်၍၊ အလွန်ကြောက်လန့်ဖျစ်ထင်၊ မကိုင်ချင်လှ၊ သွတ်ချင်လှ၍။လက်မှအသာ။ဖျည်ကာချေပွတ်၊ ပစ်လွှတ်တက် ပြေး၍။မြွေဘေးမှငါလွတ်ခဲ့လာပေပြီဟု၊ လာခဲ့ရာလမ်းကို ဝမ်း မြောက်လည်လှည့်၊ ပြန်ကာကြည့်သကဲ့သို့၊ ရုပ်နာမ် သင်္ခါရ တရားတို့ကို မသိမ်းဆည်းခင်က၊ လွန်မင်းစွာစုံမက်၊ အတွဲ့ သောကို နှစ်သက်၍၊ လက္ခဏာရေး သုံးပါးတို့ကို၊ သမ္မသန ဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်တို့ဖြင့်မြင်ပြီး၍၊ အစဉ်အ တိုင်း၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊မုဥ္စိတုကမျ တာဉာဏ်ဖြစ်၍၊ ထိုသင်္ခါရတို့မှလှလှလွတ်ဘို့ရန်၊ တဘန်ထို သင်္ခါရတို့ကို၊ဆိုခဲ့ပြီးသောအခြင်းအရာတို့ဖြင့်ရင်း၊ ၊သမ္မ ပိ သင်္ခါရဂတံအနိစ္စ ခယဋ္ဌေန၊ဒုက္ခံ ဘယဋ္ဌေန၊ အသုဘံ ဒုဂ္ဂန္ဓ ဇေ ဂုစ္ဆပဋိကူလဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေနဟုရင်း၊ သိမ်း ဆည်းပြန်သဖြင့်၊ တဘန်နိစ္စ၊ သုခ၊သုဘ၊အတ္တ၊ အခြင်းအရာ အာ.ဖြင့်မထင်လာဘဲ၊ ကောင်းစွာ လွတ်ကြီး လွတ်လေသည်၊ ထိုအခါပဋိသင်္ခါဉာဏ်ဖြစ်၏။

ပဋိသင်္ခါဉာဏ်ပြီး၏၊

---

သင်္ခါရု ပေက္ခာဉာဏ်ကို ပြပေအံ့။ ၊သည္ညမိန်အတ္တေန ဝါ၊ အတ္တနိယေနဝါ၊ အပရိုသောဝိသုဒ္ဓိမဂ်ဋ္ဌကထာနှင့်အညီ၊ ဤ သင်္ခါရုပေက္ခာဉာဏ်ကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်၊ ပဋိသင်္ခါဉာဏ်ဖြင့် သင်္ခါရတို့သည်၊ အတ္တမှ ဆိတ်ဘုန်၏ဟု သိမ်းဆည်းပြီး၍၊ သင်္ခါရတို့၏ အနိစ္စ၊ ဒုက္ခ၊ အခြင်းအရာစ သည်ကို သိမ်းဆည်းခြင်း၏ အစွမ်းဖြင့်ဖြစ်သောသည်း၊ ပဋိ သင်္ခါဉာဏ်သည် ဝိသေသအားဖြင့် အနတ္တ အခြင်းအရာကို သိမ်းဆည်းခြင်းသည်ပြဓာန်း၏၊ ထိုစကားသင့်၏၊ ထိုအနတ္တ အခြင်းအရာကို သိမ်းဆည်းခြင်းသည်ရှိသတ်သော်၊ သဗ္ဗေပဋိ

ဝေဝ ပြည့်ရုံသတည်း။ မရှိလတ်သော် မပြည့်ရုံ၊ ထိုအနတ္တအခြင်းအရာကိုသိမ်းဆည်းခြင်း၏ မရှိသည် အဖြစ်ကြောင့်လျှင်။ သရဘင်္ဂဆရာစသည်တို့၏ အနိစ္စလက္ခဏာ၊ ဒုက္ခ လက္ခဏာကို ပညပ်သောသာသနာသည်လည်း၊ အနိယျာနိကသာ ဖြစ်၏၊ ထိုကြောင့်၊

သင်္ခါရာနံ အနိစ္စဒုက္ခာကာရာဒိပရိဂ္ဂဏှဝသေန ပဝတ္တံပိ ပဋိသင်္ခါနုပဿနာဉာဏံ ဝိသေသတော အနတ္တာကာရပရိဂ္ဂဏှပ္ပဓာနံ၊ တသ္မိံ ဟိ သတိ သစ္စသံပဋိဝေဓော ဟောတိ၊ န အသတိ၊ တဒဘာဝတော ဟိ အနိစ္စဒုက္ခလက္ခဏာ ပညာပကံပိ သရဘင်္ဂသတ္ထာဒိနံ သာသနံ အနိယျာနိကမေဝ ဇာတံ၊ ။ဋီကာ။ ။

သင်္ခါရာနံ၊ ပဋိသင်္ခါဉာဏ်ဖြင့်ထင်မြင်ပြီးသော ရုပ်နာမ်တရားတို့သည်၊ အနိစ္စ ဒုက္ခာကာရာ ဒိပရိဂ္ဂဏှဝသေန၊ အနိစ္စဒုက္ခအခြင်းအရာစသည်ကို သိမ်းဆည်းဆင်ခြင်စီးဖြန်းခြင်း၏ အစွမ်းအားဖြင့်၊ ပဝတ္တံပိ၊ ဖြစ်သော်လည်း၊ ပဋိသင်္ခါနုပဿနာဉာဏံ၊ ပဋိသင်္ခါ နုပဿနာဉာဏ်သည်၊ ဝိသေသတော၊ အထူးအားဖြင့်။ အနတ္တာကာရပရိဂ္ဂဏှပ္ပဓာနံ၊ အနတ္တအခြင်းအရာကိုသိမ်းဆည်းဆင်ခြင် စီးဖြန်းခြင်းပဓာနတည်း။ ဟိ သစ္စံ၊ ထိုစကားသည်မှန်၏။ တသ္မိံ၊ ထိုအနတ္တ အခြင်းအရာကို၊ သိမ်းဆည်းဆင်ခြင်စီးဖြန်းခြင်းသည်၊ သတိ၊ ရှိသော်၊ သစ္စသံပဋိဝေဓော၊ သစ္စာလေးပါးကို၊ မဂ်ဉာဏ်ဖြင့်ထိုးထွင်း၍ သိမြင်ခြင်းသည်၊ ဟောတိ၊ ပြည့်ရုံ၏။ တသ္မိံ၊ ထိုအနတ္တအခြင်းအရာကို သိမ်းဆည်းဆင်ခြင်စီးဖြန်းခြင်းသည်၊ အသတိ၊ မရှိသော်။ သစ္စသံပဋိဝေဓော၊ သစ္စာလေးပါးကို၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိမြင်ခြင်းသည်၊ နဟောတိ၊ မပြည့်ရုံ၊ တဒဘာဝတောဟိ ထိုအနတ္တအခြင်းအရာကို သိမ်းဆည်းဆင်ခြင်စီးဖြန်းခြင်းမရှိသည်၏ အဖြစ် ကြောင့်သာလျှင်၊ သရဘင်္ဂသတ္ထာဒိနံ၊ သရဘင်္ဂရသေ့ ဆရာကြီးအစရှိသည်တို့၏၊ အနိစ္စ ဒုက္ခလက္ခဏာပညာပကံ၊ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာကိုပညပ်သော၊ သာသနံပိ၊ ဩဝါ

ဒဿနမခြင်းသည်လည်း။ အနိယျာနိကမော၊ သံသရာဝဋ်ဒုက္ခ လက်မှ၊ မထွက်မြောက်ကြောင်းသည်သာလျှင်၊ ဇာတံ၊ ဖြစ် ၏၊ ၊လိုရင်းကြီးအဓိပ္ပါယ်ကား။ သရဘင်ရသေ့ဆရာကြီးစ သည်တို့၏ဝါဒသည်၊ အနိစ္စဒုက္ခကိုသာဆုံးမနိုင်၏၊ အနတ္တ ကိုမဆုံးမနိုင်၍ မဂ်ဖိုလ်မရကြ၊ အနတ္တကို၊ ပစ္စေကဗုဒ္ဓါလည်း မဟောနိုင်၊ မြတ်စွာဘုရားတပါးသာ ဟောနိုင်သော တရား ဖြစ်၍၊ မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်စွာ ရအောင်၊ သခ်ါရပေဘ္တွာ ဉာဏ်ဖြင့်၊ အနတ္တကို ပိုင်ပိုင်နိုင်နိုင်၊ ထင်ထင် မြင်မြင်ကြီးရှိ အောင်၊ စီးဖြန်း ပွါးများ လွန်းကြိုးစား၍၊ အားထုတ်ကြ ကုန် လော၊ ၊အကြင်အဘို့ဖြင့် သခ်ါရတို့သည် အနတ္တဖြစ်ကုန် ၏၊ ထိုအဘို့ဖြင့်အနတ္တနိယဖြစ်ကုန်၏၊ အဘယ်ကြောင့်နည်း၊ အဟုက္ခိုသော်၊ အဝ္ဟနိ ယသည် ရှိသည် ဖြစ်ရာဘိသော်၊ ထို ကြောင့်၊ ၊သုညမိဒံအတ္တေနဝါအတ္တနိယေနဝါ၊ ဟု-အဋ္ဌက ထာ၌မိန့်၏၊ ၊ဣဒံ၊ ဤတေဘုမ္မက၊ လောကီယသခ်ါရ၊ ရုပ် နာမ်ဓမ္မဟူသမျှသည်။ အတ္တေနဝါ၊ကိုယ်မှဎင်း၊ အတ္တနိယေန ဝါ၊ ကိုယ်၏ဥစ္စာ၊ သတ္တဝါသခ်ါရမှဎင်း၊ သုညံ၊ ကင်းဆိတ်၏၊

နာဟံက္ဝစနိ၊ နကဿစိကိဉ္စနတသ္မိံ၊ နစပရောက္ဝစနိ၊ န မမကိဉ္စနတသ္မိံ။ ၊က္ဝစနိ၊ တစုံတခုသော ဌာန၊ ကာလသ ဘာဝဓမ္မအစ္စတ္တဗဟိဒ္ဓ၌၊ အဟံ၊ ငါဟုဆိုဘွယ်ရာ ကိုယ်ဟူ သည်နှ၊ မရှိလုံးလုံး သုဉ်းချေ၏ တကား၊ ကဿစိ၊ တစုံတ ယောက်သောသူတပါး၏၊ ကိဉ္စနတသ္မိံ ကိဉ္စနဘာဝေ၊ ဆရာ မိဘ၊ ဆွေမျိုးစသည်ဖြင့်ကြောင့်ကြ ဗိုးရိမ်အပ်သောအဖြစ်၌၊ ဉပနေတဗ္ဗော၊ ဆောင်ထားသိမှတ်အပ်သော၊ ကဿစိ၊ တစုံ တယောက်သော သူတပါး၏ ဆရာ မိဘ ဆွေမျိုး စသည်ဆို ဘွယ်ရာ၊ ငါဟူသောကိုယ်သည်၊က္ဝစနိ၊ တစုံတခုသောဌာန ကာလ၊ သဘာဝဓမ္မအစ္စတ္တဗဟိဒ္ဓ၌၊ နှ၊ မရှိလုံးလုံးသုဉ်းချေ၏ တကား၊စ၊ငါသာမရှိသည်မဟုတ်သေး၊ က္ဝစနိ၊ တစုံတခုသော ဌာန၊ ကာလ၊ သဘာဝဓမ္မအစ္စတ္တဗဟိဒ္ဓ၌၊ ပရော၊ သူတပါး

ပုဆိုဘွယ်ရာကိုယ်ဟူသည်လည်း၊ နှ၊ မရှိလုံးလုံးသုဉ်းချေ၏ တကား၊ မမ၊ငါ၏၊ ကိဥ္စနတသ္မိံ ကိဥ္စနဘာဝေ၊ ဆရာမိဘဆွေမျိုးစသည်၏ ကြောင့်ကြအပ်သော အဖြစ်၌၊ ဥပနေ တမ္ဘော၊ ဆောင်ထားသိမှတ်အပ်သော၊ မမ၊ ငါ၏ ဆရာမိဘဆွေမျိုးစသည်ဆိုဘွယ်ရာ သူတပါးဟူသောကိုယ်သည်၊ နှ၊မရှိလုံးလုံးသုဉ်းချေ၏တကား။

သုညတောလောကံ အဝေက္ခဿု၊ မောဃ ရာဇသဒါသတော၊ အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံမစ္စုတရောသိယာ၊ ။ဧဝံလောကံအဝေက္ခန္တံ၊ မစ္စုရာဇာနပဿတိ၊ ။မောဃရာဇ၊ မောဃရာဇခုဟန်း၊သဒါ၊နေ့ရောညည့်ပါ၊ အခါမပြတ်၊ သတော၊ သတိသမ္ပဇဉ်နှင့်ပြည့်ရှိသည်ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ၊ ရုပ်နာမ်ကို၊ငါကိုယ်ကောန်ဟုတ်သည်ဟု၊ ဖွဲလမ်းမှတ်ထင်မိသော်အမြင်ရှိသော သက္ကာယဒိဋ္ဌိကို၊ ဥဟစ္စ၊ စွန့်ခွာပယ်နုတ်၍၊ လောကံ၊တေဘုမ္မကလောကီယသင်္ခါရ၊ ရုပ်နာမ်ခန္ဓာဟူသမျှကို၊ သုညတော၊နိစ္စသုခအတ္တစသော အနှစ်သာရမှကင်းဆိတ်သုဉ်း၊ လုံးလုံးကြီးမရှိသောအားဖြင့်၊ အဝေက္ခဿု၊ ပညာစက္ခုဖြင့်ထင်အောင်ပြု၍ မြှော်ရှုရ်စမ်းဘိလော၊ ဧဝံ၊ ဤသို့မြှော်ရှုရ်စမ်းသည် ရှိသော်၊ မစ္စုတရော၊ သေမင်းကိုလွန်မြောက်နိုင်သည်၊ သိယာ၊ ဖြစ်ရာ၏၊ ဧဝံ၊ ဤသို့ နိစ္စသုခအတ္တစသော အနှစ်သာရမှကင်းဆိတ်သုဉ်းလုံးလုံးကြီးမရှိသောအားဖြင့်၊ လောကံ၊ တေဘုမ္မကလောကီယသင်္ခါရရုပ်နာမ်ခန္ဓာဟူသမျှကို၊ အဝေက္ခန္တံ၊ ပညာစက္ခုဖြင့်မြှော်ရှုဆင်ခြင်၊ ထင်မြင်အောင်ရှုစမ်းသောသူကို၊ မစ္စုရာဇာ၊သေမင်းသည်။ နပဿတိ၊ မမြင်နိုင်၊ ။အဋ္ဌကထာ၊ ၊ အရဟတ္တာဓိဂမေနပုနဇ္ဇာဝါဘာဝတော၊ ။ဋီကာ၊ ။ကာသွာ၊ အဘယ်ကြောင့်သေမင်းရာဇာ၊ မမြင်ပါသနည်းဟူမူကား၊ အရဟတ္တာဓိဂမေန၊ အရဟတ္တဖိုလ်ကိုရသဖြင့်၊ ဝါ၊ ရဟန္တာအဖြစ်သို့ရောက်သဖြင့်။ပုနဇ္ဇာဝါဘာဝတော၊နောက်နောင် တဆန့်ပဋိသန္ဓေမနေ၍သေခြင်းဇာန်မရှိသည်၏အဖြစ်ကြောင့်တည်း၊ ။

ဤသို့လျှင်၊ ဆိုအပ်ခဲ့ပြီးသော အခြင်းအရာတို့ဖြင့် သိမ်းဆည်း၍၊ သုညအားဖြင့်မြင်ပြီးသည်ရှိသော်၊ လက္ခဏာရေးသုံးပါးသို့တင်လျက်။ ပဋိသင်္ခါ ဉာဏ်ဖြင့်သင်္ခါရတို့ကို၊ အနိစ္စံ ဒုက္ခံ အနတ္တာ၊ အနိစ္စံ ဒုက္ခံ အနတ္တာဟု၊ အဘန်ဘန်ရှုသော ယောဂီသည်။ ချစ်လှစွာသော မယားကို၊ မုန်းထားဖြစ်မြင်။ ကွာကြဉ်ပြီးနောက်၊ တစုံတယောက်သောယောကျ်ားနှင့်။ စကားကြည်ရွှင်၊ နေချင်တိုင်းနေသော်လည်း၊ မမုန်းမချစ်လျစ်လျူသာဖြစ်သကဲ့သို့၊ ခင်သိမ်းသော သင်္ခါရတို့၌၊ ငါတည်း၊ ငါ၏ဥစ္စာတည်းဟု၊ ယူဘွယ်ကိုမမြင်သောကြောင့်၊ ကြောက်ခြင်း၊ နှစ်သက်ခြင်းကိုစွန့်ပစ်၍မမုန်းမချစ်၊ လျစ်လျူသာဖြစ်၍၊ ဤသို့သိမြင်သောယောဂီ ပုဂ္ဂိုလ်၏စိတ်သည်၊ ကြာရွက်၌ ရေပေါက်၊ မီး၌ ကျရောက်သော အကြော ကြက် တောင်တို့ကဲ့သို့၊ ထိပ်ထောင်နှောင်အိမ်အလား ဘဝသုံးပါး ယောနိလေးပါး စသည်တို့၌မနှင်ပြုံကြက်မပွားပျံ့မူ၍၊ တို့တွန့်ကွေးကုပ်၊ နောက်သို့ဆုတ်နစ်၊ လျစ်လျူ ဖြစ်ခြင်းဖြင့် သော်ရင်း၊ စက်ဆုပ် ရွံရှာခြင်းဖြင့် သော်ရင်းတည်၏၊ ထိုအခါသင်္ခါရုပေက္ခာဉာဏ် ဖြစ်၏၊

သင်္ခါရုပေက္ခာဉာဏ်ပြီး၏၊

---

အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကိုပြပေအံ့၊ ။အဓိမောက္ခသဒ္ဓါဗလငတေရာ နိဗ္ဗတ္တာ တဲ့ဝီရိယံသုပဂ္ဂဟိတံဟောတိ၊ အစရှိသော ဝိသုဒ္ဓိမဂ် မိန့်ချက်နှင့်အညီ၊ ဤသင်္ခါရု ပေက္ခာဉာဏ်ကို၊ အဘန် တလဲလဲစွဲမြဲပွားများသော ယောဂီအား၊ အလွန်အားရှိသော အဓိမောက္ခသဒ္ဓါ၊ ကောင်းစွာ ချီးမြှောက်အပ်သော ဝီရိယ၊ ထင်မြင်လှစွာသော သတိ၊ အလွန်တည်ကြည်သောစိတ်၊ တိက္ခတရ၊ ထက်မြက်လှသော သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပေါ်လာ၍၊ အနုလောမဉာဏ်အခြေမှန်လျက်၊ နိဗ္ဗာန်ကုလက္ခဏာအားဖြင့် မြင်သည်ရှိသော်၊ သမုဒြာ၌ကုန်သွားသော သင်္ဘောသားတို့ ယူဆောင်အင်သော၊ ဒိ

သာကာက၊ ဒိသာသာကုန္တာသည်၊ ကမ်းမမြင်သေးသမျှကာလ ပတ်လုံး၊ပြန်ကာဖြန်ကာ၊ ထင်ယောင်တိုင်၌သာနားလာ၍၊ ကမ်း ကိုမြင်သည့်အခါ၊ မပြန်လာဘဲ ကမ်းရှိရာ အရပ်သို့ ပျံ့ရှမျိုး သွားသကဲ့သို့၊ ခပ်သိမ်းသော သင်္ခါရဝဋ်ကို အာရုံ မပြုလတ် ဖွတ်စွန့်လွှတ်လျက်၊ အနုလောမဥာဏ်၊ ဂေါတြဘုဥာဏ်သို့ အ စဉ်အတိုင်းတက်၍ မဂ်ဥာဏ်ဖိုလ်ဥာဏ်ဖြင့်၊ နိဗ္ဗာန်သို့ပြေးဝင် သိမြင်၏၊ ၊အနုလောမဥာဏ်။ ဂေါတြဘုဥာဏ်၊ မဂ်ဥာဏ် ဖိုလ်ဥာဏ်ပြီး၏။

---

ပစ္စဝေက္ခဏာဥာဏ်ကိုပြပေအံ့။ ၊မဂ္ဂ ပစ္စဝေက္ခဏိဖလံပစ္စ ဝေက္ခတိ၊အစရှိသော၊ ဝိသုဒ္ဓိမဂ်မိန့်ချက်နှင့်အညီ၊ နိဗ္ဗာန်ကိုမဂ် ဥာဏ်ဖြင့်သိမြင်ပြီးသော အရိယာသခင်ထေရ်အရှင်တို့မှာ၊ ဝမ်း မြောက်ဝမ်းသာ မိမိရပြီးသောမဂ်ကို ဆင်ခြင်သော ဥာဏ်မိမိ ရပြီးသောဖိုလ်ကို ဆင်ခြင်သောဥာဏ်၊ ၎င်းမဂ်ဖိုလ်တို့၏ အာ ရုံဖြစ်သော နိဗ္ဗာန်ကို ဆင်ခြင်သောဥာဏ်၊ သောတာပတ္တိမဂ် ဥာဏ်ဖြင့် အကြွင်းမဲ့ပယ်သတ်အပ်ပြီးသော၊ ဒိဋ္ဌိဝိစိကိစ္ဆာ၊ကိ လေသာနှစ်ပါးကို ဆင်ခြင်သောဥာဏ်၊ မဂ်ဖြင့်မပယ်နိုင်သေး ကြွင်းကျန်သေးသော။ ရာဂ၊ ဒေါသမောဟ မာနထိန၊ ဥဒ္ဓစ္စ၊ အဟိရိက အနော တ္တပ္ပဟုဆိုအပ်သော ကိလေသာ ၇စ်ပါးကို ဆင်ခြင်သောဥာဏ်၊ သကဒါဂါမိမဂ်ဖြင့်၊ တနုကရအားဖြင့်၊ ပယ်အပ်ပြီးသော၊ ကာမရာဂဒေါသ၊ ထိုရာဂဒေါသ၊ နှစ်ပါး နှင့်တကွ ဖြစ်သော မောဟ၊ ဤကိလေသာ၊ နှစ်ပါးသုံးပါးကို ဆင်ခြင်သောဥာဏ်၊ ၎င်းမဂ်ဖြင့် မပယ်ကြွင်းကျန် သေးသော ကိလေသာ၇ပါးကို ဆင်ခြင်သောဥာဏ်၊ အနာဂါမိ မဂ်ဖြင့် အကြွင်မဲ့ ပယ်သတ်အပ်ပြီးသော၊ ကာမရာဂ၊ ဒေါသကိလေ သာနှစ်ပါးကို ဆင်ခြင်သောဥာဏ်၊ ၎င်းမဂ်ဖြင့် မပယ်နိုင်သေး ကြွင်းကျန်သောဘဝရာဂမောဟ။ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက အနောတ္တပ္ပ ယူသော ကိလေသာ ခုနှစ်ပါးကို ဆင်ခြင်သော

ဉာဏ်၊ အရဟတ္တမဂ်ဖြင့် အကြွင်းအကျန်မရှိ၊ အလုံးစုံပယ်သတ်အပ်ပြီးသောဘဝရာဂ၊ မောဟမာနထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဟူသောကိလေသာခုနှစ်ပါးတို့ကို၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့်၊ အဘန်ဘန် ဆင်ခြင်အပ်၏၊ ။ပစ္စဝေက္ခဏာဉာဏ်ပြီး၏၊ ။နိဗ္ဗာန် သို့ ရောက် ကြောင်း၊ ဉာဏ် တခဲ့ခြောက်ပါးအကျယ်ပြီး၏၊

---

ဝိပဿနာယောဂီပုဂ္ဂိုလ်သည်၊ ရုပ်နာမ်ကို၊ အနိစ္စဟူ၍၎င်း၊ ဒုက္ခဟူ၍၎င်း၊ အနတ္တဟူ၍၎င်း၊ တပါးပါးကိုနှလုံးသွင်း၍ မဂ်ရ ပုံကို ပြပေအံ့၊ ။သင်္ခါရုပေက္ခာ ဉာဏ်ကို၊ အဘန်တလဲလဲ၊ မှီဝဲပွါးများအား ထုတ်သော၊ ဝိပဿနာ ယောဂီပုဂ္ဂိုလ်အား၊ နိဗ္ဗာန်ကိုမဂ်ဉာဏ်ဖြင့် သိမြင်ခါ နီးသည်ရှိသော်၊ ဣန္ဒြေငါးပါး ဖြစ်ပေါ်လာ၏၊ ပေါ်လာပုံကား၊ သဒ္ဓါသည် အလွန်အား ကြီး၏၊ သတိသည် အလွန်ထင်၏၊ ဝီရိယ သည်၊ အလွန် ချီးမြှောက်၏၊ သမာဓိသည်၊ အလွန် တည်ကြည်၏၊ သင်္ခါရုပေက္ခာ ဉာဏ်သည် အလွန် ထက်မြက်၏၊ ထိုသို့ဖြစ်ပေါ်လာပြီး၍၊ မဂ်ဝိထိဖြစ် လတ္တံ့သောအခါ၊ သင်္ခါရုပေက္ခာဉာဏ်သည်၊ ရုပ်နာမ် တရား တို့ကို၊ ခဏိက မရဏ ခဏမစဲ၊ အဘန်တလဲလဲ၊ အမြဲပျက်စီးခြင်း သဘောတရား အနိစ္စအားဖြင့်၎င်း၊ ဇာတိဇရာ မရဏ မီးအပူကြီးသည်၊ ဘိစီးနှိပ်စက်၍၊ မိမိတကိုယ်လုံး၊ မီးတဟုန်းဟုန်း၊ တဖြုန်းဖြုန်းလောင်ခြင်း အလွန်ပူပြင်းဆင်းရဲခြင်း သဘော တရား ဒုက္ခအားဖြင့်၎င်း၊ ငါ၊ သူတပါး၊ ယောကျ်ားမိန်းမလည်းမဟုတ်၊ အစိုးလည်းမရ၊ အလိုသို့လည်းမလိုက်၊ ပိုင်သူသခင်အရှင်လည်း အဏုမြူမျှမရှိ၊ အနှစ်သာရလည်း ဘာဘာရမျှမရှိ၊ အဟိဘုစ္စ၊ အသုံးမကျ၊ အလကားအချည်းနှီးဖြစ်ခြင်းသဘောတရား အနတ္တအားဖြင့်၎င်း၊ သုံးသပ်ဆင်ခြင်ပြီး၍ဘဝင်သက်လေ၏၊ ထိုဘဝင်၏အခြားမဲ့၌၊ ရုပ်နာမ်တရားတို့ကို အနိစ္စအားဖြင့်၎င်း၊ ဒုက္ခအား

ဖြင့်ရင်း၊ အနတ္တအားဖြင့်ရင်း၊ အာရုံပြု၍၊ မနောဒွါရာဝဇ္ဇန်းစိတ် တကြိမ်ဖြစ်၍ချုပ်၏၊ ထို့နောက်၊ ရင်းရုပ်နာမ်တရားတို့ကို၊ အနိစ္စအားဖြင့်ရင်း၊ ဒုက္ခအားဖြင့်ရင်း၊ အနတ္တအားဖြင့်ရင်း အာရုံပြု၍၊ ပရိကံ၊ ဥပစာ၊ အနုလုံတည်းဟူသော၊ အနုလောမဉာဏ်ဇောသုံးကြိမ် ဖြစ်၍ချုပ်၏၊ ဤအနုလောမဉာဏ် သုံးပါးဖြင့် အစွမ်းအားလျော်စွာ၊ ထူလ၊ မဇ္ဈိမ၊ သုခုမဖြစ်သောသစ္စပဋိစ္ဆာဒက၊ ကိလေသန္ဓကာရကို၊ ခါတွက်ဖျောက်လွှင့်ပြီးသောယောဂီအား၊ ခင်သိမ်းကုန်သော နိမိတ္တပဝတ္တသင်္ခါရတို့ကို၊ ပလိဗောဓကြီးဟုမှတ်ဆင်၍၊ သင်္ခါရဘို့၌စိတ်မဝင်ဆန့်၊ မတန့်မရပ်၊ မငြိကပ်ဘဲ၊ ကြာချပ်၌ရေပေါက်ကဲ့သို့၊ နောက်သို့ဘွန့်ဆုတ်လတ်သည်ရှိသော်၊ ထိုအနုလောမဉာဏ် သုံးကြိမ်ဘို့၏အခြားမဲ့၌၊ အနိမိတ္တ၊ အပ္ပဝတ္တ၊ ဝိသင်္ခါရ၊ နိရောဓမည်မှန်၊ ဧး နိဗ္ဗာန်ကိုအာရုံပြုလျက်၊ ပုထုဇန်ဟူသော အနွယ်အရာ၊ ပုထုဇနသင်္ချာကို လွှန်မြောသန့်စက်၊ အရိယာဟူသော အနွယ်အရာ၊ အရိယာဟူသောသင်္ချာ အခြေအတွက်သို့ သက်၍၊ မဂ်၏ အာဝဇ္ဇန်းအရာ၌တည်သောမဂ်ဇောအား၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ၊ ခြောက်ပစ္စယသတ္တိဘို့ဖြင့် ကျေးဇူးပြုတတ်သော၊ ဂေါ့နောက် ဝိသုဒ္ဓိနှစ်ပါးသို့မဝင်၊ အကြားတွင် အဗ္ဗောဟာရိကဉာဏ်ဖြစ်သော၊ လျော်ရာ သွင်းလျှင် ဝိပဿနာအယဉ်၌ ကျသောကြောင့်၊ ဝိပဿနာဟူသော အမည်၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟူသော အမည်ကိုရသော၊ ဝုဋ္ဌာနဂါမိနီသိခါပတ္တဝိပဿနာ၏ မူဒ္ဓဘူတ အပုနရာဝတ္တကဖြစ်၍၊ ဆုတ်နစ်ပြန်လည်ခြင်းမရှိဘဲ၊ ယခင်အနုလောမဉာဏ်ကိစ္စဘပ်သော စိတ်သည်ပင် ဂေါတြဘုကိစ္စတပ်၍ ဖြစ်၏၊ တဝီထိတည်း၌ အာဝဇ္ဇန်းတူသောအနုလုံ ဂေါတြဘု နှစ်ပါးအာရုံပြုရာဝယ်၊ ဤမှာဘက်သစ်ခက်၌ ဖွဲ့ချည်သောကြိုးလှဒဏ်ကိုစီး၍ မြောင်းကြီးကို ခုန်သွားသော ယောက်ျားကဲ့သို့၊ ဥဒယဗ္ဗယာနုပဿနာ စသည်ဖြင့် လျင်စွာပြေးလျက်၊ ဘဝ

ယောနိစသော ဧကြမ္မာဘက်ကမ်းဝယ်၊ အတ္တဘောဟူသော သစ်ခက်၌ဖွဲ့ချည်သော ရုပ်နာမ်ခန္ဓာဟူသော ကြိုးလှံဒေါင်ကို၊ အနိစ္စ ဒုက္ခ အနတ္တဟု၊ အာဝဇ္ဇန်းဖြင့်ကိုင်လျက်၊ အနုလုံသုံးချက်ဖြင့်ခုန်တက်ပျံမှမ်း၊ ဂေါတြဘုဖြင့် နိဗ္ဗာန်ဟူသော ထိုဇာဘက်ကမ်း၌ကျ၍၊ မဂ်ဉာဏ်ဖြင့် ဖွဲ့လှကြီးတည်နိုင်ဘိရာ ရသည်မှတ်၊ ထိုတွင်၊ကြွမ်းလတ်အကျော်၊ သုံးရသောမိုးယံတိမ်ကို လေသုံးကြိမ်ပယ်ရှား၍၊ ပုဏ္ဏားသည်၊ ရွှေလမင်းကိုမြင်သကဲ့သို့၊အနုလုံသုံးရသည်၊ ကြွမ်းလတ်အကျော်၊ ကိလေသာအမိုက်ရကိုသာပယ်နိုင်သည်၊ ဂေါတြဘုဉာဏ်သည်၊ နိဗ္ဗာန်ကိုသာမြင်နိုင်သည်၊ လေးသွားသည်၊ မျက်နှာကိုအဝတ်ရစ်လျက်၊ ယန္တရားစက်၌ တည်ရပ်၍ စက်လှည့်သူပေးသော တုတ်သံအမှတ်ဖြင့်၊ ရှစ်ဉသဘာအရပ်၌ထားအပ်သော ဒိုးတာက်နှစ်ပျဉ်ချပ်တရာကိုမလွဲအောင် ပစ်ဘောက်သကဲ့သို့၊ ဂေါတြဘု ဉာဏ်ပေးတိုင်းသောအမှတ်ကိုမလွှတ်ဘဲ၊ အနမတဂ္ဂ သံသရာမှစွဲ၍လာခဲ့သော၊ လောဘခဲကြီး၊ ဒေါသခဲကြီး၊ မောဟခဲကြီးတို့ကို ဘောက်ခွဲဖြိုဖျက်လျက်၊ သောတာပတ္တိမဂ်ဉာဏ် တကြိမ်ဖြစ်လာ၏၊ သတ္တိ ရှိနေစော် အာနုဘော်နှင့် ပြည့်ရုံသော သောတာပတ္တိမဂ်နောင်၊ သောတာပတ္တိဖိုလ် နှစ်ကြိမ် သုံးကြိမ်ဖြစ်လျက် ဘဝင်သို့သက်လေ၏၊ ထို့နောင်၊ ထိုနေရာ၌သော်၎င်း၊ ရှည်လျားမြင့်ကြာ အခါတပါး၌သော်၎င်း၊ ရုပ်နာမ်အပူကြီးကိုအနိစ္စဟူ၍၎င်း၊ ဒုက္ခဟူ၍၎င်း၊ အနတ္တဟူ၍၎င်း၊ တပါးပါးကိုနှလုံးသွင်း၍၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်တို့ကိုပေါင်းစုထက်မြက်စေလျက်၊ ဝိပဿနာဉာဏ်ဖြင့်တက်၍၊ သကဒါဂါမိမဂ်ဖိုလ်၊ ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်လာကုန်၏၊ ထို့အတူ၊ အနာဂါမိမဂ်ဖိုလ် ပစ္စဝေက္ခဏာဉာဏ်၊ အရဟတ္တ မဂ်ဖိုလ်ပစ္စဝေက္ခဏာ ဉာဏ်တို့သည် ဖြစ်လာကုန်၏၊ အရဟတ္တမဂ်ဖိုလ်ကို ရပြီးသောပုဂ္ဂိုလ်သည်၊ ရဟန္တာအဖြစ်သို့ ရောက်လေ

၏။ ။ဝိပဿနာယောဂီပုဂ္ဂိုလ်သည်၊ ရုပ်နာမ်ကို အနိစ္စဒုက္ခ အနတ္တသုံးပါးတို့တွင်၊တပါးပါးကိုနှလုံးသွင်း၍မဂ်ရပုံပြီး၏။

---

သောတာပန်ပစ္စဝေက္ခဏာဆင်ခြင်ပုံကိုပြပေအံ့။ ။ထို ဘဝင်၏အခြားမဲ့၌ သောတာပန် ပစ္စဝေက္ခဏာ ဉာဏ်ဆင်ခြင် ပုံကား။ ။သောပဟိဇ္ဇာမိ နာဝတာပဟံမဂ္ဂေန အာဂတောတိမဂ္ဂံ ပစ္စဝေက္ခတိ၊ ။ဟိ ချဲ့ဦးအံ့၊ အဟံ၊ ငါသောတာပန်သည်၊ ဝတာ ဧကန်စင်စစ်၊ ဇာမိနာမဂ္ဂေန၊ ဤရုပ်နာမ်ကား အပူကြီး၊ ဤနိဗ္ဗာန်ကားအေးကြီးဟု။ ပူအေးကိုသိမြင်သောမဂ်ခရီးဖြင့်၊ ဝါ၊ ဒွိဗ္ဗိ-ဝိဝိကိစ္ဆာ၊ ထိုဒွိဗ္ဗိ—ဝိဝိကိစ္ဆာနှင့်၊ သမ္ပယုတ္တဓမ္မဖြစ်သော ကိလေသာအပူကြီးတို့ကို သတ်၍၊ ဒုက္ခခပ်သိမ်း။ ကုန်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကြီးကို သိမြင်သောမဂ်ခရီးဖြင့်၊ ဝါ၊မီးတဆဲ့တ သီးငြိမ်းရာ နိဗ္ဗာန်ချမ်းသာကြီးကို၊ လျင်မြန်စွာရပါလို၏ဟု ပတ္ထနာအာသိသ ပြုသည်မှစ၍၊ သဥပါဒိသေသနိဗ္ဗာနဟု ဆို အပ်သော သောတာပန် အဖြစ်သို့ ရောက်သည် တိုင်အောင်၊ အပါယ်လားကြောင်း ဖြစ်သော။ လောဘခဲကြီး၊ ဒေါသခဲကြီး အစရှိသော ကိလေသာအပူခဲကြီးတို့ကို၊ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်အားဖြင့်သတ်၍၊ ဒိဋ္ဌတွေ့မြင်၊ အ လွန်ပင်အေးမြသော၊ သန္တိသုခ်၊ အေးနိဗ္ဗာန်ကို သိမြင်သော မဂ်ခရီး ဖြင့်၊အာဂတော၊ပင်ပန်းအတ္တ၊ ကာမချမ်းသာ၊ ယုတ်နှစ်ဖြာနှင့်၊ မာယာသာဌေယျ၊ စသည်ပါပ၊ မကောင်ရပြီး ကာယဝစီ၊ မနော ချိလတ်။ ဂေါက်သုံးရပ်နှင့်၊ မစပ်မတွယ်၊ အလတ်အလတ်၊ ဖြောင့်မတ်စွာလာခဲ့သည်၊ အမှို၊ဖြစ်၏။ ဇာတိ၊ဤသို့၊ သော၊ထို သောတာပန်သည်၊ မဂ္ဂံ၊ မိမိရပြီးသော သောတာပတ္တိမဂ်ကို။ ပစ္စဝေက္ခတိ၊ ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင် ၏။ ။မဂ်ကိုဆင်ခြင်ပုံ၊

အယံ့မအာနိသံသောလဋ္ဌေါတိဖလံပစ္စဝေက္ခတိ၊ ။ မေမယာ၊ ငါသောတာပန်သည်။ အယံ့အာနိသံသော၊ အကာ

လိကာ၊ တနှစ်၊ တလတရက်စသည်၊ ရှည်ကြာမဝေး၊ ကျိုးပေး မဂ်၊ မဂ်၏အခြားမဲ့၌၊ ငိမိ–ငိမိဘွဲ့မဂ်နှင့် လျော်သောဖိုလ်ဟူ သော၍အကျိုးကို၊ လာခွေါ၊ ရအပ်ပေပြီ၊ ဣတိ၊ ဤသို့၊ သော၊ ထို သောတာပန်သည်၊ ဖလံ၊ ငိမိ ရပြီးသော သောတာပတ္တိဖိုလ် ကို၊ ပစ္စဝေက္ခတိ၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် အဘန်ဘန်ဆင်ခြင် ၏၊ ၊ဖိုလ်ကိုဆင်ခြင်ပုံ၊

ဣမေနာမမေ ကိလေသာ ပဟီနာတိ ပဟီနံကိလေသေ ပစ္စဝေက္ခတိ၊ ၊မေမယာ၊ ငါသောတာပန်သည်၊ ဣမေနာမ ကိလေသာ၊ ဤအမည် ရှိကုန်သော ဒိဋ္ဌိဝိစိကိစ္ဆာ၊ ထိုဒိဋ္ဌိဝိစိ ကိစ္ဆာနှင့်တကွ သမ္ပယုတ္တဓမ္မဖြစ်သော ကိလေသာအပုံကြီး တို့ကို၊ ပဟီနာ၊ ပယ်အပ်ကုန်ပြီ၊ ဣတိ၊ ဤသို့၊ သော၊ ထိုသော တာပန်သည်၊ ပဟီနကိလေသေ၊ ပယ်အပ်ပြီးသောကိလေသာ အပုံကြီးတို့ကို၊ ပစ္စဝေက္ခတိ၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့်အဘန် ဘန်ဆင်ခြင်၏၊ ၊ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်ပုံ၊

ဣမေ နာမမေကိလေသာ အဝသိဋ္ဌာတို့ ဥပရိမဂ္ဂတ္တယ ဝဇ္ဈာကိလေသေ ပစ္စဝေက္ခတိ၊ ၊မေမယ၊ ငါသောတာပန် အာ၊ ဣမေနာမကိလေသာ၊ ဤအမည်ရှိကုန်သော အထက် မဂ်ဉာဏ်ဖြင့်သတ်ရန် ကိလေသာ အပုံကြီးတို့သည်၊ အဝ သိဋ္ဌာ၊ ကြွင်းကုန်၏၊ ဣတိ၊ ဤသို့၊ သော၊ ထိုသောတာပန်သည်၊ ဥပရိမဂ္ဂတ္တယဝဇ္ဈေ၊ အထက်မဂ်သုံးခုသည် သတ်အပ် ကုန် သော၊ ကိလေသေ၊ ကိလေသာအပုံကြီးတို့ကို၊ ပစ္စဝေက္ခတိ ပစ္စဝေက္ခဏာဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင်၏၊ ၊ကျန်သော ကိလေသာတို့ကိုဆင်ခြင်ပုံ၊

အယံမေဓမ္မောအာရမ္မဏတော ပဋိဝိဒ္ဓေါတိ အမတံနိဗ္ဗာ နံပစ္စဝေက္ခတိ၊ ၊မေမယာ၊ ငါသောတာပန်သည်၊ အယံ ဓမ္မော၊ ဤယခုဘဝ၊ တွေ့ကြုံရသော၊ ခယဝယနိရောဓမရဏာ မီးပုံသောင်ခြင်း ဆင်းရဲမှုများ၊ နိဗ္ဗာန်အဖေးကြီးကို၊ အာရမဏာ တော၊ အာရုံပြုသောအားဖြင့်၊ ပဋိဝိဒ္ဓေါ၊ မဂ်ပညာစက္ခုဖြင့်၊

ထိုးထွင်း၍သိမြင်အပ်ပေပြီ၊ ဇာတိ၊ ဤသို့၊ သော၊ထိုသောတာ
ပန်သည်၊ အမတံ၊ သေခြင်းကင်းသော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်အဖေး
ဓာတ်ကြီးကို၊ ပစ္စဝေက္ခတိ၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့်အဘန်
ဘန်ဆင်ခြင်၏၊ ။နိဗ္ဗာန်ကိုဆင်ခြင်ပုံ။ ။သောတာပန်ပစ္စ
ဝေက္ခဏာဆင်ခြင်ပုံပြီး၏၊ ။သကဒါဂါမ်၊ အနာဂါမ်၊ ရ
ဟန္တာတို့မှာ၊ ၎င်းနည်းကြမှိ၍ဆင်ခြင်၊ ။သောတာပန်ပစ္စ
ဝေက္ခဏာဆင်ခြင်ပုံကိုအဋ္ဌကထာဋီကာနှင့်ဆိုဘိသမှု၏၊

ပဋ္ဌဝိဓာသမ္မာဒိဋ္ဌိ၊ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဝိပဿနာ
သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ
စသတို့၊ ။သစ္စေဝိပဿနာသမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝဓမ္မေ
အရဟတ္တံ ပါပေတုံ သက္ကောတိ ဈာနဝိတကသလံ၊ နောစေ
သက္ကောတိသတ္တဘဝေဒေတိအာရသော၊ ။ကောဂ်ကြွခအဋ္ဌ
ကထာ၊ ။သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်သော ဉာဏ် သည်၊
ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ကံသာလျှင်မိမိဥစ္စာဟု ကောင်းစွာ
မြင်သော ကမ္မဿကတာဉာဏ်၎င်း၊ ဝိပဿနာသမ္မာဒိဋ္ဌိစ၊ ရုပ်၊
နာမ်ခန္ဓာ၊ သဘာဝကို ကျနကုန်စင်အောင်၊ ကောင်းစွာ သိမြင်
သောဝိပဿနာဉာဏ်၎င်း၊ မဂ္ဂသမ္မာဒိဋ္ဌိစ၊မဂ်ဉာဏ်၎င်း၊ ဖလ
သမ္မာ ဒိဋ္ဌိစ၊ဖိုလ်ဉာဏ်၎င်း၊ ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိစ၊ ပစ္စ
ဝေက္ခဏာဉာဏ်၎င်း၊ ဇာတိ၊ ဤသို့၊ ပဋ္ဌဝိဓာ၊ ငါးပါး အပြားရှိ
၏၊ ။ဝိပဿနာသမ္မာဒိဋ္ဌိ၊ ရုပ်နာမ်ခန္ဓာသဘာဝကို ကျနကုန်
စင်၊ ကောင်းစွာ သိမြင်သော ဝိပဿနာဉာဏ်ကို၊ဘာဝိတာ၊
ဆင်ခြင်ပွားများ အားထုတ် အပ်သည် ရှိသော်၊ ဒိဋ္ဌေဝဓမ္မေ၊
မျက်မှောက်သော ကိုယ်၏အဖြစ်၌ သာလျှင်၊ ဝါ၊ ယခုဘဝ၌
ရဟန္တာအဖြစ်သို့၊ ပါပေတုံ၊ရောက်စေခြင်းငှါ၊ သက္ကော
တိ၊အကယ်၍စွမ်းနိုင်သည်ဖြစ်အံ့၊ ဈာနဝိတံ၊ ဤသို့စွမ်းနိုင်ခြင်း
သည်၊ကုသလံ၊ကောင်း၏၊ နောစေသက္ကောတိ၊ အကယ်၍ယခု
ဘဝရဟန္တာ အဖြစ်သို့ ရောက်စေခြင်းငှါမစွမ်းနိုင်အံ့၊ အာရ
သော၊ ဝိပဿနာကိုအားထုတ်သောသူ၎င်းတို့၊ သတ္တဘဝေ၊ ခု

နှစ်ဘာဝအတွင်း၌၊ ဒေတိ၊ အရဟတ္တဖိုလ်အကျိုးကိုပေးနိုင်၏၊ ဝါ၊ ရဟန္တာအဖြစ်ကိုပေးနိုင်၏။

သံသုဋ္ဌပြညာသတ္တေန လောကဥ္စဝဋ္ဋဉ္စဝိဋ္ဋတိတိ သံဝေဂေါ၊ ။လောကဉ္စ၊ ထိုထိုဘဝတို့၌ ဖြစ်လတ္တံ့သော ခန္ဓာဟူသော သတ္တလောကကြီးကိုရင်း။ ဝဋ္ဋဉ္စ၊ ထိုထိုဘဝတို့ကိုဖြစ်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံဟူဆိုအပ်သော ဝဋ္ဋကိုရင်း၊ ပညာသတ္တေန၊ ဝိပဿနာဘာဝနာပညာလက်နက်ဖြင့် သံသုဋ္ဌ၊ ကောင်းစွာ။ ဝိဋ္ဋတိ၊ထိုးထွင်းဘောက်ခွဲ၊ နက်နဲစွာသိတတ်၏၊ ဣတိ၊ထို့ကြောင့်၊ သံဝေဂေါ၊သံဝေဂမည်၏၊ ။ဆိုအပ်ပြီးသော ခန္ဓာကိုရင်း၊ ဝဋ္ဋကိုရင်း၊ ထိုးထွင်း ဘောက်ခွဲ၊ နက်နဲစွာသိကြောင်း ဖြစ်သောပညာသည်၊ သံဝေဂမည်၏၊ထိုပညာနှင့်ပြည့်စုံသောသူသည်၊သံဝေဂရသည်မည်၏။

ဒုပ္ပညောပုဂ္ဂလောနပရလောကဝဋ္ဋာဘယဒဿာဝီ၊ပညာဝါပုဂ္ဂလော ပရလောက ဝဋ္ဋာဘယ ဒဿာဝီ၊ ။ဒုပ္ပညော၊ ဘာဝနာပညာမျက်စိမရှိသော၊ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်၊ နပရလောကဝဋ္ဋ ဘယဒဿာဝီ၊ ထိုထိုဘဝတို့၌ ဖြစ်လတ္တံ့သော ခန္ဓာဟူသော သတ္တလောကကြီးကိုရင်း၊ ထိုထို ဘဝတို့ကိုဖြစ်စေတတ်သော ကုသိုလ်ကံအကုသိုလ်ကံဟူသော ဝဋ္ဋကိုရင်း၊ ဘေးဟုရှုသော ပုဂ္ဂိုလ်မဟုတ်၊ ပညဝါ၊ ဘာဝနာပညာမျက်စိရှိသော၊ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်၊ ပရလောကဝဋ္ဋာဘယဒဿာဝီ၊ထိုထိုဘဝတို့၌ ဖြစ်လတ္တံ့သော ခန္ဓာဟူသောသတ္တလောကကြီးကိုရင်း၊ ထိုထိုဘဝတို့ကိုဖြစ်စေတတ်သောကုသိုလ်ကံ၊ အကုသိုလ်ကံဟူသော ဝဋ္ဋကိုရင်း၊ ဘေးကြီးဟု ရှုသော ပုဂ္ဂိုလ်မည်၏၊ ။မူလဋီကာသည်၊ အင်္ဂုတ္တိုရ်ပါဠိတော်အဋ္ဌကထာ၊

ပညာယပရိဂ္ဂဏှေနေန၊ပဿလောကံသဒေဝကံ၊ နိဗ္ဗိန္ဒနံ မရူပဿ၊ ဉာဏ်သစ္စန္တိဥတ္တမံ၊ ။ပညာသဝေဂလောကဿ ယာ ယံနိဗ္ဗေဓဂါမိနီ၊ သာဝ ယသ္မာပဇာနာတိ၊ ဇာတိဘဝ ပရိက္ခယံ၊ ။ဣတိပုတ်ပါဠိတော်၊ ပညာပဋိနိဒ္ဒေသ၊ ။ဘိက္ခဝေ၊

ရဟန်းတို့၊ ပညာယ၊ ဝိပဿနာပညာမှ၊ ပရိဟီနေန၊ ဆုတ်ယုတ်ခြင်းကြောင့်၊နာမရူပသို့ ၊နာမ်ရုပ်၌။ နိဝိဋ္ဌံ၊ငါငါဟု၊ မှတ်ထင်စွဲဝင်၍နေသော၊ သဒေဝကံ၊ နတ် ပြဟ္မာနှင့် တကွသော၊ လောကံ၊ လူအပေါင်းကို၊ ပဿ၊ဝိပဿနာပညာစက္ခုဖြင့် အဘန်ဘန်ရှုကြည့်လော၊ ဣဒံ၊ဤနာမ်ရုပ်ကို၊ သစ္စန္တိ၊ငါကေန်မှန်၏ ဟူ၍၊မညတိ၊မှတ်ထင်၏။ ၊ဘိက္ခဝေ၊ ရဟန်းတို့၊လောကဿ၊ လောက၌။ ပညာ၊ဝိပဿနာပညာသည်၊ သေဋ္ဌာ၊ အမြတ်ဆုံးတည်း၊ ယာယံပညာ၊ အကြင်ပညာသည်၊ ယသ္မာ၊ အကြင်ကြောင့်၊ နိဗ္ဗေဓဂါမိနီ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်၊ အဘန် တလဲလဲ နာရိမစဲ၊ အမြဲ ပျက်စီး၍ နေပါတကားဟု ဘောက်ခွဲသွားတတ်၏၊ တသ္မာ၊ထိုကြောင့်၊ သာ၊စ၊ထို ဝိပဿနာပညာသည်သာလျှင်၊ ဇာတိဘဝပရိက္ခယံ၊ ဇာတိဘဝ၏ကုန်ရာ-နိဗ္ဗာန်ချမ်းသာကြီးကို၊ ပဇာနာသိ၊ သိမြင်နိုင်၏၊

ဣဓဘိက္ခဝေ အရိယသာဝကော ပညဝါ ဟောတိ၊ ဥဒယဗ္ဗယဂါမိနိယာ ပညာယသမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယသမာဒုက္ခက္ခယဂါမိနိယာ။ ၊အင်္ဂုတ္တရ၊ ပဥ္စနိပါတ်၊ ပါဠိတော်၊ ၊ဘိက္ခဝေ၊ရဟန်းတို့၊ ဣဓ၊ ဤငါဘုရားသာသနာတော်၌၊ အရိယသာဝကော၊ အရိယာ၏တပည့်သည်၊ ပညဝါ၊ပညာရှိသည်၊ ဟောတိ၊ဖြစ်၏၊ အရိယာယ၊ ဖြူစင်သော၊ နိဗ္ဗေဓိကာယ၊ ရာဂ၊ ဒေါသစသည်ကို ဘောက်ခွဲတတ် ချိုးဖဲ့ တတ်သော၊ သမာ၊ ကောင်းစွာ။ ဒုက္ခက္ခယဂါမိနိယာ၊ ဒုက္ခ၏ ကုန်ရာ၊ နိဗ္ဗာန်ချမ်းသာကြီးသို့ ရောက်ကြောင်းဖြစ်သော၊ ဥဒယဗ္ဗယဂါမိနိယာ၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်ခြင်းကိုထိုးထွင်း၍ သိမြင်ခြင်းငှါစွမ်းနိုင်သော၊ ပညာယ၊ ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒဉာဏ် မဂ်ဉာဏ်နှင့်၊ သမန္နာဂတော၊ ပြည့်စုံသည်၊ဟောတိဖြစ်၏၊

အနိစ္စသညိနော မေဃိယ အနတ္တသညာသဏ္ဌာတိ၊ အနတ္တသညိနော အသ္မိမာနော သမုဃာတံ ဂစ္ဆတိ၊ ဒိဋ္ဌေဝဓမ္မေ

နိဗ္ဗာနံ။ ။ဥဒါန်းပါဠိတော်၊ ။မေဃိယ၊ချစ်သားမေဃိယရဟန်း။ အနိစ္စသညာနော၊ ရုပ်နာမ်တို့သည် အဘန်တလဲလဲ၊ နာရီမစဲ၊ အမြဲပျက်စီး၍နေပါတကားဟု၊ အနိစ္စသညာထင်သောသူအား၊ အနတ္တသညာ၊ ရုပ်နာမ်တို့သည် ပုဂ္ဂိုလ် အလိုသို့မလိုက်လို၍၊ နဂိုရှိသဘောအတိုင်းဖြစ်ပါတကားဟု ယူနိုင်မှတ်နိုင်သောအနတ္တသညာသည်၊ သဏ္ဌာတိ၊ ကောင်းစွာထင်လာ၏၊ အနတ္တသညိနော၊ ရုပ်နာမ်တို့သည် ပုဂ္ဂိုလ်အလိုသို့မလိုက်လို၍နဂိုရှိသဘောအတိုင်း ဖြစ်ပါတကားဟု၊ အနတ္တ သညာထင်သောသူအား၊ အသ္မိမာနော၊ ငါဟူသောမာနတရားသည်၊ သမုဃာတံ၊ တစတစအစဉ်အတိုင်း ကျွတ်ကွာ ပျက်ဆုံးခြင်းသို့၊ ဂစ္ဆတိ၊ရောက်၏၊ ဒိဋ္ဌေဝဓမ္မေ၊ ယခုပစ္စက္ခ၊ မျက်မှောက်သောဘဝ၌ပင်လျှင်၊ နိဗ္ဗာနံ၊သဥပါဒိသေသနိဗ္ဗာန်သို့၊ ဂစ္ဆတိ၊ရောက်၏၊သိ၏၊မြင်၏။ ။အနိစ္စသညာ အနတ္တသညာ ထင်လျှင်၊ ဒုက္ခသညာသည်၊ မိဂပဒဝဠဉ္ဇနနည်းအားဖြင့် အလိုလိုထင်၏။

တိသုလက္ခဏေသုဧကသ္မိံ ဥပဋ္ဌိတေသေသလက္ခဏာနိ ပိဥပဋ္ဌဟန္တိ။ ။တိသု၊သုံးပါးကုန်သော၊ လက္ခဏေသု၊ လက္ခဏာတို့တွင်၊ ဧကသ္မိံ၊ တခုသောလက္ခဏာသည်၊ ဥပဋ္ဌိတေ၊ ထင်သည်ရှိသော်၊ သေသလက္ခဏာနိပိ၊ ကြွင်းသောလက္ခဏာတို့သည်လည်း၊ ဥပဋ္ဌဟန္တိ၊ထင်ကုန်၏၊ ။ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ။

ဓမ္မဋ္ဌိတိဉာဏံခေါသုသိမပုဗ္ဗေ၊ပစ္ဆာနိဗ္ဗာနေဉာဏံ၊ ။သုသိမ၊သုသိမရဟန်း၊ ခေါ၊ စင်စစ်၊ ပုဗ္ဗေ၊မဂ်ဉာဏ်ဖိုလ်ဉာဏ်မဖြစ်မှီ ရှေးအဘို့၌၊ ဓမ္မဋ္ဌိတိဉာဏံ၊ ဝိပဿနာ ဉာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ဖြစ်၏၊ ပစ္ဆာ၊ ဝိပဿနာဉာဏ်ဖြစ်ပြီးသည်မှနောက်၌၊ နိဗ္ဗာနေ၊ နိဗ္ဗာန်၌၊ ဉာဏံ အာရုံပြုသောအားဖြင့် ဖြစ်သောမဂ်ဉာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ဖြစ်၏၊ ။နိဒါနဝါခသံယုတ်ပါဠိတော်၊

ပုဗ္ဗဘာဂေ လောကိယော သတိပဋ္ဌာနမဂ္ဂေါဘာဝိတော

လောကုတ္တရ မဂ္ဂသ္သာဓိဂမာယသံဝတ္တတိ၊ နိဗ္ဗာန သစ္ဆိကိရိယာယသာသနေတိ။ ။ပုဗ္ဗဘာဂေ၊ လောကုတ္တရာမဂ်ကို မရမီ ရှေ့အဘို့၌၊ ဘာဝိတော၊ ပွားစေ အပ်သော၊ လောကိ ယော၊ လောကီဖြစ်သော၊ သတိပဋ္ဌာနမဂ္ဂေါ၊ သတိပဋ္ဌာန် မဂ်သည်၊ လောကုတ္တရမဂ္ဂဿ၊ လောကုတ္တရာမဂ်ကို၊ အဓိဂမာယ၊ ရစေခြင်းငှါ၊ သံဝတ္တတိဖြစ်၏၊ နိဗ္ဗာနသစ္ဆိကိရိယာယ၊ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် မြင်ရခြင်းကို၊ သာသနေတိ၊ နိပ္ဖါဒေတိ၊ ပြီးစေတတ်၏။ ။မဟာ သတိပဋ္ဌာန် အဋ္ဌကထာ။

ဝိပဿနာသမ္မာဒိဋ္ဌိယာ အနိစ္စာ ဒိဝသေနခန္ဓာဒီသုသော ဓိတေသု ပစ္ဆာဘုမ္မိလဒ္ဓံ ဝဋ္ဋံ ပရိဇာနမာနာ မဂ္ဂသမ္မာဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ။ဝိပဿနာ သမ္မာဒိဋ္ဌိယာ၊ ဝိပဿနာသမ္မာ ဒိဋ္ဌိသည်၊ အနိစ္စာဒိဝသေန၊ အနိစ္စအစရှိသောအားဖြင့်၊ ခန္ဓာဒီသု၊ ခန္ဓာအစရှိသည်တို့ကို၊ သောဓိတေသု၊ သုတ်သင် ရှင်းလင်း အပ်ကုန်သည်ရှိသော်၊ ပစ္ဆာ၊ နောက်ကာလ၌၊ ဘုမ္မိလဒ္ဓံ၊ ဉာဏ်၏တည်ရာကိုရသော၊ ဝဋ္ဋံ၊ သံသရာဝဋ်ကို၊ ပရိဇာနမာနာ၊ ပယ်ရှား စွန့်ပစ်လျက်၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ မဂ်စိတ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိ ပညာသည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ။သဂါထာ ဝဂ္ဂသံယုတ်အဋ္ဌကထာ။

ရူပံဘိက္ခဝေအနိစ္စံ၊ ဝေဒနာအနိစ္စာ၊ သညာအနိစ္စာ၊ သင်္ခါရာအနိစ္စာ၊ ဝိညာဏံအနိစ္စံ၊ ယဒနိစ္စံ တံဒုက္ခံ၊ ယံဒုက္ခံ တဒနတ္တာ၊ တံနေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာတိ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယဒဋ္ဌဗ္ဗံ၊ ဧဝံပဿံဘိက္ခဝေသုတဝါ အရိယ သာဝကော၊ ရူပသ္မိံ ပိနိဗ္ဗိန္ဒတိ၊ ဝေဒနာယ ပိနိဗ္ဗိန္ဒတိ၊ သညာယပိနိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိနိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိနိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိဉာဏံ ဟောတိ။ ။ခန္ဓဝါရသံယုတ်ပါဠိတော်။ ။ဘိက္ခဝေ၊ ရဟန်းတို့ ရူပံ၊ ဘောက်ပြန်တတ်၊ ဘောက်ပြန်စေအပ်သော သဘော

တရားရသည်၊ အနိစ္စံ၊အဘန်တလဲလဲ နာရီမစဲ အမြဲပျက်စီး၍နေ၏၊ ဝေဒနာ၊ ထိုထိုအာရုံကို ခံစားခြင်း၊ သဘောတရားရသည်၊ အနိစ္စာ၊ အဘန်တလဲလဲ နာရီမစဲ အမြဲပျက်စီး၍နေ၏၊ သညာ၊ ထိုထိုအာရုံကိုမှတ်ခြင်းသဘောတရားရသည်။ အနိစ္စာ၊ အဘန်တလဲလဲ နာရီမစဲအမြဲပျက်စီး၍နေ၏၊ သင်္ခါရာ၊ ဘဝသုံးတန်၌ဘန်ဘန်ပြုပြင်စီရင်သော သဘောတရားတို့ရသည်၊ အနိစ္စာ၊အဘန်တလဲလဲနာရီမစဲအမြဲပျက်စီး၍နေကုန်၏၊ ဝိညာဏံ၊ ထိုထိုအာရုံကိုသိခြင်းသဘောတရားရသည်၊ အနိစ္စံ၊အဘန်တလဲလဲနာရီမစဲ အမြဲပျက်စီး၍နေ၏၊ ယံ၊အကြင်ငါးပါးသော သဘောတရားရသည်၊ အနိစ္စံ၊ အနိစ္စတည်း။ တံ၊ ထိုအနိစ္စဖြစ်သောငါးပါးသော သဘောတရားရသည်၊ ဒုက္ခံ၊ ဥပါဒ်၊ဌီ၊ဘင်၊ အစဉ်မပြတ်အမြဲနှိပ်စက်အင်သောကြောင့် ဒုက္ခမည်၏၊ ယံ၊အကြင်ငါးပါးသော သဘော တရားရသည်၊ ဒုက္ခံ၊ ဒုက္ခတည်း၊ တံ၊ ထိုဒုက္ခဖြစ်သော ငါးပါးသောသဘောတရားရသည်၊ အနတ္တံ၊ ပုဂ္ဂိုလ်အလိုသို့မလိုက်လို၍၊ နဂိုရှိသဘောအတိုင်း ဖြစ်သောကြောင့်အနတ္တမည်၏၊ တံ၊ထိုအနိစ္စ၊ ဒုက္ခ၊အနတ္တဖြစ်သော ငါးပါးသော သဘော တရားရကို၊ ဧတံ၊ ဤငါးပါးသော သဘောတရားရသည်။ နမမ၊ ငါ၏ဥစ္စာမဟုတ်၊ ဧသော၊ဤငါးပါးသောသဘောတရားရသည်၊ နဟမသ္မိ၊ ငါမဟုတ်၊ ဧသော၊ဤငါးပါးသောသဘောတရားရသည်၊ နမေအတ္တာ၊ ငါ၏ကိုယ်မဟုတ်၊ ဣတိ၊ဤသို့၊ ဧဝံ၊ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ ဧတံ၊ထို အနိစ္စ၊ဒုက္ခ၊အနတ္တဖြစ်သော ငါးပါးသော သဘောတရားရကို၊ ယထာဘူတံ–ယထာသဘာဝံ၊ သဘောအားလျော်စွာ၊ သမ္မာ၊ ကောင်းစွာ၊ ပညာယ၊ဝိပဿနာဘာဝနာပညာစက္ခုဖြင့်၊ဒဋ္ဌဗ္ဗံ၊ အဘန်ဘန်ရှုအပ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝံ၊ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ ပဿံ-ပဿန္တော၊ ပညာစက္ခုဖြင့်၊အဘန်ဘန်ရှုသော၊ သုတဝါ၊ နာကြားရခြင်းရှိသော၊ အရိယသာဝကော၊ အရိယာ၏တပည့်သည်၊ ရူပသ္မိံပိ၊ ဘောက်ပြန်တတ်ဘောက်

ဖြန့်စေအပ်သော သဘောတရားရှိ၍လည်း၊ နိဗ္ဗာန္ဒတို၊ အားကြီးစွာငြိးငွေ့၏၊ ဝေဒနာယပါ၊ ထိုထိုအာရုံ၌ ခံစားခြင်းသဘောတရားရှိ၍လည်း၊ နိဗ္ဗာန္ဒတို၊ အားကြီးစွာငြိးငွေ့၏၊ သညာယပါ၊ထိုထိုအာရုံ၌ မှတ်ခြင်းသဘော တရားရှိ၍လည်း၊ နိဗ္ဗာန္ဒတို၊အားကြီးစွာငြိးငွေ့၏၊ သင်္ခါရေသုပိ၊ ဘဝသုံးတန်၌ ဘန်ဘန်ပြုပြင်စီရင်သောသဘောတရားရှိကုန်၍လည်း၊ နိဗ္ဗာန္ဒတို၊အားကြီးစွာငြိးငွေ့၏၊ ဝိညာဏသ္မိံပိ၊ ထိုထိုအာရုံကိုသိခြင်း သဘောတရားရှိ၍လည်း၊နိဗ္ဗာန္ဒတို၊အားကြီးစွာငြိးငွေ့၏၊ နိဗ္ဗိန္ဒံ-နိဗ္ဗာန္ဒန္တော၊ခန္ဓာငါးပါး၌အားကြီးစွာ ငြိးငွေ့သော နိဗ္ဗာန္ဒဥာဏ်နှင့် ပြည့်စုံသောသူသည်၊ ဝိရဇ္ဇတိ၊မဂ်ကိုရ၏၊ ဝိရာဂါ၊ မဂ်ကိုရခြင်းကြောင့်၊ ဝိမုစ္စတိ၊ဖိုလ်ကိုရ၏၊ ဝိမုတ္တသ္မိံ၊ ဖိုလ်၌၊ ဝိမုတ္တမိတိ၊ ဖိုလ်ဖိုလ်ဟူ၍၊ ဉာဏံ၊ သိသောပစ္စဝေက္ခဏာ ဉာဏ်သည်၊ ဟောတိ၊ ဖြစ်၏၊

ဓမ္မတာသော ဘိက္ခဝေ ယထာဘူတံဇာနံပဿ နိဗ္ဗိန္ဒသိ၊ ဓမ္မတာသော ဘိက္ခဝေယံ နိဗ္ဗိန္ဒန္တော ဝိရဇ္ဇတိ၊ ။အင်္ဂုတ္တရ ဒသနိပါတ်ကော ဒသနိပါတ်ပါဠိတော်၊ ။ဘိက္ခဝေ၊ ရဟန်းတို့၊ ယထာဘူတံ၊မဘောက်မပြန်ဟုတ်တိုင်းမှန်စွာ၊ ဇာနံ-ဇာနန္တော၊သိသောသူသည်၊ ပဿံ ပဿန္တော၊ မြင်သောသူသည်၊ ယံနိဗ္ဗိန္ဒတိ၊ အကြင်မဂ်၏အနီး၌ အားကြီးစွာ ငြိးငွေ့ခြင်းဖြစ်၏၊ သောကာရဏာနိယာမော၊ ဤသို့အမြဲဖြစ်ခြင်းသည်၊ ဓမ္မတာဓမ္မသဘာဝေါ၊ တရားသဘောတည်း။ ဘိက္ခဝေ၊ ရဟန်းတို့၊ နိဗ္ဗိန္ဒန္တော၊ အားကြီးစွာငြိးငွေ့သောနိဗ္ဗာန္ဒဥာဏ်နှင့်ပြည့်စုံသောသူသည်၊ ယံဝိရဇ္ဇတိ၊ အကြင်မဂ်ကို ထျင်မြဲနံစွာရ၏၊ ဧသောကာရဏာ နိယာမော၊ ဤသို့နိဗ္ဗာန္ဒဥာဏ်နှင့် ပြည့်စုံသည်ဖြစ်၍မဂ်ကိုရခြင်းသည်၊ဓမ္မတာ၊သဘောတရားတည်း။

အနုက္ကမသော သမုဏာဂမန မဂ္ဂမ္ဘိ နိဗ္ဗေဒဘာဂိယံ မဂ္ဂဖလသာဥပနိသာ ယောဟောတိ၊ ။အနုက္ကမသော၊ အယုတ်သဖြင့်၊ သမုဏာ ဂမန မဂ္ဂမ္ဘိ၊ ယမုဏာဂ ဆောက်တည်ကာမျှ

ဖြစ်သော်လည်း၊ နိဗ္ဗေဒဘာဂိယံ၊ ဝဋ်ဆင်းရဲ၌ငြီးငွေ့ကြောင်းဖြစ်သောနိဗ္ဗိန္ဒဉာဏ်နှင့်ယှဉ်သည်ဖြစ်အံ့၊ မဂ္ဂဖလသော၊ မဂ်ဖိုလ်၏၊ ဥပနိဿယော၊ အားကြီးသောအကြောင်းသည်၊ ဟောတိ၊ ဖြစ်၏၊ ။သံယုတ်အဋ္ဌကထာ၊

အနိစ္စန္တိခန္ဓပဉ္စကံ၊ ကသ္မာ ဥပ္ပါဒဝယညထတ္တဘာဝါ။ ဟုတွာ အဘာဝတောဝါ ဥပ္ပါဒဝယညထတ္တံ အနိစ္စလက္ခဏံ၊ ဟုတွာအဘာဝသင်္ခါတောဝါ အာကာရဝိကာရော၊ ယဒနိစ္စံ တံဒုက္ခန္တိ ဝစနတောပန တဒေဝခန္ဓ ပဉ္စကံဒုက္ခံ၊ ကသ္မာအဘိဏှပဋိပီဠနာ၊ အဘိဏှပဋိပီဠနာကာရော ဒုက္ခလက္ခဏံ၊ ယံဒုက္ခံတဒနတ္တာတိ ပနဝစနတော တဒေဝခန္ဓပဉ္စကံ အနတ္တာ၊ ကသ္မာ၊ အဝသဝတ္တနတော၊ အဝသဝတ္တနာကာရော အနတ္တလက္ခဏံ၊ ။အဋ္ဌကထာ၊ ။အနိစ္စန္တိ၊အနိစ္စဟူသည်ကား၊ခန္ဓပဉ္စကံ၊ ခန္ဓာငါးပါးအပေါင်းတည်း၊ ကသ္မာ၊အဘယ့်ကြောင့်၊ အနိစ္စံ၊အနိစ္စမည်သနည်း၊ ဥပ္ပါဒဝယညထတ္တဘာဝါ၊ ဖြစ်ခြင်းပျက်ခြင်းသဘောမှတပါး အခြားသော သဘောတရားဖြင့် မဖြစ်သောကြောင့်၊အနိစ္စံ၊အနိစ္စမည်၏၊ ဝါ၊တနည်းကား၊ဟုတွာဖြစ်ပြီး၍၊အဘာဝတော၊ မရှိခြင်းကြောင့်၊ ဥပ္ပါဒဝယညထတ္တံ၊ ဖြစ်ခြင်းပျက်ခြင်းမှတပါး အခြားသောအဖြစ်သို့ ရောက်ခြင်းသည်၊ အနိစ္စလက္ခဏံ၊ အနိစ္စသက္ခဏာမည်၏၊ ဝါ၊ တနည်းကား။ ဟုတွာ၊ဖြစ်ပြီး၍၊ အဘာဝသင်္ခါတော၊ မရှိသည်ဟုဆိုအပ်သော၊ အာကာရဝိကာရော၊ အခြင်းအရာ၏ ဖောက်ပြန်ခြင်းသည်၊ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာမည်၏၊ ဝါ။ဖြစ်ပြီး၍မရှိသည်ဟု ဆိုအပ်သော အခြင်းအရာ၏ ဖောက်ပြန်ခြင်းသည်ပင်လျှင် အမြဲမရှိဟုမှတ်ကြောင်းတည်း၊ ။ပန၊ ထိုမှတပါး၊ ယံ၊အကြင်ခန္ဓာငါးပါးအပေါင်းသည်၊ အနိစ္စံ၊အနိစ္စမည်၏၊ တံ၊ ထိုအနိစ္စမည်သောခန္ဓာငါးပါးအပေါင်းသည်၊ ဒုက္ခံ၊ ဒုက္ခမည်၏၊ ဣတိ၊ ဤသို့၊ ဝစနတော၊ ဟောတော်မူသောကြောင့်၊ တဒေဝခန္ဓပဉ္စကံ၊ ထိုခန္ဓာငါးပါး အပေါင်းသည်ပင်

လျှင်။ ဒုက္ခံ၊ ဒုက္ခမည်၏။ ကသ္မာ၊ အဘယ့်ကြောင့် ခန္ဓာငါးပါးသည် ဒုက္ခမည်သနည်းဟူမူကား၊ အဘိဏှပဋိပီဠနာ၊ ဥပါဒ်၊ ဌီ၊ ဘင်—အစည်မပြတ် ဘန်ဘန်ထပ်ထပ် အမြဲနှိပ်စက်တတ်သောကြောင့်တည်း။ အဘိဏှပီဠနာကာရော၊ ဥပါဒ်ဌီဘင်—အစဉ်မပြတ်ဘန်ဘန်ထပ်ထပ် အမြဲနှိပ်စက်တတ်သော အခြင်းအရာသည်၊ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာမည်၏၊ ဝါ၊ ဥပါဒ်၊ ဌီဘင်-အစဉ်မပြတ် ဘန်ဘန်ထပ်ထပ် အမြဲ နှိပ်စက်တတ်သော အခြင်းအရာသည်ပင်လျှင် ဆင်းရဲခြင်းဟုမှတ်ကြောင်းတည်း။ ယံ၊ အကြင်ခန္ဓာငါးပါးအပေါင်းသည်၊ ဒုက္ခံ၊ ဒုက္ခမည်၏။ တံ၊ ထိုဒုက္ခမည်သောခန္ဓာငါးပါးအပေါင်းသည်၊ အနတ္တာ၊ အနတ္တမည်၏။ ဣတိ၊ ဤသို့၊ ဝစနတော၊ ပန၊ ဟောတော်မူသောကြောင့်ကား၊ တဒေဝခန္ဓပဉ္စကံ၊ ထိုခန္ဓာငါးပါး အပေါင်း သည်ပင်လျှင်၊ အနတ္တာ၊ အနတ္တမည်၏။ ကသ္မာ၊ အဘယ့်ကြောင့်ခန္ဓာငါးပါးသည် အနတ္တမည်သနည်းဟူမူကား၊ အဝသဝတ္တနတော၊ ပုဂ္ဂိုလ်အလိုသို့ မလိုက်လို၍ နဂိုရ်သဘောအတိုင်း ဖြစ်သောကြောင့်တည်း။ အဝသဝတ္တနာကာရော၊ ပုဂ္ဂိုလ်အလိုသို့မလိုက်လို၍၊ နဂိုရ်သဘောအတိုင်းဖြစ်သော အခြင်းအရာသည်၊ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာမည်၏။ ဝါ၊ ပုဂ္ဂိုလ်အလိုသို့မလိုက်လို၍ နဂိုရ်သဘောအတိုင်းဖြစ်သော အခြင်းအရာသည်ပင်လျှင်၊ ကိုယ်မဟုတ်ဟုမှတ်ကြောင်းတည်း။

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ၊ ဒုက္ခလက္ခဏံ အဘိဏှသမ္ပတိပီဠနဿ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ၊ အနတ္တလက္ခဏံ နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ၊ ဥဒယဗ္ဗယံ ပန ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာထာဝသရသ တော ဥပဋ္ဌာတိ၊ အဘိဏှသမ္ပတိပီဠနံ မနသိကတွာ ဣရိယာပ ထေဟိ ဥဂ္ဃါဋိတေ ဒုက္ခလက္ခဏံ ယာထာဝ သရသတော ဥ

ပဋ္ဌာတာ၊ နာနာဓာတုယောဝိနိဗ္ဘုဇိတွာ ဃနဝိနိဗ္ဘောဂေကတေ
အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ၊ ၊အဋ္ဌက
ထာ၊ ၊တာဝ၊ရှေးဦးစွာ၊ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာ
သည်၊ ဥဒယဗ္ဗယာနံ၊ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းတို့
ကို၊အမနသိကာရာ၊ ဘာဝနာဉာဏ်ဖြင့်အဘန်ဘန်နှလုံးမသွင်း
ခြင်းကြောင့်ရင်း။ သန္တတိယာ၊ ပဋိသန္ဓေစိတ်မှစ၍ စုတိစိတ်
တိုင်အောင် ခန္ဓာငါးပါးတို့၏၊ဥပါဒ်၊ဌီ၊ဘင်အစဉ်မပြတ် ဘန်
ဘန် ထပ်ထပ် ယှက် စပ်လျက် ဖြစ်ပျက်ခြင်းအစဉ်ဖြင့်၊ ပ
ဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့်ရင်း၊ နဥပဋ္ဌာတိ၊
မထင်နိုင်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်၊ အဘိဏှသမ္ပ
တိပီဠနဿ၊ခန္ဓာငါးပါ.ရုပ်နာမ်တရားတို့၏၊ ဥပါဒ်၊ဌီ၊ဘင်အ
စဉ်မပြတ်ဘန်ဘန်ထပ်ထပ်အမြဲနှိပ်စက်ခြင်းကို၊ အမနသိကာ
ရာ၊ ဘာဝနာဉာဏ်ဖြင့် အဘန်ဘန်နှလုံးသွင်းခြင်းကြောင့်ရင်း၊
ဣရိယာပထေဟိ၊ဣရိယာပုတ်တို့သည်၊ ပဋိစ္ဆန္နတ္တာ၊ဖုံးလွှမ်း
အပ်သည်၏အဖြစ်ကြောင့်ရင်း၊ နဥပဋ္ဌာတိ၊မထင်နိုင်၊ အနတ္တ
လက္ခဏံ၊ အနတ္တလက္ခဏာသည်၊ နာနာဓာတုဝိနိဗ္ဘောဂဿ၊
ပထဝီ၊ အာပေါစသောဓာတ်၊ဖဿ၊ ဝေဒနာစသောအထူးထူး
သောသဘာဝဖြေ့ကိုကိုအသီးအသီးခွဲခြမ်းဝေဘန်ခြင်းကို၊ အ
မနသိကာရာ၊ ဘာဝနာဉာဏ်ဖြင့် အဘန်ဘန် နှလုံးသွင်းခြင်း
ကြောင့်ရင်း၊ ဃနေန၊သမူဟဃန၊ ကိစ္စဃန၊ အာရမ္မဏဃန
သုံးပါးသည်၊ ပဋိစ္ဆန္နတ္တာ၊ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်
ရင်း၊နဥပဋ္ဌာတိ၊မထင်နိုင်။ ပန၊ အလျော်ကား ဆိုဦးအံ့၊ ဥဒယဗ္ဗ
ယာနံ၊ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်း တို့ကို၊ ပရိဂ္ဂဟေ
တွာ၊ ဝိပဿနာဘာဝနာဉာဏ်ဖြင့် အဘန်ဘန် သိမ်းဆည်း၍၊
သန္တတိယာ၊ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းအစဉ်ကို၊ဝိ
ကောပိတာယ၊ ဖျက်ဆီးခွါလှန်အဘန်ဘန် ဝေဘန်အပ်သည်ရှိ
သော်၊အနိစ္စလက္ခဏံ၊အနိစ္စလက္ခဏာသည်၊ ယာထာဝသရသ
တော၊ မဖောက်မပြန်မှန်သောမိမိတို့ကိစ္စအားဖြင့်၊ ဥပ

ဋ္ဌာတိ၊ထင်၏၊ အဘိဏှသန္တတိပိဋ္ဌနံ၊ ခန္ဓာငါးပါးတို့၏၊ ဥပါဒ်၊ ဌီ၊ ဘင်အစဉ်မပြတ်အမြဲနှိပ်စက်ခြင်းကို၊ မနသိကတ္တာ၊ ဘာဝနာဉာဏ်ဖြင့် အဘန်ဘန်နှလုံးသွင်း၍၊ ဣရိယာပထေဥ္ဆါဒိတော၊ ဣရိယာပုထ်တို့ကို မပြောင်းမလွှဲဘဲ တပါးထဲ၌စွဲမြဲစွာနေခြင်းကိုခွာဆပ်သည့်ရှိသော်၊ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်၊ ယာထာဝသရသတော၊ မဘောက်မပြန်ဟုတ်မှန်သော မိမိတို့ကိစ္စအားဖြင့်၊ ဥပဋ္ဌာတိ၊ထင်၏၊ နာနာဓာတုယော၊ ပထဝီ၊ အာပေါစသော အထူးထူးသောဓာတ်၊ ဖဿ၊ ဝေဒနာစသောအထူးထူးသော သဘာဝဓမ္မတို့ကို၊ ဝိနိဗ္ဘုဇိတွာ၊ အသီးအသီးခွဲခြမ်းဝေဘန်ခြင်းကိုပြု၍၊ ဃနဝိနိဗ္ဘောဂေ၊ သမူဟဃန၊ ကိစ္စဃန၊ အာရမဏဃနကိုခွဲခြမ်းဝေဘန်ခြင်းကို၊ ကတေ၊ ပြုအပ်သည့်ရှိသော်၊ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်၊ ယာဆာဝသရသတော၊ မဘောက်မပြန် ဟုတ်မှန်သော မိမိတို့ကိစ္စအားဖြင့်၊ ဥပဋ္ဌာတိ၊ထင်၏၊ ၊ဤအရာ၌၊ ခန္ဓာပဉ္စကသည်အနိစ္စ၊ ဒုက္ခ၊အနတ္တမည်၏၊ ဥပ္ပါဒဝယညထတ္တသည်၊ဝါ၊ ဟုတွာ အဘာဝဟူသော အာကာရဝိကာရသည် အနိစ္စလက္ခဏာမည်၏၊ အဘိဏှပဋိ ပီဠနာကာရသည် ဒုက္ခလက္ခဏာမည်၏၊ အဝသဝတ္တနာကာရသည် အနတ္တ လက္ခဏာမည်၏၊ ဤလက္ခဏာသုံးပါးတို့သည် သဘာဝဓမ္မ မဟုတ်သောကြောင့် ခန္ဓာ၌ အတွင်း မဝင်ကုန်၊ ခန္ဓာနှင့်ကင်း၍ မရကောင်းသောကြောင့်၊ခန္ဓာမှလည်းမလွတ်ကုန်၊

အနိစ္စတောမနသိကရောတော နိမိတ္တံဘယ တာဥပဋ္ဌာတိ၊ ဒုက္ခတော မနသိကရောတော ပဝတ္တံဘယတော ဥပဋ္ဌာတိ၊ အနတ္တတော မနသိကရောတော နိမိတ္တဉ္စ ပဝတ္တဉ္စဘယတော ဥပဋ္ဌာတိ၊ ၊အဋ္ဌကထာ၊ ၊အနိစ္စတော၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည် အဘန်တလဲလဲ နာရီမစဲအမြဲမရှိသောအားဖြင့်၊ မနသိ ကရောတော၊ ဘာဝနာဉာဏ်ဖြင့် အဘန်ဘန် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား၊ နိမိတ္တံ၊ကာလ

သုံးပါး၌သင်္ခါရတရားတို့၏ အဘန်ဘန်ပျက်စီးခြင်းသည်၊ ဘယတော၊ အလွန်ကြောက်လန့်ဘွယ်ဘေးကြီးအားဖြင့်၊ ဥပဋ္ဌာတိ၊ ဝိပဿနာဘာဝနာဉာဏ်ဖြင့်ထင်လာ၏။ ဒုက္ခတော၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် ဘောက်ပြန်ဘောက်လွဲ ဆင်းရဲငြိုငြင်သော အားဖြင့်၊ မနသိ ကရောတော၊ ဘာဝနာဉာဏ်ဖြင့်အဘန်ဘန် နှလုံးသွင်းသောပုဂ္ဂိုလ်အား။ ပဝတ္တံ၊ ချမ်းသာသုခသမုတ်ရသော ရူပါရူပဘဝ၌၊ ဥပါဒ် ဌီ၊ဘင်အစဉ်မပြတ်ဘန်ဘန် ထပ်ထပ် နှိပ်စက်အပ်သော ဖြစ်ခြင်းသည်၊ ဘယတော၊ အလွန်ကြောက်လန့်ဘွယ်သော ဘေးကြီးအားဖြင့်၊ ဥပဋ္ဌာတိ၊ ဝိပဿနာဘာဝနာဉာဏ်ဖြင့်ထင်လာ၏၊ အနတ္တတော၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် ပုဂ္ဂိုလ်အလိုသို့ မလိုက်လို၍ နဂိုရှိသဘော အတိုင်း ဖြစ်သော အားဖြင့်။ မနသိကရောတော၊ ဘာဝနာဉာဏ်ဖြင့် အဘန်ဘန်နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား၊ နိမိတ္တဉ္စ၊ ကာလသုံးပါး၌ သင်္ခါရတရားတို့၏အဘန်ဘန်ပျက်စီးခြင်းသည်၎င်း၊ ပဝတ္တဉ္စ၊ ချမ်းသာသုခသမုတ်ရသော ရူပါရူပဘဝ၌၊ ဥပါဒ်၊ဌီ၊ဘင် အစဉ်မပြတ်ဘန်ဘန်ထပ်ထပ် နှိပ်စက်အပ်သော ဖြစ်ခြင်းသည်၎င်း၊ ဘယတော၊အလွန်ကြောက်လန့်ဘွယ်သော ဘေးကြီးအားဖြင့်၊ ဥပဋ္ဌာတိ၊ ဝိပဿနာဘာဝနာဉာဏ်ဖြင့်ထင်လာ၏၊ ။ဥပဋ္ဌာနာကာရပြီး၏။

ပဉ္စက္ခန္ဓာ ဥပ္ပါဒဝယဝတ္တိတော ဝိပရိနာမတော တာဝကာလိကတော နိစ္စပဋိက္ခေပတော စ အနိစ္စာ၊ ။ပဉ္စက္ခန္ဓာ အဘိဏှသမ္ပဋိပီဠနတော ဒုက္ခမတော ဒုက္ခဝတ္ထုတော သုခပဋိက္ခေပတောစ ဒုက္ခာ၊ ။ပဉ္စက္ခန္ဓာ သုညာဂမနတော အသာမိကတော အဝသဝတ္တိတော အတ္တပဋိက္ခေပတော စ အနတ္တာ၊ ။လက္ခဏာသုတ်ပါဠိတော်၊ ။ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ ဥပ္ပါဒဝယဝတ္တိတော၊ အဘန်ဘန်အထပ်ထပ် နာရီမလပ် ဖြစ်တတ်ပျက်တတ်သော သဘော တရားကြောင့်၎င်း။

ဝိပရိနာမတော၊ အဘန်တလဲလဲနာရီမစဲ အမြဲဘောက်ဖြန့်ပျက်
စီးတတ်သော သဘောတရား ကြောင့်ရင်း၊ တာဝကာလိက
တော၊ ဥပါဒ်၊ ဌီ၊ ဘင်ခန့်မျှသာ အခိုက်အတန့် သက်ရှည်၍
တည်တတ်သော သဘောတရား ကြောင့်ရင်း၊ နိစ္စဒုက္ခွေ ပ
တော၊ ဘဝသုံးတန်၌ အဘန်တလဲလဲနာရီမစဲအမြဲပျက်စီး၍နေ
သည်ကို မပျက် မစီးဘဲ အမြဲတည်နေသည်ဟု မှတ်ထင်ကြ
သောနိစ္စသညာကို ပယ်ဘတ်သောကြောင့်ရင်း၊ အနိစ္စာ၊ အ
နိစ္စမည်ဘုန်၏။ ၊ပဋ္ဌက္ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့
သည်၊ အဘိဏှသမ္ပတိပီဠနတော၊ ဥပါဒ်၊ဌီ၊ဘင်အစဉ်မပြတ်
ဘန်ဘန် ထပ်တပ် အမြဲနှိပ်စက် တတ်သော သဘောတရား
ကြောင့်ရင်း၊ ဒုက္ခမတော၊ ဒုက္ခဝေဒနာ လျှင်မြန်စွာ ဖြစ်ပျက်၊
ပြင်းစွာ နှိပ်စက်ခြင်း ကို သည်းခံနိုင်ခဲသောကြောင့်ရင်း၊ ဒုက္ခ
ဝတ္ထုတော၊ ဒုက္ခဒုက္ခ ဝိပရိနာမဒုက္ခ၊ သင်္ခါရဒုက္ခဟု ဆိုအပ်
သောဒုက္ခသုံးဖြာတို့၏ တည်ရာဝတ္ထု၊ အပူဗဖြစ်သောကြောင့်
ရင်း၊ သုခပဋိက္ခေပတော၊ဥပါဒ်၊ဌီ၊ဘင် အစဉ်မပြတ်ဘန်ဘန်
ထပ်ထပ်အမြဲနှိပ်စက်၍နေပါသည်ကို၊ လူ၊နတ်၊ဗြဟ္မာ၊ သတ္တဝါ
အဖြစ်၌ ချမ်းသာသည်ဟု မှတ်ထင်ကြသော သုခသညာကိုပယ်
တတ်သောကြောင့်ရင်း၊ ဒုက္ခာ၊ဒုက္ခမည်ဘုန်၏။ ၊ပဋ္ဌက္ခန္ဓာ၊
ခန္ဓာငါးပါး ရုပ်နာမ်တရာတို့သည်၊ သုညာဂမနတော၊ ဘဝ
သုံးထန်၌ဘန်ဘန်ထပ်ထပ်၊ မပြတ်ဆက်ခါ၊ ဖြစ်ပျက်၍နေသ
ဖြင့်၊ နိစ္စသာရ၊ သုခသာရ၊ အတ္တသာရမှ ကင်းဆိတ်ခြင်းသို့
ရောက်သော ကြောင့် ရင်း၊ အသာမိကတော၊ ဘဝသုံးတန်၌–
အဘန်ဘန်ဖြစ်ပျက်ဟန်ကို၊ မဖြစ်ပျက်ရအောင်–ပိုင်သူ သခင်
အရှင် မရှိသောကြောင့်ရင်း။ အဝသဝတ္တိတော၊ ပုဂ္ဂိုလ်အလို
သို့ မလိုက်လို၍ နဂိုရှိသဘောအတိုင်းဖြစ်သော ကြောင့်ရင်း၊
အတ္တပဋိက္ခေပတော၊ သညာ၊ စိတ္တ၊ ဒိဋ္ဌိအားဖြင့်၊ ငါ၊သူတပါး၊
ယောကျ်ား၊မိန်းမ၊ လူ၊နတ်၊ဗြဟ္မာ၊ သတ္တဝါ၊ပုဂ္ဂိုလ်၊ ငါ့ကိုယ်၊
သူ့ကိုယ်ကေန် ဟုတ်သည်ဟု မှတ်ထင်စွဲလမ်းကြသော အတ္တ

သညာကို ပယ်တတ်သောကြောင့်ရင်း၊ အနုတ္တ၊ အနုတ္တမည် ကုန်၏။ ၊လက္ခဏာသုတ်ပြီး၏။

---

အနိစ္စဒုက္ခ အတ္တပွားများခြင်း အကျိုးကိုပြပေအံ့၊ ၊ မြတ်စွာဘုရားသည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်း သုံး၍ နေတော်မူသောအခါ၊ငါးရာသော ရဟန်းတို့သည်။ တရသော ကမ္မဋ္ဌာန်းကိုစီးဖြန်းပွားများ အားထုတ်ကြပါကုန် သော်လည်း၊ အရဟတ္တဖိုလ်ကိုမရနိုင်သောကြောင့်၊ အသစ်တခြား၊ တပါး သောကမ္မဋ္ဌာန်းကို ယူအံ့သောငှါ၊ မြတ်စွာဘုရား အထံတော် သို့လာခဲ့ကြရာ၊ မြတ်စွာဘုရားသည်၊ ကဿပဘုရား လက် ထက်တော်၌၊အနှစ်-နှစ်သောင်း ကာလပတ်လုံး၊ အနိစ္စ လက္ခ ဏာလေ့လာ ခဲ့ဘူးသည်ကို သိမြင်တော် မူသောကြောင့်၊ ဤ ငါးရာသော ရဟန်း တို့အား အနိစ္စ လက္ခဏာ ဒေသနာကို ဟောတော်မူလို၍၊

ဘိက္ခဝေကာမဘဝါဒိသု ဥပ္ပန္နာသင်္ခါရာဟုတ္တွာ အဘာဝဂ္ဂမနအနိစ္စာဝေ၊ ၊ပါဠိတော်၊ ၊ဘိက္ခဝေ၊ငါ၏ချစ် သား၊ငါးရာသောရဟန်းများတို့၊ ကာမဘဝါဒိသု၊ ကာမဘဝရူ ပဘဝ အရူပဘဝ တို့၌၊ ဥပ္ပန္နာ၊နေ့ညဉ့် မပြတ် နာရီမလပ် ဘန်ဘန်ထပ်ထပ်ဖြစ်နေကြကုန်သော၊ သင်္ခါ၊ အလုံးစုံလည်း ဖြစ်ကုန်သော၊ သင်္ခါရာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ ဟုတွာ၊ ဖြစ်ကုန်ပြီး၍၊ အဘာဝဂ္ဂမနံ၊ မရှိခြင်းဟူသောအနက် သဘောကြောင့်၊ အနိစ္စာ ဝေ၊ အမြဲ မရှိကုန်သည် သာလျှင် တည်း၊ အနိစ္စလက္ခဏာ၊ ၊ဤအနိစ္စလက္ခဏာကိုရှေး ဦးစွာဟောတော်မူပြီ၍၊

သင်္ခါရာအနိစ္စာတိ၊ ယဒါပညာယပဿတိ၊အထ နိဗ္ဗိန္ဒတိဒုက္ခေ သောမဂ္ဂေါဝိသုဒ္ဓိယာ၊ ၊ဤဒေသနာကိုဟော တော်မူ၏၊ ရင်းဒေသနာတော်၏အဆုံး၌၊ ရဟန္တာဖြစ်တော် မူကြကုန်၏၊ ၊ဓမ္မပဒပါဠိတော်၊ ၊သင်္ခါ၊ခပ်သိမ်းကုန်

သော၊ သင်္ခါရာ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်၊ အနိစ္စာ၊ ဘဝသုံးတန်၌အဘန်ဘန်ဖြစ်ပျက်၍အမြဲမရှိကုန်၊ ဣတိ၊ ဤသို့၊ ယဒါ၊ အကြင်အခါ၌၊ယော၊ အကြင် အနိစ္စကမ္မဋ္ဌာန်း စီးဖြန်းသောယောဂီသည်၊ ပညာယ၊ ဝိပဿနာဘာဝနာပညာမျက်စိဖြင့်၊ပဿတိ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် ဘဝသုံးတန်၌ အဘန်ဘန်ဖြစ်ပျက်ခြင်းကို ဘေးကြီးဟုထင်မြင်၏၊ အထ၊ ထိုသို့ ခန္ဓာငါးပါးရုပ်နာမ် တရားတို့သည် ဘဝသုံးတန်၌ အဘန်ဘန်ဖြစ် ပျက်ခြင်းကိုဘေးကြီးဟု ထင်မြင်သည့် ရှိသော်၊ သော၊ ထိုအနိစ္စ ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီသည်၊ ဒုက္ခေ၊ ခန္ဓာငါးတန်၊ ရုပ်နှင့်နာမ်ကို ဘန်ဘန် ရွက်ဆောင်ရခြင်း ဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ၊ မပျော်ပိုက်၍ငြီးငွေ့ပျင်းရိ၏၊ ဧသဧသော နိဗ္ဗိန္ဒော၊ ဤသို့ဝဋ်ဆင်းရဲ၌ မပျော်ပိုက်၍ ငြီးငွေ့ ပျင်းရိသော ယောဂီလူချွန် ပုဂ္ဂိုလ်ပွန်သည်၊ ဝိသုဒ္ဓိယာ၊ တထောင့် ငါးရာ ကိလေသာ စင်ကြယ်ရာ၊ သဉပါဒိသေသ၊ နိဗ္ဗာနသို့ ရောက်ခြင်း၏၊ မဂ္ဂေါ၊ အကြောင်းကောန်၊အမှန်တည်း၊ ၊အနိစ္စလက္ခဏာပြီး၏၊

---

မြတ်စွာဘုရားသည်ဇေတဝန် ကျောင်းတော်၌၊ သီတင်းသုံးနေတော် မူသောအခါ၊ ငါးရာသော ရဟန်းတို့သည် တရသောကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ် ကြပါကုန်သော်လည်း၊အရဟတ္တဖိုလ်ကို မရနိုင်သောကြောင့်၊အသစ် တခြား၊ တပါးသော ကမ္မဋ္ဌာန်းကို ယူအံ့သောငှါ၊ မြတ်စွာဘုရားအထံတော်သို့ လာခဲ့ကြရာ၊ မြတ်စွာဘုရားသည်၊ ကဿပဘုရားလက်ထက် တော်၌ အနှစ် နှစ်သောင်း ကာလ ပတ်လုံး၊ ဒုက္ခလက္ခဏာလေ့လာခဲ့ဘူးသည်ကို သိမြင်တော် မူသောကြောင့်၊ ဤငါးရာသော ရဟန်း တို့အား ဒုက္ခ လက္ခဏာ ဒေသနာကို ဟောတော်မူလို၍၊

ဘိက္ခဝေသဗ္ဗေပိ ခန္ဓာပဉ္စပိဋ္ဌနမွှေနဒုက္ခာဝေ၊ ၊ပါဠိ

တော်၊ ။ဘိက္ခဝေ၊ ငါ၏ချစ်သားငါးရာသော ရဟန်းများတို့၊ ကာမဿဝါဒီသု၊ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝတို့၌၊ ဥပ္ပန္နာ၊ နေ့ညည့်မပြတ်၊ နာရီမလပ်၊ ဘန်ဘန်ထပ်ထပ် ဖြစ်နေကြကုန်သော၊ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော၊ ခန္ဓာ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်၊ ပတိပိဋ္ဌနမ္ဗေန၊ ဥပါဒ်၊ ဌီဘင်အစဉ်မပြတ်၊ ဘန်ဘန်ထပ်ထပ်၊ အမြဲနှိပ်စက်တတ်သောအနက်သဘောကြောင့်၊ ဒုက္ခာဝေ၊ ချမ်းသာ မဘက်၊ ဆင်းရဲသက်သက်သော၊ သဘော တရားချည်း သာလျှင် ဖြစ်ကုန်၏၊ ။ ဒုက္ခလက္ခဏာ၊ ။ဤဒုက္ခလက္ခဏာကိုဟောတော်မူပြီး၊

သဗ္ဗေသင်္ခါရာ ဒုက္ခာတိ၊ ယဒါပညာယပဿတိ၊ အထ နိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါဝိသုဒ္ဓိယာ၊ ။ဤဒေသနာကို ဟောတော်မူ၏၊ ၎င်းဒေသနာ၏ အဆုံး၌ ရဟန္တာဖြစ်တော် မူကြကုန်၏၊ ။ဝဏ္ဏပဒပါဠိတော်၊ ။သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ သင်္ခါရာ၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်၊ ဒုက္ခာ၊ဘဝသုံးရပ်၌၊ ဥပါဒ်၊ဌီဘင်၊အစဉ်မပြတ်၊ ဘန်ဘန်ထပ်ထပ်၊ အမြဲနှိပ်စက်၍ဆင်းရဲကုန်၏၊ဣတိ၊ဤသို့၊ ယဒါ၊အကြင်အခါ၌၊ ယော၊ အကြင် ဒုက္ခကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီ ပုဂ္ဂိုလ်သည်၊ ပညာယ၊ ဝိပဿနာဘာဝနာပညာမျက်စိဖြင့်၊ ပဿတိ၊ ခန္ဓာငါးပါးရုပ်နာမ် တရားတို့သည်၊ ဘဝသုံးရပ်၌၊ ဥပါဒ်၊ ဌီဘင်၊ အစဉ်မပြတ်၊ ဘန်ဘန်ထပ်ထပ်၊ အမြဲနှိပ် စက်ခြင်းကို ဘေးကြီးဟုထင်မြင်၏၊ အထ၊ ထိုသို့ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်။ ဘဝသုံးရပ်၌၊ ဥပါဒ်၊ဌီ၊ ဘင်အစဉ်မပြတ်၊ ဘန်ဘန်ထပ်ထပ်၊ အမြဲနှိပ်စက်ခြင်းကို ဘေးကြီးဟု ထင်မြင်သည်ရှိသော်၊ သော၊ ထိုဒုက္ခကမ္မဋ္ဌာန်းကိုစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်။ ဒုက္ခေ၊ ခန္ဓာ ငါးတန်၊ ရုပ်နှင့် နာမ်ကို၊ ဘန်ဘန်ရွက်ဆောင်ရခြင်း ဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ၊မပျော်ပိုက်၍၊ငြီးငွေ့ပျင်းရိ၏၊ ဧသ—ဧသောနိဗ္ဗိန္ဒော၊ ဤသို့ခန္ဓာငါးတန်၊ ရုပ်နှင့်နာမ်ကို၊ ဘန်ဘန်ရွက်ဆောင်ရခြင်း ဝဋ်ဆင်းရဲ၌ မပျော်ပိုက်၍ ငြီးငွေ့—

ပျင်းရိသော နှုံးယောဂီသည်၊ ဝိသုဒ္ဓိယာ၊ တထောင့် ငါးရာ ကိ လေသာစင်ကြယ်ရာ၊ သဥပါဒိသေသနိဗ္ဗာနသို့ ရောက်ခြင်း၏၊ မဂ္ဂေါ၊ အကြောင်းကောနအမှန်တည်း။ ၊ဒုက္ခလက္ခဏာပြီး၏။

မြတ်စွာဘုရားသည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်း သုံး၍နေတော်မူသောအခါ၊ ငါးရာသော ရဟန်းတို့သည်၊ တရ သောကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများ အားထုတ် ကြပါကုန်သော် လည်း။ အရဟတ္တဖိုလ်ကိုမရနိုင်သောကြောင့်။ အသစ်တခြား တပါသော ကမ္မဋ္ဌာန်းကို ယူအံ့သောငှါ မြတ်စွာ ဘုရားအထံ တော်သို့လာခဲ့ကြရာ၊ မြတ်စွာဘုရားသည်၊ ကဿပ ဘုရား လက်ထက်တော်၌၊ အနှစ် နှစ်သောင်းကာလပတ်လုံး၊ အနတ္တ လက္ခဏာလေ့လာခဲ့ဘူးသည်ကို သိမြင်သောကြောင့်၊ ဤငါး ရာသောရဟန်းတို့အား။ အနတ္တလက္ခဏာ ဒေသနာကို ဟော တော်မူလို၍၊ ၊ဘိက္ခဝေ သဗ္ဗေပိခန္ဓာ အဝသဝတ္တနဋ္ဌေန အနတ္တာဇေ၊ ၊ပါဠိတော်၊ ၊ဘိက္ခဝေ၊ ငါ၏ချစ်သား၊ ငါး ရာသောရဟန်းများတို့၊ ကာမဘဝါဒိသုံကာမဘဝ၊ ရူပဘဝ၊ အရူပဘဝတို့၌။ ဥပ္ပန္နာ၊ နေ့ညဥ့်မပြတ်၊ နာရီမလပ်၊ ဘန်ဘန် ထပ်ထပ်၊ ဖြစ်နေကြကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ် ကုန်သော၊ ခန္ဓာ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်၊ အဝသ ဝတ္တနဋ္ဌေန၊ ပုဂ္ဂိုလ်အလိုသို့မလိုက်လို၍၊ နဂိုရှိသဘောအတိုင်း ဖြစ်သောအနက်ကြောင့်၊ အနတ္တာဇေ၊ သညာ–စိတ္တ–ဒိဋ္ဌိအား ဖြင့် မှတ်ထင်မြင်မှားသော ကိုယ်မဟုတ်ကုန်သည် သာလျှင် တည်း။ ၊အနတ္တလက္ခဏာ။ ၊ဤအနတ္တလက္ခဏာကို ဟော တော်မူပြီး၍။

သဗ္ဗေဓမ္မအနတ္တာတိ၊ ယဒါပညာယ ပဿတိ။ အထ နိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသမဂ္ဂေါဝိသုဒ္ဓိယာ၊ ၊ဤဒေသနာကိုဟော တော်မူ၏။ ၎င်းဒေသနာ၏ အဆုံး၌၊ ရဟန္တာ ဖြစ်တော်မူကြ ကုန်၏။ ၊ဓမ္မပဒပါဠိတော်၊ ၊သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဓမ္မာ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်၊ အနတ္တာ၊ ပုဂ္ဂိုလ်အ

လိုသို့ မလိုက်လို၍၊ နဂိုရ်သဘောအတိုင်း ဖြစ်သောကြောင့် ကိုယ်မဟုတ်ကုန်၊ ဆုတ်၊ ဤသို့၊ ယဒါ၊ အကြင်အခါ၌၊ ယော၊ အကြင်အနတ္တကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်၊ ပညာယ၊ ဝိပဿနာဘာဝနာပညာမျက်စိဖြင့်၊ ပဿတိ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ ပုဂ္ဂိုလ်အလိုသို့ မလိုက်ခြင်းကို သဘောကြီးဟု ထင်မြင်၏၊ အထ၊ ထိုသို့ခန္ဓာငါးပါးတို့သည်၊ ပုဂ္ဂိုလ် အလိုသို့ မလိုက်ခြင်းကို သဘောကြီးဟု ထင်မြင်သည် ရှိသော်။ သော၊ ထိုအနတ္တကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ် သည်။ ဒုက္ခေ၊ ခန္ဓာငါးတန်၊ ရုပ်နှင့်နာမ်ကို၊ ဘန်ဘန်ရွက်ဆောင်ရခြင်း ဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ၊ မပျော်ပိုက်၍၊ ငြီးငွေ့ပျင်းရိ၏၊ ဧသ-ဧ သောနိဗ္ဗိန္ဒော၊ ဤသို့ခန္ဓာငါးတန်၊ ရုပ်နှင့်နာမ်ကို။ ဘန်ဘန်ရွက် ဆောင်ရခြင်း ဝဋ်ဆင်းရဲ၌မပျော်ပိုက်၍ ငြီးငွေ့ ပျင်းရိသော ယောဂီသည်၊ ဝိသုဒ္ဓိယာ၊ တထောင့် ငါးရာ ကိလေသာ စင် ကြယ်ရာ သဥပါဒိသေသ၊ နိဗ္ဗာန်သို့ရောက်ခြင်း၏၊ မဂ္ဂေါ၊ အကြောင်းဧကန်အမှန်တည်း၊ ၊အနတ္တဝဂ္ဂ၊ ။အနတ္တလက္ခဏာပြီး၏၊

---

ဤသို့ တထောင့်ငါးရာ ဂဟန္တဘသခင် ထေရ်အရှင်တို့ သည်၊ ကဿပဘုရားသာသနာတော်၌ အနှစ် နှစ်သောင်းကာ လပတ်လုံး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ၊ ယာဉ်သုံးဖြာကို၊ လေ့ လာနှိုဝ် ပွားများခဲ့ဘူး သောကြောင့်၊ နဝလောကုတ္တရ၊ သဥမ္မ ကျေးဇူး ၊အထူးအမြတ်သို့ရောက်တော်မူကြကုန်၏၊ ထိုဝတ္ထု များကို၊ အမှိတကဲ၊ သဟဲလမ်းမ၊ နိဿယရှေ့ညွှန်းပြုလျက်၊ ယခုကာလ၊ သာသနာ နေ ဝန်းထွန်းသည့်အခါ၊ သံသရာနယ် ဘွား၊ ခရီးသွားငြော့သည်၊ ပညာမျက်စိလည်ခဲ့ကြ၍၊ သမထ တည်းဟူသော ရေသိပ်ခြင်း။ ဝိပဿနာတည်းဟူသော အစာ ပွတ်သိဝ်ဆာလောင်ခြင်း အလွန်ကင်းသဖြင့်၊ ဆင်းရဲခပ်သိမ်း၊ အသင်ချေအနန္တ၊ အဆုံးအဆမရှိ ခံခဲ့ကြရသော ဒုက္ခိတသတ္တ

ဝါ၊ ဝေနေယျာတို့သည်။ ဘေးမရှိရာ၊ ခေမာသုခ၊ နိဗ္ဗုတနှင့်၊ အာသန္နတရ၊ အလွန်နီးလှသော မဂ်ဖိုလ်သို့ ရောက်ကြောင်း တရားအစစ် ဧကန်ဖြစ်သော၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ၊ ယာဉ်သုံးဖြာကို၊ သမထဝိပဿနာ ဘာဝနာ ပညာစက္ခုဖြင့်၊ နေ့ညဉ့်မပြတ်၊ နာရီမလပ်၊ ဘန်ဘန် ထပ်ထပ်၊ မှိဝဲပွါးများ၊ ဆွန်ကြိုးစား၍၊ အားထုပ်ကြကုန်လော၊ သံသရာနယ်ဘွား၊ ခရီးသွား ဧဋ္ဌသည်၊ ပညာ မျက်စိ လည်ခဲ့ကြသော ယောဂီ ပုဂ္ဂိုလ်တို့၊

အနိစ္စသညာ ဘိက္ခဝေ ဘာဝိတာဗဟုလီကတာ မဟပ္ဖ လာဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ၊ ။ဒုက္ခသညာဘိက္ခဝေ ဘာဝိတာဗဟုလီကတာ မဟပ္ဖလာ ဟောတိမဟာနိသံသာ အမတောဂဓာ အမတပရိ ယောသာနာ၊ ။အနတ္တသညာဘိက္ခဝေ ဘာဝိတာ ဗဟုလီက တာမဟပ္ဖလာဟောတိ မဟာနိသံသာ အမတောဂဓာအမတ ပရိယောသာနာ။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ ဘာဝိတာ၊ အနု ပဿနာပညာမျက်စိဖြင့် မှိဝဲပွားများ အပ်ပြီးသော၊ ဗဟုလီက တာ၊ ဝိပဿနာဘာဝနာဥာဏ်ဖြင့်၊ ဘန်ဘန်ထပ်ထပ်၊ စီးဖြန်း အပ်ပြီးသော၊ အနိစ္စသညာ၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ သည်၊ အဘန်ဘန် ဖြစ်ပျက်ခြင်းကို၊ အမြဲမရှိပါ တကားဟု၊ ကောင်းစွာသိမြင် ဆင်ခြင် မှတ်သား ခြင်းသည်၊ မဟပ္ဖလာ၊ လောကီလောကုတ္တရာ၊ ကျိုးနှစ်ဖြာအား၊ များများကြီးရှိသည်၊ ဟောတိ၊ဖြစ်၏၊ မဟာနိသံသာ၊ ပစ္စုပ္ပန် တမလွန်အား၊ များ များကြီးအကျိုးရှိသည်၊ဟောတိ၊ဖြစ်၏၊ အမတောဂဓာ၊ သေ ခြင်းကင်းရာ၊ ချမ်းသာကြီးသို့၊ လျင်စွာ ရောက်စေတတ်၏၊ အမတပရိ ယောသာနာ၊ သေခြင်းကင်းရာ ငြိမ်းချမ်းသာကြီးသို့ ရောက်လျှင်၊ အကျိုးပေးဘို့ အလုံးစုံ အကုန်အဆုံးရှိ၏။ ။ ဘိက္ခဝေ၊ရဟန်းတို့၊ ဘာဝိတာ၊ အနုပဿနာပညာမျက်စိဖြင့် မှိဝဲပွားများအပ်ပြီးသော၊ ဗဟုလီကတာ၊ ဝိပဿနာ ဘာဝနာ

ဉာဏ်ဖြင့်၊ ဘန်ဘန်ထပ်ထပ်၊စီးဖြန်းအပ်ပြီးသော၊ ဒုက္ခသညာ၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်၊ ဥပါဒ်၊ ဌီဘင်၊ အစဉ်မပြတ်၊ ဘန်ထန်ထပ်ထပ်၊ အမြဲနှိပ်စက်ခြင်းကို အလွန်ဆင်းရဲပါတကားဟု၊ ကောင်းစွာသိမြင် ဆင်ခြင်မှတ်သားခြင်းသည်၊ မဟာပ္ဖလာ၊ လောကီလောကုတ္တရာ၊ ကျိုးနှစ်ဖြာအား၊ များများကြီးရှိသည်၊ ဟောတိ၊ဖြစ်၏။ မဟာနိသံသာ၊ ပစ္စုပ္ပန်တမလွန်အား၊ များများကြီးအကျိုးရှိသည်၊ ဟောတိ၊ဖြစ်၏၊ အမတောဂဓာ၊ သေခြင်းကင်းရာ၊ နေ့ချမ်းသာကြီးသို့၊ လျင်စွာရောက်စေတတ်၏၊ အမတပရိယောသာနာ၊သေခြင်းကင်းရာ၊ နေ့ချမ်းသာကြီးသို့ရောက်လျှင်၊ အကျိုးပေးတို့ အလုံးစုံအကုန်အဆုံးရှိ၏၊ ၊ဘိက္ခဝေ၊ရဟန်းတို့၊ ဘာဝိတာ၊ အနုပဿနာ ပညာမျက်စိဖြင့်မှီဝဲအပ်ပြီးသော၊ ဗဟုလီကတာ၊ ဝိပဿနာဘာဝနာဉာဏ်ဖြင့်၊ ဘန်ဘန် ထပ်ထပ်၊ စီးဖြန်း အပ်ပြီးသော၊ အနတ္တသညာ၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည်၊ ပုဂ္ဂိုလ်အလိုသို့ မလိုက်လို၍၊ နဂိုရ်သဘောအတိုင်းဖြစ်ခြင်းကို၊ ငါမဟုတ်။ငါ့ကိုယ်မဟုတ်ပါတကားဟု၊ ကောင်းစွာ သိမြင် ဆင်ခြင်မှတ်သားခြင်းသည်၊မဟာပ္ဖလာ၊ လောကီလောကုတ္တရာ၊ ကျိုးနှစ်ဖြာအား၊ များများကြီးရှိသည်၊ ဟောတိ၊ ဖြစ်၏၊ မဟာနိသံသာ၊ ပစ္စုပ္ပန်တမလွန်အား၊ များများကြီး အကျိုးရှိသည်၊ ဟောတိ၊ ဖြစ်၏၊အမတောဂဓာ၊ သေခြင်းကင်းရာ၊ နေ့ချမ်းသာကြီးသို့၊ လျင်စွာရောက်စေတတ်၏၊ အမတ ပရိယောသာနာ၊ သေခြင်းကင်းရာ၊ နေ့ချမ်းသာကြီးသို့ ရောက်လျှင်အကျိုးပေးတို့ အလုံးစုံအကုန်အဆုံးရှိ၏၊ ၊အနိစ္စ၊ဒုက္ခ၊ အနတ္တ ပွားများခြင်း အကျိုးပြီး၏။

---

ကိမတ္တော ရာဟုလ အာဒါသော၊ ဩလောက နတ္တော ဘန္တေ။ ဝေမဝေရာဟုလပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေနကမ္မံကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝါစာယကမ္မံ

ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနသာ ကမ္မံကာ ဟဗ္ဗံ။ ၊ရာဟုလ၊ ချစ်သားရာဟုလာ၊ အာဒါသော၊ ကြေးမုံမှန်သည်၊ ကိမတ္တော၊ အဘယ်အကျိုးရှိသနည်း၊ ဣတိ၊ ဤသို့၊ ပုစ္ဆိ၊မေးတော်မူ၏၊ ဘန္တေ၊မြတ်စွာဘုရား၊ အာဒါသော၊ ကြေးမုံမှန်သည်၊ ဩလောကနတ္တော၊ မျက်နှာ၌ တော်သည်မတော်သည်၊ တင့်တယ်သည် မတင့်တယ်သည်ကို၊ သိစေခြင်းငှါ ကြည့်ရှုဆင်ခြင်ခြင်းအကျိုးရှိပါသည်ဘုရား၊ ဣတိ၊ ဤသို့။ အဝေါစ၊ကြားလျှောက်၏၊ ရာဟုလ၊ ချစ်သားရာဟုလာ၊ ဧဝမေဝ၊ ထို့အတူသာလျှင်၊ တယာ၊သင်ချစ်သားသည်၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ၊ လောကဓမ္မ၌အကျိုးရှိသည်မရှိသည်၊ လျောက်ပတ်သည် မလျောက်ပတ်သည်ကို ပညာဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင်၍ဆင်ခြင်၍၊ ကာယေန၊ကိုယ်ဖြင့်၊ ကမ္မံ၊ လောကဓမ္မဟူသမျှ၌၊ ။သုခဖြစ်ကြောင်း တရားကောင်းရ၊ ကိုယ်အမှုကို၊ ကာတဗ္ဗံ၊သတိသမ္ပဇဉ်၊ အမြဲယှဉ်၍ပြုအပ်၏၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ၊လောကဓမ္မ၌ အကျိုးရှိသည်မရှိသည်၊ လျောက်ပတ်သည် ၊မလျောက်ပတ်သည်ကိုပညာဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင်၍ဆင်ခြင်၍၊ ဝါစာယ၊နှုတ်ဖြင့်၊ ကမ္မံ၊လောကဓမ္မဟူသမျှ၌၊ သုခဖြစ်ကြောင်း တရားကောင်းရ နှုတ်အမှုကို၊ ကာတဗ္ဗံ၊ သတိသမ္ပဇဉ်အမြဲယှဉ်၍ပြုအပ်၏၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ၊ လောကဓမ္မ၌အကျိုးရှိသည်မရှိသည်၊ လျောက်ပတ်သည် မလျောက်ပတ် သည်ကို ပညာဉာဏ်ဖြင့် အဘန်ဘန် ဆင်ခြင်၍ဆင်ခြင်၍၊ မနသာ၊စိတ်ဖြင့်၊ ကမ္မံ၊ လောကဓမ္မဟူသမျှ၌ သုခ ဖြစ်ကြောင်းတရားကောင်းရ၊ စိတ်အမှုကို၊ ကာတဗ္ဗံ၊သတိသမ္ပဇဉ် အမြဲယှဉ်၍ပြုအပ်၏၊ ၊ဤဒေသနာကား၊ မြတ်စွာဘုရားသည်၊ သားတော် ရာဟုလာကို ဆုံးမတော်မူသောဒေသနာတော်တည်း၊

ဗျာယာထဘိက္ခဝေ မာပမာဒတ္တ မာပစ္စာဝိပ္ပဋိသာရိနော အဟုဝတ္တ၊ အယံခေါ အမှာကံအနုသာသနီ၊ ၊သဌာယာတန

သံယုတ်ပါဠိတော်။ ။ဘိက္ခဝေ၊ သံသရာ ဘေးကြီးကို မျှော်တွေး၍ လွန်းမင်းစွာ ကြောက်ကုန်သော သူတော်ကောင်း အပေါင်းတို့၊ ဗျာယထ၊ သီလသမာဓိပညာ ဓိးဖြင့် ကိလေသာ အမြိုက်ကို ကုန်အောင် တိုက်ရှိုကြကုန်လော၊ မာပမာဒတ္တ၊ ကိလေသာ အမြိုက်အပေါင်းကို ကုန်ကြောင်းဖြစ်သော သီလသမာဓိ ပညာတရားတို့၌ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်မနေကြပါကုန်လင့်၊ ပန္တသာ၊ အိုဘေးကြီး ရောက်သော ကာလ၊ နာဘေးကြီး ရောက်သော ကာလ။ သေဘေးကြီးရောက်ခါနီး ကာလတို့၌၊ ဝိပ္ပဋိသာရီနော၊ မဂ်ဖိုလ်နိဗ္ဗာန်လျင်မြန်စွာ ရောက်ကြောင်းဖြစ်သော သီလသမာဓိ ပညာတရားတို့ကိုငါမပြုမိပါတကားဟု နောင်တ တဘန် ပူပန်သော ကစိုးရိမ်ကြောင့်ကြ နှလုံးမသာမယာ ခြင်းတို့သည်၊ မာအဟုဝတ္ထ၊ မဖြစ်ကြပါစေကုန်လင့်၊ ဝါ၊ သေခါနီးကာလ၌ နှလုံးမသာမယာခြင်းများစွာ ဖြစ်တတ်သောကြောင့် သတိ များများကြီးထားကြပါကုန်လော၊ အယံခေါ၊ ဤသို့ဆုံးမခြင်းသည်၊ အမှာကံ၊ အဆူဆူသော ငါဘုရားတို့၏၊ အနုသာသနီ၊ အကြိမ်ကြိမ် အဘန်တန် အတန်တန် အထပ်ထပ် ဆုံးမတော်မူခြင်းတည်း။ ။ဤဒေသနာကား၊ မြတ်စွာဘုရားသည် ဝေနေယျတို့ကို တထောင်ရှစ်ရာကိုးဆဲ့နှစ်ကြိမ်တိုင်တိုင် ဆုံးမတော်မူသောဒေသနာတော်တည်း။

မာပမာဒတ္တ ဘိက္ခဝေ ပန္တာဝိပ္ပတိသာရိနော၊ မာအဟုဝတ္ထ၊ ခုနာထ၊ မစ္စုနေသသေနံ၊ ယောဇေထ မာရံပညာဝုဓေန၊ အာရဒ္ဓထ၊ယုဉ္ဇထ ဝနံဆိန္ဒထ မူလံပညာယ်ဆိန္ဒထ၊ ။ ဘိက္ခဝေ၊ ပမိုသန္တေ အိုနာ သေခြင်း စသည် တို့ကို အလွန်ကြောက် ကုန်သော သူတော်ကောင်း အပေါင်းတို့၊ မာပမာဒတ္တ၊ ယခုဘဝမဂ်ဖိုလ်ရအောင် သီလသမာဓိပညာနာတို့ကို သတိလမ္ပဇဉ် အမြဲယှဉ်၍မမေ့မလျော့ကြကုန်လင့်၊ ပန္တာဝိပ္ပတိသာရိနောမာအဟုဝတ္ထ၊ ယခုဘဝ မဂ်ဖိုလ်မရသောကြောင့်

နောက်ကာလ၌ စိုးရိမ်ကြောင့်ကြ နောင်တတတဆန်၊ ပူပန်သော
ကန္တလုံးမသာမယာခြင်း မဖြစ်ကြစေကုန်လင့်၊ ရနာထမစ္ဆုနော
သေနံ၊ သေမင်းဗိုလ်ပါကိလေသာရဲမက်ကို သမထဝိပဿနာ
ဘာဝနာပညာလက်နက်ဖြင့် ဖျက်ဆီးကြကုန်လော၊ ယောဓေ
ထမာရုံပညာဓုဓေနု၊ ကထောင်ငါးရာ ကိလေသာမာရ် ကိုယ်
တွင်းရန်ကို၊ ဝိပဿနာပညာလက်နက်ဖြင့် မှုန်မှုန်ညက်ညက်
ဖျက်စီးကုန်အောင် တိုက်ဖျက်ကြကုန်လော၊ အာဝုဓ္ဗထ၊ သေ
မင်းရန်သူကြီး ကိလေသာရန်သူကြီးနှိုးဖွာသည်ဖြစ်၍ သမထဝိ
ပဿနာကို အားထုတ်ကြကုန်လော၊ ယုဥ္ဇထ၊ နေ့ရောညဥ့်ပါ
မပျင်းသာအခါမစဲ အမြဲမကွာ သမထ ဝိပဿနာကို လုလ္လပြု
ကြကုန်လော၊ ဝနံဆိန္ဒထ၊ တထောင်ငါးရာ ကိလေသာတော
အုပ်ကြီးကို ရှင်းလင်းအောင် သမထဝိပဿနာပညာလက်နက်
ဖြင့်သုတ်သင် ကြကုန်လော၊ မူလံပညာယဆိန္ဒထ၊ အဝိဇ္ဇာနှင့်
တဏှာဗိုလ်ချုပ် အမြစ်ရှုပ်ကြီးကို ပြုတ်အောင် သမထဝိပဿ
နာပညာလက်နက်ဖြင့် ခုတ်စင်းလျက် အတင်း ဖြတ်ကြကုန်
လော၊ ။ဤဒေသနာကား၊ မြတ်စွာဘုရားသည် ဝေနေယျတို့
ကို အကြိမ်ကြိမ်အဘန်ဘန် ဆုံးမသော ဒေသနာတော်တည်း။

ဝိပဿနာယောဂီပုဂ္ဂိုလ်တို့ကျက်မှတ်ရန် ဥာဏ်တဆဲ့
ခြောက်ပါး သံ့ပေါက်ကို ပြပေအံ့၊ ။ဘောက်ပြန်လျှင်ရုပ်၊
ညွတ်လျှင်နာမ်၊ ရုပ်နာမ်နှစ်ပါးဘဲ၊ ။ရုပ်နာမ် ဖြစ်ကြောင်း၊
ကံစရောင်း၊ ကောင်း ကောင်းသိမ်းဆည်းမြဲ၊ ။ရုပ်နာမ်နှစ်
ရင်၊လက္ခဏာတ်၊ သုံးသတ်သမ္မသနဘဲ၊ ။ရုပ်နာမ်နှစ်ခု၊ ဖြစ်
ပျက်ရှု၊ မြင်မှုဥဒယဗ္ဗယဘဲ၊ ။ရုပ်နာမ်နှစ်ခု၊ အပျက်ရှု၊ မြင်မှု
ဘင်ဂ်ဘဲ၊ ။ရုပ်နာမ်ပျက်မှု၊ ဘေးကိုရှု၊ မြင်မှုဘယဘဲ၊ ။ရုပ်
နာမ်ပျက်မှု၊ အပြစ်ရှု၊ မြင်မှုဒီနဝဘဲ၊ ။ရုပ်နာမ်ပျက်မှု၊ ငြီး
ငွေ့ပြု၊ နိဗ္ဗိုလျှင်မြန်ရဘ္ဂိဘဲ၊ ။ရုပ်နာမ်တို့မှ၊ လွတ်လိုကြ ရ
မည့်မဂ်ဖိုလ်မဝေးဘဲ၊ ။မဂ်ဖိုလ်နိဗ္ဗာန်၊ ခလိုပြန်၊ တဘန်အ
ပျက်ရှုစမြဲ၊ ။ရုပ်နာမ်နှစ်ခု၊လျစ်လျူရှု၊ယခုမဂ်ဖိုလ်ရစမြဲ။ ။

ရှေ့နောက်နှစ်တန်၊ လျော်သောဉာဏ်၊ နိဗ္ဗာန်အနီးဘဲ။ ။ပုထု ဖြတ်ပြေး၊ ရိယာပွား၊ မြင်ပြေးနိဗ္ဗာန်ဘဲ။ ။သစ္စာလေးတန်၊ သိ မြင်ပြန်၊ မဂ်ဉာဏ်ကောန်ဘဲ။ ။သစ္စာလေးအင်၊ သိမြင်လျှင်၊ ကိုယ်တွင်ဖိုလ်အမြဲ၊ ။မဂ်ဖိုလ်နိဗ္ဗာန်၊ ကိပယ်ကျန်၊ ငါးတန် ဆင်ခြင်မြဲ၊ ။မဂ်ဖိုလ်နိဗ္ဗာန်၊ ကိမကျန်၊ လေးတန်ဆင်ခြင်မြဲ၊ ။ ဉာဏ်ဆဲ့ခြောက်တန်၊ သိမြင်ပြန်၊ နိဗ္ဗာန်ရစမြဲ၊ ။နိဗ္ဗာန်ရမှ၊ ချမ်းသာကြ၊ နိစ္စဋေးစမြဲ၊ ။ဝိသုဒ္ဓိမဂ်၊ ကျမ်းကထွက်၊ မိန့်ချက် ဤကျမ်းမှုလဘဲ။

ငါးတန်ဆင်ခြင်နည်းမှာ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့ ဆင်ခြင်နည်း၊ လေးတန်ဆင်ခြင်နည်းမှာ၊ ဘုရား၊ ပစ္စေကဗုဒ္ဓါရဟန္တာတို့ဆင်ခြင်နည်း၊ ။ဉာဏ်တဆဲ့ခြောက် ပါးသံပေါက်ပြီး၏။

ဝိပဿနာရှုဘွယ်ပြီး၏။

---

နမောဗုဒ္ဓသာ။ ။ဓမ္မခန္ဓရှုဘွယ်ကိုပြပေအံ့၊ ။ပကတိသာဝကအလောင်း သူတော်ကောင်းတို့။ ယခုဘဝမဂ်ဖိုလ် နိဗ္ဗာန်လျင်မြန်ရဘို့ပယ်ချန်ရနှင့် အားထုတ်မှုတရားရကား၊ ။ ရုပ်နာမ်ခန္ဓာအာယတနဓါတ်တို့၏ မပြတ်ဖြစ်ရာ သံသရာဘေး ကြီးကို-အလွန်အမင်း ကြောက်ထိတ်လန့်ခြင်း အားကြီးသော သမထဝိပဿနာ ထင်မြင် ပြီးသော ပကတိသာဝက နှေယျ ပုဂ္ဂိုလ်တို့သည်။ ပလိဗောဓကြီး ဆယ်ပါး၊ ရနေအပ် ဆဲ့ရှစ် ရပ်၊ အသပ္ပါယ ခုနှစ်ပါးတို့ကိုပယ်ခြင်း၊ သပ္ပါယ ခုနှစ်ပါး၊ ကျောင်းအင်္ဂါငါးပါး၊ ကသိဏဆယ်ပါး၊ ရဆင် ဆဲ့သုံး ပါးတို့ကို မှီဝဲခြင်း၊ ကမ္မီယတပုဒ်၏ အနက် အဓိပ္ပါယ်ကို ဆင်ခြင်ခြင်း၊ မေတ္တာပို့ခြင်း၊ သံဝေဂဝတ္ထုရှစ်ပါး၊ ဗောဇ္ဈင်ခု နစ်ပါးတို့ကို နေ့တိုင်းနေ့တိုင်းဆင်ခြင်ခြင်း၊ ဝီရိယာရမ္ဘဝတ္ထု ရှစ်ပါး၊ သမ္ပဇညပဗ္ဗခုနှစ်ဌာန၊ သမ္ပဇညလေးပါးတို့နှင့် အညီ သမထဝိပဿနာတို့ကို အားထုတ်ခြင်း။ ဆိုအပ်ခဲ့ပြီးသော တ

ရားတို့နှင့်အညီ သမထဝိပဿနာတို့ကို အားထုတ်လျှင် မကြာ ခင်နိဗ္ဗါန်ခွင်ကိုမဂ်ဉာဏ်ဖြင့်သိမြင်လိမ့်မည်၊ ယခုဘဝ ပဒပရ မဂ္ဂပုဂ္ဂိုလ်ဖြစ်လျှင်။ နောက်ဘဝမဂ်ဖိုလ်ကို လျှင်မြန်စွာ ရလိမ့် မည်၊ထို့ကြောင့်၊တရားကိုလွန်ကြိုးစား၍အားထုတ်ကြလေ၊

ထိုတရားတို့တွင်၊ နိဗ္ဗာန်ကား၊ သဥပါဒိသေသနိဗ္ဗာန်ကို ဆိုလိုသည်၊ ၊ပလိဗောဓကြီးဆယ်ပါးကား၊ ၊ဉာတိ ကု လ၊သာဘ မှုသစ်ကျောင်း၊ ဂိုဏ်းမထောင်ဘဲ၊ ရောဂါစွဲလည်း ကျင့်မြဲမပြတ်၊ ရွတ်ဘတ် သရဇ္ဈာယ်၊ ကျမ်းဝယ် ရေးမှတ်၊ ဟောတတ်ပယ်ခွါ၊ ဝေးစွာအနီး ခရီးမသွား၊ တန်ခိုးအားကို ထင်ရှားမပြ၊ အာဝါသကိုဖြတ်ကြဝေးစွာ၊ ဆယ်ဗောဓာသည်၊ ဘာဝနာဆုတ်ယုတ်ကြောင်းထည်း။ ၊တရားမခက်၊ ဗော ဖျက်၊မဂ်ဖိုလ်တား၍ဆယ်ပါးတည်း၊

တဆဲ့ရှစ်ရပ်ကား၊ ၊တိုက်ကြီး၊တိုက်အို၊တိုက်မြို့လုပ် စ၊မဂ္ဂလာနီးချီးမွမ်းတမူ၊ ရှင်လူရောပြွမ်း၊ ထုံးအိုင်ကန်နီး၊ ပွင့် သီးများရော လယ်ကွင်းသာနှင့်၊ သွားလာ သောသော ဟင်း ရွက်ပေါနှင့်၊ ထင်းတောနီးရော၊ မြို့ရွာနီးနေ၊ ကုန်းဆိပ်ရေမှားဝိ သဘာဟု၊ ခုန်သူရဟန်း၊ တခန်းမင်းဘေး မဝေးနီးစပ်တိုင်း ကြပ်ရွာမှီး၊ ပစ္စည်းမသင့္ဂါ ဖြည့်စွန်ရွာနှင့်၊ များစွာဘေးရန် ဆက် ဆံ သည်ကျောင်း၊မိတ်ကောင်း ဆရာ ကင်း ဝေး ရာ ဟု၊ဆဲ့ရှစ်ခုသည်၊ကျောင်းမှုပယ်ရန်အရပ်တည်း၊

သပ္ပါယခုနှစ်ပါးကား၊ ၊ကျောင်းငါးအင်္ဂါ၊ ဆွမ်းခံရွာ ဟု၊ဥတု၊ထောအနု၊ယာပထနှင့်၊ ပုဂ္ဂလ၊စကား၊ ခုနှစ်ပါး၊ တရား လွန်တိုးပွားကြောင်းဘဲ၊ ၊ထိုမှပြန်သော အားဖြင့်၊ အသပ္ပါ ယခုနှစ်ပါး၊

ကျောင်းအင်္ဂါငါးပါးကား၊ ၊ဆွမ်းခံရွာကျေး၊ မဝေး နီးဝေး၊ မရော လူရှင်၊မှက် ခြင် ခြွေနည်း၊ ပစ္စည်းမိတ်ဆွေရ လွယ်ထေး၊ငါးထွေကျောင်းအင်္ဂါ၊

ကထာဝတ္ထုဆယ်ပါးကား၊ ၊အာရုံလိုနည်း၊ ပစ္စည်း

ရောင့်ရဲ၊ အမြဲမကွာဆိတ်ငြိမ်ရာနှင့်၊ ကာမဘာကင်းမှုမရှိစကား၊ တရားထုတ်ခြင်း၊မယွင်းသီလ၊မိစ္ဆာဟု၊ ဘာဝနာပညာ၊ ဖိုလ်ပညာနှင့်၊ ပညာပစ္စဝေက္ခဏာဆင်ခြင်ရာသည်၊ ကထာဝတ္ထု ဆယ်ပါးတည်း။

ရတင်တဆဲ့သုံးပါးကား၊ ၊ပံသု၊တေစီဝတ်ရုံမှီလျက်၊ ဖွည့်လည်မပြတ်ပိဏ္ဍပါတ်ကို မလပ်စေရ။ ပဒါနနှင့်၊ ဧက အာသနေ၊ ခွက်မထွေဘဲ၊ စားသေခသု ဌက်သိုပြု၍၊နေမှုတော တွင်း၊သစ်ပင်ရင်းက၊လွင်တီးမှလျှင်၊ တစသုသာန်၊ ထိုက်တန် အလျော်လျှပ်ပေါ်မရှိ သန္တတိဖြင့်၊ နိသဇ်ရတင်၊ ဆဲ့သုံးအင်သည်၊လျင်မြန်နိဗ္ဗာန်ရဘို့တည်း။

ဆဲ့သုံးပါးလုံးမစွမ်းနိုင်လျှင်၊ ။တိစီဝရိက်၊ပိဏ္ဍပါတ်၊ဧ ကာသနိက်၊ အာရညကင်၊ နိသဇ်ရတင်ငါးပါးတို့ကို ဥက္ကဋ္ဌရ အောင်ဆောက်တည်ရမည်။ ၊၎င်းငါးပါး လိုရင်းကြံးမှတ်၊ ထိုငါးပါးတို့တွင်။ နိသဇ်ရတင်အမြဲဥက္ကဋ္ဌရအောင် မဆောက် တည်နိုင်လျှင်၊ ရဟန်းလူရှင်သူတော်စင်တို့မှာ နိသဇ်ရတင်ကို သမထ ဝိပဿနာ အားထုတ်သည်အခါ ဥက္ကဋ္ဌ ရအောင် ဆောက်တည်ရမည်၊နိသဇ်ရတင်သည် သမထဝိပဿနာ တ ရားအလွန်တိုးပွား၍ ကျေးဇူးများ၏၊ ဘုရားအလောင်းဂ..ကျ ရှင်ရသော့ ရတင်တေရသဆောင်သည်ဟု၊ ဇာတ် အဋ္ဌကထာ၌ လာ၏။ ၊ကရဏီယ၏အနက်ကို နေ့တိုင်းဆင်ခြင်၊ အလွန် ကျေးဇူးများ၏၊

သံဝေဂဝတ္ထုရှစ်ပါးကား၊ ပဋိသန္ဓေ၊ ဇိုး၊ နာ၊ သေ လွှယ်၊ အပါယ်လေးပါး၊ အစားရှာဘွေ၊ လွန်လေ၊နောက်မှဒုက္ခ မြင်သပ်၊ဤရှစ်ရပ်၊ ကြောက်တတ်သူတရားကျင့်နိုင်ပြီ၊ ၊ထို ရှစ်ပါးတို့တွင်၊ သေခြင်းအကြောက်ဆုံးလိုရင်းကြံးမှတ်၊ သေ ခြင်းကိုနေ့တိုင်းဆင်ခြင်၊ ၊မေတ္တာပို့နည်း၊ သေခြင်းအောက် မေ့နည်းတို့ကို၊ဒွာသာရုပ္ပဘွယ်မှာကြည့်သော၊

ဗောဇ္ဈင်ခုနှစ်ပါး ပွားကြောင်းကား၊ ၊သတိသမ္ဗောဇ္ဈ

အမြဲယှဉ်၍၊ကြည့်လေရှု၊မှီရသတိမာ၊ ဓိမုတ္တာဟု၊ လေးဖြာသတိပွားကြောင်းတည်း။

ဘင်္ဘာန်မေးမှု၊ ၀တ္ထုစင်စေ၊ ဇာန္ဒြေညီမျှ၊ နုပ္ပညကြည့်၊ ဥဿာဟ်ရှိ ယှဉ်ဖက်၊ ဆင်ခြင် နက်လှ၊ ဓိမုတ္တပ်ဟု၊ ဥဿာ ပွားကြောင်းခုနှစ်တည်း။

ဘေးကိုဆင်ခြင်၊သိမြင်အကျိုး၊ ထမ်းရိုးလိုက်ရာ၊ပိဏ္ဍာပစယ၊ဒါယဖ္ဖဟု၊သတ္ထုမဟတ္တ၊သမ္ဘပခါန်၊ ပယ်လှန်ငိုက်ခြင်း၊ ပျင်းသူကိုကြည့်၊ယှဉ်အာရဒ္ဓ၊ ဓိမုတ္တဟု၊ လုလ္လပွားကြောင်းဆဲ့တစ်တည်း။

အနှသတိအာဒိသတ္တ၊လုခကိုကြည့်၊ ယှဉ်သိနိဒ္ဓ၊ပသာဒသုတ်မ ယုတ်ပွားဘိ၊ ဓိမုတ္တိဟု၊ ပိတိ ပွားကြောင်း ဆဲ့တစ်တည်း၊

ဥတု၊ပထ၊ အညီမျှတ၊ ဘောဇကောင်းမြတ်၊ အတ္တပရပယောဂ မဇ္ဈာ၊ သာရဒ္ဓကြည့်၊ ယှဉ်အသာခဒ်၊ ဓိမုတ်မျှတ်၊ ပဿဒ္ဓိပွားကြောင်းခုနှစ်တည်း၊

၀တ္ထုစင်စေ၊ ဇာန္ဒြေမျှစွာ၊ လိမ္မာနိမိတ္တံ၊ပဂ္ဂဟ၊ နိဂ္ဂယံ၊သံပဟံသ၊ ဥပေက္ခနှင့်၊ပျံ့လွင့်သူကြည့်၊ တည်ကြည်ယှဉ်မှ၊ ဈာနပွားဘိ၊ဓိမုတ္တိဟု၊မာဓိပွားကြောင်းဆဲ့တစ်တည်း၊

ကမ္မသကနိသတ္တဖြင့်သတ္တမဇ္ဈာအသာမိက အနတ္တဖြင့်၊ သင်္ခါရမဇ္ဈာ သင်္ခါရသတ်၊ ချစ်တတ်သူကြည့်၊ ယှဉ်မဇ္ဈတ္တ၊ ဓိမုတ္တာ ဟု၊ ပက္ခာ ပွားကြောင်း ငါးပါးတည်း၊ ၊ထိုဗောဇ္ဈင် တို့တွင်၊ ဥပေက္ခာ ဗောဇ္ဈင်ကို သဘော ကျအောင် နေ့တိုင်းဆင်ခြင်၊

ဝိရိယာရန္တ ဝတ္ထု၊ ရှစ်ပါးကား၊ ၊အမှုလုပ်ဆဲ၊ လုပ်ပြီးလဲ၊စွဲ၍တရားအားထုတ်လေ၊ ၊ခရီးသွားဆဲ၊ သွားပြီးလဲ၊ ကြဲ၍တရားအားထုတ်လေ၊ ရောဂါရောက်ဆဲ၊ ပျောက်ရင်လဲ၊ ခဲ၍တရား အားထုတ်လေ၊ ၊ဆွမ်းခံစားဆဲ၊ ပြီးမှုလဲ၊ မဲ၍တရားအားထုတ်လေ၊ ၊မရ်မိုလ်လိုငြား၊ ဤရှစ်ပါး၊ ကြိုးစားတရား

အားထုတ်လေ၊ ၊အကျဉ်းကား။ ၊ကမ္မဂ္ဂ၊ ဂေလည်၊ ပိဏ္ဍ
လေးနှစ်ထီ၊ထုတ်လေ၊

သမ္မဇညလေးပါးကား၊ ၊အကျိုးရှိသည် မရှိသည်ကို သိတတ်သော ဥာဏ်သည်၊ သတ္ထကသမ္ပဇည၊ လျောက်ပတ်သည်မလျောက်ပတ်သည်ကို သိတတ်သောဥာဏ်သည်၊ သပ္ပါယသမ္ပဇည၊ ကမ္မဋ္ဌာန်းအာရုံကိုမစွန့်ဘဲ၊ အမြဲနှလုံးသွင်းရမည်ဟုသိတတ်သော ဥာဏ်သည်၊ ဂေါစရသမ္ပဇည၊ ရုပ်နာမ်ဓမ္မသဘာဝကို မတွေမဝေသိတတ်သော ဥာဏ်သည်၊ အသမ္မောဟသမ္ပဇညဟူ၍ လေးပါးအပြားရှိ၏၊ ထိုတွင်အကျိုးရှိသည်မရှိသည်ကိုဆင်ခြင်၍ အကျိုးရှိမှပြုခြင်း၊ အကျိုး ရှိသော်လည်း လျောက်ပတ်သည် မလျောက်ပတ်သည်ကိုဆင်ခြင်၍ လျောက်ပတ်မှပြုခြင်း၊ အကျိုးရှိ လျောက်ပတ်သော်လည်း၊ ကမ္မဋ္ဌာန်းကိုမစွန့်ဘဲ အမြဲနှလုံးသွင်း၍ပြုခြင်း၊ အမြဲနှလုံးသွင်း၍ ပြုသော်လည်း၊ သမ္ပဇညပဗ္ဗရနှစ်ဌာနနှင့်အညီ၊ ဝိပဿနာဘာဝနာကိုနှလုံးသွင်း၍ပြုခြင်း၊

အကျိုးရှိလတ်၊ သိမြင်တတ်၊ သတ္ထက သမ္ပဇည၊ ၊
လျောက်ပတ် သည်မှာ၊ သိမြင်ရာ၊ သပ္ပါယ သမ္ပဇည၊ ၊
လေးယာပထ၊ ကမ္မဋ္ဌာန်းမြဲက၊ ဂေါစရသမ္ပဇည၊ ၊ရုပ်နာမ်
ဓမ္မ၊ သိမြင်ကြ၊ အသမ္မောဟသမ္ပဇည၊ ၊လေးသမ္ပဇဉ်၊ ပြည့်
စုံရင်၊လျင်မြန်မဂ်ဖိုလ်ရ၊

ပြဟ္မာနတ်လူ၊ သုံးဘုံသူသည်၊ နိဗ္ဗူရဘို့အလွန်ခဲယဉ်း၏၊ ထိုနိဗ္ဗာန်ထက်၊ မဂ်ဖိုလ်ရဘို့အလွန်ခဲယဉ်း၏၊ ထိုမဂ်ဖိုလ်ထက် သမထဝိပဿနာ ထင်မြင်စွဲမြဲ အားထုတ်ဘို့ အလွန်ခဲယဉ်း၏၊ ထိုသမထဝိပဿနာထက် ပလိဗောဓကြီး ကိုးပါးကိုဖြတ်ဘို့အလွန်ခဲယဉ်း၏၊ ထို့ကြောင့်၊ ၊တရားမခက်၊ ဗောဓ
မဂ်ဖိုလ်ဖျက်၊တား ဤကိုးပါးဘဲ၊ ၊သမထ ဝိပဿနာမဂ်
ဖိုလ်မခက်၊ ပလိဗောဓကြီး ကိုးပါးဖြတ်ဘို့ အလွန်ထက် အလွန်ခက်၏ဟု ဆိုလိုသည်၊ ပလိဗောဓကြီးကိုးပါးကို အဟုတ်

အဟာတ်တကာယ်ဖြတ်အောင် ဖြတ်နိုင်ပါလျှင်၊ သမထဝိပဿ
နာမဂ်ဖိုလ်ထင်လွယ်၊ မြင်လွယ်၊ ရလွယ်၏ဟုဆိုလိုသည်၊ ထို့
ကြောင့်၊မြတ်စွာဘုရားသည်၊

ဣမေစ သုဘဒ္ဒဘိက္ခူ၊ သမ္မာ ဝိဟ ရေယျုံ၊ အသုညော
လောကောအရဟန္တေဟိအသာ၊ ၊ဟုဟောတော်မူသည်၊ ၊
သုဘဒ္ဒ၊သုဘဒ်ပရိဗိုက်ရဟန်း၊ ဣမေစဘိက္ခူ၊ ဤသံသရာဘေး
ကြီးကို ပညာစက္ခုဖြင့် ရှုသောသူတို့သည်ကား၊ သမ္မာ၊ နေ့
ရောညဉ့်ပါ အခါမစဲ အမြဲမကွာ ကောင်းစွာ၊ ဝိဟရေယျုံ၊သီ
လသမာဓိပညာ၊ သိက္ခာသုံးဝ မိမိကိစ္စကို အားထုတ်၍ နေကြ
ကုန်ငြားအံ့၊ လောကော၊ ဗြဟ္မာ၊နတ်၊လူ၊ သုံးဘုံသူသည်၊အရ
ဟန္တေဟိ၊ ရဟန္တာတို့မှ၊ အသုညော၊ မဆိတ်မကင်း အမြဲရှိ
ခြင်းသည်၊အသ၊ဖြစ်ရာ၏၊ ဝါ၊ဗြဟ္မာ၊နတ်၊လူ၊သုံးဘုံသူသည်၊
သီလသမာဓိပညာ မြဲစွာအားထုတ်၍ နေလျှင်၊ သောတာပန်၊
သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့အမြဲရှိရာ၏၊ ၊ဆင်ဖြူ
တော်ကလေးဖြစ်ပြီးမှ၊ ဆင်ဖြူတော်ကြီး ဖြစ်သကဲ့သို့၊ သော
တာပန်၊ သကဒါဂါမ်၊အနာဂါမ်ဖြစ်ပြီးမှ၊ ရဟန္တာဖြစ်၏ ဟူ
လိုသော်၊ရဟန္တာကို ဥက္ကဋ္ဌနည်းအားဖြင့် ဟောတော်မူ၏၊ ၊
ဤသို့ဆိုပ်အပ်ခဲ့ပြီးသည်ကား၊ ယခုဘာဝမဂ်ဖိုလ်ရဘို့ အားပေး
တရားတည်း၊

နောက်ဘဝမဂ်ဖိုလ်ရဘို့ အားပေးတရားကား၊ ၊သော
တာနုဂတာနံ ဘိက္ခဝေဓမ္မာနံဝစသာပရိစိတာနံ မနသာနုပေက္ခိ
တာနံဒိဋ္ဌိယာသုပ္ပဋိဝိဒ္ဓာနံစဏ္ဍာရောအာနိသံသာပါတိကင်္ခါ၊ ၊
တသာတဏ္ဍသုခိနော ဓမ္မပဒါနိပလဝန္တိ၊ ဒန္ဓော ဘိက္ခဝေသ
တုပ္ပါဒေါ အထသော သတ္တော ခိပ္ပံယောဝဝိသေသဂါမီ ဟော
တိ၊ ၊စတုက္ကင်္ဂုတ္တရပါဠိတော်. မဟာဝဂ်၊ ၊ဘိက္ခ
ဝေ၊ချဟန်းတို့၊ သောတာနုဂတာနံ၊ ပသာဒ သောတဖြင့် နား
ထောင်၍ဉာဏသောတဖြင့် မှတ်အပ် ကုန်ပြီးသော၊ ဝစသာပ
ရိစိတာနံ၊ နှုတ်ဖြင့်လေ့ကျင့်ရွက်ဆောင် ရွတ်ဘတ်သချ္ဇာယ်

အပ်ကုန်ပြီးသော၊ မနသာနုပေက္ခိတာနံ၊ စိတ်ဖြင့်အဘန်ဘန်အ
တန်တန်ပွားများကြည့်ရှုအပ်ကုန်ပြီးသော၊ ဒိဋ္ဌိယာ၊ ဝိပဿနာ
ဘာဝနာပညာမျက်စိဖြင့်၊ သုပ္ပဋိဝိဒ္ဓါနံ၊ ရုပ်နာမ်ဓမ္မသဘာဝကို
ကောင်းစွာထိုးထွင်း၍သိမြင်အပ်ကုန်ပြီးသော၊ ဓမ္မာနံ၊ သမထ
ဝိပဿနာတရားတို့၏၊ စတ္တာရော၊လေးပါးကုန်သော၊ အာနိသံ
သာ၊အကျိုးအာနိသင်တို့ကုံးပါတိကင်္ခါ၊ အလိုရှိအပ်ကုန်၏၊ ၊
ဘိက္ခဝေ၊ရဟန်းတို့၊တာသာ၊ ထိုလူ့ပြည်ကာသီလသမထဝိပဿ
နာတရားတို့ကို အားထုတ်ခဲ့ဘူးသောသူအား၊ တတ္တ၊ ထိုနတ်
ရွာသုဂတိသို့ ရောက်သောအခါ၌၊ သုခိနော၊ ကိုယ်စိတ်နှစ်ဖြာ
ချမ်းချမ်းသာသာ ငြေးငြေးမြမြရှိသည်ဖြစ်၍၊ ဓမ္မပဒါနိ၊ လူတို့ရွာ
က လေ့လာပွားများ အားထုတ် ခဲ့ဘူးသောသီလ သမထဝိ
ပဿနာတရားအစုတို့သည်၊ ပလဝန္တိ၊ အိပ်ပျော် ယောက်ျား
နိုးသောလားသို့ တဘွားဘွား ပေါ်ကြ လေကုန်၏၊ ဘိက္ခ
ဝေ၊ ရဟန်းတို့၊ သတုပ္ပါဒေါ၊ နောက်နောက် ဘဝရောက်
သော ကာလသတိရခြင်းသည်၊ ဒန္ဓော၊ နှေးသေး၏၊ အထ၊
ထိုသို့နောက်နောက် ဘဝ ရောက်သောကာလ သတိ ရသော
အခါ၌၊ သောသတ္တော၊ ထိုလူ့ဘဝက သမထ ဝိပဿနာလွန်
စွာကြိုးကုတ် အားထုတ် ခဲ့ဘူးသော နတ်သားသည်၊ ခိပ္ပမေ
ဝ၊လျင်စွာ သာလျှင်၊ ဝိသေသဂါမီ၊ မဂ်ဖိုလ် တရားထူးဘဝ
ကူးရင်သိမြင်ရောက်ဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏၊ ၊သမထ
ဝိပဿနာယောဂီပုဂ္ဂိုလ်တို့သည်၊ နောက်နောက်ဘဝ ရောက်
ကာလ မိမိတို့အလိုအလျောက် ဉာဏ်ဘောက်ထွင်းသော သ
တိရှိ၍မဂ်ဖိုလ်ရခြင်းပဌမအကျိုး၊ ဘုရားရဟန္တာ အရိယာတို့
ဓမ္မာနုဂ္ဂဟာဖြင့်သတိပေး၍ မဂ်ဖိုလ်ရခြင်း ဒုတိယအကျိုး၊ ဓမ္မ
ကထိကနတ်သားတို့ တရားကိုသတိပေး၍ မဂ်ဖိုလ် ရခြင်းတ
တိယအကျိုး။ အသက်ကြီးနတ်များက တရားကို သတိပေး၍
မဂ်ဖိုလ်ရခြင်းစတုတ္ထအကျိုး၊ အာနိသင်လေးအင်တို့ကို ရအပ်
ကုန်၏၊ ထို့ကြောင့်သမထဝိပဿနာတရားကို လွန်ကြိုးစား၍

အားထုတ်ကြပါ၊ သံသာရ ဘယာဘိရုကာ သံဝေဂဗဟုလာသမ ထပိပဿနာယောဂီပုဂ္ဂိုလ်ပွန်တို့၊

ဓမ္မာစ္ဆရှုဘွယ်ပြီး၏၊

---

နမောဗုဒ္ဓာသာ၊ ၊ဓမ္မသာရ ရှုဘွယ်ကို ပြပေအံ့၊ ၊သမထပိပဿနာ ယောဂီပုဂ္ဂိုလ်တို့ မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်ရအံ့ အားထုတ်ရန်တရားကား၊ ၊မိမိကိုယ်မှာ၊ သုခိတာ၊ ချမ်းသာ ရလို့၏တည်း၊ ၊အရပ်တွင်းမှာ၊ သတ္တဝါ ချမ်းသာ ရကြပါစေကုန်သတည်း၊ ၊အရပ် တောတောင် တို့မှာ၊ နတ်ဒေဝါ ချမ်းသာရကြပါစေ ကုန်သတည်း၊ ၊မြို့ရွာတို့မှာ၊ လူများစွာ၊ ချမ်းသာ ရကြ ပါစေကုန်သတည်း၊ ၊ခေတ်သုံးပါးမှာ၊ ဝေနေယျာ၊ ချမ်းသာရကြပါစေကုန်သတည်း၊ ၊မေတ္တာပို့နည်း၊

ငါနှင့်ရှယ်တူ၊ငါ့အောက်လူ၊ကြီးသူသေခြင်းများလှပြီ၊ ၊ဖြစ်ခြင်းပျက်ခြင်း၊ လျင်မြန်ပြင်း၊ သေခြင်းငါလည်းနီးလှပြီ၊ ၊မရဏဘေးကြီး၊ အလွန်နီး၊ ခုလည်းသေမည်မသိပြီ၊ ၊ငါမသေခင်၊ မဂ်ဖိုလ်ပင်၊ လျင်မြန်ရအောင်အားထုတ်မည်၊ ၊မဂ်ဖိုလ်ရမှ၊ နိဗ္ဗာန၊ နိစ္စချမ်းသာမည်၊ ၊သေခြင်း နှလုံးသွင်းနည်း၊ ၊ပြီးလျှင်ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကိုစီးဖြန်း၊

သုံးဆဲ့နှစ်တွဲ၊အရိုမွဲ၊မလွဲရှု ရှာဘွယ်ကြီးပါတကား၊ ကောဋ္ဌာသရုပ်၊ အကောင်ပုတ်၊ စက်ဆုပ် ဘွယ်ကြီး ပါတကား၊ ၊မိမိကိုယ်မှာ၊ အဝတ်တန်ဆာ၊မဆင်ပါလျှင်၊ ရှုစရာ ရုပ်ကြီးပါတကား၊ ၊ကိုးဒွါရမှ၊ ထွက်သမျှ၊ ရုပ်မစင်ချည်း ပါတကား၊ ၊အကုသလ၊ ဟူသမျှ၊ နာမ်မစင်ချည်း ပါတကား၊ ၊မိမိကိုယ်မှာ၊ ဒုဂ္ဂန္ဓာ၊ ရှုရှာဘွယ်မစင်အိုးကြီးပါတကား၊ ၊မိမိကာယ၊ အသုဘ၊ မနှစ်သက်ဘွယ်ချည်း ပါတကား၊ ၊သူတပါးကာယ၊ အသုဘ၊ မနှစ်သက်ဘွယ်ချည်းပါတကား၊ ၊အသုဘရှုနည်း၊

ပဝတ္တ ဘယံ၊ဘဝအတန်တန်၊အဋ္ဌာတ္တသင်္ခါရ၊ရုပ်နာမ်

ခန္ဓာအာယတန ဓာတ်တို့၏၊ မပြတ်ဆက်ခါ ဆက်ခါ ဖြစ်ပျက်၍နေရခြင်းသည်၊ အလွန်ဆင်းရဲသော ဒုက္ခသဘောတရား ငြ ကန်အမှန်ပါတကား။ ။ဒုက္ခဘာဝနာနှလုံးသွင်းပုံ၊ ။အပဝတ္တခေမံ၊ ရုပ်နာမ်ခန္ဓာအာယတနဓာတ်တို့၏၊ မပြတ်ဖြစ်ပျက်ခြင်းဆင်းရဲခပ်ဆိမ်း ကုန်ငြိမ်းအေးသောသန္တိသဘောသည်၊ အလွန်ချမ်းသာသောနိဗ္ဗာန်သဘော တရားကေန်အမှန်ပါတကား။ ။နိရောဓသစ္စာနှလုံးသွင်းပုံ၊

တွန့်တိုမျှင်းရိ၊ဝမ်ပိုဒိ၊ မြောက်ဘိဗောဓ္ဈင်သုံးပါးဘဲ၊ ။စိတ်ပျံ့လွင့်ရာ၊ ပဿဒ္ဓိခါ၊ နှိပ်ပါ ဗောဇ္ဈင် သုံးပါးဘဲ၊ ။ကမ္မဋ္ဌာန်းပင်၊ မသက်ဝင်၊ ကြည်လင်သုံးဝေ ရွှင်စေမြဲ၊ ။ကမ္မဋ္ဌာန်းပင်၊သက်ဝင်လျှင်၊ ထင်မြင်သလိုရှုစမြဲ၊ ။မိမိရလို၊ မြတ်မင်္ဂဖိုလ်၊စိတ်ကိုညွတ်ကိုင်းရှိုင်းစမြဲ၊ ။သုခအမှန်။ နေးနိဗ္ဗာန်၊ ဆန္ဒအလွန်ရှိစမြဲ၊ ။ဤသအရပြည့်စုံက၊ ဒိဋ္ဌနိဗ္ဗာန်သိမြင်မြဲ၊ ။ငင်းတရားတို့ကို ရအောင် ကျက်ရမည်၊ ။ငင်းတရားတို့တွင် ဇရာဦးစွာမေတ္တာကို သုံးကြိမ်ဆို၊ ။ပြီးလျှင် သေခြင်းတရားကိုသုံးကြိမ်အောက်မေ့၊ ။ပြီးလျှင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို တနာရီစီးဖြန်း၊ ။ပြီးလျှင်မိမိကိုယ်ကိုဆယ်ကြိမ်အသုဘရှု၊ ။ပြီးလျှင် ဒုက္ခသစ္စာကို ဘာဝနာမယဉာဏ်ဖြင့် ထင်မြင်အောင် အဘန်ဘန်ဆင်ခြင်၊ ။ပြီးလျှင် နိရောဓသစ္စာကို အနုမာနဉာဏ်ဖြင့် ထင်မြင်အောင် အဘန်ဘန်ဆင်ခြင်၊ ။ဗုဒ္ဓါနုဿတိမှာ တနေ့ တနေ့ကို သုံးကြိမ်စီးဖြန်း၊ တကြိမ်တကြိမ် စီးဖြန်းလျှင် တနာရီစီးဖြန်း၊ တနာရီထက်လွန်လျှင် ကိုယ်ရောဂါရောက်တတ်၏၊ လျော့လွန်းလျှင် စိတ်ရောဂါ ရောက် တတ်၏၊ မလျော့မတင်းစောင်းကြိုးညှင်းသကဲ့သို့ နည်းခင်းစီးဖြန်းလေ၊ ။ဗုဒ္ဓါနုဿတိထင်မြင်လျှင်၊ ကြွင်းသောတရားတို့သည်၊ ထင်မြင် လွယ်ကုန်၏၊ ဗုဒ္ဓါနုဿတိကို လိုရင်းကြီးမှတ်၊ ထို့ကြောင့်၊ ။သမာဓိဘိက္ခုဘောဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံပဇာနာတိ၊ ။ဟုဟောတော်မူ၏၊

ခယ်ဝိပိကား၊ ဓမ္မဝိစယ၊ ဝိရိယ၊ ပီတိ၊ ဗောဇ္ဈင်သုံးပါး၊ ထိုတွင်နက်နဲသော ဝိပဿနာဉာဏ် ပဋိစ္စသမုပ္ပါဒ် စသည်တို့ကို နှလုံးသွင်းခြင်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ သမပဓာန်လေးပါး စသည်ကို နှလုံးသွင်းခြင်းသည် ဝိရိယ သမ္ဗောဇ္ဈင်၊ အလွန်ကြည်ညိုဖွယ်သော ဘုရားဂုဏ် စသည်ကို နှလုံး သွင်းခြင်း သည်ပီတိသမ္ဗောဇ္ဈင်၊ ကမ္မဋ္ဌာန်းကို အားထုတ်၍ ဖျင်းရိသော အခါ၊ ၎င်းဗောဇ္ဈင်သုံးပါးကိုနှလုံးသွင်း၊

ပယ်မိခါကား၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ၊ ဗောဇ္ဈင်သုံး ပါးတို့တွင် ကိုယ်စိတ် ချမ်းသာရအောင် ဣရိယာပထ၊ ဥတု ဘောဇန စသည်တို့ကို သပ္ပါယ ဖြစ်အောင် နှလုံးသွင်းခြင်း သည်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ကမ္မဋ္ဌာန်းကို မထင် ထင်အောင် ကမ္မဋ္ဌာန်းထဲ၌ စိတ်စွဲအောင် အားထုတ်ခြင်း စသည်ကို နှလုံး သွင်း ခြင်းသည်၊ သမာဓိ သမ္ဗောဇ္ဈင်၊ သတ္တဝါနှင့် သင်္ခါရ စသည်ကို အာရုံ မပြုဘဲ လျစ် လျူ ရှုခြင်းသည် ဥပေက္ခာ သမ္ဗောဇ္ဈင်၊ ကမ္မဋ္ဌာန်းကို အားထုတ် ၍စိတ်ပျံ့လွင့်သောအခါ၊ ၎င်းဗောဇ္ဈင်သုံးပါးကို နှလုံးသွင်း၊ ၊၎င်းဗောဇ္ဈင်တို့ကို အကျယ်သိလိုမူ ဓမ္မခန္ဓရှုဖွယ်ဗောဇ္ဈင် ခုနှစ်ပါး ဖြစ်ကြောင်းမှာ ကြည့်လေ၊

ကြည်လင်သံဝေ၊ ရွှင်စေမြဲကား၊ ရတနာသုံးပါးဂုဏ်၊ သံဝေဂရှစ်ပါးတို့ကို နှလုံးသွင်းဆိုလိုသည်၊ ထိုတရားတို့တွင်ဘုရားဂုဏ်နှင့် သေခြင်းကို နှလုံးသွင်းခြင်းသည်၊ အလွန်ကြည်လင်ဆုံး၊ အလွန် ထိတ်လန့်ဆုံး၊ ကမ္မဋ္ဌာန်း၌ စိတ်မသက်ဝင်သောအခါ၊ ဘုရားဂုဏ်ကိုဖြစ်စေ၊ သေခြင်း ဖြစ်စေနှလုံးသွင်း၊ ကမ္မဋ္ဌာန်း၌ စိတ်ဝင်စားသက်ဝင်သောအခါ၊ မြှောက်ခြင်း၊ နှိပ်ခြင်း၊ ရွှင်စေခြင်းတို့ကိုမပြုဘဲအာရုံထင်မြဲတိုင်း၊ ဉာဏ်ထင်မြဲတိုင်းစီးဖြန်း၊ ပကတိသာဝကရဟန္တာလောင်းတို့မှာ ကမ္မဋ္ဌာန်းကိုအားထုတ်တိုင်းအားထုတ်တိုင်း မိမိမရသေးသော မဂ်ဖိုလ်ကို ယခုရအောင် အားထုတ်မည်ဟု စိတ်ညွတ် ကိုင်းရှိုင်းရ

မည်၊ ယခုဘဝနိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် အလွန်သိမြင်ချင်သည့် ဆန္ဒရှိရမည်၊ နောက်ဘဝနိဗ္ဗာန်ကို အလွန် လိုချင်သည့်ဆန္ဒအလွန်ရောက်ချင်သည့် ဆန္ဒရှိရမည်၊ ဘုရား ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက အလောင်းတို့မှာ၊ ကမ္မဋ္ဌာန်းကိုအား ထုတ်တိုင်း အားထုတ်တိုင်း မဂ်ဖိုလ်ကိုလျင်မြန်စွာ ရအောင် အားထုတ်မည်ဟု စိတ်ညွတ်ကိုင်းရှိုင်းရမည်၊ နိဗ္ဗာန်ကိုအလွန် လိုချင်သည့်ဆန္ဒအလွန်ရောက်ချင်သည့်ဆန္ဒရှိရမည်၊

ဒိဋ္ဌေဝသိမြင်မြဲဆိုသည်ကား၊ နေယျပုဂ္ဂိုလ်တို့မှာ ကမ္မဋ္ဌာန်း အားထုတ်၍ ယခုဘဝနိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် သိမြင်နိုင်၏ဟု ဆိုလိုသည်၊ဝါ၊ ယခုဘဝမဂ်ဖိုလ်ရနိုင်၏ဟု ဆိုလိုသည်။ ဝါ၊ ယခုဘဝသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ် နိုင်၏ဟုဆိုလိုသည်၊ ဝါ၊သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ် အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ဟုဆိုအပ်သော သဉပါဒိသေသ နိဗ္ဗာနကိုယခုဘဝမျက်မှောက်ပြုနိုင်မြဲဟုဆိုလိုသည်၊

ဤဆအရကား၊ တွန့်တိုသောစိတ်ကို မြှောက်ခြင်း၊ ပျံ့ လွင့်သော စိတ်ကိုနှိပ်ခြင်း၊ ကမ္မဋ္ဌာန်း၌မသက်ဝင်သော စိတ် ကိုရွှင်စေခြင်း၊ ကမ္မဋ္ဌာန်း၌ သက်ဝင်သောစိတ်ကို အာရုံနှင့် ဉာဏ်သင်ဘိုင်းရှုခြင်း၊ မဂ်ဖိုလ်၌ စိတ်ညွတ် ကိုင်းရှိုင်းခြင်း၊ နိဗ္ဗာန်ကိုအလွန်ဆန္ဒရှိခြင်း၊ ဤခြောက်ပါးတည်း၊ ၎င်းခြောက် ပါးသည်၊ အဘိဓမ္မတ္ထသုတ်၊ သိတိဘာဝသုတ်၊ ဗောဇ္ဈင်္ဂကော သလ္လသုတ်တို့၌လာ၏၊ မေတ္တာပို့နည်းသည်၊ ဝိသုဒ္ဓိမဂ်တို့၌လာ ၏၊ အသုဘရှုနည်းသည် ဝိသုဒ္ဓိမဂ် ပဋိသမ္ဘိဒါဉာဏ်၌ လာ၏၊ သစ္စာလေးပါးသည်၊ ဝိသုဒ္ဓိမဂ် အာဒီနဝဉာဏ်၌လာ၏၊ ။မရ ဏာသတိ၏ပါဠိကား၊

မဟာသမာနဝါရမ္ဘာ၊ တဒါရမ္ဘော ဟိတေ မတာ၊ တသာ ဟာရူမရိသာဒိ၊ လေဏံပုညံ မေကတံ၊ ။ဗိရိယံအာရဘာမိ အပတ္တဿ ပတ္တိယာ အနဓိဂမဿ အဓိဂမာယ အသစ္ဆိက တဿ သစ္ဆိကိရိယာယ ယာဝမရဏာမယှံ မံနဉပဂစ္ဆတို၊

တာဝ အဟံပုရေ တရမေဝ အပဏ္ဏသာပဏ္ဏိယာ ဝိရိယံအာရ ဘိဿာမိ၊ ၊ပဗ္ဗနိပါတ်အဋ္ဌကထာ။ ၊မယာ၊ ငါနှင့်၊ သမာ အသက်အရွယ် တူကုန်သော သူတို့ သည်လည်းကောင်း၊ မ ယာ၊ ငါ့အောက်၊ နဝါ၊ အသက်အရွယ်ငယ်ကုန်သော သူတို့ လည်လည်းကောင်း၊ မယာ၊ငါ့ထက်၊ ဝုဍ္ဍာ၊ အသက်အရွယ် ကြီးကုန်သော သူတို့ သည်လည်းကောင်း၊ တေသဗ္ဗေ၊ ထိုအ လုံးစုံသောသူတို့သည်၊ တဒါရမဲဖော်၊ ထိုဖျွားခြင်း၊ နာခြင်းအာ စရှိသော သေမင်းလက်နက်တို့ဖြင့်၊ မတာ၊ သေကြလေကုန် ပြီ၊ တထာ၊ ထိုသူတို့အလား မခြားတူစွာ၊ အဟမ္ပိ၊ ငါသည် လည်း၊ မရိသာမိ၊ ကေန်ရချသေခအံ့၊ ခေါငါအား၊ ကတံ၊ နိဗ္ဗာန်ကိုတောင့်တ၍ ပြုအပ်သော၊ ပုည္ဍဝ၊ ဒါနသိလာသမထဝိ ပဿနာ မဂ်ဖိုလ်သည်သာလျှင်၊ လေဏံ၊ ကိုးကွယ်လည်း လျောင်း ပုန်းအောင်းရာကြီး ကေန်မှန်ပါပေ၏၊ ၊ဝိရိယံအာ ရဘိဿာမိ၊ ဝိရိယံအာရဘိဿာမိဟူသည်ကား၊ ငါ၊ ဝိရိယပါရမီပြည့် အောင်သမထဝိပဿနာကို အားထုတ်ခြင်းဟူသည်ကား၊ အ ပတ္တဿ၊ တကြိမ်တခါက် မပေါက်မရောက် ဘူးသေးသော မဂ်ဖိုလ်ကို၊ ပတ္တိယာ၊လျင်မြန်ထုတ်ရောက်၊ ပေါက်ရောက်ခြင်း ငှါရင်း၊ အနဓိဂမဿ၊ တကြိမ်တခါမျှမရဘူးသေးသော မဂ် ဖိုလ်ကို၊ အဓိဂမာယ၊ တမဂ်ထက် တမဂ် နှစ်သက်ဝမ်းသာ လျင်မြန်စွာ ရခြင်းငှါရင်း၊ အသစ္ဆိ ကတဿ၊ မဂ်ဉာဏ်ဖြင့် မျက်မှောက်မသိမမြင်ဘူးသေးသော နိဗ္ဗာန်ကို၊ သစ္ဆိကိရိယာ ယ၊ ေးနိဗ္ဗာန်ကိုမဂ်ဉာဏ်ဖြင့် တမဂ်ဆက် တမဂ် နှစ်သက်ဝမ်း မြောက်မျက်မှောက်သိမြင်ခြင်းငှါရင်း၊ ယာဝ၊အကြင်မျှသောက် ကာလပတ်လုံး၊ မရဏာဓမ္မော၊ သေခြင်း သဘောတရားသည်၊ မံ၊ငါ့သို့၊နဥပဂစ္ဆတိ၊ မကပ်မရောက်သေး၊ တာဝ၊ ထိုမသေ သေးသမျှကာလပတ်လုံး၊ အဟံ၊ ငါသမထဝိပဿနာ ယောဂီ ဝတ္တိုလ်သည်၊ ပုရေတရမေဝ ၊ရှေ့းကထက်လွန်၍သာလျှင်၊ အ ပတ္တဿ၊ တကြိမ်တခါက် မပေါက်မရောက် ဘူးသေးသော

မဂ်ဖိုလ်ကို။ ပဋ္ဋိယာ၊ လျင်မြန်ထုတ်ဆောက်ပေါက်ရောက်ခြင်းငှါရင်း၊ ပိဂိယံ၊ ပိဂိယပါရမီ ပြည့်အောင်၊ အာရဘိသာသမိ၊ ငါမသေခင်ပါရမီ ဆယ်ပါးပြည့်အောင် ဒါန သီလ ဘာဝနာကိုအားထုတ်ပါတော့အံ့၊ ဝါ၊ ငါမသေခင် မဂ်ဖိုလ်ပင် လျင်မြန်စွာ ရအောင် သီလသမထဝိပဿနာကို အားထုတ်ပါတော့အံ့၊ ဝါ၊ ငါမသေခင် နိဗ္ဗာန်ခွင် မဂ်ဉာဏ်ဖြင့် ထိမြင်အောင် တရားကို အားထုတ်ပါတော့အံ့၊ ၊သမထဝိပဿနာ ယောဂီ ပုဂ္ဂိုလ်တို့ဥဒါန်းကြူးရန်။ ၊ဗောဓိ အလောင်း သူတော်ကောင်းတို့မဂ်ဖိုလ်နိဗ္ဗာန်လျင်မြန်ရဘို့ပဋိပတ်ကျင့်စဉ်ပြီး၏၊

---

တရားကိုဆွမ်းဥပမာဆောင်၍ထင်မြင်အောင်ပြပေအံ့၊ ၊ဆွမ်းစားရအောင် ရှေးဦးစွာ ဆွမ်းခံ သကဲ့သို့၊ ဝိပဿနာမဂ်ဖိုလ်ထင်မြင်အောင် ရှေးဦးစွာ သမထတရားကို အားထုတ်ရမည်။ ဆွမ်းကို ယခုဝအောင် စိတ်ထား၍စားသကဲ့သို့၊ တရားကို ယခုမဂ်ဖိုလ်ရအောင် စိတ်ထား၍ အားထုတ်ရမည်၊ ဆွမ်းကို နေ့တိုင်းနေ့တိုင်းစားသကဲ့သို့၊ တရားကို နေ့တိုင်းနေ့တိုင်း အားထုတ်ရမည်၊ ဆွမ်းကိုခရီးသွားရင်း အမှုလုပ်ရင်း ဖျားနာရင်းစားသကဲ့သို့၊ တရားကိုခရီးသွားရင်း အမှုလုပ်ရင်း ဖျားနာရင်းအားထုတ်ရမည်၊ ဆွမ်းကို ခေါက်လေးပါးမညီညွတ်၍စားလို့မကောင်းသော်လည်းစိတ်မပျက်ဘဲ မဝဝဝအောင် ကြံကြံဖန်ဖန်စားသကဲ့သို့၊ မဂ်ဖိုလ်ကို အကြောင်းတရားမညီညွတ်၍မရသေးသော်လည်း စိတ်မပျက်ဘဲ မရရအောင် ကြံဖန်ကြံဖန်အားထုတ်ရမည်၊ ဆွမ်းစားခြင်း နှုက်သည်သေမှငြိမ်း၏၊ တရားအားထုတ်ခြင်းကိစ္စသည် အရဟတ္တ မဂ်ဇမ္ပဟတ္တဖိုလ်ရမှငြိမ်း၏၊ သတ္တဝါတို့မှာ အာဟာရ ပရိယေသန ဒုက္ခသည်ငြိမ်းဖြစ်သည်အခါငြိမ်း၏၊ ပဋိသန္ဓေ၊ အို၊ နာ၊ သေခြင်းသည်နိဗ္ဗာန်ရမှငြိမ်း၏၊ ၊ပဋိသန္ဓေ၊ အို၊ နာ၊ သေခြင်းဆင်းရဲဘေးကြီးကို အလွန် အမင်း ကြောက်ထိတ်လန့်ခြင်း ရှိသော

ရဟန်းလူရှင်သူတော်စင် တို့သည် မဂ်ဖိုလ်နိဗ္ဗာန် လျှင်မြန်စွာရ အောင်တရားကို မှန်မှန်ကန်ကန်၊ နှစ်၊လ၊နေ့ရက်မပျက်စေဘဲစွဲ မြဲကြိုးစား၍အားထုတ်ကြကုန်လော့။ ။ဆွမ်းဥပမာပြီး၏။

---

မဂ်ဖိုလ်နိဗ္ဗာန်လျှင်မြန်ရဘို့ အကျဉ်းချုပ်တရားကို ပြပေ အံ့။ ။သစ္စာလေးပါး၊ တရားမထင်၊ မမြင်ကြ၍၊ လောကကြီး ပွားမှု၊ နောင်ကြီးပွားမှု၊ ပြုရမျိုးထောင်၊ ဒုက္ခဘောင်မှာ၊နောက် နောင်ဆင်းရဲရှည်ကြာဘို့ဘဲ၊ ဝါ၊ မဂ်ဖိုလ်နိဗ္ဗာန်၊ လျှင်မြန်ရဘို့ အလုပ်မဟုတ်ဘဲ၊ ။ပဋိစ္စသမုပ္ပါဒ် အကျဉ်းချုပ် မိဂါပဒဝ လဥ္ဆနနည်း ။လိုချင်တောင့်တ၊ ရဉပါဒါန်၊ စေဝင့်ရှောက်ပြန်၊ ကောန်ဒုက္ခအမှန်ဘဲ။ ။လောဘ အကျဉ်းချုပ်၊ ။မရှိသုခ၊ ရှိ ဒုက္ခ၊မချအမှန်ဘဲ၊ ။သုခ ဒုက္ခ အကျဉ်းချုပ်၊ ။မရှိသုခ၊ ပစ္စုပ္ပန်၊ နိဗ္ဗာန်အမှန်ဘဲ၊ ။ပစ္စုပ္ပန် နိဗ္ဗာန်အကျဉ်းချုပ်၊ ။ ပူရုပ်နာမ်ပူရုပ်နာမ်။ ။တဆဲ့တမီးအကျဉ်းချုပ်၊ ။ငြိမ်းနိဗ္ဗာန်၊ ငြိမ်းနိဗ္ဗာန်၊ ။တဆဲ့တမီးငြိမ်းရာ နိဗ္ဗာန်အကျဉ်းချုပ်။ ။ပူမြဲ ပူမြဲ၊ ။သုံးဆဲ့တဘုံအကျဉ်းချုပ်။ ။ငြိမ်းမြဲငြိမ်းမြဲ၊ ။နိဗ္ဗာန် အကျဉ်းချုပ်၊ ။သုံးဆဲ့နှစ်တွဲ၊ အရိုးခွဲ၊ မလွဲရွံရှာဘွယ်ချည်း ဘဲ၊ ။ဒွတ္တိံသာကာယ အကျဉ်းချုပ်၊ ။ရှင်သေ၊ ဖြစ်ပျက် ရကုန်၊ ဆုံကွဲ၊ ပူဆင်းရဲ၊ မလွဲဒိဋ္ဌကမ္မဋ္ဌာန်းဘဲ၊ ။ကမ္မဋ္ဌာန်းအ ကျဉ်းချုပ်၊ ။သစ်ကြီးလေးပင်၊ ဒုက်တပင်ကို၊ ရှင်စေလိုချေ နွေ့လောင်း၊ သေစေလိုရေဖေးလောင်း၊ ဧင်းဒုက်ပင်သေလျှင်၊ သု ခပင်ပေါက်၊ လျှင်မြန်စွာ နိဗ္ဗာန်ရောက်မြဲ၊ သစ္စာလေးပါးအ ကျဉ်းချုပ်၊ ။ကိုယ်နှင့်နှုတ်ကို၊ဆုမ္မလို၊မဂ်ဖိုလ်ရစမြဲ၊ ။ဝိနည်း အကျဉ်းချုပ်၊ ။ပငိုသန္ဓေ၊ ဒိုနာသေ။ ကြောက်လေကျင့်သူ မဂ်ရမြဲ၊ ။သုတ္တန်အကျဉ်းချုပ်၊ ။ရုပ်နာမ်ဖြစ်ပျက်၊ ထင် မြင်ချက်၊မဂ်ဖိုလ်လျှင်မြန်ရစမြဲ၊ ။အဘိဓမ္မာအကျဉ်းချုပ်၊ ။ စိတ်ကိုကောင်းအောင်၊ သတိဆောင်၊ ငြိမ်းအောင် နိဗ္ဗာန်သိမြင် မြဲ၊ ပိဋကတ်သုံးပုံအကျဉ်းချုပ်၊ ။မဂ်ဖိုလ်ရပြန်၊ ငြိမ်းနိဗ္ဗာန်၊

စိတ်ကြံတိုင်းမိုလ်စိတ်ချည်းဘဲ၊ မိုလ်ဝင်စားမြဲ၊ ။လောကုတ္တရာတရားအကျဉ်းချုပ်၊ ။မဂ်ဖိုလ်နိဗ္ဗာန် လျင်မြန်ရဘို့၊ အကျဉ်းချုပ်တရားပြီး၏၊ ။ဓမ္မသာရရှုဘွယ်ပြီး၏၊

---

နမောဗုဒ္ဓဿ၊ ။မာရ်စစ်သည်ဆယ်တပ် တိုက်သတ်ရန်ရှုဘွယ်ကို ပြပေအံ့၊ ။စစ်သည် ဆယ်တပ်ကို ပေါက်အောင် တိုက်နိုင်မှ၊ မြို့ကိုရ၍ နန်းထိုင်ရသော မင်းအဖြစ်သို့ရောက်သကဲ့သို့၊ မာရ်စစ်သည်၊ ဆယ်တပ်ကို ပေါက်အောင်တိုက်နိုင်သော ယောဂီပုဂ္ဂိုလ်မှ၊ အရိယာအသင်းပါး၍ နိဗ္ဗုတာဒေးမြို့နန်းကြီးကိုရမည်၊ မာရ်စစ်သည်ဆယ်တပ်ကို၊ ။ကာမာတေပဌမာသေနာ၊ ။စသည်ဖြင့်၊ မြတ်စွာဘုရားဟောတော်မူ၏၊

ကာမာရတိ ခုပ္ပိပါသာ၊တဏှာစ ထိနမိဒ္ဓကာ၊ ဘီရုဝိစိကိစ္ဆာမာနော၊ လာဘာဒျုက္ကံသနာဒယော၊ ။သောနမုစိနော သေနာ၊ မာရဿာ ဘိပ္ပဟာရိနီ၊ နတံအသူရောဇိနာတိ၊ ဇေတွာဝလဘတေသုခံ၊ ။သင်္ဂဟဂါထာ၊ ။ကာမာ၊ ရူပသဒ္ဒစသည် အာရုံကာမဂုဏ်ငါးပါးတို့ရင်း၊ အရတိ၊ ရသေ့ရဟန်းသီလရှင်သူတော်စင်အဖြစ်၌ မပျော့ပျော်ခြင်းရင်း၊ ခုပ္ပိပါသာ၊ ဆာလောင် မွတ်သိပ်ခြင်းရင်း၊ တဏှာ၊ ဈာန္ဓာရုံကို တပ်မက်ခြင်းရင်း၊ ထိနမိဒ္ဓကာ၊ အိပ်ချင်ငိုက်မြိန်း တက်ဖိန်းပျင်းရိခြင်းတို့ရင်း၊ ဘီရု၊ တောမြိုင်ချောက်၌ ဝယောက်ထည်းတည်းနေရမည်ကိုကြောက်ခြင်းရင်း၊ ဝိစိကိစ္ဆာ၊ ကမ္မဋ္ဌာန်းမတိုးမတက်လာသဖြင့်မိမိကျင့်သော သိက္ခာကို ယုံမှားခြင်းရင်း၊ မာနော၊ ငါသည်ကမ္မဋ္ဌာန်းကို လွန်စွာစီးဖြန်း အားထုတ်နိုင်ပါ၏ တကားဟု မာရ်ထောင် သွားခြင်းရင်း၊ လာဘာဒိ၊ လာဘ်သတ်ပကာမှုဇာသက္ကာရ ပရိဝါရ ကိတ္တိ ယသများခြင်းရင်း၊ ဥက္ကံသနာဒယော၊ ကိုယ်ကိုမြှောက်စားသူတပါးကို မထီမဲ့မြင်ပြုခြင်းတို့ရင်း၊မာခသော၊ သံသရာဝဋ်ဘဝဩွတ်က မလွတ်စေဘဲအဘန်

တလဲလဲ သေအောင် သတ်တတ်သော၊ နမုစိနော၊ မာရ်နတ်မင်း၏၊ ဌသာသေနာ၊ ဤစစ်သည်ဆယ်တပ်သည်၊ အဘိဘွာရှိ နို၊ သံသရာဝဋ်ဘဝညွတ်က လွှတ်အံ့ အလုပ်တရား ဆုတ်အောင်ပုတ်ခတ်နှောင့်ရှက် ဖျက်ဆီးတတ်၏၊ တံ၊ ထိုမာရ်မင်းစစ်သည်ဆယ်တပ်ကို၊ အသူရော၊ သဒ္ဓါသတိ ဝီရိယသမာဓိ ပညာလက်နက်ငါးပါးကင်း၍ရဲစွမ်းခြင်း သတ္တိမရှိသော သူညံ့သည်၊ နဇိနာတိ၊ မအောင်မြင်နိုင်၊ ဇေတွာဝ၊ လက်နက်ငါးပါး ဆောင်ထားကိုင်စွဲ သူရဲကောင်းရဲခေါင်ဖြစ်၍ အောင်မြင်နိုင်မှသာလျှင်၊ သုခံ၊ တခါရောက်ကာ၊ တခေါက်မပြန် အမြဲမှန်သော နိဗ္ဗာန်ချမ်းသာကြီးကို၊ လဘတေ၊ ရနိုင်ရောက်နိုင်၏၊ ။ဤကားအနက်၊

အဓိပ္ပါယ်ကား၊ ။ရူပသဒ္ဒစသည်အပြား၊ သားမယား အာရုံကာမဂုဏ်ကိုစုံမက်တပ်စွန်းသော ကိလေသာကာမသောဘတည်းဟူသော ပထမတပ်မာရ်စစ်သည်ကို မဖြိုမဖျက်နိုင်တော့မထွက်နိုင်ကြ၍ မိန်းမယောကျ်ားလူအများကဲ့အပါးပါးသောဘေးဆိုး၊ အမျိုးမျိုးသောဆင်းရဲဒုက္ခနှင့်တွေ့ကြုံ၊ အဖုံဖုံသောမကောင်းမှုအကုသိုလ်ဒုစ္စရိုက် အကျင့်ပျက်တို့ဖြင့်၊ အသက်မွေး မှားကြသျက်၊ အပါယ်နရက်သို့လား၊ သံသရာဝဋ်ဒုက္ခရှည်သျား၍၊ အများသတ္တဝါခပင်းတအင်းအင်းနှင့်၊ မာရ်မင်းနယ်ဘက်မှမလွတ်ထွက်နိုင်၊ ငေးမှိုင်၍နေကြရကုန်၏။

တံ့တော်ကံ့ပြားပညာမရှိများ၏ဩဝါဒသဖွယ်ရှိသူပနိသာယကိုရ၍သော်ငြင်း၊ စားရန်ဝတ်ရန်အကြံအစည် မတွဲခိုကိုးရာမဲ့၍သော်ငြင်း၊ သားမယားအာရုံ ကာမဂုဏ်တည်းဟူသော ပထမတပ်ကို ဖြိုဖျက်ဘောထွက်၍သာပါသော်သည်း အဘော်အဖော်မရှိ တယောက်တည်း အိပ်ရခြင်း တထပ်တည်းစားရခြင်း စာပေပိဋကတ်ပရိယတ်ပဋိပတ်တို့ကို အားထုတ်ရခြင်း စသော ရသေ့ရဟန်းသီလရှင်သူတော်စင်တို့ တရားအလုပ်ကို အားထုတ်ကျင့်ကြံရမည်ကို ခဲယဉ်းပျင်းရိဖွ၍၊ အရတီတည်း

ဟူသောဒုတိယတတ်ကိုမဖြိုဖျက်နိုင်ဘဲ၊ စာကိုင်ယောင်၊ ပုတီးကိုင်ယောင်၊ ထယောင်ထိုင်ယောင်၊ စင်္ကြံသွားယောင်၊ ယောင်တွေ အနုပွကမ်းနှင့်ပင် ကာလကုန်ကျွန်း စာပေကမ္မဋ္ဌာန်းလစ်ဟင်း၍၊မာရ်မင်းလက်နက်နိုင်ငံသို့ပါရလေ၏။

သတိသံဝေဂရ၍ အချဉ်းနှီးကာလမကုန်မကျွန်းစေရဟူ နှလုံးပြုမိ၍အရတ်တည်းဟူသောဒုတိယတတ်ကို ဖြိုဖျက်ဝါရေးခွင်သို့ဝင်တက် ပါသော်လည်း၊ ချပ္ပိပါသော၊ ဆာလောင်မွတ်သိပ်ခြင်းကို သည်းမခံနိုင်သည် အတွက် ခွေယိုင်နွမ်းချိသျက် အိပ်ရာတိုက်ခန်းက၊ မထွက်နိုင်ဘဲ၊ တတိယတတ်ထဲတွင်လက်ပြန်ကြိုးချည်တဲ၍ကစဉ့်ကရဲပါရလေ၏။

ကမ္မမဂ္ဂ၊ဂေလည၊ဒိဏ္ဍလေးနှစ်ထီ၊ ဟူသောဝီရိယာရမ္ဘဝတ္ထုရှစ်ပါးကိုနှလုံးထား၍၊ ဆာလောင်မွတ်သိပ်ခြင်းချပ္ပိပါသော တတိယတတ်ကို ဖြိုဖျက်သည်းခံ၍ တဘန်တရေးစစ်ထွက်ပြန်ရာ စက္ခု၊ သောတစသော ခြောက်ခွါရဉ့်မြင်သမျှ၊ ကြားသမျှ၊ ထင်လာသမျှ၊ ဗုဒ္ဓါရုံကိုတပ်မက်နှစ်သက်သော တဏှာလောဘဟူသော စတုတ္ထ တပ်နှင့် တွေ့ဆိုင် စစ်ရေး မပြိုင်သောကြောင့် တဏှာ၏ နိုင်ငံသို့လိုက်ပါလျက်၊ ကာမဝိတက်ဖြင့်သာ၊တတ၊တ,နေ၍ အငြေမလှ၊ စတုတ္ထတင်မှာပုံကျရလေ၏၊

အသုဘသညာကို ပွါးများဗုဒ္ဓါရုံကို နှလုံးမထားခြင်းစသည်ဖြင့်၊ သုဘသညာစိတ္တ၊ဒိဋ္ဌိဝိပလ္လာသကြောင့်ဖြစ်သော တဏှာလောဘ၊ ကာမဝိတက်ကိုနှိပ်နင်း၍ ကျမ်းဂန်ပရိယတ်အလုပ်၊ ပဋိပတ်ကမ္မဋ္ဌာန်းအလုပ်တည်းဟူသော တိုက်ပွဲတွင်းသို့ဝင်ပြန်သည်အခါ၊ ကျမ်းလာအဆိုအနက်သဘောကိုဉာဏ်မသက်ဝင်၊ ကမ္မဋ္ဌာန်း အာရုံနိမိတ်အယောင် အရိပ်မျှ မထင်သောကြောင့် မလန်းမရွှင် အိပ်ချင်စက်မှိန်း၊ တက်မှိန်းငိုက်မျဉ်းခြင်းထိနမိဒ္ဓ၊ ပဉ္စမစစ်သည်နင်း၍ စင်းလင်းငိုက် ဆိုက်ပဉ္စမတပ်၌ကျလေ၏၊

နေရောင်၊လရောင်၊မီးရောင်၊အနီးတွင်ရှိသကဲ့သို့၊အလင်း

ကိုနှလုံးသွင်းခြင်း၊ နားရွက်ကို လိပ်ခြင်း၊ နှာရှုံ့ခြင်းမျက်စဉ်းခတ်ခြင်း ဓာရိယာပုထ်ပြောင်းလဲခြင်းစသည်ဖြင့် ထိနမိဒ္ဓပဥ္စမတပ်ကိုတိုက်ဖျက်၍ စစ်ထွက်ပြန်ပါသော်လည်း၊ တောနက်ရာဌ်တဖွေ့အစိမ်းသားဘက် စသည်ကို ကြောက်တတ်၍ တဖျပ်ဖျပ်လန့်ခြင်းဟူသော၊ ဘီရုဆဋ္ဌမတပ်နှင့်တွေ့ပြန်၍ စိတ်မရဲမသန်စွမ်း ကမ္မဋ္ဌာန်းအနုရာယ် ရှုံးသွပ်ဆုတ်ထယ်၍ ပျက်တတ်၏၊

နိဿရဏ္ဍနိဗ္ဗိဝမျှ အရိုးရ အကြေ့ာပု အသားရအရေရ၊ ဘယ်တရမျှ ကြောက်အပ်စရာကြောက်တတ်စရာ၊ မရှိသည်ဖြင့်နှလုံးပြု၍၊ ဘီရုဆဋ္ဌမတပ်ကိုသတ်ဖြတ်ဖြိုဖျက်၍၊ ပဋိပတ်လမ်းသို့တက်ပြန်ရာ၊ဓုဒသနာ၇င်ဘုရားကမ္မဋ္ဌာန်းတရား၊ လိုက်သွား။ ပေါက်ရောက်သောယောဂီတို့ ကျင့်သောသိက္ခာများကိုဟုတ်မှ ဟုတ်ပါလေ၏ လေ့ာဟုယုံမှားခြင်းဝိစိကိစ္ဆာ လမ်းနှစ်မြွာသို့ရောက်၍၊ တောင်လိုလို မြောက်လိုလို။ ယောင်ချောက်ချောက်သတ္တမတပ်ထဲတွင် တဝဲလည်လည်နေ၍ ခရီးမတွင်ဘဲ မာရ်နတ်စစ်သည်မိလေ၏၊

သဗ္ဗုရိယသံသေဝသဋ္ဌမ္မဿဝန၊ ယောနိသောမနသိကာရ။ ဓမ္မာနုဓမ္မပဋိပတ်ဟူသော၊ သောတာပတ္တိယင်္ဂတရားလေးပါးကိုပြည့်စုံစေ၍ ကြည်ညိုဘွယ်သော ရတနတ္တယဂုဏ်ဖြင့်စိတ်ကိုထုံစေ၍၊ သဒ္ဓါယုံကြည်ခြင်းကိုတိုးပွါးစေလျက်၊ ဝိစိကိစ္ဆာဟူသော သတ္တမစစ်သည်ကို ဖြိုဖျက်လျက် ကမ္မဋ္ဌာန်းလမ်းသို့ ဖြောင့်တန်းစွာ တက်သွားနိမိတ်အာရုံများထင်မြင်လာသည်အခါ၊ စိတ်ကြီးဝင်၍ ငါအင်မတန်ဗုဂ္ဂိုလ်ပါတကားဟုမာန်မာနထောင်လွှား၍ တရားလမ်းချော်လွဲ မာန်မာနဟူသောအဋ္ဌမတပ်ထဲမှာဖုန်းဖုန်းကြီးလဲ၍ချုက်တတ်၏၊

မိမိကိုယ်ကိုအသုဘဇော့ဂုစ္ဆ၊ပဋိကုလမျိုး၊အဘိုးမထိုက်ဟုဆင်ခြင်လျက်မာန်တက်ကြောင်း ဝိပ္ပယုတ်လော့ဘကို ပယ်ချ၍၊ မာန်မာန်ဟူသောအဋ္ဌမတပ်ကိုနှိပ်နင်းဖြိုဖျက်၍ ကမ္မဋ္ဌာန်း

လမ်းသို့ဖြောင့်တန်းစွာတက် ငြိမ်သက်သပ္ပါယ်ကြည်ညိုဘွယ်ရှိတရားပြည့်သည့်အခါ၊ ကောင်းသောသတင်း ပျံ့သင်းကြေညာ၍ရှစ်မျက်နှာက မိုဃ်းကြီးရွာသကဲ့သို့၊ လာဘ်သပ္ပကာပူဇာသက္ကာရအဖုးအမြော် အုပ်အုပ်ကျက်ကျက် သူ့ထက်ငါဆိုက်ရောက် လာကြသည်ရှိသော်၊ လာဘ်သပ္ပကာ ပူဇာသက္ကာရမြှောက်ပင့်ကြသည်ကို သာယာနှစ်သက်၊ ရေစက်ချသား၊ အလှူခံသား၊ ဝေဘန်လသား၊ သိမ်းဆည်းလားစသည်ဖြင့်၊ တရားလမ်းသစ်ဟောင်းပြတ်စဲ၍၊ သာဘယာသ ပူဇာသက္ကာရတည်းဟူသောနဝမဟာပ်ထဲ၌ကစဉ့်ကရဲကျလေ၏။

လာဘောသက္ကာ ရောသိလောကော၊ ပူဇာပရကုလေသုစ၊ ပင်္ကောဥေသောတိအက္ခာတော၊ ဖြပ္ပစရိယာသာနာခဒ၊ ၊ နာရဒ၊ နာရဒရသေ့ငယ်၊ လာဘောစ၊ သာမည သာဘ်သပ္ပကာပေါများရာ၌ သာယာတက်ကြွသောတဏှာမာနငင်း၊ သက္ကာရောစ၊ တပါးသူတို့မရစဘူးထူးမြတ်သောလာဘ်ကို ရရာ၌သာယာတက်ကြွသောတဏှာမာနငင်း၊ သိလောကောစ၊ အခုပ်လေးမျက်နှာကြော်ငြာနှံ့ ပျံ့သည်၌ သာယာတက်ကြွသော တဏှာမာနငင်း၊ ပရကုလေသု၊ ရဟန်းလူရှင်သိသရင်တို့၌၊ ပူဇာစ၊ ပူဇော်မြတ်နိုးရှိခိုးခံရခြင်း၌ သာယာတက်ကြွသော တဏှာမာနငင်း၊ ဥေသော၊ ဤသို့ သံသရာရှည်ကြောင်း မကောင်းသောတရားရကို၊ ဖြပ္ပစရိယာသာ၊ ဘေးလွတ်ရာမှန်။ မဂ်ဖိုလ်နိဗ္ဗာန်ကိုလှမ်းသော ရဟန်းလူရှင်သူတော်စင်၏၊ ပင်္ကောဘိ၊ ကျွံနစ်မြုပ်ရာ ကိလေသာညွန်ဗွက်ကြီးဟူ၍၊ အက္ခာတော၊ ဆိုအပ်၏၊ ၊ဤဇာတ်ပါဠိတော်နှင့်အညီ၊ လာဘ်သပ္ပကာပူဇာသက္ကာရသိလောကတရားရသည်၊ ရဟန်းတရားပျက်ပြား၍ ကျွံနစ်မြုပ်ရာ ကိလေသာညွန်ပြောင်း၊ ရွံ့ဗွက်ကြီးပါတကားဟုစသည်ဖြင့်နှလုံးပိုက်၍၊ လာဘသက္ကာရနဝမတပ်ကို တိုက်ဖျက်စွန့်ခွာ၍ မဂ်ဖိုလ်သွားရာ ခရီးလမ်းကမ္ဘာဗ္ဗာန်းကို စီးဖြန်းအားထုတ်သည်ရှိသော်၊ အာရုံနိမိတ်များ ထင်သာ၊ ရုပ်နာမ်ခန္ဓာ

မျှားကိုရေးရေးထင်မြင်၍ အလွန်လျှင် အားတက်ရွှင်ပြ၊ မာန်မဟီတက်ကြွသဖြင့်၊ ငါလိုပုဂ္ဂိုလ် ယောဂီတောင် ဇမ္ဗူဒိပ်မြေမာနဝယ်၊ဘယ်ဆီတွင်မှမရှိ၊ ငါ့အမေ ငါတယောက်ကိုထွင်းထွင်းဘောက်ဘောက် မွေးတတ်ပေ၏ တကား၊ ငါမှ တပါးသောပုဂ္ဂိုလ်တို့ကား၊ စားခါအိပ်ခါ ကာလလျှား၍ အလကားနေ့ရက် ကုန်စေကြ၏၊ ငါ့ခြေထောက်လောက်ကိုမှ လှမ်း၍မှီနိုင်ကြစရာမရှိလေတကားဟု၊ မိမိကိုယ်ကိုမြှောက်စား၊ သူတပါးကိုရှုတ်ချခြင်းတည်းဟူသော၊ အတ္တုက္ကံသန၊ ပရဝမ္ဘန၊ဒသမတပ်ထဲ၌ကစဉ့်ကရဲကျလေ၏၊

နေမြင့်လေ အရှုးရင့်လေ၊တောနက်လေ ဆင်ချေးထူလေ၊ သမ္ဘာရသီး ကြီးလေ ချဉ်လေ ဟူသကဲ့သို့၊ သံသရာဝဋ် ဘဝညွှတ်မှ ထွက်လွတ်လို၍၊ ကမ္မဋ္ဌာန်းခွင် တောသို့ဝင်လျက်၊အားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည်၊ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအားထုတ်၍၊ ရုပ် နာမ်ဓမ္မ သဘာဝကိုသိလေလေ၊ မာန်မာနကျ၍ ရုပ်ကုပ် ယုတ်ယုတ် နေလေလေဖြစ်လာအောင်၊ခန္ဓာနာမ်ရုပ်ဟုတ်မှန်ရာသဘောကိုနှစ်နှစ်နောနောသဘောကျအောင်ဆင်ခြင်၍၊ အတ္တုက္ကံသန၊ ပရဝမ္ဘန၊ ဒသမ စစ်သည် ရန်အမျက်ကို မှုန့်မှုန့် ညက်ညက်ကြေအောင် ဖျက်သိမ်း၍၊ မာရ်စစ်သည် ဆယ်ထပ် ညိမ်းမှ၊ မတိမ်းမပါး၊ဉာဏ်စဉ်အတိုင်းတက်သွား၍၊ အရိယာ ထွဋ်မျှား၏ ပရိနိဗ္ဗာန်ပြုသည့် ရတိစိတ်အကုန်တွင်၊ တဘန် ပြန်သန္ဓေ နေခြင်းမရှိ၊ ဇာတ်မြုံသည့် အေးဘုံ အေးမြို့နန်းကြီးသို့ စံမြန်း၍၊ ဆင်းရဲဟူသ၍၊ ကုန်ခန်းလျက်၊ ငြိမ်းချမ်းအေးမြ၊ နိဗ္ဗာန သုခဝါတ်ကြီး တကတဲပြီး အမြဲအေးချမ်းသာကြီးကိုရလေသတည်း။ ။မာရ်စစ်သည် ဆယ်တပ် တိုက်သတ်ရန် ရှုဘွယ်ပြီး၏၊

---

နမောဗုဒ္ဓသာ၊ ။ဣန္ဒြိယသံဝရ ရှုဘွယ်ကိုပြပေအံ့၊ ။

ဣန္ဒြေခြောက်ဝ၊ မစောင့်ကြ၍၊ ဘဝများစွာ သံသရာမှာ၊ ကမ္ဘာ

ဆက်ဆက်၊ မရေတွက်နိုင်အောင်၊ ဒုက္ခဘောင်မှာ များစွာဆင်းရဲတွေ အသင်္ချေအနန္တ ခံခဲ့ရလေပြီပါတကား။ ။ဈာန်ခြောက်ဝ မစောင့်ကြလျှင်၊ ဘဝများစွာ သံသရာမှာ၊ ကမ္ဘာဆက်ဆက်၊ မရေတွက်နိုင်အောင်၊ ဒုက္ခဘောင်မှာ၊ နောက်နောင် ဆင်းရဲတွေ အသင်္ချေအနန္တ။ တွေ့ရလိမ့်ပါတကား။ ။ဈာန်ပဋိပက္ခသမုပ္ပါဒ် ခြောက်ပါး စောင့်ထိန်း ရန်။

ဈာန်ခြောက်ပါးမစောင့်ပါလျှင်။ ဗြဟ္မာနတ်လူ၊ သုံးဘုံသူ၊ နိဗ္ဗူရဘ် ငါဘုရားသော်မှ မမြင်ပါတကား။ ဈာန်ခြောက်ပါး၊ စောင့်ရှောက်ပြားပြန်၊ ဧးနိဗ္ဗာန် လျှင်မြန်ရဘ်ပါတကား။ ။ ဈာန်ယသံဝရ ခြောက်ပါးစောင့်ထိန်းရန်။

ဈာန်ခြောက်နှစ်ဆယ်၊ စွန်းကယ်နှစ်ပါး၊ပိုင်းခြားသိလျှင်၊နိဗ္ဗာန်နွှင်၊လျှင်မြန်မြင်ဘ်ပါတကား။ ။ဈာန်ခြောက်နှစ်ဆယ်နှစ်ပါးသိမြင်ရန်။

စက္ခုသောတ၊ ဃာဏ ဇိဝှါ၊ ဝါစာကာယ၊ မနသဋ္ဌ၊ သံဝရရှစ်ခု၊ စောင့်ရှောက်မှု၊ နိဗ္ဗူ လျှင်မြန်ရပါတကား။ ။သံဝရ ရှစ်ပါးစောင့်ထိန်းရန်။

စက္ခုံစပဋိစ္စရူပေစ ဥပ္ပဇ္ဇတိစက္ခုဝိညာဏံ၊ တိဏ္ဏံသင်္ဂတိဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ အယံဒုက္ခဿသမုဒယော၊ ။သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိသောတဝိညာဏံ၊ တိဏ္ဏံသင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ဝေဒနာပစ္စယာတဏှာ၊အယံဒုက္ခဿသမုဒယော၊ ။ ဃာဏဉ္စ ပဋိစ္စဂန္ဓေစ ဥပ္ပဇ္ဇတိဃာဏဝိညာဏံ၊တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ အယံ ဒုက္ခဿသမုဒယော၊ ။ဇိဝှဉ္စပဋိစ္စရသေစ ဥပ္ပဇ္ဇတိဇိဝှါဝိညာဏံ၊တိဏ္ဏံသင်္ဂတိဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ အယံဒုက္ခဿသမုဒယော၊ ။ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊ တိဏ္ဏံသင်္ဂတိဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ အယံဒုက္ခဿ သမုဒယော၊ ။မနဉ္စပဋိစ္စ ဓမ္မေစဥပ္ပဇ္ဇတိ မနောဝိညာဏံ၊

တိုလ္လှာ့သင်္ဂတိဖဿော၊ ဖဿာပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာ
တဏှာ၊ အယံဒုက္ခဿသမုဒယော၊ ၊စက္ခုံစ၊ စက္ခုပသာဒ
ဒရုပ်ကိုရင်း၊ ရူပေစ၊ အဆင်းမျိုးရုံရူပါရုံတို့ကိုရင်း၊ ပဋိစ္စ၊ စွဲ၍၊
စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ဖြစ်၏၊ တိဏ္ဏံ၊
စက္ခုပသာဒ၊ ရူပါရုံ၊ စက္ခုဝိညာဏ်သုံးခုတို့၏၊ သင်္ဂတိ၊ပေါင်း
ဆုံတွေ့ထိခြင်းသည်၊ ဖဿော၊ ဖဿမည်၏၊ ဖဿပစ္စယာ၊
ရူပါရုံကိုတွေ့ခြင်းကြောင့်၊ ဝေဒနာ၊ ရူပါရုံကို ခံစားခြင်းသည်၊
ဥပ္ပဇ္ဇတိ၊ဖြစ်၏၊ ဝေဒနာပစ္စယာ၊ ရူပါရုံကို ခံစားခြင်းကြောင့်၊
တဏှာ၊ ရူပါရုံကိုတပ်နှစ်သက်သောလောဘသည်၊ ဥပ္ပဇ္ဇတိ၊
ဖြစ်ပေါ်လာ၏၊ အယံတဏှာ၊ဤအဆင်းမျိုးရုံရူပါရုံကို ရုံမက်
တပ်နှစ်သက်သောလောဘသည်၊ ဒုက္ခဿ၊ ပဋိသန္ဓေ၊ အိုး၊နာ၊
သေခြင်းအစရှိသော ဆင်းရဲအနန္တ၏၊ သမုဒယော၊ ဘဝများ
စွာသံသရာ ကမ္ဘာအဆက်ဆက် မရေတွက်နိုင်အောင် ဖြစ်
ကြောင်းပေတည်း၊ ၊ကြွင်းသော ဆုန္ဒြေငါးပါးတို့မှာ အနက်
လွယ်ပြီ၊ ၊ဝိဘင်းပါဠိတော်၊ ၊ဆုန္ဒြေပဋိစ္စသမုပ္ပါဒ်ခြောက်
ပါးအနက်၊ ၊နည်းတြိုဣန္ဒြိယသံဝရာ၊ သောတ္တဲ့ပဿာဒိပါဏိ
နံ၊ ၊ဒေဝပုတ္တ၊ယာရဘာဝစုတိကျချင်၊ ဒုတိယဘာဝဒွိငရဲဘေး
ကြီးကျမည်ကို အလွန်အမင်းကြောက်ထိတ်လန့်ခြင်းရှိ၍ နတ်
သွီးငါးရာနှင့်တကွ တရားနာသောဗြဟ္မာယုနတ်သား၊ ဆုန္ဒြိယ
သံဝရာ၊ ဆုန္ဒြေခြောက်ပါးစောင့်ထိန်းခြင်းကို၊ အညတြ၊ကြဉ်
ထား၍၊ ပါဏိနံ၊ ဗြဟ္မာနတ်လူသုံးဘုံသူတို့၏၊ သောတ္ထိ၊ချမ်း
သာရာ ချမ်းသာကြောင်းကို၊ အဟံ၊ သင်တို့ဆရာ ငါဘုရား
သည်၊နပဿာမိ၊ပညာစက္ခုဖြင့်ကြည့်ရှု၍မြင်တော်မမူ၊ ၊
ဆုန္ဒြိယသံဝရခြောက်ပါးအနက်၊

သံဝေဂဗဟုလောဘိက္ခု၊ ဗွိတောဆုန္ဒြိယသံဝရေ၊ ဆုန္ဒြိ
ယာနိပရိညာယ၊ ဒုက္ခဿန္တံ့ကရိဿတိ၊ ၊သံဝေဂ ဗဟု
လော၊ ပဋိသန္ဓေ၊ အို၊ နာ၊သေခြင်းအစရှိသောဆင်းရဲအနန္တကို
အလွန်အမင်း ကြောက်ထိတ်လန့်ခြင်းရှိသော၊ ဘိက္ခု၊သံသရာ

ဘေးကြီးကို ပညာဉာဏ်ဖြင့်အဘန်ဘန်ရှုသောသူသည်၊ ဗျာန္တိယသံဝရေ၊ ဗျာန္တိယသံဝရသီလခြောက်ပါးတို့ကို။ ဋ္ဌတော၊ရင်ထဲ၊နှလုံးထဲ၊ ဟာဒယဝတ္ထုရင်ထဲ၌၊ အမြဲတည်စေလျက်၊ ဗျာန္တိယာနိ၊ စက္ခုန္ဒြေ၊ သောတိန္ဒြေအစရှိသော ဗျာန္ဒြေနှစ်ဆဲ့နှစ်ပါးတို့ကို၊ ပရိညာယ၊လောကဝ္ဒ ယုန်ချုလိပ်မွေး ဇုဗ္ဗနဲ့သွေး၊ ခွေးလေးတောင်ပံဖြူ ကြေနံမရှိသကဲ့သို့၊ ပရမတ္ထအားဖြင့်၊ ငါသူတပါး၊ ယောကျ်ား၊မိန်းမ၊လူ၊နတ်၊ဗြဟ္မာ၊ သတ္တဝါပုဂ္ဂိုလ်၊ ငါ့ကိုယ်၊ သူ့ကိုယ်ကြေနံမရှိ၊ ရုပ်နာမ်နှစ်ပါးသာ ကြေနံရှိပါတကားဟု ပိုင်းခြားသိမြင်၍၊ ဝါ၊ ပိုင်းခြားသိမြင်သောကြောင့်၊ ဒုက္ခသစ္စာ၊ ပရိသန္တေ၊ ဗိရိ၊ နာ၊သေခြင်းအစရှိသော ဆင်းရဲအနန္တတို့၏ ကုန်ချုပ်ငြိမ်းရာမှန်၊ နိဗ္ဗာန်ကို၊ ကရိသတိ၊ယခုဘဝ၊ နောက်နောက်ဘဝတို့၌၊ မျက်မှောက်၊ လေးမဂ်ဉာဏ်ဖြင့်၊ နိဗ္ဗာန်ကို၊ လျင်မြန်စွာ သိမြင်ထင်ထင်ကြီးပြုကြရလတ္တံ့။ ဗျာန္ဒြေနှစ်ဆဲ့နှစ်ပါးအနက်၊ အဋ္ဌကထာ၊

စက္ခုန္ဒြိယသံဝရောသာဓု၊သာဓုသောတေန္ဒြိယသံဝရော ဃာနေန္ဒြိယသံဝရောသာဓု၊ သာဓုဇိဝှါယ သံဝရော၊ ကာယေန သံဝရောသာဓု၊ သာဓုဝါစာယသံဝရော၊ မနသာသံဝရောသာဓု၊ သာဓုသဗ္ဗတ္ထသံဝရော၊ သဗ္ဗတ္ထ သံဝုတောဘိက္ခု၊ သဗ္ဗဒုက္ခာပမုစ္စတိ၊ စက္ခုနာ၊ မျက်စိဖြင့်၊ သံဝရော၊ ရူပါရုံကိုမြင်လျှင် လောဘ ဒေါသမဖြစ်ရအောင် သမထဝိပဿနာနှင့်စောင့်စည်းခြင်းသည်၊ သာဓု၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အလွန်ကောင်းပေ၏၊ သောတေန၊ နားဖြင့်၊ သံဝရော၊ သဒ္ဒါရုံကိုကြားလျှင် လောဘဒေါသမဖြစ်ရအောင် သမထဝိပဿနာနှင့်စောင့်စည်းခြင်းသည်၊ သာဓု၊ နိဗ္ဗာန်သို့၊ရောက်ကြောင်း အလွန်ကောင်းပေ၏၊ ဃာနေန၊ နှာခေါင်းဖြင့်၊ သံဝရော၊ဂန္ဓာရုံကိုနံလျှင် လောဘဒေါသမဖြစ်ရအောင် သမထ ဝိပဿနာနှင့်စောင့်စည်းခြင်းသည်၊ သာဓု၊ နိဗ္ဗာန်သို့ရောက်ကြောင်းအလွန်ကောင်းပေ၏၊ ဇိဝှါယ၊ လျှာဖြင့်၊ သံဝရော၊ ရသာရုံကိုလျက်

လျှင်လောဘဒေါသမဖြစ်ရအောင် သမထဝိပဿနာနှင့် စောင့်စည်းခြင်းသည်၊ သာရ၊၏၊ကာယေန၊ ကိုယ်ဖြင့်၊ သံဝရော၊ ပေါ်ဗ္ဗဗ္ဗာရုံကိုတွေ့လျှင် လောဘဒေါသ မဖြစ်ရအောင် သမထဝိပဿနာနှင့်စောင့်စည်းခြင်းသည်၊ သာရ၊၏၊ ဝါစာယ၊ နှုတ်ဖြင့်၊သံဝရော၊ လောဘဒေါသ မဖြစ်ရအောင် သမထဝိပဿနာနှင့်စောင့်စည်းခြင်းသည်၊ သာရ၏၊မနသာ၊စိတ်ဖြင့်၊ သံဝရော၊အာရုံခြောက်ပါး၌ လောဘဒေါသမဖြစ်ရအောင် သမထဝိပဿနာနှင့်စောင့်စည်းခြင်းသည်၊ သာရ၊၏၊ သဗ္ဗတ္ထ၊အလုံးစုံသောအာရုံခြောက်ပါး၌၊ သံဝရော၊ လောဘဒေါသ မဖြစ်ရအောင် သမထ ဝိပဿနာနှင့် စောင့်စည်းခြင်းသည်၊ သာရ၊၏၊ သဗ္ဗတ္ထ၊အလုံးစုံသောအာရုံခြောက်ပါး၌၊ သံဝုတော၊ လောဘဒေါသမဖြစ်ရအောင် သမထ ဝိပဿနာနှင့် စောင့်စည်းသော၊ ဘိက္ခု၊သံသရာဘေးကြီးကို ကြောက်သော သူသည်၊ သဗ္ဗဒုက္ခာ၊ ပငိသန္ဓေ၊ဇရာ၊ နာ၊ သေခြင်းအစရှိသောဆင်းရဲအနန္တမှ၊ပရိမုစ္စတိ၊ ထက်ဝန်းကျင်မှ မကြာခင်လျင်မြန်စွာ လွတ်နိုင်၏၊ ၊ရဟန်းငါးပါးသည်၊ သံဝရရှစ်ပါးကို စောင့်စည်း၍ သောတာပန်ဖြစ်လေ၏၊ ၊ဓမ္မပဒပါဠိတော်၊ ၊သံဝရရှစ်ပါးအနက်၊

ဝရံဘိက္ခဝေတတ္တာယအယောသလာကာယအာဒိတ္တာယာသမ္ပဇ္ဇလိတာယ သဇောတိဘူတာယ စက္ခုန္ဒြိယံသမ္ပလိမဋ္ဌံ၊ နတွေဝ စက္ခုဝိညေယျေသု ရူပေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော၊ ၊ဘိက္ခဝေ၊ ရဟန်းတို့၊ အာဒိတ္တာယ၊ ရဲရဲပြောင်ပြောင်တောက်လောင်ထသော၊ သမ္ပဇ္ဇလိတာယ၊ မီးလျှံတို့ဖြင့် ထက်ဝန်းကျင်မှ တောက်လောင်ထသော၊ သဇောတိဘူတာယ၊ တခဲနက်သောမီးလျှံနှင့်တကွ ဖြစ်ထသော၊ တတ္တာယအယောသလာကာယ၊ လောလောပူသောသံချောင်းဖြင့်၊ စက္ခုန္ဒြိယံ၊မျက်စိကို၊ သမ္ပလိမဋ္ဌံ၊ ရစ်ပတ်ဖောက်ထိုးဘောက်လေခြင်းသည်၊ဝရံ၊မြတ်သေး၏၊ စက္ခုဝိညေယျေသု၊ စက္ခုဝိညာဉ်

ဖြင့်သိအပ်ကုန်သော၊ ရှုပေသူ၊ လက်ခြေမျက်နှာပြုံးရယ်ခြင်း စကားပြောခြင်း ကြည့်ခြင်း အစရှိသောဝိသဘာဂကာမဂုဏ် ရူပါရုံတို့၌၊ အနုဗျဉ္ဇနသော၊ ကိလေသာတို့ကို အဘန်ဘန်ဖြစ်စေသဖြင့် ထင်ရှားပြသောအားဖြင့်၊ နိမိတ္တဂ္ဂါဟော၊ လုံးလုံးထျောင်းထျောင်းပေါင်း၍ တည်ဟန် မိန်းမသဏ္ဍာန်ယောကျ်ားသဏ္ဍာန်တင့်တယ်လေဟန် သုဘနိမိတ်ကိုဆန္ဒရာဂ၏ အစွမ်းအားဖြင့်ယူခြင်းသည်၊ နတွေဝဝရုံ၊ အလျှင်းမမြတ်လည်သောတည်း။ ဝါ၊ဝိသဘာဂကာမဂုဏ်ရူပါရုံကို တပ်နှစ်သက်သောစိတ်ဖြင့် ကြည့်သောထက် မျက်စိကန်းက သာလို့မြတ်သေး၏။ ။ပါဠိတော်၊

...ရူပါယတနံ အဘိနန္ဒတိ၊ ဒုက္ခံသော အဘိနန္ဒတိ၊ ယောဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တောသော ဒုက္ခသ္မာတိ ဝဒါမိ၊ ။ယော၊အကြင်သူသည်၊ ရူပါယတနံ၊ အဆင်းမျိုးရုံရူပါရုံကို၊ အဘိနန္ဒတိ၊အလွန်တပ်နှစ်သက်၏၊ သော၊ထိုအဆင်းမျိုးရုံရူပါရုံကို အလွန်တပ်နှစ်သက်သောသူသည်၊ ဒုက္ခံ၊ပဋိသန္ဓေ ဇရာ၊နာ၊သေခြင်းအစရှိသော ဆင်းရဲအနန္တကို၊ အဘိနန္ဒတိ၊အလွန်တပ်နှစ်သက်သည်မည်၏၊ ယော၊ အကြင်သူသည်၊ ဒုက္ခံ၊ ပဋိသန္ဓေ၊ဇရာ၊နာ၊ သေခြင်းအစရှိသောဆင်းရဲအနန္တကို၊ အဘိနန္ဒတိ၊ အလွန်တပ်နှစ်သက်၏၊ သော၊ ထိုသူသည်၊ ဒုက္ခသ္မာ၊ ပဋိသန္ဓေဇရာ၊နာ၊သေဖြင်းအစရှိသော ဆင်းရဲအနန္တမှ၊ အပရိမုတ္တော၊ ဘယ်ကမ္ဘာဘယ်ဘဝဘယ်နံရောအခါမှ မလွတ်နိုင်ဘို့ချည်းသာတည်း၊ ဣတိ၊ ဤသို့၊ အဟံ၊ သင်တို့ဆရာဂေါတမဘုရားသည်၊ ဝဒါမိ၊ မချွတ်ပုံသေဟောခဲ့ပေ၏၊ ။ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊

စက္ခုံ၊ရူပေနသံဝါသော၊ ရာဂပုတ္တံ ဝိဇာယတိ၊မဟာနတ္ထကရေသော စ၊ သံဝါသံတေနဝါရယော၊ ။စက္ခုံ၊ မျက်စိသည်၊ ရူပေန၊ဝိသဘာဂကာမဂုဏ်ရူပါရုံနှင့်၊ သံဝါသော၊ ကြည့်ရှုပေါင်းဖေါ်ခြင်းကြောင့်၊ ရာဂပုတ္တံ၊ ရာဂတည်းဟူသောသား

ညစ်သား ဆိုးသားယုတ်မာကို၊ ဝိဇာယတိ၊ တကြိမ်တကြိမ်
ပေါင်းဘောင်ချင်း၊ ခုနှစ်ယောက် ခုနှစ်ယောက် ဘွားမြင်လေ၏၊
ဝါ၊ တနာဂရိလောက်ကြာလျှင်၊သားပေါင်း ကုဋေ ရာထောင်မက
များလေရာ၏၊ သောဝ၊ ထိုရာဂတည်းဟူသော သားညစ် သား
ဆိုး သားယုတ်မာ သည်လည်း၊ မဟာနတ္တ ကရော၊ သံသရာ
ရှည်ကြောင်း၊ အပါယ်သွားကြောင်း၊ မကောင်းသော အကျိုးမဲ့
ကိုပြုတတ်၏၊ တေန၊ ထိုအကြောင်းများကြောင့်၊ယော၊ အကြင်
ပဋိသန္ဓေ ဒိန္နာ သေဘောကြီးတို့ကို၊ အလွန်အမင်း ကြောက်ထိတ်
လန့်ခြင်းရှိ၍၊ မဂ်ဖိုလ်နိဗ္ဗာန်ကို၊ လျင်လျင်မြန်မြန်ကြီး အလွန်
ဆန္ဒရှိသောသူသည်၊ သံဝါသံ၊ ဝိသဘာဂကာမဂုဏ် ရူပါရုံနှင့်
ကြည့်ရှုပေါင်းဖော် ခြင်းကို၊ ဝါခယေ၊ သမထဝိပဿနာတရား
နှင့်၊ မနိုင်နိုင်အောင်၊ ဆုံးမတားမြစ်ရာ၏၊ ဝါ၊မျက်စိဖြင့် ထိုထို
ရူပါရုံကို မကြည့် မရှုရာ၊ ၊ရာဂ၊ ဒေါသ၊ မောဟ၊ ကောဓ၊
ဥပနာဟ၊ မက္ခ၊ ပလာသ၊ ဣဿာ၊ မစ္ဆရိယ၊မာယာ၊သာဌေယျ၊
ထမ္ဘ၊ သာရမ္ဘ၊ မာန၊အတိမာန၊မဒ၊ပမာဒ၊ အကုသိုလ် တရား
တဆယ့်ခုနှစ်ပုဒ်၊ ရာဂပုဏ္ဏံကဲ့သို့၊ဒေါသပုဏ္ဏံ၊မောဟပုဏ္ဏံ စ
သည်ဆိုလေ၊ စက္ခုန္ဒြေ၌၊ တဆဲ့ခုနှစ်ပုဒ်ရှိ၍၊ ဂါထာပေါင်း တ
ဆဲ့ခုနှစ်ဂါထာရ၏၊ ဣန္ဒြေခြောက်ပါး၌၊ ဂါထာပေါင်းတရာနှစ်
ဂါထာရ၏၊

စက္ခုန္ဒြိအဓောခိပေယျ၊ယုဂမတ္တဒဿာဝီယာ၊ဝနမက္က
ဋ လောလဿ၊ နစိတ္တဿဝသံဝဇေ၊ ၊ယော အကြင်ပဋိ
သန္ဓေ ဒိန္နာ သေဘောကြီး တို့ကို၊ အလွန် အမင်း၊ ကြောက်
ထိတ်လန့်ခြင်းရှိ၍၊ မဂ်ဖိုလ်နိဗ္ဗာန် အလွန်ဆန္ဒရှိသော သူသည်၊
စက္ခုန္ဒြိ၊ မျက်စိတို့ကို၊ အဓော၊ အောက်သို့၊ ခိပေယျ၊ချရာ၏၊ယု
ဂမတ္တဒဿော၊ ရထားထမ်းပိုးတပြန်မျှ ကြည့်လေ့ရှိသည်၊ ဝါ၊
မျက်စိဖြင့်၊ လေးတောင်ခန့်မျှ ကြည့်၍ သွားလေ့ရှိသည်၊ သိ
ယာ ဖြစ်ရာ၏၊ ဝနမက္ကဋရလောလဿ၊ တောမျောက်ကဲ့သို့၊ ငံ့
ကွက်ကြည့်မျှော်၊ လျှပ်ပေါ် လော်ဆည်၊ မတည်ကြည့် မငြိမ်

သက်သော၊ စိတ္တသာ၊ စိတ်လေ စိတ်မိုက်၏၊ ဝသံ၊ အလို အံ ကြိုက်သို့၊ နဝဓေ၊ စက္ခုပသာဒရုပ်က မလိုက်မပြား ဦးစွမ်း ပေးရာ၊ ဝါ။ စက္ခုန္ဒြေသည်၊ စိတ်လေစိတ်မိုက်၏ အလိုကြိုက် ကို လိုက်စားစေလို၍၊ ထိုထိုအာရုံ ကာမဂုဏ်ကို မကြည့်ရာ၊

ဒုရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ၊ ယေစိတ္တံ သံယ မေဿန္တိ၊ မောက္ခန္တိမာရဗန္ဓနာ၊ ။ဒုရင်္ဂမံ၊ လျှပ်ပေါ်လေ သည်မတည်ကြည်မငြိမ်သက်သော၊တောမျောက်ကဲ့သို့၊ထိုထို ဘုံဘဝ။ထိုထိုမြို့ရွာ၊ ထိုထိုအာရုံ ကာမဂုဏ်သို့၊ ပြေးသွားတတ် ထသော၊ ဧကစရံ။လောကသုံးပါး၌၊ဘုရားများစွာ ပြိုင်၍မပွင့် ဘုရားနှစ်ဆူပြိုင်၍မပွင့်၊ ဘုရားတဆူပွင့်ပြီးမှ၊ ဘုရားတဆူပွင့် သကဲ့သို့၊ တခဏသောဝတ္ထုရှင်၌၊ စိတ်များစွာပြိုင်၍မဖြစ်၊ စိတ် နှစ်ခုပြိုင်၍မဖြစ်၊ စိတ်တခု ချုပ်ပြီးမှ၊ စိတ်တခု ဖြစ်ထသော၊ ဝါ၊ မျက်စိတမှိတ်ခန့် ကာလ၌။ ကုဋေတသိန်းမက ဖြစ်တတ် ပျက်တတ်သော သဘော ရှိထသော၊ အသရီရံ၊ မျက်လှည့် သမားပြသည်ကို သူငယ်တို့ အဟုတ်ထင်သကဲ့သို့၊ ငါ ကိုယ် သူ့ကိုယ်၊ ကောင် ဟုတ်သည်ဟု ထင်မှတ်ကြသော်လည်း၊ ငါ ကိုယ်၊ သူ့ကိုယ်ကောင်မဟုတ်၊ စိတ်ဝိညာဏ်နာမ်တရားသာ၊ ကောင်ဟုတ်ထသော၊ ဝါ၊အနိစ္စသဘော။ဒုက္ခသဘော။ အနတ္တ သဘောသာ ကောင်ဟုတ်ထသော၊ ဝါ။ ဒုက္ခသစ္စာသာကောင် ဟုတ် ထသော၊ တနည်းကား၊ အသရီရံ၊လောက၌၊ယုန်ချိုလင်မွေး ဇ ဖွန်သွေး၊ခွေးလေးတောင်ပံမြူ ကောင် မရှိသကဲ့သို့၊ ပရမတ္ထအား ဖြင့်၊ ငါသူတပါး ယောကျ်ား မိန်းမ လူနတ် ဗြဟ္မာ သတ္တဝါ ပုဂ္ဂိုလ် ငါကိုယ်သူ့ကိုယ် ကောင်မရှိ စိတ် ဝိညာဏ် နာမ်တရား သာ ကောင်ရှိထသော၊ ဂုဟာသယံ၊ ကေသရာဇာ ခြင်္သေ့မင်း သည်၊ ငွေဂူ အိုးဂူ ပတ္တမြားဂူကြီးတို့၌၊ကိန်းအောင်းစံပျော် မွေ့ လျော်သကဲ့သို့၊မြေဂူ၊မေဂူ၊ မီးဂူ၊ လေဂူ၊ဝဏ္ဏဂူ၊ ဂန္ဓဂူ၊ ရသဂူ ဩဇာဂူ၊ဇီဝိတဂူ၊ပသာဒဂူ ဤဆယ်ခုသောဂူဟုံကြီးတို့၌၊ ကိန်းအောင်း စံပျော် မွေ့လျော်ထသော၊ စိတ္တံ၊ ဆင်လေ ဆင်

လွင့်ဆင်ရိုင်းကြီးကဲ့သို့၊ ကန္တာရကရေ အသင်္ချေပင် ကြာသော်လည်း၊ သူတော်ကောင်းတို့၏ဩဝါဒဆုံးမကို အလွန်ရခဲသော စိတ်လေ စိတ်လွင့် စိတ်ရိုင်းကြီးကို၊ ယော၊ အကြင်ပဋိသန္ဓေအရိ နာသဘောကြီးတို့ကို အလွန်အမင်း ကြောက်ထိတ် ထန့်ခြင်းရှိ၍၊ မဂ်ဖိုလ်နိဗ္ဗာန်လျင်လျင် မြန်မြန်ကြီးအလွန်ဆန္ဒရှိသောသူတို့သည်၊ သံယမေသာန္တိ၊ ဆင်လေဆင်လွင့် ဆင်ရိုင်းကြီးကို ယဉ်ကျေးလိမ္မာအောင် ကျူးဖြင့်သွင်း၍ ဆုံးမသကဲ့သို့၊ စိတ်လေစိတ်လွင့် စိတ်ရိုင်းကြီးကို ယဉ်ကျေးလိမ္မာအောင်သီလသမထ ဝိပဿနာ တည်းဟူသော ကျူး၌သွင်း၍ စောင့်စည်းဆုံးမကြကုန်၏၊ တေ၊ ထိုစိတ်လေ စိတ်လွင့် စိတ်ရိုင်းကြီးကို ယဉ်ကျေးလိမ္မာအောင် သီလသမထ ဝိပဿနာတည်းဟူသော ကျူး၌သွင်း၍ စောင့်စည်း ဆုံးမနိုင်သော သူတို့သည်၊ မာရဗန္ဓနာ၊ တထောင်ငါးရာကိလေသာမာရ်သံယောဇဉ် နှောင့်ဖွဲ့ကြီးတွေမှ၊ မောက္ခန္တိ၊ လေးတန်ဉာဏ်မဂ်၊ ဓိန့်သန်လျက်ဖြင့် ခုတ်ထွက်ဖျက်ဆီး၍ လွတ်လွတ်ကင်းကင်းကြီး၊ လွတ်တော်မူကြပေကုန်လတ္တံ့၊ ဝါ၊ အပုဂ္ဂိုလ်ကြီးနယ် သုံးဆဲ့တဘုံဒုက္ခမျိုးရုံအကုန်ဇာတ်ထွက်၍ ဘဝအဆက်ဆက် မပျက်ရအောင်ပြွမ်းဆောင်နိုင်သော သံသရာဇာတ်ကြီး ရုပ်သိမ်း ဒုက္ခခပ်သိမ်းကုန်ချုပ်ငြိမ်း၍ နိဗ္ဗာန်ဧး မြို့တော်ကြီး၌ ဧးဧးမြမြကြီး ကိန်းအောင်းစံပျော်မွေ့လျော်၍ ကေန်မရချ နေကြရကုန်လတ္တံ့၊ ။ အဋ္ဌိဝိဘတ်အနာဂါဝ်ဟော၊ ။ဓမ္မပဒပါဠိတော်၊ ။ဇာတ္တိယ သံဝရဂုဏ်ပြီး၏။

---

နမောဗုဒ္ဓါသာ၊ ။အင်္ဂုတ္တရပါဠိပဒရူဘူယ်ကိုပြပေအံ့၊ ။ဗုဒ္ဓေါဗောဓေယျ၊ ကြိမ်းဝါးသံ၊နည်းခံကျင့်စမြဲ၊ ။မင်းတေဝိထု၊တရားသုံး၊လုံးလုံးကျင့်စမြဲ။ ။အဘိဓမ္မာ၊ သမထ၊နည်းပြကျင့်စမြဲ၊ ။ဆင်းရဲချမ်းသာ၊ တရားမှာ၊ ။တုစ္ဆာထားကျင့်မြဲ၊ ။ဆင်းရဲလေလေ၊ထိတ်လန့်ပေ၊သံဝေရသာလို့ကျင့်မြဲ၊ ။

မလျော့မတင်း။စောင်းကြိုးညှင်း၊ နည်းခင်းကျင့်စမြဲ၊ ။တင်း
လွန်းလျှင်ပြတ်။လျော့လွန်းပတ်၊ ကျင့်မြတ်ကျိုးမရှိဘဲ။ ။လော
ကရန့်ကား၊စစ်မြိုင်ဌာ။ လူများမှအောင်မြဲ၊ ။ကိလေရန်ကြီး၊
စစ်မြိုင်နည်း၊ ကိုယ်တည်း တိုက်အောင်မြဲ၊ ။သတိသေ
မင်း၊စစ်ပြိုင်ခင်း၊ ဘယ်သင်းနိုင်မည်မသိဘဲ၊ ။သတိက
နိုင်။သေမင်းမှိုင်၊ စစ်မြိုင်ဧးစမြဲ၊ ။သေးမင်းကနိုင်သတိမှိုင်၊
စစ်မြိုင်ရှုံးပူမြဲ။ ။သေမင်းနိုင်လို သတိကို၊ မဂ်ဖိုလ်ရအောင်
မြဲ၊ ။သွားရပ်လျောင်းထိုင်၊မမေ့နိုင်၊ ပိုင်ပိုင်ကြီးထားမြဲ၊ ။
သတိထားမှ၊ မဂ်ဖိုလ်ရ၊ မုချသေမင်းကိုနိုင်မြဲ၊ ။သေမင်းတ
မန်၊မတ်နှစ်တန်၊ခေါ်ရန်ဆိုက်လေပြီ၊ ။သေမင်းအကြိုက်၊ တ
မန်ရိုက်၊ ထုရိုက်နှိပ်စက်ပြီ၊ ။တနေ့တခြား၊ သေမင်းကား၊
ခေါ်သွားနီးလှပြီ၊ ။တနေ့တခြား၊ ရုပ်နာမ်ကား၊ ရင့်သွား
ဆုတ်လေပြီ၊ ။ရုပ်နာမ်ဆုတ်မူ၊ မျောက်ဖိုတူ၊ ကိုယ်မူချွတ်
ယွင်းပြီ၊ ။သွားနာဆံဖြူ နားကဇရု၊ စက္ခုစသည် ချွတ်ယွင်း
ပြီ၊ ။ချွတ်ယွင်းစလျှင်၊ မကြာခင်၊ အလျင်သေမင်းခေါ်လိမ့်
မည်၊ ။သေမင်းမခေါ်ခင်၊ မဂ်ဖိုလ်ပင်၊ လျင်မြန်ရအောင်ခဲ
သင့်ပြီ၊ ။မဂ်ဖိုလ်ရမှ၊ နိဗ္ဗာန၊ နိစ္စဧးဧးကြီးဧးမည်၊ ။ဒုက္ခ
သစ္စာကိုဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်ပုံ၊

တရားပစ္စည်း၊များများကြီး၊ ကိုယ်ဥလည်းရှိမှပေးမြဲ၊ ။
တရားမရှိဘဲ၊ ပေးစွန့်ကြဲ၊ ကိုယ်လဲရန်သူလက်ပါမြဲ၊ ။ကျား
သစ်ဆင်မြွေ၊ရန်သူတွေ၊ကြောက်လေဝေးကရှောင်သလိုဘဲ၊ ။
ပုဂ္ဂိုလ်ပစ္စည်း၊ မီးပုံကြီး၊ ကိုယ်မီးဆေးဝေးကရှောင်မြဲ၊ ။
ပစ္စည်းပုဂ္ဂိုလ်၊မရှောင်လို၊ကိုယ့်ကိုမီးပုံကြီးထောင်မြဲ။ ။မီးပုံ
လောင်က၊ ဝဋ်ဒုက္ခ၊ မုချသံသရာရှည်မြဲ၊ ။ပစ္စည်းပုဂ္ဂိုလ်၊
ခင်မင်လို၊မဂ်ဖိုလ်ဝေးပြန်မြဲ၊ ။မဂ်မရမူ၊ ရှိပြန်သူ၊ ပူ၍ဘယ်
မစဲ၊ ။ပစ္စည်းပုဂ္ဂိုလ်၊ မခင်လို၊ မဂ်ဖိုလ်လျင်မြန်ရစမြဲ၊ ။
မဂ်ဖိုလ်ရမှ၊ နိဗ္ဗာန၊ နိစ္စဧးဧးကြီးဧးမြဲ၊ ။သမုဒယ သစ္စာကို
ဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်ပုံ၊

ဧးနှိမ္မာန်ကား၊သိလိုငြား၊မှတ်သားဤနည်းဘဲ၊ ၊အပူရှုရင်၊အပူထင်၊မြင်လျှင်ဒုက္ခသစ္စာဘဲ။ ၊အဧးရှုမြင်၊ အဧးထင်၊ မြင်လျှင်မဂ်ဉာဏ်ဘဲ၊ ၊အဧးရှုလျှင်၊ အဧးထင်၊ဧးလျှင်နိမ္မာန်ဘဲ၊ ၊မကြည့်မမြင်၊ကြည့်လျှင်မြင်၊မြင်လျှင်ဒုက္ခသစ္စာဘဲ၊ ၊မကြည့်မမြင်၊ ကြည့်လျှင်မြင်၊ မြင်လျှင်နိမ္မာန်အမှန်ဘဲ၊ ၊သူတော်စင်တို့။ဧးရာတို့။ဧးမြို့မြင်အောင်ကြည့်စမြဲ၊ ၊လိုရင်းမူလ၊ စိတ်တည်မှ၊ မှတ်ကြပူဧးမြင်စမြဲ၊ ၊ပူဧးရှုလျှင်၊ ပူဧးထင်၊ လေးအင်သစ္စာသိမြင်မြဲ၊ ၊သစ္စာသိမှ၊ မဂ်ဖိုလ်ရ၊ မချကောန်ဘဲ၊ ၊မဂ်ဖိုလ်ရပြန်၊ ဧးနိမ္မာန်ကို၊ စိတ်ကြံတိုင်းဧးမြဲ၊ ၊ဧးနိမ္မာန၊ ရောက်ကြမှ၊ နိစ္စဧးဧးကြီးဧးမြဲ၊ ၊နိရောဓသစ္စာကို ဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်ပုံ၊

ကိုယ်နှင့်နှုတ်ကို၊ဆုံးမလို၊မဂ်ဖိုလ်ရစမြဲ၊ ၊ပဋိသန္ဓေဇိန္နာသော၊ ကြောက်လေကျင့်သူမဂ်ရမြဲ၊ ၊ရုပ်နာမ် ဖြစ်ပျက်၊ ထင်မြင်ချက်၊မဂ်ဖိုလ်ရစမြဲ၊ ။ရုပ်နာမ်နှစ်ခု၊ စက်ဆုတ်မှု၊ယာခမဂ်ရစမြဲ၊ ၊ရုပ်နာမ်နှစ်ခု။ လျော်လျှုရှု၊ နိဗ္ဗုသိမြင်မြဲ၊ ၊သုခဝေဒနာ၊ စက်ဆုပ်ရာ၊ လျင်စွာမဂ်ရမြဲ၊ ၊ချမ်းသာခံစားမှု၊လျော်လျှုရှု၊ ယာခမဂ်ရမြဲ၊ ၊သုခဝေဒနာ၊မတပ်ရာ၊ လျင်စွာနိဗ္ဗာန်သိမြင်မြဲ၊ ။ဝေဒနာပူ၊နှစ်သက်သူ၊မီးပူဆဲ့တပါးလောင်မြဲ၊ ၊ဝါ၊ဒုက္ခဆဲ့နှစ်ပါးတွေ့မြဲ၊ ၊ဧးမြို့ရောက်အောင်၊ မဂ္ဂင်ဘောင်၊ ဧးအောင်အားထုတ်မြဲ၊ ၊မဂ္ဂင်ရှစ်ပါး။ ပွားသူအား၊ ရငြားမဂ်ဖိုလ်ဘဲ၊ ၊မဂ်ဖိုလ်ရမှ၊နိမ္မာန၊နိစ္စဧးဧးကြီးဧးမြဲ၊ ၊ဧးဧးကြီးလေး၊ သိမြင်ရေး။ ဧးနိမ္မာန်ရဘို့ချည်းဘဲ၊ ၊နိမ္မာန်လမ်းပြ၊ ဩ၀ါဒ၊ ဆုံးမသံပေါက်ပြီးလေမြဲ၊ ၊မဂ္ဂသစ္စာကို ဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်ပုံ၊

ဗုဒ္ဓေါဗောဓေယျ ဆိုသည်ကား၊မိမိသိထသမထဝိပဿနာမဂ်ဖိုလ်ရမှ၊ သူတပါးအား သိသသမထဝိပဿနာမဂ်ဖိုလ်ကိုဟောရမည် ဆိုလိုသည်၊ ၊မင်းတောမိထုံ ဆိုသည်ကား၊ အတ္တကိစ္စပြီးမှ၊ ပရကိစ္စကိုချီးမြှောက်ရမည်ဆိုလိုသည်၊ ၊အ

ဝိမုတ္တာသမထာဆိုသည်ကား၊ အဝိမုတ္တသာသမထာကို ဆိုသည်၊ အဝိမုတ္တသာသမထာသည်။ ဥပေက္ခာသင်္ခါရုဏ္ဏကို ပွား၍ရဟန္တာဖြစ်၏၊ ၊တင်းလွန်းလျှင်ပြတ် လျော့လွန်းပတ် ဆိုသည်ကား၊ တင်းလွန်းလျှင် ထုံကျဉ်ခြင်း စသော ကိုယ်ရောဂါ ရောက်၍ကုသိုလ်တရား ဆုတ်ယုတ် တတ်သည်၊ လျော့လွန်းလျှင်၊ သမထ ဝိပဿနာ ဆုတ်ယုတ်၍ စိတ်ရောဂါ ရောက်တတ်သည်၊ ၊တနည်း၊ တင်းလွန်းလျှင် ဥဒ္ဓစ္စ၊လျော့လွန်းလျှင်ကောသဇ္ဇဖြစ်တတ်သည်၊ မလျော့မတင်း ဆိုသည်ကား၊ မြတ်စွာဘုရားသည်သောဏမထေရ်ကိုမလျော့မတင်းစောင်းကြိုးညှင်းသကဲ့သို့ကျင့်ရမည်ဟုဟောတော်မူ၏၊ ၊ကိုယ်လဲရန်သူလက်ပါမြဲဆိုသည်ကား၊ကိုယ်တရားမရှိဘဲ၊ သူတပါးအားတရားပေးလျှင်၊ အဇ္ဈတ္တလောဘရန်သူလက်၊ ဗဟိဒ္ဓပုဂ္ဂိုလ်ပစ္စည်းရန်သူလက်ပါတတ်သည်၊ဖျက်ဆီးသူများ၍ လူထွက်တတ်သည်ဆိုလိုသည်၊ ၊မွေ့ကထိပညာရှိ၊ သတိလွန်စွာထားကြလေ၊ ၊ကမ္မဋ္ဌာန။ဒါယကာ၊လွန်စွာသတိထားကြလေ၊ ၊မတ်နှစ်တန်ဆိုသည်ကား၊ ဇရာဗျာဓိကိုဆိုသည်၊ဇရာကား၊ အမိဝမ်းကဘွားမြင်ပြီးနောက် မသေမခြင်းကိုဇရာချည်းမှတ်၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်နောက် ဌီပေါင်းအသင်္ချေအနန္တကို ဇရာချည်းမှတ်၊ ၊ငေးနိဗ္ဗာန်ကား၊ အနုပါဒိသေသ နိဗ္ဗာန်ကို ဆိုသည်၊ သဉပါဒိသေသနိဗ္ဗာန်ကို ပူငေးနိဗ္ဗာန်ဆိုသင့်သည်၊ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအနာဂါမ်တို့မှာ၊ ကာယိကဒုက္ခပူသည်၊ စေတသိကသုခငေးသည်၊ သောတာပန်၊ သကဒါဂါမ်တို့မှာ ကာယိကဒုက္ခ၊ စေတသိက ဒုက္ခပူသည်၊ စေတသိကသုခငေးသည်၊ ထို့ကြောင့် ပူငေးနိဗ္ဗာန်ဆိုသင့်သည်၊ ၊ဝေဒနာ သုံးပါးတွင်၊ ဥပေက္ခာဝေဒနာငေးသည်၊ ဗြဟ္မဝိုရ်လေးပါးတို့တွင်၊ ဥပေက္ခာဗြဟ္မဝိုရ်သာလို့ငေးသည်၊ ဈာန်ငါးပါးတို့တွင်၊ ပဉ္စမဈာန်သာလို့ငေးသည်၊ ဗောဇ္ဈင်ခုနှစ်ပါးတို့တွင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်သာလို့ငေးသည်၊ ပါရမီဆယ်ပါးတို့တွင်၊ ဥပေက္ခာပါရမီသာလို့ငေး

သည်၊ ဝိပဿနာဉာဏ်တို့တွင်၊ သင်္ခါရုပေက္ခာဉာဏ်သာလျှင် ဖေးသည်၊ မဂ်ဖိုလ်တို့တွင်၊ အရဟတ္တဖိုလ်သာလျှင်ဖေးသည်၊ နိဗ္ဗာန်တို့တွင်၊ အနုပါဒိသေသနိဗ္ဗာန်အလွန်ဖေးသည်၊ ရဟန်း၊လူ၊ရှင်၊ သူတော်စင်၊သီလရှင်တို့တွင်၊ သီလ- သမာဓိ-ဘာဝနာပညာ-မဂ်ပညာရှိသောသူသည်စိတ်အလွန်ဖေးမြဲပေ၏၊ထို့ကြောင့်၊

သီလပရိဘာဝိတော သမာဓိမဟပ္ဖလော ဟောတိ မဟာ အာနိသံသော၊ သမာဓိပရိဘာဝိတာ ပညာမဟပ္ဖလော ဟော တိမဟာအာနိသံသာ၊ ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသ ဝေဟိပရိမုစ္စတိ၊ ။မဟာပရိနိဗ္ဗာနသုတ်၊ ။သီလပရိဘာ ဝိတော၊ သီလဖြင့်ပွားများအားထုတ်အပ်သော၊ သမာဓိ၊ စိတ် တည်ကြည်ခြင်းသည်၊ မဟပ္ဖလော၊ များသောအကျိုးရှိသည်၊ မဟာအာနိသံသော၊ များသောအာနိသင်ရှိသည်၊ ဝါ၊ အကျိုး ရင်းအကျိုးပွား များများကြီးကုသိုလ်ရှိသည်၊ ဟောတိ၊ဖြစ်၏၊ သမာဓိ ပရိဘာဝိတာ၊ သမထဖြင့်ပွားများ အားထုတ် အပ် သော၊ ပညာ၊ဝိပဿနာပညာသည်၊ မဟပ္ဖလာ၊ များသောအ ကျိုးရှိသည်၊ မဟာအာနိသံသာ၊ များသောအာနိသင်ရှိသည်၊ ဝါ၊ အကျိုးရင်း အကျိုးပွား များများကြီး ကုသိုလ်ရှိသည်၊ ဟောတိ၊ဖြစ်၏၊ ပညာပရိဘာဝိတံ၊ဝိပဿနာဖြင့် ပွားများအား ထုတ်အပ်သော၊ စိတ္တံ၊ဝိပဿနာစိတ်သည်၊ သမ္မဒေဝ၊ကောင်း စွာသာလျှင်၊ အာသဝေဟိ၊ အာသဝေါတရား လေးပါးတို့မှ၊ ပရိမုစ္စတိ၊ ထက်ဝန်းကျင် လျင်မြန်စွာ လွတ်နိုင်၏၊ ဝါ၊ တ ထောင်ငါးရာကိလေသာတို့မှလွတ်၍စိတ်အလွန်ဖေးမြဲပေ၏၊ ။ အပူကား၊ ရုပ်နာမ်ခန္ဓာကိုဆိုသည်၊ အဖေးကား၊ နိဗ္ဗာန်ကိုဆို သည်၊ရုပ်နာမ်ကား၊ အလွန်အပူကြီး၊ နိဗ္ဗာန်ကား၊ အလွန်အဖေး ကြီး၊ထို့ကြောင့်၊

နတ္ထိ ခန္ဓသမာဒုက္ခာ၊ နတ္ထိသန္တိပရံသုခံ၊ ။ဓမ္မပဒ ပါဠိတော်၊ ။ခန္ဓသမာ၊ ရုပ်နာမ်ခန္ဓာနှင့်တူသော၊ ဒုက္ခာ၊ အ ပူကြီးမည်သည်၊ နတ္ထိ၊ မရှိ၊ သန္တိပရံ၊ ဖေးနိဗ္ဗာန်ထက်လွန်ကဲ

သော၊သုခံ၊အဧးကြီးမည်သည်၊ နတ္ထိ၊ ဘယ်ဘုံဘယ်ဘဝဘယ် သူမှာပရမာနုမြူခန့်မျှမရှိ၊ ။မကြည့်မမြင်ဆိုသည်ကား၊ သမထ ဝိပဿနာအားမထုတ်ခြင်းတို့ကို ဆိုလိုသည်၊ ကြည့်လျှင်မြင် ဆိုသည်ကား၊ သမထဝိပဿနာတို့ကိုအားထုတ်၍ ဘာဝနာ ဉာဏ်မဂ်ဉာဏ်ဖြင့် သိမြင်သော သူတို့ကိုဆိုလိုသည်၊ ။စိတ် တည်မှဆုံသည်ကား၊ သမာဓိကိုဆိုသည်၊ သမာဓိရှိမှ၊ သုတ မယပညာ။ ဘာဝနာပညာ၊ မဂ်ပညာတို့သည် ကောင်းကောင်း ကြီးဖြစ်နိုင်ကုန်၏။သမာဓိသည်၊ ပညာ၏ပဒဋ္ဌာန်ဖြစ်၏၊ ပညာ ၏အာသန္နကာရဏလည်းဖြစ်၏၊ထို့ကြောင့်၊

သမာဓိ ဘိက္ခဝေဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခုယထာဘူတံ ပဇာနာတိ၊ ဟုဟောတော်မူ၏၊ ဘိက္ခဝေ၊ တို့၊သမာဓိ၊ စိတ်တည်ကြည် ငြိမ်သက်အောင် သမထကမ္မ ဋ္ဌာန်းကို။ ဘာဝေထ၊ စီးဖြန်းပွားများကြကုန်လော၊ ဘိက္ခဝေ၊ တို့၊ သမာဟိတော၊ စိတ်တည်ကြည် ငြိမ်သက်ခြင်းရှိသော။ ဘိက္ခု၊ သံသရာဘေးကြီးကို ကြောက်သောသူသည်၊ ယထာ ဘူတံ၊ ရုပ်နာမ်ဓမ္မသဘာဝကိုဟုတ်တိုင်းမှန်စွာ၊ ပဇာနာတိ၊ သိလွယ် မြင်လွယ် သိတတ် မြင်တတ်၏၊ ။လေးအင်သစ္စာ ကား၊ သစ္စာလေးပါးကိုဆိုသည်၊ ။ဧးဧးကြီး လေးပါးတို့ တွင်၊ ပဌမ ဧးဧးကြီးကား၊ ဇရာဗျာဓိမရဏ ဒုက္ခ သစ္စာတို့ ကိုမဂ်ဉာဏ်ဖြင့်ပိုင်းခြားသိမြင်လျှင်၊ ဧးဧးကြီးနိဗ္ဗာန်ရ၏၊ ဒုတိ ယဧးဧးကြီးကား၊ အဇ္ဈတ္တဗဟိဒ္ဓ လောဘဟူသော သမုဒယ သစ္စာကို၊ မဂ်ဉာဏ်ဖြင့်ပယ်လျှင် ဧးဧးကြီးနိဗ္ဗာန်ရ၏၊ တတိ ယ ဧးဧးကြီးကား၊ ဧးနိဗ္ဗာန်ကိုမဂ်ဉာဏ်ဖြင့်သိမြင်လျှင်၊ ဧးဧ ကြီးနိဗ္ဗာန်ရ၏၊ စတုတ္ထဧးဧးကြီးကား၊ မဂ္ဂသစ္စာကို မဂ်ဉာဏ် ဖြင့်သိမြင်လျှင်၊ဧးဧးကြီးနိဗ္ဗာန်ရ၏၊

ဂုဟာဝါ၊သဋ္ဌပညတ္တံ၊ ရက္ခံ သိဿဋ္ဌ ဒါယကံ၊ ဒုဂ္ဂာ နိဿာယနိဝါသော၊ သောကောဘယော အပါယိကော၊ ။ ပညတ္တံ၊ လောကန္တပည်စ်အပ်သော၊ ဂုဟာဋ္ဌ၊ဒုတိဂု-ကျောက်

ဂူအပူကြီးကိုရင်း၊ အာဝါသဠ၊ ဝါးကျောင်း သစ်သားကျောင်း ခုတ်ကျောင်းအပူကြီးကိုရင်း၊ ရုက္ခဠ၊ ဥယျာဉ် အရောမ်သစ်ပင် အပူကြီးကိုရင်း၊ သိဿဠ၊ တပည့် လိမ္မာကြီး—တပည့်အမိုက် ကြီးကိုရင်း၊ ဒါယကဠ၊ ဒါယကာ—ဒါယိကာမ လိမ္မာကြီး၊ ဒါ ယကာ–ဒါယိကာမအမိုက်ကြီးကိုရင်း၊ နိဿာယ၊ မှီ၍၊ နိဝါ သော၊ နေရခြင်းသည်။ ဒုက္ခော၊ ကိုယ်စိတ်နှစ်ဖြာ လွန်မင်းစွာ ဆင်းရဲတတ်၏၊ သောကော၊ ပူဆွေး ညှိုးမှိန် စိုးရိမ်ကြောင့်ကြ ပူပန်ရတတ်၏၊ ဘယော၊ ပငိုသန္တော ဗိုနာသေခြင်း အစရှိသော သံသရာဘေးကြီးလည်း တာရှည်စွာ ရောက်တတ်၏၊ အပါယိ ကော၊ အကုသိုလ်၌မွေ့လျော် မသူတော်တို့ စံပျော်ရာ ပါယ် လေးရွာသို့လည်းခါခါလားတတ်၏၊ ၊ကာလဣပက္ခဂါထာ၊

ဂုဟာဝါသဠနိဿာယ၊သိလံသိဿဠဒါယကံ၊ရုက္ခဆာ ယံဝသိဿာမိ၊ သိဝေတိတံသုခါဘယံ၊ ၊သိလံဂုဟာဠ၊ ဋ္ဌိတိ ဘာဂိယာ သိလတည်းဟူသော ငွေဂူေကြီး။ ဝိသေသဘာဂိယာ သိလတည်းဟူသော ရွှေဂူေကြီး၊ နိဗ္ဗိန္ဒဘာဂိယာ သိလတည်း ဟူသော ပတ္တမြား ဂူေကြီးကိုရင်း၊ သိလံအာဝါသဠ၊ ဋ္ဌိတိ ဘာဂိယာ သိသတည်းဟူသော ငွေကျောင်းေကြီး၊ ဝိသေသ ဘာဂိယာသိလတည်းဟူသော ရွှေကျောင်းေကြီး၊ နိဗ္ဗိန္ဒဘာဂိ ယာသိလ တည်းဟူသော ပတ္တမြားကျောင်းေကြီးကိုရင်း၊ သိလံ သိဿဠ၊ ဋ္ဌိတိ-ဝိသေသ-နိဗ္ဗိန္ဒဘာဂိယာ သိလတည်းဟူသော တပည့် လိမ္မာကြီးကိုရင်း၊ သိလံ ဒါယကဠ၊ ဋ္ဌိတိ- ဝိသေသ- နိဗ္ဗိန္ဒ ဘာဂိယာ သိလ တည်းဟူသော၊ ဒါယကာ-ဒါယိကာမ လိမ္မာကြီးကိုရင်း၊သိလံရုက္ခဘာယဠ၊ ဋ္ဌိတိဝိသေသနိဗ္ဗိန္ဒ-ဘာ ဂိယာ သိသတည်း ဟူသောဥယျာဉ်အရောမ် သစ်ပင်အရိပ်အေး ကြီးကိုရင်း နိဿာယ၊မှီ၍၊ အဟံ၊ ခန္ဓဗ္ဗာနာမ်ရုပ်အကောင်ပုပ် ကြီးကို စက်ဆုပ် ရှုံရှာ၍၊ ဝိပဿနာကို အားထုတ်သော ငါ သည်၊ ဝသိဿာမိ၊ တောကြီးမြိုင်ထဲ ပုလဲလဲ ဆင်မင်းကဲ့သို့ မပျင်းမရိ၊ သတိကိမ်မှုဇဉ်၊ အမြဲယှဉ်လျက်၊ လေးအင်မဂ်ဉာဏ်

ဖြင့်၊ ေးနိဗ္ဗာန်ကို လျင်မြန်မြင်ပြားအောင်၊ တပါးတည်းစား၊ တပါးတည်းသွား၊ တပါးတည်းအိပ်၊ တပါးတည်း နေပါတော့ အံ့၊ တံ၊ ထိုသိလ တ ည်းဟူသောဂူစသည်၌ နေရခြင်းသည်၊ သုခံ၊ ကိုယ်စိတ်နှစ်ပြာ လွန်မင်းစွာ ချမ်းသာေးမြပေ၏၊ အဘယ် ပဋိသန္ဓေ၊ အိုး နာ၊ သေခြင်းအစရှိသော သံသရာဘေးကြီး မရှိသော၊ ဘိဝံ၊ရာဂ-ဒေါသ-မောဟ-စသည့် ဆဲ တသီး၊ မီးငေးကင်းပ၊ အလွန်ေးမြသော နိဗ္ဗာန်သို့၊ ဧတိ၊ လျင်မြန်စွာ ရောက်နိုင်၏၊ ၊သုက္ကပက္ခဂါထာ၊

သစ္စာ့သေးပါ၊တရားမတင်မမြင်ကြ၍၊ လောကကြီးပွားမှု၊ နောင်ကြီးပွားမှု၊ ပြုရပျိုးထောင်၊ ဒုက္ခဘောင်၊ နောက်နောင်ရှည်ကြာဆင်းရဲဘို့ဘဲ၊ ဝါ၊ မဂ်ဖိုလ်နိဗ္ဗာန်လျင်မြန်ရဘို့ အလုပ်မဟုတ်ဘဲ၊ အနုလောမ ပဋိစ္စသမုပါဒ် မိဂါပဒဝ ဋ္ဌနနည်း၊ ၊ လိုချင်လောဘ၊ ရဥပါဒါန်၊ စောင့်ရှောက်ပြန်၊ ကေနဲ့ဒုက္ခအရှန်ဘဲ၊ ဒုက္ခနှင့်ချောက်၊ သုခကြောက်မှု၊ ပစ္စက္ခ၊ ဘာမျှမခံစားချင်ဘဲ၊ ၊ဒုက္ခဝဋ္ဋ၊ အပူရ၊ ပယ်မှုလွန်မြေ၊ ၊မရှိသုခ၊ ရှိဒုက္ခ၊ မချအမှန်ဘဲ၊ ။မရှိသုခံ။ ပစ္စုပ္ပန်၊ နိဗ္ဗာန်အမှန်ဘဲ၊ ၊ကိုယ်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်တရားကိုယ်ဆင်ခြင်၊ ကိုယ့်နိဗ္ဗာန်ကိုယ်သာသင်မြင်၍၊ ကိုယ့်နိဗ္ဗာန်ကိုယ်သာစံရလိမ့်မည်၊ ယောဂီသူမွန်၊ ပုဂ္ဂိုလ်လွန်တို့၊ ၊ကဏှပက္ခ ဂါထာသည်၊ ဒုက္ခသစ္စာကိုပြ၏၊ သုက္ကပက္ခ ဂါထာ ၌ရှေးဦးပါဒသည်၊ မဂ္ဂသစ္စာကိုပြ၏၊ စတုတ္ထပါဒသည်၊ နိရောဓ သစ္စာကိုပြ၏၊ မဂ္ဂသစ္စာပြလျှင်၊ သမုဒယသစ္စာ အနက်ဂတဝင်၏၊ မဂ္ဂသစ္စာသည်၊ ပဟာယက ဖြစ်၏၊ သမုဒယသစ္စာသည်၊ ပဟာတဗ္ဗဖြစ်၏၊ သစ္စာလေးပါး တရား မထင်မမြင်ကြ၍၊ ဟူသည်ကား၊ အဝိဇ္ဇာကိုပြ၏၊ လောကကြီးပွားမှု၊ နောင်ကြီးပွားမှု ပြုရပျိုးထောင်ဟူသည်ကား၊၊ သင်္ခါရကိုပြ၏၊ ဒုက္ခဘောင် ဟူသည်ကား၊ ဇာတိဇရာမရဏ စသည်ကိုပြ၏၊ လိုချင်လောဘ ရဥပါဒါန်ကား၊ သမုဒယ သစ္စာကိုပြပေ၏၊ စောင့်ရှောက်ပြန်

ကား၊ ဒုက္ခသစ္စာကို့ပြ၏၊ မဂ္ဂသုခကား၊ နိရောဓသစ္စာကိုပြ၏၊ ရှိဒုက္ခကား၊ ဒုက္ခသစ္စာကို့ပြ၏၊ ဒုက္ခ၊ သမုဒယ၊ နိရောဓ သစ္စာတို့ကို သိမြင်သော သမာဓိဖြစ်သည်၊ မဂ္ဂသစ္စာကိုပြ၏၊ အဇ္ဈတ္တဝါဒရှုဘွယ်ဆိုသည်ကား၊ မိမိကိုယ်ကို မဂ်မိုလ်ရအောင် ဆုံးမသွန်သင် ဆင်ခြင်ရှုရမည် ဆိုလိုသည်၊ ၊အဇ္ဈတ္တဝါဒ ရှုဘွယ်ပြီး၏၊

---

နမောဗုဒ္ဓသာ၊ ၊သစ္စာလေးပါး ရှုဘွယ်ကိုပြပေအံ့၊ ၊ သစ္စာအနက် တဆဲ့ခြောက်ချက်ကား၊ ၊ဒုက္ခသပိဠနဋ္ဌော၊ သခ်တဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိနာမဋ္ဌော၊ သမုဒယာသသအာယူဟာနဋ္ဌော၊ နိဒါနဋ္ဌော၊ သံယောဂဋ္ဌော၊ ပလိဗောဓဋ္ဌော၊ ၊ နိရောဓသ-နိဿရဏဋ္ဌော၊ ပဝိဝေကဋ္ဌော၊ အမတဋ္ဌော၊ အသခ်တဋ္ဌော၊ ၊မဂ္ဂသ-နိယျာနဋ္ဌော၊ ဟေတွဋ္ဌော၊ ဒဿနဋ္ဌော၊ အဓိပတေယျဋ္ဌော၊ ၊ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ ၊ ဒုက္ခဿ၊ ဒုက္ခသစ္စာ၏၊ ပိဠနဋ္ဌော၊ နှိပ်စက်အပ်၊ နှိပ်စက်တတ်၊ နှိပ်စက်ခြင်း သဘောလည်းတပါး၊ သခ်တဋ္ဌော၊ အဘန်ဘန် ပြုပြင်စီရင်အပ်သော သဘောလည်း တပါး၊ သန္တာပဋ္ဌော၊ အဘန်ဘန် ပူလောင်စေအပ်၊ ပူလောင်စေတတ်သော သဘောလည်းတပါး၊ ဝိပရိဏာမဋ္ဌော၊ ဖရိုဖရဲ ဘောက်လဲ ဘောက်ပြန်ဖြစ်ခြင်း သဘောသည်းတပါး၊ ၊သမုဒယဿ၊ လောဘဟူသော သမုဒယသစ္စာ၏၊ အာယူဟာနဋ္ဌော၊ ဒုက္ခဝဋ္ဋ အပူရတို့ကို အားထုတ် ဆည်းပူးခြင်း သဘောလည်း တပါး၊ နိဒါနဋ္ဌော၊ ဒုက္ခဝဋ္ဋ အပူရတို့ကို၊ တရံမစဲ အမြဲမပြတ် ရွက်ဆောင်ခြင်း သဘောလည်း တပါး၊ သံယောဂဋ္ဌော၊ ဒုက္ခဝဋ္ဋ အပူရဘို့နှင့် သဒလွန်စွာ ယှဉ်တွဲ အမြဲ နှောင်ဘွဲ့ခြင်း သဘောလည်း တပါး၊ ပလိဗောဓဋ္ဌော၊ သံသရာစက်၊ ဒုက္ခလက်မှ မထွက်ရအောင် နှောင့်ရှက်တားမြစ်ခြင်း သဘောလည်း တပါး၊ ၊နိရောဓဿ၊ နိဗ္ဗာန်ဟူသော နိရောဓ သစ္စာ၏၊ နိဿရဏဋ္ဌော၊ ဝဋ်သုံးပါး

မှ ထွက်မြောက်ခြင်းသဘောလည်းတပါး၊ ပဝိဝေ ကဋ္ဌော၊ နှောက်ယှက်ခြင်းတို့မှဆိတ်ကင်းသော သဘောလည်းတပါး အမတဋ္ဌော။ ပျက်ဆုံးခြင်းမရှိသော သဘောလည်း တပါး၊ အသင်္ခတဋ္ဌော၊ အဘန်ဘန် ပြုပြင်စီရင်ရခြင်းမရှိသော သဘောလည်းတပါး၊ ။မဂ္ဂဿ၊ သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာတရား၏၊ နိယျာနဋ္ဌော၊ သံသရာဝဋ်မှ ထုတ်ဆောင်ခြင်းသဘောလည်းတပါး၊ ဟေတွဋ္ဌော၊ သီလ သမာဓိပညာ ကျေးဇူးဂုဏ်ထူးတို့ကို ဖြူစင်ခိုင်ခန့် တည်တန့်အောင် ပွားစေနိုင်သောအကြောင်းရင်း သဘောလည်း တပါး။ ဒဿနဋ္ဌော၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား သိမြင်ရကြောင်းသဘောလည်းတပါး၊ အဓိပတေယျဋ္ဌော၊ တဏှာသုံးမျိုးကို အုပ်စိုးရ၍အကြီးအကဲအမြဲဖြစ်ကြောင်းသဘောလည်းတပါး၊ ။ သစ္စာအနက်တဆဲ့ခြောက်ချက်ပါဠ်အနက်ပြီး၏၊

---

ပိဠနဋ္ဌဒုက္ခသည်၊ ဒုက္ခ ဒုက္ခ- ဝိပရိဏာမဒုက္ခ၊ သင်္ခါရဒုက္ခတို့ဖြင့် အဘန်တလဲလဲ နာရီမစဲအမြဲနှိပ်စက်ခြင်းလျှင် အလွန်ပင် ကိုယ်စိတ်ဆင်းရဲခြင်း သဘောတရား ဧကန် အမှန်တည်း၊ ။သင်္ခတဒုက္ခသည်၊ ဒုက္ခဝဋ္ဋ၊အပုရတို့ကို အဘန်ဘန်ပြုပြင်စီရင်ခြင်းလျှင် အလွန်ပင်ကိုယ်စိတ်ဆင်းရဲခြင်း သဘောတရားဧကန် အမှန်တည်း။ ။သန္တာပဋ္ဌဒုက္ခသည်၊ ဒုက္ခဝဋ္ဋ၊အပုရတို့ကို ပူဆွေးညှိုးမှိန်စိုးရိမ်ကြောင့်ကြ ပူပန်ရခြင်းလျှင် အလွန်ပင် ကိုယ်စိတ်ဆင်းရဲခြင်း သဘောတရားဧကန် အမှန်တည်း။ ။ဝိပရိဏာမဋ္ဌဒုက္ခသည်၊ ဒုက္ခဝဋ္ဋ၊ အပုရတို့သည်အဘောက်ပြန်ယိုင်ယွင်းပျက်စီးခြင်းလျှင် အလွန်ပင် ကိုယ်စိတ်ဆင်းရဲခြင်း သဘောတရား ဧကန် အမှန်တည်း၊ ။ဤသဘောတရားလေးပါးနှင့် ပြည့်စုံသောတရားသည်။ ဒုက္ခသစ္စာ ဧကန်အမှန်ဖြစ်၏၊

တခုတခုသောဘဝ၌လည်း၊ ဘွားမြင်သည်မှစ၍ အစဉ်

အတိုင်း တနှစ်ထက်တနှစ် လောဘအာရုံဒုက္ခအသိုက် အနေ ပွါးများမှုကား၊ အာယူဟနရသ လောဘတည်း၊ အာယူဟနရသ လောဘသည်၊ ငါးပါးအာရုံကာမဂုဏ်ရ ဒုက္ခဝဋ္ဋဆင်းရဲမှုတို့ကို အားထုတ်ဆည်းပူးဆဲမရောင့်ရဲနိုင် မပယ်နိုင်ခြင်းသဘောတရားကေန်အမှန်တည်း၊ ။စိတ်နှလုံး အားလပ်ခွင့်မရအောင် တချပြီးလျှင်တခါ၊ ဒုက္ခဝဋ္ဋအပူရတို့ကို အမြဲဆက်သက် တည်ထောင်မှုကား၊ နိဒါနဋ္ဌလောဘတည်း၊ နိဒါနဋ္ဌလောဘသည်၊ ငါးပါးအာရုံ ကာမဂုဏ်ရ၊ ဒုက္ခဝဋ္ဋဆင်းရဲမှုတို့ကို၊ တရံမစဲ အမြဲချက်ဆောင်ခြင်း သိုမှီး သိမ်းဆည်းခြင်း သဘောတရားကေန်အမှန်တည်း၊ ။မိမိစိတ်ကို ဒုက္ခဝဋ္ဋ အပူရတို့၌ အကြပ်အတည်း ဖွဲ့စည်း၍ထားသည်ကား၊ သံယောဇနဋ္ဌလောဘတည်း။ သံယောဇနဋ္ဌလောဘသည်၊ ငါးပါးအာရုံကာမဂုဏ်ရဒုက္ခဝဋ္ဋဆင်းရဲမှုတို့နှင့် သာလွန်စွာ ညှဉ်တွဲအမြဲနှောင်ဖွဲ့ မပြည်တွဲနိုင် မစွန့်မကြဲမပေးမကပ်နိုင် မခွာနိုင်ခြင်းသဘောတရားကေန်အမှန်တည်း၊ ။ဒုက္ခဝဋ္ဋအပူရတို့လက်မှထွက်မြောက်ရန် အကြံအစည်တို့ကို ထွက်မြောက်ခွင့် မရဘဲချက်ခြင်းပျက်အောင် နှောက်ယှက်တားမြစ်သည်ကား၊ ပလိဗောဓဋ္ဌလောဘတည်း၊ ပလိဗောဓဋ္ဌ လောဘသည်၊ သံသရာစက်ဒုက္ခလက်မှမထွက်ရအောင်၊ သီလ သမထဝိပဿနာဈာန်မဂ်ဖိုလ်တို့ကို နှောင့်ယှက်တားမြစ်ခြင်း သဘောတရားကေန်အမှန်တည်း၊ ။ဤသဘောတရား လေးပါးနှင့် ပြည့်စုံသောတရားသည်၊သမုဒယသစ္စာကေန်အမှန်ဖြစ်၏၊

နိဿရဏဋ္ဌနိဗ္ဗာန်သည်၊ သံသရာဝဋ်မှထွက်မြောက်ခြင်းလျှင်အလွန်ပင်ပေးမြဲခြင်းသဘောတရား ကေန် အမှန်တည်း၊ ပဝိဝေကဋ္ဌနိဗ္ဗာန်သည်၊ ဘေးရန် နှောင့်ယှက်ခြင်းတို့မှ ဆိတ်ကင်းခြင်းလျှင် အလွန်ပင်ပေးမြဲခြင်းသဘောတရား ကေန်အမှန်တည်း၊ အမတဋ္ဌနိဗ္ဗာန်သည်၊ မဘောက်မယွင်း မသေခြင်းလျှင်အလွန်ပင် ပေးမြဲခြင်း သဘောတရား ကေန်အမှန်တည်း၊

အသင်္ခတဓမ္မနိဗ္ဗာန်သည်၊ မပြုမပြင်မစီရင်ခြင်းသျှင်၊ အလွန်ပင်ငြိမ်းမြဲခြင်းသဘောတရား ကောန်အမှန်တည်း၊ ဤသဘောတရား လေးပါးနှင့် ပြည့်စုံသောတရားသည်၊ နိရောဓသစ္စာ ကောန်အမှန်ဖြစ်၏။

နိယျာနဋ္ဌမဂ္ဂင်သည်၊ ဝဋ်သုံးပါးမှ ထုတ်ဆောင်ကြောင်း သဘောတရားကောန်အမှန်တည်း၊ ဟေတွဋ္ဌမဂ္ဂင်သည်၊ သီလသမာဓိပညာကျေးဇူးဂုဏ်ထူးတို့ကို ဖြူစင်ခိုင်ခန့် တည်တန့်အောင်ပွါးစေနိုင်သော အကြောင်းရင်း ဖြစ်ကြောင်း သဘောတရားကောန်အမှန်တည်း၊ ။ဒဿနဋ္ဌမဂ္ဂင်သည်၊ သစ္စာလေးပါးမြတ်တရားကိုပိုင်းခြားသိမြင်ကြောင်း သဘောတရားကောန်အမှန်တည်း။ ။အဓိပတေယျဋ္ဌမဂ္ဂင်သည်၊ တဏှာ သုံးမျိုးကိုအုပ်စိုးရ၍၊ အကြီးအကဲအမြဲဖြစ်ကြောင်း သဘောတရားကောန်အမှန်တည်း၊ ။ဤသဘောတရား လေးပါးနှင့် ပြည့်စုံသောတရားသည်၊ မဂ္ဂသစ္စာကောန် အမှန်ဖြစ်၏၊ ။သစ္စာအနက်တဆဲ့ခြောက်ချက်အဓိပ္ပါယ်ပြီး၏။

---

နှိပ်စက်ပူပြင်၊ စီရင်ဘောက်ပြန်၊ ဤလေးတန်၊ ကောန်မီးအပူကြီးဘဲ- ။အားထုတ်ရှက်ဆောင်၊ ဖွဲ့နှောင်တားမြစ်၊ ဤလေးချပ်၊ ညွန်နှစ်မီးပူ လောင်ကြောင်းဘဲ၊ ။ထွက်မြောက်ဆိတ်ငြိမ်၊ မသေမပြု၊ ဤလေးခု၊ ငြိမ်းမှုနိဗ္ဗာန်ကောန်ဘဲ။ ။ထုတ်ဆောင်ကြောင်းရင်း၊ မြင်ခြင်းစိုးရ၊ ဤလေးဝ၊ ဝေမြ နိဗ္ဗာန်ရောက်ကြောင်းဘဲ၊ ။ဒုက္ခသမု၊ ဂှ်သစ္စ၊ အဝယ သစ္စာလိုရင်းဘဲ၊ ။နိရောမဂ္ဂ ရှစ်သစ္စ၊ ယျာနသစ္စာလိုရင်းဘဲ၊ ။သစ္စာအနက်၊ ဆဲ့ခြောက်ချက်၊ နှိုက်နက်သာသိရင်းကြဲ့ဘဲ၊ ။အာယူဟနဋ္ဌ လောဘကြောင့် နိဒါနဋ္ဌလောဘ၊ သံယောဂဋ္ဌလောဘ၊ ပလိဗောဓဋ္ဌလောဘဖြစ်၏၊ အာယူဟနဋ္ဌ လောဘမဖြစ်လျှင် ကြွင်းသောလောဘမဖြစ်၊ လောဘ ဖြစ်ခြင်းကြောင့် ဒုက္ခဖြစ်၏၊ လောဘချုပ်လျှင်ဒုက္ခချုပ်၏၊ ထို့ကြောင့်၊ တဏှာ

သမုဒယော၊ ဒုက္ခသမုဒယော၊ တဏှာ နိရောဓော၊ ဒုက္ခနိရောဓော၊ ၊တဏှာသမုဒယော၊ ငါးပါး အာရုံကာမဂုဏ်ရ၊ဒုက္ခ ဝဋ္ဋဆင်းရဲမှုဘို့ကို၊ ရုံရုံမက်မက် နှစ်နှစ်သက်သက် တောင့် တောင့်တတလောဘဖြစ်ခြင်းကြောင့်၊ ဒုက္ခ သမုဒယော၊ဆင်းရဲဒုက္ခဖြစ်ရ၏၊ တဏှာ နိရောဓော၊ တဏှာလောဘ ချုပ်ခြင်းကြောင့်၊ ဒုက္ခနိရောဓော၊ ဆင်းရဲဒုက္ခချုပ်ရ၏၊ ၊နိယျာနဋ္ဌမဂ္ဂင်ဖြင့်ခြင်းကြောင့်၊ ပဟာတဗ္ဗဋ္ဌမဂ္ဂင်၊ ဒဿနဋ္ဌမဂ္ဂင်၊ အဓိပတေယျဋ္ဌမဂ္ဂင်ဖြစ်၏၊ နိယျာနဋ္ဌ မဂ္ဂင်မဖြစ်လျှင်၊ ကြွင်းသော မဂ္ဂင်မဖြစ်၊ နိယျာနဋ္ဌမဂ္ဂင်ဖြစ်ခြင်းကြောင့်၊ နိဗ္ဗာန်ဖြစ်၏၊နိယျာနဋ္ဌမဂ္ဂင်သည်၊ နိဗ္ဗာန်၏ပဒဋ္ဌာန်ဖြစ်၏၊ နိဗ္ဗာန်၏ အာသန္နကာရဏဖြစ်၏၊ထို့ကြောင့်၊

နိဿာနိကလက္ခဏာမဂ္ဂေါ၊တံနိရောဓဿပဒဋ္ဌာနံ၊ ၊နေတ္တိပါဠိတော်၊ ၊မဂ္ဂေါ၊မဂ္ဂသစ္စာသည်၊ နိယျာနိကလက္ခဏော၊ အလုံးစုံသံသရာဝဋ်ဒုက္ခလက်မှ ထွက်မြောက်ကြောင်း နိယျာနိကလက္ခဏာရှိ၏၊ တံ၊ထိုနိယျာနိကလက္ခဏာ ရှိသော မဂ္ဂင်သည်၊ နိရောဓဿ၊နိဗ္ဗာန်၏၊ ပဒဋ္ဌာနံ၊ နိဗ္ဗာန်သို့ရောက်ကြောင်း တရားအပေါင်းတို့ထက် အလွန် နီးလှစွာသော အကြောင်းတည်း၊ ၊သစ္စာအနက် ဆဲ့ခြောက်ချက် သုံးပေါက်ပြီး၏၊

တိဏ္ဏကမ္ဘူပမံလောကံ၊ ယာဒါပညာယပဿတိ၊ နဒ္ဒံ ပဋ္ဌယတေကိဉ္စိ၊အညတြာပုနပ္ပဋိသန္ဓိယာ၊ ၊ယော၊ အကြင်ပဋိသန္ဓေ ဗိုလ်နာသဘောကြီးတို့ကို အလွန်အမင်း ကြောက်ထိတ်လန့်ခြင်းရှိ၍ မဂ်ဖိုလ်နိဗ္ဗာန် လျင်လျင်မြန်မြန်ကြီးအလွန် ဆန္ဒရှိသောသူသည်၊ လောကံ၊ ရုပ်နာမ်ဘဝဘန် ပျက်စီးဟန်ကို၊ တိဏ္ဏကမ္ဘူပမံ၊ မြက်ထင်းဆွေးနှင့်တူသည်ကို၊ ယဒါ၊အကြင်အခါ၌၊ ပညာယ၊ဝိပဿနာ ပညာမျက်စိဖြင့်၊ ပဿတိ၊ အနှစ်သာရသာတရမျှ မရှိ၍ တရွတ်အချည်းနှီးအနတ္တသဘောတ

ရေးချည်းထင်မြင်၏၊ တဒါ၊ထိုသို့ရုပ်နာမ်ဖန်ဖန်ပျက်စီးဟန်
ကိုမြက်ထင်းဆွေးလိုဘဲ၊အနှစ်သာရလဲ ဘာတခုမျှမရှိ၍ တုစ္ဆ
အချည်းနှီး အနတ္တသဘောတရားချည်း ထင်မြင်သောအခါ၌၊
အပ္ပဋိသင်္ခါယ၊ ပဋိသင်္ခေနေခြင်းမရှိရာ၊ နိဗ္ဗာန်ချမ်းသာကြီး
ကို၊အညတြ၊ကြည်ထား၍၊ အညံ၊ဇာတ်ငြိမ်းရာနိဗ္ဗာန်ချမ်းသာ
ကြီး၌ တပါးသော၊ ကိဉ္စိ၊ တစုံတခုသော အာရုံကို။ နပဿယ
တော၊ ရုံရုံမက်မက်နှစ်နှစ်သက်သက် တောင့်တောင့် တတ
မရှိအပ်။ ၊သတ္တက်ပြည့်ရ နိပါတ်၊ ၊တိကကင်္ဂုပမံလော
ကာသည် ဒုက္ခသစ္စာကိုပြ၏၊ ယဒါ ပညာယပဿတိ၊ သည်
မဂ္ဂသစ္စာကို ပြ၏၊ နညံ့ပဿယတော ကိဉ္စိ၊ သည် သမုဒယ
သစ္စာကိုပြ၏၊ အညတြအပ္ပဋိသင်္ခါယ၊ သည် နိရောဓသစ္စာကို
ပြ၏၊ဂုဏ်ဂါထာနှင့်အညီ၊သစ္စာလေးပါးကိုပြပေအံ့၊

လေးပါးသောနိ၊သစ္စာ၌ရှိ၍၊ ဇာတိအစ၊ဒုက္ခများစွာ၊ သံ
သရာမှာ၊ ကမ္ဘာဆက်ဆက်၊မခေတွက်နိုင်အောင်၊ ဆင်းရဲအ
နန္တကို ခံခဲ့ရလေပြီပါတကား၊ ၊မိဝမ်းအောင်းခြင်း၊ ဆောင်
ခြင်းကိုယ်ဝန်၊ ပျက်ပြန်ဝမ်းထဲ၊ သွားဆဲဆဲလည်း၊ သွားပြီး
ကိုင်ထိ၊ ကိုယ်မချို့၊ဇာတိဒုက္ခ၊ အနန္တကို၊ဘဝများစွာခံခဲ့ရ
လေပြီပါတကား၊ ၊မိဝမ်းအောင်းကျင်း၊ ဆောင်ခြင်းကိုယ်
ဝန်၊ပျက်ပြန်ဝမ်းထဲ၊သွားဆဲဆဲလည်း၊သွားပြီးကိုင်ထိ၊ ကိုယ်
မချို့၍ ဇာတိတဘန်၊ ဖြစ်ရ ဟန်ကို၊ အလွန်ကြောက်ဖွယ်ပါတ
ကား၊ ၊လေးပါးသစ္စာ တဘန်နေသျှင်၊ ဧကန်မုချ၊ ဒုက္ခအ
ထွေထွေ၊ အသင်္ချေအနန္တကို၊ ငါဧကန် တွေ့ရလိမ့်ပါဘကား၊

ဂဗ္ဘောက္ကန္တိ မူလကဒုက္ခ၊ ဂဗ္ဘပရိဟာရဏမူလကဒုက္ခ၊
ဂဗ္ဘဝိပတ္တိမူ လကဒုက္ခ၊ ဝိဇာယနမူလကဒုက္ခ၊ ဗဟိနိက္ခမနမူ
လကဒုက္ခ၊ ၊ဇာတိဒုက္ခငါးပါး၊ ၊အတ္တုပက္ကမမူလကဒုက္ခ
ပရူပက္ကမမူလကဒုက္ခ၊ ၊ပဝတ္တိ ဒုက္ခ နှစ်ပါး၊ ၊သမ္မောဟ
ဝိနောဒနီအဋ္ဌကထာ။ သစ္စ ဝိဘင်းအဖွင့်၌လာ၏၊ ၊ဝိသုဒ္ဓိ

မဂ်အင်္ဂကထာ၌လည်းထာ၏၊ ၊ဒုက္ခသစ္စာကိုဘာဝနာဉာဏ် မဂ်ဉာဏ်ဖြင့်ပိုင်းခြား၍သိခြင်းဒုက္ခသစ္စာပြီး၏၊

---

မဂ္ဂသစ္စာကိုပြပေအံ့။ ၊ရုပ်နာမ်ဘန်ဘန် ပျက်စီးဟန်ကို၊မြက်ထင်းဆွေးလိုဘဲ၊အနှစ်သာရလဲမရှိ၊ အတိတုစ္ဆအသုံးမကျအလကားအချည်းနှီး၊ အနတ္တသဘောတရား ချည်းပါတကား၊ ၊ရုပ်နာမ်ဘန်ဘန်ပျက်စီးဟန်ကို၊ ရေမြှုပ်လိုဘဲအနှစ်သာရလဲမရှိ၊ အတိတုစ္ဆအသုံးမကျအလကားအချည်းနှီး၊ အနတ္တသဘောတရားချည်းပါတကား၊ ၊ရုပ်နာမ်ဘန်ဘန်ပျက်စီးဟန်ကို၊ ရေပွက်လိုဘဲ၊ အနှစ်သာရလဲမရှိ၊အတိဘုစ္ဆအသုံးမကျအလကားအချည်းနှီး အနတ္တ သဘောတရားချည်း ပါတကား၊ ၊ရုပ်နာမ်ဘန်ဘန်ပျက်စီးဟန်ကို၊ တံလျှပ်လိုဘဲ၊ အနှစ်သာရလဲမရှိ၊ အတိတုစ္ဆအသုံးမကျ အလကားအချည်းနှီး၊ အနတ္တသဘောတရား ချည်းပါတကား၊ ၊ရုပ်နာမ်ဘန်ဘန် ပျက်စီးဟန်ကိုငှက်ပြောတုံးလိုဘဲ၊ အနှစ်သာရလဲမရှိ၊ အတိတုစ္ဆအသုံးမကျအလကား အချည်းနှီး၊ အနတ္တသဘောတရား ချည်းပါတကား၊ ၊ရုပ်နာမ်ဘန်ဘန် ပျက်စီးဟန်ကို၊ မျက်လှည့်ရုပ်လိုဘဲ၊အနှစ်သာရလဲမရှိ၊ အတိတုစ္ဆ အသုံးမကျအလကား အချည်းနှီး အနတ္တသဘောတရားချည်းပါဟကား၊ ၊ရုပ်နာမ်ဘန်ဘန်ပျက်စီးဖြန့်မှု၊ ပိုင်သူသခင်၊ အရှင်မရှိ၊အသာမိက၊ အနတ္တသဘောတရားချည်းပါဘကား၊ ၊ရုပ်နာမ်ဘန်ဘန်၊ ပျက်စီးဟန်မျိုး၊ အဝိုးမရ၊ အနိဿရဏ၊ အနတ္တ သဘော တရားချည်းပါတကား၊ ၊ရုပ်နာမ် ဘန်ဘန်၊ ပျက်စီးဟန်မှာ၊လိုရာမရ၊ ပြင်ကသူပိမ်းလိုပ၊ပရပရ၊ အနတ္တသဘောတရားချည်းပါတကား၊ ၊ရုပ်နာမ်ဘန်ဘန်၊ ပျက်စီးဟန်မှာ၊ ခိုင်မြဲချမ်းသာ၊ ကိုယ်မှတ်စရာ၊ အနှစ်သာရ ဘာဘာရမှုမရှိ၍ အသာရက၊ အနတ္တ သဘော တရားချည်းပါတကား၊ ၊အနတ္တလက္ခဏာ၊မဂ္ဂသစ္စာကိုပွါးများစီးဖြန်းရာ၏၊

ပျက်စီးဘောက်ပြန်၊ရုပ်နှင့်နာမ်သည်၊ကောန်မုချ၊ သာရကင်းဝေး၊ မြက်ထင်းဆွေးနှင့်၊ နှိုင်းရေးတမျှ၊ ပမာကျသည်၊ တုန္တွအချည်းနှီး၊ အနတ္တသဘောတရားချည်းပါတကား။ ၊ ခြောက်ပါးအာရုံ၊ သုံးပါးဘုံကို၊ ရုံမက်တပ်ခြင်း၊ ပယ်ကင်းဝေးဘိ၊ တောင့်မှုမိခိုဉ်၊ပငိုသငေ့၊ နှောင်လေးတွေ၊ နှောင်ဖွဲ့ကြယ်မရှိပါတကား၊ ၊နှစ်ပါးရုပ်နာမ်ကို၊ အဘန်ဘန် လက္ခဏာတင် ၍ပွားများခြင်းသည်မဂ္ဂသစ္စာမည်၏၊ ၊မဂ္ဂသစ္စာပြီး၏။

---

သမုဒယသစ္စာကို ပြပေအံ့၊ ၊ဇာတိငြိမ်းရန် နိဗ္ဗာန်မှ တပါး၊ဘုံသုံးပါး၌၊ ခြောက်ပါးအာရုံ၊ အလုံးစုံကို၊ စုံရုံမက်မက်၊နှစ်နှစ်သက်သက်၊ တောင့်တောင့်တတ၊ မရှိသင့်ပါတကား၊ ၊ထိုထိုဘဝ။ နိကန္တိက၊ ဇာကာစ၊ လောဘငယ်ချစ်ငယ်ပေါင်းပါတကား၊ ၊လောဘငယ်ပေါင်း၊ လွန်ဆိုးကြောင်း၊ ကောင်းကောင်းမသိကြပါတကား၊ ၊လောဘငယ်ပေါင်း၊ ငယ်ချစ်ဟောင်း မကောင်းသောရန်သူအစစ်၊ ဧကန်ဖြစ်ပါတကား၊ ၊ထိုထိုဘဝ။ ဆင်းရဲသမျှ၊ လောဘကြောင့်ချည်းပါတကား၊ ၊ဟဲ့ငလောဘ၊မောင်ဒုက္ခကို။ ဘဝများစွာ၊ သံသရာ၌၊ ဩဃထဲ၌၊ ဆင်းရဲအနန္တဖြင့်၊ နှိပ်စက်ခဲ့ပြီပါတကား၊ ၊ဟဲ့ငလောဘ၊မောင်ဒုက္ခကို၊ဘဝအတန်တန်၊ ဇာည့်ပတ်ပတ်ကို၊ ဥာဏ်ဖြင့်ဘန်ဘန်ရှု၍သိမြင်ပါတကား၊ ၊ဟဲ့ငလောဘ၊ညစ်တေ၍၊ဘာငနေ ဖြင့်နှိပ်စက်၍ပါတကား၊ ၊ဟဲ့ငလောဘ၊ လွန်းဆိုး၍၊မဂ္ဂနှင့်သတ်၍ပါတကား၊ ၊မဂ်နှင့်သတ်က၊ငလောဘ၊ ရချသေ သေ့မည်ပါတကား၊ ၊ထိုထိုဘဝ၊ မောင်ဒုက္ခနှင့်၊လောဘငယ်ပေါင်း၊ သေရှောင်း၊ အောင်းမေ ရေ မကောင်းပါတကား၊ ၊ရှေ့သေလောဘ၊ ဒုက္ခနောက်သေ ဇီဝိန္ဒြေ၊ ကွဲလေဘဝ ခြေးပါတကား၊ ၊ယောကျ်ားမှာ မောင်ဒုက္ခဆို၊ မိန်းမမှာမယ်ဒုက္ခဆို၊ အလျင်ဆုံးအားဖြင့် ဧရူထွက်သော သမောသိသိ ရဟန္တာ၊ ကျားစားသော ရဟန္တာ

များမှာ၊ လောဘနှင့်ဒုက္ခချုပ်ငြိမ်းခြင်းသည်၊ ဝိထိမျှသာခြား၏၊ အနေ့းဆုံးအားဖြင့်၊ နေဝသညာ နာသညာယတနဘုံ၌ ရဟန္တာပြဟ္မာကြီးများမှာ၊လောဘငြိမ်း၍ပြီးသည်နောက်၊ကမ္ဘာပေါင်း၅၆ သောင်းလေးထောင်လောက်ကြာမှဒုက္ခငြိမ်း၏၊

တကျော့ဒုတိယောပုရိသသာ၊ ၊ပုရိသသာ၊ဘဝများစွာသံသရာ၌ ကြွေလည်ထဲ၌ ဆင်းရဲအနန္တကို ခံခဲ့ရသောမောင်ဒုက္ခ၏၊ဒုတိယော၊ ထိုထိုဘဝပေါင်း နှိပ်စက်ကြောင်း မကောင်းသောအဘော်သဟဲဟူသည်ကား၊ တကျော့၊ထိုထိုဘုံဘဝ၊ ထိုထိုမြို့ရွာ၊ထိုထိုအာရုံကာမဂုဏ်ကို၊ ရမက် တပ်နှစ်သက်သောလောဘငယ်ချစ်ငယ်ပေါင်းတည်း၊

တကျော့ဒုတိယောဣတ္ထိယာ၊ ၊ဣတ္ထိယာ၊ဘဝများစွာသံသရာ၌ ကြွေလည်ထဲ၌ ဆင်းရဲအနန္တကို ခံခဲ့ရသော မယ်ဒုက္ခ၏၊ ဒုတိယော၊ထိုထိုဘဝပေါင်း နှိပ်စက်ကြောင်း မကောင်းသော အဘော်သဟဲဟူသည်ကား၊တကျော့၊ ထိုထိုဘုံဘဝ၊ထိုထိုမြို့ရွာ၊ ထိုထိုအာရုံကာမဂုဏ်ကိုရ မက်တပ်နှစ်သက်သောလောဘငယ်ချစ် ငယ်ပေါင်းတည်း၊ ၊လောဘကို တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန် အားဖြင့် ပယ်ခြင်း၊ ၊သမုဒယသစ္စာပြီး၏၊

---

နိရောဓသစ္စာကိုပြပေအံ့၊ ၊အပူမြို့ကြီးနယ်၊ သုံးဆဲ့တဘုံ၊ဒုက္ခမျိုးရုံ၊အကုန်ဇာတ်ထွက်၍၊ ဘဝဆက်ဆက်၊မပျက်ရအောင်၊ပြွမ်းဆောင်နိုင်ရာ၊ သံသရာဇာတ်ကြီး ရုပ်သိမ်း၊ဒုက္ခခပ်သိမ်းကုန် ချုပ်ငြိမ်းခြင်းသဘောတရားသည်၊ နိဗ္ဗာန်မြို့တော်ကြီး ကေန်အမှန် ပါတကား၊ ၊မိဝမ်းသက်ဆင်း၊ဆောင်ခြင်းကိုယ်ဝန်၊ပျက်ပြန်ဝမ်းထဲ၊ဘွားဆဲဆဲလည်း၊ ဘွားပြီးကိုင်ထိ၊ ကိုယ်မချိ၍၊ ဇာတိငြိမ်းရာမှန်၊ နိဗ္ဗာန်သည်၊အလွန်ချမ်းသာစွပါတကား၊ အလွန်ချမ်းသာစွပါ တကား၊ ၊မိဝမ်းသက်ဆင်း၊ဆောင်ခြင်းကိုယ်ဝန်၊ပျက်ပြန်ဝမ်းထဲ၊ ဘွား

ဆဲဆဲလည်း၊ ဘွားပြီးကိုင်ထိ၊ ကိုယ်ချေ၍ ဇာတိငြိမ်းရာမှန် ‌ေနိဗ္ဗာန်ဘုံ၊ အလွန်ဆန္ဒကြီးရှိပါဘကား၊ အလွန်ဆန္ဒကြီးရှိပါ သကား။

ပဋိဝိဒ္ဓဓမ္မသဘာဝါနံ သေခါသေခါနံ အရိယပုဂ္ဂလာနံ ပတိဋ္ဌာနဂေါစရနိဝါတဋ္ဌာနဘူတဒနိဗ္ဗာနံနဂရန္တိဝုစ္စတိ။ ။ပဋိ ဝိဒ္ဓဓမ္မသဘာဝါနံ၊ ဘောက်ခွဲထိုးထွင်း၍ သိအပ်သော လော ကုတ္တရာ တရားရှိကုန်သော၊ သေခါ သေခါနံ၊ သိသသခါသိ ပညာသုံး၄၊ မိမိဘာဝနာကိုကျင့်ဆဲကျင့်ပြီးဖြစ်ကုန်သော၊ အရိယ ပုဂ္ဂလာနံ၊ သဘောဖြူစင် အရိယာသခင်အရှင်မြတ်တို့၏၊ ပတိ ဋ္ဌာနဂေါစရနိဝါသ ဋ္ဌာနဘူတံ၊ ကိုးကွယ်လည်းလျောင်း ပုန်း အောင်းမှီခိုရာအရပ်၊ အလွန်လေးမြတ်စွာ အာရုံပြုရာ အရပ်၊ ကိန်းအောင်းစံပျော် မွေ့လျော်ရာအရပ်၊ ဟူသော အနက်သ ဘောကြောင့်။ နိဗ္ဗာနံ၊ဘေးရန်ခပ်သိမ်း ကုန်ချုပ်ငြိမ်းဧးသော နိဗ္ဗာန်ကို၊နဂရန္တိ၊ဧးမြို့တော်ကြီးဟူ၍၊ဝုစ္စတိ၊ဆိုအပ်၏၊ ။ ဗုဒ္ဓဝင်အဋ္ဌကထာ၊

သယိဒံသန္တိလက္ခဏံ၊အစ္စုတိရသံ၊ အဿာသကရဏ ရသံဝါ၊ အနိမိတ္တပစ္စုပဋ္ဌာနံ၊ နိပ္ပပဉ္စပစ္စုပဋ္ဌာနံဝါ၊ ။သယိ ဒံတံဣဒံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်၊ သန္တိလက္ခဏံ၊ ဘေးရန်ကင်း ကွာ၊ ကိလေသာရန်သူတို့၏ မလှုပ်ရှားနိုင်သဖြင့် လွန်စွာငြိမ် သက်ခြင်း၊ တဆဲ တသီးမီးအပေါင်းတို့မှငြိမ်းဧးခြင်းလက္ခဏာ ရှိ၏၊ ပါ၊ငြိမ်သက်ခြင်းငြိမ်းဧးခြင်းသည်ပင်လျှင် နိဗ္ဗာန်ဘောန် အမှန်တည်းဟု သိကြောင်း မှတ်ကြောင်းရှိ၏၊ အစ္စုတိရသံ၊ ယင်းသို့ငြိမ်သက်ခြင်း ငြိမ်းဧးခြင်းသဘောမှမဖောက်မပြောင်း ကောင်းကောင်းကြီးအမြဲ တည်နေခြင်းနှင့်ပြည့်စုံ၏၊ ဝါ၊တ နည်းကား။ အဿာသကရဏရသံ ဘေးရန်ကင်းကွာ ချမ်း သာအောင် ပြုနိုင်ခြင်းကိစ္စရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာနံ၊သင်္ခတ— ဇာတ-ဘူတ-ကတ-ပစ္စယ တရားတို့ထဲ၌၊ ဘောက်ခွဲ၍ထွက် လာခဲ့ပါသျှက်၊ ယင်းသင်္ခတ-ဇာတ-ဘူတ-ကတ-ပစ္စယ၊ အ

ရိုင်နိဒိတ် မထင်မပေါ်ခြင်းလျှင်၊ ထင်သော အခြင်းအရာရှိ၏၊ ဝါ၊တနည်းကား၊နိဒ္ဒပဋ္ဌပန္တုပဋ္ဌာန်၊ ပဋိဋ္ဌသမုပ္ပါဒ်ခြားချဟာဘ်သို၊ မပြတ်သည်ရာ သံသရာစက်ချဟာဘ်ကြီးကိုအစဖြတ်နိုင်ခြင်းအကျိုးရှိ၏၊ ၊အဋ္ဌာကထာ၊ ၊

နိယျာနိကလက္ခဏာမင်္ဂေါ်၊ တံနိုးရောဝသာပဒဋ္ဌာန်၊ ၊ မင်္ဂေါ်၊ မပွင်ရှစ်ပါးဖြတ်တရားသည်၊ နိယျာနိကလက္ခဏာ၊ သံသရာဝဋ်မှ ကျွတ်လွှတ်အောင် ဆောင်သုတ်ခြင်းသဘာရှိ၏၊ တံ၊ထိုနိယျာနိကလက္ခဏာရှိသော မဂ္ဂင်ရှစ်ပါး ဖြတ်တရားသည်၊နိရောဓသော၊ ဘေးရန်ခံသိမ်းကုန်ချုပ်ငြိမ်းသောနိဗ္ဗာန်၏၊ ပဒဋ္ဌာန်၊ နိဗ္ဗာန်ရောက်ကြောင်း၊တရားအပေါင်းတို့ထက် အလွန် နိုးတ့်စွာသော အကြောင်းရှိ၏၊ ၊နေတ္တိပါဠိတော်၊

အဋ္ဌရံဝတနိဗ္ဗုတော၊ ဋ္ဌီဂုန်ပိအနာဘဝံ၊ နာမေဗိနိအနာနာပံ၊နာတေဇနိအနာဝတံ၊ ၊အနာကာသံနဋ္ဌါနဋ္ဌ ၊ နာကိဋ္ဌည္တံပိနေတရံ၊ နာသည့် အပတိဋ္ဌမ္ပါ၊ တံဘိဋ္ဌာန်သုအဋ္ဌန်။ ၊နိဗ္ဗုတော၊ ဘေးတကာရှင်း၊ ရန်တကာကွင်းရသော နိဗ္ဗာန်အောင်ခန်းဆေးမြို့နန်းတော်ကြီး၊ ဝတ-တဝ၊ အရှင် နိဗ္ဗာန်အောင်ခန်းဆေးမြို့နန်းတော်ကြီး၏၊ ရံဝ-ဝရံ၊ မြတ်လှစွာသော၊ ရံ-ရံသိ၊အရောင်တော်သည်ကား၊ အဋ္ဌရံဝတ၊ ဆံ့ဩဘွယ်ကြီးပါဘကား၊ ဘဝံ၊အရှင်နိဗ္ဗာန်အောင်ခန်းဆေးမြို့၊ နန်းတော် ကြီးသည်၊ ဋ္ဌီဂုန်ပိ၊ရောင်ပေါင်းရှက်စပ်၊ နှစ်ချပ်သောဥဿုဂူ၊ သိဘဂူကြီးတို့၏သည်း၊အနာဘဝံ၊ အရောင်ရှိသည် မဟုတ်ပါဘဲသျက်၊အနာဘဝံ၊အရောင်ရှိသည်နှင့်ဘူ၍နေဘော်မူ၏၊ ဝါ၊ နေချောင်လရောင်ရှိသည်ထက်ဝင်းဝင်းပြောင်၍နေ၏၊

နိဗ္ဗုတော၊ အိုးဘေးရန်အပေါင်းကို ကြောက်လန့်ဖွယ်သူပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ကိုးကွယ်သည်းလျောင်း ပုန်းအောင်းမှီရာဖြစ်သောနိဗ္ဗာန်ရွှေသိဒ္ဓိဆေးမြို့တော်ကြီး၊ ဘဝံ၊ အရှင်နိဗ္ဗာန်ရွှေတိုးဆေးမြို့တော်ကြီးသည်၊ အာမေဗိနိ၊ ပြည်ရွာတပါး၊ မြို့ဘခြား

တို့ကဲ့သို့မြေလည်းမဟုတ်၊ မြေလည်းမရှိပါဘဲလျက်၊ အမေဒ္ဒနီ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ တည်ရာဌာနဖြစ်သဖြင့်၊ မြေ၊ရေရှိသည်ထက်ပင်၊ ကြီးကဲလွန်မင်းသော တည်ရာဖြစ်၍အလွန်ထူးမြားတော်မူပေ၏၊ ။အနာနာပံ၊ရေလည်းမဟုတ်၊ ရေလည်းမရှိပါဘဲလျက်၊အနာနာပံ၊ တဆဲ့ တသိန်းမိုးသောင်းပြောင်းတို့ကို ငပေါင်းတည်းငြိမ်းအေးစေနိုင်သည်ဖြစ်၍၊ ရေမဟုတ်၊ ရေမရှိသည်လည်းမမည်၍ အလွန်ထူးမြားတော်မူပေ၏၊ ။နာဘောဇနီ၊ မီးလည်းမဟုတ်၊ မီးလည်းမရှိပါဘဲလျက်၊ နာဘောဇနီ၊ တရာ့ရှစ်ပြား၊ရေတဏှာကိုလွန်စွာ ကျွန်ခန်းစေနိုင်သဖြင့်၊ မီးမဟုတ် မီးမရှိသည်လည်းမမည်၍ အလွန်ထူးမြားတော်မူပေ၏၊ ။အနာဝထံ-အနာဝတံ၊ အခြားသော ဘုံတည်ရာအရပ်များကဲ့သို့လေ မရှိသော်လည်း၊ အနာဝတံ အနာဝတံ၊ခန္ဓာအိမ်ဟောင်း၊ ကိလေသာ သစ်ပင်ရောင်းတော်ကို၊ ငပေါင်းတည် ပျက်အောင် တိုက်ဖျက်နိုင်သည်ဖြစ်၍၊ လေမရှိသည်လည်းမမည်၍ အလွန်ထူးမြားတော်မူပေ၏၊

နိဗ္ဗုတော၊အိုမြေ၊ရေ၊လေ၊မီး၊ ဓာတ်ကြီးလေးရပ် မရှိပါဘဲလျက်၊ဓာတ်ကြီးလေးရပ်ရှိသည်ထက်ပင်၊ ပရိနိဗ္ဗုတအရှင်တို့၏ စင်စစ်ပုန်းအောင်းရာ ဖြစ်တော် မူပေသော နိဗ္ဗာန်သာခေါင်ဘေးမဲ့ တောင်တော်ကြီး၊ ဘဝ၊ အရှင် နိဗ္ဗာန်သာခေါင်ဘေးမဲ့ တောင်တော်ကြီးသည်၊အနာကာသံ၊ အခြားသော ဘုံတည်ရာဌာန ပဗ္ဗတများကဲ့သို့ ကောင်းကင်လည်း မဟုတ်၊ ကောင်းကင်လည်း မရှိပါဘဲလျက်၊ အနာကာသံ၊ အာဘာယ်တပိုးတဖိ ဘေးမထိနိုင်ရာဖြစ်၍၊ အဇရာ ကာသကောင်းကင်ဝနှင့်တူ၍အလွန်ထူးမြားတော်မူပေ၏၊

နိဗ္ဗုတော၊ မြေရေလေမီးလည်းမထင်၊ မိုးကောင်းကင်လည်းမဟုတ်ပါဘဲလျက်၊ ဘေးကိုကြောက်ဘတ်လှသူ ပုဂ္ဂိုလ်ဖြူတို့၏။ စင်စစ်ပျော်စံရာဖြစ်တော်မူပေသော နိဗ္ဗာန် စံခန်းထူးမြေ့နန်းတော်ကြီး၊ တုဝံ၊ အလွန် ထူးဆန်းအံ့ခမန်းသည့်၊နိဗ္ဗာန်စံ

ခန်း၊ဧးမြို့နန်းတော်ကြီးသည်၊ နဥ္ပါနဥ္ပ၊ အာနဥ္ပနှစ်ရပ်၊ ဘုံနှစ်ထင်လည်းမဟုတ်ပါဘဲလျက်၊ အခြားသောဘုံ တည်ရာများကဲ့သို့နှစ်ပါးသော အဘိုတ်ဖြင့် အစမထင်ဆုံးမြင်၍ အလွန်ပင်ဧးမြတော်မူပေ၏။ ၊ဥပါဒိဘင်အစွန်းမရှိသည်ကိုယူ။

နိဗ္ဗူသော၊ဒိုအခြားသောဘုံမြို့ရွာများကဲ့သို့၊ ခေတ်လေးပါးလည်းမဟုင်၊မိုးကောင်းကင်လည်းမဟုတ်ရ။ အာနဥ္ပဘုံနှစ်မျိုးမှလည်း အလွတ်ဖြစ်လျက်၊ ဝေနေယျတို့၏ ပုန်းအောင်းခိုနေရာမဟုတ်သည် မဟုတ်သော၊ အစမထင် ဆုံးမမြင်သည့်နိဗ္ဗာန် ပြည်ကျော် ဧးမြို့တော်ကြီး၊ ထုဝံ၊ အရှင်နိဗ္ဗာန် ပြည်ကျော်ဧးမြို့တော်ကြီးသည်၊ နာကိဥ္စညံ၊အာကိဥ္စည၊ ဘုံဌာနလည်းမဟုတ်ပါဘဲလျက်၊ အာကိဥ္စညံ-အာကိဥ္စနံ၊ အဘယ်တရံတရာဘေးတွက်တာဖြင့် ကြောင့်ကြစရာမရှိ၍ အလွန်ဧးမြတော်မူပေ၏။

နိဗ္ဗူတော၊ ဒိုခေတ်လေးပါးရှိရာ ကာမရူပ ဘုံဌာနတို့၌လည်းမဝင်။ အောက်အရူပဘုံတွင်လည်းမသွင်းရ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့စံရာလည်းဖြစ်သော နိဗ္ဗာန်ရွှေထီး ဧးမြို့တော်ကြီး၊ တုဝံ၊နိဗ္ဗာန်ရွှေထီးဧးမြို့တော်ကြီးသည်၊ နေဝသညာနာလညာဘုံဌာနလည်း မဟုတ်ပါဘဲလျက်၊ ဈာန၊ရုံ၊ဆိုအပ်ခဲ့ပြီးသောအရပ်ရပ်သော ဘုံတို့မှလည်း တပါးဖြစ်၍ အလွန်ဧးမြတော်မူပေ၏။

နိဗ္ဗူတော၊ဒိုကာမ၊ရူပ၊အရူပတွင်၊ဘက်မဝင်သည့်အရှင်နိဗ္ဗူမြတ် အဧးခေတ်တော်ကြီး၊ တုဝံ၊ အရှင်နိဗ္ဗူမြတ် အဧးခေတ်တော်ကြီးသည်၊နာသညံ၊ အသညာသတ္တဘုံ ဌာနလည်းမဟုတ်ပါဘဲလျက်၊အသညံ၊ သညာထူးထွေ နာသဲတရေးဘည်းမရှိသည်ဖြစ်၍၊ နာသညံ၊ဘေးကိုးကြောက်သူ၊ တကဲ့လူတို့ မနှစ်သက်ရာမဟုတ်ပေ၍ အလွန်ဧးမြတော်မူပေ၏။

နိဗ္ဗူတော၊ ဒိုဘုံသုံးပါး၏ပြင်ဘက်ဘုံသုံးပါးကိုလွန်း၍တက်တော်မူသော နိဗ္ဗာန်အောင်ခန်းဧးမြို့နန်းတော်ကြီး၊ ဘဝံ၊

အရှင်နိဗ္ဗာန်အောင်ခန်းဆေးမြို့နန်းတော်ကြီးသည်၊ အပတိဋ္ဌမှိ၊အခြားပြည်ရွာမြို့များစွာ တို့ကဲ့သို့၊ မြေပေါ်၊ ရေပေါ်၊ ကောင်းကင်ပေါ်၌ပင်မတည်သော်သည်း၊ တံတိဋ္ဌာနံ၊ ထိုနိဗ္ဗာန်အောင်ခန်းဆေးမြို့ နန်းတော်ကြီးပေါ်၌ ကိန်းအောင်းစံပျော် မွေ့လျော်ကြကုန်သော ပရိနိဗ္ဗုတ သခင် အရှင်မြတ်တို့၏၊ သုတိဋ္ဌနံ၊ ကမ္ဘာ့မီး၊ ကမ္ဘာ့ရေ၊ ကမ္ဘာ့လေကြမ်း၊ လူကြမ်း၊ နတ်ကြမ်း၊ ဗြဟ္မာကြမ်းတို့ ပျက်စီးအောင်မဖျက်ဆီးနိုင် အလွန့်ခိုင်ခံ့စွာတည်နေရာဖြစ်၍၊ အလွန်ဆေးမြဲမြဲကြီးရှိတော်မူကြပေ၏၊ အလွန်ချမ်းချမ်းသာသာကြီး ရှိတော်မူကြပေ၏။ ။ပဉ္စမဥဒါန်းပါဠိတော်ကိုမှီးသောသင်္ဂဟဂါထာ။

ဒုဒ္ဒသံ ၀တ အနတံ၊ နဟိ သစ္စံ သုဒဿနံ၊ ပဋိဝိဒ္ဓါ တဏှာ၊ ဇာနတော ပဿတော နတ္ထိ ကိဉ္စနံ။ ဒုဒ္ဒသံပဋိဝိဇ္ဈနံသတေ၊ ဒုက္ခပဿိနော၊ ဧဝံ ဗုဒ္ဓါ ပကာသန္တိ၊ အစ္စေန်ကိုစွန့်သဒါ။ ။အနတ၊ ကဲ့ရဲစရာ၊ သေးသိမ်စွာသည်၊ တဏှာပြောတူ ဖုထုဇဉ်သူယုတ်တို့အဟုတ်မ ညွှတ်မရောက်နိုင်ရာဖြစ်သော၊ အနတ၊ ချီးမွမ်းထိုက်ရာ ကြီးကျယ်စွာသည်၊ အရိယာသခင် အရှင်မြတ်တို့သာ ညွှတ်နိုင်ရာဖြစ်သော အရှင်နိဗ္ဗာန် အဆေးခေတ်ကြီးသည်၊ ဒုဒ္ဒသံ ၀တ၊ ဒုစရိုက်ထူဉာဏ်နုသူတို့၊ နိုင်းယှဉ်ခြင်သိမြင်နိုင်ခဲစွပါတကား၊ တံ၊ ထိုဒုစရိုက်ထူဉာဏ်နုသူတို့ နှိုင်းယှဉ်ခြင်သိမြင်နိုင်ခဲရာ သိမ်မွေ့ စွာသော အရှင်နိဗ္ဗာန် အဆေးခေတ်ကြီးကို၊ ပဿ ပဿန္တာ၊ သုစရိုက်ပြော ဉာဏ်ရင့်သောကြောင့် လိုက်လျောဆင်ခြင်သိမြင်ကြကုန်သောသူတို့သည်၊ ဒုက္ခပဿ နော၊ ဘုံသုံးပါး၌သွားလာစုံဆန် အဘန်ဘန်ပဋိသန္ဓေအိုနာသေခြင်း ဆင်းရဲသည်အလွန်အပူကြီးပါတကားဟု ဘာဝနာမယဉာဏ်၊ မဂ်ဉာဏ်ဖြင့်သိမြင်ကုန်သည်ရှိသော်၊ ဝါ၊ ကား၊ တံ၊ အရှင်နိဗ္ဗာဆဟု ဆိုအပ်သော ဆေးနိဗ္ဗာန်ကို၊ ပဿ-ပဿန္တာ၊ ပစ္စက္ခချက်မှောက်မဂ်ဉာဏ်ဖြင့်သိမြင်ကုန်ရကား၊ ဒုက္ခပဿိနော၊ ဘုံသုံးပါး၌ သွားလာစုံဆန် အဘန်ဘန် ပဋိသန္ဓေအိုနာသေခြင်းဆင်းရဲသည် အလွန်အပူကြီးပါတကားဟု၊ ဒုက္ခသစ္စာကိုမဂ်ဉာဏ်

ဖြင့်သိမြင်ကြကုန်လျက်၊ဒွိဓာခရေပိ၊ အလွန်ပူကြောင်း၊ အလွန်ဆေးကြောင်းဖြစ်သော သမုဒယသစ္စာ၊ မဂ္ဂသစ္စာ နှစ်ပါးတို့ကိုလည်း၊သုပဿနက္ခာမဂ်ဉာဏ်ဖြင့် အမြင်ကြီးမြင်ကြကုန်သည်ဖြစ်၍၊ သဒ္ဓါ၊ အခါခပ်သိမ်း၊ ကိစ္စနံ၊ ကြောင့်ကြ ဘွယ်ရာ၊ တောင့်တစရာ၊အားတကာပိုင်းအုံ၊ ရန်တကာသိုင်း ခြံသည့်ရပ်နာမ်အပုပုံကြီးကို၊ အစွန့်၊ လွန်မြောက်ကြကုန်၍၊ ဝါ၊အပျခပ်သိမ်း အကုန်ငြိမ်းရာ နေိဗ္ဗာန်သို့၊ ချောက်တော် မူကြကုန်၏၊ ၊ဒုတိယဥဒါန်းပါဠိတော်ကို မိန်းသောသင်္ဂဟဂါထာ၊

အဇရံမိခမာနေန၊ တပမာနေနနိဗ္ဗုတိံ။ နိမေယျံပခမံသန္တိံ၊ ယောပကွေမံအနုတ္တရံ၊ ၊မိခမာနေန၊ ဘောက်ပြန်စိုမင်းဆွေးမြေ့ ပျက်စီးခြင်း သဘောမျိုးဖြင့်၊အဇရံ၊ တခါတည်းမျှအိုဘောမလွန်း၊ ဟောင်းနွမ်းခြင်း မဇ္ဇေ့ဆွေးမြေ့ခြင်းမဝင်၊အမြဲလျှင် အသစ်စက်ဆက်တည်နေထသော။ ယောဂက္ခေမံ၊ဘောတကာပိုင်းအုံ၊ခန်တကာသိုင်းခြံသည့်၊ဂါးကာမုံအာရုံကြား၌ လေးပါးသော ယောဂတို့ တဝတည်း ကုန်ရာဖြစ်ထသော၊ ပရမံ၊ တဆဲတသီး မိန်းသောင်းပြောင်းတို့၏ တပေါင်းတည်းငြိမ်းရေးရာဖြစ်၍ လွန်စွာမြတ်တော်မူထသော၊အနုတ္တရံ၊ လောကသုံးခွင်ဘုံသုံးပြင်ဝယ်တုမထင်သောဘုရားရှင်တို့မှ၊ မတုဘက်နိုင်ထသော၊တပမာနေန၊ ပူလောင်စေတတ်သော ဇာတိဇရာမိန်းများစွာမှ၊ သန္တိံ။ တပေါင်းတည်း ငြိမ်းရေးရာဖြစ်ထသော၊ နိဗ္ဗုတိံ၊ နိဗ္ဗာန်အောင်ခန်း ဘေးမသန်းသည့်ရွှေနန်းတော်ကြီးကို၊ တပမာနေန၊ ယခုဘဝ မြိုးမြီစွာ ကျင့်ခသော သီလ သမထ ဝိပဿနာ ရဘင်ကုသိုလ် အကျင့်ဖြင့်၊နိမေယျံ စောဘပေယျံ၊ မကြာခင် လျင်မြန်စွာ ရအောင် ငါလဲ ဖွယ်၍ ဝယ်ယူလိုက်ပါတော့အံ့။ ၊သုပိနမထေရ် ဥဒါန်း ကျူးသော ထေရဂါထာ။

နယိမိဒံသိဝိလမာရက္ခာ၊ နယိမိ အပွေနထာမသော။ နိဗ္ဗာနံ အဓိဂတ္ဖွံ၊ သဗ္ဗဂန္ထပမောစနံ၊ ၊ယေနု၊ အကြွင်မှုလုပ် ပေါင်း

ပေါလွန်အိပ်ပျော်ခြင်း၊ ဖျင်းသောစကား၊ အစား အဝတ်တို့၌ မွေ့လျော် အပျော်လိုက်သော သူသည်၊ သဗ္ဗဂန္ထပမောစန်၊ ဆင်းရဲပေါင်းရုံးသေးတကာပိုင်းခွ၊ ရန်တကာ သိုင်းခြုံသည့် အနှောင်အဖွဲ့မှတကွဲကျွတ်လွတ် ကြီး ကျွတ်လွတ်တော် မူပေသော၊ ဇာနိနိဗ္ဗာန်၊ ဤတဆဲ့တသီးမီးအပေါင်းတို့မှ ငြေငြိမ်းကြီး ငြေငြိမ်းရာမှန်နိဗ္ဗာန်သို့၊ သိဝိလံ၊ ဒါနသီလပေါ်ဖျင်း၊ ဘာဝနာလှတ်ကင်းနေ့ထိုင်ခြင်းကို၊အာရုဏ်၊ အကြောင်းပြု၍၊ နအမိဂန္ထဗ္ဗံ၊ မရောက်အပ်မရောက်နိုင်၊ယာနဲ့၊ အကြွင်းသစ္စာလေးပါး တရားမထင်မမြင်ကြ၍၊ လောက ကြီးပွားမှု၊ နှောင်ကြိုးပွါးမှုပြုရမျိုးထောင် ဒုက္ခ ဘောင်ကို ကောင်းအောင် အလိုရှိသောသူသည်၊သဗ္ဗဂန္ထပမောစန်၊ အမှုန့်ကြီးနယ်၊ သုံးဆဲ့တဘုံ ဒုက္ခမျိုးရုံ၊ အကျန်အနှောင် အဖွဲ့မှ တကွဲကင်းလွတ်ဝေးကြီးဝေးတော်မူပေသောဇာနိနိဗ္ဗာန်၊ ဤရှင်နာမ်ခန္ဓာ အာယတနဓာတ်တို့၏ မပြတ်လည်ရာ သံသရာ ဇာတ်ကြီး ရပ်သိမ်း။ ဒုက္ခခပ်သိမ်း ကုန်ချုပ်ငြိမ်းရာ ငြေချမ်းသာ အောင်ခန်း မြေတော်နန်း ကြီးကို၊ အပွေနထာမသော၊ လွန်မင်းစွာကြီးမရှိ အနည်းငယ်မျှသာရှိသော၊ သဒ္ဓါသတိ သမာဓိဝီရိယပညာအားအစွမ်းဖြင့်၊နအမိဂန္ထဗ္ဗံ၊ မရအပ်မရနိုင်၊ ၊သဒ္ဓါယတနသိံယုတ်ပါငြိတော်၊ ၊နိရောဓသစ္စာပြီး၏။ ၊

ဒုက္ခဒုက္ခ၊ဝိပရိဏာမဒုက္ခ၊သင်္ခါရဒုက္ခတို့ဖြင့်၊ အဘန်တလဲလဲနှင့်မစဲဒ မြဲနှိုင်ငက်ခြင်းလျှင် အလွန်ပင် ကုယ်စိတ်ဆင်းရဲသော ပိဋ္ဌနဋ္ဌဒုက္ခ၊ ငါးပါးအာရုံ ကာမဂုဏ်ရ၊ဒုက္ခဝဋ္ဋဆင်းရဲမှုတို့ကိုဘန်ဘန်ပြုပြင်စီရင်ခြင်းလျှင် အလွန်ပင် ကုယ်စိတ်ဆင်းရဲသော သင်္ခတဋ္ဌဒုက္ခ၊ငါးပါးအာရုံ ကာမဂုဏ်ရဒုက္ခဝဋ္ဋ ဆင်းရဲမှုတို့ကို၊ ပူဆွေးညှိုးမှိန် ပိုးရိမ်ကြောင့်ကြ မူပန်ခြင်းလျှင် အလွန်ပင် ကုယ်စိတ်ဆင်းရဲသော သန္တာပဋ္ဌဒုက္ခ၊ ပါ၊ပါးအာရုံကာမဂုဏ်ရဒုက္ခဝဋ္ဋဆင်းရဲမှုတို့ကိုဘောက်ဖြန်

ယိုးယွင်းပျက်စီးခြင်းလျှင် အလွန်ပင်ကိုယ်စိတ်ဆင်းရဲသော ဝိပရိဏာမဒုက္ခတို့ကို အလွန်အမင်း ကြောက်ထိတ်လန့်ခြင်းရှိသောရဟန်းလူရှင်သူတော်စင်တို့သည်၊ ဝိဋ္ဌနဒုက္ခ၊ သင်္ခတဒုက္ခ၊ သန္တာပဒုက္ခ၊ ဝိပရိဏာမဒုက္ခတို့၏ ဖြစ်ကြောင်းဖြစ်သောငါးပါးအာရုံ ကာမဂုဏ်ရဒုက္ခဝဋ်ဆင်းရဲမှုတို့ကို၊ ပြုရအားထုတ်ဆည်းပူးဆဲ မရေ-ငိုရနိုင် မပယ်နိုင်ခြင်းသဘောတရားသည်၊ အာယူဟနဋ္ဌလောဘ၊ ငါးပါး အာရုံကာမဂုဏ်ရဒုက္ခဝဋ်ဆင်းရဲမှုတို့ကို တရံမစဲ အမြဲ ရွက်ဆောင်ခြင်းသိုဓိုးသိမ်းဆည်းခြင်းသဘောတရားသည် နိဒါနဋ္ဌ လောဘ၊ ငါးပါးအာရုံ ကာမဂုဏ် ရ ဒုက္ခဝဋ်ဆင်းရဲမှုတို့နှင့်သော လွန်စွာယှဉ်တွဲအမြဲနှောင်ဖွဲ့မပြည်တဲ့နိုင်မစွန့်မကြဲမပေးကမ်းနိုင် မခွာနိုင်ခြင်းသဘောတရားသည်သံယောဂဋ္ဌလောဘ၊ သံသရာစက်ဒုက္ခလက်မှ မထွက်ရအောင် နှောင့်ယှက်တားမြစ်ခြင်းသဘော တရားသည်၊ ပလိဗောဓဋ္ဌလောဘ၊ ထိုလောဘတို့ကို၊ ပယ်နိုင်စွန့်နိုင်ခွာနိုင်မနှောင့်ယှက်နိုင်ကြမှု၍၊ ဝိဋ္ဌနဋ္ဌဒုက္ခ၊ သင်္ခတဋ္ဌဒုက္ခ၊ သန္တာပဋ္ဌဒုက္ခ၊ ဝိပရိဏာမဋ္ဌ ဒုက္ခဟု ဆိုအပ်သောဒုက္ခသစ္စာ၊ အာယူဟနဋ္ဌလောဘ၊ နိဒါနဋ္ဌလောဘ၊ သံယောဂဋ္ဌလောဘ၊ ပလိဗောဓဋ္ဌလောဘဟု ဆိုအပ်သော သမုဒယသစ္စာထိုသစ္စာနှစ်ပါးတို့၏ ကုန်ချုပ်ငြိမ်းရာ ဖြစ်လေသပ်ရွသမှုပါဒ် ခြားရဟတ်သို့ မပြတ်လည်ရာ သံသရာစက်မှထွက်မြောက်ခြင်းလျှင် အလွန်ပင် ဧးမြသော နိဿရဏဋ္ဌ နိဗ္ဗာန်၊ ဘေးရန်နှောင့်ယှက်ခြင်းတို့မှ ဆိတ်ငြိမ်းခြင်းလျှင် အလွန်ပင် ဧးမြသော ပဝိဝေကဋ္ဌနိဗ္ဗာန်၊ မဘောက် မယွင်း သေခြင်းလျှင် အလွန်ပင်ဧးမြသော အမတဋ္ဌ နိဗ္ဗာန်၊ ဒုက္ခ ဝဋ်ဆင်းရဲမှုတို့ကို ပြုပြင် မစီရင်ခြင်းလျှင် အလွန်ပင်ဧးမြသောအသင်္ခတဋ္ဌနိဗ္ဗာန်၊ ထိုနိဗ္ဗာန်တို့ကို၊ ယခုဘဝ ဒိဋ္ဌဓမ္မပစ္စက္ခမျက်မှောက်ဘဝနာမယဉာဏ် ပဋိဝေဓ ဉာဏ်တို့ဖြင့် လျင်မြန်စွာ သိမြင်အောင်၊ နောင်တမလွန် သမ္ပရာယိကဘ လျင်မြန်စွာ ရ

အောင်၊ နိဿရဏဋ္ဌနိဗ္ဗာန်၊ ပဝိဝေကဋ္ဌနိဗ္ဗာန်။ အမတနိဗ္ဗာန် အသင်္ခတဋ္ဌနိဗ္ဗာန်၊ ထိုနိဗ္ဗာန်တို့ကိုလျင်မြန်စွာ ရောက်ကြောင်း ဖြစ်သောရုပ်နာမ်ခန္ဓာ အာယတနဓာတ်တို့၏ မပြတ်ဖြစ်ရာသံ သရာဝဋ်မှ ကျွတ်လွတ်အောင်ဘုတ်ဆောင်ကြောင်း သဘော တရားသည်နိယျာနဋ္ဌမဂ္ဂင်၊ သီလသမာဓိ ပညာကျေးဇူးဂုဏ် ထူးတို့ကိုဖြူစင် ခိုင်ခန့် တည်တန့်အောင် ပွါးနိုင်သော အ ကြောင်း ရင်းဖြစ်ကြောင်း သဘော တရားသည် ဟေတွဋ္ဌ မဂ္ဂင်၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင်ကြောင်း သဘောတရားသည် ဒဿနဋ္ဌမဂ္ဂင်၊ တဏှာသုံးမျိုးကို အုပ်စိုး ရ၍ အကြီးအကဲ အမြဲဖြစ်ကြောင်းသဘောတရားသည် အဓိပ တေယျဋ္ဌမဂ္ဂင်ဟုဆိုအပ်သော သမ္မာဒိဋ္ဌိ သမ္မာ သင်္ကပ္ပစသော မဂ္ဂင်ရှစ်ပါးသီလသမထဝိပဿနာ တရားတို့ကို မိမိ မိမိတို့၏ ခန္ဓာရုပ်နာမ်၌၊ ပင်္ဂိုသန္ဓေ ဘေးကလေး၊ ဖိုးဘေးကလေး၊ နာ ဘေးကလေး။ သေဘေးကလေးတွေ အသင်္ချေ အနန္တ နာရီမ စဲအမြဲနှိပ်စက်၍ နေသောကြောင့်၊ ဖိုးဘေးကြီး၊ နာဘေးကြီး၊ သေဘေးကြီးတို့ မဦးခင် နိယျာနဋ္ဌ မဂ္ဂင်၊ ဟေတွဋ္ဌ မဂ္ဂင်၊ ဒဿနဋ္ဌမဂ္ဂင်၊အဓိပတေယျဋ္ဌမဂ္ဂင်ဟု ဆိုအပ်သော။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပအစရှိသော မဂ္ဂင်ရှစ်ပါး၊ သီလသမထ ဝိပဿ နာတရားတို့က၊ အလျှင်ဦးအောင်၊ နှစ်လနေ့ရက်နာရီမဆိုင်း မှု၍၊ နေ့ရောညဉ့်ပါ မပျင်းသာဘဲ အမြဲမကွာ။ လွန်စွာ ကျိုး ကုတ်၊ အားထုတ်နိုင်ကြပါစေကုန်သတည်း။ ။ဥပါဒ်ဋ္ဌီဘင် ကို ဘေးကလေးမှတ်၊ သာမည ရောဂါကို နာဘေး ကလေး မှတ်၊ ။သစ္စာလေးပါးရှုဘွယ်ပြီး၏။

နမောဗုဒ္ဓဿ၊ ။ကမ္မဋ္ဌာန်းသံခိပ်ရှုဘွယ်ကိုပြပေအံ့၊ ။ ဗုဒ္ဓါနုဿတိ၊ ကမ္မဋ္ဌာန်းစီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်၊ သိတ်ငြိမ်ရာ အရပ်သို့ကပ်လျက်၊ ။သုံးလူထွဋ်များ၊ ဘုရား မြတ်စွာသည်၊တေပညာသနာခံ၊ နိဗ္ဗန္ဒရုပ်၊တဆဲ့ရှစ်ခု၊ သေးရ

လက္ခဏာ၊ ပေါင်းရရနှစ်ဆဲ့ငါး၊ ဆယ်ပါး ကိလေ၊ မြှောက်ပေပွားက၊ အဌုတ္တမှာ၊ ခုနှစ်ရာငါးဆယ်၊ဗာဘိဋ္ဌမှာခုနှစ်ရာငါးဆယ်၊ နှစ်ရပ်ဝယ်ပေါင်းပြား၊ တထောင်ငါးရာ၊ ကိလေသာတို့မှ၊ စကြာဝဠာအနန္တထက်၊ အလွန် ဝေးကွာတော်မူသောကြောင့်၊အခုဟာဂုဏ်နှင့်ပြည့်စုံတော်မူပေ၏၊

သုံးလူထွဋ်ဖျားဘုရားမြတ်စွာသည်ခင်သိဉ်းဥဿုံ၊ လုံးရ ဓမ္မ၊သဘာဝကို၊ မဘောက်မပြန်၊ သယမ္ဘူဉာဏ်ဖြင့်၊ ဟုတ်မှန်ထင်ဘိ၊မိမိအလိုလို၊ကိုယ်တော်တိုင်သာလျှင်၊ သိမြင်တော်မူသောကြောင့်၊သမ္မာသမ္ဗုဒ္ဓဂုဏ်နှင့်ပြည့်စုံတော်မူပေ၏၊

သုံးလူထွဋ်ဖျား၊ဘုရားမြတ်စွာသည်ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်၊ ဝိဇ္ဇာသုံးပါး၊ ပုဗ္ဗေနိဝါသဉာဏ်၊ အာသဝက္ခဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ ပရစိတ္တ ဝိဇာနနဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ဝိပဿနာဉာဏ်၊ ဝိဇ္ဇာရှစ်ပါး၊ သီလစောင့်ခြင်း၊ ဣန္ဒြေစောင့်ခြင်း၊နိုးနိုးကြားကြားရှိခြင်း၊ ဘောဇဥ္ဇ အတိုင်းအရှည်သိခြင်း၊ သဒ္ဓါ၊သတိ၊ ဝီရိယ၊ပညာ၊ဗာဟုသစ္စ၊ဟိရိ၊ ဩတ္တပ္ပ၊ ရူပဈာန်လေးဝ၊ စရဏတဆဲ့ငါးပါးနှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်နှင့်ပြည့်စုံတော်မူပေ၏၊

သုံးလူထွဋ်ဖျား၊မြတ်စွာဘုရားသည်၊မမှန်မဟုတ်အကျိုးယုတ်ငြား၊ သူတပါးကား၊ လားလားမချစ်အပ်၊ မှန်မှန်ဟုတ်ဟုတ်၊အကျိုးယုတ်ငြား၊ သူတပါးကား၊ လားလားမချစ်အပ်၊မမှန်မဟုတ်၊အကျိုးယုတ်ငြား၊ သူတပါးကား၊ အများချစ်အပ်၊ မှန်မှန်ဟုတ်ဟုတ်၊ အကျိုးယုတ်ငြား၊သူတပါးကား၊ အများချစ်အပ်၊ ဤလေးရပ် အကျိုးရှိမရှိသော စကားယုတ်တို့ကိုပယ်တော်မူ၍၊ ဟုတ်မှန်ကျိုးရှိငြား၊ သူတပါးကား၊ လားလားမချစ်အပ်၊ ဟုတ်မှန်ကျိုးရှိငြား၊ သူတပါးကား၊ အများချစ်အပ်၊ အကျိုးရှိသော ကောင်းသော ဤစကားနှစ်ရပ်ကိုသာ၊ ဆိုတော်မူတတ်သောကြောင့်၊ သုဂတဂုဏ်နှင့် ပြည့်စုံတော်မူပေ၏၊

သုံးလူထွဋ်ဖျား၊ မြတ်စွာဘုရားသည်၊ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်၌၊ ကောင်းသော အခြင်းအရာ ရှိသော သုဂတ ကာရပုဂ္ဂိုလ်၊ သံသရာ ရှည်ကြောင်းအကျင့်၌ မကောင်းသော အခြင်းအရာရှိသော ဒုက္ကာရပုဂ္ဂိုလ်၊ ပညာမျက်စိ၌၊ ကိလေသာမြူနည်းပါးသောအပ္ပရဇက္ခပုဂ္ဂိုလ်၊ ပညာမျက်စိ၌၊ ကိလေသာမြူထူများသော မဟာရဇက္ခပုဂ္ဂိုလ်၊ သဒ္ဓိန္ဒြေစသော ဣန္ဒြေရင့်သော တိက္ခိန္ဒြိယပုဂ္ဂိုလ်၊ သဒ္ဓိန္ဒြေစသော ဣန္ဒြေနုသော မုဒိန္ဒြိယပုဂ္ဂိုလ်၊ စသည်တို့ကိုသိခြင်း၊ မြေ၊ ရေ၊ လေ၊ ထု၊ မေရုစကြဝဠာစသည်ကိုသိခြင်း၊ ရုပ်နာမ်ဓမ္မ၊ သဘာဝကို ကျနကျန်စင်အောင်သိခြင်း၊ လောကသုံးပါးကို အာရုံထားချောင် ပိုင်းခြားကုန်စင် သိမြင်တော်မူသောကြောင့်၊ လောကဝိဒူဂုဏ်နှင့် ပြည့်စုံတော်မူပေ၏၊

သုံးလူ ထွဋ်ဖျား၊ မြတ်စွာဘုရားသည်၊ သီလ သမာဓိ ပညာ ဂုဏ်ကြောင့်၊ သုံးဘုံတွင်လူ၊ နှိုင်းယှဉ်တုမရှိ၊ နတ်လူ ဗြဟ္မာ၊ ရဟန္တာနှင့်၊ ပစ္စေကဗုဒ္ဓါတို့ထက်၊ လွန်လျက်ထူးမြတ်တော်မူသောကြောင့်၊ အနုတ္တရဂုဏ်နှင့် ပြည့်စုံတော်မူပေ၏၊

သုံးလူထွဋ်ဖျား၊မြတ်စွာဘုရားသည်၊ မယဉ်ကျေး မလိမ္မာသေးသော တိရစ္ဆာန် လူ နတ် ယောကျ်ားတို့ကို၊ သရဏဂုံ ငါးပါးသီလ တည်အောင်၊ ယဉ်ကျေးလိမ္မာပြီးသော လူနတ် ဗြဟ္မာ သတ္တဝါတို့ကို၊ ဒါန သီလ သမထဝိပဿနာချွန် မဂ်ဖိုလ်တိုင်အောင်ဆုံးမ တော်မူတတ်သောကြောင့်၊ ပုရိသဒမ္မသာရထိဂုဏ်နှင့်ပြည့်စုံတော်မူပေ၏၊

လှည်းမှူးကြီးသည်၊ လှည်းစီးငယ်သားတပည့်များကိုခရီးသော်ခရီးလမ်းမှ၊ ချမ်းသာရအောင် ကယ်ဆောင် ယူသကဲ့သို့၊ ထိုနည်းတူစွာ။သုံးလူထွဋ်ဖျား၊ ဘုရားမြတ်စွာသည် လူနတ်ဗြဟ္မာသတ္တဝါတို့ကို ဇာတိဇရာဗျာဓိမရဏကန္တာရကြမ်း ခရီးလမ်းမှ ချမ်းသာရအောင်ဆောင်ကယ်ယူ၍၊ နတ်လူတို့၏ဆရာ

ဖြစ်တော်မူသောကြောင့်။ သတ္ထာဒေဝ မနုဿာဂုဏ်နှင့် ပြည့်စုံ
တော်မူပေ၏၊

သုံးလူထွဋ်ဖျား၊ဘုရားမြတ်စွာသည်၊သစ္စာလေးပါး၊ မြတ်တ
ရားကို၊ပိုင်းခြားမိမိ၊သိမြင်ပြီး၍၊ ဗြဟ္မာနတ်လူ သုံးဘုံသူအား၊
သစ္စာလေးပါး၊ မြတ်တရားကို ပိုင်းခြားထင်ထင်၊ သိမြင် စေ
တော်မူတတ်သောကြောင့်၊ဗုဒ္ဓဂုဏ်နှင့်ပြည့်စုံတော်မူပေ၏၊

သုံးလူထွဋ်ဖျား၊ဘုရားမြတ်စွာသည်၊ စိတ်နှင့်တန်ခိုး အစိုး
ရ၍ သာဓုဿရိယဘုန်းတော်၊ လောကုတ္တရာ တရားထင်ရှားရှိ
သောဓမ္မဘုန်းတော်၊ ဟုတ်မှန် ထင်ပေါ်ကျော်စောသော ယသ
ဘုန်းတော်၊ အင်္ဂါကြီးငယ်တို့၏ တင့်တယ်သော သိရီ ဘုန်း
တော်၊ အတ္တဟိတ ပရဟိတတို့ကို ပြီးစေ နိုင်သောကာမဘုန်း
တော်၊လူနတ်ဗြဟ္မာသတ္တဝါတို့၏ဆရာဖြစ်အောင် ကျင့်ဆောင်
လုံ့လရှိသော ပယတ္တ ဘုန်းတော်၊ ဤသို့ ဘုန်းတော်ခြောက်
ပါးရှိတော်မူသောကြောင့်၊ ဘဂဝါဂုဏ်နှင့် ပြည့်စုံတော်မူပေ
၏၊ ၊ဤဆယ်ပါးသော ဘုရားဂုဏ်တော်ကြီးကို စိတ်ဖြင့်
အထပ်ထပ်အောက်မေ့ စီးဖြန်းရာ၏၊ ၊အနုဿရဂုဏ်နှင့်၊ ပုရိ
သဒမ္မသာရထိဂုဏ်ကိုခွဲ၍ ဆယ်ဂုဏ် ဆိုလိုက်သည်၊ ၊ဗုဒ္ဓါ
နုဿတိကမ္မဋ္ဌာန်း၊စီးဖြန်းနည်းပြီး၏၊

ဓမ္မာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်
သည်ဆိတ်ငြိမ်ရာအရပ်သို့ကပ်လျက်၊ ၊မဂ်လေးတန်၊ဖိုလ်
လေးတန်၊ နိဗ္ဗာန်၊ ဓမ္မခန္ဓာအပြား၊ ဤဆယ်ပါးသော၊ တရား
တော်သည်၊ ဝါ၊ တရားတော်ကို၊ မြတ်စွာဘုရားသည်ကောင်း
စွာဟောအပ်သောကြောင့် သွာက္ခာတ ဂုဏ်နှင့် ပြည့်စုံတော် မူ
ပေ၏၊ ၊မဂ်လေးတန်၊ဖိုလ်လေးတန်၊နိဗ္ဗာန်အပြား၊ ဤကိုးပါး
သောတရားတော်သည်၊မဂ်ပညာ၊ ဖိုလ်ပညာ၊ ပစ္စဝေက္ခဏာ
ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ရှုမြင်ခြင်းငှါ ထိုက်သော
ကြောင့်၊ သန္ဒိဋ္ဌိကဂုဏ်နှင့်ပြည့်စုံတော်မူပေ၏၊ ၊နိဗ္ဗာန်မြင်

ပြား။မဂ်လေးပါးတရားတော်သည်၊ တနှစ်၊ တလ၊တရက်၊တ
နာရီစသည်၊ကာလရှည်ဝေး၍အကျိုးပေးမဝဲ့၊မဂ်၏အခြားမဲ့၌၊
မိမိမိမိမဂ်တို့နှင့် လျော်သော ဖိုလ်ဟူသော အကျိုးကိုပေးသော
ကြောင့်၊ အကာလိက ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏၊ ၊မဂ်
လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်အပြား၊၍ကိုးပါးသောတရား
တော်သည်၊ပြဟ္မဒါနတ်လူ၊သုံးဘုံသူတို့၊ နိဗ္ဗူရဘို့လာကြလော၊
မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကိုပညာစက္ခုဖြင့်
ကြည့်ရှု ဆင်ခြင်ကြလောဟုစိရင်ခြင်း၄ါ ထိုက်သောကြောင့်၊
ဧဟိ ပဿိကဂုဏ်နှင့် ပြည့်စုံတော်ပေ၏၊ ၊မဂ်လေးပါး
ဖိုလ်လေးပါး၊ ၈ါးပါးသော တရားတော်သည်၊ ဝိပဿနာ
ဉာဏ် ပညာသို့ ကပ်၍ ပြဟ္မာနတ်လူ သုံးဘုံသူကို၊နိဗ္ဗူသို့
ရောက်အောင်ပို့ဆောင်တော်မူသောကြောင့်၊ ဩပနေယျိက
ဂုဏ်နှင်ပြည့်စုံတော်မူပေ၏၊ ၊မဂ်လေးတန်၊ ဖိုလ်လေးတန်
နိဗ္ဗာန်အပြား၍ကိုးပါးသော တရားတော်သည်၊ ဝါ၊ တရား
တော်ကို၊ သဘောဖြူစင် အရိယာသခင်အရှင်မြတ်တို့သည်၊
လောကုတ္တရာတရားထင်ရှားရှိ၍၊ အသီးအသီးမိမိ မိမိစိတ်၌သိ
အပ်ရှုအပ် ခံစားအပ်သောကြောင့်၊ ပစ္စတ္တံ ဝေဒိတဗ္ဗ ဂုဏ်နှင့်
ပြည့်စုံတော်မူပေ၏၊ ၊၍ခြောက်ပါးသောတရားတော်ဂုဏ်
တော်ကြီးကိုစိတ်ဖြင့်အဘန်ဘန် အောက်မေ့စီးဖြန်းရာ၏၊ ၊
ပနေယျိကဂုဏ်မှာလောကုတ္တရာတရားကိုးပါးသည်းခ၏၊ ၊
ဓမ္မာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းနည်းပြီး၏၊

သံဃာ နုဿတိကမ္မဋ္ဌာန်းကိုစီးဖြန်းလိုသော ယောဂီ
ပုဂ္ဂိုလ်သည် စိတ်ငြိမ်ရာ အရပ်သို့သွားပ်လျက်၊ ၊မဂ္ဂဋ္ဌာန်
လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ ၈ါရှစ်ယောက်သော၊
မြတ်စွာဘုရား၏ တပည့်သားမြတ်၊ ပရမတ္ထ အရိယာသံဃာ
တော်သည်၊မကောက်မကွေ့၊ ဆုတ်သန်မနစ်၊ ဆုံးမမြဲတိုင်း၊
အားသစ် ထုတ်သတ်၊ အကျင့်မြတ်ကို၊ မဂ်ဖိုလ် ရကြောင်း၊

ကောင်းစွာကျင့်တော်မူသောကြောင့်၊ သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူပေ၏၊ ၊မဂ္ဂဋ္ဌာန် လေးယောက်။ ဖလဋ္ဌာန် လေးယောက်။ ဤရှစ်ယောက်သော၊ မြတ်စွာဘုရား၏ တပည့်သားမြတ်၊ ပရမတ္ထအရိယာ၊ သံဃာတော်သည်၊ ပင်ပန်းအတ္တ၊ ကာမချမ်းသာ၊ ယုတ်နှစ်ဖြာနှင့်၊ မာယာသာဌေယျ၊ စသည်ပါပ၊ မကပ်ငြိ၊ ကာယဝစီ မနောချိုလွတ်၊ ကောက်သုံးရပ်နှင့်၊ မစပ်မတွယ်၊ အလယ်အလတ်၊ ဖြောင့်မတ်ဘွယ်စွာ၊ မဂ်ချမ်းသာကို၊ ကောင်းစွာရအောင်၊ ကျင့်ဆောင်ပေဘတ်သောကြောင့်၊ ဥဇုပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူပေ၏၊ ၊မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန် လေးယောက်၊ ဤရှစ်ယောက်သော၊ မြတ်စွာဘုရား၏ တပည့်သားမြတ်။ ပရမတ္ထ အရိယာ၊ သံဃာတော်သည်၊ ခါးပတ် ဥဿျှောင်၊ ဓါးတောင်ရဲရဲ၊ မသတ်ဘဲလည်း၊ အားခဲထုတ်သူ။ အပူငြိမ်းရန်၊ နိဗ္ဗာန်ကို၊ လျင်မြန်ရအောင်၊ ကျင့်ဆောင် ပေသောကြောင့်၊ ဉာယပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူပေ၏၊ ၊မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန် လေးယောက်၊ ဤရှစ်ယောက်သော မြတ်စွာဘုရား၏ တပည့်သားမြတ်၊ ပရမတ္ထအရိယာ၊ သံဃာတော်သည်၊ လေးယောက်အစုံ၊ ရှစ်ယောက်ဂုဏ်ကို၊ ချီးမွမ်းလိုမူ၊ သူ့ဘို့ပြုသည်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီခြင်း၊ နေရာခင်းခြင်း စသည်ကို၊ ရိုသေထိုက်အောင်၊ ကျင့်ဆောင်တော်မူသောကြောင့်၊ သာမိစိပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူပေ၏၊ ၊မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန် လေးယောက်၊ ဤရှစ်ယောက်သော မြတ်စွာဘုရား၏၊ တပည့်သားမြတ်၊ ပရမတ္ထအရိယာ၊ သံဃာတော်သည်၊ လူနတ် နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ များစွာဖွံ့ဖြိုး၊ အကျိုးပေးတတ်သဿာမြတ်၌၊ တရပ်တကျေး၊ အဝေးမှယူ၊ ဆောင်၍မူသည်း၊ ကြည်ဖြူလေးမြတ်၊ ပူဇော်အပ်သော၊ လေးချပ်အလှူကို၊ ခံယူထိုက်သောကြောင့်၊ အာဟုနေယျဂုဏ်နှင့် ပြည့်စုံတော်မူပေ၏၊ ၊မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန်လေးယောက်။ ဤရှစ်

ယောက်သော၊ မြတ်စွာဘုရား၏၊ တပည့်သားမြတ်၊ ပရမဆ
အရိယာ၊သံဃာတော်သည်။ လူ၊နတ်၊ နိဗ္ဗာန်၊ သုံးတန်ချမ်း
များစွာပွင့်ဖြိုး၊ အကျိုးပေးတတ်၊သံဃာမြတ်၌၊ ဝေးရပ်ဒိသား၊
ဆိုက်ရောက်လာသည့်။ ဉာတကာဗန္ဓု၊ အာဂန္တုအား၊ ထူး
ပြားကောင်းမြတ်၊ဒါနဝတ်ကို၊လေးမြတ်ကြည်ဖြူ၊ ပေလှူ သင့်
ပေး၊ခံသင့်ပေသောကြောင့်။ ပါဟုနေယျဂုဏ်နှင့် ပြည့်စုံတော်
မူပေ၏။ ။မဂ္ဂဋ္ဌာန်လေးယောက်၊ လေဋ္ဌာန်လေးယောက်၊ ဤ
ရှစ်ယောက်သော။ မြတ်စွာဘုရား၏ တပည့် သားမြတ်၊ ပရ
မတ္ထအရိယာ၊ သံဃာတော်သည်၊လူ၊နတ်၊နိဗ္ဗာန်၊သုံးတန်ချမ်း
သာ၊များစွာရကြောင်း၊ ကောင်းစွာကြည်ဖြူ၊ မြတ်အလှူကို၊ခံ
ယူထိုက်သောကြောင့်၊ ဒက္ခိဏေယျဂုဏ်နှင့် ပြည့်စုံတော် မူ
ပေ၏။ ။မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ ဤ
ရှစ်ယောက်သော၊မြတ်စွာဘုရား၏၊ တပြည့်သားမြတ်၊ ပရမတ္ထ
အရိယာ၊ သံဃာတော်သည်၊ လူ၊နတ်၊ နိဗ္ဗာန်။ သုံတန်ချမ်းသာ
ရကြောင်း။ကောင်းကျိုးလိုလျက်၊လက်နှစ်ဘက်ကို၊ ထိပ်ထက်
မိုး၍၊ ရှိခိုးခြင်း၏တည်ရာ။ ဖြစ်လာပေသောကြောင့်၊ အဉ္ဇလိ
ကရဏီယ ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။ ။မဂ္ဂဋ္ဌာန် လေး
ယောက်၊ဖလဋ္ဌာန်လေးယောက်၊ဤရှစ်ယောက်သော၊ မြတ်စွာ
ဘုရား၏၊ တပည့်သားမြတ်၊ ပရမတ္ထအရိယာ၊ သံဃာတော်
သည်၊ ဖြိုးဖွာနတ်လူ၊ သုံးဘုံသူတို့၊ နိဗ္ဗူရမှု၊ အတုမရှိ၊ မြတ်
ခေါင်ထိပ်ပြု၊ကောင်းမှုမျိုး၏၊ စိုက်ပျိုးပွားများ၊ပွင့်ထွားစည်ပင်
ရာ၊ လယ်တာမြေကောင်းအတူ၊ ဖြစ်တော် မူသောကြောင့်၊
ပုညက္ခေတ္တဂုဏ်နှင့် ပြည့်စုံတော်မူပေ၏။ ။ဤကိုးပါးသော
သံဃာတော်ဂုဏ်ကြီးကို စိတ်ဖြင့် အထန်ထန်အောက်မေ့ စီး
ဖြန်းရာ၏။ ။သံဃာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းနည်းပြီး၏။

ဥပသမာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသောယောဂီ၊
ပုဂ္ဂိုလ်သည်။ ဆိတ်ငြိမ်ရာအရပ်သို့ကပ်လျက်၊ ။အဇာတံ

အခြင်းခပ်သိမ်း ဖြစ်ပေါ်လာသည်မဟုတ်၊ တရံတခါခွင့်ကြီးသာ၍ဖြစ်ပေါ်လာသောနိဗ္ဗာန်၊ ၊အဘူတံ၊ တရံတဆစ်မဖြစ်ဘူးသေးဘဲသာလျှင် ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာသခင်အရှင်မြတ်တို့ ပရိနိဗ္ဗာန်ပြုသည်အခါ၊ ထင်ကြွယ်တည်းသာ ဖြစ်ပေါ်လာသောနိဗ္ဗာန်၊ ၊အကတံ၊ ပါရမီအကြောင်းတရားတို့ ပြုအပ်သော်လည်း ပြုအပ်သည်မမည်၊ အကြောင်းများစွာတို့နှင့်မကင်းကောင်းသဖြင့် တရတည်းသောအကြောင်းသည် မပြုပြင်နိုင်သောနိဗ္ဗာန်၊ ၊အသင်္ခတံ၊ ပါရမီ အကြောင်းများစွာကြောင့်ပင်ဖြစ်ပေါ်လာသော်လည်း၊ ထိုအကြောင်း တရားတို့အနိုးသို့မရောက်၊ အဝေးကြီးကသာ ထောက်ပံ့သော အားဖြင့်ကျေးဇူးပြုနိုင်၊ ကြီးခိုင်ထူးမြတ်ဖွယ်ပေသော နိဗ္ဗာန်၊ ၊အပစ္စယံ၊ အကြောင်းတရားတို့ကြောင့်ပင် ဖြစ်ပေါ်လာသော်လည်း၊ ထိုအကြောင်းတရား တို့နှင့်မတူ အလွန် ကွဲပြား သဖြင့် အကြောင်းတခြား အကျိုးတပါးကဲ့သို့ ဖြစ်နေသည်ဖြစ်၍၊ ငါ၊မိမိအကြောင်းတရားတို့ ချုပ်ပြီးသည်နောက်မှ ပေါ်ပေါက်လာသည်ဖြစ်၍၊ မိမိအကြောင်းတရားတို့နှင့် မငဲ့မရှက်နေသော နိဗ္ဗာန်၊ ၊အနိမိတ္တံ၊ ဇာတ၊ ဘူတ၊ သင်္ခတ၊ ကတ၊ ပစ္စယတရားတို့ထဲမှဘောက်ခွဲ၍ ထွက်လာရပါလျက်၊ ယင်းဇာတ၊ ဘူတ၊ သင်္ခတ၊ ကတ၊ ပစ္စယအရိပ် နိမိတ်မထင်သောနိဗ္ဗာန်၊ ၊အဖရံ၊ဘောက်ပြန်ဖိုမှင်း၊ ဆွေးမြေ့ပျက်စီးခြင်းသဘောမျိုးဖြင့်၊ တခါတည်းမှ ဖိုဘေးမသွယ်း၊ ဟောင်းနွမ်းခြင်းမရှိ၊ ဆွေးမြေ့ခြင်း မဝင်၊ အမြဲသျှင် အသစ် စက်စက် တည်နေသော နိဗ္ဗာန်၊ ၊အနုတ္တရံ၊လောကသုံးခွင်၊ ဘုံသုံးပြင်ဝယ်၊တုမထင်သော ဘုရားရှင်တို့မှ၊ မတုဘက်နိုင်သော နိဗ္ဗာန်။ ၊ယောဂက္ခေမံ၊ ဘေးဘောကာပိုင်းဒုံ၊ ရန်တကာသိုင်းခြုံသည့်၊ ငါးကာမုံအာရုံကြွား၍၊ လေးပါးသော ယောဂတို့၏ တဝဘည်းကုန်ရာဖြစ်သောနိဗ္ဗာန်၊ ၊ပဓမံ၊ တဆဲ့တသီး၊ မီးသောင်းပြောင်းတို့၏၊ တပေါင်းတည်း ငြိမ်းရာဖြစ်၍၊ လွန်စွာ မြတ်

ဘော်မှုပသောနိဗ္ဗာန်။ ။သန္တိ၊ အေးချန်ကင်းကွာ။ ကိလေ
သာနှင့်သူတို့၏၊ မလျှော်ရှားနိုင်သဖြင့်လွန်စွာ ငြိမ်သက်ခြင်းသ
ဘောရှိသောနိဗ္ဗာန်။ ။သန္တိ၊ ရာဂ၊ ဒေါသ၊ မောဟ စသည်
ဆဲ့တသီး မီးများစွာတို့မှ၊ ငြိမ်းခြင်းသဘောရှိသောနိဗ္ဗာန်။ ။
အစ္စုတိ၊ ငြိမ်သက်ခြင်းငြိမ်းခြင်းသဘော၌၊ မရွေ့မပြောင်း
ကောင်းကောင်းကြီးတည်နေသော နိဗ္ဗာန်။ ။နိပုဏ္ဏ၊ ပဋိဝ္ဗ
သရဉ္ဒါဒ်၊ ချားရဟတ်သို့၊ မပြတ်သည့်ရာ၊ သံသရာစက်ကြီး
ကို၊ အစပြတ်အောင်၊ ဖြတ်နိုင်သောနိဗ္ဗာန်။ ။နိဗ္ဗုတိ ဝေ
နေယျသတ္တဝါတို့၏ ဉာဏ်အားဖြင့် ကြည့်၍မသင်၊ မြော်၍မ
မြင်၊ အစိနေ့ရှင်၊ ဘုရားသခင်တို့၏ဉာဏ်အားဖြင့်သာလျှင် သိ
မြင်နိုင်သော၊ နိဗ္ဗာန်သောင်ကမ်း၊ ဟိုဘက်လှမ်း၍ဘေးဘျမ်း
မငွေ့ဘဲ၊ အမြဲငြိမ်းကြီးငြိမ်းဘော်မှုသောနိဗ္ဗာန်။ ။ဤ
တဆဲ့ငါးပုဒ်သော နိဗ္ဗာန်ဂုဏ်တော်ကြီးကို စိတ်ဖြင့်၊ အဘန်
ဘန်အောက်မေ့ စီးဖြန်းရာ၏၊ ။သစ္စာလေးပါးမှာ၊ နိရောဓ
သစ္စာ၌၊ ပထမဥဒါန်းပါဠိ တော်ကို မှီသော သင်္ဂဟဂါထာ၊
ပါဌ်အနက်၊ နိဗ္ဗာန်အခြင်းအရာ စီးဖြန်းလျှင် အသွန့်ကောင်း
၏။ ။ဥပသမာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းနည်းပြီ၏၊

မရဏာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းလိုသောယောဂီပုဂ္ဂိုလ်
သည်၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက်၊ ။ဥစ္စာပေါများ၊
သေခြင်းကား၊ များစွာသေသေပြီ၊ ။ဥစ္စာနည်းပါး၊ ငါမှာ
ကား၊ ချလားသေမည်မသိပြီ၊ ။ခြွေရံပေါများ၊ စိုးရကား၊
များစွာသေသေပြီ၊ ။ခြွေရံနည်းပါး၊ ငါမှာကား၊ ချလားသေ
မည်မသိပြီ၊ ။ဝါသုဒေဝ၊ အားကြီးလှ၊ သေခဲ့ရှာသေပြီ၊ ။
အားခွန်နည်းပါး၊ ငါမှာကား၊ ချလားသေမည်မသိပြီ၊ ။ရောဂါ
ကင်းရာ၊ ဗာကုလာ၊ သေ၍နိဗ္ဗာန်စံလေပြီ၊ ။ရောဂါလွန်
များ၊ ငါမှာကား၊ ချလားသေမည်မသိပြီ၊ ။တန်ခိုးပြင်းသန်၊
မောဂ္ဂလ္လာန်၊ နိဗ္ဗာန်စံလေပြီ၊ ။တန်ခိုးနည်းပါး၊ ငါမှာကား၊
ချလားသေမည်မသိပြီ၊ ။ပညာကြီးစွာ၊ သာရိပုတြာ၊ သေမှာ

နိဗ္ဗာန်စံလေပြီ၊ ။ပညာနည်းပါး၊ငါမှာကား၊ ခုလားသေမည် မသိပြီ။ ။သီလဂုဏ်ကြီးရာ၊ ပစ္စေကာ၊ ခေမာနိဗ္ဗာန် စံလေပြီ၊ ။သီလဂုဏ်နိုးပါး၊ငါမှာကား၊ခုလားသေမည်မသိပြီ၊ ။ခပ်သိမ်းဥဿုံ၊ပြည့်စုံတော်မူ၊သဗ္ဗညူ၊ နိဗ္ဗူစံလေပြီ၊ ။သုံးစုံနည်းပါး၊ ငါမှာကား၊ ခုလားသေမည်မသိပြီ၊ ။ငါနှင့်ရွယ်တူ၊ငါ့အောက်လူ၊ ကြီးသူသေခြင်းများလှပြီ၊ ။ဖြစ်ခြင်းပျက်ခြင်း၊လျှင်မြန်ပြင်းသေခြင်းငါ့သို့နီးလှပြီ၊ ။မရဏဘေးကြီး အလွန်နီး၊ ခုလည်းသေမည် မသိပြီ၊ ။ခုမသေခင်၊ မဂ်ဖိုလ်ပင်၊ လျင်မြန်ရအောင်အားထုတ်မည်၊ ။မဂ်ဖိုလ်ရမှ၊ နိဗ္ဗာန၊နိစ္စချမ်းသာမည်၊ ။ဤသေခြင်း တရားတို့ကိုစိတ်ဖြင့် အဘန်ဘန်အောက်မေ့စီးဖြန်းရာ၏။

မယာသမာနဝါဂုစ္ဆာ၊တဒါဂုဏ်ဝေဟိတမဘာ၊ တဘာဟမ္ပိမရိဿာမိ၊လေဏာပုညံဝမေကတံ။ ။မယာသာ၊ငါနှစ်၊ သမာ၊ အသက်အရွယ်ဥစ္စာ ခြွေရံစသည် တူကုန်သော သူတို့သည်ဝင်း၊ မယာ၊ငါ့အောက်၊ နဝါ၊ အသက်အရွယ်ဥစ္စာခြွေရံစသည်နည်းပါးကုန်သောသူတို့သည်ဝင်း၊ မယာ၊ ငါ့သက်ရဂုစ္ဆာ၊ အသက်အရွယ် ဥစ္စာခြွေရံစသည် ကြီးကုန်သောသူတို့သည်ဝင်း၊ တေသဗ္ဗေ၊ ထိုအလုံးစုံသော သူတို့သည်၊တဒါဂုဝေဟိ၊ဝမ်းတော်သားခြင်း၊သွေးအံခြင်း၊ ခိုးသူငါးရာ နှိပ်စက်ခြင်း၊ဖျားခြင်း၊ နာခြင်း အစရှိသောသက်နက်တို့ဖြင့်၊ မတာ သေမင်းနိုင်ငံသို့လိုက်ပါကြသေကုန်ပြီ၊ ဝါ၊ဖျားခြင်း၊ နာခြင်း အစရှိသောသေမင်းလက်နက်၊ နှိပ်စက် အတင်းသေမင်းခေါ်၍ သေမင်းနောက်သို့ကြောက်ကြောက်နှင့် လိုက်ပါကြသေကုန်ပြီ၊တဘာ၊ထိုသူများအလားမခြားဘူဝွာ၊ အဟမ္ပိ၊ ဥစ္စာခြွေရံ စသည်နည်းပါးသော ငါသည်လည်း၊ မရိဿာမိ၊ ယခုသား တော်အောင်ကြသား သေရအံ့၊ ဝါ၊ ပဋိသန္ဓေဥပါဒ်နောက်၊ သန္တတိမရဏ၊ ခဏိကမရဏပေါင်း အသင်္ချေ အနန္တသေကြလေပြီ၊ သေကြဆဲသေကြရလတ္တံ့၊ ဝါ၊ အသေကောင်းကြီးမ

သာလောင်းကြီး ကောန်အမှန်ပါတကား၊ ဝါ၊ အသေကောင်ကြီး မသာကောင်ကြီးက၊ လောဘ၊ ဒေါသ၊ မောဟ မရှိ သင့်ပါတကား၊ ။ညဥ့်နေ့တနေ့၊ထက်ဝက်နေ့ကား၊ တကြိမ်စားပြား၊ထက်ဝက်စားနှင့်၊ လေးငါးလုင်တွင်း၊ မသေချင်းဟု ခြောက်ယောက်လူကို၊ မေ့သူဟောထား၊ တလုပ်စားရင်း၊ ရှူရှိုက်တွင်းမှာ၊မသေပါမူ၊မြတ်စွာဘုရား၊ ဟောတရားကို၊ အားထုတ်အံ့ဟု၊ နှစ်ယောက်သူသာ၊အပူထက်စွာပွားသတည်း။

ဧဟောဝတာဟံဇီဝေယျံ၊ ဇောလောပသာဘောဇနံ၊ အသာသာသပဿာသနံ၊ ကရေယျံသတ္တုသာသနံ၊ ။အဟံ၊ ငါသည်၊ဧကောလောပသာ၊ ဆွမ်းတလုပ်ကို၊ ဘောဇနံ၊ ကောင်းစွာဝါး၍စားသောက်ပြီးသည့်တိုင်အောင်၊ ဇီဝေယျံ။ အသက်ရှည်ရပါမူကား၊ အဟောဝတ၊ ကြောင်းလေစွ၊ သတ္တုသာသနံ၊ ထက်မိုလ်ဆုံးတိုင်ရှက်ဆောင်နိုင်ထ ဘုရားအဆုံးအမတော်ကို၊ကရေယျံ၊လိုက်နာကျင့်သုံးနှလုံးပြုအံ့၊ အဟံ၊ ငါသည်၊ အသာသပဿာသနံ၊ရှူသည်ကကိုရှိုက်သည်တိုင်အောင် ရှိုက်သည်ကမူလည်းရှူသည်တိုင်အောင်၊ ဇီဝေယျံ၊ အသက်မသေနေရပါမူကား။ အဟောဝတ၊ ရဟန်းတရားကိုယ်စီးပွားကို များစွာလုလွှ၊ အားထုတ်ရသဖြင့် ကောင်းမြတ် လေစွ၊ သတ္တုသာသနံ၊ ထက်မိုလ်ဆုံးတိုင် ရှက်ဆောင်နိုင်ထဘုရားဩဝါဒတော်ကို၊ကရေယျံ၊ လိုက်နာကျင့်သုံးနှလုံးပြုအံ့၊

ဝိရိယံအာရဘန္တိ၊ အပတ္တဿပတ္တိယာ အနဓိဂမဿအဓိဂမာယ အသစ္ဆိကတဿ သစ္ဆိကိရိယာယယာ ဝမေဓာ ဂမ္ဘောမံနဥပဂစ္ဆတိ၊ တာဝအဟံ ပုရေတရမေဝ အပတ္တဿ ပတ္တိယာဝိရိယံအာရဘိဿာမိ၊ ။ဝိရိယံအာရဘန္တိ၊ ဝိရိယ ပါရမီ ပြည့်အောင် သမထဝိပဿနာအားထုတ်ခြင်းပြုသည်ကား။ အပတ္တဿ၊ တကြိမ်တခါက် မပေါက်မရောက်ဘူးသေးသောမဂ်ဖိုလ်ကိုပတ္တိယာ၊ လျင်မြန်ထုတ်ရောက် ပေါက်ရောက်ခြင်းငှါရင်း၊ အနဓိဂမဿ၊တကြိမ်တခါမျှ မရဘူးသေး

သောမဂ်ဖိုလ်ကို၊ အဓိဂမာယ၊ တမဂ်ထက်၊ တမဂ်၊နှစ်သက်
ဝမ်းသာလျှင်မြန်စွာရခြင်းငှါရင်း။အသစ္ဆိကတဿ၊မဂ်ဉာဏ်
ဖြင့်မျက်မှောက် မသိမမြင်ဘူးသော နိဗ္ဗာန်ကို၊ သစ္ဆိကိရိယာ
ယ၊ မဂ်ဉာဏ်ဖြင့်နိဗ္ဗာန်ကို တမဂ်ထက် တမဂ် နှစ်သက်ဝမ်း
မြောက်မျက်မှောက်သိမြင်ခြင်းငှါရင်း၊ယာဝ၊အကြင်မျှလောက်
ကာလပတ်လုံး၊ မရဏဓမ္မော၊ သေခြင်းသဘောတရားသည်၊
မံ၊ငါသို့၊နဥပဂစ္ဆတိ၊ မကပ်မရောက်သေး၊ တာဝ၊ ထိုမသေ
သေးသမျှကာလပတ်လုံး၊ အဟံ၊ ငါသမထဝိပဿနာယောဂီ
ပုဂ္ဂိုလ်သည်၊ ပုရေတရမေဝ၊ ရှေးကထက်လွန်၍ လာလျှင်၊
အပတ္တဿ၊ တကြိမ်တခေါက်မပေါက်ရောက် ဘူးသေးသော
မဂ်ဖိုလ်ကို၊ ပတ္တိယာ၊ လျှင်မြန်ထုတ် ရှောက်ပေါက်ရောက်စေ
ခြင်းငှါ၊ ဝိရိယံ၊ ဝိရိယပါရမီပြည့်အောင်၊ အာရဘိဿာမိ၊
အားထုတ်ပါတော့အံ့၊ ဝါ၊ငါမသေခင်နိဗ္ဗာန်ခွင်ကို မဂ်ဉာဏ်
ဖြင့် သိမြင်အောင် သီလ သမထ ဝိပဿနာ တရားကိုအား
ထုတ်ပါတော့အံ့၊ ။ပဉ္စနိပါတ် အဋ္ဌကထာ။ ။သေခြင်း
တရားတို့ကို မြမ္မာဘာသာ သက်သက်ဖြစ်စေ၊ မဂဓဘာသာ
သက်သက်ဖြစ်စေ၊ မဂဓမြမ္မာ ရောရှက် ပါဠိ အနက်ဖြစ်စေ၊
ဣရိယာပုထ် လေးပါး နှလုံးသွင်း၍ အမြဲအောက်မေ့ စီးဖြန်း
ရာ၏။ ။မိမိတို့ဘာသာကို စီးဖြန်းမှ သေခြင်းတရားသလို့
ထင်လွယ်၏၊ သေခြင်း တရားထင်လျှင်၊ ဒါနသီလသမထဝိ
ပဿနာတို့ကိုအားထုတ်၍ မဂ်ဖိုလ်နိဗ္ဗာန်လျင်မြန်စွာရ၏၊ ။
သေခြင်းနှင့်ခြောက်၊ အလွန်ကြောက်မှ၊ မျက်မှောက်နိဗ္ဗာန်သိမြင်
မြဲ၊ ။မိဂါပဒဝဠဉ္ဇနနည်း။ ။မရဏာနုဿတိကမ္မဋ္ဌာန်းသည်
ဒါနသီလသမထဝိပဿနာ တရားတို့ကို အားထုတ် နိုင်ခြင်း
၏ အကြောင်းအရင်းဆုံးကြီး ဖြစ်၏၊ ဥပသမာနုဿတိကမ္မ
ဋ္ဌာန်းသည်၊ ဒါန သီလ သမထ ဝိပဿနာ မဂ်ဖိုလ်တို့၏အ
ကျိုးအဆုံးစွန်ဆုံးကြီးဖြစ်၏၊ ။မရဏာနုဿတိ ကမ္မဋ္ဌာန်းစီး
ဖြန်းနည်းပြီး၏။

အာနာပါန ကမ္မဋ္ဌာန်းစီးဖြန်းနည်းကိုပြဆိုပေအံ့။ ။အာမတံတေသံ အပရိတုတ္တံ၊ ယေသံ ကာယဂတာ သတိ အပရိဘုတ္တာ၊ အမတံတေသံပရိဘုတ္တံ၊ ယေသံကာယဂတာ သတိပရိဘုတ္တာ၊ ။အင်္ဂုတ္တရပါဠိတော်၊ ။ယေသံ၊ အကြင်သူတို့အား၊ ကာယ ဂတာသတိ။ ကာယ ဂတာသတိ ကမ္မဋ္ဌာန်းကို၊ အပရိဘုတ္တာ၊ စီးဖြန်း ပွားများ အားထုတ် လုလ္လမသုံးဆောင်ကြ၊ တေသံ၊ ထိုသူတို့အား။ အမတံ၊အမြိုက်နိဗ္ဗာန်အရသာချမ်းသာသုခကို၊ အပရိဘုတ္တံ၊ မသုံးဆောင်ရ၊ ယေသံ၊အကြင် သူတို့အား၊ ကာယဂတာ သတိ၊ ကာယဂတာ သတိ ကမ္မဋ္ဌာန်းကို၊ ပရိဘုတ္တာ၊စီးဖြန်းပွားများ အားထုတ်လုလ္လ သုံးဆောင်ကြ၏၊ တေသံ၊ထိုသူတို့အား။ အမတံ၊ အမြိုက်နိဗ္ဗာန် အရသာချမ်းသာသုခကို။ပရိဘုတ္တံ၊သုံးဆောင်ရ၏၊

အာနာပါနနှသတိ ဘိက္ခဝေ ဘာဝိတာဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေပရိပူရေန္တိ၊ စတ္တာရောသတိ ပဋ္ဌာနာ ဘာဝိတာဗဟုလီကတာ၊ သတ္တဗောဇ္ဈင်္ဂေပရိပူရေန္တိ၊ သတ္တဗောဇ္ဈင်္ဂါဘာဝိတာဗဟုလီကတာ၊ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။ ။အင်္ဂုတ္တရပါဠိတော်၊ ။ဘိက္ခဝေ၊ ရဟန်းတို့။ အာနာပါနာသတိ၊အာနာပါနာသတိ ကမ္မဋ္ဌာန်းသည်၊ ဘာဝိတာ၊ပွားစေအပ်သည်ရှိသော် ဗဟုလီကတာ၊နှစ်၊လ၊နေ့ရက်၊ များစွာသော လာစွဲမြဲမှိဝဲခြင်းကို ပြုအပ်သည်ရှိသော်၊ စတ္တာရော သတိပဋ္ဌာနေ၊ သတိပဋ္ဌာန် လေးပါးတို့ကို၊ ပရိပူရေန္တိ၊ ပြည့်စုံ စေကုန်၏၊ စတ္တာရောသတိပဋ္ဌာနာ၊ သတိပဋ္ဌာန်လေးပါးတို့သည်၊ ဘာဝိတာ ပွားစေအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ၊ နှစ်လနေ့ရက်များစွာလေ လာစွဲမြဲ မှိဝဲခြင်းကို ပြုအပ်ကုန်သည်ရှိသော်၊ သတ္တဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်ခုနှစ်ပါးတို့ကို၊ ပရိပူရေန္တိ၊ပြည့်စုံ စေကုန်၏၊သတ္တဗောဇ္ဈင်္ဂါ၊ဗောဇ္ဈင်ခုနှစ်ပါးတို့သည်၊ဘာဝိတာ ပွားစေအပ်ကုန်သည် ရှိသော်၊ ဗဟုလီကတာ၊ နှစ်လနေ့ရက် များစွာလေ လာစွဲမြဲမှိဝဲခြင်းကို ပြုအပ်ကုန်သည်ရှိသော်၊ ဝိဇ္ဇာ

ဝိမုတ္တိ၊ မဂ်လေးပါးဖိုလ်လေးပါးတို့ကို၊ ပရိပူရေန္တိ၊ ပြည့်စုံစေကုန်၏၊ ၊လိုရင်း အဓိပ္ပါယ်ကား၊ ကာယဂတာ သတိကမ္မဋ္ဌာန်းကို စီးဖြန်းသော သူတို့သည် အမြိုက်အရသာချမ်းသာသုခနိဗ္ဗာနကို သုံးဆောင်းရကုန်၏၊ ထိုကာယဂတာသတိသည်၊ ဥပရိပဏ္ဏာသ ပါဠိတော် ကာယဂတာ သတိသုတ်၌ကား၊ ၊အနာပါန၊ဣရိယာပထ၊ သမ္ပဇည၊ပဋိကူလ၊ ဓာတုဝဝတ္ထာန၊ သိဝထိကကိုးပါး၊ ဈာန်လေးပါးဟုဆိုအပ်သော၊ ကာယဂတာသတိအပြား တဆဲ့ရှစ်ပါးလာ၏၊ ထိုတွင်အာနာပါနသတိကမ္မဋ္ဌာန်းကို ထင်မြင်အောင် အားထုတ်ပါမူကား၊ သတိပဋ္ဌာန် လေးပါးကို ပွါးများမှု ကိစ္စလည်း၊ အလိုလိုပြီးစီးတော့သည်၊ ဗောဇ္ဈင်ခုနစ်ပါးကို ပွါးများမှုကိစ္စလည်းအလိုလိုပြီးစီးတော့သည့်၊ ဝိဇ္ဇာဝိမုတ္တိနှစ်ပါးကို ပွါးများမှု ကိစ္စလည်း အလိုလိုပြီးစီးတော့သည်၊ဤပါဠိတော်၌၊ ဗောဓိပက္ခိယတရားသုံးဆဲ့ခုနှစ်ပါးတို့ကို သတိပဋ္ဌာန် ဗောဇ္ဈင် ဝိဇ္ဇာဝိမုတ္တိတို့ဖြင့် သိမ်းကျုံး၍ဟောတော်မူသည်၊ ဗောဓိပက္ခိယ တရားသုံးဆဲ့ခုနှစ်ပါးတို့ကိုပွါးများမှုအကုန်ပြီးစီး၏ဆိုလိုသည်၊

အာနပါနသတိကမ္မဋ္ဌာန်းစီးဖြန်း ပွါးများအားထုတ်လိုသောယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်လျက်၊ ထွက်သက်ဝင်သက်ကိုအာရုံပြု၍ထွက်သက်ဝင်သက်၊ ထွက်သက်ဝင်သက်ဟု၊ စီးဖြန်းခြင်းသည်၊ ပရိကမ္မ ဘာဝနာမည်၏၊ ထွက်သက် ဝင်သက်သည် ပရိကမ္မနိမိတ် မည်၏၊ ထိုပရိကမ္မ နိမိတ်ကို အာရုံပြု၍၊ စိတ်ကို နှာခေါင်းဖျား၌ အမြဲထားလျက်၊အဘန်တလဲလဲစီးဖြန်းသော ယောဂီအား၊ မနောဒွါရ၌တစုံတခုသောအာရုံထင်အံ့၊ ထိုသို့ ထင်သော အာရုံသည် ဥဂ္ဂဟနိမိတ်မည်၏၊ထိုဥဂ္ဂဟနိမိတ်ကိုအာရုံပြု၍ မနောဒွါရဖြင့် အဘန်တလဲလဲစီးဖြန်းသောယောဂီအား၊ထိုဥဂ္ဂဟနိမိတ်၏ အထူးဖြစ်သောအိမ်မှ ထုစ်သစ်စဖြတ်သော ကြေးမှုန် ပြင်ကဲ့သို့၊ ထိုဥဂ္ဂဟနိမိတ်ထက်သန့်ရှင်း စင်ကြယ်စွာထင်သော ပဋိဘာဂ

သဘောလွတ်သော၊ အာရုံသည် ပဋိဘာဂနိမိတ်မည်၏၊ ထို
ပဋိဘာဂနိမိတ်ဖြစ်သည်မှစ၍ ဂေါတြဘုတိုင်အောင်၊ ထွက်
သက်ဝင်သက်၊ထွက်သက်ဝင်သက်ဟုစီးဖြန်းခြင်းသည်၊ ဥပ
စာရဘာဝနာမည်၏၊ ထိုပဋိဘာဂနိမိတ်ဖြစ်သောအခါမှ နီဝရ
ဏစသော ကိလေသာတို့ကိုပယ်ခွာ၏၊ ကာမာဝစရ ကုသိုလ်
သည် ဥပစာရ သမာဓိဖြစ်၍ ဘာဝနာ၏ အထွတ် အထိပ်သို့
ရောက်လေ၏၊ ၊နှေးသောဍည္မာမကာ၊ ဂဏနာ နည်းဖြင့်
ထင်ရှားစွာထွက်ပေါ်သောလေကိုသာရှု၍၊ တစ်၊နှစ်၊သုံး၊လေး၊
ငါး၊တစ်၊နှစ်၊သုံး၊လေး၊ငါး၊ဟူ၍သော်ဒင်း၊ ဆယ်ရတိုင်အောင်
သော်ဒင်း၊ငါးရ၊ဆယ်ရတို့၏အတွင်း၌၊ နှစ်သက်ရာ၊ ဂဏန်း
သင်္ချာကိုယူ၍ဖြည်းညှင်း သက်သာစွာရေတွက်အပ်၏၊ ထိုသို့
ရေတွက်သဖြင့်၊ ထွက်တိုင်းဝင်တိုင်းသော လေတို့သည်ထင်
ရှား လတ်ကုန်သည်ရှိသော်၊ နှေးသော ဍည္မာမကာ ဂဏနာ
နည်းကိုစွန့်၍၊ လျင်မြန်သော ဂေါပါလကဂဏနာ နည်းဖြင့်၊
တစ်၊ နှစ်၊သုံး၊လေး၊ငါး၊ တစ်၊နှစ်၊ သုံး၊လေး၊ငါး၊ စသည်ဖြင့်
လျင်လျားစွာရေတွက်အပ်၏၊ အတွင်းသို့ဝင်သောလေ၊ အပ
သို့ထွက်သောလေတို့ကိုလိုက်၍ မသိမ်းဆည်း မဆင်ခြင်ဘဲ၊
နှာခေါင်းရှည်သောသူမှာ နှာခေါင်းဖျား၊ နှာခေါင်းတိုသော သူ
မှာအထက်နှုတ်ခမ်းဟူသော လေထိခတ်ရာ ဖုဿောကာသ၌သာ
သတိထား၍ လျင်စွာရေတွက်အပ်၏၊ ဤဂဏနာနည်းတည်း။

ဧကော၊ဒွေတိဏိ၊စတ္တာရိ၊ပဉ္စ။ ဧကော၊ဒွေ၊တိဏိ၊စတ္တာရိ၊
ပဉ္စ၊ဆ၊ဧကော၊ဒွေ၊ တိဏိ၊စတ္တာရိ ပဉ္စ၊ဆ၊သတ္တ၊ပ၊ အဋ္ဌ၊နဝ၊
ဒသာတိ၊ သိယာ သိယာ ဂဏေတဗ္ဗံ ဧဝံ၊ ၊ဟူသောအဋ္ဌက
ထာစကား၌၊တခု၊တခု၊ တိုး၍ရေတွက်ရမည်ဟု။ အထင်အ
မှတ်မှားတတ်၏၊ ထိုသို့တိုး၍တိုး၍ မရေတွက်အပ်၊ ပဋ္ဌန္နိ
ပရိဝယ်အရ၌ ဧကောဟင်ငိဆန္နံယော၊ ဒွိဟပ္ပငိဆန္နံယော။
ပ။ သဗ္ဗိသံဝဆ္ဆရပ္ပရင်္ဂနံယော၊ ဟူသော စကားကဲ့သို့၊ လို
သောသင်္ချာကိုနှုတ်ယူပွါးစေခြင်း၌ တခု တခုစီအသီးအခြား

ပြည့်ရုံအောင်ပြုသော စကားဟုမှတ်အပ်၏၊ သို့မဟုတ်ကား၊ ဂဏနာနိဿိတေဝ၊ စိတ္တုပ္ပါဒေါဟောတိ၊ နကမ္မဋ္ဌာန နိဿိတော၊ ဟုအဋ္ဌကထာ၊ ဋီကာပြုသောဒေါသမလွတ်နိုင်ပြီ၊ ။ဂဏနာနည်းပြီး၏။

ရေတွက်ခြင်းဂဏန်းသချ်ာနှင့်ကင်းလျက် အခြားအာရုံသို့ စိတ်မထွက်ဘဲ ပြင်ပသို့ ပျံ့လွင့်သော ဝိတက်မရှိထွက်သက် ဝင်သက်အာရုံ၌ သတိ တည်နိုင်သောအခါ၊ ဂဏနာနည်းကိုသွတ်၍၊ ဖုဋ္ဌောကာသ၌ပင် သတိထားလျက်၊ ဤကားထွက်သက်လေ၊ ဤကားဝင်သက်လေဟု၊ ထွက်တိုင်းဝင်တိုင်းလေသို့ အစဉ်လိုက်၍ အနုဗန္ဓနာနည်းဖြင့် သိမ်းဆည်း ဆင်ခြင်အပ်၏၊ ချက်၊ နှလုံး၏အထက်အဘို့၊ နှာခေါင်းတို့သည်၊ ထွက်သက်လေ၏ အစအလယ်အဆုံးမည်ကုန်၏၊ နှာခေါင်းဖျား၊ နှလုံး၏အထက်ချက်ဘို့သည်၊ ဝင်သက်လေ၏ ။အစအလယ်အဆုံးမည်ကုန်၏၊ ထိုအာဒိမဇ္ဈပရိယောသာနသို့ အစဉ် မလိုက်အပ်၊ ထွက်တိုင်းဝင်တိုင်းမလွတ်စေမူ၍ ဖုဋ္ဌဋ္ဌာနကနေလျှက်အာရုံပြုသည်ကိုအနုဗန္ဓနာဆိုသည်၊ ။အနုဗန္ဓနာနည်းပြီး၏။

ဒေါဝါရိကောပမာဟူသည်ကား၊ တံခါးစောင့် ယောက်ျားသည်၊ မြို့တွင်း မြို့ပတ်ဝန်း၌ မရုံထောက်မူ၍ တံခါး ပေါက်သို့ရောက်လာရောက်လာသသူကိုသာ ရုံစမ်းသကဲ့သို့ ဖုဋ္ဌဖုဋ္ဌဋ္ဌာနသို့ ရောက်လာသော လေကိုသာအာရုံပြုရမည်၊ ။ဤသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း၊ စီးဖြန်း ပွါးများသည်ရှိသော်၊ အချို့သောတိက္ခပညာပုဂ္ဂိုလ်အား မကြာမတင်နိမိတ်ထင်၏၊ ဝိစာရစသော ဈာန်အင်္ဂါတို့ဖြင့် တန်းဆာဆင်အပ်သော ဝိတက်ဧကဂ္ဂတာ ဟူသောအပ္ပနာဈာန် ဖြစ်ပေါ် လာ၏။ ။အချို့သော၊ နာတိတိက္ခပုဂ္ဂိုလ်တို့အားကား၊ ခေါင်းလောင်း ကြေးခွက်ကို တီးနှက်သောအခါ ကြာလေကြာလေ အသံသိမ်မွေ့ကွယ်ပျောက်သကဲ့သို့၊ ဤအာနာပါန ကမ္မဋ္ဌာန်းသည်၊ တပါးသောကမ္မဋ္ဌာန်းနှင့်မတူ၊ ဘုရားပစ္စေကဗုဒ္ဓါ အရိယာ သူမြတ်ဥ

ဒါတ္တပုဂ္ဂိုလ်တို့၏အရာ၊ လွန်စွာ ဝန်လေး ခဲယဉ်းသော ကမ္မ
ဋ္ဌာန်းဖြစ်ခကား၊ ဂဏနာနည်းမှစ၍ စီးဖြန်းတိုင်း စီးဖြန်းတိုင်း
ကိုယ်စိတ်ပေါ့ပါး ချန်သွားပျံတက်အံ့မည်လို၊ ထိုထိုရှုန်းချင်း
သောအဿာသပဿာသချုပ် ပျောက်လေ၍၊ အစဉ်အတိုင်း
သိမ်မွေ့၍လာသဖြင့် မထင်နိုင်ရှိတတ်သည်၊ ထိုအခါ နေရာမှ
ထ၍မသွားဘဲ၊ ။အမိဝမ်းဖြစ်၊ရေနှစ်ငုပ်ပါ၊ ဖြဟ္မာဟူသမျှ၊
နိရောဝင်၊ ပဥ္စမဈာန်နေ၊တွေဝေသောသူ၊ သေသောသူဟု ခု
နှစ်ခုတွင်၊ သင်မဝင်ခဲ့၊ သတ်ပညာ၊ နည်းသည်တာကြောင့်၊
သင့်မှာမထင်ရှိခဲ့သည်၊ သင်သို့သူကိုပင် ရည်မှတ်၍၊ ။နာဟံ
ဘိက္ခဝေမုဋ္ဌဿတိဿ အသမ္ပဇာနဿ အာနာပါနဿတိဘာ
ဝနံဝဒါမိ၊ ။ဟူသောစကားကို ဘုရားဟောတော်မူအပ်သည်
မဟုတ်လောဟု၊ ကိုယ့်ကိုကိုယ်ရှင်အပြစ်တင်လျက်၊ ထွက်
ပြေးပျောက်ရှလေသောနွားကို ရေချသိပ်မှစောင့်နေ၍ ဖမ်းဆီး
ချည်နှောင် လယ်ထွန်သော လယ်ထွန် သမား လိမ္မာသော
ယောကျ်ားကဲ့သို့၊ ရှေးစီးဖြန်း နေကြနာသိ ကဋ္ဌ မှခနိမ္ပတ္တဟူ
သော ပကတိ ဖုဋ္ဌောကာသ၌သာ စိတ်ကိုထားလျက် ဒေသ
အားဖြင့်ဆောင်အင်၏၊ မကြာခင်ထင်လာ၏။ ထိုသို့ ထင်လာ
သောအခါ၊ အဿာသပဿာသ ဟူသောနွားကို၊ ဖုဋ္ဌောကာ
သဟူသောထမ်းပိုး၌၊ သတိဟူသောကြိုးလွန်ဖြင့် ချည်ကကား၊
ပညာဟူသော နှင်တံ–တံဖျားဖြင့် ရိုင်ခင်ထိုး၍ ဟိုးဟိုးခြင်း
စင်အောင်မောင်း၍ထွန်ရမည်၊ စီးဖြန်းရမည်။ မကြာခင်နိမိတ်
ထင်လာ၏၊ ။ထိုထင်လာသော ဥဂ္ဂဟာနိမိတ်သည်၊ လဲ၄မ်း
ဝါဂွမ်း၊လေအယဉ်။ ကြယ်ရောင်၊ ပတ္တမြားလုံး။ပုလဲလုံး၊ ဝါ
စေ၊သစ်သားနှင်တံကျင်၊ရှည်သောခေါက်လုံးကြိုး၊ ပန်းကုံး။
ဒီးခိုးညွှန့်ပြန့်သောပင့်ကူချည်၊ တိမ်တိုက်၊ ကြာပွင့်။ ရှည်းဘီး
စက်၊ လဝန်း။ နေဝန်း။ တို့ကဲ့သို့လှုပ်ရှားသောအခြင်းအရာတို့
ဖြင့် သညာအားလျော်စွာထင်၏၊ ပဋိဘာဂနိမိတ်ကားကြယ်
ရောင်၊ပတ္တမြားလုံးစသည်ကဲ့သို့ငြိမ်သက်စွာထင်၏၊

တထာဟိတုလဗိရအာဒိဥပမတ္တယံဥဂ္ဂဟေယျန္တိ၊ သော
သံဥဘာယတ္တ၊ ၊ငြိကာ၊ ၊ထုလကာပ္ပါသပိစုဝ၊ ဝါတခါရာဝခါ
ယတိ၊မုတ္တမဏိကုဋ္ဋကာဝ၊ နိမိတ္တမုပတိဋ္ဌတိ၊ ၊ကပ္ပါသဋ္ဌိ
သာရသုစိ၊ပါဠင်ဂုဏ္ဍဒါမကံ၊ ဓူမသိခါမက္ကရကံ၊ သုတ္တဇ္ဈာပရ
လံဗိယာ၊ ပဒုမံရထစက္က ဝ၊ စန္ဒသူရိယမဏ္ဍလံ၊ ၊သင်္ဂဟာဂ
ထာ၊ ၊သော၀ဋ္ဋသမ္ဗုတ္တကာရသော၊ သန္တာ၀စပဏ္ဏိတာပိစ၊ အ
သေစနကာသုခါပိ၊ ဋ္ဌာနသောပါပဟာယိကာ၊ ၊ဝိတက္ကန္ဓေ
ဒသမတ္တာ၊ ဝိဇ္ဈာဝိမုတ္တိ မူလကာ၊ စရိမကာဝ အဿာသာ၊
ပဿာသာသာအဿပါကရာ၊ ၊တသ္မာဟပေဒအပ္ပမတ္တော၊ အ
နုယုဉ္ဇေထပဏ္ဍိတော၊ ဇေဝံအနေကာနိသံသံ၊ အနာပါနသတိ
သဒါ၊ ၊ဝိသုဒ္ဓိမဂ်သင်္ဂဟဂါထာ၊ ၊သော၀ဋ္ဋသဝတ္တကာ၊
တဆဲ့ခြောက်ပါးသောဋ္ဌာနရှိသောသော၊ ဤအာနာပါနသတိ
ဘာဝနာသည်၊သန္တာစ၊ငြိမ်လည်းငြိမ်သက်ငြိမ်းချမ်း၏၊ ပဏ္ဏိ
တာပိစ၊ မရောင့်ရဲစေတတ်မြတ်လည်းမြတ်၏၊ အသေစနကာ
စ၊ပရိကမ္မာဥပစာဖြင့်ထေးဖာလောင်းစွက်၊ ရောရှက်မရှိ၊ ပက
တိရင်းငြိမ်သက်ခြင်းလည်းရှိ၏၊ သုခါစ၊ ဝင်စားတိုင်းကိုယ်
စိတ်နှစ်ဖြာကို ချမ်းသာစေတတ်၏၊ ဋ္ဌာနသော၊ခဏချက်ခြင်း၊
ပါပဟာယိကာ၊မကောင်းမှုကိုနှဲ့ထုတ်ခွါတွက်ပယ်ဖျက်တတ်
၏၊ ၊ဝိတက္ကန္ဓေဒသမတ္တာ၊ မိစ္ဆာဝိတက်ကိုပယ်ဖျက်ဖြတ်
စွမ်းနိုင်၏၊ဝိဇ္ဇာဝိမုတ္တိမူလကာ၊ မဂ်ဖိုလ်တို့၏အကြောင်းရင်းမူ
လဖြစ်ခြေပါဒကလည်းဖြစ်၏။ စရိမကာ၊ ရုတ်စရိမကဖြစ်၍အ
ဆုံးစွန်ဖြစ်ကုန်သော၊ အဿာသပဿာသာစ၊ ထွက်သက်ဝင်
သက်တို့သည်လည်း၊ အဿ၊ ထိုယောဂီအား၊ ပါကဋာ၊ထင်ရှား
ကုန်၏၊ ၊တသ္မာ၊ထို့ကြောင့်၊ပဏ္ဍိတော၊ပညာရှိသောအမျိုး
ကောင်းသားသည်၊ဧဝံ၊ဤသို့၊ အနေကာနိသံသံ၊ များသောအာ
နိသင်ရှိသော၊ အာနာပါနသတိံ၊ အာနာပါနဿတိကမ္မဋ္ဌာန်း
ကို၊ သဒါ၊အခါခပ်သိမ်း၊ အပ္ပမတ္တော၊မမေ့မလျော့၊ ဟုဝေ၊
စင်စစ်၊အနုယုဉ္ဇေထ၊အားထုတ်ရာ၏၊

## လက်ကိုချိုး၍အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းနည်း၊

| ဂဏန်းစဉ် | ၅ | ၆ | ၇ |
|---|---|---|---|
| တဝါရ | ၁၁၁၁၁ | ၁၁၁၁၁၁ | ၁၁၁၁၁၁၁ |
| ဝါရပေါင်း | ၇၂ | ၆၀ | ၅၂ |
| ထွက်သက် | ၃၆၀ | ၃၆၀ | ၃၆၀ |
| ဝင်သက် | ၃၆၀ | ၃၆၀ | ၃၆၀ |
| တနာရီ | ၁ | ၁ | ၁ |

| ဂဏန်း | ၈ | ၉ | ၁၀ |
|---|---|---|---|
| ဝါရ | ၁၁၁၁ ၁၁၁၁ | ၁၁၁၁၁၁၁၁၁ | ၁၁၁၁၁၁၁၁၁၁ |
| ပေါင်း | ၄၅ | ၄၀ | ၃၆ |
| ထွက် | ၃၆၀ | ၃၆၀ | ၃၆၀ |
| ဝင် | ၃၆၀ | ၃၆၀ | ၃၆၀ |
| နာရီ | ၁ | ၁ | ၁ |

ထွက်သက်တခါရှူလျှင်လက်တချောင်းချိုး၊ထွက်သက်ငါးကြိမ်ရှူလျှင်တဝါရဖြစ်၏၊၇၂ ဝါရပြည့်လျှင်ထွက်သက်၃၆၀ ဝင်သက်၃၆၀၊ တနာရီဖြစ်၏ကြွင်းနည်းတို့မှာထိုနည်းတူမှတ်၊

| ပတီးလုံးရေ | ပတီးပတ် | ထွက်သက် | ဝင်သက် | တနာရီ | မိနစ် |
|---|---|---|---|---|---|
| ၁၂၀ | ၃ | ၃၆၀ | ၃၆၀ | ၁ | ၆၀ |
| ၉၀ | ၄ | ၃၆၀ | ၃၆၀ | ၁ | ၆၀ |
| ၇၂ | ၅ | ၃၆၀ | ၃၆၀ | ၁ | ၆၀ |
| ၆၀ | ၆ | ၃၆၀ | ၃၆၀ | ၁ | ၆၀ |
| ၄၅ | ၈ | ၃၆၀ | ၃၆၀ | ၁ | ၆၀ |
| ၄၀ | ၉ | ၃၆၀ | ၃၆၀ | ၁ | ၆၀ |
| ၃၆ | ၁၀ | ၃၆၀ | ၃၆၀ | ၁ | ၆၀ |

ပတီးပတ်ဖြင့်အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းနည်း၊ ၎င်းနည်းကိုစီးဖြန်း၍နိမိတ်ထင်ဘူးသူရှိ၏၊အာနာပါနစီးဖြန်းနည်းပြီး၏၊

နမောဗုဒ္ဓဿ။ ။စာဂါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းနည်းကိုပြပေအံ့။ ။စာဂါနုဿတိ ဟူသည်ကား၊ လှူဘွယ်ဝတ္ထုကို အဘန်ဘန်အောက်မေ့အပ်သော သတိစေတသိက်သည် စာဂါနုဿတိမည်၏၊ ထိုလှူဘွယ်ဝတ္ထုကိုအဘန်ဘန်အောက်မေ့စီးဖြန်းပွားများအားထုတ်သဖြင့် လှူဘွယ်ဝတ္ထုသည်ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမနောဒွါရ၌ရှေးရှု ထင်ခြင်းသည် စာဂါနုဿတိကမ္မဋ္ဌာန်းမည်၏။ ။ဒါန၌၊ဝဋ္ဋဒါန၊ စေတနာဒါနဟူ၍နှစ်ပါးရှိသည်တွင်၊ ဝဋ္ဋဒါနကို စာဂါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းရမည်၊စေတနာဒါနကို၊ ဝိပဿနာတင်ရမည်။ ဝဋ္ဋဒါနကို၊ စာဂါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းနည်းကား၊ ။မိမိရှေ့ငါးတောင်ကွာကစ၍ ဆယ်တောင်အတွင်း၌၊ ဆွမ်းဘောဇဉ်ခဲဘွယ်အမယ်မယ်သော လှူဘွယ်ဝတ္ထုတို့ကို အလွန်ကြည်ညိုဘွယ်ရှိအောင်ပြုပြင်စီရင်၍ထားရမည်၊ ထားပြီးလျှင် မိမိစိတ်ကိုနှာသီးဖျား၌ ထားလျက်၊ နှစ်နာရီ၊ သုံးနာရီလောက် ကြာအောင်၊မျက်စိကိုမှိတ်၍၊ အလှူ့အလှူ့ဟု အဘန်ဘန်စီးဖြန်းပွားများအားထုတ်ရမည်၊ အားထုတ်၍ စိတ်တည်ကြည်ငြိမ်သက်လျှင်မနောဒွါရ၌ ဆွမ်းဘောဇဉ်ခဲဘွယ် အမယ်မယ်သောလှူဘွယ်ဝတ္ထုကိုထင်အောင်မျက်စိကိုမှိတ်၍စိတ်ဖြင့် အလှူ့အလှူ့ဟုအဘန်ဘန်အောက်မေ့ရမည်၊ အောက်မေ့၍ ထင်လျှင်အသက်သက်ဆုံးစွဲမြဲအောင်၊ရှင်းနည်းအတိုင်း တနေ့တနေ့ကိုသုံးကြိမ်သုံးကြိမ်ခုနှစ်ရက်ပတ်လုံးအားထုတ်ရမည်။ အားထုတ်၍ထင်မြင်စွဲမြဲလျှင်တနေ့တနေ့ကို တကြိမ်တကြိမ်အသက်ထက်ဆုံးအားထုတ်ရမည်၊တနေ့တနေ့ကိုတကြိမ်တကြိမ်အားထုတ်လျှင်၊ သေခါနီးကာလ၌ ဆွမ်းဘောဇဉ် ခဲဘွယ် အမယ်မယ်သောလှူဘွယ် ဝတ္ထုတည်းဟူသောကုသိုလ် ကမ္မနိမိတ်ကြီးထင်၍သေလိမ့်မည်၊ ကုသိုလ်ကမ္မနိမိတ်ကြီးထင်၍ သေလျှင်၊ နောက် ဘဝ။ နောက် နောက် သော ဘဝတို့၌ လူ၊ နတ်ဖြစ်လိမ့်မည်၊ လူ၊ နတ်ဖြစ်လျှင်ဒါနပါရမီစသော ပါရမီဆယ်ပါး

အပြား သုံးဆယ်တို့ကို ယာခုဘဝထက်၊ အဆအရာ၊ အဆအ ထောင်မကသာလွန်၍ အားထုတ်နိုင်လိမ့်မည်၊ အားထုတ်နိုင် လျှင်မဂ်ဖိုလ်ကို လျင်မြန်စွာ ရလိမ့်မည်၊ စက္ခုဒွါရ၌မျက်စိဖြင့် ဟူ့ဘွယ်ဂဏ္ဍကိုမြင်၍၊ သဒ္ဓါပီတိစသော ကုသိုလ်တရားဖြစ် သည်ထက်၊ အဆအရာ၊ အဆအထောင်မကသာလွန်ခမနေသော ဒွါရ၌ ဟူ့ဘွယ်ဝဏ္ဍကို ထင်မြင်လျှင်၊ သဒ္ဓါပီတိစသော ကု သိုလ်တရား များများကြီးဖြစ်၏၊ ကုသိုလ်တရားများများကြီး ဖြစ်လျှင် မြန်မြန်ကြီးမဂ်ဖိုလ်ရလိမ့်မည်၊ မဂ်ဖိုလ်ရမှနိဗ္ဗာန်သို့ ရောက်ကြ၍ ဒုက္ခခပ်သိမ်းငြေးငြိမ်းလိမ့်မည်၊ ဒုက္ခခပ်သိမ်း ငြေး ငြိမ်းအောင် စာဂါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ ကြိုး စား၍ အားထုတ်ကြလေ၊ ။ဤကားဆွမ်း၌ စာဂါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနည်းတည်း၊ ။သင်္ကန်း၊ ကျောင်းစသည် တို့၌၊ ဆွမ်းစီးဖြန်းနည်းကိုမှီး၍စီးဖြန်းလေ၊ ။စာဂါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းနည်းပြီး၏၊

---

စေတနာဒါန၌ဝိပဿနာတင်နည်းကိုပြပေအံ့၊ ။နိဗ္ဗာန် သို့ရောက်အောင်၊ကြိုးစားလှူ၊ ကြိုးစားလှူဟူ၊ တိုက်တွန်းနှိုး ဆော်သော သဘောတရားတို့သည်၊ ငါကောင် မဟုတ်ကုန်ပါ တကား၊ ။နိဗ္ဗာန်သို့ရောက်အောင်၊ကြိုးစားလှူ၊ကြိုးစားလှူ ဟူ၊ တိုက်တွန်းနှိုးဆော်သော သဘောတရာ တို့သည်၊ ငါ၏ ဥစ္စာကောင်မဟုတ်ကုန်ပါတကား၊ ။နိဗ္ဗာန်သို့ ရောက်အောင် ကြိုးစားလှူ၊ကြိုးစားလှူဟူ၊ တိုက်တွန်းနှိုးဆော်သောသဘော တရားတို့သည်၊ အလှူပေး ပုဂ္ဂိုလ် ကောင် မဟုတ်ကုန်ပါတ ကား၊ ။နိဗ္ဗာန်သို့ရောက်အောင်၊ ကြိုးစားလှူ၊ ကြိုးစားလှူ၊ ဟူ၊တိုက်တွန်းနှိုးဆော်သော သဘောတရားတို့သည်၊ စေတ နာတွေသာ ကောင်ဟုတ်ကုန်ပါတကား၊ ။စေတနာ တို့သည်၊ ယခုဖြစ်၊ယခုပျက်၍ နေကုန်ပါတကား၊ ။စေတနာတို့သည်၊ ယခုများစွာဖြစ်၊ ယခုများစွာပျက်၍နေကုန်ပါတကား၊ ။စေ

တနာ တို့သည်၊ ‘သရမရေတွက် နိုင်အောင်ဖြစ်၊ ယာရမရေတွက်နိုင်အောင်ပျက်၍ နေကုန်ပါတကား၊ ၊စေတနာတို့သည်ငါမဟုတ်၊ငါ့ကိုယ်မဟုတ်၊ အသျှုပေး ပုဂ္ဂိုလ် မဟုတ်သောကြောင့်၊ အနတ္တ သဘောတရားတို့ချည်းပါတကား၊ ၊စေတနာတို့သည်၊ ပုဂ္ဂိုလ်အလိုသို့မလိုက်လို၍။ နဂိုရ်သဘောအတိုင်းဖြစ်ပျက်၍ နေသောကြောင့်၊ အဝသဝတ္တန အနတ္တသဘောတရားတို့ချည်း ပါတကား၊ ၊စေတနာတို့၏ ဖြစ်ခြင်းပျက်ခြင်းကို၊အစိုးမရ၊ အနိဿရဏ အနတ္တ သဘော တရားတို့ချည်းပါတကား၊ ၊စေတနာတို့၏ ဖြစ်ခြင်း ပျက်ခြင်းတို့သည်၊ပိုင်သူသခင်၊အရှင်မရှိ၊အသာမိက၊ အနတ္တ သဘောတရားတို့ချည်းပါတကား၊ ၊စေတနာတို့သည်၊ အနိစ္စသာရ၊ သုခသာရ၊ အတ္တသာရမှ ကင်းဆိတ်ကြ၍၊ အသာရက၊ အနတ္တသဘောတရားတို့ချည်းပါတကား၊ ၊ရင်းတဆဲ့နှစ်ပုဒ်ကိုရှေးဦးစွာရအောင်ကျက်၊ ရလျှင်၊ သမာဟိတော ယထာဘူတံ ဇာနာတိပဿတိ၊ သငျှာယတနသံယုတ်ပါဠိတော် လာသည့်နှင့်အညီ၊ စေတနာဒါနဥ္စဝိပဿနာတင်လိုသော ယောဂီပုဂ္ဂိုလ်သည်၊လူ့ဘွယ်ဝတ္တုရှိရာ အရပ်သို့ကပ်လျက်၊ စိတ်ကိုနှာသီးဖျား၌ ထားလျက်မျက်စိကိုမှိတ်၍ အလှူအလှူဟု စိတ်တည်ကြည် ငြိမ်သက်အောင် စီးဖြန်း၊ စိတ်တည်ကြည် ငြိမ်သက်လျှင်၊နိဗ္ဗာန်သို့ရောက်အောင်ကြိုးစားလှူ၊ကြိုးစားလှူဟု၊ တိုက်တွန်းနှိုးဆော်သော သဘောတရားတို့သည်၊ ငါကေန်မဟုတ်ကုန်ပါတကား၊ ၊နိဗ္ဗာန်သို့ ရောက်အောင်၊ ကြိုးစားလှူကြိုးစားလှူဟု၊တိုက်တွန်းနှိုးဆော်သော သဘော တရားတို့သည်၊ ငါ၏ ဥစ္စာ ကေန်မဟုတ်ကုန်ပါတကား၊ ၊နိဗ္ဗာန်သို့ရောက်အောင်၊ကြိုးစားလှူကြိုးစားလှူဟု၊တိုက်တွန်းနှိုးဆော်သောသဘောတရားတို့သည်၊ အလှူပေးပုဂ္ဂိုလ်ကေန် မဟုတ် ကုန်ပါတကား၊ ၊နိဗ္ဗာန်သို့ရောက်အောင်၊ ကြိုးစားလှူကြိုးစားလှူဟု တိုက်တွန်း နှိုးဆော်သော သဘောတရားတို့သည်၊ စေတ

နာတွေ့သာဧကန်ဟုတ်ကုန်ပါတကား၊ ။ဟူ၍ တနာရီလောက် ဉာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်။

နိဗ္ဗာန်သို့ရောက်အောင်၊ ကြိုးစားလော့။ကြိုးစားလော့။ဟု တိုက်တွန်းနှိုးဆော်သော သဘော တရားတို့သည်၊ ငါဧကန်ဟုတ်သည်ဟုမှတ်ထင်လျှင်၊ သက္ကာယဒိဋ္ဌိလည်း ဖြစ်ကုန်၏၊ အတ္တဒိဋ္ဌိလည်းဖြစ်ကုန်၏၊ အတ္တလည်း ဖြစ်ကုန်၏၊ ။သက္ကာယ ဒိဋ္ဌိ ဖြစ်ပုံ၊

နိဗ္ဗာန်သို့ရောက်အောင်၊ ကြိုးစားလော့။ကြိုးစားလော့။ဟု၊ တိုက်တွန်းနှိုးဆော်သော သဘောတရားတို့သည်၊ ငါ၏ဥစ္စာ ဧကန်ဟုတ်ကုန်၏ဟုမှတ်ထင်လျှင် တဏှာလည်းဖြစ်ကုန်၏။ အတ္တနိယလည်းဖြစ်ကုန်၏၊

နိဗ္ဗာန်သို့ရောက်အောင်၊ ကြိုးစားလော့။ကြိုးစားလော့။ဟု၊ တိုက်တွန်းနှိုးဆော်သော သဘောတရားတို့သည်၊ ငါဧကန် မဟုတ်ကုန်ဟု ဘာဝနာဉာဏ်ဖြင့် သိမြင်လျှင် သက္ကာယဒိဋ္ဌိလည်း ပျောက်ကုန်၏၊ အတ္တဒိဋ္ဌိလည်း ပျောက်ကုန်၏၊ အတ္တလည်း ပျောက်ကုန်၏၊ ။သက္ကာယဒိဋ္ဌိပယ်ပုံ၊

နိဗ္ဗာန်သို့ရောက်အောင်၊ ကြိုးစားလော့။ကြိုးစားလော့။ဟု တိုက်တွန်းနှိုးဆော်သော သဘောတရားတို့သည်၊ ငါ၏ ဥစ္စာဧကန် မဟုတ်ကုန်ဟု၊ ဘာဝနာဉာဏ်ဖြင့် သိမြင်လျှင်တဏှာလည်း ပျောက်ကုန်၏၊ အတ္တနိယလည်း ပျောက်ကုန်၏၊ ။တဏှာ ပယ်ပုံ၊

နိဗ္ဗာန်သို့ရောက်အောင်၊ ကြိုးစားလော့။ကြိုးစားလော့။ဟု တိုက်တွန်း နှိုးဆော်သော သဘော တရားတို့သည်၊ စေတနာတွေ့ သာဧကန်ဟုတ်ကုန်ပါတကားဟု၊ ဘာဝနာဉာဏ်ဖြင့် သိမြင်လျှင်၊ နာမပရိစ္ဆေဒဉာဏ်လည်းဖြစ်ကုန်၏၊ အနတ္တလည်း ဖြစ်ကုန်၏၊ အနတ္တနိယလည်းဖြစ်ကုန်၏။ သမ္မာ ဒိဋ္ဌိမဂ္ဂင်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ ညိန္ဒြေ၊ ပညာဗိုလ်၊ ဝိမံသာဓိပတိတို့သည် ဖြစ်ကုန်၏၊ ရင်းစီးဖြစ်နည်းများကို တနာရီလောက်ဉာဏ်ဖြင့် အ

ဘန်ဘန်ဆင်ခြင်၊ အရိယာပုထ်လေးပါးလုံး၌လည်း ဥာဏ်ဖြင့် အဘန်ဘန်ဆင်ခြင်၊ ၊သဒ္ဓါဒိန္ဒြိယ ၅ ပါး၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်လျှင် ဗောဓိပက္ခိယတရားသုံးဆဲ့ခုနှစ်ပါးဖြစ်ကုန်၏၊ ဗောဓိ ပက္ခိယတရားသုံးဆဲ့ ခုနှစ်ပါးဖြစ်လျှင်၊ မဂ်ဖိုလ်ကိုလျင်မြန်စွာ ရနိုင်၏၊ မဂ်ဖိုလ်ရမှနိဗ္ဗာနသို့ရောက်ကြ၍ ဒုက္ခခပ်သိမ်းငြိမ်း လိမ့်မည်၊ ဒုက္ခခပ်သိမ်းငြိမ်းအောင် စေတနာဒါန၌ ဝိပဿ နာတင်နည်းကို အဘန်ဘန် ပွားများကြိုးစား၍ အားထုတ်ကြ လေ၊ ၊ဤကားစေတနာ၌ ငါကောင်ဟုတ်သည်ဟု မှတ်ထင် စွဲထင်းသော သက္ကာယဒိဋ္ဌိပယ်နည်းတည်း၊ ၊စေတနာတို့ သည်ဖြစ်ပျက်ခြင်းမရှိဟု မှတ်ထင်စွဲလမ်းသော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိပယ်နည်းကား၊

စေတနာတို့သည် ယခုဖြစ် ယခုပျက်၍ နေကုန်ပါတ ကား၊ ၊စေတနာတို့သည် ယခုများစွာဖြစ် ယခုများစွာပျက် ၍နေကုန်ပါတကား၊ ၊စေတနာတို့သည် ယခုမရေတွက်နိုင် အောင်ဖြစ်၊ ယခုမရေတွက်နိုင်အောင် ပျက်၍ နေကုန်ပါတ ကား၊ ၊ဟုဥာဏ်ဖြင့်အဘန်ဘန်ဆင်ခြင်။

စေတနာတို့သည် ဖြစ်ပျက်ခြင်း မရှိဟု၊ မှတ်ထင်လျှင်၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဖြစ်ကုန်၏၊ ၊သဿတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိဖြစ်ပုံ၊

စေတနာတို့သည်၊ယခုဖြစ်ယခုပျက်၍နေကုန်ပါတကား ဟု၊ ဘာဝနာဥာဏ်ဖြင့်သိမြင်လျှင်၊ သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိမ ဖြစ်ကုန်၊ ၊သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိပယ်ပုံ၊ ၊ဤကားစေ တနာတို့သည် ဖြစ်ပျက်ခြင်း မရှိဟု မှတ်ထင် စွဲလမ်းသော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိပယ်နည်းတည်း၊ ၊စေတနာ၌ အ နတ္တသက္ခဏာတင်နည်းကား။

စေတနာတို့သည်ငါမဟုတ်၊ငါ့ကိုယ်မဟုတ်၊ အလှူပေး ပုဂ္ဂိုလ်မဟုတ်သောကြောင့်၊ အနတ္တ သဘော တရားတို့ချည်း ပါတကား၊ ၊စေတနာတို့သည်၊ ပုဂ္ဂိုလ်အလိုသို့ မလိုက်လို

၍၊ နဂိုရှိသဘောအတိုင်းဖြစ်ပျက်၍ နေသောကြောင့်၊ အဝသ ဝတ္တနအနတ္တသဘောတရားတို့ချည်း ပါတကား၊ ၊စေတနဝ တို့၏ဖြစ်ပျက်ခြင်းကိုအစိုးမရ၊ အနိဿရဏ အနတ္တသဘော တရားတို့ချည်းပါတကား၊ စေတနာတို့၏ ဖြစ်ခြင်း ပျက်ခြင်း တို့သည်၊ ပိုင်သူသခင်၊ အရှင်မရှိ၊ အသာမိက၊အနတ္တသဘော တရားတို့ချည်းပါတကား၊ စေတနာတို့သည်၊ နိစ္စသာရ၊သုခ သာရ၊အတ္တသာရမှ ကင်းဆိတ်ကြ၍၊ အသာရက အနတ္တသ ဘောတရား တို့ချည်း ပါတကား၊ ၊ယှဉ်ဉာဏ်ဖြင့် အဘန် ဘန်ဆင်ခြင်၍ ဘာဝနာမယဉာဏ်ဖြင့်သိမြင်လျှင် အနတ္တထင် ၏၊ ၊ဤကားစေတနာ၌ အနတ္တလက္ခဏာတင်နည်း အကျယ် တည်း၊ ၊စေတနာ၌ အနတ္တလက္ခဏာတင်နည်း အကျဉ်း ကား၊

အလှူပေးပုဂ္ဂိုလ်မဟုတ်၊ စေတနာတွေသာဟုတ်၏၊ အ လှူပေးပုဂ္ဂိုလ်မဟုတ်၊ စေတနာတွေသာ ဟုတ်၏၊ ၊စေတ နာတွေယာရဖြစ်ယာရပျက်၏၊ စေတနာတွေ ယာရဖြစ်ယာရပျက် ၏၊ ၊စေတနာတွေ ဖြစ်ခြင်းပျက်ခြင်း အစိုးမရ၊ စေတနာ တွေဖြစ်ခြင်း ပျက်ခြင်းအစိုးမရ၊ ၊ဤကားစေတနာ၌ အနတ္တ လက္ခဏာတင်နည်း အကျဉ်းတည်း၊ ၊သုတ္တန်အလိုအားဖြင့် အလှူပေးပုဂ္ဂိုလ်ဟုတ်၏၊ အဘိဓမ္မာအလိုအားဖြင့်အလှူပေး ပုဂ္ဂိုလ်ကေနမဟုတ်၊ စေတနာတွေသာကေနဟုတ်၏၊ ၊ဒါ န၊သီလ၊သမထ၊ သုတမယဉာဏ် ဤလေးပါးသည်၊ သင်္ခါရယ ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတို့ကို မပယ်နိုင်၊ ဘာဝနာမယ ဉာဏ်၊ မဂ်ဉာဏ်နှစ်ပါးသည်သာ၊ သက္ကာယဒိဋ္ဌိ၊ သဿတ ဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိတို့ကိုပယ်နိုင်၏၊ သဗ္ဗေဓမ္မာအနတ္တာ၊ ၊ဓမ္မပ ဒပါဠိတော်၊ ၊သဗ္ဗေ၊ခပ်သိမ်းကုန်သော၊ ဓမ္မာ၊ စိတ်စေတ သိက်ရုပ်နိဗ္ဗာန်တို့သည်၊အနတ္တာ၊အနတ္တမည်ကုန်၏၊ ၊သဗ္ဗေ၊ အလုံးစုံကုန်သော၊ဓမ္မာ၊စေတနာတို့သည်၊ အနတ္တာ၊ ငါမဟုတ် ငါ့ကိုယ်မဟုတ်၊ အလှူပေးပုဂ္ဂိုလ်မဟုတ်သောကြောင့် အနတ္တ

မည်ကုန်၏၊ ၊တသ္မိံ ဟိသတိ သစ္စသံပဋိဝေဓော ရုဏ္ဏတိ၊ နအသတိ၊ ၊ဝိသုဒ္ဓိမဂ်ဋီကာ၊ ၊ဟိသစ္စ ၊ထိုစကားသည်ကြောန်မှန်၏၊တသ္မိံ၊ ထိုစေတနာ၌ အနုတ္တလက္ခဏာတင်ခြင်းသည်၊ သတိ၊ ရှိသော်၊သစ္စသံပဋိဝေဓော၊ သစ္စာလေးပါးကိုမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိမြင်ခြင်းသည်၊ရုဏ္ဏတိ၊ပြည့်စုံ၏၊ တသ္မိံ၊ ထိုစေတနာ၌အနတ္တ သလက္ခဏာတင်ခြင်းသည်၊ အသတိ၊ မရှိသော်၊ သစ္စသံ ပဋိဝေဓော၊ သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့်ထိုးထွင်း၍သိမြင်ခြင်းသည်၊နရုဏ္ဏတိ၊မပြည့်စုံ၊ ၊အဓိပ္ပါယ်ကား၊ ၊စေတနာ၌အနတ္တလက္ခဏာကို ဘာဝနာဉာဏ်ဖြင့် တင်သည်ရှိသော်၊သစ္စာလေးပါးကိုမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်နိုင်၏၊ မဂ်ဖိုလ်ကိုလျင်မြန်စွာရနိုင်၏၊ စေတနာ၌ အနတ္တ လက္ခဏာမတင်သော်၊ သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့်ထိုးထွင်း၍ မသိမမြင်နိုင်၊ မဂ်ဖိုလ် မရနိုင်ဟုဆိုလိုသည်၊ ၊သဗ္ဗေဓမ္မာအနတ္တာဟူသောပုဒ်၌၊နောက်အနက်ပေးနည်းမှာ၊ ၊ဤအရာ၌၊ ပါဠိတော်ဋီကာအလိုအတိုင်းအနက်မပေးမူ၍၊ ၊အင်္ဂုတ္တရဋ္ဌကထာလိဂ်၊ ဩစိတျာကာလဒေသတော၊ သဒ္ဒတ္ထာဝိဘတ္တိယန္တို၊ နသဒ္ဒါယောဝကောဝလံ၊ ၊ဟူသော သဒ္ဒသာရတ္ထဇာလိနီဆရာမိန့်မှာတော်မူတိုင်းအနက်၊အရာ၊ ကာလ၊ ဒေသကိုထောက်ချင့်၍ အရာအားလျော်စွာ ပေးလိုက်သည်၊ ၊စေတနာဒါန၌ဝိပဿနာတင်နည်းပြီး၏၊ ၊ကမ္မဋ္ဌာနသံခိပ်ချုပ်ပြီး၏၊

---

ဝဋ်သုံးပါးမှလျင်လျားစွာ လွတ်ထွက်လိုသော ဝိပဿနာယောဂီပုဂ္ဂိုလ်တို့ဥဒါန်းကြူးရန်ကို ပြပေအံ့၊ ၊ဇာမေသံမမ ခန္ဓာနံဥပ္ပန္နံ ဝါအိဖွန့် ဝါဒုက္ခဒုက္ခ အဘိဒုက္ခ၊ တထောက်ဒါ ဟံမရွေယျ၊ သာရဝတမုဉ္စနံ၊ ဿခာတအင်္ဂဏနံ၊သာရဝတ နိဗ္ဗုတိ၊ ဇ၀ံမရစ္စနာနုပဿနာမဂ္ဂ တုကမျတာဉာဏ၊ ၊မမ၊ငါ ဟုသရုတ်အကောင်ပုပ်ကို စက်ဆုပ် ရွံရှာ၍ ဝိပဿနာအား ထုတ်သောယောဂီပုဂ္ဂိုလ်၏၊ ဇာမေသံခန္ဓာနံ၊ ဤပဉ္စုပ္ပန်သုံးပါး။

ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏၊ ဥပ္ပဇ္ဇနံဝါ၊ သင်္ခတဓာတ်ခံကို ကဇာတိဖြင့် ခဏမစဲ ဘန်တလဲလဲ အမြဲဖြစ်ခြင်း သည်သည်းကောင်း၊ဘိဇ္ဇနံဝါ၊ သင်္ခတိမရဏခဏိကမရဏခဏမစဲ၊ ဘန်တလဲလဲ အမြဲပျက်စီးခြင်းသည်လည်းကောင်း၊ တနည်းကား၊ ဥပ္ပဇ္ဇနံဝါ၊အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ကံ အာဟာရ၊ စသည့်ရုပစသော အကြောင်း တရား တို့ကြောင့် ဖြစ်ခြင်း သည်သည်းကောင်း၊ဘိဇ္ဇနံဝါ၊ သင်္ခတိမရဏ၊ ခဏိကမရဏခဏမပြတ်အဘန်ဘန်ပျက်စီးလတ်၍၊ သမ္မုတ္တိကင်းစင်၊ ဝိပတ္တိချည်းထင်မြင်၍၊ဘုံသုံးခွင်မှာဘင်ဘင်ချည်းသည့်ရင်း၊ ဒုက္ခဒုက္ခ၊ ဘေးကြီး ဘေးငယ်အသွယ်သွယ်ဖြင့် ကိုယ်ဝယ် နှိပ်စက်ခြင်းလျှင်အလွန်ပင် ကိုယ်စိတ်ဆင်းရဲရ၏၊ အတိဒုက္ခ၊ အပြစ်အနာအဆာဘယာတွေ အသင်္ချေ အနန္တတွေ့ကြုံရခြင်းလျှင်အလွန်ပင်ကိုယ်စိတ်ဆင်းရဲ၏၊ တနည်းကား၊ ဒုက္ခဒုက္ခ၊ အခွန့်သုံးပါးဝဋ်ဘဝကြီးငယ်၌ လေးသွယ်ပဋိသန္ဓေ အဘန်ဘန်နေရခြင်းဒုက္ခဝဋ္ဋ ဆင်းရဲမှုတို့ကို ဘန်ဘန်ပြုပြင် စီရင်ရခြင်း၊ ဒုက္ခဝဋ္ဋဆင်းရဲမှုတို့ကို စိုးရိမ်ကြောင့်ကြပူပန်ရခြင်းလျှင် အလွန်ပင်ကိုယ်စိတ်ဆင်းရဲလှ၏၊ အတိဒုက္ခ၊ သံသရာ ဝဲဩဃကြီးထဲ၌ အဘန်တလဲလဲ ဇာတိပွဲ၊ နာပွဲ၊သေပွဲ၊ အမင်္ဂလာပွဲအပါယ်ဆင်းရဲ၊ အနဲနဲအဖုံဖုံ၊ ဒုက္ခမျိုးစုံကိုတွေ့ကြုံရခြင်းလျှင်အလွန်ပင်ကိုယ်စိတ်ဆင်းရဲလှ၏၊ ဘေတော၊ ထိုဆင်းရဲပေါင်းစုံသောတကာပိုင်းအခုံ၊ရန်တကာသိုင်းခြံ၍ အလုံးစုံသော သင်္ခါရဝဋ်ဒုက္ခလက်မှ၊ အဟံ၊ ခန္ဓာနာမ်ရုပ်အကောင်ပုပ်ကြီးကိုစက်ဆုပ်ရွံရှာ၍ဝိပဿနာအားထုတ်သောငါသည်၊ ကဒါ၊ နံနက်အခါမွန်းတည့်အခါစသည်၊ဘယ်အခါ၊ ဘယ်ကာလ၊ ဘယ်နာရီ၊ဘယ်မိနစ်၊ဘယ်စက္ကန့်၌၊ မုစ္စေယျံ၊ စင်စစ်မချွတ်လျှင်မြန်စွာလွတ်ရပါအံ့နည်း၊ မုစ္စနံ၊ အလုံးစုံသော သင်္ခါရဝဋ်ဒုက္ခသက်မှ၊ ယခုချက်ခြင်း လွတ်ထွက်ပြေးရပါမူ၊ သာဓုဝတ၊ သြော်ကောင်းလေစွပါတကား၊ သြော်ကောင်းလေစွပါတကား၊ အ

ပဂမန်၊ အလုံးစုံနာမ်ရုပ်ချုပ်ပျောက်သန့်ရှင်း၍ ယခုချက်ချင်း
ကင်းဝေးရပါမှု၊ သာခုဝတာ၊ ကြော်ကောင်းလေစွပါတကား၊
ကြော်ကောင်းလေစွပါတကား၊ နိဗ္ဗုတိ၊ ကိလေသာခပ်သိမ်း
ကုန်ချုပ်ငြိမ်း၍၊ ယခုပရိနိဗ္ဗာန်စံရပါမှု၊ သာခုဝတ၊ ကြော်
ကောင်းလေစွပါတကား၊ ကြော်ကောင်းလေစွပါတကား၊ ဇဝံ
ဤသို့၊ မုစ္စနာနုပဿနာ၊ အလုံးစုံသောသင်္ခါရဝဋ်ဒုက္ခလက်မှ
ယခုချက်ချင်းလွတ်ထွက်ပြေးခြင်းဌာ လျင်မြန်စွာအလိုရှိ၍ အ
ဘန်ဘန်ရှုဆင်ခြင် ထင်မြင်သောဉာဏ်သည်၊ မုဉ္စိတုကမျတာ
ဉာဏ ၊မုဉ္စိတုကမျတာဉာဏ်မည်၏၊ ၊ဤကား‌အနက်၊
အဓိပ္ပါယ်ကား၊ ၊ဗျာမေသံ့ခန္ဓာခံပုဒ်တို့ဖြင့် နာမရူပပရိစ္ဆေဒ
ဉာဏ်ကိုပြ၏၊ ပစ္စုပ္ပန်သုံးပါးကား၊ အဒ္ဓါနပစ္စုပ္ပန်၊ သန္တတိ
ပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်ကိုပြ၏၊ ဥပ္ပဇ္ဇန္တံဝါဟူသောပုဒ်ဖြင့်ပစ္စယ
ပရိဂ္ဂဟဉာဏ်ကိုပြ၏၊ ဥပ္ပဇ္ဇန္တံဝါဘိဇ္ဇန္တံဝါဟူသော ပုဒ်တို့ဖြင့်
သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်တို့ကိုပြ၏၊ ဒုက္ခ
ဒုက္ခ ့အတ်ဒုက္ခ ့၊ ဟူသောပုဒ်တို့ဖြင့်၊ ဘယဉာဏ်၊ အာဒီနဝ
ဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်တို့ကိုပြ၏၊ တတောကဒါပဟံ မုစ္စေယျံ့ပုဒ်
တို့ဖြင့် မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာ
ဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်တို့ကိုပြ၏၊ သာခု
ဝတာမုစ္စန်၊ သာခုဝတာအပမန်၊ သာခုဝတာ နိဗ္ဗုတိပုဒ်တို့ဖြင့်၊
မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့ကိုပြ၏၊ ဇဝံမုစ္စ
နာနုပဿနာ မုဉ္စိတုကမျတာဉာဏ ့ပုဒ်တို့ဖြင့် အလုံးစုံသော
ဉာဏ်တို့ကိုပြ၏၊ အလုံးစုံသောဉာဏ်တို့သည်၊ သံသရာဝဋ်မှ
လွတ်ခြင်းဌါအားထုတ်၍ မုဉ္စိတုကမျတာ ဉာဏ်သို့ချည်းဝင်
ကုန်၏၊ ၊သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်တို့
သည်အနက်တူ၍ သဒ္ဒါသာထူးကုန်၏၊ ဘယဉာဏ်၊အာဒီနဝ
ဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်တို့သည်အနက်တူ၍ သဒ္ဒါသာထူးကုန်၏၊
မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်
တို့သည် အနက်တူ၍ သဒ္ဒါသာ ထူးကုန်၏၊ သင်္ခါရုပေက္ခာ

ဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်တို့သည်၊ ကေဏ္ဍ
နည်းအားဖြင့် တူကုန်၏။ ။ဣမေဝမ္ပါ ကေဍ္ဍာဗျုဉ္ဇနမေဝနာ
နံ။ ။အဋ္ဌကထာ။ ။ဣမံ ဉာဏာ အနုလောမဂေါတြဘုဉာဏာ
ဟိသဒ္ဒိ ကေတ္တ နေတွာဝုတ္တ ကေတ္တနယာဝသေန။ ။ဝိသုဒ္ဓိမဂ်
ဋီကာ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရု
ပေက္ခာဉာဏ်တို့၌၊ အမျိုးမျိုးဝေဘန်ကုန်၏၊ ။ငြိုသုံးပါး၌
လျင်လျားစွာ လွတ်ထွက်လိုသော ဝိပဿနာယောဂီပုဂ္ဂိုလ်တို့
ဉဒါန်းကြူးခန်ပြီး၏။

---

နမောဗုဒ္ဓဿ။ ။ဂိလာနပုဂ္ဂိုလ်တို့ ဒုက္ခ ဝေဒနာကင်း
ငြိမ်းရန်ဗေဒ္ဓင်ရှာဘွယ်ကိုပြပေအံ့။ ။ဂိလာနကို သတိပေး
ရန်၊ ဝဍ္ဍကထိကပုဂ္ဂိုလ်ကိုဟည်၊ ဂိလာနကို သိသမဆောက်
တည်ခင်၊ ဗေဒ္ဓင်တရေး မဟောကြားခင်၊ ရှေးဉီးစွာသတိ
ပေးရန်ကား။ ။ဒုက္ခဝေဒနာတို့ကိုအလွန်စက်ဆုပ်ရမည်။ ။
စက်ဆုပ်ပုံကား။

ဝေဒနာမိ၊ ။ဝေဒနာအနတ္တာ။ ။ဝေဒနာ၊ ဒုက္ခဝေဒ
နာတို့သည်၊ မိ၊အလွန်စက်ဆုပ်ဘွယ် ရှိကုန်၏။ ။ဝေဒနာ၊
ဒုက္ခဝေဒနာတို့သည်၊အနတ္တာ၊ ပုဂ္ဂိုလ်အလိုသို့မလိုက်လို၍၊ န
ဂိုရ်သဘောအတိုင်းဖြစ်သောကြောင့် ကိုယ်မဟုတ်ကုန်၊ ဂိလာ
နမဟုတ်ကုန်။ ။ဤကားဒုက္ခဝေဒနာတို့ကို အလွန်စက်ဆုပ်ပုံ
တည်း။ ။နိဗ္ဗာန်ကို အလွန်သဒ္ဓါ ရှိရမည်၊ ။သဒ္ဓါရှိပုံကား။

နိဗ္ဗာနံ အတိသုခံ၊ ။နိဗ္ဗာနံ လဘေယျံ။ ။နိဗ္ဗာနံ ဒုက္ခ
ဝေဒနာချုပ်ငြိမ်းရာနိဗ္ဗာန်သည်၊ အတိသုခံ၊ အလွန်ချမ်းသာလှ
ပေ၏။ ။အယံ၊ ငါဂိလာန ပုဂ္ဂိုလ်သည်၊ နိဗ္ဗာနံ၊ ဒုက္ခဝေဒနာ
ချုပ်ငြိမ်းရာနိဗ္ဗာန်ချမ်းသာကြီး ကို၊ လဘေယျံ၊ လျင်မြန်စွာရ
ပါလို၏။ ။ဤကားနိဗ္ဗာန်ကိုအလွန်သဒ္ဓါရှိပုံတည်း။

ပဋိစ္စသမုပ္ပါဒ်သံသရာစက်ပုဟာတ်၊တဘဲ နှစ်ခုပ်တို့ဘွင်၊
ဒုက္ခဝေဒနာစက်ကြီးကို၊ ဝိဇ္ဇာဉာဏ်ဖြင့်ဖျက်ဆီး၍၊ လျင်မြန်

စွာ ထွက်နည်းကို ပြပေအံ့။ ။တနည်းကား။ ။တထောင့်ငါးရာ၊ ကိလေသာ ရောဂါကြီးတခွက်ဆည်းနှင့် အပြီးပျောက်ပြေးအောင်၊ မြတ်စွာဘုရား ဆေးဘော်ကြီး သောက်နည်းကိုပြပေအံ့၊ ။တနည်းကား။ ။ကိုးဆဲ့ ရှစ်ဖြာ၊ ဒုက္ခဝေဒနာကပ်ရောက်သောအခါ၊ လျှော်မြန်စွာ မဂ်ဖိုလ် ရအောင်၊ ဒုက္ခဝေဒနာ၌၊အနတ္တလက္ခဏာတင်နည်းကိုပြပေအံ့။ ။တနည်းကား။ ။ကိုးဆဲ့ရှစ်ဖြာ ဒုက္ခဝေဒနာ ကပ်ရောက် သောအခါ၊ လောကီဉာဏ်တို့ကို ပေါင်းစည်း၍။ လိုရင်းကြီး အကျဉ်းချုပ်၊ နိဂုံးချုပ်လျက်၊အသက်ထက်ဆုံးအမြဲနှလုံးသွင်းရန်ကိုပြပေအံ့။ ။

အနိစ္စာရုံကိုခံစားခြင်းသဘောတရားတို့သည်၊ ဂိလာနမဟုတ်၊ဂိလာနမဟုတ်၊ဒုက္ခဝေဒနာသာဟုတ်ဟန်ပါတကား။

ဒုက္ခဝေဒနာ၊ လျင်မြန်စွာ ဖြစ်ပျက်ပြင်းစွာနှိပ်စက်ခြင်းတို့သည်၊ အနိစ္စမျိုးဒုက္ခဗိုလ်ကို၊ အပိုင်းမရ၍၊ ရွံစရာ့စက်ဆုပ်ဘွယ်ကြီး၊ဟုဆို အချည်းနှီး အနတ္တ သဘောတရားတို့ချည်းပါတကား။ ။ယု ဉာဏ်ဖြင့် အဖန်ဖန်ဆင်ခြင်၊ ။ဤကား။ ဒုက္ခဝေဒနာ၌ အနတ္တ လက္ခဏာ တင်နည်းတည်း။ ။ဗောဇ္ဈင်ပါဠိရွတ်၍ အဆုံးအဆုံး၌၊ သုံးကြိမ်သစ္စာပြု၊ သုံးကြိမ် သာရခေါ်၊သုံးကြိမ်မေတ္တာပို့ကြရမည်၊ ။ပို့ပုံကား၊

ဂိလာနပုဂ္ဂိုလ်သည် ချမ်းသာပါစေသတည်း။ ။ဟုညီညာဖြဖြ၊ ဂိလာနကို သနားခြင်း ဂရုဏာရှေ့ထား၍ သုံးကြိမ်မေတ္တာပို့ရမည်။ပို့သောအခါဂိလာန၏ အမည်ကိုခေါ်၍ ပို့ရမည်၊ ဂိလာနသည်ဝမ်းမြောက် ဝမ်းသာရှိ၍၊ ဒုက္ခဝေဒနာလျင်မြန်စွာ ပျောက်ကြောင်းဖြစ်၏။ ။ဂိလာနကို သတိ ပေးချင်း၊ ပညာအားရောဂါအားကိုချိန်၍သတိပေးရမည်၊

ဂိလာနာကိုသတိပေးရန်ပြီး၏။

---

ဘုန်းတော်ခြောက်ပုံ၊ ဂုဏ်တော်အနန္တကန်၊ ဉာဏ်တော်အနန္တ၊အပ္ပမေယျဘန်ခိုး၊ အမျိုးမျိုးကို၊ ပိုင်ပိုင်ချုပ်ချယ်၍၊ လူ

တို့အထွင့်၊ နတ်တို့မင်္ဂလာ၊ မြို့ယ္ဗာတို့ဓိပတိ၊ ရနိတကာတို့မ ကုံင့်၊သုံးတိုက်လုံးဘဝဇုဂ္ဂ၊ ဖြစ်တော်မူသော၊ ငါတို့ဥဿျောင်၊ ထိပ်ခေါင်ထွင့်ဖြား မြတ်ဘုရားသည်၊ ပတ်ဝန်းယူဇနာ၊ သုံး ရာအပြန့်ကျယ်ဝန်းသော၊ အင်္ဂ၊ မဂဓ၊ တိုင်းနယ်ခေတ်ဝယ်၊ ၅၆ရာသောမြို့မအပေါင်း၊ ၅၆သောင်းသော ရွာကြီးတို့ဖြင့် ခြံ ရံကာ၊ တန်ဆာဆင်အပ်သည်ဖြစ်၍၊ အနှစ်ဥစ္စာ၊ ဘဏ္ဍာရိပ် ငြိမ်၊ စည်းစိမ်ဘောဂါ၊ ကြီးကျယ်စွာကုန်သော၊ မြို့တွင်းကိုး ကုဋေ၊ မြို့ပြင်ကိုးကုဋေအားဖြင့်၊ တဆဲ့ရှစ်ကုဋေသောလူမျိုး တို့၏၊ ခိုကိုးတည်နေရာ။ မဟာရာဇဝင်၊နိုင်ငံမျှဓိပတိ၊ လော ကီဆီမီး၊ ပြည်ကြီးရာဇဂြိုဟ်။ မဂဓိုရ်မြို့မြတ်၏၊ တောင်ရပ် မှုက်နှာ၊ ဒက္ခိဏာလေသွန်၊ ဝေဠုဝန်ခေါ်။ ဥယျာဉ်တော်တွင်၊ မင်းကွန်းရိပ်စံ၊နန်းဗိမာန်ကုံ၊ နိဗ္ဗာန်ကံကျွေးပြု၍၊ ကပ်လှူဆက် သအပ်သော၊ ဝေဠုဝန်မဟာဝိဟာရ၌၊ ယာပိုထ်ထေးဝ၊ မှုတ သပ္ပါယ်။ စမ္ပာယ်တော်မူသောအခါ၊ လက်ျာမြေဂူ၊ ကျွန်းဇမ္ဗူ ဝယ်၊ဘက်တုစံမရှိ၊ နတ်တညီထူမကာ၊ အလှဂုဏ် ကျော်စော လျက်၊ မနောမယ၊ ဓာတ်ရှိရသအရောင်ကဲ့သို့၊ တောင်တဆဲ ခြောက်၊ ရိုက်မှောင်ပျောက်အောင်၊ လင်းတောက်ရှိနိဝါ။ ပ ထိန်စွာသော၊ ဘဒ္ဒါမဟာသိ၊ နတ်ဒေဝိကို၊ သွေတီ၍ရဟန်းပြု လေသော၊ တတိယသာဝက၊ ဘုရားလက်ရုံး၊ ရွှေဘုန်းတော် သခင်၊ အသျှင်မဟာကဿပ မထေရ်မြတ်သည်၊ ပြည်ရပ်၏ အရှေ့၊ မြင်ကွေ့ခွေကား၊ ဘောင်တောင်ကြီး၏ခြင်ဝန်း၊ မြိုင် ဥင်းတောရိပ်၊ ပိဗ္ဗလိဂူဟာ၊သီလာလေထား၊ မြမြစေမှောင်၊ ပြည် ညောင်ငင်ရင်း၊ ကျောက်လိုဏ်တွင်း၌၊ ဘိတင်းသုံးနေတော် မူလေသတည်း၊ တနေ့သောအခါ၊ ထိုမဟာကဿပ ထေရ်အ သျှင်သည်၊ ရတင်ပရိုပတ်၊ အကျင့်မြတ်ကြောင့်၊ ထင်၊ မပ်၊ သွားလျက်သော၊ အိပ်ခြင်း ဓရိယာပုတ်ကိုပျောက်သဖြင့်၊ တ ချောက်ချားချား၊ မြတ်တရားကို၊ အားထုတ်တော်မူဘိရကား၊ ဝေတ် လေးပါး မည်မှုသောကြောင့်၊ စတုဇဖြစ်သောရွှေကိုယ်

တော်သည်၊ ညှိုးလျော်နွမ်းရိ၊ ရောဂါကြီးဘိလတ်၍၊ အဝိ ဗဒ္ဓ၊ ဒုက္ခ၀တနှင့်၊ ဂိလာနအဖြစ်သို့ရောက်တော်မူရှာ၏၊ ထိုအ ခါ၊ မြတ်စွာဘုရားကိုယ်တော်မြတ်သည်၊ ညောင်ကြွတ်သို့ထပ် နား၊ထုံအပါးသို့၊ ဘေါးခြေသန့်၊ဖြန့်တော်မူသျက်၊ ရွှေစက်နှစ် ညွှန့်၊ကွန့်တော်မူ၍၊ သင်းကြွယ်၊ မြူး၊စန္ဒကူး၊ဂန္ဓမာ၊ ပန်းဆက် သသသေ၊ ရွှေအားလုပ်တော်မြတ်ကို၊ ဘွင့်လှစ်တော်မူပြီးသျှင်၊ ချစ်သားကဿပ၊ သင်၏ရောဂါဝေဒနာသည်၊ မခံသာအောင် ရှိသလောဟု မေးတော်မူ၏၊ ထိုအခါ၊ အသျှင်မဟာကဿပ မထေရ်မြတ်ကသည်း၊ ရွှေဘုန်းတော်ရှင်သခင်ဘုရား၊ တပည့် တော်အား၊ကြီးပွားတိုးတက်၊ ပြင်းစွာဆက်၍၊ ခံခက်လှသော၊ ဒုက္ခ ဝေဒနာကြီး၊ ရောဂါမီးသည်၊ တညီးညီး တခြောင်ခြောင်၊ တောက်သောင်ဘိစီးလျှက်၊ နှိပ်စက်၍နေသည်ကို၊ ဆင်းရဲစွာ ခံနေရပါသောကြောင့်၊ အနန္တ ဂုဏ်ရှင်၊ ကျေးဇူးရှင် မြတ် ဘုရားသည်၊ အနီးပါးမျက်မှောက်သို့ ကြွရောက်တော်မူသော သည်ကိုမျှ၊ ဘုရားတပည့်တော်သ၍၊ မခ-မည္တတ်၊ မဝပ်-မပူ ဇော်နိုင်ပါ ဘုရားဟု၊ ကြင်နာဘွယ် စကားဖြင့်၊ နားတော် လျှောက်တင်လေသော်၊ ဘုရားရှင် ကိုယ်တော်မြတ်ကသည်း ငါရှင်တော်ဘွား။ သွင်မခြားသည့်၊ချစ်သားကဿပ၊ သင်ချစ် သားတို့အား၊ ငါဟောကြားသည့်၊ တရားဗေဒင်၊ ရှုနှစ်အင် သည်။မျက်မြင်ပစ္စုပ္ပန်၊ လောကခံဥ္၊ခြိရုပ်တိတ်တွေ၊ နှိပ်စက်ဘူ သား၊ဒုက္ခဝိဋ္ဌိကာ၊ ထံအစိတ်နှင့်၊ ဝိပရိဘ်ဥဘု၊ လေးရှးရောဂါ၊ အရာရာကို၊ လျင်စွာသန့်ရှင်း၊ ကင်းစေတော်၏၊ အာယုဘင် လုံး၊လေပုန်းလေပွေ၊ တိုက်သေသောသား။ ဆိုးချာမိစ္ဆာ၊မသာ မာသု၊ ပြုရုဝေင်းမြောင်း၊မကောင်းလှိုခဲ့၊ ပြေးမာန်ဘွဲ့သည်း၊ နှန်နဲ့မယိုင်၊ ကျောက်စာဘိုင်သို့၊ ခိုင်ခန့်စွာတည်စေတော်၏၊ တေးဘျမ်းမြဲ၊ မြတ်ခေါင်ထိသည့်၊ သိဒ္ဓိရှိသျှ။ နေမိဟ္ဘာန်သို့၊ လျင်မြန်စွာဝင်ရောက်စေတော်၏၊ ထို့ကြောင့်ခကား။ သင်ချစ် သားအား၊ ငါဟောကြားသည့်၊ တရားထွတ်တင်၊ သမ္ဗောဇ္ဈင်

ကို၊ နားတင်၍ နှလုံးသွင်းလော့၊ သင်၏ရောဂါ၊ ဝေဒနာသည်။ မိန်းကြာချက် အပြင်၌၊ မတင်ရပေါက်ကဲ့သို့၊ လွှင့်ပျောက်ကင်းကွာဝေးလိမ့်သတည်းဟု မိန့်တော်မူ၍၊ သဏ္ဍိမေကသာပ ဗေဒ္ဓြာဂ်ါ။ အစဖြာသောဒေသနာတော်မြွတ်ကို၊ သန္တရှင်းသာယာ၊ သိသာနာဘွယ်၊ လူများလက်မှ ပြင်ပမထွက်၊ လုံးနက်ပဲ့တင်၊ အင်္ဂါ ရှစ်တော်၊ အသံတော်ဖြင့်၊ ကျူးရင့်မြွက်တော်၊ ရွတ်ဘတ် သရဇ္ဈာယ်တော်မူလျှင်၊ ဆရှင် မဟာကဿပ၏ ရောဂါဝေဒနာသည်၊ မကြာချက်ခြင်း၊ လွတ်ကင်းပျောက်ပ၊ ချမ်းသာရ၍၊ ဒုက္ခငြိမ်းတော်မူလေသတည်း။ ။ဝေမာဒိဂုဏ။ ပေတံ၊ ဤသို့အစရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော၊ အနေကဂုဏသင်္ဂဟံ၊ များစွာသောဂုဏ်ကျေးဇူးတို့ကို သင်္ဂြိုဟ်ရေတွက်ရာလည်း ဖြစ်ထသော။ ဩသဓံ၊ မြတ်စွာဘုရားဆေးလည်းဖြစ်ထသော၊ မန္တံ၊ မြတ်စွာဘုရား မန္တရားလည်းဖြစ်ထသော၊ ဗုဒ္ဓမံဗောဇ္ဈင်္ဂပရိတ္တံ၊ ဖျားနာခြင်းအစရှိသော ကိုယ်ရောဂါပျောက်ကြောင်း၊ လောဘ၊ ဒေါသအစရှိသောစိတ်ရောဂါပျောက်ကြောင်း၊ ကိုယ်၊ စိတ် ရောဂါမရှိရာ၊ နိဗ္ဗာန်သို့လျင်မြန်စွာ ရောက်ကြောင်းဖြစ်သော၊ ဤဗောဇ္ဈင်သုတ်ပရိတ်တော်ကြီးကို၊ ဟော၊ ကိုယ်စိတ်ရောဂါတို့ကို စကားဆိုပ်ရွှတ်ရှာပြီးငွေ့၍၊ ကိုယ်၊ စိတ်ရောဂါမရှိရာ၊ နိဗ္ဗာန်အဆေးကြီးကိုအလိုရှိကြသည့်ဂိလာနအစရှိကုန်သော။ ဒိုတရားနာ ပရိသတ်အပေါင်းသူတော်ကောင်းတို့၊ မယံ၊ ရောဂါ၊ ဒေါသစသည်၊ ဆဲ့ဟသိမ်းပူကြီးလောင်သည်ကို၊ စကားဆိုပ် ရွှတ်ရှာ ငြိမ်းငွေ့ကြကုန်သော၊ ငါဟုသမုတ်၊ နာခင်ရှင်အစရှိသည်၊ ဘာဏာမ၊ ရောဂါ၊ ဒေါသစသည်ဆဲ့တင်းမိငြိမ်းအေးရာ မဟာနိဗ္ဗာန်အဆေးကြီးကို၊ လျင်မြန်စွာရောက်ထည့်အောင်၊ ကြိုးစားအားထုတ်၍၊ ရွတ်ဘတ် သရဇ္ဈာယ်ကြကုန်အံ့၊ ငါ။ ကိုယ်စိတ်ရောဂါ၊ လျင်မြန်စွာကင်းကွာလွှင့်ပျောက်အောင် ရွတ်ဘတ်သဇ္ဈာယ်ကြကုန်စို့။ ။ ကဿပဗောဇ္ဈင်အချီးနိဒါန်းပြီး၏။

## ကဿပဗောဇ္ဈင်ပါဠိကိုပြပေအံ့၊

သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ၊ ကတမေ သတ္တ၊ သတိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ သမာဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မာဒက္ခာတော ဘာဝိတော ဗဟုလီကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဣမေခေါ ကဿပ သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ၊ ‘ဧကံ ဘဂဝါ ဗောဇ္ဈင်္ဂါ၊ တဂ္ဃ သုဂတ ဗောဇ္ဈင်္ဂါ၊’ ဣဒမဝေါစ ဘဂဝါ၊ အတ္တမနော အာယသ္မာ မဟာကဿပေါ ဘဂဝတော ဘာသိတံ အဘိနန္ဒိ၊ ဝုဋ္ဌာဟိ စာယသ္မာ မဟာကဿပေါ တမှာ အာဗာဓာ၊ တထာ ပဟီနော စ အာယသ္မတော မဟာကဿပဿ သော အာဗာဓော အဟောသီတိ။

သာဓေးမြခြင်းသည်၊ ဟောတု၊ လျင်လျင် မြန်မြန်ကြီးဖြစ်ပါစေ
သတည်း၊ ။ကဿပဗောဇ္ဈင်ပြီး၏။

---

မေဂ္ဂလာနဗောဇ္ဈင်ပါဠိကိုပြပေအံ့၊

သတ္တိမေ မောဂ္ဂလာနဗော ဇ္ဈင်္ဂါ မယာ သမ္မ ဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တန္တိ၊ ကတမေသတ္တ၊ သတိ သမ္ဗော ဇ္ဈင်္ဂေါ ခေါမောဂ္ဂလာနမယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟု လီကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဓမ္မ ဝိစယ သမ္ဗော ဇ္ဈင်္ဂေါခေါ မောဂ္ဂလာန မယာ သမ္မ ဒက္ခာတော ဘာဝိတောဗဟုလီကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာ နာယ သံဝတ္တတိ၊ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါမောဂ္ဂလာနမယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော၊ အဘိညာယသမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ပီတိ သမ္ဗောဇ္ဈင်္ဂေါ ခေါမောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟု လီကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာ နာယ သံဝတ္တတိ၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါမောဂ္ဂလာန မယာ သမ္မ ဒက္ခာတော ဘာဝိတောဗဟုလီကတော၊ အဘိ ညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာနမယာ၊ သမ္မာ ဒက္ခာတော ဘာဝိတော ဗဟုလီကတော၊ အဘိညာယသမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဥပေက္ခာ သမ္ဗော ဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မ ဒက္ခာတော၊ ဘာဝိတော ဗဟုလီကတော၊ အဘိညာယသမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တတိ၊ ဣမေ ခေါမောဂ္ဂလာန သတ္တဗော ဇ္ဈင်္ဂါ မယာသမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တန္တိ၊ ။ဧတေန သစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သဗ္ဗဒါ၊ ။ဧတေန သစ္စဝဇ္ဇေန၊ အသျှင် မောဂ္ဂလာန် မထေရ်မြတ်သည်၊ ဗောဇ္ဈင်ခုနစ်ပါး မြတ်တရားကို နာကြား၍၊ ဒုက္ခ ဝေ

ဒုနာလျှင်မြန်စွာ ကင်းကွာ လွှင့်ပျောက်ကြောင်း ဟောနံမှန်၏၊ ထိုသို့မှန်ကန်သော သစ္စာ စကားကြောင့်၊ တော၊ သင်ဂိလာန ပုဂ္ဂိုလ်အား၊သမ္ဗဒါ၊ အခါခင်သိမ်း၊ သောတ္တိ၊ ကိုယ်စိတ်နှစ် ဖြာချမ်းသာ ဧးမြခြင်းသည်၊ ဟောထု၊ လျှင်သျင် မြန်မြန်ကြီး ဖြစ်ပါစေသတည်း၊

မောဂ္ဂသာနပေါဌ္ဌာင်ပြီး၏၊

---

သမ္ဗာသမ္ဗုဒ္ဓပေါဌ္ဌာင်ပါဠိကိုဖြပေအံ့၊

သတ္တိမေ ဘဇ္ဇေ့ပေါဌ္ဌာင်္ဂါဘဂဝတာ၊ သမ္မဒက္ခာတာ ဘာဝိတာဗဟုလိကတာ၊ အဘိညာယ သမ္ဗောဓာယနိဗ္ဗာနာယ သံဝတ္တန္တိ၊ ကတမေသတ္တ၊ သတိသမ္ဗောဇ္ဈင်္ဂါခေါဘဇ္ဇေ့ဘ ဂဝတာ၊ သမ္မဒက္ခာတော ဘာဝိတော ဗဟုလိကတော၊ အ ဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဓမ္မ ဝိစယ သမ္ဗောဇ္ဈင်္ဂါခေါဘဇ္ဇေ့ဘဂဝတော၊ သမ္မဒက္ခာတော ဘာဝိ တောဗဟုလိကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဝိရိယသမ္ဗောဇ္ဈင်္ဂါခေါဘဇ္ဇေ့ဘဂဝတော၊ သမ္မ ဒက္ခာတောဘာဝိတော ဗဟုလိကတော၊ အဘိညာယ သမ္ဗော ဓာယနိဗ္ဗာနာယသံဝတ္တတိ၊ ပီတိသမ္ဗောဇ္ဈင်္ဂါ ခေါဘဇ္ဇေ့ဘ ဂဝတာ၊ သမ္မဒက္ခာတောဘာဝိတောဗဟုလိကတော၊ အဘိညာ ယသမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တတိ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂါ ခေါဘဇ္ဇေ့ဘဂဝတာ၊ သမ္မဒက္ခာတော ဘာဝိတောဗဟုလိက တော၊ အဘိညာယသမ္ဗောဓာယနိဗ္ဗာနာယသံဝတ္တတိ၊ သမာ ဓိသမ္ဗောဇ္ဈင်္ဂါ ခေါဘဇ္ဇေ့ဘဂဝတာ၊ သမ္မဒက္ခာတော ဘာဝိ တောဗဟုလိကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂါခေါဘဇ္ဇေ့ဘဂဝတာ၊ သမ္မ ဒက္ခာတော ဘာဝိတောဗဟုလိကတော၊ အဘိညာယသမ္ဗော ဓာယ နိဗ္ဗာနာယသံဝတ္တတိ၊ ဣမေခေါ ဘဇ္ဇေ့သတ္တဗောဇ္ဈင်္ဂါ ဘဂဝတာ၊ သမ္မဒက္ခာတာဘာဝိတာဗဟုလိကတာ၊ အဘိညာ

ယာသမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တန္တိ။ ။ဧတေနသစ္စ ဝဇ္ဇေနသောတ္ထိ ဘောဟောတုသဗ္ဗဒါ။ ။ဧတေန သစ္စဝဇ္ဇေန။ မြတ်စွာဘုရားသခင်သည် ဗောဇ္ဈင်ရှစ်ပါးမြတ်တရားကို နာကြားရ၍၊ နုဋ္ဌဝေဒနာလျင်မြန်စွာကင်းကွာ လွင့်ပျောက်ကြောင်းဧကန်မှန်၏၊ ထိုသို့မှန်ကန်သောသစ္စာစကားကြောင့်၊ တေ၊သင်ဂိလာနပုဂ္ဂိုလ်အား၊ သဗ္ဗဒါ၊အခါခပ်သိမ်း၊ သောတ္ထိ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာဧးမြခြင်းသည်၊ဟောတု၊ လျင်လျင်မြန်မြန်ကြီးဖြစ်ပါစေသတည်း။ ။သမ္မာသမ္ဗုဒ္ဓဗောဇ္ဈင်ပြီး၏။

---

ဂိလာနဗောဇ္ဈင်ကိုပြပေအံ့။

သတ္တိမေဂိလာနဗောဇ္ဈင်္ဂါဘာဂဝတာ၊ သမ္မဒက္ခာတာဘာဝိတာဗဟုလိကတာ၊ အဘိညာယ သမ္ဗောဓာယနိဗ္ဗာနာယသံဝတ္တန္တိ၊ ကတမေသတ္တ၊ သတိသမ္ဗောဇ္ဈင်္ဂါခေါဂိလာနဘာဂဝတာ၊ သမ္မဒက္ခာတော ဘာဝိတောဗဟုလိကတော၊ အဘိညာယသမ္ဗောဓာယနိဗ္ဗာနာယသံဝတ္တတိ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂါခေါဂိလာနဘာဂဝတာ၊ သမ္မဒက္ခာတောဘာဝိတော ဗဟုလိကတော၊အဘိညာယသမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တတိ၊ ဝိရိယသမ္ဗောဇ္ဈင်္ဂါခေါ ဂိလာနဘာဂဝတာ၊ သမ္မဒက္ခာတော ဘာဝိတောဗဟုလိကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တတိ၊ ပီတိသမ္ဗောဇ္ဈင်္ဂါခေါ ဂိလာနဘာဂဝတာ၊ သမ္မဒက္ခာတော ဘာဝိတောဗဟုလိကတော၊ အဘိညာယ သမ္ဗောဓာယနိဗ္ဗာနာယသံဝတ္တတိ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂါ ခေါဂိလာနဘာဂဝတာ၊ သမ္မဒက္ခာတော ဘာဝိတောဗဟုလိကတော၊ အဘိညာယ သမ္ဗော ဓာယ နိဗ္ဗာ နာယ သံဝတ္တတိ၊ သမာဓိသမ္ဗောဇ္ဈင်္ဂါ ခေါဂိလာနဘာဂဝတာ၊ သမ္မဒက္ခာတော ဘာဝိတောဗဟုလိကတော၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တတိ၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂါခေါ ဂိလာန ဘာဂဝတာ၊ သမ္မဒက္ခာတော ဘာဝိတော ဗဟုလိကတော၊ အဘိညာယ

သမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တတိ၊ ဣမေခေါ ဂိလာန သတ္တ ဗောဇ္ဈင်္ဂါဘဂဝတာ၊ သမ္မဒက္ခာတာဘာဝိတာ ဗဟုလီကတာ၊ အဘိညာယသမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ၊ ။ဋ္ဌတေန သစ္စဝဇ္ဇေနသောတ္ထိ°တေဟောတုသဗ္ဗဒါ။ ။ဧတေန သစ္စဝဇ္ဇေန၊ ဗောဇ္ဈင်ခုနစ်ပါးမြတ်တရားသည်၊ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားကောန်မှန်၏၊ ထိုသို့ မှန်ကန်သော သစ္စာ စကားကြောင့်၊ တေ၊သင်ဂိလာနပုဂ္ဂိုလ်အား၊သဗ္ဗဒါ၊ အခါခပ်သိမ်း၊ သောတ္ထိ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစေးမြဲခြင်းသည်၊ ဟောတု၊လျှင်လျှင် မြန်မြန်ကြီးဖြစ်ပါစေသတည်း။ ။ဂိလာနဗောဇ္ဈင်ပြီး၏၊

---

ကဿပဗောဇ္ဈင်အနက်ကိုပြပေအံ့၊

ကဿပ၊ ချစ်သားကဿပ။ မယာ၊ငါဘုရားသည်၊သမ္မဒက္ခာတော၊ ကောင်းစွာဟောတော်မူအပ်ကုန်သော၊ ဘာဝိတာ၊ ပွားစေအပ်ကုန်သော၊ ဗဟုလီကတာ၊ အကြိမ် များစွာပြုအပ်ကုန်သော၊ သတ္တ၊ ခုနစ်ပါး ကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ၊ ဤဗောဇ္ဈင်တရားတို့သည်၊ အဘိညာယ၊ သစ္စာ လေးပါးကို ထူးသော ဉာဏ်ဖြင့်သိခြင်းငှါ၊ သမ္ဗောဓာယ၊ သစ္စာ လေးပါးကို ကောင်းစွာသိခြင်းငှါ၊ နိဗ္ဗာနာယ၊ ဆင်းရဲခပ်သိမ်း။ ကုန်ငြိမ်းဧး မြဲခြင်းငှါ၊သံဝတ္တန္တိ၊ ဖြစ်ကုန်၏၊ ကတမေသတ္တ၊ အဘယ်တရားခုနစ်ပါးတို့ နည်းဟူမူကား၊ ကဿပ၊ ချစ်သား ကဿပ၊ ခေါ၊စင်စစ်၊ မယာ၊ ငါဘုရားသည်၊ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်သော၊ ဘာဝိတော၊ ပွားစေအပ်သော၊ ဗဟုလီကတော၊ အကြိမ်များစွာ ပြုအပ်သော၊ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိ သမ္ဗောဇ္ဈင်သည်၊ အဘိညာယ၊ သစ္စာ လေးပါးကို ထူးသော ဉာဏ်ဖြင့်သိခြင်းငှါ၊ သမ္ဗောဓာယ၊ သစ္စာ လေးပါးကို ကောင်းစွာသိခြင်းငှါ၊နိဗ္ဗာနာယ၊ ဆင်းရဲ ခပ်သိမ်း ကုန်ငြိမ်းဧး မြဲခြင်းငှါ၊သံဝတ္တတိ၊ဖြစ်၏၊ ကဿပ၊ ချစ်သားကဿပ၊ ခေါ၊ စင်စစ်၊ မယာ၊ ငါဘုရားသည်၊ သမ္မ ဒက္ခာတော၊ ကောင်းစွာ

ဟောအပ်သော၊ ဘာဝိတော၊ ပွါးစေ အပ်သော၊ ဗဟု လီက
တော၊ အကြိမ်များစွာ ပြုအပ်သော၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂါ၊
ဓမ္မဝိစယ သမ္ဗောဇ္ဈင်သည်၊ အဘိညာယ၊ သစ္စာ လေးပါးကို
ထူးသောဉာဏ်ဖြင့် သိခြင်းငှါ၊ သမ္ဗောဓာယ၊ သစ္စာ လေးပါး
ကို ကောင်းစွာသိခြင်းငှါ၊ နိဗ္ဗာနာယ၊ ဆင်းရဲခပ်သိမ်း၊ ကုန်
ငြိမ်းအေးမြခြင်းငှါ၊သံဝတ္တတိဖြစ်၏၊ ကဿပ၊ ချစ်သားကဿပ၊
ခေါ၊ စင်စစ်၊ မယာ၊ ငါဘုရားသည်၊ သမ္မဒက္ခာတော ကောင်း
စွာဟောအပ်သော၊ ဘာဝိတော၊ ပွါးစေ အပ်သော၊ ဗဟုလီက
တော၊ အကြိမ်များစွာပြုအပ်သော၊ ဝိရိယသမ္ဗောဇ္ဈင်္ဂါ၊ ဝိရိ
ယ သမ္ဗောဇ္ဈင်သည်၊ အဘိညာယ၊ သစ္စာ လေးပါးကို ထူး
သောဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာ လေးပါးကို
ကောင်းစွာ သိခြင်းငှါ၊ နိဗ္ဗာနာယ၊ ဆင်းရဲခပ်သိမ်း၊ ကုန်ငြိမ်း
အေးမြခြင်းငှါ၊ သံဝတ္တတိ၊ ဖြစ်၏၊ ကဿပ၊ ချစ်သားကဿပ၊
ခေါ၊ စင်စစ်၊ မယာ၊ငါဘုရားသည်၊ သမ္မဒက္ခာတော၊ ကောင်း
စွာ ဟောအပ်သော၊ဘာဝိတော၊ ပွါးစေအပ်သော၊ ဗဟုလီက
တော၊ အကြိမ်များစွာပြုအပ်သော၊ ပီတိသမ္ဗောဇ္ဈင်္ဂါ၊ ပီတိ
သမ္ဗောဇ္ဈင်သည်၊ အဘိ ညာယ၊ သစ္စာ လေးပါးကို ထူးသော
ဉာဏ်ဖြင့်သိခြင်းငှါ၊ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်း
စွာသိခြင်းငှါ၊ နိဗ္ဗာနာယ၊ ဆင်းရဲခပ်သိမ်း၊ ကုန်ငြိမ်းအေးမြခြင်း
ငှါ၊သံဝတ္တတိ၊ဖြစ်၏၊ကဿပ၊ ချစ်သားကဿပ၊ ခေါ၊စင်စစ်၊
မယာ၊ ငါဘုရားသည်၊ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်
သော၊ ဘာဝိတော၊ ပွါးစေအပ်သော၊ ဗဟုလီကတော၊ အ
ကြိမ်များစွာ ပြုအပ်သော၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂါ၊ ပဿဒ္ဓိ
သမ္ဗောဇ္ဈင်သည်၊ အဘိညာယ၊ သစ္စာ လေးပါးကို ထူးသော
ဉာဏ်ဖြင့်သိခြင်းငှါ၊ သမ္ဗောဓာယ၊ သစ္စာ လေးပါးကိုကောင်း
စွာသိခြင်းငှါ၊နိဗ္ဗာနာယ၊ ဆင်းရဲခပ်သိမ်း။ ကုန်ငြိမ်း အေးမြခြင်း
ငှါ၊သံဝတ္တတိ၊ဖြစ်၏၊ ကဿပ၊ ချစ်သားကဿပ၊ခေါ၊ စင်စစ်၊
မယာ၊ ငါဘုရားသည်၊ သမ္မ ဒက္ခာတော၊ ကောင်းစွာဟော

အပ်သော၊ ဘာဝိတော၊ ပွါးစေ အပ်သော၊ ဗဟုလီကတော၊ အကြိမ်များစွာပြုအင်သော၊ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိ သမ္ဗောဇ္ဈင်သည်၊ အဘိညာယ၊ သစ္စာ လေးပါးကို ထူးသော ဉာဏ်ဖြင့်သိခြင်းငှါ၊ သမ္ဗောဓာယ၊ သစ္စာလေးပါးကိုကောင်း စွာသိခြင်းငှါ၊ နိဗ္ဗာနာယ၊ဆင်းရဲခပ်သိမ်း၊ ကုန်ငြိမ်းအေးမြခြင်း ငှါ၊သံဝတ္တတိ၊ဖြစ်၏၊ကဿပ၊ချစ်သားကဿပ၊ ခေါ စင်စစ်၊ မယာ၊ငါဘုရားသည်၊သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ် သော၊ ဘာဝိတော၊ ပွါးစေအပ်သော၊ ဗဟုလီကတော၊ အ ကြိမ်များစွာပြုအပ်သော၊ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်သည်၊ အဘိညာယ၊ သစ္စာလေးပါးကို ထူးသော ဉာဏ်ဖြင့်သိခြင်းငှါ၊သမ္ဗောဓာယ၊ သစ္စာ လေးပါးကိုကောင်း စွာသိခြင်းငှါ၊နိဗ္ဗာနာယ၊ ဆင်းရဲခပ်သိမ်း၊ ကုန်ငြိမ်းအေးမြခြင်း ငှါ၊သံဝတ္တတိ၊ဖြစ်၏၊ကဿပ၊ချစ်သားကဿပ၊ ခေါ၊စင်စစ်၊ မယာ ငါဘုရားသည်၊ သမ္မဒက္ခာတာ၊ ကောင်းစွာ ဟောအပ် ကုန်သော၊ ဘာဝိတာ၊ ပွါးစေအပ်ကုန်သော၊ ဗဟုလီကတာ၊ အကြိမ်များစွာပြုအပ်ကုန်သော၊သတ္တ၊ ခုနှစ်ပါးကုန်သော၊ ဣ မေဗောဇ္ဈင်္ဂါ၊ဤဗောဇ္ဈင်တရားတို့သည်၊ အဘိညာယ၊ သစ္စာ လေးပါးကိုထူးသောဉာဏ်ဖြင့်သိခြင်းငှါ၊ သမ္ဗောဓာယ၊ သစ္စာ လေးပါးကိုကောင်းစွာသိခြင်းငှါ၊ နိဗ္ဗာနာယ၊ ဆင်းရဲခပ်သိမ်း၊ ကုန်ငြိမ်းအေးမြခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏၊ ၊ကဿပ ဗောဇ္ဈင်အနက်ပြီး၏။ ။နောက်နောက် ဗောဇ္ဈင် အနက်တို့ကို၊ ဤနည်းကိုမှီး၍ပေးလေ၊ ။ဗောဇ္ဈင် အကျယ်ကို သိလိုလျှင် နိဗ္ဗာန်လမ်းပြ၊ဗောဇ္ဈင်ကျမ်းမှာ ကြည့်လေ။ ။ဂိလာန ပုဂ္ဂိုလ် တို့ဒုက္ခဝေဒနာ၊ကင်းငြိမ်းရန်ဗောဇ္ဈင်ရွတ်ဘွယ်ပြီး၏၊

---

နိဂုမ်းကိုပြပေအံ့၊ ။မဏိ သေဋ္ဌပရိက္ခိတ္တော၊နာနာရုက္ခ ဟိမဏ္ဍိတော၊ ဂင်္ဂါရာမေ၊ ဝသန္တေန၊ အာရာမေ ဝါဋ္ဌသေဝိ တော။ ။မိမတေကာ ဘုဥ္မစရ၊ သေယျဋ္ဌဝါသိနာမ သာ၊ ကာ

တာသတ္တာန မတ္တာယ၊ နိဗ္ဗာနမဂ္ဂဘောဒနိ၊ ၊မဏိသေလ
ပရိက္ခိတ္တေ၊ ပတ္တမြားရောင်၊ ထွန်းလင်းပြောင်သည့်၊ ကျောက်
တောင်ကြီးတို့ဖြင့် ထက်ဝန်းကျင်ရံခြံအပ်ထသော၊ ဝါ၊ ပတ္တ
မြားရောင်ဝိုင်းကြီး တောရဟု ဆိုအပ်ထသော၊ နာနာရုက္ခ
ပဏ္ဍ၊ ရှုဘွယ်တန်းမြရောင်သန်းသည့်၊ ညွန့်ထမ်းရွက်ဝေ၊ ပင်
တွေယိမ်းနွဲ့၊ စိမ်းလဲ့ညိုမှိုင်း၊ ပြိုင်းပြိုင်းဝေဆာ၊ နတ်ဘန်ထာ
သို့၊ ကောင်းစွာနိမ့်မြင့်၊ သီးပွင့်ဂုမ္ဘး၊ အထူးထူးသော သစ်ပင်
မျိုးတို့ဖြင့်၊ မညှိုဝေ၊ နတ်ဒေဝါတို့၊ ပျော်စံရာလွန်၊ နန္ဒဝန်မည်
တွင်၊ နတ်ဥယျာဉ်ကဲ့သို့၊ တန်ဆာဆင်အပ်ထသော၊ အာရမေ၊
ချောင်ပတ်ရစ်ခွေ၊ နဒီရေနှင့်၊ တောင်တွေနိမ့်မြင့်၊ အဆင့်ဆင့်
ပြိုင်၊ မြိုင်နှင့်ညိုညို၊ နှမျိုသာရာ၊ လွန်စွာချမ်းမြေ့၊ စိတ်ပျော်မွေ့
ရာလည်းဖြစ်ထသော၊ ဝါ၊ အရေမေ၊ ရောဂါတိုင်းသင့်ပြန်၊ မိုး
နံ့သည်း၊ ဆေးအမည်မှာ၊ ရှင်ဗာကူ၊ ရှင်ကစွည်း၊ တနည်း
တောင်လုံးကျော်၊ နာတိုင်းတော်မှူး၊ ပေါပတ္တာ၊ နာကထ၊ နာက
မ၊ နာကမောက်၊ နာကမိုင်း၊ ဝါနိုင်းနာဂသိန်၊ ဂုဏ်ရှိန်တေဇာ၊
ဆေးဝွေဝါမျိုး၊ သက်ရင်းကတိုး၊ အမျိုးမျိုးသော ဆေးပင်တို့
ပေါက်ရောက်ရာအရပ်ဖြစ်၍ မွေ့လျော်ဘွယ်လည်းရှိထသော၊
ဝါ၊ အာရမေ၊ ကြက်ငှက်ခါချူး၊ ရွှေပြည်စိုးသံကျော်၊ ငှက်
တော်ငှက်ခါး၊ ငှက်ကျားငှက်မွဲ၊ လင်းစွဲငှက်ရာဇာ၊ ငှက်များ
စွာတို့၊ သာယာရင့်ကြူး၊ ပျော်မြူးစံပျော်ရာ အရပ်ဖြစ်၍မွေ့
လျော်ဘွယ်လည်းရှိထသော၊ ဝါဋ္ဌသေဝိတေ ၊တောဝက်တော
ယုန်တောချုံပုန်းပြေး၊ တောမြူများနှင့်၊ တောသားချေဟောက်၊
တောမျောက်သင်ကြွက်၊ မည်ရုတ်သံညောင်း၊ သားအပေါင်း
တို့၊ နိုအောင်းမှီခိုရာလည်းဖြစ်ထသော၊ ဂန္ဓာရမေ၊ သီလမျို
တင်၊ မြို့စင်ကောင်းမြတ်၊ ပဋိပတ်ဖြင့်၊ ထုံအပ်သောမွှန်ရှိသော
ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့၊ ကိန်းအောင်းမွေ့လျော်
ပျော်စံရိုလှုံရာဖြစ်သောကြောင့်၊ မဟာဂန္ဓာရုံမည်သောတော
တိုက်ကြီး၌၊ ဝါ၊ ဂန္ဓာရာမေ၊ ပင်လုံးမွှေးဘိ၊ မောက္ခဇလင်၊

မြဝတ်လေး၊ စပယ်၊ ခေါက်ကာယ်သနပ်ခါး၊ စကားတလုပ်၊ စိမ်း ဒရုပ်ရှောက်ပင်၊ တောင်သဇင်တို့၊ မေမြို့ပင်မြိုင်၊ ဂနိုင်ကြက်သရေ၊ တက်ဖြိုးဝေဖြာ၊ ယန့်သာသည့်၊ များစွာသောပန်းပင်မျိုးတို့ ပေါက်လှန်ရာ အရာမ်ဖြစ် သောကြောင့်၊ မဟာဂန္ဓ မည်သောတောရတိုက်ကြီး၌၊ ဝသန္တေန၊ ဇာရိယာပထ၊ နဥတု၊ ညီမျှပြု၍၊ နေထိုင်လေ့ရှိထသော။ ကောဘုဍ္ဍစရသော ဝါသိန္ဒာ၊ မြိုင်ကြီးတောတဲ၊ ပုလလဲဆင်မင်းကဲ့သို့၊ မပျင်းမရိ၊ ဝီရိယအားဖြင့်၊ တပါးထည်းထည်းစား၊ တပါးထည်းထည်းသွား၊ တပါးထည်းထည်းအိပ်၊ တပါးထည်းထည်း တည်နေလေ့ရှိထသော၊ မိမတာ၊ ရုပ်နာမ်ဓမ္မ၊ သဘာဝကို၊ ကျနကုန်စင် သိမြင်ရန်ဘို့၊ ချည်သန်တောင့်တ၊ ဝီရိယနှင့်၊ သဒ္ဒါသတိသမာဓိပညာဉာဏ်၊ ထက်သန်ကြီးမြင့်၊ ရင့်သော ဝိပဿနာပညာ ပါရမီဉာဏ်လည်း ရှိတော်မူသသော။ မယာ မဟာထေရေန၊ သီလသမာဓိပညာဂုဏ် အပေါင်းတို့ဖြင့်၊ မြဲမှန်ခိုင်ခန့်၊ တည်တန့်သောသဘောသတ္တိကြောင့်၊ သီလဝန်၊ ဂုဏဝန်၊ ပညာဝန် ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်တို့၏၊ နှစ်ခြိုက်မွေ့လျော်၊ ပျော်ဘွယ်ရာ ဖြစ်သော။ ပထမဂန္ဓာရုံချောင်း၊ ဒုတိယဂန္ဓာရုံချောင်း၊ ပထမ ဇာနဿာသယချောင်း၊ ရက္ခမူလချောင်း၊ ကိန္နရာချောင်း၊ သေလာ ချောင်း၊ မပိုးရိချောင်း၊ မဟာဗောဓိချောင်း၊ လျှော်ဖြူချောင်း၊ မင်္ဂလာ သီရိချောင်း။ မဟာ သိဝံချောင်း။ ရတနာ ရဝံချောင်း၊ ရတနာမာရ် အောင်ချောင်း၊ ရတနာ ရန်အောင်မြင် ချောင်း၊ ရတနာပုံဟိုင်းဘက်ချောင်း၊ သုခမ္မချောင်း၊ ပထမ ဇေဘာဝန် ချောင်း၊ ဒုတိယဇေဘာဝန်ချောင်း။ သုန္ဒရာရာမချောင်း၊ သုမနာရာမချောင်း၊ ကြံခင်းချောင်း၊ ကျိုက်သတ်ချောင်း၊ သီလဝံသချောင်း၊ ဇေးဇေးကြီးချောင်း၊ မဟာဇေးမြို့ကြီးချောင်း။ ဂန္ဓာရုံချောင်း၊ ချမ်းဇေး ချောင်း၊ မဟာဂန္ဓာရုံ ချောင်း၊ မဟာသုခ ချောင်း၊ အတိသုခ ချောင်း၊ အဓိဝိဋ္ဌချောင်း၊ သုံးဆူချောင်း၊ ဓမ္မပါမောက္ခချောင်း၊ စသည်တို့၏အကြီးအမျိုး၊ ဥူးစီးနာယက၊ ဂဏာစရိယ။ ဂဏာ

ပါမောက္ခ ဖြစ်တော်မူသော၊ ဇေယျာ ပုရတိုင်း။ စစ်ကိုင်းမြို့ မြောက်၊ တာပေါင်းထောက်ချင့်သော်၊ တထောင် ကျော်ဝေး ခြားသောပတ္တမြား တောင်ဝိုင်းကြီး တော၌၊ မဟာ ဂန္ဓာရုံ ချောင်[illegible]ပျော်ပိုက်မွေ့လျော်၊ သီတင်းသုံးတော်မူသော၊ သက္ကရာဇ်[illegible]၀-ပြည့်နှစ် တော်သလင်းလဆုတ်-၄-ရက်- တနင်္ဂနွေ[illegible]ဘချက်တီးကျော်အချိန်တွင် ဘွားမြင်တော်မူသော မဟာဂန္ဓာရုံ ဆရာတော်အမည်ရှိသော မဟာသေရ်ဝါသည်၊ သဒ္ဓါနုံ၊ ကိုးဆဲ့ရှစ်ဖြာ၊ ကိုယ်ရောဂါတို့ဖြင့်၊ ကျင်နာခံခက်၊ နှိပ်စက်ဘိစီး။ ဆဲ့တမီးတို့သည်၊ တညီးညီးပူသောင်ကြွ၊ ဒုက္ခိတ သတ္တဝါတို့၏၊ အဏ္ဏဝါယ၊ ကိုယ်စိတ်ရောဂါ၊ ကင်းကွာလွင့် ပျောက် အပူကြီးမရောက်ကြစေခြင်း အကျိုးငှါ၊ ဝါ၊ အပူခပ်သိမ်း၊ ကုန်ငြိမ်းရာမှန်။ နေးနိဗ္ဗာန်သို့ လျင်မြန်စွာရောက်ဘို့အလို့ငှါ။ နိဗ္ဗာနမဂ္ဂဘောဒနီ၊ နိဗ္ဗာန်သို့ရောက်ကြောင်း တရားကို၊ ခွဲခြမ်းစိတ်ဖြာ၍ ဝေဘန်ရာ ဝေဘန်ကြောင်းဖြစ်သောကြောင့်၊ နိဗ္ဗာနမဂ္ဂဘောဒနီ အမည်ရှိသော ကျမ်းကို၊ ကဆုန်၊ ဂေါဇာ သက္ကရာဇ် ၁၂၇၈-ခုနှစ်သို့ ရောက်သျှင်ရေးသား ပြုစြင်စီခင် အပ်၍အပြီးသတ်သဘည်း။ နိဂုံးပြီး၏။

နိဗ္ဗာနမဂ္ဂဘောဒနီကျမ်းပြီး၏။